
www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

မဂ္ဂဇင်း




KALBE
fatigon
ဖတီဂွန်


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်











## အောင်တော်မူဂါထာ

မာရ် ယက္ခ ဂဇ် စောရ်၊
စိဥ္စမာဏဝ္ဂ သစ္စကံ။
နာဂံ ဗကံ ဇိနော ဇိနိ၊
ဟောတု မေ ဇယမင်္ဂလံ။

**အနက်**

**ဇိနော**– မြတ်စွာဘုရားသည်၊ **မာရ်**– မာရ်နတ်သားကို လည်းကောင်း၊ **ယက္ခ**–အာဠဝကဘီလူးကို လည်းကောင်း၊ **ဂဇ်**– နာဠာဂီရိဆင်ပြောင်ကြီးကို လည်းကောင်း၊ **စောရ်**– အင်္ဂုလိမာလ ခိုးသူကို လည်းကောင်း၊ **စိဥ္စမာဏဝ္ဂ**– စိဉ္စမာန မိန်းမယုတ်ကို လည်းကောင်း၊ **သစ္စကံ**– သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂံ**– နန္ဒောပနန္ဒနဂါးမင်းကို လည်းကောင်း၊ **ဗကံ**– ဗကဗြဟ္မာကို လည်းကောင်း၊ **ဇိနိ**–အောင်တော်မူလေပြီ **မေ**– အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**– အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ယက္ခ** | = | ယက်ခ |
| **စိဥ္စမာဏဝ္ဂ** | = | စိန်စမာနင်စ |
| **သစ္စကံ** | = | သစ်စကံ |
| **မင်္ဂလံ** | = | မင်ဂလံ |

လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးလှကျန်းမာရေးဂျာနယ်

လောကီပညာရသစုံမဂ္ဂဇင်း


နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A. A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း
တာဝန်ခံစာတည်း
ဓမ္မဒေဝ
နယ်လှည့်အယ်ဒီတာ
ဖအောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
* ဦးစံတင့်
(စတုနိကာယကောဝိဒ၊ဝိနယရေ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဏ္ဏဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း



ပထမ စေတီသီရောဇ်ဘော်ကြီး ရှိစဉ်ကပင်
မိုးအတုန် ရေကန်အတွင်း ရေပြည့်ချိန်
လှေတော်အား ကန်ရေတွင်ချ၍ ရပ်ပွားတော်ကို...
☛ စာ-၅၃

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)
နှလုံးလှကျန်းမာရေးမဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မီးလုံးနှာစာပေ (တောင်ကြီး)
ဝဂ်ိနဝိစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉-လမ်း ရန်ကုန်မြို့
☎- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး – ကိုတင်မောင်ဆွေး
မင်္ဂလာ စီးပွားရေး ကြော်ငြာလုပ်ငန်း


၂၀၁၆ ခုနှစ်၊ ဧပြီလ
အမှတ် ၃၅၇
တန်ဖိုး – ၂၁၀၀ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်တစ်ရာကျပ်]
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄



F.1B. April, 2016.

www.burmeseclassic.com

www.burmeseclassic.com



ဤရုပ်ပွားတော်ကြီးထံတော်ပါးတွင်
ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ဆွမ်းကပ်လှူပြီး
အရုပ်တစ်ပါး၌ စီးပွားရှာဖွေနေသူများအတွက်...

▲ စာ-၉

ဤဆရာတော်ကြီး ခန္ဓာဝန်ချသည်မှာ
၉-ရက်ပြည့်မြောက်ပြီ ဖြစ်သော်လည်း
ပုပ်ပျက်ခြင်း၊ အနံ့ဆိုးထွက်ခြင်း မရှိပါ...

▼ စာ-၂၅




## တွေ့ဆုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
သဘာဝဓမ္မတိုင်းရင်းဆေးခန်း ဆရာဦးသန်းဆွေထွန်း
(တဆ-ဝ၂၀၆၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော နှလုံး
သွေးကြောကျဉ်းရောဂါ ကာကွယ်စောင့်ရှောက်နည်းများ
*[မြောင်းမြ မောင်ယဉ်တင့်]* ၂၀၉

## ပညာပေးရောင်ခြည်

သက်တန့်ရောဂါ ဤသို့ကုသပါ *[မြင့်သန်းအောင်]* ၂၀၇

## လက္ခဏာရောင်ခြည်

အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
*[ဆရာဦးခင်မောင်လင်း-B.Sci ရွှေဘို]* ၃၉
တစ်ချက်ကောင်းဟောကွက် *[ဦးသော်ခင်-ဟသ်ာတ]* ၇၉
သမီးပျိုလေးများအတွက် ဒီလိုလူမျိုးကိုရှောင်
*[ဆရာကြီး ဦးအောင်မြိုင်-ဥပုဒေဘွဲ့]* ၁၄၅
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၅၃

## လမ်းညွှန်ရောင်ခြည်

မြစ်သားမြို့နယ်မှ လောင်းတော်ဦး ပေါ်တော်မူ
ကုန်းတော်သို့(၁) *[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်]* ၁၇
ထူးခြားသော စိန်တိဂုံစေတီတော်
*[အရပ် ဆရာသိန်း-လပွတ္တာ]* ၃၃
မွတ်လအိ မွတ်လအပ် တောင်ထွတ်များပေါ်
ဆံတော်ရှင် ဘုရားဖူးခရီး (၇) *[အောင်ဇ-LL,B]* ၈၁
အရေးသုံးပါး အကျိုးများ ရေထွက်ဘုရားသွား
*[ဦးမင်းစံလှိုင်-အကြောဘုရင်]* ၁၅၄

## အထူးတပျောရောင်ခြည်

မြန်မာ့ရှေးဟောင်းအမွေအနှစ်များ တည်ရှိရာ
ကျောက်တ္တာရွာဦးကျောင်းနှင့် ဆုတောင်းပြည့်စေတီတော်ကြီး
*[ကောင်းမြင့်မြတ်စိန်]* ၄၁
ဝေဘူချောင် တောင်တန်းတစ်ခွင်မှ ဖြစ်စဉ်ထူးခြား
ကြည်ညိုဖွယ်ရာများ(၃) *[ငြိမ်းသော်တာ]* ၄၉
ဆားတောင်မ ရွာဦးမှ ငရဲဘုရားနှင့်
ရှေးမှတ်တမ်းများ(၂) *[ဖင်ညိုငယ်]* ၅၇
ရွှေမြင်ထင်ဘုရားနှင့် မြွေကြီးနှစ်ကောင် *[တနိုင်း၈]* ၉၇
ကျိုက္ကမိနယ်မှ ကဒါတ်ထောက် ဝါးကျောင်းနှင့်
ဆရာတော်ဦးသုန္ဒရ၏ ဘဝကောက်ကြောင်းများ(၂)
*[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်]* ၈၉
အာစရိ နမာမိ (၅)
*[ဒေါ်သုမနဝိစိတ္တ-B.Sc, H.G.P, Dip.Ed]* ၁၁၀

www.burmeseclassic.com


## ❀ ဆိုယ်ထွေးရောင်ခြည် ❀

ရှုကွဲစိုးနတ်မင်း နိုးယူဝှက်ထားခြင်းမှ သရက်ဂုံ၏
အာနုဘော်ကြောင့် လွတ်မြောက်လာသူ
[ကျော်လင်းသာ] ၂၃၃
လှိုက်လှဲစွာ ပြုံးပြနေသော ဂန္ဓာရီဝိဇ္ဇာကြီး [ဝင်းအင်ကြင်း] ၂၃၉
ယခင်ဘဝက ခင်ပွန်းအဖြစ် ယခုဘဝ မြေးအချစ်
[အေးချမ်းမော်-မင်းလှ] ၂၅၄
မဲလိပ်နှိုက်ပြီး ရေလမ်းခရီးဖြင့် ကျွန်းပေါ်သို့သွားကြသော
လေ့လာရေးအဖွဲ့၏ ကံကြမ္မာ [ချို-အမရပူရ] ၂၇၈

## * ကျင့်စဉ်ရောင်ခြည် *

ဒီပဲယင်းဆရာတော်ကြီး၏ အောင်မြေကျင့်စဉ်(၁)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၀၅
ဂုဏ်တော်ကိုးပါးကို ရှစ်အင်္ဂါခွဲထား ဂါထာတော်များနှင့်
အစွမ်းသိဒ္ဓိ [အောင်-သိဒ္ဓိရာဇာ၊ နဝင်းမြို့တော်] ၁၄၉
မြွေအန္တရာယ် ကင်းစေသော မေတ္တာပို့
[နတ်မောက်-မင်းချစ်နော်] ၃၀၄

## ● အစီအရင်ရောင်ခြည် ●

နေဝင်မီးလက် စီးပွားတက် ယတြာအစီအရင်
[ဂါမဏီဇော်-ဝိဇ္ဇာဓရ၊ စစ်ကိုင်း] ၅၄
ထိုးဖောက်အမြင် ခွက်ပေါက်အစီအရင်
[မောင်ဘုန်းမြင့်-သငါ] ၇၈
နွေးနှင့်ညှာသော ကလေးသူငယ်များနှင့် သိုက်ရွှဲပယောဂစွဲ
ရှိသော ကလေးသူငယ်များ၊လူကြီးများပါ ဆောင်ထား
အပ်သော လက်ဖွဲ့ကြိုး [စောယွန်းဝါ-ကသာ] ၁၉၉
ကိုယ်စောင့်ဝိဇ္ဇာ ထုလုပ်စီရင်နည်း
[အောင်မင်းကျော်-နေလဝိဇ္ဇာဂိုဏ်းတော်ကြီး] ၂၁၄


## ❐ အဖွဲ့ရုက်ရောင်ခြည် ❐

ရှေးဆရာကြီးများ၏ သဘောလမ်း
[တင်လှ-ဆမ(ငြိမ်း)၊ ပုသိမ်ကြီး] ၃၁
တန့်ကြေး၊လင်းတ၊ဇိုင်းသေမှ မုချအမှန် သုဝဏ္ဏ
[ဦးတင်ဗ-တိုင်းရင်းဆေးကုခန်း] ၂၀၃

## * ဂါထာစွန့်ရောင်ခြည် *

သွေးတိတ်ဂါထာနှင့် အထက်လှန် အောက်လျှော
ဝေဒနာတို့ ကုသနည်းဆေးမြီးတို့
[ညိုမင်းထက်-မြန်မာစာ] ၆၂
ချုပ်သားတက် တိမ်ကျတိမ်မန်းဂါထာ
[မောင်ဗဟိန်း-အင်းတော်] ၉၅
အာဇုတ်ဂါထာတော် [မောင်ဘိုဝင်း] ၁၁၀
တောသေဇ္ဇာသစ္စာ ဓမ္မန်တော်ကြီး
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၆၁
အင်းတို့ သိဒ္ဓိတင်ထယ်ဆိုတာနှင့် သိဒ္ဓိဆယ်တန်
(သို့မဟုတ်)ဓမ္မာ်ထိုးချုပ် ဂါထာတော် [မောင်ရည်ပန်] ၁၇၁








ဤရုပ်ပွားတော်မှာ ဘူမိဒေသ ဗုဒ္ဓဘာဝင် ဖြစ်ပေမယ့်
လက်ဝဲလက်တော်မှာ ပေါင်ခွင်နှင့် မထိဘဲ
အထက်သို့မြှင့်၍ အတန်ငယ် ကွာဟနေသည်မှာ... စာ-၁၉

ဒီခြင်္သေ့ကြီးတွေ တည်ဆောက်တာက
သားအမနှစ်ဦးကို့ သိရတယ်
အပြိုင်အဆိုင် ပညာချင်းပြိုင်တဲ့သဘောပေါ့... စာ-၄၄




www.burmeseclassic.com



ဆရာတော်က တရားထိုင်ရအောင်ဆိုပြီး
ဒတ္တ ဒတ္တမ ကလေးသူငယ်တွေဝါကျွန်
သချိုင်းတွေကို ခေါ်သွားပြီး ... စာ-၈၉

အဇိကရ အောင်မြေဌာနများမှ အောင်မြေများ
စုပေါင်းထည့်သွင်းထားသည်ဆို၏
သစ္စာဆိုတိုင်တည်လျက် အောင်မြေနှင်းဆုတောင်းပါက... စာ-၇၆




✻ ဆေးနည်းတို့ရောင်ခြည် ✻

သွေးတိုးရောဂါအတွက် ဆေးနည်းတစ်လက် [ကိုစနေ] ၂၃
ဆီးချိုရောဂါအတွက် ဆေးနည်းတစ်လက်
[မောင်နေသွေး-ဝက်လက်] ၁၈၃
အဆိပ်ဖြေဆေး နုလင်ကျော်လေး
[ဗိုလ်မှူးသောင်းဟန်-ငြိမ်း] ၂၁၁

◆ ဆေးဗေဒရောင်ခြည် ◆

မိသားစုကျန်းမာရေးအတွက် တန်ဆေး လွန်ဘေး
နှိုင်းနှိုင်းချိန်ချိန် စားသောက်ရမည့် အစားအစာများ(၄)
[ငါး...ငါးသလောက်နှင့် မယားဆိုတောက် ရှင်းတမ်း]
[မင်းချမ်းမြေ့-ပုသိမ်] ၁၃၄
ကျန်းမာသက်ရှည်နေကြသည့် ဖေါ်းမောင်နှံနှင့်
သူတို့ဖော်စပ်ရောင်းချသော ရှားစောင်းလက်ပပ်ချက်
ဆေးနည်း [ကလေး ဝင်းသူ] ၁၅၇
ဂရင်ဂျီနာအတွက် လက်တွေ့ပျောက် ဆေးနည်းတစ်လက်
[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၁၇၅
ဆီးကျိတ်ရောင်နှင့် ဆီးတစ်စက်စက်ကျ ရောဂါအတွက်
ဆေးနည်းတစ်လက် [မဟူရာ-ရေဝတီ၊ ကသာ] ၁၉၂

✻ ဂမ္ဘီရဝတ္ထုရောင်ခြည် ✻

ဝန်မြို့ဟောင်းမှ ချစ်သော နှင်းတေသရာ
[နေဇော်-နဂ္ဂဟ] ၂၅၇
ပရလောကသား၏ သတင်းစကား [ဝသုန်သက်လွင်] ၂၈၉

✻ စိတ်ရွှင်အင်းရောင်ခြည် ✻

ဆေးဖိဝ်မက် [သီလ-ရေတံခွန်တောင်] ၈၆

✝ ထူးခြားသစ်ပင်ရောင်ခြည် ✝

ထူးခြားဆန်းကြယ် ကွမ်းသီးပင် [လှထွန်းနွေ-စက်စဲ] ၁၆၉
ကိုးနဝင်း,ဝင် ကျောက်စိမ်းပန်းပင် ပွင့်ခဲ့လျှင်
[မောင်ဗဟိန်း-အင်းတော်] ၁၉၁
အသားစားနွယ်ရှင်လည်း ရှိပါသည်
[ဖေသားချစ်-မာန်အောင်] ၂၆၅

✻ ဗဟုသုတရောင်ခြည် ✻

သားစိမ်း,ငါးစိမ်း ဆောင်ယူလျှင် သတိယူဉ် [ကိုသက်ရှည်] ၂၉၆

✝ ထူးခြားပစ္စည်းရောင်ခြည် ✝

သထုံမြို့ စတုဘုမ္မိကကျောင်းတိုက်မှ
ရှေးဟောင်း ပေါ်တော်မူအုတ်ခွက်ဘုရားများ [ဇင်ညိုငယ်] ၁၁၃

✣ အမျိုးသမီးအလှရောင်ခြည် ✣

လျှာပေါ်ဝဲ ဝွတ်ရှယ် ငါးရှဉ့်ဟင်းလျာချက်နည်း
[ဦးစိန်-တိုးချောင်[...]] ၁၄၇




www.burmeseclassic.com

www.burmeseclassic.com


## ○ သုတေသနရောင်ခြည် ○

**မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ**
*[ဟင်္သာတမြို့၊ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဂဏဝါစက ဘဒ္ဒန္တ ဝေပုလ္လထေရ်အား ဂါရဝပြုပူဇော်ခြင်း]* *[သန်းပညာ]* ၁၁၈

**စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း**
*[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့]* ၁၇၈

**ထုတ္ထာန်သိမ်ပုထိုးတော်မှ ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၈)**
*[ပန်းချီထွေးလှ-ရွှေပေါင်းသုတေသန]* ၁၉၃

## ○ မြစ်ချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ○

**မြွေဆိပ်ဖြေပေးတဲ့ နဂါးမင်းဂမုန်း**
*[ရွှေမှော်မြေ မောင်ကြည်သိန်း]* ၁၃၇

**ဆေးအသိဖြင့် ဘေးယိသူကို ကြုံရင်ကူ**
*[ရဲမျိုးသူ-ဗောဓိမြိုင်]* ၁၈၁

**ကြက်မောက်ဆူးပြန်ဆားနှင့် ကြက်မောက်ဆူးပြန်ပင် ဆေးအသုံးများ**
*[သဘာဝဓမ္မ ဆရာဦးလှဝင်း- တိုင်းရင်းသီပွဲ၊ (၂၀)လမ်း၊ ညောင်တုန်းမြို့]* ၁၉၇

## ✲ တိရစ္ဆာန်ရောင်ခြည် ✲

**တောင်သူလယ်ယာသုံး ခိုင်းနွားများ အစမပျက်၊ အလှမပျက် လုပ်ခွင်သွက်စေဖို့**
*[မြေမိုးချစ်-နတ်မောက်]* ၁၂၆

**နွားကြပ်စုအနာအတွက် ဆေးနည်းတစ်လက်**
*[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ]* ၁၆၈

## ✉ ကြည်ညိုခြင်းရောင်ခြည် ✉

**ရတနာရွှေ ရွှေကျောင်းတော်မှ ဆုတောင်းပြည့်ဝသော တိုက်ထဲမှော်စေတီနှင့် ပြည်တော်အေးရှပ်ပွားတော်(၁)**
*[ထက်မင်းကျော်စွာ]* ၉

## ✱ အောင်မြေရောင်ခြည် ✱

**စစ်တိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် မြို့ပူဇော် ဂါထာတော်များ(၃၈)** *[ရတနာစံဦးစေတီတော်]*
*[အောင်ရွှေမြတ်-စစ်ကိုင်းတောင်]* ၆၅


## ✧ ဗေဒင်ရောင်ခြည် ✧

**၂၀၁၆ ခုနှစ် ဧပြီလတွင် ထိဆုကြီးများ ဆွတ်ခူးနိုင်ဖို့**
*[ထက်မင်းကျော်စွာ]* ၂၀၈

**၂၀၁၆ ခုနှစ် ဧပြီလ ထိအတွက် ရွှေချယ်ပါ ဤဂဏန်း**
*[ဆရာရဲထက်-သုတေသီ]* ၂၂၇





**သန္တိသုခသစ်သီးစားကျောင်းဆရာတော်**




**ညက တစ်ပါးတည်းစကားပြောဆိုနေသည်ကို မေးလျှောက်ကြည့်ရာ သာမညဆရာတော် ကြွလာလို့မှ** ➡ စာ-၁၂၀

**အောင်းမြေနေရာမှ ထူးခြားဖြစ်မည်တစ်ခုအား ဝါးသနားရှင်တစ်ဦးမှ မြင်ပုံရိုက်ယူထားသည့်ပုံဖြစ်သည်** ➡ စာ-၇၀



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဦး ပုညရှင် စေတီ အနီးမှ ဘိုးဘိုးအောင် မာတ်ပန္နက် စေတီနှင့် အောင်မြေကို...
◆ စာ-၁၀၅



ဤ ကွမ်းသီးပင်၏ ထိပ်ပိုင်း ပြတ်သွား ပေမယ့် သေမသွားဘဲ သားတက် ၁၃-တက် ထွက်လာတယ်...
◆ စာ-၁၆၉



မြွေပွေး မြွေဟောက် နှစ်မျိုးလုံး ကိုက်လျှင်ပင် အသုံးဝင်သည့် မြွေဆေး ဂမုန်းပင် ဖြစ်သည်...
◆ စာ-၂၀၂


✪ တစ်ဆင့်အသံရောင်ခြည် ✪

ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်
(တကယ်ပျောက်တဲ့ ခရုသင်းဆေး) [စောမိသွင်-ရန်ကုန်] ၁၀၂

✪ အင်းစနရောင်ခြည် ✪

စီးပွားဥစ္စာ ရာထူးဌာနန္တရတိုးတက်စေရန်
[တက္ကသိုလ် အပန်ငယ်] ၁၀၉
လိုတရကျွန်ဆွာသယ ဗောဓိပက္ခိယအင်း
[ကျော်-ရမည်းသင်း] ၁၃၂

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

မြိုင်မြို့နယ်မှ ရဟန္တာဟု သမုတ်ခြင်းခံရသော
မင်းကန်ရွာလယ်ကျောင်းဆရာတော် ဦးမာယိန္ဒအား
ဂါရဝပြုပူဇော်ခြင်း(၁) [သံသရာခရီးသည်တစ်ဦး] ၂၅
နှစ်(၂၀)ကျော်က ရုပ်ကလာပ်တော် [လွယ်ကောင်းအောင်] ၃၇
ရုပ်ကလာပ်တော်မှ ဓမ္မထွက်သည့် ချောက်မြို့
သစ်သီးစား ဆရာတော်(၁) [ခွန်စိုင်းဝမ်း] ၃၂၁
တေဇစက္ကီဆရာတော်ကြီး(၁) [ခင်ခင်ဝင်း-မောရဝတီ] ၁၂၉

✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

အိပ်မက်ပမာ ဘဝ ဝက်ပါ [စရာမြေ ကျော်ဝေ] ၂၂၈
မာဂဓကို သမထဖြင့် ဘာသာပြန်သူ(၁)
[အောင်ချစ်ကြည်-ကြို့ပင်ကောက်] ၂၄၁
တိုက်ဆိုင်တာလား ကျိန်စာလား [မောင်ကံ-တံတားရွာ] ၂၄၉
ပိုက်ဆံချစ်တဲ့ သေတ္တာ [အောင်မှန်ကင်း-ပျဉ်းမနား] ၂၅၃
ကျောက်ဖြူ နဂါးပွက်အိုင် [မင်းနန္ဒီရှိန်] ၂၈၁

✪ အမေးအဖြေရောင်ခြည် ✪

နှစ်ကြာ မြွေဟောက်စွယ် အန္တရာယ်ရှိမရှိ
သိရှိသူ သုတေသီ ပညာရှင်များ ဖြေကြားပေးကြပါ
[စိုးလင်းအောင်-မြန်အောင်] ၁၇၇
မြွေဆိုးဘေးနှင့် မြန်မာ့ဆေးပင်အကြောင်း
ပြန်ကြား အသိပေးပါရစေ [ကိုထွန်း-မင်းလှ] ၂၀၁

✂ နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည် ✂

၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၁၆၆
၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၁၇၆
၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း ပုံရိပ်ရှင်တို့၏ ကံကြမ္မာ
[ဟူဂျင်းဇီ] ၂၀၄
၂၀၁၆ခုနှစ်၊ ဧပြီလအတွင်း လာဘ်လာဘရွှင်လန်းစေဖို့
[ထက်မင်းကျော်သူ] ၂၁၆




www.burmeseclassic.com

www.burmeseclassic.com


✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧

ရှားမီးကိန်းဖြင့် ဟောနည်းပေဒင်[ထက်မြက်မြင့်–ဝက်လက်] ၇၁
ခရိုယာယီကိစ္စရပ်များ အဖြေညီကြည့်သော်
[မောင်ဗဟိန်း–အင်းတော်] ၁၅၉

◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

၂၀၁၆ ခုနှစ်၊ ဧပြီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၁၈၄

✣ တမူထူးနှစ်ကူးရောင်ခြည် ✣

၂၀၁၆ ခုနှစ်၊ မျောက်နှစ်တာ တံကြမ္မာဟောကိန်း
[ဟူဂျင်းဖီ] ၁၅၁

▲ မြန်မာ့နှစ်သစ်ကူးအထူးရောင်ခြည် ▲

နှစ်ဆန်းတစ်ရက်နေ့မှာ ဒီယကြာချေပါ(၁)
[သာထက်ဇော်–မကွေး] ၁၄၀
၁၃၇၈ ခုနှစ် နှစ်သစ်မှာ ခုနစ်ရက်သားသမီးများ
ကံကောင်းပြီးရင်း ကောင်းကြစေဖို့
[အောင်နန္ဒစံ–ကျိုက်လတ်] ၁၈၅

✣ ဝိဇ္ဇာဓရရောင်ခြည် ✣

အင်းဝိဇ္ဇာ ရသေ့ဦးစံသောင်း၏
ထွက်ရပ်ပေါက်ကျင့်စဉ်နှင့် အဆိုအမိန့်များ(၁)
[ရွှေတည် မြဖင်ယော်] ၂၂၀
အဘဘိုးမင်းခေါင်နှင့် ဖဲရိုက်တိုင်း နိုင်လိုသူ
[ကသာ သင်းမွှေး] ၂၂၅
ထူးဆန်းလေသူ အဘကြူ [မျိုးတင့်–ညောင်လေးပင်] ၂၇၃

✣ စာမေးပွဲအထူးရောင်ခြည် ✣


စာမေးပွဲများ မလွဲသေချာ အောင်ဖို့ရာ
မြတ်ဂါထာတော်များ [အံ့ကြွယ်] ၂၁၇

● ပရလောကရောင်ခြည် ●

သံသဲပွတ်ချောင်းမှ တုန်းတန်းသို့ [ကျော်ဇင်ဖြူ] ၂၃၆
သည်းထိတ်ရင်ဖိုည [ဘဘမွှံ–ဖျာပုံ၊ ဖရာပိ 6] ၂၄၆
သုံးကြိမ်မြောက်သို့ [သီလ–ရေတံခွန်တောင်] ၂၆၄
သုံးပေခွဲ တံတားအလှူတော်နှင့် ရွာတော်ရှင်မပေးတဲ့
လိုတရဂါထာ [ဗိုလ်မင်း–မင်းလှ] ၂၆၈
သစ်ချိုပင် သချိုင်းကုန်းမှ သရဲကြီး [သန်းဆွေ–ရွှေဘို] ၂၇၆
အကူအညီတောင်းလျှင် ပေးပါသည်
[အေးချမ်းအောင်–ရမည်းသင်း] ၂၈၄
ရုက္ခစိုးပေးသော ဆေးတော်ရေ
[စကြဲတောင်–သုတော်၊ စဋ္ဌကူးမြို့နယ်] ၂၉၇




အင်းဝ
မြို့ဟောင်းရှိ
ရန်အောင်မြင်
အောင်မြေမှ
အစ
အောင်မင်းခေါင်
၏
အုတ်ပန္နက်စေတီ
နှင့်
အောင်မြေကွင်း...
စာ-၁၀၆



ရွှေဟောင်းဦး
စေတီ
မှ
တရုတ်ကိ
ပုံ
ဒေါင်းဟောင်း
စင်
ကို
ထူးခြားစွာ...
စာ-၆၀



မုလအီတောင်ထွတ်ရှိ
မုဆိုးစေတီ အရှေ့မြောက်ထောင့်မှ
ကျောက်တုံးကြီးမှာ...
စာ-၈၂



www.burmeseclassic.com

www.burmeseclassic.com

ရတနာရွှေဂူ ရွှေကျောင်းတော်မှ ဆုတောင်းပြည့်ဝသော

# ကျိုက်တရေမှော်ဝေတီနှင့် ပြည့်တော်အေးရုပ်ပွားတော် (၁)

ထက်မင်းကျော်စွာ



◆ ကျိုက်ခရော ဘုရားကြီးနှင့် မျက်နှာတော် ခံပြုထားသော ပြည့်ပြည်အေးရုပ်ပွားတော်

ရတနာရွှေဂူ ရွှေကျောင်းတော်သည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာအနီး မုတ္တမတောင်တန်း၏အခြေတွင် တည်ရှိသည်။

ရှေးနှစ်ပေါင်း (၁၃၅)နှစ်ကျော်က လက်ရာဖြစ်၍ မှန်စီရွှေချနှုံရံများ၊ ရွှေပိန်းချတိုင်လုံးများနှင့် လက်ရာမြောက် သစ်သားပန်းပုရုပ်များဖြင့် တန်ဆာဆင်ထားသည်။

နှစ်ကာလ ကြာရှည်၍ ဖေးမိုန်လျက်ရှိသော်လည်း ဆရာတော် အဆက်ဆက် ထိန်းသိမ်းမှုကြောင့် မူလလက်ရာအတိုင်း လေ့လာနိုင်သည်ဟု သိရသည်။

သို့ဖြစ်လေရာ အခွင့်သင့်သော တစ်နေ့တွင် ရွှေဂူကျောင်းသို့ သွားရောက် လေ့လာဖြစ်ခဲ့သည်။

## ရတနာရွှေဂူကျောင်းတော်

ပေါင်–မော်လမြိုင် အဝေးပြေးကားလမ်းနံဘေးရှိ "ရတနာရွှေဂူကျောင်း" ဟူ၍ မွန်မြန်မာနှစ်ဘာသာ ကမ္ပည်းတင်ထားသော မုခ်ဦးအတိုင်း ဝင်ရောက်ကာ ဆယ်မိနစ်မျှ သွားမိသော အခါ ကျောင်းဝင်းအတွင်းသို့ ရောက်ရှိသည်။

ခွမ်းပို့လာသော အမျိုးသမီးတစ်ဦး၏လမ်းညွှန်မှုဖြင့် ဆရာတော် ဦးဝဏ္ဏိတအား ဖူးတွေ့လျှောက်ထားရာ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ ကျွမ်းကျင်တော်မူသော သက်တော် (၇၃)နှစ် အရွယ်ရှိ ဆရာတော်ကြီးက ကျောင်း စတင်ဖြစ်ပေါ်ပုံကို မိန့်ကြားတော်မူသည်။

'ရတနာပုံနေပြည်တော်မှာ မင်းတုန်းမင်းကြီး နာမကျန်းဖြစ်လို့ နတ်ရွာစံချိန်မှာ သားတော် သမီးတော်အားလုံးကို ဝင်ပြီး ဖူးတွေ့ခဲ့တယ်။ နန်းတော်ခန်းမထဲ စုစည်းမိတော့မှ အားလုံးကို ဖမ်းပြီး သုတ်သင်ပစ်တယ်။ မင်းညီမင်းသား (၈၀)နီးပါးလောက် ပျက်စီးရတယ်လို့ ဆိုတယ်။ ပြီးတော့မှ သီပေါမင်းသားကို နန်းတင်ကြသတဲ့'

ဆရာတော်က အသေးစိတ်ကို ထပ်မံ မိန့်မြွက်တော်မူသည်။ မြန်မာ့

www.burmeseclassic.com

ကား…

၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက် ညနေချိန်တွင် လေနာရောဂါ ပြင်းထန်စွာ ခံစားနေရသော မင်းတုန်းမင်းကြီး ကံတော်ကုန်သွားလေသည်။ မင်းကြီး ကွယ်လွန်ပြီဟူသည့် သတင်း ထွက်ပေါ်လာသည်နှင့် စိတ်ဝမ်းကွဲပြားနေကြသည့် သားတော်များသည် သူ့အုပ်စုနှင့်သူ ထကြွရုန်းကန်ကြပေမည်။

မင်းကြီး သက်တော်ထင်ရှား ရှိနေသေးသည်ဟု ယူဆနေကြသရွေ့ ငြိမ်းချမ်းမှုရှိနေဦးမည်။ ထို့ကြောင့် တစ်ပါးတည်းကျန်သော ဆင်ဖြူမရှင် မိဖုရား(မင်းတုန်းမင်း၏ မိဖုရားကြီးလေးပါးအနက် နောက်ဆုံးကျန်သည့် မိဖုရားခေါင်ကြီး)သည် ဩဇာအရှိန်အဝါ ကြီးမားလှကာ သားတော် မထွန်းကား၊ သမီးသုံးပါးသာ ထွန်းကား၏။

ထို့ကြောင့် သူ ကြိုးကိုင်၍ရမည့် မင်းသားတစ်ပါးကို ဘုရင်မြှောက်ကာ မိမိ သမီးတော်များနှင့် လက်ဆက်ပေးရန် ကြံစည်သည်။ ယင်းအတွက် မိဖုရားကြီးသည် သီပေါမင်းသားကို လျာထားလိုက်လေသည်။

သီပေါမင်းသားသည် စိတ်သဘောကောင်းသည်။ အနေအေး၍ ရည်မှန်းချက် ကြီးကြီးမားမားမရှိ လွယ်ကူစွာ ကိုင်တွယ်၍ ရနိုင်သည်။ လက်ကမ်းလာသူရှိပါက မိမိအာဏာကို စွန့်လွှတ်ရန် ဝန်မလေးသူ ဖြစ်သည်။ ပညာတတ်တစ်ယောက်ဖြစ်သည်။ ဘုရင့်သားတော်အားလုံးတွင် ပထမပြန်စာမေးပွဲအောင်မြင်သူ တစ်ဦးတည်းသော မင်းသားဖြစ်၏။


သာမန်လူပင် ဖြစ်စေကာမူ ပထမပြန်စာမေးပွဲ အောင်မြင်ပါက အိုးစည်ဗုံမောင်းများဖြင့် မြို့တွင်း လှည့်လည်ပြသကာ ဂုဏ်ပြုခံရသည်ဖြစ်ရာ ဤကဲ့သို့ မင်းသားကို ဘုရင်မြှောက်လျှင် ဘာသာရေးကိုင်းရှိုင်းသူ များစွာတို့၏ ထောက်ခံမှု ရရှိပေမည်။

ထို့အပြင် သီပေါမင်းသား၏



▲ ဘုရားသာဂူကန်စမ်းပါးနှင့် ရွှေပြည်အေးရုပ်ပွားတော်

▼ ရွှေပြည်အေးရုပ်ပွားတော် ဂူတိုက်



မယ်တော် လောင်းရှည်မိဖုရားမှာ မဟာမျိုးမဟာနွယ်ဖြစ်သည်။ ကျန်မင်းသားတို့မှာ များသောအားဖြင့် သာမန်မိဖုရားများ၏ သားတော်များ ဖြစ်ကြသည်။ သီပေါမင်းသား၏နောက်တွင် မျိုးမတ် ဝန်မင်းအပေါင်းအပါ မရှိပေ။

မက္ခရာမင်းသား၊ ညောင်အုပ်မင်းသားတို့မှာ အပေါင်းအသင်း အဆက်အသွယ် အားကောင်းသည်။ ထိုမင်းသားတစ်ပါး ဘုရင်ဖြစ်လာလျှင် မိမိကြိုးကိုင်ရန် မဖြစ်နိုင်ပါ။


ထို့ကြောင့် မင်းတုန်းမင်း နတ်ရွာမစံမီ(၂)ရက်အလိုတွင် တိုင်တားမင်းကြီးနှင့် ညှိနှိုင်း၍ သီပေါမင်းသားကို နန်းတင်လိုက်ကြသည်။ မင်းတုန်းမင်း ကွယ်လွန်သောအခါ ထိုသတင်းကို ဖုံးဖိထားလျက်…

'ဘုရင်မင်းကြီး အခြေအနေ အလွန်ဆိုးရွားနေ၍ နတ်ရွာစံတော့မည့်ဆဲဆဲ ဖြစ်နေပြီ။ မလွန်မီတွင် မင်းကြီးသည် သားတော်၊ သမီးတော်တို့အား ရှုစားလိုသည့်ဆန္ဒ ရှိနေသည်'

ဟု အကြောင်းကြားသိစေသည်။


F.2B. April, 2016.

www.burmeseclassic.com



▲ လက်အိုး အရုပ်ဆောင်ထွယ်ရုပ်တု

▼ လက်ထောက် အရုပ်သော်ကီးရုန်းရုပ်တု



အားလုံး စုဝေးမိသောအခါ တံခါးများကို အလုံပိတ်၍...

'မင်းတရားကြီး ကံတော်ကုန်သွားသည်မှာ တစ်မောင်းရှိပြီး ယခု သီပေါမင်း ဘုရင်ဖြစ်နေပြီး သင်သားတော်တို့သည် ဆန့်ကျင်ပုန်ကန်ရန် တိတ်တဆိတ် ကြံစည်နေကြကြောင်း သတင်းရထားသည်။ ထို့ကြောင့် အကျဉ်းသားများအဖြစ် ဖမ်းဆီးရပါမည်' ဟူ၍ ဖမ်းဆီး အကျဉ်းချပြီးနောက် တစ်နေ့တွင် သီပေါမင်းသားကို ဘုန်းကြီးကျောင်းမှ ခေါ်လာကာ နန်းအပ်ကြလေသည်။

၁၈၇၉ ခုနှစ် နှစ်ဦးပိုင်းတွင် သီပေါဘုရင်၏ အမိန့်အရ ဘုရင်၏ ညီတော်နောင်တော်အားလုံးကို အဆုံးစီရင်လိုက်သည်။ သူတို့သာမက သားမယားဆွေမျိုး ကလေးသူငယ်ပါမကျန် အားလုံး ကွပ်မျက်ခြင်း ခံရ၏။

ညောင်အုပ်မင်းသားနှင့် ညောင်ရမ်းမင်းသားနှစ်ပါးသာလျှင် နေပြည်တော်နေ ဗြိတိသျှအမျိုးသားတစ်ဦး၏ အကူအညီဖြင့် လွတ်မြောက်သွားသည်။

အမှန်မှာ သီပေါမင်းသည် ဤကိစ္စကို လုံးဝ မသိပါ။ ထိုအကြောင်းကြားသိသောအခါ သီပေါမင်းသည် ရွှေနန်းတော်၌ထိုင်ချကာ ချုံးပွဲချ ငိုတော့သည်။ “**ဒီလိုဖြစ်မယ်ဆိုတာ သိရင်ငါ ဘယ်တော့မှ ထီးနန်းကို လက်မခံပါဘူး**”ဟု မြည်တမ်းရှာလေသည်။

ကွပ်မျက်ခြင်း ခံရသူများတွင် ရွှေကူမင်းသားလည်း ပါဝင်သည်။ မင်းတုန်းမင်းနှင့် ဒလမြို့စားသမီး မြသန္တာမိဖုရားတို့မှ ဖွားမြင်သော မင်းသားဖြစ်သည်။

ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် ဒလမြို့စားသည် အမရပူရ နေပြည်တော်သို့ ပြန်လာသည့် အမှုထမ်းကာ မင်းတုန်းမင်းလက်ထက်တွင် သမီးတော် မြသန္တာ တော်ကောက်ခံရခြင်းဖြစ်သည်။


မင်းတုန်းမင်း ကံကုန်သောအခါတွင် စလေမြို့စား စိန်တုံးမိဖုရားသည် မင်းတုန်းမင်းပေးသနားသည့် အဖိုးတန်ရတနာ အသုံးအဆောင်များကို ဖြု

www.burmeseclassic.com



▲ ရာဇာနာဂရွှေကျောင်း

▼ ရွှေရေးကနုတ်ခြယ် တံခါးများ



▲ ရာဇာနာဂရွှေကျောင်း
အဝင်မုခ်



▼ ကျောင်းဆောင်တွင်း
ရွှေချတိုင်ကြီးလုံးများ

▼ တံခါးအထက် မုခ်ဦးတံကဲ







www.burmeseclassic.com

www.burmeseclassic.com

တိုက်၊ ရွှေတိုက်အရာရှိတို့အား ကုန်စင်အောင် မအပ်သဖြင့် အကျဉ်းချခံရသည်။

ဝဇီရာရာမဆရာတော် (သီပေါမင်း၏ ဆရာတော်) အလှူခံသဖြင့် စိန်တုံးမိဖုရား အချုပ်မှ လွတ်သော်လည်း လုပ်ကြံမှု ပေါ်ပေါက်လေရာ မော်လမြိုင်ရှိ သင်္ဂဇာဆရာတော်ထံ သွားရောက်ခိုလှုံရသည်။ ထိုအခါတွင် ဒလမြို့စားဟောင်းလည်း လိုက်ပါသွားသည်။

၁၂၄၈ ခုနှစ်တွင် စိန်တုံးမိဖုရားက ရွှေနန်းတော် အလွမ်းပြေ ရတနာဘုံဖြင့် ကျောင်းကို ဆောက်လုပ်လှူဒါန်းရာ ဒလမြို့စားကလည်း မြေးတော် ရွှေဂူမင်းသားအတွက် ရည်မှန်းကာ ရတနာရွှေဂူကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့လေသည်။


ဤကျောင်းတော်များအား ဆောက်လုပ်ရာ သစ်ကုန်သည် ဒေါ်ရွှေပွင့်က အဓိက အားဖြည့် ပါဝင်ခဲ့သည်ဆိုလေသည်။

***[ဆရာတော် မိန့်ကြားသည့် မင်းညီမင်းသားများ အစုအပြုံလိုက် အကွပ်မျက်ခံရခြင်းနှင့် ပတ်သက်၍ ဖီလ်ဒင်ဟော(H.FIELDING) ရေးသားသည့် သီပေါ၏မဟေသီ THIBAW'S QUEEN စာအုပ်တွင်လည်း တူညီစွာ တွေ့ရှိရလေသည်။]***

## လှေလာကြည်ညိုရစဉ်

ရတနာရွှေဂူကျောင်းသည် တောင်ခြေစောင်းတွင်မှီ၍ ဆောက်လုပ်ထားသော အုတ်တိုက်ကျောင်းကြီး ဖြစ်သည်။ လက်ဝဲဘက်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ စံပယ်တော်မူသည့် ဂန္ဓကုဋိတန်ဆောင်းတော်ရှိ၍ လက်ယာဘက်တွင် ဘုန်းတော်ကြီးကျောင်းဆောင် ရှိ၏။ ကျောင်းမှာ နှစ်ဆောင်ပြိုင်ဖြစ်ကာ အပြင်ဘက် အဆောင်သည် ခန်းမရှည်ပုံစံ ဖြစ်သည်။

အခန်းပတ်လည် အုတ်တိုင်များထိပ်



▲ တံခါးရွက်မှ ကနုတ်ပန်းများ

▼ ဆန္ဒအမတ်နှင့် ကဏ္ဍာကမြင်းရုပ်လုံး



တွင် သစ်သားပန်းပုရုပ်လုံးများ တန်ဆာဆင်ထားသည်။ ရတနာဘုံမြင့်ကျောင်းမှ ပန်းပုလက်ရာများနှင့် တူညီသောလက်ရာ ဖြစ်သည်။

မော်လမြိုင်၊ တောင်ရိုး ကျိုက်သန်လန်ကုန်းတော်အခြေရှိ ရတနာဘုံမြင့်ကျောင်းထက် တောတောင်ရိပ်နှင့် ရာသီဥတု စွတ်စိုထိုင်းမှိုင်းမှု ပိုများသဖြင့် ပန်းပုရုပ်လုံးများမှာ ကွဲအက်ပျက်စီးစ ပြုနေသည်ကို မြင်တွေ့ရသည်။

ဗုဒ္ဓဝင်ရုပ်လုံးများဖြစ်ကာ အလောင်းတော်မင်းသား ကြာချည်လုပ်၍ ကြည့်တော်မူပုံ၊ ဆန္ဒအမတ်နှင့် ကဏ္ဍာကမြင်းဆံတော်ပယ်ခန်း၊ သားတော်ရာဟုလာ အမွေတောင်းခန်း စသည်တို့ကို မူလလက်ရာနီးပါး မြင်တွေ့ရသဖြင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။


နံရံနှင့် အုတ်တိုင်များကို ရောင်စုံမှန်များ ပန်းကွက်ဖော်၍ စီခြယ်ထားရာ သားရိုး ကြားလပ်နေရာများတွင် ရွှေသားစစ်များကို မြင်တွေ့ရသည်။

သစ်သားတံခါးရွက်များမှ ပန်းကနုတ်များကို ရွှေသားအစစ်ဖြင့် တန်ဆာဆင်ထားကာ အတွင်းဆောင်၏ အုတ်တိုင်လုံးများ၌လည်း ရွှေပိန်း



www.burmeseclassic.com

www.burmeseclassic.com



◆ သိဒ္ဓတ္ထမင်း ကြာရည်လုပ်ကြည့်ပုံ ပန်းပုရုပ်လုံး

◆ အလောင်းတော်မင်းသား၊ သံတော်ယယ်ဟန်



ချထားသည်ကို မြင်တွေ့ရသည်။

**၂၀၀၀ ပြည့်နှစ်ကာလ (ရွှေစင်တစ်ကျပ်သားလျှင် ငွေသုံးသောင်းကျပ်စျေးရှိချိန်)**တွင် ဤတိုင်များမှ ရွှေမှိုက်များယူကာ ဒစ္စကိုရွှေဖြင့် အသစ် မွမ်းမံပေးမည်။ ဝတ္တုဆယ်သိန်းကျပ် လှူပါမည်ဟု ကမ်းလှမ်းခဲ့သော်လည်း ဆရာတော်က လက်မခံခဲ့ဟု သိရသည်။

သံဃိကာဂရုဘထ် ပစ္စည်းများကို ဒါယကာတို့အား ပေးကမ်း ချီးမြှောက်ပါက ခိုးသူကြီး(၅)ယောက် အပါအဝင် နိုးသူရဟန်းဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အပြင် မူလ အလှူရှင်တို့၏ လက်ရာများ မပျောက်ပျက်စေလို တတ်စွမ်းသူ ဒါယကာ ပေါ်ပေါက်ပါကရွှေအစစ်ဖြင့်သာပြန်လည် မွမ်းမံလိုကြောင်း မိန့်တော်မူသည်။

ကျောင်းခန်းနံရံတွင် ပန်းချီဦးပန်းအေး၏ သရုပ်ဖော်ပန်းချီ ချိတ်ဆွဲထားသည်။ ဘုရားရှင် မုတ္တမတောင်တန်းသို့ ကြွရောက်တော်မူစဉ်-ဆည်းကပ် လုပ်ကျွေးကြသော ရေဘီလူး(၆)ဦးအား နောင်တွင် ရာမညတိုင်း၏ ပြည့်ရှင်မင်း (၆)ဆက် ဖြစ်မည်ဟု ဗျာဒိတ်ပေးတော်မူပုံ၊ အလောင်းတော် ဟသ်ာမင်းဘဝ တောင်တန်း မုတ္တမ၌ကျင်လည်ပုံ...

အလောင်းတော် ဟသ်ာမင်း နားနေရာ ကျောက်ဆောင်တွင် ကျိုက်တမော့စေတီ တည်ထားပူဇော်ကြပုံစသည်ဖြင့် သရုပ်ဖော်ထားကာ အင်္ဂလိပ်စာ၊ မွန်စာ၊ ဗမာစာ သုံးဘာသာဖြင့် ကမ္ပည်းရေးထိုးထားလေသည်။

ကျောင်းတိုင်ကြီးများကို အနီးကပ်လေ့လာကြည့်သောအခါ အထပ်ထပ်ကပ်လှူထားသော ရွှေမျက်ပါးချပ်များကို ထင်ရှားစွာ မြင်တွေ့ရသည်။ တိုင်ခြေရှိ ဆေးရေးကနုတ်များမှာမူ ပွတ်တိုက်ဖန်များသဖြင့် မှေးမှိန်ပျက်ပြယ်နေလေသည်။

## ရတနာရွှေဂူရုပ်ပွားတော်ကြီး

သံဃာတော်များ သီတင်းသုံးရာကျောင်း၏ လက်ဝဲဘက်တွင် တင်ပျဉ်ခွေရုပ်ပွားတော်ကြီး စံပယ်တော်မူရာ ဂန္ဓာကုဋိတိုက်ကြီး တည်ရှိ၏။ အတွင်း၌ လက်ရာမြောက် သပ္ပါယ်လှသော ရုပ်ပွားတော်ကြီးကို ဖူးမြော်ရသည်။

ဒလမြို့စားသည် မြေးတော်ရွှေဂူမင်းသားအတွက် ရည်စူး၍ ရတနာရွှေဂူကျောင်းနှင့် ဤရုပ်ပွားတော်ကို ပူဇော်လှူဒါန်းရာ၌ ရတနာပုံ နေပြည်တော်မှ ဗိသုကာပညာရှင်တို့အား ဖိတ်ခေါ် တည်ဆောက်စေသည်။

ဗိသုကာများက ကျိုက်မရောဘုရားကြီးခေါ် ဘုရင်မ ရှင်စောပုကောင်းမှု ရုပ်ပွားတော်ကြီးကို စံနမူနာပြုကာ ဤရုပ်ပွားတော်ကို တည်လုပ်ခဲ့ကြသည်ဟု သိရသည်။

ဗညားထောဘွဲ့ခံ ဘုရင်မရှင်စောပုသည် ဟံသာဝတီပြည့်ရှင် ဖြစ်လာသောအခါ **"ပြည်ဖော်ဝင်"** ရုပ်ပွားတော်ကို ထုလုပ်ပူဇော်သကဲ့သို့ ဤရုပ်ပွားတော်ကို ဖူးမြော်ပူဇော်ရသူ အပေါင်းသည် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်အောက်မှ လွတ်မြောက်ကာ မြန်မာနိုင်ငံတဝှမ်း အေးချမ်းသာယာစေ



www.burmeseclassic.com

www.burmeseclassic.com

ရန် ရည်ရွယ်သည့် "ပြည်တော်အေး" ရုပ်ပွားတော် ဖြစ်သည်ဆို၏။

မြေးတော်မင်းသားအတွက် ရည်စူးသည်သာမက မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတွက်ပါ ထားရှိသည့် ဒလမြို့စား၏ စေတနာကို ဝမ်းမြောက် သာဓုခေါ်ရပါသည်။

ရုပ်ပွားတော်ကြီး၏ ပလ္လင်ခြေဝဲယာတွင် အဂ္ဂသာဝကနှစ်ပါး ရုပ်တုများကိုလည်း တွေ့ရသည်။ ဘုရားဆောင်ခန်း၏ နဖူးစည်းတွင် **"မင်္ဂလာရန်အောင် ဆုတောင်းပြည့် ချမ်းသာကြီး မြတ်စွာဘုရား"**ဟူသော ကမ္ပည်းစာတန်းကို ရေးထိုးထားသည်။

### အိုးအိမ်စည်းစိမ် တိုးတက်စေရန်

မြတ်စွာဘုရားရှင်ကိုယ်စား ရုပ်ပွားတော်ကို အဂ္ဂသာဝက နှစ်ပါးနှင့်အတူ ထုလုပ်ပူဇော်ခြင်းဖြင့် နေအိမ်စည်းစိမ် တိုးတက်စေနိုင်သည်ဟု မုံရွာမြို့မှ ပန်းပုလုပ်ငန်းရှင်တစ်ဦးက ပြောပြခဲ့သည်။

'မဟာလယ်တီတိုက်ထဲက သီလရှင်စာသင်တိုက် သီလရှင်လေးက ကျောင်းတွေလဲ အိုဟောင်းပြီး သာဝကနည်းပါးလို့ အဂ္ဂသာဝကနှစ်ပါးရုပ်တုပူဇော်ပါဆိုပြီး အကြံပေးတဲ့အပြင် ကျွန်တော်ကိုယ်တိုင်ပဲ သာဝကနှစ်ပါး ရုပ်တုနှစ်ခုကို လှူဒါန်းခဲ့ပါတယ်။

ဘုရားရှင်နဲ့ ရဟန္တာနှစ်ပါးကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပြီး နေ့စဉ်ပူဇော်ခဲ့တာ မကြာခင်မှာပဲ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲတွေ လယ်တီတိုက်ရောက်လာတုန်း သီလရှင်လေးနဲ့ ပြောဆို စကားစပ်မိကြတယ်။ နောက်တော့ အခု ဆရာတွေ့ရတဲ့အတိုင်း တိုက်ဆောင်ကြီးတွေနဲ့ ခမ်းခမ်းနားနား ဖြစ်လာတာပါပဲ'

အဂ္ဂသာဝကနှစ်ပါး ရုပ်တုတော် ပူဇော်ရာတွင် ဘုရားရှင်၏ လက်ဝဲဘက်၌ ရှင်မောဂ္ဂလာန်ရုပ်တုကို လက်အုပ်ချီလျက် နမက္ကာရမုဒြာဖြင့် ထားရှိပူဇော်ရသည်။

လက်ယာဘက်တွင် ရှင်သာရိ



◆ သာသနာတော်ရာဟုလာ အထွတ်တောင်ဆန်း

ပုတ္တရာရုပ်တုကို လက်ဝါးထောက်၍ မော့ဖူးနေဟန် ထုလုပ်ပူဇော်ရသည်။

ပညာအရာ ဧတဒဂ် ရတော်မူသော လက်ယာတော်ရံ ရှင်သာရိပုတ္တရာသည် ဘုရားရှင်အား တရားထောက်လျှောက်ထားရသကဲ့သို့ ပရိသတ်အားလည်း ရှင်းလင်း မိန့်ကြားတော်မူရသဖြင့် ဤသို့ပုံဟန်ဖြင့် ပူဇော်ရသည်ဆိုလေသည်။

### ပြည်တော်အေးဘုရား

ဒလမြို့စားကြီးက မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်အစိုးရ လက်အောက်မှ လွတ်မြောက်စေရန် ရည်သန်ခဲ့သည့်အတိုင်းပင် (၃၀-၁-၁၉၄၂)နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များသည် မော်လမြိုင် အရှေ့ဘက်ကမ်း ညောင်ပင်ဆိပ်ရွာမှလည်းကောင်း၊ ကျိုက်မရောလမ်း ငန်းတေးရွာမှ လည်း ကောင်း၊ မုဒုံလမ်း ဈေးကြိုအရပ်မှ လည်းကောင်း မော်လမြိုင်သို့ တိုက်ခိုက် သိမ်းပိုက်ပြီးနောက် မုတ္တမတောင်ရိုး ကားလမ်းမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးရှိ နယ်ချဲ့အင်္ဂလိပ်တို့အား မောင်းထုတ်နိုင်ခဲ့လေသည်။

၁၃၀၃ ခုနှစ်၊ ပြာသိုလဆုတ် (၁၂) ရက်နေ့ ဖြစ်လေရာ ဒလမြို့စား ရုပ်ပွားတော် တည်ဆောက်လှူဒါန်းခဲ့သည့် ၁၂၄၈ ခုနှစ်မှ (၅၅)နှစ်အကြာတွင်

◆ ရာဇာဝတ္ထု ဆရာတော် ဦးဣန္ဒိက



ဆန္ဒပြည့်ခြင်းဖြစ်သည်။

တင့်တယ် သပ္ပါယ်တော်မူလှသည့် လတိတံဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ဤရုပ်ပွားတော်ကြီးထံတော်ပါးတွင် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် ရွှေသက်နုန်း ကပ်လှူခြင်း ဒါနကုသိုလ်၊ စောင့်ထိန်းအပ်သော သီလကုသိုလ်၊ ပွားများအပ်သော ဘာဝနာကုသိုလ်များ ပြုလုပ်၍ အရပ်တစ်ပါး၌ စီးပွားရှာဖွေနေသူ သွေးသား၊ သားချင်းတို့အတွက်ဆုတောင်းမေတ္တာပို့သခြင်းအထူး ထိရောက်စေသည်ဟု ဆိုကြသည်။

ကောင်းမှုရှင် ဒလမြို့စားသည်လည်း မြေးတော်အတွက် ရည်စူးကုသိုလ်ပြုခြင်းဖြစ်လေရာ ဝေဒရှုထောင့်မှ ဆန်းစစ်ပူဇော်ကြည့်သည်။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ

www.burmeseclassic.com

ကြော်ငြာဓာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[ကိုင်းရင်းဆေးဝါးမှတ်ပုံတင်
ဗ၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဖါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖောက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်းကျပ်ခြင်းတို့ဟာ သီတန္တဥတု ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိန်အခါမဲ့ အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိစီးမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂) ဈေး(ဂ)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း- ၀၉ ၈၆၁၅၂၂၈၊ ၀၉ ၂၅၀၀၁၅၀၄

**မြောင်းမြ မောင်ယဉ်တင်**



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)

မြစ်သားမြို့နယ်မှ

# လောင်းတော်ဦး ပေါ်တော်မူ ကုန်းတော်သို့ (၁)

ပုဂံခေတ် စောလူးမင်း၏ ဖခင် မေတ္တာကို ဖော်ကျူးသည့် ကောင်းမှု စေတီတစ်ဆူဖြစ်သော **မြစ်သားမြို့ ရွှေစောလူးစေတီတော်**အား သွားရောက် လေ့လာကြည့်ညိုစဉ် မြစ်သား မြို့နယ်၊ **"လောင်းတော်ဦး"** ကျေးရွာ အနီး ယာခင်းတစ်ခင်းမှ ရှေးခေတ် ရုပ်ပွားတော်များ ပေါ်တော်မူကြောင်း ကြားသိရပေသည်။

သို့ဖြစ်၍ အဆိုပါနေရာသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။ မြစ်သား မြို့မှ ပန်းလောင်မြစ်ကူး "မြစ်မခ" တံတားမှတစ်ဆင့် ကြံတောရွာ၊ စမာ တံတား၊ ရွာသစ်ကလေး စသည်တို့ အား ကျော်ဖြတ်ပြီးနောက် **"နွားကူး လေး"**ရွာ မရောက်မီတွင် ပေါ်တော်မူ ကုန်းတော်ကို တွေ့ရသည်။

အနီးဝန်းကျင်တွင် တစ်ကိုယ်တည်း။ လောင်းတော်ဦး၊ ဆားတောင်ကုန်း၊ နွားကူးလေး(အရှေ့၊ ' အနောက်နှင့် တောင်သုံးရွာရှိ၏။)၊ ရွာသစ်ကလေး စသည်ဖြင့် ကျေးရွာခုနစ်ရွာ ဝန်းရံ တည်ရှိကာ လောင်းတော်ဦးရွာနှင့် အနီးဆုံးဖြစ်ကြောင်း သိရ၏။

ဆယ်ကေခန့် ကျယ်ပြန့်သည့် ကုန်း တော်မြေ အဝင်မုခ်ဦးကို နဂါးနှစ်ကောင် ရံထားကာ"တဝဂုဆုတောင်းပြည့်စေတီ တော်မြတ်ကြီး ၁၃၇၅-၂၀၁၃ ခုနှစ်" ဟူသော ကမ္ပည်းစာတန်း ရေးထိုးထား သည်။(ပုံ-၁)



(ပုံ-၁) ပေါ်တော်မူကုန်းတော်အဝင်မုခ်ဦး

(ပုံ-၂) ရုပ်ပွားများ ရှင်းလင်းပြီးနောက် တွေ့ရသည့်မြင်ကွင်း



အတွင်းမြေပြင်အလယ်၌ မဏ္ဍပ် ကနားထိုးကာ တူးဖော်ရရှိထားသော ရုပ်တုရုပ်ပွား ရှေးပစ္စည်းများ ပူဇော် ထားသည်။

မေးမြန်း စုံစမ်းကြည့်သောအခါ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသောင်းက ပေါ်တော်မူ ရုပ်ပွားတော်များ အကြောင်းကို ရှင်းလင်းပြောပြလေ သည်။

### ပေါ်တော်မူခြင်း

ဤရုပ်တုရုပ်ပွားများနှင့် ရှေးဟောင်း





www.burmeseclassic.com

www.burmeseclassic.com



● (ပုံ-၃) ထင်သုံးကောင်း တင်ညွှန့်ရွှေ ရုပ်ပွားတော်



● (ပုံ-၄) မြေကြီးရှင်လိုင်ဖွဲ့ ရွှေဟန်

စေတီများသည် (၁၈-၂-၂၀၁၃)နေ့တွင်မှ စတင် တူးဖော် တွေ့ရှိရခြင်းဖြစ်သည်။ ယင်းကာလမတိုင်မီက ဤနေရာသည် တောင်သူဦးဆန်းဝင်း [၂၀၁၃ ခုနှစ်တွင် (၄၅)နှစ် ရှိပြီဖြစ်သည်။] ထွန်ယက်စိုက်ပျိုးထားသော ယာမြေကလေး ဖြစ်သည်။

အကျယ်အဝန်း (၅)ဧကခွဲမျှ ရှိရှာ။ *ယာမြေဟု ဆိုသော်လည်း မြေနေရာ* အနည်းအကျဉ်းမျှကို သခွားစိုက်ပျိုးထားခြင်းဖြစ်ကာ ဆယ့်လေး,ငါးနှစ်ခန့် ရှင်သန်နေသော ချုံပင်များနှင့် ဖုန်းဆိုးတောက အများစုဖြစ်သည်။

တစ်နေ့တွင် ဦးဆန်းဝင်းသည် ချုံပုတ်တစ်ခုအနီး အခင်းကလေးစွန့်ရန် ထိုင်လိုက်စဉ် မြေပြင်မှာ လျှောင်လှုပ်သကဲ့သို့ တုန်ခါသွားသဖြင့် မစွန့်ဖြစ်တော့ဘဲ နေရာပြောင်းရန် ထလိုက်သည်။

ထိုအခါ မိကျောင်းနွယ်၊ နဘူးနွယ်များက မြွေများပမာ တွန့်လိမ်လှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။ ထိုနေရာနှင့် ဝေးရာတွင် အခင်းကလေးစွန့်ပြီးနောက် တရေးတမော အိပ်စက်စဉ် အိပ်မက်ထဲတွင်သို့ အမျိုးသမီးနှစ်ဦးကို *တွေ့ရသည်။*

သာသနာပြုရန် အချိန်တန်ပြီဖြစ်၍ လာရောက် သတိပေးသည့် အနေဖြင့်ဖြစ်ကြောင်း ပြောပြကြသည်။ ထိုနှစ်ဦးကား ယခင်ဘဝက နှမနှစ်ဦးဖြစ်ကာ မရွှေကြည်နှင့် မငွေကြည်အမည်ရှိကြသည် ဆိုလေသည်။

ယခင်ဘဝက မောင်နှမသုံးဦး စေတီတည် ကောင်းမှုပြုခဲ့သော သာသနာမြေသည် ယခု ဦးဆန်းဝင်း ထွန်ယက်လုပ်ကိုင်နေသော မြေ(၅)ကေခွဲမြေအပြင် ကပ်လျက်ရှိ မြေ(၆)ကေခွဲအပါအဝင် ဖြစ်သည်။

သာသနာပြုရန်အတွက်သာ၍ လက်ရှိပိုင်ရှင်ထံမှ တောင်းယူကာ တူးဖော်ပါမှသာ မူလစေတီရုပ်ပွား ဌာပနာပစ္စည်း များကို တွေ့ရမည်ဖြစ်ကြောင်း တိုက်တွန်းကြလေသည်။

"*ငွေကြေးဖြင့် မဝယ်ရ*"ဟု ဆိုသဖြင့် ဦးဆန်းဝင်းက ရက်အတန်ကြာအောင် တွဲဆိုင်းနေခဲ့ရာ ဖနီးဒေါ်ချိုပြုံးနှင့် သားများ အပါအဝင် မိသားစုများပါ သိသာ မြင်သာစေရန် အတိတ်နိမိတ်များ ပြသ သဖြင့် မလွှဲမရှောင်သာဘဲ ထိုမြေကွက်ကို တောင်းခံရ၏။

မြေကွက်ပိုင်ရှင်မှာ မောင်နှမ(၅)ဦး





www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၅) ဝဲလက်ဘက် မြှောင်ထားသည့် တော်မိုရိုးရှပ်ပွားတော်ဆွ



(ပုံ-၆) မင်းဝတ်ဘုရား(က)

ဆိုင်ဖြစ်နေရာ အကြီး(၄)ဦးက ရှောရှောရှူရှူ ခွင့်ပြုကြသော်လည်း အတွေးဆုံးညီမက သဘောမတူဟု ဆိုကာ ဦးဆန်းဝင်းနေအိမ်သို့ ကန့်ကွက်ပြောဆိုရန် သွားလေသည်။

အိမ်ရှေ့အရောက်တွင် အိမ်တွင်းသို့ လှမ်းကြည့်လိုက်သောအခါ ဦးဆန်းဝင်းအား ရာဇပလ္လင်ထက်၊ ဘုရင်အဝတ်အစား အဆောင်အယောင်ဖြင့် ထိုင်နေသည်ကို တွေ့မြင်ရသဖြင့် **"ကျွန်တော်မျိုးမ (မြေကွက်)ပိုင်ဆိုင်မှုကို လှူဒါန်းပါမည်"**ဟု သဘောတူညီခဲ့လေသည်။

ပကတိအခြေအနေတွင် ဦးဆန်းဝင်းသည် အိမ်ဦးခန်း၌ တင်ပျဉ်ခွေထိုင်လျက် ရေနွေးကြမ်း သောက်နေခြင်းသာ ဖြစ်သည်ဆိုလေသည်။

မြေကွက်များကို သာသနာမြေအဖြစ် အလှူခံရရှိပြီးနောက် (၁၁-၂-၂၀၁၃) နေ့မှ စတင်ကာ တောချုံများ ရှင်းလင်းကြသည်။

ဝန်းကျင် ကျေးရွာ(၇)ရွာမှ တစ်ရွာလျှင် တစ်နေ့ကျ လူအင်အား(၃၅၀) ဖြင့် ရှင်းလင်းကြရာ တစ်ပတ်အကြာ (၁၈-၂-၂၀၁၃)ရက်နေ့တွင် မြေကြီးအတွင်းမှ စေတီဟောင်း အုတ်ပုံနှင့် ဌာပနာပစ္စည်းများကိုစတင်တွေ့ရှိရသည်။

ထိုမှ (၂၅-၂-၂၀၁၃)ရက်နေ့အထိ တူးဖော်ခဲ့ကြရာ တင်ပျဉ်ခွေရုပ်ပွားတော် (၂၆)ဆူ၊ ရဟန္တာရုပ်တုတော် (၁)ဆူနှင့် ရှင်ဘုရင်ရုပ်တု(၁)ခုတို့နှင့် အတူ ဘုရားနှင့် ရဟန္တာဓာတ်တော်များ၊ အင်္ဂရတ်အသုံးပစ္စည်းများ ဓာတ်ပြာများ ရရှိခဲ့သည်ဆို၏။

ရုပ်တုရုပ်ပွားများ၏ သွန်းလုပ်ထုဆစ် ပူဇော်မှုလက်ရာမှာ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်နှင့် အင်းဝခေတ်ဟူ၍ ခေတ်လေးခေတ်လက်ရာများ စုပေါင်းပါဝင်သည် ဆိုလေသည်။

တောချုံပိတ်ဖုံးနေသည့် တောင်ကုန်းမို့ကလေးများရှိ ချုံနွယ်များ ရှင်းလင်းလိုက်သောအခါ ရှေးစေတီဟောင်း အုတ်ပုံများ ပေါ်ထွက်လာစဉ်က မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသပေးသည်။(ပုံ-၂)

www.burmeseclassic.com





◄ (ပုံ-၇) မင်းတတ်ဘုရား(ခ)

(ပုံ-၈) မင်းတတ်ဘုရား(ဂ) ►

ဆင်ခံရုပ်ပွားတော်

စမွခဏ်အောက်တွင် ဆင်သုံးကောင်ခံလျက် အထက်၌ ဘူမိဖဿမုဒြာတင်ပျဉ်ခွေရုပ်ပွားတော် ပူဇော်ထားသည်။**(ပုံ-၃)**

သင်္ကန်းအနားရေးနှင့် ဆံစပ်နေရာများ၌ ပုတီးစေ့သဏ္ဍာန် စိန်တန်းများစီ၍ တန်ဆာဆင်ထားသည်။ နားရွက်ပန်းထောက်၍ နှုတ်ခမ်းတော် ပြုံးရယ်ဟန် ထုဆစ်ထားသည်။

ဤရုပ်ပွားတော်အား ပူဇော်ထားစဉ် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလခန့်၌ မြွေကြီးတစ်ကောင် ရောက်ရှိလာကာ တစ်လနီးပါးခန့်မျှ ရုပ်ပွားတော်ရစ်သိုင်းဖွဲ့ခွေလျက် ပူဇော်သကဲ့သို့ မြင်တွေ့ရသည်။

ထိုဖြစ်စဉ်ကို ထိုစဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံမှတ်တမ်းကို ထုတ်ပြ၍ ပြောပြသည်။**(ပုံ-၄)**

ဗောဓိရိုးဘုရား(ပုံ-၅)

**ဗောဓိရိုးဘုရား (မကိုင်မိစလွယ် အဆင်တန်ဆာမပါဘဲ ဗောဓိပင်ရင်းရွှေပလ္လင်ထက်၌ ပွင့်ထွန်းစံပယ်တော်မူဟန် တင်ပျဉ်ခွေရုပ်ပွားတော်)** တစ်ဆူမှာ ဘူမိဖဿမုဒြာပင် ဖြစ်သော်ငြားလည်း လက်ဝဲလက်တော်မှာ ပေါင်ခွင်နှင့် မထိဘဲ အထက်သို့မြှင့်၍ အတန်ပင် ကွာဟနေသည်။

ပထဝီမြေကြီးကိုယ်စား စမွခဏ်ကို ထိကိုင်သက်သေပြုဟန် လက်ယာလက်ချောင်းတော်များ အောက်တွင် အခုအခံ ပြုလုပ်ထားသော်လည်း လက်ဝဲလက်တော်အောက်တွင် အခုအခံ မရှိပါ။

လက်ဝဲလက်ကို ပေါင်ခွင်(ခြေဖဝါးနှစ်ဖက်ပေါ်)တွင် ထိကပ်ထားဟန်ကိုသာ အတွေ့အမြင် များသဖြင့် ထူးခြားသော ရုပ်ပွားတော်ဖြစ်သည်။

စမွခဏ်အောက်တွင် ကြာပလ္လင်တစ်ဆင့် ခံထားရာ ဘုရားတစ်ဆူလုံး၏ ဥဏှိသ်တော်အမြင့်နှင့် နှိုင်းစာက ပလ္လင်အမြင့်မှာ ထက်ဝက်မျှရှိနေလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

## မင်းဝတ်ဘုရားများ

မကိုင့်စလွယ်ဆင် မင်းဝတ်ဘုရား အချို့မှာ ဌာပနာတိုက်အတွင်း ထားရှိ ပူဇော်လေ့ရှိသော ကြေးသွန်းတင်ပျဉ်ခွေ ရုပ်ပွားတော်များဖြစ်ကြသည်။

စလွယ်၊ လက်စည်း၊ လက်ကြပ်၊ မကိုင့်၊ နားကင်းများ ပါဝင်၍ နားကင်းကို ကျယ်ပြန့်ရှည်လျား(မြင့်မား)စွာ အထူးပြု ပူဇော်ထားကြသည်။

ရောင်လျှံချွန်များနှင့် ဖြစ်ကြသည်။ မင်းဝတ်ဘုရား(ပုံ–၆)မှာ ကြာပလ္လင် ပုံမှန်အမြင့်သာရှိ၍ မင်းဝတ်ဘုရား (ပုံ–၇)မှာ ပလ္လင်(နှစ်ဆင့်) အမြင့်ခံ သွန်းလုပ်ထားသည်။

မင်းဝတ်ဘုရား(ပုံ–၈)မှာ မူလက ဗောဓိရိုးဘုရားဖြစ်၍ မကိုင့် စလွယ်၊ ရင်ဖွဲ့တန်ဆာများ ထပ်မံပြုလုပ်တန်ဆာဆင်ထားသည့် ပုံဟန်ဖြစ်သည်။ စမ္ပခဏ်အနိမ့်ဖြင့်သာ ပူဇော်ထား၏။

## မကိုင့်ဆောင်းရုပ်ပွားများ

## (ပုံ–၉)၊ (ပုံ–၁၀)


ကြေးသွန်း(ပန်းတဥ်း)လက်ရာ ရုပ်ပွားတော်များဖြစ်သည်။ မကိုင့်တော် တန်ဆာဆင်ထား၍ စလွယ်၊ ရင်ဖွဲ့တန်ဆာ၊ လက်စည်း၊ လက်ကြပ်များ မပါရှိပါ။ ထုထည် အားကောင်း (ဖောင်းကြွ)စေရန် နားကင်း စသည့် အသေးစိတ် အချွန်အတက်များကို ချန်လှပ်ထားဟန်ရှိသည်။

သို့တည်းမဟုတ် မင်းညီမင်းသား မဟုတ်သည့် မှူးကြီးမတ်ရာ မင်းဆွေမင်းမျိုးက လှူဒါန်းပူဇော်ခြင်းဖြစ်၍ အပြည့်အစုံ တန်ဆာဆင်ခြင်း မရှိသည်လည်း ဖြစ်နိုင်ပေသည်။



⬆ (ပုံ–၉) မကိုင့်ဆောင်းရုပ်ပွားတော်များ

⬇ (ပုံ–၁၀) မကိုင့်ဆောင်းရုပ်ပွားတော်များ



ဘူမိဖဿမုဒြာများဖြစ်ကာ လက်ဝဲလက်တော်ကို ပေါင်ခွင်အထက် လွတ်အောင် မြှင့်တင်ထားသည်မှာ ဗောဓိရိုးဘုရား(ပုံ–၅)နှင့် တူညီသည်။ တစ်ခေတ်တည်း၌ သွန်းလုပ်သည့် လက်ရာများဖြစ်ဖွယ်ရှိ၏။

မွန်ပြည်နယ်တွင်းရှိ စပယ်ဂူ၊ ခရုံဂူ၊ ဘုရင်ညီဂူ စသည့် လိုဏ်ဂူများ အတွင်း တွေ့ရလေ့ရှိသော ရှေးရုပ်ပွားတော်များအနက် ဘုရင် ကိုးကွယ် လှူဒါန်းသည့် ရုပ်ပွားတော်များသည် **ရောင်လျှံချွန် (၇)ဆင့်မှ (၉)ဆင့်ထိ တန်ဆာဆင်ပူဇော်ထားသည်၊ မင်းညီမင်းသား၊ အိမ်ရှေ့မင်း စသည်တို့၏ ကောင်းမှုမှာမူ ရောင်လျှံချွန်(၅)ဆင့်၊ မှူးမတ်၊ စစ်ကဲ, ဝန်ကြီးများ၏ ကောင်းမှု၌ ရောင်လျှံချွန်(၃)ဆင့်** စသည်ဖြင့် ခွဲခြားပူဇော်ထားလေ့ ရှိသည်ကို တွေ့ခဲ့ရပေသည်။


ယခု တွေ့ရှိရသော ပေါ်တော်မူ ရုပ်ပွားတော်များသည် ပျူ၊ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်လက်ရာများဟု ဆိုသဖြင့် ရှေး ပျူ၊ မြန်မာမင်းများ၏ ကောင်းမှုတော် ဖြစ်နိုင်၏။

ယင်းခေတ်ကာလတွင် မွန် ရှူး




www.burmeseclassic.com

www.burmeseclassic.com



(ပုံ-၁၁) အင်းဝခေတ်ကျောက်ဖြူဆင်းတု

(ပုံ-၁၂) ပင်းယခေတ် ကျောက်ဖြူဆင်းတုများ



ဟောင်းရုပ်ပွားတော်များကဲ့သို့ ရာထူးအဆင့် ခွဲခြားပူဇော်ခြင်းရှိမရှိ လေ့လာအကဲခတ်နိုင်သော အတိတ်ပြတင်း (သို့မဟုတ်) အထောက်အထားတစ်ရပ်ဖြစ်ရာ သုတေသီများအတွက် စိတ်ဝင်စားဖွယ်ပင် ဖြစ်ပေသည်။

## ကျောက်ဖြူဆင်းတုများ

ကျောက်ဖြူသားကို ထုဆစ်ထားသည့် ဆင်းတုတော်များမှာ ပင်းယနှင့် အင်းဝခေတ် လက်ရာများဟု ယူဆကြသည်။

ပင်းယခေတ်ရုပ်ပွားတော်မှာ မေးရိုးထောင့်ကျ၍ အင်းဝခေတ်လက်ရာမှာ ကိုယ်ဟန် အတန်ပင် ပြေပြစ်သည်။

ရောင်လျှံတော် ချရားသီး ထုဆစ်ပုံကား တူညီကြ၏။ အင်းဝခေတ် တင်ပျဉ်ခွေရုပ်ပွားတစ်ဆူနှင့် ဦးခေါင်းတော်(ပုံ-၁၁)နှင့် ပင်းယခေတ် ရုပ်ပွားတော်များ(ပုံ-၁၂)တို့ကို စံပြုဖော်ပြလိုက်ပါသည်။

## အခြားရုပ်တုများ

သပိတ်ပိုက်၍ ဆွမ်းခံကြွဟန် မတ်ရပ်တော်တစ်ဆူမှာ အလောင်းတော်မင်းသား တောထွက်စဉ်က ဆံတော်ပယ်ရာ၌ လက်လေးသစ်ချန်ထားဟန် ဥဏှိသမိုမောက်နေခြင်း (ရောင်လျှံတော်) မပါရှိသောကြောင့် သာဝကသံဃာတစ်ပါးပုံ ဖြစ်ဟန်ရှိသည်။

ဌာပနာပြု လှူဒါန်းစဉ်ကာလ သာသနာပြုဆရာတော် ရဟန္တာပုံတော်လည်း ဖြစ်နိုင်ပေသည်။

လက်ယာဘက်အစွန်ရှိ တင်ပျဉ်ခွေရုပ်တုမှာ ညောင်ရွက်ပုံ တစ်စထောင်ဖောင်းတော်(မကိုဋ်)ပုံစံအရ ဘုရင်ရုပ်တုဖြစ်မည်ဟု ယူဆကြသည်။

နောက်ခံရှိ မှန်ကူကွက်ပုံစံ တံကဲမှာ ရာဇပလ္လင်ကို ရည်ညွှန်းဟန်ရှိသည်။

အလယ်ရှိ မတ်ရပ်ရုပ်တုမှာ မကိုဋ်ဆောင်းလျက် လက်ဝဲလက်တွင် ခရုသင်းနှင့် လက်ယာလက်က သန်လျက်ထမ်းသည့် နတ်သမီးရုပ်တုဖြစ်သည်။ မကိုဋ်ပုံစံအရ နဂါးမယ်တော်ကို ရည်ညွှန်းသည်ဟု ယူဆရလေသည်။ **(ပုံ-၁၃)**

ယင်း၏အနောက်တွင် ရုပ်ပွားသုံးဆူနှင့် ဓာတ်တော်ကြုတ်များရှိသည်။**(ပုံ-၁၄)** လက်ဝဲစွန်ရှိ ရုပ်ပွားတော်မှာ ဦးခေါင်းတော် ပွံ့ပွံ့နှင့် လည်ပင်းမပေါ်အောင် သွန်းလုပ်ထားသည့် လောဟာစပ်ရုပ်ပွား ဖြစ်ဟန်ရှိ၏။ နောက်ခံသမိုင်းနှင့် ခေတ်ကာလကို မသိရှိခဲ့ရပေ။

## ဓာတ်တော်အအိုး

ဓာတ်တော်ကြုတ်နှစ်ခုမှာ ကြေးနှင့် မြေကြုတ်(အိုး)များဖြစ်ကာ စတင်တူးဖော်ရရှိစဉ်က ပုံနှင့် ယှဉ်တွဲဖော်ပြလိုက်ပါသည်။**(ပုံ-၁၅)**

ရှေ့လဆက်ဖတ်ပါရန်

**ဘုန်းကျော်စွာ**
***(မြိုင်တဗ္ဗသိုလ်)***



www.burmeseclassic.com

www.burmeseclassic.com

# သွေးတိုးရောဂါ အတွက်

## ဆေးနည်းတစ်လက်

ကိုစနေ

၂-၈-၂၀၁၅ခုနှစ်နေ့ နံနက်(၈) နာရီခန့်တွင် တစ်ရပ်ကွက်တည်းနေ ဆရာဦးစောသောင်းကြီး ကျွန်တော့်ထံ ရောက်ရှိလာ၏။

ဆရာသည် တစ်ချိန်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (အထူးသဖြင့် စီအိုင်ဒီ)တွင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်မှုများကြောင့် နာမည်တစ်လုံးရခဲ့သူ ဖြစ်သည်။


လွန်ခဲ့သော ၂၀၀၅ ခုနှစ်က ဂန္ဓဝေါ ခရိုင် ရဲတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်နေရာမှ သက်ပြည့်ပင်စင်ယူကာ မွေးရပ်ဇာတိဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့တွင် ပြန်လည်အခြေချနေထိုင်သူ ဖြစ်ပါသည်။

အလုပ်မှ အငြိမ်းစားယူထားသည်ဆိုသော်လည်း ယခင်ထက်ပင် တာဝန်များ ပို၍ ပို၍ များလာ၏။

ကရင်အမျိုးသားစာပေနှင့် ယဉ်ကျေးမှု ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတာဝန်ခံ မင်းလှမြို့နယ် နာရေးကူညီမှုအသင်းနာယက၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ရပ်ကွက်သာရေးနာရေးအသင်း နာယကဆိုသည့် တာဝန်များအပြင် လူမှုရေးအသင်း၊ ဘာသာရေးအသင်းအချို့၌ အဓိကကျသောနေရာများတွင် တာဝန်ယူထားသူတစ်ဦးလည်း ဖြစ်ပါသည်။

ဝန်ထမ်းစည်းကမ်းအရ အသက်(၆၀)ပြည့်သဖြင့် အငြိမ်းစားယူလိုက်ရသည့်ဆရာသည် ကျွန်တော့်အမြင်တွင် လွန်ခဲ့သော နှစ်(၃၀)ခန့်ကနှင့် ဘာမျှ မခြားနား။ ဘာမျှ မပြောင်းလဲ၊ ကျွန်းမာဆဲ၊ သန်မာဆဲ၊ ဖျတ်လတ်ဆဲ၊ ထက်ကြွဆဲပင် ဖြစ်၏။ ***(တစ်ခါတစ်ရံ ဒေါသတင့်တောင့်ကြီး ဖြစ်နေတာက ထွဲထိုပေါ့လေ)။***

ဆရာသည် ကျွန်တော်နှင့်တွေ့လျှင် ထိုင်ပင်မထိုင်နိုင်သေးဘဲ မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စုနှင့် ရွှေလောင်းကျေးရွာ အုပ်စုအတွင်း ရေဘေးသင့်ပြည်သူများအတွက် မိမိတို့ရပ်ကွက်သာရေး၊ နာရေး၊ အသင်းရန်ပုံငွေမှ ငွေသုံးသိန်း ထုတ်ယူ၍ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် လိုအပ်သောဆေးဝါးများ ဝယ်ယူ လှူဒါန်းလိုကြောင်း၊ အသင်းဥက္ကဋ္ဌ ဆရာကြီး ဦးတင်အောင်နှင့် နီးစပ်ရာ ကော်မတီဝင်အချို့အား ကြိုတင်အသိပေးထားပြီး ဖြစ်သော်လည်း ကျန်ကော်မတီဝင်များနှင့် အသင်းသားများ၏ သဘောတူညီချက် ရယူရန် လိုကြောင်း...။



ထို့ကြောင့် အသင်းအတွင်းရေးမှူး ဖြစ်သူ ကျွန်တော့်အား အစည်းအဝေး ခေါ်ယူပြီး တင်ပြဆွေးနွေးရန် လာရောက်ပြောကြားခြင်း ဖြစ်ပါသည်။

ဆရာသည် သူပြောလိုသောအချက်အလက်များအား ညွှန်ကြားပြီးနောက် ဟိုဟိုဒီဒီကြည့်ကာ...

'မင်းအမျိုးသမီး မမြင်ပါလား'

'သွေးနည်းနည်းတိုးနေလို့ အိပ်ခန်းထဲမှာ လှဲနေတယ် ဆရာ'

'အင်း... ဒီသွေးတိုးဆိုတဲ့ သတ္တဝါကလဲ အတော်သောင်းကျန်းနေပါလား၊ သူတစ်ကောင်တည်းနဲ့ လူအများကို လိုက်ပြီး ဒုက္ခပေးနေတယ်။ ဟိုလူမေးလဲ သွေးတိုးလို့၊ ဒီလူမေးလဲ သွေးတိုးလို့နဲ့ တို့များတော့ မရှိပေါင်'

ဟု ဆိုပါသည်။

'ဟုတ်လား ဆရာ့မှာ သွေးတိုး မရှိဘူးလား'

'မရှိပေါင်ဗျာ'

'ဘာဆေးများသောက်လို့လဲ ဆရာရဲ့ အစကတည်းက မရှိတာလား၊ ဒါမှမဟုတ် ကြိုတင်ကာကွယ်ထားလို့လား'

'ကြိုတင်ကာကွယ်နည်းလို့ ပြောရမလားပဲ အဲဒါတော့ ရှိတယ်'

'ပြောပြပါဦး ဆရာရဲ့'

'ဒီလိုကွ။ ငါ ဂန္ဓဝေါခရိုင်တပ်ဖွဲ့မှူး လုပ်နေတုန်းက ဦးစိန္တာဆိုတဲ့ မြန်မာတိုင်းရင်းဆေးဆရာကြီးနဲ့ တွေ့ဖူးတယ်။ ငါ့ခန္ဓာကိုယ်ကိုကြည့်ပြီး သွေးတိုးရှိသလား မေးတယ်။

သွေးတိုးနည်းနည်းရှိလို့ ပေါ်းမှူး



(စာမျက်နှာ (၁၀၃) သို့)

www.burmeseclassic.com




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/ ၂၁၁၀/တဆထလ/တိုး(၁၁၄၇၂)

"တိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ဝန်းလှုပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါတဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် တိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးဝန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ သေလန်းသေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"တိုမင်းမြတ်မောင်ပါလား. . . လောလောကြာလို့ ဘာတိရနေတာ. . . စည့်သည်လဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါတဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"တဲ. . . တိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုတောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောပယ္တာမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ကြောတ်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးဝန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် တိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျုံကွဲဆိပ်ရပ်ဘုရားပင်းတောင်ဘက်မုခ်၊
သာယာနိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



◆ မင်းတန်ရွာလယ်ကျောင်းဆရာတော် အရှင်မာယိန္ဒ

မြိုင်မြို့နယ်မှ ရဟန္တာဟု သမုတ်ခြင်းခံရသော မင်းတန်ရွာလယ်ကျောင်းဆရာတော်

သံသရာခရီးသည်ဘဝစဉ်

# ဦးမာယိန္ဒာဘိ

ဂါရဝပြု ပူဇော်ခြင်း (၁)

နီဒါန်း

တော်သလင်းနေ ပူစွန့်သေဟု ဆိုစကား ရှိခဲ့သော်လည်း ဘင်္ဂလား ပင်လယ်အော်မှ မုန်တိုင်းများကြောင့် တော်သလင်းနေလည်း မိုးကို အနိုင်မတု နိုင်ရှာပေ။

သီတင်းကျွတ်လဆုတ် (၁)ရက်နေ့ တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့၏ အဓိကရ စေတီကြီးဖြစ်သော ရွှေမြင်းထင်စေတီ တော်အား ဝင်ရောက်ဖူးမြော်စဉ် သည်းထန်စွာ ရွာသောမိုးက မပြတ်မစဲ ရှိနေသဖြင့် စေတီတော် အလှူခံဌာန တွင် သောင်တင်နေခဲ့သည်။

ထိုစဉ်ကာလ တွေ့မြင်ရသော လူ အချို့နှင့် မိတ်ဖွဲ့ကာ မြိုင်မြို့နယ် အတွင်း မိမိသွားလိုရာ နေရာဒေသများ အကြောင်း စုံစမ်းကြည့်သည်။

'ကွမ်းတောရွာက ပုသိမ်–မုံရွာ ကားလမ်း ကနေ တအောင့်ကလေး ဝင်ရတယ်။ မြေသားလမ်းက ဖွက်ပေါက်နေပေမယ့် ရုန်းရင်းကန်ရင်းသွားရင် ရနိုင်တယ်။

ဇီးတောရွာ ဆိုတာကတော့ တောင့်မြောက် နှစ်ရွာရှိတယ်။ ခင်ဗျားပြောတဲ့ အတိုင်းဆိုရင် တောင်ဘက်က ဇီးတော၊ မြင်းတောရွာလို့ ခေါ်တယ်။ သဲချောင်းတွေ ဖြတ်ရမယ်။ မိုးရွာ နေရင် လမ်းမသာဘူး။ ခြောက်သွေ့ ရာသီ ရောက်ရင် မြိုင်မှာတည်းပြီး ကယ်ရီငှားသွား ပေါ့'

သို့ဖြစ်၍ ကင်မရာအိတ်ကို ပလတ် စတစ်ဖြင့် လုံအောင်ထုပ်ပိုးကာ မိုးရေ ထဲမှာပင် ကွမ်းတောရွာသို့ သွားရန် ပြင်ဆင်သည်။ ထိုအခါ တစ်ဦးက ဤသို့ဆို၏။

'ဇီးတောဆရာတော်က ရှစ်လေးလုံးအရေး အခင်းမတိုင်ခင်က ပျံတော်မူခဲ့တာ ကြာလှပြီ ပေါ့ အခုလောလောဆယ် ရဟန္တာလို့ ခေါ်တ





www.burmeseclassic.com

www.burmeseclassic.com

ကြားတဲ့ ဆရာတော်တစ်ပါးရှိတယ်။ ဘင်းကန် အလဲမှာတော့ မင်းကန်လို့ခေါ်တယ်။ ဆရာတော်ဆိုတာ အခုထိရှိသေးတယ်။ (၆)လ ကြာရင် သွားဖူးချင်တယ်လို့ မိန့်တော်မူပြီး ထိုင်နေတာ သွားဖူးသင့်တယ်'

'လမ်းခရီးကကော အဆင်ပြေရဲ့လား'

'ဒီလို မိုးသည်းနေရင်တော့ သွားလို့မရဘူး။ တစ်ရက်လောက် မိုးရပ်သွားရင် သွားလို့ရပါတယ်။ ခင်ဗျား သွားချင်ရင် လိပ်စာရေးပေးပါမယ်'

ထိုလူက မြိုင်မြို့ခံ လူအချို့၏ နာမည်များနှင့် တွေ့ဆုံနိုင်မည့် နေရာဌာနများကို ရေးသားပေးခဲ့လေသည်။

ဤသို့ဖြင့် မိုးအကုန် ဆောင်းအကူး ဟေမန္တရာသီဦးတွင် မြိုင်မြို့ဆီသို့ ဒုတိယမွ ခရီးဆန့်ဖြစ်ခဲ့သည်။

## မြိုင်မြို့တွင်

မြိုင်မြို့သို့ ရောက်ရောက်ချင်းပင် အညွှန်းစာပါ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးတင်ထွန်းအား သွားရောက်ရှာဖွေရာ သူ၏ နေအိမ်တွင် ဆိုက်မိုက်စွာ တွေ့ဆုံဖြစ်သည်။

ဦးတင်ထွန်းက ရင်းနှီးဖော်ရွေစွာ ကြိုဆို၍ လက်ဖက်ရည်၊ မုန့်၊ သစ်သီး၊ ယိုစုံ စသည် စုံလင်စွာ ဧည့်ခံတည်ခင်းလျက် မင်းကန်ဆရာတော်အား ဖူးမြော်ဖူးကြသည့် ဦးညီညီအောင်၊ ဦးတင်မောင်လင်း၊ ဦးသန်းဌွေးတို့ကို တယ်လီဖုန်းဖြင့် ခေါ်ယူ မိတ်ဆက်ပေးသည်။

'မင်းကန်ဆရာတော်ကြီး ပျံလွန်တော်မူတာ တစ်ပတ်ကျော်ပြီခင်ဗျ'

'သက်တော်ထင်ရှား ရှိစဉ်ကတည်းက ဖူးတွေ့ချင်ပေမယ့် မိုးလေ မသာလို့ မရောက်ဖြစ်ခဲ့ဘူး'

'ဟုတ်ပါရဲ့ သဲချောင်းတွေ ကျော်သွားရတဲ့ မြေလမ်းခရီးဆိုတော့ မိုးလေ



◆ ရွာလယ်ကျောင်းဝင်းစေတီ

◆ မင်းကန်ရွာလယ်ကျောင်းမုခ်ဦး



ကင်းစင်မှ သွားလို့ရတာကိုး။ အခုခေါ်ထားတဲ့ လူတွေကလဲ ကျွန်တော့်လိုပဲ မင်းကန်ဆရာတော်ကြီးဆီ မကြာခဏ သွားဖြစ်၊ ဖူးဖြစ်ကြသူတွေပါ။ ကျွန်တော့်မှာ အရေးတကြီးကိစ္စ ရှိနေလို့ မပို့ပေးနိုင်ပေမယ့် သူတို့က အဆင်ပြေအောင် ကူညီနိုင်ကြမှာပါ'

မကြာမီ ဖိတ်ခေါ်ထားသူများ ရောက်ရှိလာရာ အ.လ.က ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက...

'၂၀၀၀ ပြည့်နှစ်မှာ ရန်ကုန်ကို ကိစ္စတစ်ခုနဲ့ ရောက်တုန်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းအဖွဲ့က ဦးစီးထုတ်ဝေတဲ့ ဆရာဟူဂျင်းဗီရဲ့ တရုတ်ရိုးရာ ဟောကိန်းစာအုပ်ကလေး ဝယ်ဖတ်ဖြစ်တယ်။ ကျွန်တော်နဲ့ တိုက်ဆိုင်တယ်။ ဟောကိန်းအားလုံး ''ဒက်ထိ'' မှန်တယ်။ အဲဒီအချိန်ကစပြီး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းဟာ ကျွန်တော့်အသိစိတ်ထဲမှာ ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ပါတယ်’

ဟူ၍ ဝမ်းမြောက်ဝမ်းသာ စကားဆိုကာ မင်းကန်ဆရာတော်ကြီး ဦးမာဃိန္ဒနှင့် ပတ်သက်၍ တွေ့ဆုံ မေးမြန်းလျှောက်ထားခဲ့သည့် ဗီဒီယိုမှတ်တမ်းကို မိတ္တူကူး၍ လက်ဆောင်ပါးလေသည်။

ဦးတင်မောင်လင်းကလည်း ဆရာတော်ကြီး၏ ဒါယကာရင်းတစ်ဦး ဖြစ်သည့် ဦးတင်ဆန်းနှင့်(တယ်လီဖုန်းဖြင့်)ဆက်သွယ် မိတ်ဆက်ပေးသည်။ ဦးတင်ဆန်းသည် မြိုင်မြို့ဇာတိဖွားဖြစ်၍ ကျောက်မျက်လုပ်ငန်းဖြင့် မန္တလေးတွင် အခြေချနေထိုင်သည်။

မိုးခေါင်ရေရှား ဒေသဖြစ်သော မြိုင်မြို့တစ်မြို့လုံး အားထားရသည့် **“တင့်ဆန်းချမ်းသာ မြသီတာ မင်္ဂလာ ကန်တော်မဟာ”**ဟု အမည်ကမ္ပည်း တင်ထားသော သောက်သုံးရေကန်ကြီးကို ယန္တရားဖြင့် တူးဖော်ဆည်ဖို့ခြင်းအပြင် မင်းကန်ဆရာတော်သီတင်းသုံးတော်မူရာ မင်းကန်ရွာလယ်ကျောင်းနှင့် မင်းကန်တောရတို့တွင် ငွေကျပ် သိန်းပေါင်းများစွာ ပါဝင်လှူဒါန်းခဲ့သည်။

သူ၏သားသမီး အဆက်အနွယ်များကလည်း ဆရာတော်အား မပြတ်ဆည်းကပ်လှူဒါန်းလျက် ရှိကြောင်းသိရသည်။ ဦးတင်ဆန်းက...

‘မင်းကန်ဆရာတော်ကြီးကို ကျွန်တော့်ကိုယ်တွေ့ ဖြစ်စဉ်တွေအရ ရဟန္တာကြီးလို့ ခြွင်းချက်မရှိ ယုံကြည်အားကိုး ဆည်းကပ်ပါတယ်။

မြိုင်-ပခုက္ကူဇာတိဖွား စာရေးဆရာ(ဦးတင်ဆန်းက နာမည်နှင့်တကွ ပြောပြသော်လည်း ပုဂ္ဂိုလ်ရေးအရ ချန်လှပ်ထားပါသည်။)တွေကို ပြောပြတိုက်တွန်းပြီး ကြည်ညိုဖွယ် ပုဂ္ဂိုလ်အနေနဲ့ ရေးဖွဲ့ကြပါလို့ ဖိတ်ခေါ်ပေမယ့် တစ်ယောက်မှ ရောက်မလာကြပါဘူး။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက အခုလို တကူးတက လာပြီး ရေးသားမှုဖော်မယ်ဆိုတော့ အတိုင်းထက်အလွန် ဝမ်းသာပါတယ်’

ဟု အစချီကာ ဆရာတော်ကြီးနှင့် ပတ်သက်၍ ကြည်ညိုဖွယ်ဖြစ်ရပ်များကို ပြောပြခဲ့လေသည်။

ဦးတင်ဆန်းသည် မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် ပညာသင်ယူခိုက် ရင်းနှီးခင်မင်ခဲ့ရသော အတန်းဖော် ဦးအုန်းသွင်၏ဇာတိ မင်းကန်ရွာသို့ အလည်လိုက်ပါသွားစဉ် မင်းကန်ရွာလယ်ကျောင်းဆရာတော် ဦးမာဃိန္ဒအား ဖူးမြော်ခွင့်ရခဲ့ရာ ကြည်ညိုလွန်းလှသဖြင့် မကြာခဏ သွားရောက်ဖူးမြော်ကာ ဆည်းကပ် ကိုးကွယ်ဖြစ်ခဲ့သည်ဟု ဦးတင်မောင်လင်းက ပြောပြသည်။

မင်းကန်ရွာလယ်ကျောင်းနှင့် တောရကျောင်းတွင် အလှူငွေ ကျပ်သိန်းပေါင်းများစွာ ပါဝင်လှူဒါန်းခဲ့သည့်အပြင် ဆရာတော့် ခန္ဓာဝန်မချမီ အခါသင့်ခိုက် ဖူးမြော်လိုက်ရစေရန် မော်တော်ယာဉ်များလည်း စီစဉ်ပို့ဆောင်ပေးရာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်းကပင်လျှင် Light Truck ကားလေးစီးကို ကိုယ်စား တာဝန်ယူ စီစဉ်ပေးခဲ့ရသည်ဆို၏။



◆ မင်းကန်ရွာလယ်ကျောင်း ပဉ္စမကျောင်းဆောင်

## မင်းကန်ရွာသို့

မြိုင်မြို့တွင် တစ်ညတာ အိပ်စက်ကွန်းခိုပြီး နောက်တစ်နေ့ နံနက်တွင် ဦးတင်မောင်လင်း ငှားရမ်းပေးသော ကိုပေါက်အမည်ရှိ လူရွယ်တစ်ဦး၏ ဆိုင်ကယ်ဖြင့် ခရီးစတင်ဖြစ်သည်။

မြိုင်မြို့လယ် မင်းလမ်းမအတိုင်း မောင်းနှင်ကာ ပုသိမ်-မုံရွာလမ်းဆုံကို ကျော်လွန်၍ မြိုင်-ပခုက္ကူကားလမ်းအတိုင်း ရှေ့အနည်းငယ်သွားပြီးသည့်နောက် လမ်း၏လက်ယာဘက်(တောင်ဘက်)တွင် **“သင်ပေါင်းကန်ရွာ”**သို့ ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရသည်။


ထိုလမ်းချိုးကလေးအတိုင်း လိုက်ခဲ့ရာ သဲချောင်းအချို့ကို ဖြတ်ကျော်ပြီးနောက် ဆိတ်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်နှင့် ထည်ဝါသစ်လွင်သော ဘုန်းကြီးကျောင်းတစ်ဆောင်ကို တွေ့ရ၏။ သမန်းကန်ရွာဦးကျောင်းပေတည်း။

ထိုမှဆက်သော် သင်ပေါင်းကန်ရွာ



www.burmeseclassic.com

www.burmeseclassic.com



▲ ဦးမာဃသိန္ဒ သီတင်းသုံးခဲ့ရာ ဂံသာအေးကျောင်းမုခ်ဦး

သို့ ရောက်၏။ ရေှ့တွင်လေးတန်းရွာ ရှိ၍ ယင်းမှလွန်လျှင် မင်းကန်ရွာ ဖြစ်သည်။ မြိုင်မှ မင်းကန်သို့ ခရီး(၁၀) မိုင်ကွာဝေးကြောင်း သိရသည်။

တစ်ချိန်က ဤသင်ပေါင်းကန်ရွာ အလှူသို့ ကြွရောက်ပါရန် ပင့်ဖိတ်ခြင်း ခံရသဖြင့် မင်းကန်ရွာလယ်ကျောင်း ဆရာတော် ဦးမာဃသိန္ဒသည် မြေလမ်း ကလေးအတိုင်း ခြေကျင်ကြွတော်မူသည်။

ဆရာတော်သည် မြင်း၊ နွား ဆွဲသည့်လှည်း၊ လူအားဖြင့် ရွေ့လျားသော စက်ဘီး၊ ဆိုက်ကားများ စီးနင်းလေ့မရှိ၊ ခရီး မည်မျှဝေးစေကာမူ ခြေကျင်သာ ကြွတော်မူသည်။

ဆိုင်ကယ်များ ခေတ်စားလာသော အခါတွင်လည်း သတ္တဝါဆွဲသော ယာဉ် မဟုတ်သော်လည်း လမ်းပေါ်မှ မမြင်ရသော ပိုးမွှားတိရစ္ဆာန်များ သေကျေပျက်စီးလိမ့်မည်ဟူ၍ စီးနင်းခြင်း မပြုပေ။

ခရီးဝေးလံသည့် ရန်ကုန်၊ နေပြည်တော် စသည်တို့သို့ အကြောင်းကိစ္စရှိ၍ ကြွသောအခါ၌သာ မော်တော်ယာဉ် စီးလေသည်။

ဆရာတော် ဤသို့ လျှောက်လှမ်းနေစဉ် ဆိုင်ကယ်ဖြင့် လိုက်ပါလာသော ထန်းတောလေးကျောင်း ဆရာတော် ဦးတေဇိန္ဒ ရောက်ရှိလာကာ **"ဆရာတော် ဆိုင်ကယ်ဝယ်သင့်နေပြီ။ ဒီလိုသာ ခြေကျင်ကြွရင် ဆွမ်းမီဖို့ အခက်ပဲ ဘုရား"**ဟု လျှောက်၏။ ဆရာတော်က **"အင်း ဆွမ်းတော့ မီနိုင်ပါတယ်"**ဟု ပြန်မိန့်ကာ လျှောက်မြဲ လျှောက်လေသည်။

ဦးတေဇိန္ဒ အလှူအိမ်သို့ရောက်၍ ဆိုင်ကယ်ပေါ်မှ ဆင်းကာ မဏ္ဍပ်တွင်းသို့ ဝင်မည်ပြုစဉ် ခြံတံခါးဝ၌ ဦးမာဃသိန္ဒကို မြင်တွေ့ရသည်။ ဦးမာဃသိန္ဒသည် တည်ငြိမ်သော ခြေလှမ်းများဖြင့် ဦးတေဇိန္ဒနှင့်အတူ မဏ္ဍပ်အတွင်း ကြွရောက်လေသည်။

ခရီးတာ လေးမိုင်မျှကို ဆိုင်ကယ်နှင့် မရှေးမနှောင်း ကြွရောက်နိုင်ခြင်း ဖြစ်သည်။ *(ဦးသန်းထွန်းနှင့် ဦးတင်မောင်လင်းတို့ တွေ့ဆုံ မေးမြန်းခဲ့ကြသော ဗီဒီယိုမှတ်တမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။)*

သင်ပေါင်းကန်ရွာမှ ဆက်၍ လေးတန်းရွာဦးသို့ ရောက်သောအခါ ကိုပေါက်က...

'ကျွန်တော် မရောက်တာ ဆယ့်လေး၊ ငါးနှစ်လောက်ရှိပြီ။ အရင်တုန်းက စက်ဘီး၊ ခြေကျင်ခေတ်ဆိုတော့ ကန်သင်းပေါင်က သွားရတယ်။ အခု မြေလမ်း၊ ကား၊ ဆိုင်ကယ်လမ်းတွေ ဖြစ်နေတော့ ယောင်ဝါးဝါး ဖြစ်နေတယ်'

ထိုစဉ် ဓားမခါးထိုး၍ လျှောက်လာသော အသက်(၆၀)ကျော်ခန့် အမျိုးသားတစ်ဦးကို တွေ့ရသဖြင့် စုံစမ်းကြည့်သည်။

'ဒီလမ်းက လေးတန်းရွာထဲကို ရောက်မယ်။ ဟိုဘက်လမ်းက သွားရင် မင်းကန်ရွာကို ရောက်လိမ့်မယ်'

ဟု လမ်းညွှန်ပေးသဖြင့် မင်းကန်ရွာသွားလမ်းအတိုင်း ဆက်မောင်းခဲ့သည်။ မကြာမီ ယာတောပြန် အဒေါ်ကြီးတစ်ယောက်ကို တွေ့ရသဖြင့် ထပ်မံ စုံစမ်းသည်။

'ဒေါ်ကြီး ဒါ မင်းကန်သွားတဲ့လမ်း ဟုတ်ရဲ့လား'

'ဟုတ်တယ် ဟုတ်တယ် တန်းတန်းသာသွား မကြာခင် ရောက်တော့မယ်'

'ဒါထက် ဟိုးရှေ့နားက လူကြီးကို သိသလိုလိုပဲ။ စိတ်မနှံ့တဲ့ဦးကြီး မဟုတ်လား အခုတော့လဲ ပကတိ လူကောင်းလိုပဲ'

'အင်းလေ ထမင်းမသိ ဟင်းမသိ ဖြစ်နေရာက မင်းကန်ရွာလယ်ကျောင်း ဆရာတော်ရဲ့ ဆီးသီးယိုနဲ့ ပြန်ကောင်းသွားတာ ဆယ်နှစ်လောက် ရှိရောပေါ့'

ဤတွင် ကျွန်ုပ်လည်း စိတ်ဝင်စားစွာဖြင့် ဝင်ရောက်မေးမြန်းမိသည်။

'ဆရာတော်က ဆီးသီးယိုနဲ့ ဘယ်

www.burmeseclassic.com

လိုက်ပေးတာလဲ ဒေါ်ကြီး'

'ဆရာတော်က ဆေးမကုပါဘူး။ ကျောင်းဝင်း ဆီးပင်တွေက ရတဲ့ ဆီးသီးတွေကို ကိုယ်တိုင်ထောင်းပြီး ထန်းလျက်နဲ့ ယိုထိုးထားတတ်တယ်။ ကလေးလူကြီး ဘယ်သူမဆို ဆရာတော်ကို လာကန်တော့ရင် ဆီးသီးယို တစ်ထုပ် စွန့်ပေးတာပဲ။

ကျောင်းကို ပြောင်းဖူးလာလှူရင် ပြောင်းဖူးခွံတွေကို လွှင့်မပစ်ဘူး။ တစ်ရွက်စီထပ်ပြီး သစ်တုံးနဲ့ ဖိထားတယ်။ ပြောင်းဖူးဖက်ကို ရေဆွတ်ကတော့ထိုးပြီး ဆီးသီးယိုထည့်လှူတတ်တယ်။

ဆိုင်တွေမှာရောင်းတဲ့ ဆီးယို ဆီးပေါင်းတွေလို အမွှေးနံ့တွေ မပါပေမယ့် ဆားသင့်ရုံထည့်ထားလို့ စားလို့ကောင်းတယ်။

ရောဂါဝေဒနာအစုံ ပျောက်ကြတယ်ဆိုပြီး မြင်းခြံ မန္တလေး၊ ပြင်ဦးလွင်မြို့ကအထိ လာယူကြတယ်။ (စိတ္တဇဝေဒနာ)ရှုနှမ်းတာကတော့ လက်တွေ့ပျောက်တယ်။ အဲဒီလူကြီးကိုသာ ကြည့်ပါတော့'

**(ဦးသန်းထွန်း၏ ဗီဒီယိုမှတ်တမ်းတွင်လည်း ဆရာတော်၏ ဆီးသီးယိုသည် လူများစွာ၏ ရောဂါဝေဒနာအမျိုးမျိုးကို သက်သာပျောက်ကင်းစေကြောင်း ကြားသိရ၍ ဦးတင်မောင်လင်းကလည်း ဦးတင်ဆန်းကိုယ်တိုင် ဝေဒနာ ပျောက်ကင်းသဖြင့် တခုတ်တရ လာရောက်စွန့်ယူလေ့ရှိကြောင်း ပြောပြလေသည်။)**

### မင်းကန်ရွာလယ်ကျောင်း

မင်းကန်ရွာအတွင်း ဝင်ရောက်သွားသောအခါ ရွာလယ်ကျောင်းဟူသော မုခ်ဦးကမ္ပည်းနှင့် ကျယ်ပြန့်သော



◆ မိစ္ဆာမကပ်ကျောင်းဆောင်

ကျောင်းဝင်းကို တွေ့ရသည်။

ကျောင်းအောက်ထပ်တွင် ဦးတင်မောင်လင်းက တယ်လီဖုန်းဖြင့် ကြိုတင် အကြောင်းကြားထားသဖြင့် သာသနာ့ဒီပံကျောင်း ဆရာတော် ဦးဝိလာသ၊ အလယ်တန်းပြ ဆရာဦးသိန်းလွင်နှင့် မင်းကန်တောရကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းရှင်တို့က ဖော်ရွေစွာ ကြိုဆို ကူညီပေးကြသည်။

ဦးဝိလာသသည် ဆရာတော်ကြီး၏ မွေးစားသား တပည့်ဖြစ်သည်။ မင်းကန်ရွာမှာ လူနေအိမ်ခြေ အတန်အသင့် များပြားစည်ကားသော်လည်း တစ်ရွာတည်း၌ ဘုန်းကြီးကျောင်း သုံးကျောင်းတည်ရှိရာ ဆွမ်းကွမ်းအာဟာရ သင့်တင့်ရုံသာ ရရှိကြသည်။

ယခင် အစိုးရလက်ထက် မူလတန်းပညာရေးအတွက် စရိတ်စက မတတ်နိုင်ကြသော နွမ်းပါးသူ မိသားစုများက သုံးနှစ်အရွယ် ဆီးဝမ်းထိန်းသိမ်းနိုင်သော အချိန်တွင် သားယောက်ျားကလေးများကို ရွာလယ်ကျောင်းသို့ ပို့အပ်ကြသည်။

ဆရာတော်ကြီးက ရောက်လာသမျှ ကလေးများကို ထမင်းကျွေး၊ အဝတ်ဆင်၊ စာသင်ပေးလေရာ ကျောင်းသား၊ သာမဏေ များပြား၍ ပရဟိတဂေဟာသဖွယ် ရှိသည်ဆို၏။

ကျောင်းသားငယ်များ သက်နှံးနိုင်သောအရွယ်၌ သာမဏေဝတ်ပေးသည်။ ထိုမှ ကြီးပြင်းလာသောအခါ လူထွက်၍ အိမ်ရာထူထောင်သူများ ရှိသကဲ့သို့ စာဝါ ဆက်လက်သင်ယူကာ ဆရာတော့်ဘုန်းရိပ် ခိုလှုံသူများလည်း ရှိကြသည်။

ဦးဝိလာသနှင့် ညီတော်နှစ်ပါးသည် ဆရာတော်၏ စောင့်ရှောက်မှုဖြင့် သာသနာ့ဘောင်တွင် ဆက်လက်၍ တာဝန်ထမ်းဆောင် ဖြစ်ကြသူများ ဖြစ်လေသည်။


မကြာသေးသော နှစ်အနည်းငယ်ခန့်က မင်းကန်ရွာနှင့် မြို့တင်ရွာ အကြား ရွာလေးရွာလမ်းဆုံတွင်ရှိသော သာသနာ့ဒီပံကျောင်းထိုင် ဆရာတော် လစ်လပ်နေရာ သက်တော်ဝါတော်ကြီးရင့်သော ဒေသခံ ဆရာတော်တစ်ပါးနှင့် မန္တလေးမြို့မှ ဆရာတော်တစ်ပါးတို့ ညှိနှိုင်းဆွေးနွေးကာ ရွာလယ်ကျောင်းဆရာတော် ဦးမာဃိန္ဒ



www.burmeseclassic.com

www.burmeseclassic.com





◆ မင်းကွန်းရွာလယ်ကျောင်းအောက်ထပ်မှ

ဆရာတော်ရုပ်ကလာပ်တော် ပူဇော်ထားပုံ

◆ တပည့်ချက် ဦးဝိလာသ

ထံ ကျောင်းထိုင်ရန် ဦးပဥ္စင်းတောင်းကြသည်။

ရွာလယ်ကျောင်း ဆရာတော်က **"အပြီးထိုင် အပ်နိုင်မလား"**ဟု မေးရာ ဆရာတော်များက သဘောတူခွင့်ပြုကြသည်။ သို့သော် ဆရာတော် ဦးမာဃိန္ဒက တပည့်ဦးဝိလာသနှင့် ကျောင်းအပ်သော ဆရာတော်နှစ်ပါးပေါင်း သုံးပါးဆိုင် တိသင်္ဃကအဖြစ် ခန့်အပ်တော်မူလေသည်။

ဦးဝိလာသသည် သာသနာ့ဒီပံကျောင်းထိုင်ဖြစ်သော်လည်း ဆရာတော် ဦးမာဃိန္ဒ ခရီးထွက်ကြွရာတွင် အမြဲ လိုက်ပါ စောင့်ရှောက်တော်မူရသော အနီးကပ်အတွင်းနေ တပည့်ဖြစ်လေသည်။ ဦးသိန်းလွင်နှင့် ဦးအုန်းရှင်တို့မှာ ရွာခံ ဒါယကာရင်းများ ဖြစ်ကြသည်။

ကျောင်းတိုက်တွင်း ရောက်ရှိပြီးနောက် အောက်ထပ်တွင် ပူဇော်ထားသည့် ဆရာတော် ဦးမာဃိန္ဒ၏ ရုပ်ကလာပ်တော်ကို ဦးစွာ ဖူးမြော်သည်။ ကျွန်ုပ် ရောက်ရှိချိန်တွင် ပျံလွန်တော်မူသည်မှာ (၉)ရက်ပြည့်မြောက်ပြီ ဖြစ်သည်။ သို့သော် ပုပ်ပျက်ခြင်း၊ အနံ့ဆိုးများထွက်ပေါ်ခြင်း မရှိပါ။

ပျံတော်မူစဉ် ရေသန့်စင်၍ ဆံတော်ရိတ်သင်ခဲ့သော ထပ်မံ ရှည်ထွက်နေသည်ကို တွေ့ရသည်။ ဦးတင်ဆန်းနှင့် ဒါယကာရင်းများက ရုပ်ကလာပ်ကို ခွဲစိတ်ခြင်း၊ ဆေးထိုးခြင်းမပြုရန် မေတ္တာရပ်ခံကြသဖြင့် မည်သို့မှ ပြုပြင်စီမံထားခြင်း မရှိကြောင်း ဦးဝိလာသက မိန့်တော်မူသည်။

## နောက်ဆုံးကာလများ

ဆရာတော်ကြီး၏ နောက်ဆုံးကာလအခြေအနေကို ဤသို့ မေးမြန်းကြည့်သည်။

◆ 'ကျွန်တော် လွန်ခဲ့တဲ့ နှစ်လလောက်က မြိုင်မြို့ ရွှေမြင်းထင်စေတီရောက်တော့ ဆရာတော့်အကြောင်း ကြားရတယ်။ (၆)လအတွင်းဆန္ဒဝန်ချမယ်လို့ မိန့်မှာပြီး ထေရ်ပိတ်နေတော်မူတယ်လို့ သိရပါတယ်။ ဒီအကြောင်း ရှင်းပြပေးပါလား'

ထိုအခါ ဦးအုန်းရှင်က ဤသို့ ရှင်းပြ၏။

'ဒီလိုပါ ပြီးခဲ့တဲ့ ကဆုန်လပြည့်နေ့က တောရကျောင်းမှာ သီတင်းသုံးနေတုန်း ကျွန်တော်က "ဆရာတော်ကြီး နေကောင်းပါရဲ့လား" လို့ မေးလျှောက်ပါတယ်။ ဆရာတော်က အဲဒီအချိန်မှာ သက်တော်(၈၂)နှစ် ရှိပါပြီ။

အနောက်တိုင်း ဆေးထိုး ဆေးစားတာ တစ်ခါမှ မရှိခဲ့ဘူး။ ဆေးနီကျော်တို့လို တိုင်းရင်းဆေးလောက်နဲ့ အပယိက ဝေဒနာတွေ ကုစားတတ်ပါတယ်။ ဒီလိုမေးလျှောက်တော့ **"အင်း အသက်ကြီးလာတော့ မကောင်းဘူး သေမင်းက ခဏခဏ လာခေါ်နေတယ်။ ကျုပ်မှာ လုပ်စရာတွေ ရှိသေးတယ်၊ မလာနိုင်သေးဘူး။ လုပ်စရာတွေ လုပ်ပြီးရင် ကျုပ်ဘာသာ လာခဲ့ပါမယ်လို့ တားထားရတယ်"** ဆိုပြီး ပြန်ပြောပါတယ်။


ရှေ့လ ဆက်ဖတ်ပါရန်

သံသရာခရီးသည်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com




| မာတိကာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|---|
| အမည် | ဂဠုန် | ကျား | ခြသေ့ | ဆင် | ကြွက် | ပူး | နဂါး | ပိုင်း | ကိတ်ကြိုယ် |
| ရုပ်မာတ် | နွာ | ပွတ် | သံ | ထင် | ပြိုင်း | သွပ် | ဆေးဒန်း၊ဒုဗ္ဗာ | ဆော် ဟင်းရိုင်း | ရွှေ |
| နံမာတ် | ယမ်း | ကျောက်ချဉ် | ယက်ရှား | မြင်းသီလာ | ဟင်းရိုင်း | ကန့်တိုက် | ဒုဗ္ဗာ | ဆေးဒန်း | ပဲ့ရှုဘောဆီ |
| မာတ်အက္ခရာ | အံ | ဂ | စ | ဝံ | ဇွ | သေ | ရေ | ဇွ | မှုာ |
| မာတ်နံ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၅ | ၇ |
| မာတ် | တေဇော | ဘေလာပတ္တိ | ဝါယော | အာပေါ | ဘေလာပတ္တိ | အာပေါ | ဝါယော | ပံသုပထဝီ | တေဇော |
| အက္ခရာ | ဒ | ဗ | ဓ | ဝ | ဗ | ဝ | ဓ | ဗ | ဒ |
| အဓိပ္ပါယ် | မီးခဲ | ကျောက်မြေ | လေညှင်း | ရေချို | မြေနု | ရေငန် | မုန်တိုင်း | မြေကြီး | မီးတောက် |
| နာမှာအံသူ | ခဲပုပ် | ပွတ်မှာ တွင်းထွက် | သံမှာရေ သတ် | ဘင်မှာ ခဲမြို | ဒေါ်သစ် ပြိုင်း ရှိ | သွပ်မြို | အိန်မှာ ကျင် သီ ကြေးနီ | ဆော်မှာ ကျူပင်ပေါက် | ရွှေမှာ သဝေးရည် |
| ရုပ်မာတ် | ခဲပုပ် ဗိ | ပွတ် ဗိ | သံ ဗိ | ခဲမြို ဗိ | ပြိုင်း ရှိ | သွပ် ဗိ | ကြေးနီ ဗိ | ဆော် ဗိ | ရွှေ ဗိ |
| နံမာတ် | ယင်းဆိမ်း ဒူး | ကျောက်ချဉ် ဒူး | ထကျား ဒူး | မြင်းသီလာ ဒူး | | ကန့်တိုက် ဝံ (တစ်ကျပ်) | ဒုဗ္ဗာ ဒူး (တစ်မူး) | ဆေးဒန်း ဒူး (တစ်မူး) | သား ဝံ (တစ်ကျပ်) |
| | ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | နဝမ |

ရှေးဆရာကြီးများ၏

# သဘော်ကလပ်း

ပုသိမ်ကြီး
(ဆ-မ-ဗြိုမ်း)
တကြဲ

***

မှတ်လော့ရှင်လူ၊ သဘော်ထုအုံ၊ ဇမ္ဗူကျွန်း၊ မြေ သောင်းရပ်မြေတွင်၊ ရပ်ပင်ကျွန်းထု၊ ညာဏ်ရှိသူလော့၊ တစ်ပုဂ္ဂဠုန်၊ ယုတ်ပုံနှာယမ်း၊ နှစ်ခန်းမှာကျား၊ ခေါ်ထားကျောက်ချဉ်၊ ပွတ်ကိုပင်တည့်၊ (၃)လျှင်ခြသေ့၊ သိလေသယံ၊ လက်ရှားမှန်၏၊ လေး တန်ပူးဆင်၊ ဘင်နှင့်တွဲကာ၊ မြင်းသီလာတည့်၊ ၅မှာ ကြွက်သပ

နောက်ဆုံးစာမျက်နှာ ၃၁ စာမျက်နှာ (၁၇) သို့

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန့်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျှော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူဆုတ်မစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၈၆၁၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com

www.burmeseclassic.com


ထူးခြားသော

# ပိန့်တိုင်ပုံစေတီတော်

ဘုရဟံ သရောသိန်း
(လပွတ္တာ)



▲ အောင်တော်မူစေတီတော်



ပိန့်တိုင်ပုံစေတီတော်မြတ် ▶

ဒေသတစ်ခု မြို့တစ်မြို့သို့ အလည်အပတ်အဖြစ် ရောက်နိုင်သကဲ့သို့ အလုပ်ကိစ္စနှင့်လည်း ရောက်နိုင်သည်။ ထိုမြို့၏ အထင်ကရနေရာများ၊ သမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများ ရှိနေသည်ကို ရောက်သူတိုင်း မသိနိုင်ကြ၊ အချိန်ယူ ရှာဖွေလေ့လာ စူးစမ်းသူများသာ သိနိုင်သည်။

**ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့**သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်လာသူတိုင်း (၃)မိုင်မြို့သစ်ကို အရင်ရောက်သည်။ (၃)မိုင်မြို့သစ်၏ ကျက်သရေဆောင် မြသန်းတန်ဘုရားကုန်းတော်မှ မြသန်းတန်စေတီတော်ကို ဖူးတွေ့ရမည်။

တည်လက်စ နဂါးရုံဘုရားကြီးမှာ တည်ဆဲဖြစ်သဖြင့် ရောင်တော်မဖွင့်ရသေးပါ။ ရောင်တော်ဖွင့်ပြီးချိန်တွင်တော့ အလွန်ကြည်ညိုဖွယ်ရာ ကုန်းတော်၏ ကျက်သရေဆောင် ဖြစ်တော့မည်။

သုံးမိနစ်ခန့်ဆက်မောင်းလျှင်လပွတ္တာမြို့ထိပ်သို့ ဝင်သည်။ မြို့အဝင်ဝ လက်ယာဘက်တွင် **"အယူတော်မင်္ဂလာမြေ ဝိပဿနာတရား အားထုတ်ရာ တရားရိပ်သာ"** ဆိုင်းဘုတ်ကို ခံ့ညားစွာတွေ့ရသည်။

လပွတ္တာမြို့၏ ဘေးမဲ့သင်္ကေယ်


www.burmeseclassic.com



ဆုတောင်းပြည့်ဘုရားကြီး



အထက်စက်တော်ရာ



အောက်စက်တော်ရာ

တရားရိပ်သာအဖြစ် တစ်နေရာတည်း သာရှိသော တရားရိပ်သာဖြစ်သည်။ တရားအားထုတ်သူများအားသက်ပယ် အာဟာရဖြင့် ဧည့်ခံကျွေးမွေးမည် ဖြစ်သည်။

## သမိုင်းဝင်
## အောင်တော်မူစေတီတော်

ရှေ့ဆက်သွားလျှင် မြို့လယ်သို့ ရောက်သည်။ ကားလမ်းဘေးလက်ယာဘက်တွင် သမိုင်းဝင်အောင်တော်မူစေတီတော်ကို ဖူးတွေ့ရမည်။

အောင်တော်မူ စေတီတော်မြတ်ကြီး၏ ထူးခြားချက်မှာ ဤမြို့သို့ ရောက်လာဖူးသော နိုင်ငံတော် အကြီးအကဲ မှန်သမျှ မလွတ်တမ်းဝင်ရောက်ဖူးမြော်ကြစမြဲဖြစ်သည်။ ပတ်ဝန်းကျင်တွင် ဘုရားတန်ဆောင်းများ ရှိသည်။

ဝါဆိုလ ဗုဒ္ဓဘုရားရှင် နတ်ပြည်ကြွခြင်း၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့ တာဝတိံသာမှ လူ့ပြည်ဆင်းကြွခြင်း အခမ်းအနားများ ကျင်းပပြုလုပ်သော စောင်းတန်းကြီးမှာလည်း ခံ့ညားတင့်တယ်လှသည်။ အလွန်ကြီးကျယ်ခမ်းနားသောတန်ဆောင်းကြီးများလည်းရှိသည်။

## ဆုတောင်းပြည့် ဘုရားကြီး

ဘုရားလမ်းအတိုင်း ဆက်သွားလိုက်လျှင် လပွတ္တာမြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့်ဘုရားကြီးကို ဖူးတွေ့ရမည်။ ဆုတောင်းပြည့်ဘုရားကြီးမှာ ယခင်က ရွှေမြစ်ဘက်သို့ မျက်နှာမူထားသည်။

ဟောင်းနွမ်းသော တန်ဆောင်းတော်ကြီးကို ဖြိုဖျက်၍ ကုန်းဘက် အရှေ့ဘက်သို့ မျက်နှာမူ ပြန်လည်ပြုပြင် တည်ဆောက်ထားပြီး လှနစ်စွာ သပ္ပါယ်ကြည်ညိုဖွယ် ကောင်းလှသည်။

ဆုတောင်းပြည့် ဘုရားကြီး၏ အနောက်ဘက်ရှိ **နေမင်းတင် လမင်းတင် ဘုရားကြီးနှစ်ဆူ**မှာလည်း ကျော

ဘိုးမင်းခေါင်ရုပ်တု



တာဝတိံသာစောင်းတန်း







www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ဆံပင်းဘုရား



◆ ဓာတ်တော်မြှုပ်ကြွသော စေတီတော်



◆ ကျိုက်ထီးရိုးလေးဘုရား

ချင်းကပ်၍ တည်ထားသည်မှာ သမိုင်းကြောင်းအရဟု သိရသည်။


## အထက်စက်တော်ရာနှင့် အောက်စက်တော်ရာ

စက်တော်ရာဘုရား သွားဖူးလျှင် နိဗ္ဗာန်လမ်းအတိုင်း သွားရသည်။ တောရကျောင်းဝင်းအတွင်း အထက်စက်တော်ရာနှင့် အောက်စက်တော်ရာ ဘုရားများကို ဖူးမြော်နိုင်သည်။ အထက်စက်တော်ရာ အနီးမှ စေတီတော်မှာ တစ်ခါက ဓာတ်တော်များ ကွန့်မြူးသဖြင့် တစ်မြို့လုံး ရုတ်ရုတ်သဲသဲ သွားရောက် ဖူးမြော်ကြသည်။

ထိုနေရာအနီးမှာပင် ကျိုက်ထီးရိုး ပုံတူဘုရားကိုလည်း ဖူးမြော်နိုင်ကြသည်။ တစ်ဝိုင်းထဲမှာပင် အလွန်ကြည်ညိုဖွယ် လက်ရာမြောက်လှသော **မဟာမြတ်မုနိဘုရားနှင့် ရွှေကျောင်းတော်မူဘုရားကြီး**ကိုလည်း ဆက်လက် ဖူးမြော်နိုင်သည်။



◆ မယ်တော်ကြီးရုပ်တု




◆ အောင်မြေသက်ယံ ထောက်ရုပ်ထဲ ဓာတ်ရှုရှိသော

## စိန်တိဂုံစေတီတော်

(၁၀)ရပ်ကွက် သိကြားဘုရားကုန်းတော်တွင် ထင်ရှားသော စေတီတော်မှာ **စိန်တိဂုံစေတီတော်** ဖြစ်သည်။ စေတီတော်ကြီး၏ ပုံသဏ္ဌာန်မှာ ထူးခြားဆန်းကြယ်သည်။ ပန္နက်တော်ရှိ အရပ်ရှစ်မျက်နှာ ထောင့်များတွင် မုန်ဦးရှစ်မုန်ဖြင့် အတွင်း လိုဏ်ဂူ ဥမင်ဘုရားဖြစ်သည်။

ပထမပဒ္ဒယံမှစပြီး မုန်ဦးငယ်များ စီခြယ်ပုံဖော်ထားသော စိန်တိဂုံစေတီတော်မှာ ထူးခြားဆန်းကြယ် ရှားပါးသောပုံစံဖြစ်သည်။အဝေး

www.burmeseclassic.com



နဂါးရုံဘုရား



ကျောင်းတော်မှ ဘုရားကြီး



မဟာမြတ်မုနိ ကြေးဘုရားကြီး

မှ လှမ်း၍ ဖူးမြော်နိုင်သည်။

ဉာဏ်တော်မှာ (၁၀၈)ပေမြင့်သည်။ စေတီတော်အမြင့်ပိုင်းတွင် သံဟင်ဂလန်များဖြင့် အကွက်ဖော်ထားသည်။ အခြားဖူးတွေ့နေကြ စေတီများကဲ့သို့ မဟုတ်သဖြင့် အမြင်ဆန်းနေသော စေတီတော်ကြီးဖြစ်သည်။

## ဂမ္ဘီရဆန်သော စိန်ဖူးတော်

စိန်တိဂုံ စေတီတော်မြတ်ကြီး၏ **စိန်ဖူးတော်မှာ အလုံဒီပါရုံမှ ဝိဇ္ဇာပုဂ္ဂိုလ်များလှူဒါန်းသောစိန်ဖူးတော်ဖြစ်သည်ဆို၏။** ထိုစိန်ဖူးတော် ရရှိရန် အတွက် အနောက်ရိုးမတောင်ရှိ အလုံဒီပါရုံသို့ အဓိဋ္ဌာန်ဂန္ဓာရီခရီး သွားကြရသည်။

ဒီပါရုံတောင်တွင် အဓိဋ္ဌာန်ဝင်၍ ရှာဖွေကြရသည်ဆို၏။ တောင်ခြေတွင် စမ်းချောင်းနှစ်ခု ရှိသည်။ **မောင်မတော်စမ်းနှင့် နှမတော်စမ်း**ဖြစ်သည်။ မောင်တော်စမ်းမှ ရရှိခဲ့ကြသည်။

အလုံဒီပါရုံဝိဇ္ဇာမြို့မှ ပုဂ္ဂိုလ်ထူးများ၏ ဓာတ်ဆက်အလှူတော်ဖြစ်သည်။ ထိုစိန်ဖူးတော်သည် အနောက်ရိုးမတောင်မှ ထွက်ရှိသောမျိုးစိန်ဖြစ်သည်ဆို၏။ ရှားပါးသော ရောဝတီတိုင်းဒေသထွက် (တွင်းထွက်)ပစ္စည်းဖြစ်သည်။

**မှတ်ချက်။ ။ ယခု သာသနာပြုဆဲအမေဒေါ်မြသွင် (မဗေဒါ–ရောဝတီ) ရေးသားသော စိန်တိဂုံစေတီတော်မြတ်–စာအုပ်မှ ဘုရားဖူးများ သိရှိနိုင်ရန် ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။**

## ဓာတ်ပေါင်းစု စေတီတော်

ဓာတ်ပေါင်းစု စေတီတော်သည် ထူးခြားသော စေတီတော်ဖြစ်သည်။ စေတီတော်တည်စဉ်က ထူးခြားသောဖြစ်စဉ်များ မကြာခဏ ဖြစ်သည်ဆို၏။ ဘုရားဌာပနာ သွင်းခါနီးအချိန်တွင် မိန်းကလေးတစ်ဖွဲ့ ရောက်လာပြီး သူတို့တွင်ပါလာသော လက်ဝတ်ရတနာ ရွှေထည်များ လှူဒါန်းသည်။

အလှူရှင်အမည်နှင့် နေရပ်မေးမရသလို သူတို့က ဘယ်သူမျှ မြင်ဖူးခြင်းမရှိသည်ဟု သိရသည်။ ထိုဓာတ်ပေါင်းစု စေတီတော်ကိုလည်း ခရီးကြုံပါက ဝင်ရောက် ဖူးမြော်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**အသိပေး နှိုးဆော်ပါသည်။**

လပွတ္တာမြို့ အဝင်ဝတွင် တွေ့မြင်ရသော**(အယူတော်မင်္ဂလာခြံ၊ ဝိပဿနာတရားအားထုတ်ရာဌာန)**အဆောက်အအုံ အုတ်မြစ်ချ၍ အရှင်ဆရာသိန်း (လပွတ္တာ)မှ ဦးဆောင်၍ ဆောက်လုပ်နေသည်။

ရာသက်ပန် သက်သတ်လွတ်အာဟာရဖြင့် ညှိခံကျွေးမွေးမည့် တရားရိပ်သာဖြစ်ပါသည်။ ပါရမီရှင် အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း အသိပေး နှိုးဆော်လိုက်ရပါသည်။

**အရှင် ဆရာသိန်း**
**(လပွတ္တာ)**




www.burmeseclassic.com

www.burmeseclassic.com

# နှစ်[၂၀]ကျော်က ရုပ်ကလာပ်တော်

လွယ်ကောင်းမြောင်



ဆရာတော်ဦးသုဓာတ (သက်တော် ၆၅ နှစ်၊ ဝါတော် ၄၅ ဝါ)

**ရွှေဘိုမြို့နယ်၊ ခွန်တောင်ကြီးရွာမှာ ကျောမခင်းဆရာတော်**ဟု နာမည်ကျော်သော ဦးဇနသာမိ၏ မဟာစည်နည်းဖြင့် တရားပြနေသော ရိပ်သာတစ်ခု ရှိ၏။

ထိုရွာမှာပင် ပျံတော်မူသော်လည်း မီးမသင်္ဂြိုဟ်ဘဲ ဒီအတိုင်း မှန်ခေါင်းသွင်းထားသော ဆရာတော်တစ်ပါး ရှိ၏။

ထိုဆရာတော်သည် မဟာစည်နည်းဖြင့် တရားအားထုတ်ခဲ့၏။ ရိပ်သာဖွင့်ကာ တရားပြသနေခဲ့၏။ ကျောမခင်းဆရာတော် လူ့ဘဝက တရားဝင်ခဲ့သော ရိပ်သာလည်း ဖြစ်၏။

ခွန်တောင်းရွာရောက်တော့ အသိမိတ်ဆွေ ရဟန်းတော်ဦးပညာသာမိ (ရွှေမှဋ္ဌော)ကျောင်းမှာ ဝင်ကာ စုံစမ်းကြည့်တော့ အဆင်ပြေသွားသည်။ ထိုဦးပဉ္စင်းမှပင် **ရတနာသီရိရိပ်သာ (ခွန်တောင်းကြီး)**ကျောင်းကို လိုက်ပို့ပေးသည်။

ထိုရိပ်သာမှာပင် ဆရာတော်ကြီး၏ ငယ်တပည့် ဒကာတစ်ဦးမှ ရှင်းလင်းပြောပြပေး၏။ ဆရာတော်သည် ရပ်ရွာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူ၏။ ရပ်ရွာကျောင်း အလယ်တန်းအဆင့်ရောက်ခဲ့မှ စာသင်ကြားခြင်းကို ရပ်နားခဲ့သည်။

ဆရာတော်သည် ၁၃၄၇ ခုနှစ်မှာ မဟာစည်ရိပ်သာမှာ တရားအားထုတ်ခဲ့သည်။ ၁၃၅၇ ခုနှစ်မှာ တရားပြခဲ့သည်။ ယခုအထိ နှစ်စဉ် တပို့တွဲလထဲတွင် (၁၀)ရက် တရားစခန်းရှိသေး၏။ စစ်ကိုင်း ရွှေစေတီဆရာတော်မှ တရားပြသနေ၏။

ဆရာတော်သည် သည်းခံအားကောင်း၏။ ပျံတော်မူမည့်နှစ် ရွှေစေတီနှစ်ပတ်လည် ပူဇော်၍ ကြွတော့ တပေါင်းလဆန်း(၈)ရက်နေ့မှာ တပည့်ဒကာ,ဒကာမ၊ ကိုရင်၊ ရဟန်းငယ်များကို ကန်တော့ခံ၏။

၁၃၅၇ ခုနှစ်၊ တပေါင်းလ(၁၃)ရက် မန္တလေးမြို့ ခင်မကန်တိုက် ရွှေလောင်းကျောင်းမှာ ပျံတော်မူခဲ့၏။ ခင်မကန်တိုက်မှာပင် ရွှေဘို(ကျောက်ဖြစ်ဆရာတော်) ပျံတော်မူ၏။ ထိုကျောင်း



www.burmeseclassic.com

www.burmeseclassic.com






▲ ဆရာတော်ဦးသုဓာတ ရုပ်ကလာပ်တော် အနီးကပ် ရှုမြင်ရပုံ

◀ ဗုဒ္ဓဂယာစေတီ(ပွန်းတောင်ကြီးရွာ)

▼ ဆရာတော်ဦးသုဓာတ ရုပ်ကလာပ်တော်ထားရာ မှန်အိမ်တော်



မှာပင် မွန်ဘုန်းကြီး ဦးဉာဏ ပျံတော်မူ၏။

ထိုမွန်ဘုန်းကြီးသည် ပုဂ္ဂိုလ်ထူးဖြစ်၏။

မန္တလေး "ခြင်"အလွန်ပေါရာ အရပ်မှာပင် ခြင်ကိုက်ခံကာ ခြင်များကို သွေးလှူ၏။ တစ်နေ့ ဆွမ်း(၃)ကြိမ်ခံကာ ဆွမ်းလှူ၏။ ဓာတ်လုံးထိုး၏။

**ပျံတော်မူတော့ မီးသင်္ဂြိုဟ်စက်ထဲ (၃) ခါ ထည့်ရ၏။ ပထမတစ်ခါ မီးငြိမ်းကာ မြုံထွက်၏။ ဒုတိယအကြိမ်လည်း မြုံထွက်လာ၏။ တတိယအကြိမ် မြုံတည့်သောအခါမှ မီးလောင်ကျွမ်း၏။ ရိုးများလည်း ဖုံ့ဆိုင်သွား၏။**

ခင်မကန်သည် ပုဂ္ဂိုလ်ထူးများ ပျံတော်မူခဲ့တာ (၃)ပါးပင် ရှိခဲ့ပြီး ဖြစ်၏။

ဆရာတော်သည် ဖြစ်တာက နှလုံးရောဂါ၊ ကုသခြင်းခံရတာက တီဘီဆိုတော့ အနာနှင့်ဆေး တခြားစီဖြစ်ကာ ပျံတော်မူခဲ့ရသည်။

**ဆရာတော် ပြောလေ့ရှိတာက...**

'လူတွေမှာ မရှိသင့်ဆုံးအရာ "ဟန်ဟန"၊ မကောင်းမှုလုပ်တဲ့အခါ ဘယ်သူသိသိ၊ မသိသိ မိမိ၏ ကိုယ်စောင့်နတ်များက သိ၊ ဘယ်သူက မကောင်းဘူးပြောပြော ကိုယ့်ကိုယ်ကိုယ် အသိဆုံး'

ဆရာတော်သည် ၁၉၉၆ ခုနှစ်၊ မတ်လထဲမှာ မန္တလေး ခင်မကန်တိုက်ကနေ ရွာကို ပင့်ဆောင်ခဲ့၏။ ဗိုက်ခွဲဆေးထိုးမယ်လုပ်ကြတော့ ခြေထောက်တွေက ရဲနေ၏။ ဗိုက်မခွဲ ဆေးမသွင်းဘဲ ဒီအတိုင်းထားခဲ့ကြ၏။

(၁)နှစ်လောက်ထိ ခြေ,လက်များ ကွေးဆန့်လို့ ရခဲ့ပါသည်။ ယခု ရုပ်ကလာပ်တော်သည် နှစ်(၂၀)ကျော် ကြာခဲ့ပြီ။

ဝိပဿနာလုပ်ကြတဲ့ ပုဂ္ဂိုလ်များ အတွက်...

'ညည်းညူမရှိ
သတိမမေ့
ခိုင်နေ့ သိပြန်
မျက်လန့်ကြောတွဲ
မရှိဘဲနှင့်
သေလည်း မတောင့်တင်း
ပုပ်နံ့ကင်းသည်
ကျိန်းရင်း ဝိပဿနာတန်ခိုးတည်း'

**လွှယ်ကောင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com



(ဂ–ဂ)

အမြော်ရှိခဲ့ရပါသည်

ကို ပြပါတယ်။

❖ **လေးထောင့်ဆန်တဲ့ လက်ဝါး** ဖြစ်ပါတယ်။ **(ဂ–ဂ)**

ဒါကတော့...

လက်တွေ့
ဆောင်ရွက်ခြင်း၊
လက်တွေ့
ကျကျလေ့လာပြီးမှ
လက်ခံကျင့်သုံးခြင်း၊
စိတ်ကူးမယဉ်ခြင်း၊
ဝီရိယကောင်းခြင်း
တို့ပါပဲ။

ကဲ...ဒါဆိုရင်

လက်တွေ့ကျတဲ့ ယုတ္တိတန်တဲ့ သုတေသနပြုရတဲ့ သိပ္ပံနည်းကျတဲ့ စာပေမျိုးကို ရေးသားပါလိမ့်မယ်။

လောကီနဲ့ ပတ်သက်ရင် သိပ္ပံနဲ့ နည်းပညာစာပေမျိုး၊ လောကုတ္တရာ စာပေနဲ့ဆိုရင် လက်တွေ့ကျင့်ကြံမှု ဆိုင်ရာ စာပေမျိုးနဲ့ အကျိုးပေးတယ်။ စုံထောက်ဝတ္ထုမျိုးလဲ အကျိုးပေးပါတယ်။

'ဘယ်လို စာပေအနုပညာမျိုးနဲ့ အကျိုးပေးနိုင်မလဲ'

ကြည့်ပါ။

❖ **ဉာဏ်လမ်းကြောင်းသည် ဖြောင့်တန်းမှုများ**ပါတယ်။ တနင်္လာဂြိုဟ်ခုံဆီသို့ အနည်းငယ် ကွေးသယောင် တွေ့ရတယ်။**(က–က)**

ဒါကတော့...

စိတ်ကူးနဲ့ လက်တွေ့ တစ်ထပ်တည်းကျအောင် ဆောင်ရွက်မယ်၊ လက်တွေ့ကျကျ ရေးသားတွေးခေါ်မယ်၊

❖ **ကြာသပတေးဂြိုဟ်ခုံတွင် မျဉ်းမတ်တစ်ကြောင်း** တွေ့ရတယ်။

(ခ)

ဒါကတော့...

ရည်ရွယ်ထားတာတွေ ပြီးမြောက်စေခြင်း

**သာယာ ချမ်းမြေ့ပါစေ**

**ဆရာ ဦးခင်မောင်လင်း**
***(B.Sc ရွှေဘို)***
**(လက္ခဏာ–မဟာဘုတ်သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




100% ORGANIC

**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅



www.burmeseclassic.com


www.burmeseclassic.com

မြန်မာ့ရှေးဟောင်းအမွေအနှစ်များ တည်ရှိရာ

# ကျောက္ကူရွာဦးကျောင်း

နှင့် ဆုတောင်းပြည့်စေတီတော်ကြီး

ကောင်းမြင့်မြတ်စိန်



◆ ဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်းရှိ အနောက်မြောက်ထောင့်မှ ထူးခြားသော စေတီတော်

ဆုတောင်းပြည့်စေတီတော် ထီးတော်ဆောင်း(များများစွဲနေသည်)

ကျွန်တော်ဟာ **မိတ္ထီလာမြို့နယ်မှာ** ရှိတဲ့ ကျွန်တော့်အိမ်သူရဲ့ မွေးရပ်မြေ **ကုက္ကိုကုန်းရွာကို** သွားရတိုင်း **ကျောက္ကူရွာထီပိက** ရှေးဟောင်း စေတီတွေနဲ့ အလွန်မြင့်မားပြီး ကြီးကျယ်ခမ်းနားလှတဲ့ ခြသေ့ရုပ်တုကြီးနှစ်ခုကို ငေးမောခဲ့ရစမြဲပါ။

ပြီးတော့ အဲဒီ စေတီတော်တွေအနီးက ရောကန်ရဲ့ ထူးဆန်းအံ့ဖွယ် အကြောင်းတွေကလဲ အလွန်စိတ်ဝင်စားဖွယ်ကောင်းလို့ နေပြန်တယ်။

ဘုရားဝင်းအပြင်မှာရော၊ အတွင်းမှာပါ ဘီလူးမရုပ်တုတွေ တွေ့ရင်တော့လဲ စိတ်ချောက်ချားသွားခဲ့ရပြန်ပါတယ်။ ဒီစိတ်ဝင်စားစရာတွေ အပြည့်ရှိနေတဲ့ **ကျောက္ကူရွာဆုတောင်းပြည့်စေတီ**အကြောင်းကို ကျွန်တော် စာရေးချင်နေတာ ကြာခဲ့ပါပြီ။

ဒီနှစ်တော့ ရေးဖြစ်ပါပြီ။

(၂၃–၈–၂၀၁၄) စနေနေ့ မနက် (၉)နာရီ ကျော်ကျော်လောက်မှာ ကျွန်တော်နဲ့ ကျွန်တော့်အိမ်သူတို့ဟာ ကျောက္ကူရွာ ဆုတောင်းပြည့်စေတီတော်သို့ ဘုရားဖူးရင်း လေ့လာစူးစမ်းရင်း ရောက်ခဲ့ကြပါတယ်။

ကျွန်တော့်အိမ်သူက ဒီနယ်ဒေသခံဖြစ်နေတော့ ကျောက္ကူရွာက လူတွေနဲ့ သိကျွမ်းပါတယ်။ ဒါကြောင့် အစစအဆင်ပြေသွားပါတယ်။

စေတီတော်ကြီးနဲ့ အခြားစေတီတော်တွေ အတော်များများကို လောလောလတ်လတ် ပြုပြင်မွမ်းမံထားတာ တွေ့ရ ဖူးရ မြင်ရပါတယ်။ ကျောက္ကူရွာဦးကျောင်း ဆရာတော်လေး ဦးဇောတိကကလဲ ဒီလိုပဲ မိန့်ကြားပါတယ်။

ကျွန်တော်တို့ဇနီးမောင်နှံဟာ စေတီတော်ကြီးကို အားရပါးရ ရှိခိုးပြီးတော့ စေတီပရိဝုဏ် အတွင်းအပြင် လှည့်ပတ်ကြည့်ရှုလေ့လာခဲ့ပါတယ်။

ဓာတ်ပုံများလဲ ရိုက်ခဲ့ပါတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာပဲ ကံကောင်းချင်တော့ ပုတီးစိပ်နေတဲ့ ဦးစံရွှေဆိုတဲ့ ကျောက္ကာရွာသားကြီးကို တွေ့ရပါတယ်။

ဦးစံရွှေက ရှေးမီနောက်မီ ရွာလူကြီးတစ်ဦး ဖြစ်နေလို့ပါ။ ကျွန်တော့်အိမ်သူနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့လဲ ခင်မင်ရင်းနှီးပါတယ်။ ယခု အသက်(၈၄)နှစ်ပင် ရှိနေပါပြီ။ ဦးစံရွှေက ဒီလိုပြောပြခဲ့ပါတယ်။

'ဒီစေတီတော်ကြီးက ရှေးမင်းတွေ တည်ခဲ့တဲ့ စေတီတော်ကြီးပဲ။ အနည်းဆုံး နှစ်ပေါင်း (၂၀၀)လောက်ရှိပါပြီ။ အတိအကျတော့ မဟုတ်ပါဘူး။ ကျုပ် ငယ်ငယ်က လူကြီးတွေကတစ်ဆင့် ကြားခဲ့ရတာပါ။

ဒီစေတီတော် ပတ်ဝန်းကျင်ကို ဘေးမဲ့နယ်အဖြစ် ဘုရင်က သတ်မှတ်ပေးခဲ့သတဲ့။ သတ္တဝါတွေအတွက် ဘေးမဲ့ပေးတဲ့ နေရာထူးတစ်ခု ဖြစ်ခဲ့တယ်။ ဟိုရှေးတုန်းက ရာဇဝတ်သားတွေ၊ သူခိုးတွေ ထွက်ပြေးလို့ ဒီနယ်မြေထဲ ရောက်သွားရင်တောင် မဖမ်းရဘူးတဲ့'

'ဟင်...တော်တော်ထူးတဲ့ နယ်မြေပါလား ဦးစံရွှေ၊ ဆက်ပြောပါဦးဗျာ'

'အေး...ခက်တာက စေတီတော်ရဲ့ သမိုင်းကြောင်းကို ဘယ်သူမှ အတိအကျ မသိတာဘဲ။ ကျုပ်တို့လဲ မပြောနိုင်ဘူး။ ဒါပေမယ့် ထူးခြားတာတွေကတော့ အများကြီးရှိတယ်။ **စေတီတော်ရဲ့ တောင်ဘက်မှာ ခြင်္သေ့ကြီးနှစ်ကောင်၊ အဲဒီလိုပဲ မြောက်ဘက်မှာလဲ ခြင်္သေ့ကြီးနှစ်ကောင်ရှိတယ်'**

'တွေ့ပါတယ် ဦးစံရွှေ အဲဒါကို ကျွန်တော် မေးမလို့ပဲ။ ခြင်္သေ့ကြီးတွေ တည်ဆောက်ထားတာက ခေတ်မီ သပ်ရပ်လွန်းလို့ ရှေးလက်ရာမှ ဟုတ်ရဲ့လားလို့၊ အတော်လဲ မြင့်တယ်နော်'

'ရှေးမူလက်ရာအတိုင်းပါပဲ။ အခု ပြုပြင်မွမ်းမံထားတာလဲ ဘာမှ မပြောင်



▲ ကျောက္ကာရွာ ရှေးဟောင်း ထုထောင်းပြည့် စေတီတော်ကြီးနှင့် စေတီတော်ပရိဝုဏ်အတွင်း အနောက်မြောက်ဘက်မှ ထူးခြားသော စေတီတော်

▼ ပေထုပ်များအား ထည့်ထားသော ရှေးဟောင်းသေတ္တာကြီး၏ ရှေ့မျက်နှာစာ၌ ပန်းတော့များ ရွှေချရုပ်ပုံများ



ဘူး။ အမြင့်ကတော့ ဦးမြင့်စိန်လဲ ခန့်မှန်းကြည့်ပါလား။ ပေ(၂၀)ကျော်၊ (၂၅)ပေလောက်တော့ ရှိမှာပေါ့'

'ဟုတ်ပါတယ် ,(၂၅)ပေလောက်တော့ ရှိမယ်နော်၊ ခြင်္သေ့ကြီးတွေက တကယ့် အံ့မခန်းပဲဗျာ။ လှပနေရုံမကဘူး။ ဝင့်ကြွားနေတာပဲဗျာ။ ကျွန်တော်ကတော့ သိပ်သဘောကျတာပဲ'

'လူတိုင်း ဒီလိုပဲ။ နေဦး ကျုပ်ကြားဖူးတာတစ်ခု ပြောရဦးမယ်။ ဒီခြင်္သေ့ကြီးတွေ တည်ဆောက်ခဲ့တာ သားအဖနှစ်ယောက်လို့ ကြားဖူးတယ်။ ကျုပ်တို့ အဘိုး၊ အဘွားတွေကတစ်ဆင့် ကြားခဲ့မှတ်သားခဲ့ရတာပါ။


သားက တောင်ဘက်မှာရှိတဲ့ ခြင်္သေ့ကြီးနှစ်ကောင်၊ အဖေက မြောက်ဘက်မှာရှိတဲ့ ခြင်္သေ့ကြီးနှစ်ကောင်ကို တာဝန်ယူတည်ဆောက်ခဲ့သတဲ့။ သားအဖ





www.burmeseclassic.com

www.burmeseclassic.com



ကျောက္ကသာဘုရားကြီးကျောင်းဝိုင်းအတွင်းမှ အဝေ တည်ဆောက်ခဲ့သော မြောက်ဘက်မှ ခြင်္သေ့ကြီးနှစ်ကောင်

ဆိုပေမယ့် အပြိုင်အဆိုင် တည်ဆောက်ကြတာတဲ့။ ပညာချင်း ပြိုင်တဲ့သဘောပေါ့။

ဦးမြင့်စိန် မြင်တဲ့အတိုင်းပဲ တောင်ဘက်က ခြင်္သေ့ကြီးတွေက မြောက်ဘက်က ခြင်္သေ့ကြီးတွေထက် ပိုလဲကြီးတယ်။ ပိုလဲမြင့်တယ်။ ပိုပြီးတော့လဲ လှပခံ့ညားနေတယ်လေ။ ပြီးတော့ တည်ဆောက်ပြီးစီးတာလဲ သားကလဲ အရင်ပြီးခဲ့တာတဲ့'

'ဟုတ်တယ်နော် တောင်ဘက်နဲ့ မြောက်ဘက်ရှိတဲ့ ခြင်္သေ့ကြီးတွေ အရွယ်အစား နည်းနည်းကွာတယ်နော်၊ ဦးစံရွှေ ပြောသလိုပဲ။ တောင်ဘက်ခြင်္သေ့ကြီးတွေက ပိုပြီး ဝင့်ကြွားတယ်ဗျ'

ဦးစံရွှေက ဆက်ပြောပါတယ်။

'ဒီစေတီတော်တွေရဲ့ မြောက်ဘက် **ရေကန်ကလဲ ထူးတယ်။** အစောင့်အရှောက်ကြီးတယ်။ ဒီကန်ထဲက ငါးတွေကို ဘယ်သူမှ ဖမ်းလို့မရဘူး။ ဖမ်းရင် ဖမ်းတဲ့သူ ဒုက္ခရောက်တာပဲ။ ဒီနေ့ဒီအချိန်ထိ ဘယ်သူမှ ငါးမဖမ်းရဲဘူး။ **ရေထဲ ဘယ်တော့မှ ခန်းမသွားဘူး။** ကြာမျိုးစုံလဲရှိတယ်။ သွားကြည့်ပြီးပြီလား'

'ဟုတ်ကဲ့ ကြည့်ပြီးပါပြီ။ ဓာတ်ပုံတောင် ရိုက်ခဲ့ပါတယ်'

'နှစ်ပေါင်းတော့ တော်တော်ကြာခဲ့ပြီကွ။ ဒီကန်ထဲကို လာပြီး ငါးဖမ်းတဲ့သူ တစ်ယောက် ဒုက္ခရောက်ခဲ့တာ ကျုပ်တို့ကိုယ်တိုင် တွေ့လိုက်သေးတယ်။ ကုလ္လိုကုန်းရွာက ကို...ပဲကွ။

အဲဒီလူက ငါးတွေဖမ်းပြီး တခြားရွာတွေ သွားရောင်းတာကွ။ သွားရောင်းရင်း လမ်းမှာ မြွေကိုက်ခံရပြီး သေသွားတယ်' (**နာမည် အတိအကျ ပြောပေမယ့် လူ့ဂုဏ်သိက္ခာအရ ချန်လှပ်ထားပါတယ်။ စာရေးသူ)**

'ဟာ...ဟုတ်လား ကျွန်တော်လဲ ကြားတော့ကြားဖူးပါတယ်။ အတိအကျတော့ မဟုတ်ဘူးပေါ့ဗျာ'

'ရေကန်ထဲက ငါးတွေဖမ်းရင် ဒုက္ခကြုံတတ်သလို ဒီပတ်ဝန်းကျင်မှာ ကျေးငှက်တွေ၊ တောနေသတ္တဝါတွေ ဖမ်းရင်လဲ မရဘူး။ လာဖမ်းတဲ့သူ မျက်စိလည်တာပဲ။ ဒီနယ်ရဲ့အပြင် ထွက်မရဘူး။ ဆိုင်ရာတွေကို ဝန်ချတောင်းပန်မှ လွတ်တယ်။ ပြန်ထွက်လို့ရတယ်'

'အင်း...ဟုတ်တာပေါ့ ကျွန်တော် စဉ်းစားမိပြီ။ ဒီနယ်က သေားမဲ့နယ်လို့ သတ်မှတ်ထားတာပဲလေ။ ဂုဏ်ရှိရဆန်းတယ်ဗျ'

'ကဲ...ကျောင်းဘက် သွားကြရအောင် ရှေးကျောင်းကြီးပဲ။ လေ့လာစရာတွေ ရှိသေးတယ်။ ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကသာရွာ ဘုန်းကြီးကျောင်းဝိုင်း အတွင်းမှ သာ၊ တည်ဆောက်ခဲ့သော ထောင်ဘက်မှ ခြင်္သေ့ကြီးနှစ်ကောင်

ပစ္စည်းတွေ တွေ့ရလိမ့်မယ်'

'ဟုတ်ကဲ့ ဆရာတော်ကိုလဲ ဖူးရတာပေါ့ဗျာ'

ကျောက်ကသာရွာ ဘုန်းကြီးကျောင်းမှာ ရှေးကျောင်းကြီးဖြစ်လို့ ရှေးလက်ရာတွေ တွေ့နေရပါသေးတယ်။ နံရံအကာ ပျဉ်ချပ်ကြီးများတွင် အကွက်အပြောက်များ ထွင်းထုထားပါတယ်။ ကျောက်တိုင်ကြီးများမှာလဲ ယနေ့ထိ အကောင်းပကတိ ရှိနေပါသေးတယ်။

အချို့တိုင်ကြီးများမှာ မှန်စီရွှေချထားတာတွေတောင် ရှိနေပါသေးတယ်။ အခန်းဖွဲ့ထားပုံမှာလဲ စနစ်ကျပြီး အခန်းအကာများမှာလဲ မှန်စီရွှေချ အပြောက်အမွမ်းများနဲ့ ခြယ်သထားပါတယ်။ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာများကို ပညာရှင်များ လာရောက်လေ့လာသင့်ပါတယ်။

ရှေးဟောင်းသေတ္တာကြီး တစ်ခုထဲမှာ ရွှေချထားတဲ့ ရှေးဟောင်းပေစာထုပ်ကြီးများကိုလဲ သေတ္တာကြီးနဲ့ အပြည့် တွေ့ခဲ့ရပါတယ်။ ပရိယတ္တိစာပေများ ဖြစ်ပါတယ်။

ယခုထိ ပိုးမစား ခြမကိုက်ဘဲ အကောင်းပကတိအတိုင်း ရှိနေတာ လေ့လာစူးစမ်းချင်စရာ ကောင်းပါတယ်။ ရှေးမြန်မာများရဲ့ ပညာပဲ ဖြစ်ပါတယ်။

ကျောင်းထိုင် ဆရာတော်က ဦးဇောတိက ဖြစ်ပါတယ်။ ဆရာတော်က သက်တော်(၂၉)နှစ်ပဲ ရှိပါသေးတယ်။ အလွန်ရိုးသားပါတယ်။ ပရိယတ္တိစာပေပညာကတော့ ပထမကြီးတန်း အောင်မြင်ထားပါသေးတယ်။

ဆရာတော်ကို ဆက်လက်ကြိုးစားဖို့၊ သာသနာအကျိုး သယ်ပိုးဖို့ ကျွန်တော်ဟာ အားပေးတိုက်တွန်းခဲ့ပါသေးတယ်။

ဆရာတော်လေး မိန့်ကြားလို့ စိတ်မကောင်းဖွယ် သိခဲ့ရတာကတော့...


'ဒကာကြီးရာ... ဒီကျောင်း ဒီစေတီတွေဟာ ဟိုတုန်းကဆို ပိုပြီး ရှေးဟောင်းပစ္စည်းတွေ များတယ်။ ရှေးဟောင်းရုပ်ပွားတော်တွေ၊ ခေါင်းလောင်းတွေ၊ ရုပ်တုတွေ တော်တော်များများဟာ မသမာသူတွေ လက်ချက်နဲ့ ပျောက်ဆုံးကုန်ခဲ့တယ်။ အခုတော့ ကျန်တဲ့ ခေါင်းလောင်းနှစ်လုံး ကျောင်းပေါ်မှာ သိမ်းထားတယ်။ အဲဒီခေါင်းလောင်းတစ်လုံးဆို စာတွေပါတယ်။ ၁၂၆၉ ခုနှစ်က လှူထားတယ်လို့ ရေးထားတယ်'



www.burmeseclassic.com

www.burmeseclassic.com





◄ မိတ္ထီလာမြို့နယ်၊ ကျောက္ကူမှာ ရှေးဦးကျောင်းရှေးဟောင်းကျောင်းကြီး၏ မျက်နှာကြက်အား တွေ့မြင်ရပုံ

◄ ကျောက္ကူမှာ ရှေးဟောင်းသိုက်ကြီးကျောင်းအတွင်း အခန်းအကာနံရံပုံစံများအား တွေ့ရပုံ

'ဟာ…ဒါဆို နှစ်ပေါင်းတစ်ရာ တောင် ကျော်ပြီပေါ့။ တပည့်တော် ကြည့်လို့ရမလား'

'ကြည့်လို့ရပါတယ်။ လာ… လာ… ဒကာကြီး၊ ဒကာမကြီးရော လာလေ ဦးပဥ္စင်းနောက်လိုက်ခဲ့'

ဆရာတော်က ကျောင်းပေါ်ရှိ အခန်းတစ်ခုထဲတွင် သိမ်းဆည်းထား သော ခေါင်းလောင်းနှစ်လုံးကို ပြသ ပေးပါတယ်။ အခန်းထဲမှာ မှောင်နေလို့ ဓာတ်မီးများနဲ့ ထိုးကြည့်ရပါတယ်။

ခေါင်းလောင်းတွင် ရေးထိုးထား သော စာများမှာ မြန်မာစာကဗျာလင်္ကာ သွားဖြင့် ရေးထားပါတယ်။ ဓာတ်မီးများ ထိုး၍ ပြပေးသော ဆရာတော်ကို အားနာလို့ ခေါင်းလောင်းမှ စာများကို ကူးယူချင်ပေမယ့် မကူးခဲ့ရပါ။

ခေါင်းလောင်းမှာ ကြေးခေါင်း လောင်းများဖြစ်ပြီး ၁၂၆၉ ခုနှစ်က တုက္ကိုကုန်းရွာမှ ဒကာ၊ ဒကာမတို့က လှူထားပါတယ်။ အမည် အတိအကျ ရေးထားပါတယ်။

ဆက်လက်ပြီး ဆရာတော်က ပေစာ ထုပ်တွေ ထည့်ထားတဲ့ ရှေးဟောင်း သေတ္တာကြီးကိုလဲ ဖွင့်ပြပါတယ်။ ပေစာထုပ်များအကြောင်း အထက်မှာ ဖော်ပြပြီးပါပြီ။

ရှေးဟောင်းသေတ္တာကြီးရဲ့ အပြင် ဘက်မှာ မြန်မာမှု အနုလက်ရာများ ထွင်းထုထားတာကိုလဲ တွေ့ရပါတယ်။ ဗုဒ္ဓဝင်ရုပ်စုံများ၊ ပန်းခြူးပန်းနွယ်များနဲ့ အလွန်လှပပါတယ်။

ဆရာတော်က မိန့်ပါသေးတယ်။

'ဒီရှေးဟောင်းပစ္စည်းတွေ လိုချင်တဲ့ စီးပွားရေးသမားတွေ မကြာခဏ လာလာဝယ်ကြတယ်။ ဒကာကြီး ဒါပေမယ့် ဦးပဥ္စင်းတို့က မရောင်းပါ ဘူး'

'ဟာ…ဟုတ်တယ်ဦးပဥ္စင်း မရောင်း တာ ကောင်းတယ်။ စီးပွားရေးသမား တွေကတော့ အမျိုးမျိုးဖျားယောင်း သွေးဆောင်ပြီး ရအောင်ဝယ်ကြမှာပဲ။ ဒီရှေးဟောင်းပစ္စည်းတွေက ငွေနဲ့ တန်ဖိုးဖြတ်လို့ မရဘူး။

ကောင်းပါတယ် ဦးပဥ္စင်း၊ ဆက်ပြီး တော့လဲ အဲဒီလိုပဲ ထိန်းထားသင့်ပါ တယ်။ ဖြစ်နိုင်ရင် ပြတိုက်လေးတောင် လုပ်ထားသင့်ပါတယ် ဘုရား'

'ဟုတ်ပြီ ဒကာကြီး ဦးပဥ္စင်း ကြိုးစား ပါမယ်'

ရှေးဟောင်း သေတ္တာကြီးအနီးတွင် ထည့်စရာလိုမျိုး ရှေးဟောင်းပစ္စည်း တစ်ခု တွေ့ရပြန်ပါတယ်။ ဆရာတော် ကို မေးလျှောက်ကြည့်တော့ **"နို့ဒေါင်းလန်း"**ကြီးဖြစ်ကြောင်း သိခဲ့ ရပါတယ်။

အလွန် တွေ့ရခဲပြီဖြစ်တဲ့ ယခုခေတ် မှာ အသုံးမပြုတော့တဲ့ ရှေးမြန်မာများ ထမင်းစားဖို့ အသုံးပြုခဲ့တဲ့ နို့ဒေါင်း လန်းကြီးပါ။ ယခုထက်တိုင် သပ်ရပ် လှပနေဆဲပါ။ မြန်မာမှု အနုလက်ရာ တွေ တွေ့မြင်ခဲ့ရပါတယ်။

'ဆရာတော် တခြား ထူးခြားတာ တွေရှိရင်လဲ မိန့်ပါဦးဘုရား'

'အင်း စေတီတော်ဝင်းတိုင်း အတွင်း ဘက်မှာ သိမ်တစ်ခု တွေ့ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေဆံတော်ကျောင်း အောက်ထပ်မှ နိဗ္ဗိန်ဆိုင်းကြီး

မဟုတ်လား။ အဲဒီသိမ်နဲ့ ပတ်သက်လို့တော့ ထူးခြားတာတွေရှိတယ် ဒကာကြီး'

'တွေ့ခဲ့ပါတယ် ဘုရား'

'အရင် ကျောင်းထိုင်ဆရာတော်ကြီး လက်ထက်တုန်းက ဒကာမကြီးတစ်ယောက် ရောက်လာပြီး ကျောင်းပေါ်ရောက်ရောက်ချင်း ဆရာတော်ကြီးကို လျှောက်သတဲ့၊ လျှောက်တာလို့တောင် ပြောလို့ မရပါဘူး၊ ငေါက်တာ။

**"ဘုန်းကြီး ဘယ်လိုလုပ်ပစ်တာလဲ အရင်က တပည့်တော်တို့ လှူခဲ့တာ နန်းတော်ကြီးလို ရွှေရောင်တွေ တဝင်းဝင်းနဲ့ လှူခဲ့တာ။ အခုတော့ ကြည့်ပါဦး ဟောင်းနွမ်းစုတ်ပြတ်နေတာပဲ။ ကဲ ဘုန်းကြီး ဖြေပါဦး"**တဲ့။

အဲဒီဒကာမကြီးက အဲဒီလိုလျှောက်တော့ အရင်ဆရာတော်ကြီးလဲ အံ့ဩသွားတာပေါ့။

**"ဟဲ့ ဒကာမ ဘုန်းကြီးလဲ ဘာမှ မလုပ်ရပါလား"**

လို့ ပြောတော့ အဲဒီဒကာမကြီးဟာ ငိုယိုပြီး ကျောင်းအောက် ဆင်းသွားတယ်။ ပြီးတော့ ဘုရားဝိုင်းထဲက သိမ်ထဲကို ဝင်သွားတယ်။

သိမ်ထဲမှာလဲ ငိုပြီး စကားတွေ ပြောနေသတဲ့။ ဗမာစကားသံနဲ့ ပြောနေတာ မဟုတ်ဘူးတဲ့။ မကြားဘူးတဲ့ ဘာသာစကားတစ်ခုနဲ့ ပြောနေတဲ့ပုံပဲ ဒကာကြီး၊ အတော်ထူးတယ်။

နောက်မှ သိရတာက အဲဒီဒကာမကြီးဟာ မန္တလေးကလာပြီး ရွာထဲမှာ အိမ်အကူလာရှာတာတဲ့။ ဘုန်းကြီးကျောင်းတွေ့တော့ ဝင်လာရင်း အဲဒီလို ဖြစ်သွားတာ၊ အဲဒီအချိန်ကစလို့ နောက်ထပ် အခေါက်ခေါက် ရောက်လာပြီး သိမ်ကို ပြုပြင်ဆောက်လုပ်တယ်။

သိမ်ထဲမှာ ငိုလိုက် စကားပြောလိုက် လုပ်တယ်။ ဒီနေ့ထိ လာနေတုန်းပဲ။ ဒကာကြီး သွားကြည့်လိုက်ဦး။ သိမ်ဒကာမကြီး နာမည်တွေ့ရလိမ့်မယ်။ မန္တလေးမြို့ မဟာမြိုင် အပိုင်း(၉)က ဒကာမကြီးပဲ။

**(နာမည် အတိအကျ သိခဲ့ရသော်လဲ ကာယကံရှင်နဲ့ မတွေ့ခဲ့ရလို့ ချန်လှပ်ထားရခြင်း ဖြစ်ပါတယ်။ စာရေးသူ)**

ကဲ ဒကာကြီးနဲ့ ဒကာမကြီးတို့ မှန်းလဲတည့်ပြီးလို့ အချိန်အတော်လင့်သွားပြီ။ ထမင်းစားသွားကြဦး'

'ဟာ... မစားတော့ပါဘူး ဘုရား၊ ရွာထဲမှာလဲ အသိတွေဆီ သွားလည်ရဦးမှာမို့ပါ ဘုရား'

သို့သော် မရပါ။ ဆရာတော် ဖွတ်အတင်းစားခိုင်းနေလို့ အားနာနာနဲ့ စားခဲ့ကြရပါတယ်။ စားပြီးတော့ ဆရာတော်ကို နှုတ်ဆက်ကန်တော့ကာ ကျောက္ကာရွာထဲကို အလည်သွားခဲ့ကြပါတယ်။

ကျောင်းနဲ့ ရွာက ကပ်လျက်ပဲ ဖြစ်ပါတယ်။ ဦးစံရွှေရဲ့ ပြောစကားအရတော့ ဒီရွာက ရှေးက ဘုရားဝေယျာဝစ္စလုပ်ဖို့ ထားတဲ့ ရွာလို့လဲ သိရပါတယ်။ ရွာငယ်လေးတစ်ရွာမျှပဲ ဖြစ်ပါတယ်။

ကျွန်တော့် အိမ်သူရဲ့ အသိမိတ်ဆွေတွေက တစ်ရွာလုံးနီးပါးပါပဲ။ အဲ... ရွာထဲက ဦးပြားရဲ့ ပြောစကားတွေကတော့...

'ဟုတ်တယ်ဗျ အဲဒီ သိမ်ဒကာမကြီးက အတော်ထူးဆန်းတယ်။ မကြာခဏလဲ လာတတ်တယ်။ လာတိုင်းလဲ အဲဒီသိမ်ထဲ သွားသွားပြီး စကားတွေ ပြောနေလေ့ရှိတယ်။ အပြင်မှာတော့ သူလိုင်လိုပဲ ပြောဆိုဆက်ဆံနေတာပဲ'

'ဟုတ်ကဲ့ တခြားရော ဘာတွေ ထူးသေးလဲဗျ။ ဒီစေတီ ကျောင်းနဲ့ ပတ်သက်လို့ပေါ့ဗျာ'

'ဘုရားဝိုင်းထဲက အနောက်မြောက်ထောင့်မှာ စေတီတစ်ဆူရှိတယ်။ အဲဒီနားက **ဘီလူးရုပ်တုတွေဆို အသက်ဝင်လွန်းလို့ စေ့စေ့မကြည့်ရဲဘူး။** အဲဒီနားကို သိပ်မသွားရဲကြဘူး'

ထိုအခါ ကျွန်တော့်အိမ်သူက...

'ဟုတ်တယ်...ဟုတ်တယ် ဦးပြား ပြောသလိုပဲ။ ကျွန်မတို့ ငယ်ငယ်က ဆို သွားတောင်မသွားရဲဘူး။ စိတ်ချောက်ချားစရာကြီးပဲ'

www.burmeseclassic.com

'အဲဒီစေတီမှာ ကျောက်တူးတဲ့သူတွေ ရွှေတူးတဲ့လူတွေ၊ လုပ်ငန်းကြီး လုပ်မယ့်သူတွေ သမထဆရာကြီးတွေ လာလာပြီး ပုတီးစိပ်ကြတယ်။ အဓိဋ္ဌာန်ဝင်ကြတယ်။ ထူးထူးခြားခြားလဲ အောင်မြင်တယ်လို့ ကြားဖူးတယ်'

'ဟင်...ဟုတ်လား ဒီကအပြန် တစ်ခါပြန်ကြည့်ဦးမယ်။ ဓာတ်ပုံလဲ ရိုက်ဦးမယ်ဗျာ'

'ဟုတ်ပါတယ် အဲဒီစေတီက ကျွန်တော်တို့ ငယ်ငယ်ကတည်းက သိပ်ထူးတယ်။ လူတော်တော်များများလဲ အဲဒီနားကို မကပ်ရဲဘူး။ ဒီနေ့ထိလဲ ရွာထဲကရော၊ ရွာနီးချုပ်စပ်ကရော လာတဲ့ ကလေး လူကြီးတွေ အဲဒီအနား သိပ်မသွားဘူး။ အဲဒီစေတီမှာ ဘီလူးရုပ်တုအပြင် ဂဠုန်ရော၊ မနုဿီဟရော ရုပ်တုတွေရှိတယ်။ တိတ်ဆိတ်ပြီး နေတော့ ခြောက်ချားစရာကြီးပေါ့ဗျာ'


ကျွန်တော်တို့ ဖနီးမောင်နှံဟာ ကျောက္ကာရွာထဲက အပြန်မှာ ဦးပြား ပြောတဲ့စေတီကို သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ဓာတ်ပုံရိုက်ပါတယ်။

ဟုတ်ပါတယ် ဦးပြား ပြောသလိုပါပဲ။ ဘီလူးရုပ်တုက ထူးပါတယ်။ ပြီးတော့ ဂဠုန်၊ မနုဿီဟ ရုပ်တုများလဲ တွေ့မြင်ခဲ့ရပါတယ်။

ဒီစေတီဝိုင်းထဲမှာ ရှေးဟောင်းလက်ရာ၊ ပန်းဆယ်မျိုးလက်ရာ အစုံပါပဲ။ ယခုအခါမှာတော့ ဒီစေတီဝိုင်းထဲမှာ ပြန်လည် ပြုပြင်မွမ်းမံမှုတွေကို ဝမ်းသာကြည်နူးဖွယ် မြင်တွေ့နေရပါတယ်။

ကျောက္ကာရွာသား **အင်ဂျင်နီယာ တိုးရီးအောင်နဲ့ မပီပီလွင် မိသားစုတို့ရဲ့** ကောင်းမှုလို့လဲ သိခဲ့ရပါတယ်။

ဆက်လက်ပြီးတော့လဲ ကျန်တဲ့ ပြင်ဆင်မွမ်းမံစရာတွေကို တာဝန်ယူ



◆ ရှေးအစ် သုတ်သိမ်းထားသော ပေလွှာထုပ်နှင့် နီးသင်းလန်ကြီး

ကောင်းမှုပြုမယ်လို့ သိခဲ့ရပါတယ်။ အလွန်ချီးကျူးစရာ အားကျစရာ ကောင်းပါတယ်။ ကျွန်တော်ကတော့ သာဓုအကြိမ်ကြိမ် ခေါ်မိပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ဆုတောင်းပြည့်စေတီတော်ကြီးကို ထီးတော်အသစ် တင်လှူစဉ်က ဖြစ်ရပ်ထူးတစ်ခုပါ။ စေတီတော်ကြီးရဲ့ ထီးတော်ကို အောက်ချစဉ်က ထီးတော်မှာ ပျားအုံကြီးတစ်အုံ စွဲနေတာ တွေ့ကြရပါတယ်။

ပျားတွေဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပြုပါဘူး။ ပျံ့လဲ မပြေးကြပါဘူး။ ထီးတော်ကြီး အောက်ရောက်တဲ့အထိပါပဲ။ ဒီနေ့အထိ ဘယ်မှ ပျံ့မသွားဘဲ စွဲမြဲစွဲနေလျက် တွေ့ခဲ့ရပါတယ်။

ဒါကြောင့် ဒီနိမိတ်ဟာ သာသနာအတွက် ထူးခြားပါမယ်။ ဗုဒ္ဓသာသနာ စည်ကားတိုးတက်မယ့် နိမိတ်ပါ။ တိုက်ဆိုင်ခဲ့တဲ့ ဖြစ်ရပ်တွေ စေတီတော်များစွာမှာ တွေ့ဖူးမြင်ဖူးခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ကျောက္ကာကျောင်း ဆရာတော်လေးကိုတောင် ဒီလိုလျှောက်ခဲ့ပါသေးတယ်။

'ဆရာတော် အဲဒီ ပျားစွဲတဲ့ နိမိတ်ဟာ သိပ်ကို ကောင်းပါတယ်ဘုရား၊ ဆရာတော်အတွက်လဲ ကောင်းတယ်။ ဆရာတော်တို့ ကျောင်းနဲ့ စေတီတော်တွေလဲ အလွန် စည်ကားတိုးတက်မှာပါဘုရား။ ဆရာတော် ဆက်ပြီး ကြိုးစားအားထုတ်ရင် အားထုတ်သလောက် အောင်မြင်မှာပါဘုရား'

'ဝမ်းသာပါတယ် ဒကာကြီး၊ ဦးပဥ္စင်းတော့ ငယ်လဲငယ်သေးတော့ ဒကာကြီးတို့လို အားပေး အကြံပေးတာတွေ လက်ခံပါတယ်။ ကြိုးစားမှာ ဒကာကြီး'

ကျွန်တော်ဟာ ယခုထက်တိုင် ကျန်ရှိတည်မြဲနေသေးတဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မထင်မှတ်ဘဲ မြင်တွေ့ကြားသိခဲ့ရလို့ မှတ်တမ်းတင်ခဲ့ရလို့ အလွန်ဝမ်းသာခဲ့ရပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ အားလုံး ဒီယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းကြရမှာ မဟုတ်လား၊ ဖော်ထုတ်ကြမှာ မဟုတ်လား။

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



အမှတ်တံဆိပ်

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆိုတော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများစွာ နည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, ရွဲ့မှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့ သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . .** "

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း — ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး — အောင်သိဒ္ဓိဆေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူချောင် တောင်တန်းတစ်ခွင်မှ


ယခင်လမှ အဆက်

ဖြစ်စဉ်ထူးခြား ကြည်ညိုဖွယ်ရာများ (၃)

ပြုံးသော်တာ



◆ အရိယာသိမ်တော်



သိမ်တွင်းရုပ်ပွားတော် ◆

ဤသိမ်ကို ၁၂၉၀ ပြည့်နှစ် သီတင်းကျွတ်လဆုတ်(၅)ရက်နေ့တွင် **ဝေဘူဆရာတော်၊ မြင်းခြံ စွန်းလွန်း ဆရာတော်၊ ရွှေဘိုပုသိမ်တောရ ဆရာတော်**(ဝေဘူဆရာတော်၏ ကမ္မဋ္ဌာန်းနည်းပြဆရာ)၊ ညောင်လွန့်တောရ ဆရာတော်၊ သိမ်တောင်တောရ ဆရာတော်၊ မိတ္ထီလာရေလယ် ဆရာတော်စသည့် ဆရာတော်ကြီးများ သမုတ်တော်မူခဲ့ကြောင်းနှင့် မူလသိမ်အဆောက်အအုံကို ကျောက်ဆည်မြို့၊ ဖောင်ရွာရပ် ဦးပျော့မိသားစု လှူဒါန်းကြောင်း ကမ္ပည်းမှတ်တမ်းကို တွေ့ရသည်။

**မူလအဆောက်အအုံ ပျက်စီးသွားသော်လည်း မူလသိမ်သကေတများကို ရှာဖွေ၍ ကမ္ပည်းတင်ထားသည်ကို တွေ့မြင်ရခြင်းကြောင့် မှတ်ထားသူ တည်ဆောက်ရှင်များ၏ စိတ်ရင်းစေတနာကို ချီးကျူး သာဓုခေါ်ရပေသည်။**

နံရံတွင် မူလသိမ်တော်နှင့် သိမ်သမုတ်တော်မူကြသော ဆရာတော်ကြီးများ စီတန်းထိုင်နေကြပုံ ဓာတ်ပုံ မှတ်တမ်း ချိတ်ဆွဲထားသည်။ ဆေးသား ပျက်ယွင်းစ ပြုနေပြီဖြစ်သော်လည်း မူလသိမ်နှင့် ဆရာတော်ကြီးများကို ကြည်ညိုနိုင်သေးသည်။ တန်ဖိုးကြီး အထောက်အထားတစ်ခု ဖြစ်ပေသည်။

ရဟန္တာဟု သမုတ်ကြသော ပဋိပတ်နယ်၌ ထင်ရှားသည့် ဆရာတော်ကြီးများ သမုတ်ခဲ့သည့် သိမ်တော်ဖြစ်လေရာ **သစ္စာဆိုကျမ်းကိုင် မီးပြိုင်မှုများ** ထိရောက်၍ ဒိဋ္ဌ အကျိုးခံစားရသော ထူးခြားသည့်သိမ် ဖြစ်သည်။

မိမိတို့ ပြုပြီးသမျှ ကောင်းမှုအစုစုကို သစ္စာဆို တိုင်တည်ကာလိုရာ ဆုပန်လေ့ရှိကြသည်ဟု သိသည်။




## ပညတ်သွားရာ ဓာတ်သက်ပါ

ထိုမှ မွှောရုံတစ်ဆောင်အနီးသို့ ရောက်သော် ဒေါ်မာလာရီက မန်ကျည်းပင်ငယ်ကလေး တစ်ပင်ကို လက်ညှိုးညွှန်ပြ ပြောဆိုသည်။

'ဟောဒီ မန်ကျည်းပင်က ဆရာလေး ဝေဘူချောင်ကို စ,ရောက်ကတည်းက ဒီအရွယ်ပဲ။ ဒီနှစ်မှ အညွန့်တွေ ဖြာထွက်လာတာပါ။ (၄၂)နှစ်တာ ကာလအတွင်းမှာ လူတစ်ရပ်ထက် ပိုမမြင့်ဘူး။ ထူးထူးခြားခြား အရွယ်မပြောင်းတဲ့ မန်ကျည်းပင်ပေါ့'

ဤမန်ကျည်း **(အခေါ်ပညတ်အရ မကြီးပင်)**မှာ **"မကြီးသော" "မန်ကျည်း"**ဖြစ်နေရာ ပညတ်အတိုင်း ဓာတ်သက်ပါနေခြင်း ဖြစ်

www.burmeseclassic.com



◆ သိမ်တွင်းကျောက်စာ

သည်။

ဝေဘူချောင်တွင် ဝိသေသ ထူးခြားလှသော ရေဖြူတွင်းနှင့် ရေပြာတွင်းတို့က "ရေဘူး" ဓာတ်ရန် နှစ်ထပ်မြတ်သော အစုဖွဲ့ကာ ဝဂ္ဂုတ္တမ ဖြစ်တည်နေ၏။ ဥစ္စာလို ရန်ကြိုဟ်ရှာနိုင်သည်။

ထို့ကြောင့် ဝေဘူချောင်မှ ဓာတ်သက်ပါသော မန်ကျည်းပင်နှင့် ပတ်သက်သော ရက္ခစိုးမှအစ မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်တို့အား မေတ္တာပို့ အမျှဝေကာ ဥစ္စာရကြောင်း ဆုတောင်းနိုင်လေသည်။

လောကီဥစ္စာ တစ်ရပ်ဖြစ်သော အရွယ်တင်နုပျိုခြင်းကို လိုလားကြသည့် ကြတ္တိယကြီးငယ်တို့လည်း မိမိတို့ လိုရာကို ဆုတောင်းပြည့်ဝနိုင်သည်။

မကြီးသော မန်ကျည်း နံတူထပ်၍ ကျန်းမာရေးအတွက် ဆေးဝါးအဖြစ်လည်း အသုံးပြုနိုင်ကြလေသည်။

## ဆရာတော်ကြီးရုပ်တုနှင့် ဝေါယာဉ်

ယင်းနောက် ရေခဲမွှောရုံတွင်းသို့ ဝင်ရောက်လေ့လာသည်။ မွှောရုံအလျှုရှင်မှာ ရေခဲစက်လုပ်ငန်း လုပ်ကိုင်သဖြင့် ရေခဲမွှောရုံဟု ခေါ်ခြင်းဖြစ်ကြောင်း သိရသည်။

မွှောရုံအတွင်း၌ ဝေဘူဆရာတော်ကြီးရုပ်တုကို ဝေါယာဉ်နှင့်တကွ ပူဇော်ထားသည်။ ဆရာတော်ကြီးသည် ဝေဘူ၊ ရွှေဘိုအောင်မြေနှင့် အင်ကြင်းပင်တောရများသို့ သုံးလစီ ကြွရောက်သီတင်းသုံးရာ သက်တော် ကြီးရင့်လာသောအခါ ဤဝေါယာဉ်ဖြင့် ကြွတော်မူသည်ဟု သိရသည်။

ပထမ ဝေဘူဆရာတော်ကြီး ထင်ရှားရှိတော်မူစဉ်က ဥပုသ်နေ့ ညနေ(၅)နာရီခန့်တွင် ပူဇော်ထားသော ဘုရားရှင်နှင့် ရဟန္တာဓာတ်တော်များအား ဝေဘူချောင်အတွင်း လှည့်လည်၍ အပူဇော်ခံယူလေ့ ရှိခဲ့သည်။

ဆရာတော်နှစ်ပါး မရှိတော့သည့်နောက်တွင် ဘုရား၊ ရဟန္တာဓာတ်တော်များ၊ ပထမ,ဒုတိယဆရာတော်များကို ပင့်ဆောင်လှည့်လည်ရာ၌ ဤရုပ်တုနှင့် ဝေါယာဉ်ကိုလည်း ပင့်ဆောင်အပူဇော်ခံလေ့ရှိကြောင်း သိရသည်။

## စည်တော်စင်

ရေခဲမွှောရုံမှ ဆရာတော်ကြီးရုပ်တုအား ဂါရဝပြု၍ ပြန်ထွက်လာရာ စံကျောင်းအနီး သစ်ပင်များအကြား၌ စည်တော်စင်ကို တွေ့ရသည်။ ဒေါ်မာလာရီက...


'နေ့ရက်တော့ မမှတ်မိတော့ဘူး။ ဆရာတော်ကြီး တရားဟောနေတုန်း အဲဒီ(စည်တော်စင်)နေရာမှ မြွေကြီးတကောင်က





www.burmeseclassic.com

www.burmeseclassic.com



◆ မူလသိမ်နှင့် ဆရာတော်များဆုံ

ဖားတစ်ကောင်ကို မျိုတော့မယ့်အချိန် လူတွေ တွေ့လို့ခြောက်လှန့်ကြတယ်။

ဆရာတော်ကြီးက တားမြစ်ပြီး "ရော့... ရော့...ဒီကိတ်မုန့်ကျွေးလိုက်"လို့ ပြောပြောဆိုဆို ကိတ်မုန့်တစ်ပိုင်း ကမ်းပေးတယ်။

ဒကာတွေလဲ သတိနဲ့ ချဉ်းကပ်ပြီး မြွေကြီးရှေ့ကို ကိတ်မုန့် ချပေးလိုက်တယ်ဆိုရင်ပဲ မြွေကြီးက ဖားကို လွှတ်ပြီး ကိတ်မုန့်ကို ကိုက်ချီသွားတာ တွေ့ရတယ်။ မြွေကိတ်မုန့်စားတာ အဲဒီတစ်ခါပဲ တွေ့ဖူးတယ်"

ဟု ပြောပြသည်။

မြွေကြီးသည် သူ့အစာဖြစ်သော ဖားကိုလွှတ်ကာ ကိတ်မုန့်ကို ကိုက်ချီခြင်း ဖြစ်ရပ်ဆန်းသည် ဝေဘူဆရာတော်ကြီး၏ မေတ္တာအဟုန်ကြောင့် ဖြစ်သည်ဟု ယူဆရလေသည်။

ထိုနေရာသည် အောင်မြေနေရာ ဖြစ်သည်ဟု ဆရာတော်က မိန့်ကြားသဖြင့် ဒါယကာများက အထိမ်းအမှတ်ဖြစ်စေရန် **စည်တော်စင်** တည်ဆောက်ခဲ့ကြသည်။ ဆရာတော်ကြီးက ယင်းစည်တော်ကို **အဘယဓမ္မစည်တော်** ဟု အမည်ပေးခဲ့ကြောင်း သိရသည်။

◆ စံကျောင်းအဝင်စောင်းတန်းမုခ်ဦး



## လှေတော်ဆောင်

စည်တော်စင်အနီးမှ ကျော်လွန်လျှင် ဆရာတော်ကြီး၏ စံကျောင်းသို့ တက်ရောက်နိုင်သော စောင်းတန်းမုခ်ဦးသို့ရောက်သည်။ ထိုမုခ်ဦးမျက်နှာစာတွင် "**ရွှေသာလျောင်းတောင်တက်ကားလမ်း**"ဟူသော လမ်းညွှန်ဆိုင်းဘုတ်လည်းရှိသည်။

မုခ်ဦးရှေ့လမ်းမှ ရွှေသာလျောင်းတောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့်

www.burmeseclassic.com

တက်ရောက်နိုင်သည်ဟု သိရသည်။

ထိုမှအလွန် လမ်းဘယ်ဘက် တောင်ဘက်တွင် ရေကန်ငယ်တစ်ကန် ရှိသည်။ ကန်ပေါင်အရှေ့ဘက် ကုန်းမြင့်တန်ဆောင်းတွင် ပလ္လင်ထက်၌ လောင်းလှေငယ်တစ်စင်းနှင့် လှေထက်တွင် တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။

ပန်း၊ ဆီမီး၊ အမွှေးတိုင် မပြတ် ပူဇော်ဟန်ရှိ၍ ပလ္လင်ခြေဝန်းကျင်၌ သန့်ရှင်းသပ်ရပ်စွာ မြင်တွေ့ရသည်။


ပထမ ဝေဘူဆရာတော်ကြီး ရှိစဉ်ကာပင်လျှင် မိုးအကုန်၊ ရေကန်တွင်းရေပြည့်ချိန် သီတင်းကျွတ် တန်ဆောင်မုန်းလခုနှစ်တွင် လှေတော်အား ကန်ရေတွင်ချ၍ ရုပ်ပွားတော်ကို ပန်း၊ သစ်သီးများ ဝေဆာစွာ ကပ်လှူ၊ လှေတွင် အလှဆင်၍ ဆီမီးနှံသာ ပူဇော်သည်။

ထို့နောက် ကန်ပေါင်ရှေ့နောက်နှစ်ဖက်ရှိ သီလရှင်များ၊ ယောဂီအမျိုးသမီးများ ကကြိုးဖြင့် ရှေ့တိုးနောက်ငင် ဆွဲယူလှုပ်ယမ်းကာ ဆရာတော်ကြီး ရေးစပ်ပေးသော ဓမ္မတေးကို သံပြိုင်ကြွေးကြော်ပူဇော်လေ့ ရှိကြသည်။

သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုယ်တိုင် ကြွရောက်သည့်ပမာ ရည်မှတ်ကာ ကြည်ညိုလေးစား ကော်ရော်ကြခြင်းဖြစ်သည်။

အပြောကျယ်လှသော သံသရာဝဲဩဃတွင် ကျင်လည်နေကြသူ လောကသားများအတွက် မြတ်စွာဘုရားရှင်က ဓမ္မလမ်းညွှန် ကယ်တင်ချွတ်တော်မူခြင်းကို ဖော်ကျူးကြောင်း သိရှိရသည်။

ဝေဘူချောင်၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ် ဖြစ်သည့် **ချေဖြူ၊ ချေပြာတွင်း**များသည် အာပေါဓာတ် သရုပ်မှုကြသည်။



◆ ချေမာလာရီ(ခဲ)၊ ချေပညာ(ယာ)

အာပေါဓာတ်သည် ယိုစီးခြင်း၊ စိမ့်ဝင်ခြင်း၊ ခွဲခြား၍မရ တစ်သားတည်း ဆက်စပ်နေခြင်း သဘောများ ဆောင်လေရာ ကမ္ဘာလောကတွင်းရှိ လူမျိုးအဖုံဖုံ အသားအရောင် ဘာသာစကား ရုပ်ရည်သွင်ပြင် မခွဲခြားဘဲ ဗုဒ္ဓ၏ ကရုဏာတော်အောက်၌ ဓမ္မရေစင် သွန်းဖျန်းကာ အတူတကွ အေးမြချမ်းသာရစေခြင်း နိမိတ်ကောင်း ဆောင်ယူသည်ကို တွေ့ရပေသည်။


**ဆရာတော်ကြီး ရေးစပ်ပေးသည့် ကောင်းကင်ချိုး ဓမ္မတေး**

ရွှေဘုန်းဖော်တိုး လွှမ်းမိုးဖြာဖြာ စေတီတော်များ တည်ထားရာရာ၊
သဒ္ဒါသွန်ဖူး ကွန့်မြူးစေရာ ဝေဘူနန်း ကြွလှမ်းချီးမြှင့်ပါ။
ဝေဘူရေနန်း အေးချမ်းသာယာ ကရုဏာများ ဘုရားမြတ်စွာ၊
သစ်သီးနှင့်ပန်း ဆွမ်းလှူပါပါ ဖောင်တော်နန်း ကြွလှမ်းချီးမြှင့်ပါ။
ဖောင်ရှင်ဆောင်နန်း သောင်ကမ်းကိုဝင် ဒါနဆန်းမြတ် မပြတ်ပြုပြင်၊
လှူရှင်နတ်ပေါင်း သောင်းသောင်းပျော်ရွှင် အားမရ ပွားကြကုသိုလ်ပယ်၊
သာသနာငါး ရှည်လျားတည်ရန် ပြဟ္မာလူနတ် သူမြတ်တန်တန်၊
သဒ္ဒါရွှင်လန်း ဆင်မြန်းနိဗ္ဗာန် ကန်တော်ကြီး အပြီးညီညာဖန်၊
ကောင်းကင်စွန်းက သွန်းချရေချို ပိုင်းခွဲရစ်သန်း တောင်တန်းပြိုင်စို
ချောက်အများနှင့် မြောင်းကထိုထို သွင်သွင်စီး ကန်ကြီးဝေဘူကို

**ကောင်းကင်ချိုး**

တိုးတက်အစဉ် ပြည်ခွင်သာအေး မြိုက်လှေလှလေး ဆိုက်လေကြရေး
ရစ်တွေညစ်ကြေး စင်ရေးတွေးမျှော် မဂ္ဂင်မြဲသွေ လွှဲစေနဲ့နော်၊
ဘုံဆောင်ပေါ် ဗောဓိမျှားမှ ရှင်မြူးပူဇော် ပြည်အေးဖော် ခေါ်ပါကြ များပျော်ကြရေး။

www.burmeseclassic.com






▲ တန်ဆောင်တွင်းမှ လှေလယ်နှင့်ရုပ်ပွားတော်

အဘယသေ့ရည်တော်ဆင် ▶

▼ သုံးဆင့်ကန်တော်



ဤမှုတေးကို ဒေါ်မာလာရီ၏ ဆော်ဩမှုဖြင့် ကျောက်စာကမ္ပည်းတင် လှေတော်ဆောင်သုံးဆင့် ကန်ဦးတွင် စိုက်ထူထားသည်ကို တွေ့ရ၏။ ဒေါ်မာလာရီကပင် ဆရာတော်ကြီး ရှိစဉ်က သင်ပြတော်မူခဲ့သည့်အတိုင်း မှုတေး ရွတ်ဖတ်ပူဇော်ကြပုံကို အသံ နေ အသံထားဖြင့် ရွတ်ဆိုပြလေသည်။

## ဒေါ်မေခာဝီကျောင်း

ထိုမှ အသစ်မွမ်းမံထားသည့် အုတ်တိုက်တစ်ဆောင်မှာ အမေရိကန် သီလရှင် ဒေါ်မေခာဝီ သီတင်းသုံးနေထိုင်ခဲ့ရာ ကျောင်းဖြစ်ကြောင်း သိရသည်။

ဒေါ်မေခာဝီသည် စင်ကာပူသို့ အလည်အပတ် ရောက်ရှိရာ၌ ဝေဘူ ဆရာတော်အကြောင်း ကြားသိရသဖြင့် မြန်မာနိုင်ငံသို့ ခေတ္တဝင်ရောက်၍ ဝေဘူဆရာတော်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုအချိန်တွင် အသက်(၂၅)နှစ်အရွယ်ဖြစ်သည်။ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့သို့ ပြန်သွားပြီးနောက် လအနည်းငယ် အကြာတွင် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ကာ ဝေဘူဆရာတော်ထံမှ ဝိပဿနာနည်းနိဿယများ ခံယူလျက် သီလရှင်ဝတ်ဖြင့် အားထုတ်ခဲ့သည်။

နှစ်နှစ်ကျော်မျှ နေထိုင်အားထုတ်ခဲ့ရာ ဆရာတော်ကြီး ကြွမြန်းရာ ဝေဘူ၊ ရွှေဘိုအောင်မြေ၊ အင်ကြင်းပင် သုံးဌာနစလုံးသို့ လိုက်ပါ နေထိုင်ခဲ့ဖူးသည်။

ယခု အုတ်တိုက်မှာ ဒေါ်မေခာဝီ ကိုယ်တိုင် ဆောက်လုပ်လှူဒါန်းကာ ဝေဘူ ချောင်တွင်ရှိစဉ် သီတင်းသုံးခဲ့ရာ ကျောင်းဖြစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

**ငြိမ်းသော်တာ**

www.burmeseclassic.com

# နေ့ဝင်မီးလက် စီးပွားတက်



ဂါမဏိကျော် (ဗိဇ္ဇာဓရ)
စစ်ကိုင်း

## ယတြာအစီအရင်

တစ်နေ့တွင် ကိုသံချောင်းဆိုသူသည် ကျွန်ုပ်အထံသို့ ရောက်ရှိလာလေ၏။ ထိုကိုသံချောင်းသည် ဗေဒင်အင်းအိုင် စသော လောကီပညာရပ်များကို လွန်စွာ ဝါသနာပါလေ၏။

အခွင့်ကြုံလျှင် ကြုံသလို ကျွန်ုပ်ထံမှ ဗေဒင်ပညာရပ်များကို မေးမြန်းလေ့လာတတ်သူ ဖြစ်ပေသည်။

'အာစရိ ဖိမ်ကျနေတာပေါ့ ဟန်ကျပြီဗျာ စကားလေးဘာလေး ပြောရတာပေါ့'

ဟု ကိုသံချောင်းမှ နှုတ်ခွန်းဆက်လျက် ကျွန်ုပ်အနားသို့ ဝင်ထိုင်လေ၏။

'ဘယ်က လှည့်လာသတုန်း ငါ့လူရ'

ဟု မေးသောအခါ...

'ဘယ်ရယ် ဟုတ်ပါဘူးဗျာ၊ မြို့ထဲကိစ္စလေးတစ်ခုနဲ့ လာရင်း အာစရိဆီဝင်လာတာပါ'

ဟုဖြေလေ၏။

'အင်း...ကောင်းပါ့လူမှုရေး။ စီးပွားရေးတွေ အဆင်ပြေရဲ့ မဟုတ်လား'

ဟု ကျွန်ုပ်မှ မေးသောအခါ...

'ဒီလိုပေါ့ အာစရိရယ် အဲဒီကိစ္စကိုလဲ မေးချင်တယ်ဗျ'

'ဘာကိစ္စလဲဟ နှင့်ဟာက'

ဟု ထောက်လျှင်...

'ဒီလို အာစရိရ စီးပွားရေး၊ လူမှုရေးတွေကို ပေါပေါ့ပါးပါးနဲ့ အဆင်ပြေစေတဲ့ နည်းလေးများ မရှိဘူးလားလို့ မေးချင်တာ'

'အောင်မယ်လေးဗျာ လွယ်လွယ်နဲ့ အဆင်ပြေဖို့ဆိုတာ လွယ်မှတ်လို့ ကိုသံချောင်းရယ်၊ မှတ်ထားဗျ လောကီလောကုတ္တရာ ဘယ်အရာကိစ္စမျိုးမဆို အဓိပတိတပ်မှ ပိုင်ပိုင်နိုင်နိုင် ရရှိပြီး မြောက်တတ်တာမျိုးဗျ။

အဓိပတိတပ်တယ် ဆိုတာက ကိစ္စတစ်ခုကို စွဲစွဲမြဲမြဲ ပြင်းပြင်းပြပြ ကြိုးစားလုပ်ကိုင်တာမျိုးကို ဆိုတယ်။

အဲဒီမှာ အဓိပတိ (၄)မျိုး ရှိတယ်ဆိုတာ မှတ်လိုက်ဦး...

၁။ **ဆန္ဒာဓိပတိ**တဲ့ လိုချင် ဖြစ်ချင်တဲ့ ဆန္ဒကို ဘယ်တော့မှ အပျက်မခံဘဲ စွဲမြဲတဲ့ စိတ်ဆန္ဒ ရှိရခြင်း၊

၂။ **စိတ္တာဓိပတိ**တဲ့ ထိုဆန္ဒကို အမြဲတမ်း ပြည့်ဝရအောင် စိတ်က ပံ့ပိုးပေးပြီး စိတ်ဓာတ်ခိုင်မာမှု အမြဲရှိရခြင်း၊

၃။ **ဝီရိယာဓိပတိ**တဲ့ ဖြစ်ချင် ရချင်တဲ့ ဆန္ဒနဲ့စိတ်ကို ပျင်းရိနှောင့်နှေးမှု မရှိစေဘဲ အမြဲတမ်း ကြိုးစားလုပ်ကိုင်နေတဲ့ ဝီရိယရှိရခြင်း၊

၄။ **ဝီမံသာဓိပတိ**တဲ့ လုံ့လဝီရိယချည်းနင်းကန်လုပ်နေလို့ မဖြစ်နိုင်ပေဘူး။ အကောင်း အဆိုး အမှား အမှန် ခွဲခြားနိုင်စွမ်း ပညာနဲ့ အမြဲတမ်း စစ်ဆေးနေပြီး ကာလဒေသအလိုက် လုပ်ကိုင်ရခြင်းဆိုတဲ့ ပညာရှိရခြင်းလို့ (၄)မျိုးရှိတယ် ကိုသံချောင်းရဲ့'

ဟု ကျွန်ုပ်မှ ရှည်လျားစွာ ရှင်းပြလိုက်သောအခါ...

'အာစရိရယ်... ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးမိကာမှ ဆေးအတွက်လေး ဆိုသလိုပါလား။ အာစရိပြောတာကို သဘောပေါက်ပါတယ်ဗျာ၊ ကျွန်တော်ဆိုလိုတာက အချိန်အများကြီး မပေးရ အကုန်အကျလဲနည်းတဲ့ အစီအရင် လုပ်နည်းကို ပြောတာပါ။

သေးသေးကြီးကြီး ဘယ်ကိစ္စမဆို ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲလုပ်ဗျ၊ အောင်မြင်မယ် ဆိုတာကတော့ သိပါတယ်။ အာစရိရဲ့ တပည့်ပါ'

ဟု ကိုသံချောင်းမှ ပြောလေ၏။

'ဟုတ်ပါ့ပြီဗျာ ခင်ဗျားနဲ့လဲ အဆင်ပြေ၊ လူတကာလဲ အဆင်ပြေပြီး လွယ်ကူစွာ လုပ်ဆောင်နိုင်တဲ့ စီးပွားတက်ကြောင်း အစီအရင် ရှိပါတယ်ဗျာ ကြားဖူးလား...

"နေ့ဝင်မီးလက် စီးပွားတက်"

ဟု ကျွန်ုပ်မှ ပြောလျှင်...

'အဲ့လိုလုပ်စမ်းပါ အာစရိရာ၊ အာစရိပြောတာကို ကြားဖူးတယ်ဗျ၊ ဘယ်လိုလုပ်ရမလဲ ပြောစမ်းပါ'

ဟု ပျော်ရွှင်သွားသော မျက်နှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကိုသံချောင်းမှ မေးလေ၏။

'နေဝင်တဲ့အခါမှာ မီးထွန်းပေါ့ကွ စီးပွားတိုးတက်လာလိမ့်မယ်'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'အဲလောက်တော့ မလွယ်နဲ့လေ အာစရိရဲ့၊ နေဝင်လို့ မီးထွန်းတာနဲ့ စီးပွားတက်ရောလားဗျာ'

ဟု အလိုမကျသံဖြင့် ကိုသံချောင်းမှ ပြောလေ၏။

'နို့... ခင်ဗျားပဲ အလွယ်ကြိုက်ဆို၊ အခုတော့ မယုံသလိုပါလား။ ဒါပေမယ့် အလွယ်ဖြစ်လာတာများ မှတ်မနေနဲ့ဗျ ရေး စာရွက်နဲ့ဘောလ်ပင် လိုက်ရေး ကြည့်စမ်း'

ဟုပေးကာ အောက်ပါအတိုင်း ရှင်းပြလိုက်ရလေသည်။

"နေဝင် မီးလက် စီးပွားတက်"

* * *

| | | |
|---|---|---|
| **နေ** | =စနေဂြိုဟ်သင်္ချာ | =၁၀ + |
| **ဝင်** | =ဗုဒ္ဓဟူးဂြိုဟ်သင်္ချာ | =၁၇ |
| | | ၂၇ = ၉ နဝင်း |
| **မီး** | =ကြာသပတေးဂြိုဟ်သင်္ချာ | =၁၉ + |
| **လက်** | =ဗုဒ္ဓဟူးဂြိုဟ်သင်္ချာ | =၁၇ |
| | | ၃၆ = ၉ နဝင်း |
| **စီး** | =အင်္ဂါဂြိုဟ်သင်္ချာ | = ၈ + |
| **ပွား** | =ကြာသပတေးဂြိုဟ်သင်္ချာ | =၁၉ |
| | | ၂၇ = ၉ နဝင်း |

အထက်ပါအတိုင်း ကျွန်ုပ်မှ ရှင်းပြလိုက်ရာ...

'ဟုတ်ကဲ့ အာစရိရေ ဒီညကစပြီး မီးထွန်းမယ်ဗျာ၊ နဝင်းကိုက်ကိုးဗျ'

ဟု ကိုသံချောင်းမှ အားရပါးရပြောလေ၏။

'အံမယ် ဒီညက စထွန်းမယ်တဲ့၊ လွယ်တာဗျာ၊ ကဲ ဘာမီးနဲ့ ထွန်းမှာလဲ၊ ဘယ်အချိန်မှာလဲ၊ ဘာတွေ ရွတ်ဆို ပူဇော်ရဦးမှာလဲ သိရဲ့လား'

ဟု ကျွန်ုပ်မှ မေးသောအခါ...

'အဲ...အဲဒါတော့ အာစရိပဲ ဆက်ပြီး အမိန့်ရှိဦးလေ'

ဟု ရယ်ကျဲကျဲနှင့် ကိုသံချောင်းမှ ပြောလေ၏။

'ကဲ...မှတ်ဦး စာရွက်ပေါ် **"နေဝင် ည(၆)နာရီအချိန်မှာ ဆီမီးခွက်နဲ့ ဆီမီးစာထည့်ပြီး ဘုရားစင်မှာဖြစ်စေ၊ မြင့်မြတ်သန့်ရှင်းတဲ့ နေရာမှာ ဖြစ်စေ ထွန်းညှိရမယ်။**

**ဆီကတော့ နှမ်းဆီ၊ ပဲဆီ** အစရှိတာပေါ့ လွယ်ရာရှိရာ ထည့်ရမယ်။ ဖယောင်းမသုံးရဘူး။

ဒီတော့...

* * * ⟶

ဒီရောဂ မည်သူမဆို စီးပွားဥစ္စာတိုးတက်၍ မိသားစုတို့ ကိုယ်စိတ်နှစ်ပါးချမ်းသာစေလိုပါလျှင်...

**ဖော်ပြ နေဝင်သည့် (၆)နာရီ အချိန်တွင် ကိုယ်လက်သန့်စင် စေလျက် ဆီမီးခန်းဘုရားတွင် ထီးမီးပူဇော်ရမည်။**

**ပူဇော်သောအခါ၌ရွတ်ဆို ပူဇော်ရန်ဂါထာ...**

ပေါ်မိတ္တံ ဟိတံ ဝန်
ပေါ်လာဘံ ပေါ် သုခံ
ပေါ်ဓေယျံ ပေါ်မင်္ဂလံ
သဗ္ဗသိဒ္ဓိ ပေါ် ပေါ်။

**အနက်**

**မိတ္တံ**–စီးပွားအကျိုး ပွားတိုးလိုလတ် မိတ်ဆွေမြတ်သည်၊ **ပေါ်**–လာလော့၊ **ဟိတံ**–ဥစ္စာပစ္စည်း ပွားစီးများပြား အစီးအပွားသည်လည်းကောင်း၊ **ဓန်**–ဆန်ဆီ၊ စပါး၊ ဝတ်စား၊ ရွှေ ငွေ အထွေထွေသော ဥစ္စာသည်လည်းကောင်း၊ **ပေါ်**–လာလော့၊ **လာဘံ**–ရသင့်ရရာ အဖြာဖြာကို သေချာရတတ် လာဘ်လာဘသည်၊ **ပေါ်**–လာလော့၊ **သုခံ**–ကိုယ်စိတ်နှစ်ခု ဆင်းရဲမှုကင်း ချမ်းသာခြင်းသည်၊ **ပေါ်**–လာလော့၊ **ဓေယျံ**–ကြီးငယ်အစုစု အောင်မြင်မှုသည်၊ **ပေါ်**–လာလော့၊ **မင်္ဂလံ**–မကောင်းမှုကွယ် ကောင်းမှုကြွယ်ပြား မင်္ဂလာတရားသည်၊ **ပေါ်**–လာလော့၊ **သဗ္ဗသိဒ္ဓိ**–အလုံးစုံ အမျိုးမျိုး အကျိုး ပြီးစီးခြင်းသည်၊ **ပေါ် ပေါ်**–လာပါ လာပါ မြန်စွာလာလော့။

*[ဤဂါထာတော် ပဋ္ဌာန်အနက်ကို နကွတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပဋ္ဌာန်အယ်ဒီတာဆရာကြီး ဦးသန်းအောင်*

| | | |
|---|---|---|
| ဆီမီးခွက် | | |
| **ဆီ** | = ၃ | ၁၀ **အရွှေ့သမီးဓာတ်** |
| **မီး** | = ၅ | |
| **ခွက်** | = ၂ | |
| ဗီဇာ | | |
| **မီး** | = ၅ | ၈ ရာဟု အမှောင်တမဂြိုဟ် |
| **ဇာ** | = ၃ | |

*ရွေ [မွှာစရိယ(မဟာဝဇ္ဇီဒီမြန်မာဂုဏ်ထူး)၊ ဒီယဘာသာ–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဟူသော **သဗ္ဗသိဒ္ဓိမင်္ဂလာဂါထာ** ကို (၃)ခေါက် ရွတ်ဆိုပူဇော်ရပါမည်။

အထက်ပါအတိုင်း ရှင်းပြလိုက်သောအခါတွင်...

'ကျေးဇူးပဲ အာစရိရေ ဒီစာရွက်ကို ယူသွားပြီး နောက်ကြုံမှ လက်ဖက်ရည် တိုက်တော့မယ်'

ဟု ပြောကာ ကိုသံချောင်းသည် စာရွက်ကလေးအား ခေါက်၍ အိတ်ထောင်ထဲထည့်ကာ ပြန်သွားလေတော့သည်။

**ဂါမဏီဇော်(ဝိဇ္ဇာဓရ)**
**စစ်ကိုင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမဆိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ၏နီးဇေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဇေါ်ခင်ခင်ဇွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးမှုများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံး၀ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ဖန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟာ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ၀က်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာ၀င်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူ၍ ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါ၀ေဒနာရှင်များ အသားထဲ စိမ့်၀င်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါ၀ေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို

လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၉ YR ၃၀၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ ခွဲစိတ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအခေ့ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆန့်ကျင်ဘက်ရောဂါများဖြစ်သော နှလုံး၊ ကျောက်ကပ်၊ မီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သဂ်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ၀မ်း လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တုဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ၀န်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ၀ေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၁၀ အပြို့ပြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## ငရဲဘုရားနှင့် ရှေးမှတ်တမ်းများ (၂)

စင်ဦးလယ်





◄ ကျောင်းဆောင်မှ ပွန်းတုဘုရား

◄ ရွှေတောင်ဦးစေတီ

### ယခင်လမှအဆက်

တန့်ဆောင်းအတွင်း မျက်နှာကြက်ရှိ ကျိုက်တငို အပြင်အဆင်၌ နေလ နှစ်ပါးပုံ ကိုယ်စားပြု ယုန်နှင့် ဒေါင်းမှာ လားရာတစ်ဖက်စီ ကွဲပြားစွာ တွေ့ရသည်။ ယုန်က မြောက်ဘက်သို့ ကျောပေးကာ ဒေါင်းက တောင်ဘက်သို့ ကျောပြုထားသည်။

တစ်ခုနှင့်တစ်ခု ယှဉ်တွဲ၍ ဆန့်ကျင်ခြင်း **"ထိုက်ကျိ"** (Tài Jí)သို့မဟုတ် ငါးနှစ်ကောင် ဒေါင်းအမြီးဆိုင် စုံတွဲပုံစံ ယင်းယုန်းဖိုမ နေလအစီအရင် ဖြစ်ပေသည်။

စေတီပတ်လည်တွင် ဆီမီးတိုင်များ ဝန်းရံထားရာ ဆီမီးအလင်းရောင်ကို ပြင်ပသို့ လှည့်ထားသဖြင့် စေတီအား ပူဇော်သောအခါ ဝန်းကျင်အဖေးမှ မျက်စိပသာဒဖြစ်စွာ ကြည်ညိုနိုင်ရန် ရည်ရွယ်ပုံရလေသည်။

စေတီလိုဏ်တွင်း၌ ရောင်လျှံခြည်နှင့် တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။ ရှေးရုပ်ပွားတော် ဖြစ်သော်လည်း ငရဲဘုရားရုပ်ပွားတော်ထက် နောက်ကျသော လက်ရာဟန် ဖြစ်သည်။ ခေတ်အဆက်ဆက် မွမ်းမံကြသဖြင့် သစ်လွင်သပ္ပာယ်စွာ ဖူးမြင်ရလေသည်။

### အဆောက်အအုံမှတ်တမ်း

ရွှေတောင်ဦးစေတီတွင် ရှေးအထောက်အထား တစ်စုံတစ်ရာ မတွေ့ရသော်လည်း သာမဏေငယ် လမ်းပြတော်မူသဖြင့် ငရဲဘုရားနောက်ဘက် ရွှေတောင်ဦးပင်မတိုက်ကျောင်းအတွင်းရှိ ခေါင်းလောင်းအား လေ့လာ

www.burmeseclassic.com

အာရုံခံတန်ဆောင်း


ဖြစ်သည်။

ကမ္ပည်းအရ ရွှေတောင်ဦးစေတီ လှူဒါန်းမှုမှတ်တမ်းဖြစ်ကြောင်း သိရှိရလေသည်။ အုတ်တိုင်နှစ်ခုအထက် ကရဝိက်ငှက်ပုံစံ သွန်းလုပ်၍ ပြာသာဒ်ဆောင်တင်ထားသော ခေါင်းလောင်းစင် ဖြစ်သည်။


ခေါင်းလောင်းကမ္ပည်းစာမှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀)ကျော် အလှူမှတ်တမ်းဖြစ်ရာ နောင်လာနောက်သားတို့အကျိုးအတွက် ရေရှည် တည်တံ့သော မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိနေပါသည်။ သုတေသီတို့ လေ့လာနိုင်ကြပါသည်။


ခေါင်းလောင်းစာအရ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် ထီးပေါင်းကားအရပ်တွင် နန်းတက်တော်မူသော မင်းတရားကြီးဟူသည် ဘိုးတော်ဗဒုံမင်း ဖြစ်သည်။ အမရပူရနန်းတော်၏ အနောက်မြောက် တာတစ်သောင်းအကွာ (မိုင်၃၀ခန့်) တီတုတ်ရွာမှ ရွာစားမင်း ဘုရင်နန္ဒနှင့် ရွာစားကတော် ရှင်သက်မိဇ်ဇနီးမောင်နှံတို့က ရွာ၏တေဇအရပ် ဘူမိကြန်ကောင်းမွန်သော မြေပြင်၌ ဖိနပ်တစ်ဖက် (၃၃)တောင်၊ ဉာဏ်တော် အမြင့်(၃)တောင်ရှိသော စေတီ တည်ဆောက် ကုသိုလ်ပြုကြောင်း မှတ်တမ်းပြုထားသည်။

တီတုတ်ရွာ၏ မြောက်ဘက်တွင် ကျာသင်ရွာ၊ တူရွာတို့ရှိကြောင်းလည်း ဖော်ပြသည်။ တေဇအရပ်ညွှန်းအရ တီတုတ်ရွာသည် စေတီ၏ တောင်ဘက်စူးစူးမှ အရှေ့သို့ အနည်းငယ်ယွန်းသော (အရှေ့တောင် အနည်းငယ်ယွန်းယွန်း)တွင်ရှိကြောင်း သိရသည်။



မြောက်သို့ ကျောမူသော ယုန်





တောင်သို့ကျောပေးသော ကြောင်




www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေတောင်ဦးရုပ်ပွားတော်



◆ စေတီပြင်ပသို့ ညွှန်သော ဆီမီးတိုင်များ

သို့ဖြစ်ရာ စဉ်လာ ပြောဆို မှတ်သားခဲ့ကြသော ၁၁၄၄ ခုနှစ်သည် စေတီတည်သော သက္ကရာဇ် မဟုတ်ပေ။ ဘိုးတော်ဗဒုံမင်း နန်းတက်သောနှစ်သာဖြစ်၍ စေတီတည် သက္ကရာဇ်မှာ ၁၁၅၉ ခုနှစ်ဖြစ်ကြောင်း သိရသည်။ တည်ဆောက်စဉ်ကပင် ဥဏ်တော် အမြင့် (၅၃)တောင် မြင့်မားစွာရှိခဲ့သည်။

တန့်ဖိုးကြီးမားသော သမိုင်းအထောက်အထား ကမ္ပည်းဖြစ်ပေသည်။

တောဖအဲရပ်မှာ ဘုရား၊ ဂူကျောင်း၊ ဇရပ်၊ တန်ဆောင်း ဆောက်လုပ်သင့်သောအရပ်ဖြစ်ရာ ရှေးဘုရား စသော ရှေးဟောင်းဘုရားစေတီများစွာ ကိန်းဝပ်တော်မူသည်ကို ထောက်ချင့်၍ တီတုတ်ရွာ သို့မဟုတ် ဝန်းကျင်နေရာသည် ရှေးနှစ်ပေါင်းများစွာကတည်းက အခိုင်အမာ စည်ကားစွာရှိသော မြို့ရွာဒေသဖြစ်ခဲ့မည်ဟု မှန်းဆရပေသည်။

## ပဒေသာပင်ဆန်သည့် အပြင်အဆင်

ရွှေတောင်ဦး မော်ကွန်းခေါင်းလောင်းစာကို လေ့လာပြီးနောက် ပြန်ထွက်ခဲ့ရာ စေတီဝင်း၏ မြောက်ဘက်မြေကွက်လပ်တွင် ပဒေသာပင်ဆန်သော တန်ဆာဆင် ပူဇော်မှုကို တွေ့ရသည်။ တောင်ဘက်တွင် စေတီငယ်တစ်ဆူ မြောက်လှည့်မုခ်နှင့် တည်ရှိသည်။ မုခ်ဝဲယာတွင် ဆင်တစ်ကောင်စီ မတ်တတ်ရပ်လျက် ရှိသည်။

ယင်း၏ မျက်နှာချင်းဆိုင် မြောက်ဘက်တွင် ကရဝိက်လှေကြီးတစ်စင်း၊ ရောဝမ်းထဲတွင် ကုလားကျောင်းခံ စေတီသွယ်လျလျ တစ်ဆူတည်ထားသည်။ စေတီတိုက်မအတွင်း ပူဇော်

www.burmeseclassic.com



◆ ခေါင်းလောင်းကမ္ပည်းစာ



◆ ကောင်းမှုကမ္ပည်းခေါင်းလောင်း

◆ ရွှေတောင်ဦးသမိန် တာရစိုက်သုံ
ခေါင်းလောင်းစင်



◆ ရွှေတောင်ဦး နှစ်(၂၀၀)ပြည့်
အုတ်အကျွန်း ဆရာတော်ဦးကေသီဇ္ဇာစာရ

◆ တောင်ဘက်စေတီ








www.burmeseclassic.com

www.burmeseclassic.com






◆ ကရိုက်ချေ့ တည့်တည့်မြင်ကွင်း

ကရိုက်ရင်ဘတ်မှ ထင်တုငယ် ◆

◆ မြောက်ဘက်မှ ကရိုက်လှေ



ထားသော ရုပ်တုရုပ်ပွား မရှိပါ။ ကရိုက်လှေမှာ တောင်စူးစူးသို့ ဦးတည်လျက်ရှိကာ ရင်ဘတ်တွင် မှန်ထွင်းကာ တင်ပျဉ်ခွေ ဆင်းတုငယ် တစ်ဆူ ပူဇော်ထားသည်။

ဤတန်ဆာဆင်ပူဇော်မှုကို ဆရာတော်အား မေးလျှောက်ကြည့်သော အခါ မိမိတို့ငယ်စဉ် ကျောင်းသားဘဝကပင် ဆောက်လုပ် ပူဇော်ထားခြင်း ဖြစ်ကာ အကြောင်းရင်းကို မသိရှိရပါဟု မိန့်ကြားတော်မူလေသည်။

## ဆုတောင်းလျှာ

ဆားတောင်ရွာကြီး၏ စစ်ကိုင်းဘက် အထွက်နားတွင်ရှိသော ဤ ရွှေတောင်ဦးစေတီ ထူးခြားသော တန်ဆာဆင်မှု ရှေးဟောင်း ငရဲဘုရားနှင့် သမိုင်းမော်ကွန်း ခေါင်းလောင်းစာတို့အား လေ့လာကြည့်ညိုပြီးနောက် စိတ်ဝင်တစား ထိန်းသိမ်းကာသိုလ်ပြုမည့် စေတနာရှင် သူတော်တို့ ပေါ်ပေါက်ပါစေဟု ဆုတောင်း ပတ္တနာပြုလျက် အပြန်လမ်းဆီ ဦးတည်ခဲ့ရလေသည်။

**ဇင်ညိုငယ်**

www.burmeseclassic.com

သွေးတိတ်ဂါထာနှင့်

# အထက်လှုန်အောက်လျှောဝေဒနာကို

ကုသနည်းဆေးမြီးတို့

တစ်နေ့ စာရေးသူနှင့် နယ်လှည့် ဆေးကုဆရာဦးမောင်ထွန်းတို့ အုန်းဒုတ်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆုံ ဖြစ်ပါသည်။

စာရေးသူကလည်း ကျောင်းထိုင်ဆရာတော် နေထိုင်မကောင်းသဖြင့် မိမိတွင်ရှိသော သိဒ္ဓိဝင် ဆေးတောင့်ဖြင့် ဆရာတော်၏ ကျန်းမာရေးအတွက် ဆေးကုနေချိန် ဦးမောင်ထွန်းကလည်း ဆရာတော်ကို သွေးချိန်ရန် သွေးချိန်ကိရိယာနှင့် ရောက်လာသည်။


စာရေးသူလည်း သိဒ္ဓိဝင် ဆေးတောင့်ဖြင့် အာရုံကြောနေရာမှ သွေးများ ချထားပေးပြီး တစ်ကိုယ်လုံးကိုလည်း သွေးလေ ဖွင့်ထားတာမို့ သွေးတိုးကျမည့်အကြောင်း ပြောပြပါသည်။

ဆေးဆရာ ဦးမောင်ထွန်းက ဆရာတော်ကို သွေးချိန်ကိရိယာဖြင့် သွေးချိန်ကြည့်ရာ သွေးပေါင်ချိန်မှာ ပုံမှန်ရှိကြောင်း ပြောပြပါသည်။

ဆရာတော်ကို သွေးချိန်ပြီး စာရေးသူနှင့် နယ်လှည့် ဆေးကုဆရာဦးမောင်ထွန်းတို့ ရောဂါ ဝေဒနာများအကြောင်း ဗဟုသုတ ဖလှယ်ကြရင်း သူက သူ၏အိမ်တွင် ဆေးပင်ပေါင်းစုံ စုဆောင်းစိုက်ပျိုးထားကြောင်း...

အရေးကြုံလျှင် ကောက်ကာငင်ကာ တူးယူ၍ ဆေးကုသရန်ဖြစ်ကြောင်းနှင့် ဆရာဦးမောင်ထွန်းက စာရေးသူအား အလွယ်တကူ ကုသပျောက်ကင်းနိုင်သည့် **သွေးတိတ်မန်းဂါထာတစ်ပုဒ်နှင့် အထက်လှုန်အောက်လျှော ဝေဒနာကုသနည်းကို** စာရေးသူအားဆေးနည်းပေးခဲ့ပါသည်။

စာရေးသူတို့ နေထိုင်ကြသည့် ပတ်ဝန်းကျင်တွင် ထိခိုက်၍ပဲဖြစ်ဖြစ်၊ ခွန်ရှားရုပဲဖြစ်ဖြစ်၊ အပူရှိန် လွန်ကဲရာမှ နှာခေါင်းမှ သွေးမတိတ်ဘဲ သွေးယိုစီးနေခြင်းများ။



အမျိုးသမီးများ သွေးသွန်နေခြင်းများ ကြုံတွေ့ခဲ့ပါက ပုဆိုးစုပ်၊ အဝတ်စုပ်၊ တစ်ရှူးဖြင့် လည်းကောင်း၊ စူးရှဒဏ်ရာများ သွေးအထွက်လွန်ပါက အနီးအနားရှိ သစ်ရွက်သော် လည်းကောင်း၊ စက္ကူစသော် လည်းကောင်း၊ အဝတ်စသော်လည်းကောင်း ယူဆောင်၍ အောက်ပါ သွေးတိတ်ဂါထာကို (၉)ခေါက်ရွတ်ဆိုကာ သုတ်ပေးခြင်း၊ ဖိထားပေးခြင်းတို့ဖြင့် သွေးများ အလိုလိုရပ်သွားပေလိမ့်မည်။ ရွတ်ဆိုရန် ဂါထာမှာ...

'ဥုံ ဂန္ဓာ အမုမှိ ဩကာသေတိဋ္ဌာဟိ သွေး... တိတ်ဆရာတိတ်... ပိတ်ဆရာပိတ် ဝိဆရာအမိန့်'

ခက်ခဲသော ပါဠိအဓိပ္ပာယ်

| | | |
|---|---|---|
| **ဥုံ** | = | အုံ |
| **ဂန္ဓာအမုမှိ** | = | ဂစ်ဆာအန်မုန်မှိ |
| **ဩကာသေ** | = | အောကာသေ |
| **တိဋ္ဌာတိ** | = | တိတ်ထာဟိ |

သွေးတိတ်ဂါထာကို ပေးသွားသူမှာ ဟိုပင်မှ ဦးချစ်ဆွေဖြစ်ကြောင်း စာရေးသူအား ပြောပြပါသည်။

**နောက်** **ဆေးနည်းတစ်ခုမှာ** ကလေးသူငယ်များ၊ အမျိုးသား၊ အမျိုးသမီးများ မည်သူမဆို အစားအသောက် မဆင်ခြင်ကြ၍ အထက်လှုန် အောက်လျှောဖြစ်လာပါက လွယ်ကူစွာ ကုသသော ဆေးမြီးတိုပင် ဖြစ်ပါသည်။

အထက်လှုန် အောက်လျှောဖြစ်လာလျှင် ညောင်ရွက်ကို သင့်သလောက် ယူပါ။ ပြီးလျှင် ထမင်းကို ဆုပ်နယ်၍ ထမင်းလုံးကို မီးဖုတ်ပါ။ အနည်းငယ် မီးတူးအောင် ဖုတ်ပါ။

ထို့နောက် ညောင်ရွက်ကို ဆုံတစ်ခုတွင် ညက်လောက်အောင် ထောင်းပါ။ ညက်လျှင် မီးဖုတ်ထားသော ထမင်းလုံးကို ထည့်၍ ရောထောင်းပါ။

ညောင်ရွက်နှင့် ထမင်းမီးဖုတ် ရောထောင်းပြီးပါက ဆုံမှ ယူကာ ရေဖျော်ရပါမည်။ ဖျော်ထားသော ညောင်ရွက် ထမင်းမီးဖုတ်အရည်ကို ရေစစ်နှင့် စစ်ယူရမည်။

ထိုစစ်ယူရရှိသော အရည်ကို အထက်လှုန်အောက်လျှော ဖြစ်နေသူအား တိုက်ပါက ချက်ချင်းပျောက်ကင်းကြောင်း စာရေးသူအားပြောပြပါသည်။

အထက်ပါ ပွဲတွေ့ကုသချက်များကို **မိုးညှင်းမြို့နယ်၊ ဆယ်မိုင်ရွာသစ်မှ ဦးမောင်ထင်က** ဦးမောင်ထွန်းအား ဆေးနည်းပေးခဲ့ရာ ဦးမောင်ထွန်းက စာရေးသူအား ဆေးနည်းဒါန ပြန်လည်ဝေငှခဲ့ပါသည်။

အထက်လှုန် အောက်လျှော ဖြစ်ကြသူများနှင့် သွေးထွက်လွန်နေသူများအား ရောဂါဝေဒနာများမှ သက်သာပျောက်ကင်းစေရန် ရည်သန်လျက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများ ဆေးနည်းဒါန ပြန်လည် ပေးဝေလိုက်ရပါသည်။

*ကျန်းမာသုခ ပြည့်ဝကြပါစေ*

**ညိုမင်းထက်(မြန်မာ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အစွမ်းအစုပ် တင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၈၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဝင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဪ ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်၊ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညီသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'တွေးရှုပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဖနီးဆောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းကခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်၊ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

နောက်စာမျက်နှာသို့

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အသီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဖက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်၊ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော်၊ ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဖက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူရှိုး အပုပ်ရိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'


မင်ရင်း-ဖြန့်ချိရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး။
သုဝဏ္ဏမှတ်တိုင်အနီး။ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄၁


www.burmeseclassic.com

www.burmeseclassic.com




◆ ရတနာစံဦးစေတီတော်၏ အောင်မြေနှင့်ဦးအား ရှုမြင်ရပုံ

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဗုဒ္ဓပူဇော်ဂါထာတော်များ (၃၈)

---

ရတနာစံဦးစေတီတော်

---

နမောတဿ ဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ။

*[၃-ကြိမ် ရွတ်ပါ။]*

ရတနာစံဦးဝှ ဣတိ၊
ပသိဒ္ဓံ ထုပ မုတ္တမံ။
သမ္ဗုဒ္ဓံ ပသန္နော ဟုတွာ၊
ဝန္ဒာမိ သိရ သာဒရံ။

ဆက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ပသိဒ္ဓံ** | = | ပသိတ်ဓံ |
| **မုတ္တမံ** | = | မုတ်တမံ |
| **သမ္ဗုဒ္ဓံ** | = | သမ်ဗုတ်ဓံ |
| **ပသန္နော** | = | ပသန်နော |
| **ဟုတွာ** | = | ဟုတ်တဝါ |
| **ဝန္ဒာမိ** | = | ဝန်ဒါမိ |

မြန်မာပြန်

**ရတနာစံဦးဝှ ဣတိ** – ရတနာစံဦး စေတီတော်ဟူ၍၊

**ပသိဒ္ဓံ** – အလွန်တရာ ကျော်စော ထင်ရှားလှသော၊

**ထုပမုတ္တမံ** – စေတီတော်မြတ်ကြီးကို၊

**အဟံ**–"…"နာမသမုတ် အကျွန်ုပ်သည်၊

**သမ္ဗုဒ္ဓံ** – သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကို၊

**ပသန္နော**–သဒ္ဒါရွှန်းစို လွန်ကြည် ညိုသောစိတ်ရှိသည့်၊

**ဟုတွာ**–ဖြစ်ပေါ်လာသောကြောင့်၊

**သိရသာ**–ဦးခေါင်းရတနာ မြတ် အင်္ဂါအားဖြင့်၊

**အာဒရံ**–ရိုသေလှစွာ၊

**ဝန္ဒာမိ**–ရှိခိုးကော်ရော် ဖူးမြော် ကန်တော့ပါ၏။

ဘုရားတည်နှစ်

သက္ကရာဇ် ၈၈၀ ပြည့်နှစ်။

*(ပထမအကြိမ်)*



www.burmeseclassic.com

www.burmeseclassic.com





◄ ရတနာစံဦးစေတီတော်၏ အမိုးအကာဥဒါန်းများ
အစုံစေတီတော်တစ်ဆူဖြစ်သော
ပြည်လုံးချမ်းသာထုပေါင်းပြည့်စေတီ၏ အမိုးဥဒါန်း ►

သက္ကရာဇ် ၁၂၇၇ ခုနှစ်။

**(ဒုတိယအကြိမ်)**

ဘုရားဒါယကာ

◎ရွှေနန်းကြော့ရှင် ဘုရင်နရပတိ၊

◎စကုမော်ဆရာတော်ကြီး အသျှင်ဥတ္တမဦးစီး၍ ဒကာဦးနံ့+ဒေါ်ထုံ။

တည်နေရာ

စကုမော်ကျောင်းဝင်း ရောဝတီမြစ်ကမ်းနဖူး၊ စစ်ကိုင်းတံတားကြီးအနီး။

ပွဲတော်ရက်

နှစ်စဉ် နတ်တော်လဆန်း(၇)ရက်။

အောင်မြေ

တောင်ဘက်လိုဏ်ဂူ ရုပ်ပွားတော်ရှေ့။

အဆောင့်အရှောက်

စန္ဒမုခီ ယက္ခမယ်တော်ကြီး။

ထူးခြားချက်

ရတနာစံဦး စေတီတော်မြတ်ကြီးမှာ စစ်ကိုင်းမြို့၏ **"ရတနာကိုးဆူ"** သမိုင်းဝင်စေတီတော် ဖြစ်လေသည်။

သမိုင်းဝင် ရတနာကိုးဆူတို့၏ အမှတ်စာရင်းတွင် အမှတ်(၂)နေရာတွင် ပါဝင် ဖော်ပြခံထားရသော စေတီတစ်ဆူ ဖြစ်လေ၏။

**သမိုင်းဟောင်းပါစေတီများ**

၁။ ရတနာထွန့်ခေါင်စေတီ၊
၂။ ရတနာစံဦးစေတီ၊
၃။ ရတနာမုနိစေတီ၊
၄။ ရတနာဗိမာန်စေတီ၊
၅။ ရတနာဂိရိစေတီ၊
၆။ ရတနာယဉ္စုစေတီ၊
၇။ ရတနာစေတီ၊
၈။ ရတနာမြစည်းခုံစေတီ၊
၉။ ရတနာပုံစေတီ

ဟူ၍ ဖြစ်ပါသည်။

ရတနာကိုးဆူနှင့်ပတ်သက်၍ မူကွဲ(၂)မျိုးလည်း ရှိနေသော်လည်း အောက်ပါရတနာစာရင်းဝင် စေတီများလည်း တည်ရှိနေကြပါသည်။

၁။ ရတနာပင်စည်စေတီ၊
၂။ ရတနာကြီးစေတီ၊
၃။ ရတနာစံကျော်စေတီ၊
၄။ ရတနာဦးစေတီ

စေတီတော်များမှာ မူကွဲများတွင် ပါဝင်မှတ်တမ်းတင်လျက် ရှိနေခဲ့လေသည်။

**ဆရာတော်ကြီး ညောင်ပင်သာဦးပုည၏ ထူပဝင်တေးထပ်တွင် "ရတနာစံကျော်" စေတီနှင့် "ရတနာပင်စည်" စေတီတော်များကို** ပါဝင် ရေးစပ်ထားလေ၏။

**ထူပဝင်တေးထပ်**

ရတနာထွန့်ခေါင် ခြောက်ရောင်ပြူးတယ်၊
ရတနာစံဦး နှိုင်းလို့မပြော၊
ရတနာမုနိ လွန်ထင်ပေါ်သည်၊
ရတနာစံကျော် ကိုးဂုဏ်ထူး၊
ရတနာဂိရိ ဖလိမပြူးတယ်၊
ရတနာယဉ္စု သုံးဘုံမကိုင်ပူး၊
ရတနာပင်စည် ထွန်းလျှံစုံတယ်၊
ရတနာမြစည်းခုံ ဘဝင်ကြူး၊
ရတနာပုံ ဝိမာန်ခူးလို့
မှောင်မြူးမလူး ထွန်းလျှံကြည်၊
ရတနာကိုးဆူ စိန္တေယျ
စစ်ကိုင်းဌာန ထက်ပေါင်းမွေတော်တည်၊


စသည်ဖြင့် သမိုင်းဝင်ရတနာကိုးဆူအား ဂုဏ်တင် ရေးဖွဲ့ထားတာမီး





www.burmeseclassic.com

www.burmeseclassic.com



ရတနာစံဦးစေတီတော်အား စကုမော် ကျောင်းတော်နှင့်အတူ မြင်ရပုံ

ဖြူခဲ့လေသည်။

ရှေးနန်းကြေ့ရှင် တည်ထားခဲ့သော စေတီမှာ နှစ်ပေါင်းရာချီစွာ ကာလ ကြာမြင့်ခဲ့သောကြောင့် ပြိုပျက်ခဲ့ရလေ၏။

ဆရာကြီး သဖြူးမြသောင်း၏ လေ့လာချက်အရ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားက သက္ကရာဇ် ၁၁၉၉ ခုနှစ်အတွင် ယခုတည်ထားရာ စကုမော် ကျောင်းဝင်းအတွင်း၌ **"အောင်ချာဇိနစေတီခေါ် အောင်ချာဇိနရွှေဘုံသာ"** ဘွဲ့တော်ဖြင့် ပြန်လည် တည်ထားခဲ့လေရာ နှစ်ပေါင်း (၈၀)မျှ ကြာပြီဖြစ်၍ အုတ်ပုံမျှသာ ကျန်ရှိလေ၏။

**ထိုစေတီဟောင်းအား** သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက် ဗုဒ္ဓဟူးနေ့တွင် **"ရတနာစံဦးစေတီတော်"** ဘွဲ့အမည်ဖြင့် စကုမော်ဆရာတော်ကြီး အသျှင်ဉတ္တမထေရ်ကို အမှူးပြု၍ စစ်ကိုင်းမြို့ ပန်းတောရပ်နေ ဘုရားဒါယကာ ဦးနှံ+ဒေါ်ထုံနှင့် သားများဖြစ်သော ဦးမြ၊ ဦးခနှင့် ဦးဘခင်တို့မှ အသစ် တည်ထား ကိုးကွယ်ခဲ့ကြလေသည်။

ထို ၁၂၇၇ ခုနှစ်အတွင်းမှာပင် စကုမော်ဆရာတော်ကြီး၏ ကျောင်းတော်ဟောင်းကို ပယ်ဖျက်၍ အလှူဒကာ ဦးအေး+ဒေါ်ကျေးနုတို့မှ သံဃာများစွာ စာပေပရိယတ် သင်ကြားနိုင်ရန် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်းကို လက်ခံတော်မူလေသည်။

ရဟန်းသံဃာ သာမဏေအပါး (၁၀၀)ကျော်တို့အား စကုမော် ဆရာတော်ကြီးကိုယ်တော်တိုင် စာပေသင်ကြားပို့ချ သာသနာပြုခဲ့လေ၏။


စစ်ကိုင်းသာသနာသမိုင်းတွင် စကုမော်ဆရာတော်ကြီး တစ်ပါးတည်း သာ ကျောင်းတော်ကြီးအား အလှူခံရရှိသည့် သက္ကရာဇ် ၁၂၇၇ ခုနှစ်မှစ၍ အစ၊ အလယ်၊ အဆုံး ပျံလွန်တော်မူသည့်တိုင်အောင် နှစ်ပေါင်း (၆၀) သာသနာပြုတော်မူခဲ့လေသည်။


ဆရာတော်ကြီးသည် ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဝါးချက်မင်းကျောင်း ဆရာတော်ကြီးတို့၏ ပညာအမွေကို ဆက်ခံရရှိခဲ့သော ဆရာတော်ကြီး ဖြစ်လေသည်။

**ဝိသုဒ္ဓိ ဝိနိစ္ဆယကျမ်းကို** ပြုစုတော်မူခဲ့လေ၏။

သက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ရရှိလေ၏။ နိုင်ငံတော် ဝိနည်းဓိုရ်

www.burmeseclassic.com





◆ ရတနာစံဦးစေတီ၏ အရံစေတီ
သံသရာအားမြှော်စေတီတော်မှ အစီအရီမြင်ရ

◆ ရတနာစံဦးစေတီတော်အနီးမှ မြို့ဟောင်း လှော်ရှိသော
စေတီတော်တစ်ဆူအား အင်္ဂလိပ်အစိုးရ ကုသိုလ်ရှင်တစ်ဦးမှ
ပြန်လည် အသစ်တည်ထားသည့်

◆ အသစ်ပြန်လည်တည်ဆောက်လှူဒါန်းထားသော
စကုမော်ကျောင်းတိုက်သစ်



တာဝန်၊ ဆဋ္ဌသင်္ဂါယနာ သံဂီတိကာရက၊ ဩဝါဒစရိယ၊ သံဃနာယက စသည့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့လေသည်။

စကုမော်ဆရာတော်ကြီး အသျှင်ဥတ္တမထေရ်မြတ်သည် သက္ကရာဇ် ၁၃၃၇ ခုနှစ်၊ **သက်တော်(၉၆)နှစ်၊ ဝါတော်(၇၆)ဝါအရောက်**တွင် တစ်ဘဝ တစ်ခန္ဓာ ပြောင်းတော်မူခဲ့လေပြီ။

ကေန်စင်စစ် ရတနာစံဦး စေတီတော်မြတ်ကြီးမှာ စကုမော်ကျောင်းတော်ကြီးနှင့်အတူ တစ်ပြိုင်တည်း၊ တစ်နှစ်တည်း၊ ပေါ်ထွန်း ပွင့်တော်မူခဲ့ခြင်း ဖြစ်လေရကား ဖွားဖက်တော်များ ဖြစ်လေတော့သည်။

၁။ ရတနာစံဦးစေတီတော်၊
၂။ ရန်အောင်မြင်မှဌာစေတီတော်၊
၃။ စကုမော်ဆုတောင်းပြည့်စေတီတော်၊
၄။ စကုမော်သိမ်တော်ကြီး၊
၅။ စကုမော်ကျောင်းတော်ကြီး၊
၆။ စကုမော် ဆရာတော်ကြီး ဦးဥတ္တမထေရ်
၇။ စကုမော် ကုန်းတော်ကြီး


စသည်တို့ကား တစ်နေ့တည်း၊ အောင်မြေတစ်ခုတည်းအတွင်း တစ်စုတည်း ထွန်းပေါ်နေခြင်းမှာ လွန်စွာထူးခြားလှပတော့သည်။

ရတနာစံဦး စေတီတော်ကြီး၏ အနေအထားမှာ အရပ်(၄)မျက်နှာတို့၌ သရက်ကင်းလေ့ကား (၄)စင်းတို့ဖြင့် အုတ်ဖိနပ်တော်ကို တပ်ဆင်ထားရှိလေ၏။

စစ်ကိုင်းမြို့မှ အခြားသော စေတီများလို သာမန် အုတ်ဖိနပ် မဟုတ်ပါ။ အုတ်ခုံအား ရင်ပြင်၏ အထက် (၃)ပေ (၆)လက်မ အမြင့်ထား၍ **ပါပထောင့်များတွင် ခြသေ့တစ်စီး**စီ ပြုလုပ်ထားလေရာ အထက်ဆီးမှ စောင့်ရှောက်နေဟန် ဖြစ်လေသည်။

ဖိနပ်တော်၏ လေ့ကားထိပ်တွင်

www.burmeseclassic.com






◆ အရံစေတီတော်ဖြစ်သော ရှင်သာရ စေတီတော်၏ အဓိဋ္ဌာန်ဖြင့်

ရတနာစဉ်ဦးစေတီတော်ကြီး၏ မူလကျောက်စာတိုင် ◆

◆ ယင်းကိုယင်းမြင် အပည့်တကျကြော်ငြာခဲ့သည့် စကာမော်ဆရာအား

စကာမော်ကျောင်းမှ မြင်တွေ့ရသော သမိုင်းဝင် အင်းဝတံတားကြီး၏

အလှနှင့် ဧရာဝတီမြစ်



မုခ်လိုဏ်ကြီးများပြုလုပ်၍ ရုပ်ပွားတော်များ အပူဇော်ခံထားရှိလေ၏။ မုခ်လိုဏ်ကြီးများနှင့် ဆက်သွယ်ထားသော လေးထောင့်အောင်စေတီများကိုလည်း ထူးခြားစွာဖွဲ့စည်းထားပါသည်။

ပထမပစ္စယံတွင် ပါပထောင့်များ၌ အရံစေတီ(၄)ဆူကိုလည်း ပြုလုပ်တန်ဆာဆင်ထားလေ၏။ ထိုအရံစေတီတော်များမှာ ရတနာစဉ်ဦးစေတီတော်၏ ပုံစံတော်အတိုင်း ပုံစံတူ ပူဇော်ထားလေ၏။

ဒုတိယပစ္စယံ၌ကား ကြီးမားသော **ကြာသွတ်ဖိုးကြီးများ**ဖြင့် စေတီတော်အား ပူဇော်ထားရှိပါသည်။

ပထမပစ္စယံမှ သောမဌာနများတွင် တည်ရှိသော လေးဘက်ပိတ်အရံစေတီတော်များမှာ ဒုတိယပစ္စယံ၏ အထက်ပိုင်းကို ကျော်လွန်၍ တတိယပစ္စယံသို့တိုင်အောင် မြင့်တက်လျက်ရှိလေရာ သရဏဂုံ(၃)ပါး၏ အထွတ်အထိပ်ဖြစ်သော ဗုဒ္ဓဂုဏ်တော်ကို ရည်ညွှန်းထားရှိနေဟန် ဖြစ်လေသည်။

ထိုအနေအထားမှာ "**ရတနာစဉ်ဦး**"တည်းဟူသော ဘွဲ့တော်မြတ်၏ သင်္ကေတကို ထင်ဟပ်လျက် ရှိလေရာ စကာမော်ဆရာတော်ကြီး၏ ရည်ရွယ်ချက်ကို ဖော်ပြလျက်ရှိနေပါ၏။

ဆရာတော်ကြီး၏ ဂမ္ဘီရပညာစွမ်းကို အံ့မခန်း မြင်တွေ့နိုင်ကြလေသည်။

တတိယပစ္စယံ၏ ပါပထောင့်များတွင်ကား ပထမပစ္စယံ၏ ထောင့်တည် အရံစေတီတော်များနှင့် ပုံစံတူ လေးထောင့်အုတ်တိုက်ခံ စေတီတော်များကို အပူဇော်ခံ တည်ဆောက်ထားရှိလေရာ သရဏဂုံ(၃)ပါး၏ ကြီးမြတ်ခြင်းကို ညွှန်းဆို ဖော်ပြလျက်ရှိနေလေ၏။


ခေါင်းလောင်းတော်အားလည်း ခါးစည်းသုံးထပ်ဖြင့် တန်ဆာဆင်ထားရှိပြီး အခြားသော စေတီများကဲ့သို့ ပန်းကနုတ်များ ပြုလုပ်ထားခြင်းမရှိပါ။

ခေါင်းလောင်းတော်၏ အထက်ပိုင်း၌ ဖောင်းရစ်များမှာ ဘုရားဒကာများ



www.burmeseclassic.com

www.burmeseclassic.com





▲ မူလ ကျောက်သရေတော်ကြီး၏ ကျောင်းတော်ကြီးအား အစားထိုးထားသော ကျောင်းတော်ကလေး

ကျောက်သကျောင်းတော်ကြီးရှိစဉ်ကတည်းက အထိကရ ညောင်ဗုဒ္ဓိ ပင်ကြီးအား ကျောက်ကမ်းပါးတွင် နှစ်ပေါင်း ရာကျော်သည့်တိုင်အောင် မလဲမပြို ရှင်သန်နေပုံ ▶

▼ အောင်မြေနေရာမှ ထူးခြားမြင်ရင် တန်ခူးအား ဝိသနာရှင်တစ်ဦးမှ ရိုက်ကူးထားပုံ



၏ နေ့နံ့အလိုက် ဒါနကုသိုလ်အဖို့ကို အသိအမှတ်ပြု ချီးမြှင့်ထားပုံ ပေါ်လွင်နေလေ၏။

ခရေသီး၅ကား ရှည်လျားသော ကြာပန်းများကို ဗောဓိညောင်ရွက် (၇)ရွက်တို့ဖြင့် ဆင့်တင်၍ ပုလဲလုံးများကို လည်ဆွဲသဖွယ် ပိုင်းပတ်ထားရှိလေသည်။

ထုပိကာ၏အထက်တွင် ရွှေထီးတော်ကြီး အထွတ်တင် အပူဇော်ခံထားရှိလေရာ **"သမိုင်းဝင်ရတနာကိုးဆူစေတီတော်များ"** အနက် အထူးပေါ်လွင် ထူးခြားလှပါပေသည်။

ရတနာစံဦး စေတီတော်မြတ်ကြီးသည်ကား မြောက်ဘက်အရပ်တွင် "ရှင်ပင်ရွှေဆည်းလည်းမုဒ္ဒောစေတီ"။

စေတီတော်၏ အရှေ့ဘက်တွင် "ရန်အောင်မုဒ္ဒောစေတီ"။

စေတီတော်၏ တောင်ဘက်အရပ်တွင်နာမည်ကျော် "ထူပါရုံစေတီတော်"။

စေတီတော်၏ အနောက်ဘက်အရပ်တွင် "မင်္ဂလာမဟာ စေတီတော်" တို့၏ ဘုမ်ိနက်သန် ဗဟိုဖြစ်သော စကုမော်အောင်မြေအရပ်တွင် မားမားမတ်မတ် တ်ခွန်ထူ ဏည်ရှိနေသော ရတနာတစ်ဆူ ဖြစ်လေသည်။

**ဗုဒ္ဓစည်။ ဓမ္မစည်။ သံဃစည်း** တို့ဖြင့် ပြည့်စုံလှသော ရတနာစံဦး စေတီတော်ကြီးသည် ယခုရောက်ဆဲ ၁၃၇၇ ခုနှစ်မှာ သက်တော်ရာပြည့်နေပြီဖြစ်လေရာ ယခုနှစ် ၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်နေ့သည်ကား ရာပြည့်ပွဲတော်ကြီး ကျင်းပနိုင်ရန် ကုသိုလ်ရှင် ဒကာ၊ဒကာမ အပေါင်းတို့အား ဗုဒ္ဓဝိဇာတမင်္ဂလာ အမှီ ကြိုတင် ဖိတ်ခေါ်လိုက်ရပါသည်။

***အဝေရောဘေးမခ အေးမြချမ်းသာကြပါစေ...***

**အောင်ရွှေမြတ်(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com

# ရှားမီးကိန်းဖြင့်

ဟောနည်းဗေဒင်

ကျွန်တော်ငယ်ငယ်က ကျွန်တော်၏ဖခင် သင်ပေးခဲ့သော ရှားမီးကိန်းဖြင့် ဟောနည်းဗေဒင် ဖြစ်ပါသည်။

ဤရှားမီးကိန်းဟောနည်းမှာ မူကွဲများထဲမှ ဟောနည်းတစ်ရပ်ဖြစ်၍ ဟောပြောမှု မှန်ကန်စေရန် သီလ၊ သမာဓိ အားကောင်းဖို့ အရေးကြီးပါသည်။

ဝါသနာပါလျှင် လွယ်ကူသောနည်း ဖြစ်၍ ဗေဒင်ပညာ မျှဝေခြင်း ဖြစ်ပါသည်။

ခရီးသွား၊ အသက်အန္တရာယ်၊ အိမ်ထောင်ရေးအခြေအနေ ဗေဒင်လာမေးလျှင် "**မိုး၊ ဆွေ၊ အုံ့၊ ဒါ၊ ရှာ၊ တုံ၊ သာ၊ လှ**"ဟူသော လက်ာကို ရွတ်ဆို၍ ဖော်ပြပါပုံစံ(အဋ္ဌလက်ခွင်)၏**ဘယ်ဘက်ထောင့်(တနင်္ဂနွေအိမ်)**မှ စ၍ လက်ယာရစ်(နာရီလက်တံအတိုင်း) ချပါ။

ထို့နောက် ဗေဒင်မေးသူ၏ အသက်ကိုတည် (၈)နှင့်စား၊ အဋ္ဌလက်ခွင်၌ လာမေးသူ၏ မွေးနံမှစ၍ အကြွင်းအကြိမ်မြောက် ရေတွက်ပါ။

အဋ္ဌလက်ခွင်တွင် အကြွင်းအကြိမ်မြောက်ကျသောနေရာမှ သမသတ် မျှော်ကြည့်၍ အောက်ပါလက်ာကို ကျက်မှတ် ရွတ်ဆိုဟောရပါမည်။

၁။ ဆောတွေ နွံနှောင်း စုတ်ကောင်းနှိုက်
၂။ သူအို ယာယီ
၃။ ကောလီ စုတ်ကြီး
၄။ ရှားမီး တွင်ကျမရထာ

အထက်ပါလက်ာ၏ အဓိပ္ပာယ်နှင့် ဟောကိန်းမှာ...

၁။ "**ဆောတွေ**"နံသင့်ဂဏန်း (၃ ၀) ကျလျှင် အချစ်သစ်၊ အိမ်ထောင်ရေးအတွက် အငယ်အနှောင်းပေါ်နိုင်သည်။ လုပ်ငန်းရာထူး တိုးတက်နိုင်ပါသည်။



၂။ "**သူအို**"၏ နံသင့်ဂဏန်း(၆ ၁)ကျလျှင် ခရီးယာယီကျပါသည်။

၃။ "**ကောလီ**"၏ နံသင့်ဂဏန်း(၂ ၄) ကျလျှင် စုတ်(မိန်းမ)၊ လာဘ်ဝင်မည် ဖြစ်ပါသည်။ စုတ်၊ လာဘ်မဝင်လျှင် ကျန်းမာရေး ချို့တဲ့နိုင်သည်။

၄။ "**ရှားမီး**"၏ နံသင့်ဂဏန်း(၈ ၅) ကျလျှင် အသက်အန္တရာယ် ရှိပါသည်။ အသက်မသေပါက စိတ်သောက ရောက်နိုင်ပါသည်။

ရှားမီးကိန်းကျသော် စေတီ၏ ရာဟုထောင့်မှနေ၍ ရှားသားသက်စေ့ဖြင့် မီးပူဇော်ပြီး ယတြာချေရပါမည်။

**ဥပမာ...** အသက်(၆၂)နှစ်၊ အင်္ဂါသား ဆိုပါစို့။

ရှားမီးကိန်းဟောနည်းအရ (၆၂)ကိုတည် (၈)နှင့်စားလျှင် (၆)ကြွင်းပါသည်။ ပုံစံခွဲထားသော အဋ္ဌလက်ခွင်၌ မွေးနံအင်္ဂါမှစ၍ ရေတွက်သော် အကြွင်း (၆)ကြိမ်မြောက်ကျသော နေရာသည် သာ(၆)ဖြစ်ပါသည်။

**သာ(၆)**မှ သမသတ် မျှော်လျှင် **အုံ့(၁)** ရပါသည်။ ဟောရမည့်ကိန်းသည် (၆၁) ဖြစ်ပါသည်။ လက်ာအရ **သူအို (၆၁)ဟောကိန်း** ဖြစ်ပါသည်။

သူအိုယာယီလက်ာအရ ခရီးယာယီကျသည်ဟု ဟောရပါမည်။ ခရီးယာယီကျလျှင် ဇနက ဟောကိန်းနှင့် ဖြစ်စေ၊ အခြားဟောကိန်းနှင့်ဖြစ်စေ ညှိပြီး အရပ်၊ ထောင့် သင့်၊မသင့် ဟောရမည်ဟု ကျွန်တော်၏ ဖခင်က မှာကြားခဲ့ပါသည်။

**(ဗေဒင်အခြေခံ သင်ပေးသော ကျွန်တော်၏ ဖခင်ကို ဤဆောင်းပါးဖြင့် ကန်တော့ပါသည်။)**

***ကျန်းမာ ချမ်းသာကြပါစေ။***

***

**ထက်မြက်မြင့်(ဝက်ထက်)**

| ဂြိုဟ်အိမ်တည်ပုံ | | |
|---|---|---|
| ၁နွေ | ၂လာ | ၃ဂါ |
| ၆ ကြာ | | ၄ ဟူး |
| ၈ ရာဟု | ၅ဗုဒ္ဓ | ၀ စနေ |

| အဋ္ဌလက်ဂြိုဟ်အိမ်ပုံ | | |
|---|---|---|
| ၅ မိုး | ၃ ဆွေ | ၁ အုံ့ |
| ၄ လှ | | ဒါ ၂ |
| သာ ၆ | တုံ ၀ | ရှာ ၈ |

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

**စကြာမင်း**

အမှတ်တံဆိပ်

**အားတိုးဆေး** မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝရ၁၁ YR ၀၀၆၀၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟေ့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သင်္ဃနာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၇၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တံခါးမြို့အနီးမှ ဖြစ်စဉ်ထူးခြားသော

# ရွှေဘုန်းပွင့်မြတ်စွာဘုရား

ကုန်းတော်မြေ (၂)

စံလွင်နွယ်သာ



▲ ရုပ်ရှင်တော်ကိုယ်စားဆုံးဘုရား

**ယခင်လမှ အဆက်**

"စွန်းလွန်း ဆရာတော်ကြီးရဲ့ တပည့် ဆရာတော်ဆီက သိ,ပါယ်, ဆိုက်,ပွား သတိပဋ္ဌာန်တရားတွေလဲ အခြေခံလောက် ကျင့်ခဲ့ပြီးပြီ။ အခုလို ဆုတ်ကပ်မှာ သက်တမ်းတိုတောင်းတဲ့ ကာလကို ရောက်နေကြပြီ။ လောဘနဲ့သေရင် ပြိတ္တာပြည်၊ ဒေါသနဲ့သေရင် ငရဲပြည်၊ မောဟနဲ့သေရင် တိရစ္ဆာန်ပြည် ရောက်လိမ့်မယ်" ဟုတွေးကာ...

'ကျုပ်က ကရင်တိုင်းရင်းသား ပွင့်လင်းတယ်။ ပြတ်သားတယ်။ အရက်သောက်တုန်းက သူများတစ်ခွက်သောက်ရင် ကိုယ်က တစ်ပုလင်းကုန်အောင် သောက်တယ်။

အခု တရားတော်ကို ယုံကြည်ကိုးစားလာတဲ့အခါမှာ ဘုရားကြီးကုန်းရွာသားတစ်ယောက်အနေနဲ့ သက်ရှိထင်ရှား မြတ်စွာဘုရား စံပယ်တော်မူသလို စေတီတော်ကြီး တည်ဖို့ရာ သေရမယ်ဆိုရင်လဲ အသက်ကို ပေးလှူနိုင်တယ်။ ဒီကုန်းတော် သာသနာမြေမှာတော့ မလုပ်ပါနဲ့။ လယ်ကွင်းထဲကို လိုက်ခဲ့ကြ'

ဟူ၍ ရဲဝံ့စွာ ပြန်ပြောလိုက်သည်။

ကုန်းတော်အပြင် လယ်ကွင်းသို့ရောက်သောအခါ စောထွန်းမြင့်က အကျီချွတ် ရင်ကော့ပေးလျက် ဗုဒ္ဓရုပ်တော်ကို အနုလုံ၊ ပဋိလုံ ပွားများနေသည်။ စစ်ဗိုလ်သည် သေနတ်ကိုင်လျက် အနီးသို့ ကပ်လာပြီးနောက် ပခုံးကိုပုတ်၍ စောထွန်းမြင့်ကို ခင်မင်ရင်းနှီးစွာ ပြော၏။


'မင်းသတ္တိကို စမ်းကြည့်တာပါ။ တောတွင်းနဲ့ ပတ်သက်မှု မရှိတာ ယုံပါပြီ။ ဒီတစ်နေ့ ဘုရားတည်ရာမှာ ငါတို့ရဲဘော်တွေလဲ

www.burmeseclassic.com



◆ ရွှေစည္တာရုပ်ပွားတော်

အနောက်ဘက် အာရုံခံတွင်းမှ ရုပ်ပွားတော် ◆



လုပ်အားလှူပါ့မယ်'

ရဲဘော်(၆၀)ခန့်က ထိုနေ့တစ်နေ့တာ အုတ်သယ်၊ သဲသယ်၊ ပန်းရန်လုပ်ငန်းများတွင် လုပ်အားမ်ပေးလှူကြပြီးနောက် ညနေ စခန်းသို့ ပြန်ရောက်သောအခါ တစ်ဦးလျှင် တစ်ကျပ်၊ ငါးမတ် စသည်ဖြင့် အလှူငွေများလည်း ထည့်ဝင်သွားကြသည်။

ရဲဘော်များ၏ ချွေးနဲ့စာကို လက်မခံလိုပါဟု ငြင်းသော်လည်း စေတီအတွက်ဟူ၍ အတင်းပင် လှူဒါန်းသွားကြလေသည်။

ယခုသော်ကား စေတီကုန်းတော်နှင့် ဝန်းကျင်တစ်ဝိုက်မှာ ငြိမ်းချမ်းသာယာသောနယ်မြေ ဖြစ်နေပါပြီ။

## ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ရွှေဘုန်းပွင့်စေတီကို ထိန်းသိမ်းစောင့်ရှောက်လျက် သာသနာပြုသော ဆရာတော် ဦးအဂ္ဂသီလလောင်းလျာ စောထွန်းမြင့်ကို ကျောက်တံခါးမြို့နယ်၊ ခိုလုံရွာနေ ဦးဖားကျော့ပွယ်၊ ဒေါ်စိန်ငွေတို့မှ ၁၃၀၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၅)ရက် တနင်္ဂနွေနေ့တွင် မွေးဖွားခဲ့သည်။

မိဘများမှာ စကောကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကာ ၁၃၂၅ ခုနှစ်တွင် ဥပါသကာတစ်ဦးအဖြစ် ရွှေဘုန်းပွင့်စေတီတော် ပွင့်ထွန်းရေးကို အထူးဝါယမစိုက်ခဲ့သည်။

၁၃၅၀ ပြည့်နှစ်တွင် ရှင်သာမဏေဝတ်ကာ ဝါကျွတ်ပြီးချိန် တန်ဆောင်မုန်းလတွင် ကျောက်တံခါးမြို့ မဇ္ဈိမာရုံကျောင်းဆရာတော် ဦးကောသလ္လအား ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။ ဘွဲ့မည် ဦးအဂ္ဂသီလတွင်၏။

ရဟန်းဖြစ်ပြီးနောက် **သထုံမြို့နယ် အလံတရာ ဘိုးဘိုးအောင်ကုန်းဘောမဲ့ကျောင်းဆရာတော် ဦးဖစန** ထံသို့သွားကာ ကမ္မဋ္ဌာန်းနည်းနိဿယများ ခံယူအားထုတ်ခဲ့သည်။ သက်သတ်လွတ် အာဟာရများကို ဘုဉ်းပေးသုံးဆောင်၍ တပည့်ဒါယကာတို့အားလည်း သက်သတ်လွတ် စားသုံးရန် တိုက်တွန်းလေ့ရှိသည်။

ယခုအခါ ရွှေဘုန်းပွင့်စေတီ ကုန်းတော်၌ သီတင်းသုံးလျက်ရှိရာ ဝါတော် (၂၅)ဝါတိုင်ပြီဖြစ်ကြောင်း သိရသည်။

## ထံတော်ပါးဝယ်

ဆရာတော်ထံမှ ကြားနာမှတ်သားပြီးနောက် ကျောင်းခန်းတွင်းမှ ထွက်ကာ ရွှေဘုန်းပွင့်စေတီ ရင်ပြင်တော်သို့ သွားရောက်ကြည့်ညိုသည်။

အနောက်ဘက် စောင်းတန်းလှေကားအစတွင် ပင်ခြေအမြစ်မှ ခက်မများဖြာ၍ ရှင်သန်ပေါက်ပွားနေသည့် ကံ့ကော်ပင် နှစ်ပင်ရှိသည်။

၁၃၂၇ ခုနှစ်တွင် ဆရာတော် ဦးကောသလ္လ စိုက်ပျိုးခဲ့သော ကံ့ကော်ပင်များ ဖြစ်ကြကာ အမြစ်မှနေ၍ ကိုင်းမ ခုနစ်ပင်စီ ပေါက်ပွားနေကြသည်။

အဖူး ဖူးချိန်ဖြစ်ကာ အခြားသော ကံ့ကော်ပင်များထက် အပွင့်အဖူး အရွယ်အစား သေးငယ်သည်ကို တွေ့ရသည်။

F.103. April, 2016.

www.burmeseclassic.com





▲ ဝိဇ္ဇာတန်ဆောင်းတွင်းမြင်ကွင်း

◄ အနောက်ဘက်အာရုံခံတန်ဆောင်း

**(၅၈)နှစ် ကြာမြင့်ခဲ့သော်လည်း ဝင်းစည်းရုံးမက် ကြီးမားလာခြင်း မရှိဘဲ အမြဲတမ်း အသင့်ဖွားနေခြင်းက ထူးခြားလှသည်။**

ကံဇာတာ နိမ့်ပါးခြင်း၊ ဂြိုဟ်အစီးအနင်း မကောင်းခြင်း၊ အိပ်မက် မကောင်းခြင်း၊ နိမိတ်အာရုံ မကောင်းခြင်းတို့မှ ကျော်လွှားလွန်မြောက်ကာ ကံကောင်း ကံမြင့်စေရန် ဤကံ့ကော်ပင်မှ အပွင့်အခက်များကို ရွှေဘုန်းပွင့် စေတီတော်မြတ်အား နိမိတ်ကောင်းယူ ဆက်ကပ်နိုင်ကြသည် ဆို၏။

စေတီရင်ပြင်သို့ အတက်လှေကားဦးတွင် ဝိဇ္ဇာဓိုရ်ရုပ်နှင့် နဂါးမယ်တော်ရုပ်တုတို့ကို တစ်ဖက်တစ်ချက်စီ၌ တွေ့ရသည်။ ရင်ပြင်တော် အနောက်ဘက် အာရုံခံတန်ဆောင်းအတွင်း၌ အားမကိုဋ္ဌိစလွယ်ဆင် မင်းဝတ်ဘုရားတစ်ဆူ ပူဇော်ထားလေသည်။

ရွှေဘုန်းပွင့်စေတီတော်မှာ ရှစ်မြောင့်ပစ္စယံငါးဆင့်အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

၁၃၃၆ ခုနှစ် ဆရာတော် ဦးကေသရနှင့်အတူ ပြည်မြို့ ရတနာမာရ်အောင်ကျောင်း ရွှေဖျိုင်းနားဆရာတော်တို့ ဦးဆောင်ကာ မူလစေတီကို ဉာဏ်တော်အမြင့် (၃၁)တောင်အထိ တိုးမြှင့် ပူဇော်ခဲ့သည်။ **(၃၁)ဘုံမှ ဝေနေယျများကို ကယ်တင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။**

စေတီတော် တစ်ပတ်လှည့်လည် ကြည့်ညိုရာ အရှေ့ဘက်တွင် ပဋ္ဌဝင်္ဂ ငါးဦးနှင့် ဓမ္မစကြာ တရားဦးဟောကြားနေဟန် ရုပ်ပွားတော်ကို ဖူးမြင်ရသည်။ အနီး၌ ဝိဇ္ဇာတန်ဆောင်းရှိ၍ အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်တို့၏ ရုပ်တုများကို ပူဇော်ထားသည်။

ရင်ပြင်တော် တနင်္ဂနွေထောင့်တွင် **အောင်မြေအထိမ်းအမှတ် နေရာကို တွေ့ရသည်။ ဆရာတော် ဦးကေသရကိုယ်တိုင် လှည့်လည် ကြွရောက်ခဲ့သော အဓိကရ အောင်မြေဌာနများမှ အောင်မြေများ စုပေါင်းထည့်သွင်းထားသည်ဆို၏။** သစ္စာဆိုတိုင်တည်လျက် အောင်မြေနင်း ဆုတောင်းပါက အကျိုးများလှသည်ဟု သိရသည်။

စေတီတော်အပြင် အရှေ့ဘက်တွင် ကုန်းတော်စောင့် နတ်ကွန်းရှိ၍ အတွင်း၌ **ကြခြောင်းထောင်မောင်နှမ**ဟူသော ကမ္ဘည်းနှင့်အတူ ကရင်တိုင်းရင်းသားဝတ်စုံ ဆင်မြန်းထားသည့် နတ်မောင်နှမရုပ်တုရှိသည်။

ကြသောင်းဝါး ပေါက်ရောက်ရာဒေသတစ်ဝန်းကို အစိုးရသည်ဟု ယုံကြည်ကြသည်။ ဝယဝုဍ္ဍိ အလေးထား၍ ဂါရဝပြုကာ ပြုခဲ့ရပြီးသမျှ ကုသိုလ်အစုစု၏ အဖို့ဘာဂကို အမျှပေးဝေ မေတ္တာပို့ခဲ့သည်။


ရွှေဘုန်းပွင့်စေတီ၏ မြောက်ဘက်တွင် **အကျွတ်အလွတ်စေတီခေါ် သိဒ္ဓိအောင် ထွက်ရပ်ပေါက်ရွှေစေတီ**ကို ဖူးတွေ့ရသည်။ ပစ္စယံငါးဆင့်အထက် သွယ်လျသော ခေါင်းလောင်းမှောက်စေတီ ပေါက်ထားကာ ပစ္စယံအဆင့်များ၏ လေးဖက်လေးတန်၌ မုခ်ငယ်ဖြင့် တင်ပျဉ်ခွေရုပ်ပွားတော်များ ပူဇော်ထားသည်။

ဤစေတီကို ရွှေဘုန်းပွင့်စေတီကျောင်းဆရာတော် ဦးအဂ္ဂသီလ



www.burmeseclassic.com

www.burmeseclassic.com



◆ တန်ခိုးရှင်တော်မှ ဆောင်ကြာ

◆ ကြာသောင်အောင်မှုမှန်



ဦးဆောင်၍ ၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၂)ရက်နေ့တွင် စတင် တည်ထားကိုးကွယ်ခဲ့သည်။

**ဗိမ္ဗာရေးပုဂ္ဂိုလ်များအား ရည်ရွယ် တည်ထားကြောင်း သိရှိရပေသည်၊ ဤစေတီတွင် သီလ သမာဓိ ထင်ကြွယ်မှာ ဘာဝနာ မွားပါက တွေ့ကျင်းပါက် ပုဂ္ဂိုလ်များ ဆောင်ဆိုကျက်ခြင်း စံယူရာရှိ နိုင်သည်ဟုဆိုသည်။**

## ထူးခြားသော ရုက္ခပင်များ

ရွှေဘုန်းပွင့် သာသနာမြေတွင် စွန်းလွန်းဆရာတော်၏တပည့် အရှင် ရေဝတ ရုက္ခမူဓုတင် ဆောက်တည်ခဲ့သော ကုက္ကိုပင်များမှာ စေတီအနီးရှိ ကံ့ကော်ပင်များကဲ့သို့ **ပင်အမြစ်မှ အပင်ပွားများ ပေါက်ရောက်ရှင်သန် နေသည်ကို တွေ့ရသည်။ ကြွေကျထားသော အသီးတောင့်ရှိ အစေ့များမှ ပေါက်ရောက်ခြင်း မဟုတ်ချေ။**

ကုက္ကိုပင်များကား စေတီတော် မပွင့်ထွန်းမီ မူလကပင် တည်ရှိခဲ့၍ ကံ့ကော်ပင်များမှာ ဆရာတော် ဦးကေသရ စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ အလားတူပင် စေတီအရံတံတိုင်းအနီး ပတ်လည်တွင် တရုတ်စံကားပင်များ စိုက်ပျိုးထားခဲ့သည်။

ကုက္ကို၊ ကံ့ကော်နှင့် စံကား အပင်အားလုံး အဖျား တနလ်ာနံ့ သစ်ပင်များ ဖြစ်လေရာ ရွှေဘုန်းပွင့်စေတီတော် ကြာသပတေးဘွဲ့နံဖြင့် ဂမ္ဘေ–ပထဝီ ဓာတ်မိတ်ဆောင်လျက် တည်တံ့မြဲမြံခြင်းကို ရည်ညွှန်းသည်ဟု ယူဆဖွယ် ရှိလေသည်။

## ထူးခြားသော ဓာတ်လုံး

ရွှေဘုန်းပွင့်စေတီ အာရုံခံ တန်ဆောင်းတွင် ခေတ္တ နားနေကြစဉ် ရသေ့မ(သီလရှင်) အဘွားများက မတ်ခွက်ကြီးများ ထည့်ထားသော လင်ပန်းကို ယူလာသည်။

ရေနွေးကြမ်း မဟုတ်ပါ။ အိုဗာတင်းများ ခွက်အပြည့် ဖျော်ထားသည့်အပြင် လူနှစ်ယောက်အတွက် လေးခွက်ဖြစ်နေသည်။ အဘွားများ၏ စေတနာကို အသိအမှတ်ပြုသောအားဖြင့် တစ်ခွက်မျှကုန်အောင် အချိန်ယူ၍ သောက်သုံးရ၏။

ထိုစဉ်အတွင်း ဦးတင်ကြည်က ဤသို့ ပြောပြသည်။ ၁၃၆၉ ခုနှစ်၌ ကုန်းတော်မှ သူဌေးကုန်းရွာအထိ ဆွမ်းခံလမ်းကို စတင် ဖောက်လုပ်၏။ လမ်းအူကြောင်းဖော်၍ မြေတူးမြေဖို့ ကြသောအခါ မြေအောက်မှ ကျောက်ခဲလောက်တစ်လုံး ရရှိသည်။ ကျစ်လျစ် မာကျော၍ လှုပ်ခါကြည့်လျှင် အသံ မြည်သည်။

လုပ်အားလှူဒါန်းကြသော ဦးပဥ္စင်းအိုတစ်ပါးနှင့် ဒါယကာတစ်ဦးတို့ ကောက်ရသဖြင့် ဆရာတော် ဦးအဂ္ဂ သီလထံ ဆက်ကပ်သည်။ ဒါယကာများက ခွဲကြည့်ရန် လျှောက်ထား၍ ဆရာတော်ကလည်း သဘောတူ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် သံဖြတ်လွှဖြင့် ခွဲစိတ်ကြသည်။

သံဖြတ်သံလွှ သုံးချောင်းကုန်မှ ကျောက်ခလောက်မှာ ထက်ပိုင်းဖြတ်သည်။ အတွင်း၌ ပြာအချို့နှင့် ဓာတ်လုံး နှစ်လုံး တွေ့ရသည်။

ပွတ်သပ်ကြည့်သောအခါ အကွက်ပေါင်း(၁၀၈)ကွက် ပါဝင်သည့် ရွှေရောင်တစ်လုံးနှင့် ငွေရောင်တစ်လုံး ဖြစ်နေလေသည်။


အဂ္ဂိရတ်ပညာ နှံ့စပ်သော ဆရာတော် ဦးကောသရမှာ ၁၃၅၁ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပြီဖြစ်ရာ ဦးအဂ္ဂသီလက မျက်နှာသုတ်ပဝါငယ်ဖြင့် ထုပ်ပိုးသိမ်းဆည်းထားလိုက်သည်။

ထို့နောက် တပည့်ဒါယကာများနှင့် တိုင်ပင်၍ သာမညဆရာတော်ကြီးထံ သွားရောက်မေးလျှောက်ရန် ဆုံးဖြတ်လျက် ကားများ စီစဉ်ကြသည်။ ဦးတင်ကြည် အပါအဝင် ဒါယကာခုနစ်ဦးလည်း လိုက်ပါသွားကြသည်။

သွားမည့်နေ့ နံနက်တွင် ဒါယိကာမတစ်ဦးက နဝကမ္မအလှူငွေ တစ်သောင်းကျပ် လာရောက်ကပ်လှူသဖြင့် ဓာတ်လုံးများနှင့်အတူ ထုပ်ပိုးယူဆောင်သွား၏။

ကျောက်တံခါးမှ သာမညတောင်ရောက်သည့်အထိ လမ်းတွင် ဆွမ်း၊ ထမင်းဟင်း စားသုံးသမျှ ငွေးပေးချေရခြင်းမရှိ။ လှူဒါန်းသည့် ဒါယကာပေါ်ပေါက်နေသည်။ သာမညတောင်သို့ ရောက်၍ အထုပ်ကို ဖြေကြည့်ရာ ဝတ္ထုငွေမှာ နှစ်ဆတိုး၍ နှစ်သောင်းဖြစ်နေသည်ကို တွေ့ရသည်။

သို့သော် သာမညဆရာတော်ကြီးမှာ ထိုင်းနိုင်ငံသို့ ခေတ္တကြွရောက်တော်မူနေသဖြင့် မေးလျှောက်ခွင့် မရခဲ့ချေ။ ထို့ကြောင့် ပြန်လာခဲ့ကြကာ ကြာအင်းသို့ ရောက်သော် နာမည်ကြီး ဆရာ



◆ ကြေးသောင်းမောင်နှမ

တော်တစ်ပါးထံ ဝင်ရောက်ပြသ မေးလျှောက်ကြည့်သည်။ ထိုဆရာတော်က ဓာတ်လုံးများကို လက်မှ မချတော့ပြီ။

သောတ္တဲကြီးတစ်တွဲ ပစ်ချပေး၍ **"ဓာတ်လုံးအစား မင်းတို့ ကြိုက်တာကို ကြိုက်သလောက် ယူသွားကြ"** ဟု မိန့်ကြားသည်။

မော်တော်ကား(၅)စီးအပြင် မီးခံသေတ္တာများအတွင်း ငွေစက္ကူအချပ်ကြီးများ ပြည့်သိပ်နေ၏။ ဦးအဂ္ဂသာရက မည်သည်ကိုမျှ မယူပါ။ ဆွမ်းခံလမ်း ဖောက်နေရာ ကုန်ကျစရိတ်တွက်ချက်ပြီးမှ လာရောက်ပါမည်ဟု လျှောက်ထား၍ ပြန်လာခဲ့ကြလေသည်။

ယင်းနောက် လမ်းအတွက် ကုန်ကျငွေကို တွက်ချက်ခန့်မှန်းကာ တစ်ခေါက်ထပ်သွားသောအခါ "ပေးတုန်းကမယူ၊ ခုမှတော့ မပေးနိုင်တော့"ဟု ဆို၏။

အတန်တန် တောင်းပန်လျှောက်ထားပြီးမှ ငွေရောင်ဓာတ်လုံးကို ပြန်ပေးသည်။ ကျန်ရစ်သည့် ရွှေရောင်ဓာတ်လုံးသည် ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦး၏ လက်တွင်းသို့ ရောက်ရှိသွား၏။ ထိုပုဂ္ဂိုလ်သည် အဆိုပါ ဓာတ်လုံးအတွက် တိုင်တစ်ထောင် ဓမ္မာရုံကြီးကို တည်ဆောက်ပေးခဲ့သည် ဆို၏။

ဆရာတော် ဦးအဂ္ဂသီလသည် ဓာတ်လုံးအသုံးဝင်ပုံကို မသိရှိရသဖြင့် ဤအတိုင်းသာ ဆောင်ထားခဲ့ရာ ဆွမ်းခံလမ်း(ကျောက်ခင်းလမ်း) ဖောက်လုပ်နိုင်ခဲ့သည်။

ဆရာတော် ဦးကောသရ ကြွရောက်သီတင်းသုံးခဲ့သော ဝါးကျောင်းကလေးမှ တိုက်ကျောင်းများအဖြစ်သို့ တိုးမြှင့်တည်ဆောက်ကာ ပျဉ်ထောင်ဆွမ်းစားဇရပ်ကြီးလည်း ဖြစ်ထွန်းလာ၏။

**အကျွတ်အလွတ်စေတီခေါ် သိဒ္ဓိအောင် ထွက်ရပ်ပေါက်ရွှေစေတီကို လည်း** တည်ဆောက် ပူဇော်နိုင်ခဲ့သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**




www.burmeseclassic.com

www.burmeseclassic.com

ထိုးဖောက်အခြင်

# ခွက်ပေါက် အစီအရင်



ဤစာရေးသူ ကျွန်ုပ်သည် မိသားစု စားဝတ်နေရေးအရ ဟုမ္မလင်းမြို့နယ် အတွင်းသို့ ခရီးသွားရောက်ရှိခဲ့စဉ် စည်းရိုးမထား၊ ချောင်းလေးခြားကာ နိမိတ်ချင်းစပ်လျက် တည်ရှိနေသော **ဖားကန့်မြို့နယ်၊ ဆယ်ဖင်းကျေးရွာ** သို့ ရောက်သွားသည်။

ကုန်စိမ်းဈေးတန်းအလွန်မှ ဂုံးဂလုံး ဆွဲချ၍ ခြောက်ကောင်ပိုင်းများ တစ်ထောင် ကျပ်တန် ငွေစက္ကူများ အထပ်လိုက် ပုံထား လောင်းကစားနေကြသော လေးကောင်ဂျင်ဝိုင်းများသို့ ရောက်စဉ် ပင် ပုထုဇဉ်တို့ပီပီ လိုချင်ရချင်စိတ်များ ဖြစ်ပေါ်ခဲ့သည်။

သို့နှင့် ရှေးဆရာများ စီရင်ခဲ့သော ခွက်ပေါက်အစီအရင်ကို ပြန်လည် သတိရသဖြင့် မိမိနေရပ်သို့ ပြန်ခဲ့ပြီး ပေမူပုရပိုက်ကို ရှာဖွေ၍ ခွက်ပေါက် အစီအရင်ကို စီရင်ကာ ထိုအရပ်သို့ ပြန်သွားခဲ့သည်။

သို့နှင့် ကျွန်ုပ်၏ တူနှင့်အဖော် တစ်ယောက် သွားရောက် လောင်း ကစားကြရာ ဂျင်ဒိုင်နှစ်ဒိုင်မှ ဒိုင်ပြငွေ နှင့်တကွ ရွှေထည်များပင် ရောင်းချပြီး ကျပ်(၇၅)သိန်း ခုနစ်ဆယ့်ငါးသိန်းကျပ် ထပ်၍ ရရှိခဲ့လေသည်။

(ခွက်ပေါက်)အစီအရင်ကား

စနေသန်း၊စနေနေ့ ကွယ်သောလ၊ အင်္ဂါနေ့ လဆန်းပြီး အင်္ဂါနေ့ လကွယ်ကြုံသော မည်သည့်လမဆို တနင်္ဂနွေသန်း၊တနင်္ဂနွေ ကွယ်သော လများတွင် စနေနေ့၊ အင်္ဂါနေ့ တနင်္ဂနွေနေ့ နေမွန်းတည့်ပြီးပြီးချင်း ထောက်ကြံ့ပင်တွင် ကပ်ပြီးပေါက်သော



ထောက်ကြံ့(ကျီးပေါင်း) ကျည်းပေါင်းကို ဆန်ကို နန္ဒင်းဆိုးထားသော ဆန်ပန်းပေါက် ပေါက် (သို့မဟုတ်) ကောက်ညှင်းစပါးကို လှော်ထားသော ပေါက်ပေါက်ဖြင့် (ရက္ခ ဆာယာ) အရိုးအပင်ကို အစိုးရသော ရက္ခစိုး နတ်ကို ပူဇော်တောင်းခံပြီး လက်ခလယ်ဆစ် နှင့်အတိုင်းအရှည်ဖြတ်ယူပြီး ယင်းဖြတ်သော နေရာတွင် သံချောင်းဆောက်၍ ထားပါ။

ယင်း ဖြတ်ပြီးယူလာသော ထောက်ကြံ့ ကျီးပေါင်းကို နွားနက်မ နို့ရည်ဖြစ်စေ ကြက်နက်မ သည်းခြေနှင့်ဖြစ်စေ သွေးပြီး မျက်စိနှစ်ဖက်ကို ကွက်ပါ။

ဆေးသွေးစဉ် ရွတ်ဖတ်ရန်

မျက်စိကိုကွက်စဉ် ရွတ်ဆိုရမည့် မန္တန်ကား...

'ဥုံ အာကာသေ အာကာသေ ဥုံ ဒေဝတာ ဒေဝတာ ချုပ်ပေဘြာချုပ်ပေ၊ ကပ်ပေဘြာ ကပ်ပေ၊ ထင်ပေဘြာထင်ပေ၊ မြင်ပေဘြာ မြင်ပေ'

ယင်းမန္တန်ကို ဆေးသွေး၍ မပြီး မချင်း အသက်အောင့်၍ရွတ်၊ မျက်စိကို ကွက်လျှင် (၇)ခေါက်ရွက် ဆေးကွက် ပြီးနေ့ကို မျက်စိမှိတ်လျက် ကောင်းကင် ကိုကြည့် လကို မြင်ရသည်။ ညကို ကြည့်လျှင် နေ့ကဲ့သို့ ပကတိရှိသည်။

မည်သည့် အကွယ်အကာ အဖုံး အအုပ် ရှိစေကာမူ အတားအဆီးမရှိ ထင်ကုန်၏။

ဤကား ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ပါသည်။

**မောင်ဘုန်းမြင့်(သဃ်)**

## စာရှုသူ...သုတေသီ...ပညာရှင်တို့ခင်ဗျာ...

ဤဆောင်းပါးပါ ခွက်ပေါက်အစီအရင်အပြင် ဆင်တူမျိုးကွဲ အခြား အစီအရင်များလည်း ရှိမည်ဟု ယုံကြည်ပါသည်။ ရှေးဟောင်းပညာရပ်များ မပျောက်ပျက်စေခြင်းငှာ မှတ်တမ်းတင်ချင်ပါသည်။

သို့ဖြစ်၍ ဤ အစီအရင်နှင့် အခြားအစီအရင်များကို သေချာဂဏသိသူ ပညာရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းမှူး**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကောင်းဟောကွက်



ကြည့်ပါ။

✪ လက်မရဲ့ထိပ်ပိုင်းမှာ အသားစိုင်ကြီးကြောင့် ဖုထစ်ကြီး ဖြစ်နေတယ်။(A.A)

ဒါကတော့...

*စိတ်ဓာတ်ပိုင်းဆိုင်ရာ ခံစားချက် ပြင်းထန်လွန်းတယ်။

*ဒေါသကြီးတယ်။

*စိတ်ဆိုးလာရင် ကိုယ်ထိလက်ရောက် ကျူးလွန်တတ်တယ်။

*စိတ်ကြမ်းလူကြမ်းဖြစ်မယ်။

*သည်းခံနိုင်မှု အားနည်းတယ်။

စသည်ဖြင့် ဟောပြောလို့ ရပါတယ်။

နှလုံးလမ်းကြောင်း ဦးဏှောက်လမ်းကြောင်းတွေမှာ ချို့ယွင်းချက်၊ အားနည်းချက်ရှိရင်တော့ (A.A)

ထိုအချက်တွေ ဖြစ်ဖို့ သေချာပါတယ်။

ဆည်းသို့ဆိုစေ ဒေါသစိတ် လျှော့ကဲခြင်းကတော့ အနည်းအများ ရှိနေမှာပါပဲ။

ဗဟုသုတအဖြစ် တင်ပြလိုက်ပါတယ်။

ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ

ဦးဘော်ခင်(ဟသ်ာတ)

www.burmeseclassic.com


注册 商標



ရိုဗို– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







# 龍鳳寶

ရိုဗို– အမျိုးသားအားဆေး
ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဇာမဏီရတနာ (လုံဖုန့်ပေါင်)

(ယောက်ျားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိုဗို– ကျားရတနာဆေး၊ (မူလအမည်။ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း၊ နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ။ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး။ လူ့လောကအ် နတ်သီကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိုဗို–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အစီကာကုသမှု ။ ယောက်ျား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။**

**အာနိသင် ။ ကာမရာဂစိတ် ပိုဖြစ်၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။**

**ဖြန့်ချိရေး–. ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရှံ့ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၅၄၂၂၅ ၇၀၉၈၉၈၊ ❖ဆိုင်အမှတ်(၂၈)၊ ဈေးကြီး။ မော်လမြိုင်မြို့။ ဖုန်း ၀၅၂–၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း။ ပြည်မြို့။ ဖုန်း–၂၁၂၆၂။ ❖မဉ္ဇူရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း။ ဗိုင်းဂနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄၅/ကျောင်းလမ်း။ မြောက်ဥက္ကလာ။❖ကန့်ကော်ရုံ။ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး။ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း။ တောင်ငူမြို့။ ဖုန်း–၀၅၄–၂၁၈၃၉။❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း။ ကင်မလင်းကျွန်း။ ပုသိမ်မြို့။ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာဈေး။ ပုသိမ်မြို့။ ❖ရွှေစွန့်ညိုစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း။ပုသိမ်မြို့။ ဖုန်း–၂၁၇၁၅။ ❖ရောစံ–အမှတ်(၅၂/၈)၊ ကုန်သည်လမ်း။ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး–ည/၁၅၀၊ ဦးကြီးခမ်းလော်လမ်း။ ဦးကြီးခမ်း။ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း–၀၇၄–၂၂၅၉၄။ ❖ဝါးခယ်မမြို့၊ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း။ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၃၁၀၄။ ❖စကားဝါဆေးနှင့်ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း–၀၆၆–၂၁၄၄၁။❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း–၀၈၅–၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း။ ပြည်မြို့။ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး။ မိတ္ထီလာမြို့–ဖုန်း၂၁၁၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘူတာတောင်ဘက်လမ်း။ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း။ဖုန်း–၀၇၂–၂၂၀၀၇။ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇၊ ဆောင်းဟေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းတဘက်ရွှေ၊ မြစ်ကြီးနား။ ဖုန်း–၂၂၁၀၆။❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၇)လမ်း။ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း။ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း–၅၁၂၂၇။ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–ဒွိညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၂၄၇၃၂။❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရှံ့(၁)၊ လိုင်း(အေ)၊❖ဆိုင်အမှတ်–(၂၈)ဈေးကြီး။ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၃၁၁၄။ ❖ကိုအင်ငယ် (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၃၆–၄၁၆၀၄။


**ပင်ရင်းဖြန့်ချိရေး – ရိုဗိုဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း။ ကမ်းနားလမ်း။ သီရိမင်္ဂလာဈေးအနီး။ ဟုပ်းလမ်းမှတ်တိုင်အနီး။ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၄၂၀၀ ၁၈၇၂၁၊ ၀၉–၇၉၄ ၅၅၀၅၇။**

**Ph- 09-730 98606, 09-505 8108, 09-4200 18721, 09-794 550597.**



www.burmeseclassic.com

www.burmeseclassic.com




◆ မုခိုးစေတီကို အနီးကပ်မှမြင်ရပုံ

ဖြိုးကျော်ဖြ (LL.B)

# မွတ်လအိ မွတ်လအပ်

## တောင်ထွတ်များပေါ် ဆံတော်ရှင် ဘုရားဖူးခရီး (၇)

ယခင်လမှ အဆက်

မုံဆိုးစေတီတော် အရှေ့မြောက်ဘက်ကုန်းစောင်းတွင် သဘာဝကျောက်တုံးကြီးတစ်တုံးမှာ ကျားခေါင်းနှင့် လွန်စွာတူသည်။ တောင်ပိုင်ဘိုးဘိုး၏ စီးတော်ကျားဟု ဒေသခံများ ယုံကြည်ကြသည်။

'ဟောဟို အရှေ့ဘက်တည့်တည့်ကို ကြည့်လိုက်ဦး။ တိမ်[illegible]တွေကြားမှာ ဖွဲကပင်တောင်လို ပုံသဏ္ဌာန်တူတွေ့ မြင်နေရတဲ့ တောင်ထွတ်ဟာ ထိုင်းနိုင်ငံ နယ်နိမိတ်ထဲက မွတ်လအပ်ဆံတော်ရှင်တောင်ပေါ့။ အဲဒီတောင်ထွတ်ရဲ့တောင်ဘက် အမြင့်ဆုံးထိပ် ပို့မောက်ချွန်ထွက်နေတဲ့နေရာမှာ မွတ်လအပ် ဆံတော်ရှင်စေတီတော် တည်ထားခဲ့တာပါ'

ဦးပဋ္ဌင်း ဥတ္တမက ညွှန်ပြသဖြင့် ကြည့်လိုက်ရာ မြန်မာနိုင်ငံအလယ်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုပ္ပါးတောင်ကလပ်ကို အဝေးမှမြင်ရပုံနှင့် တူသလို၊ ကရင်ပြည်နယ် ဘားအံမြို့အနီးရှိ ဖွဲကပင်တောင်ကို အနောက်ဘက် အဝေးမှ မြင်ရပုံနှင့်လည်း ခပ်ဆင်ဆင်တူကြောင်း တွေ့ရှိရသည်။

မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်စာအုပ်အရဆိုလျှင် **မွတ်လအပ်ဆံတော်ရှင် တောင်ထွတ်က မွတ်လအိဆံတော်ရှင် တောင်ထွတ်ထက် ပို၍မြင့်ကြောင်း သိရသည်။**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းရှိ ဇင်းကျိုက်တောင်ထွတ်ရှိ ဆံတော်ရှင်စေတီတော်နှင့် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲကပင်တောင်ထွတ်ရှိ ဆံတော်ရှင်စေတီတော်တို့တွင် ဌာပနာထားသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်တို့ကို ရရှိခဲ့ကြသော တိဿရသေ့နှင့် သီဟရသေ့တို့မှာ ညီကိုအရင်းများ ဖြစ်ကြကြောင်း၊ သုဘိန္နနေပြည်တော်မှ တိဿသဏ္ဍရာဇမင်းကြီး၏ သားတော်နှစ်ပါး ဖြစ်ကြော[illegible]



www.burmeseclassic.com

www.burmeseclassic.com



▲ မုဆိုးစေတီကျောက်တုံးကြီးအောက်မှ ဓာတ်ရားအားထုတ်ရာနေရာ

▼ မုဆိုးစေတီအရှေ့မြောက်ထောင့်မှ ကျွဲရုပ် ကျောက်တုံးကြီး



ရှေးဟောင်း ဘုရားသမိုင်းစာအုပ်များတွင် ဖတ်ရှု မှတ်သားခဲ့ရသည်။

ယခု ကျိုက်မွတ်လအိဆံတော်ရှင် ဘုရားတောင်ထွတ်နှင့် ကျိုက်မွတ်လအပ်ဆံတော်ရှင် ဘုရားတောင်ထွတ်တို့မှာဌာပနာထားသော ဆံတော်တို့ကို ရရှိခဲ့ကြသည့် ကပ္ပရသေ့နှင့် နာရဒရသေ့တို့မှာလည်း ညီရင်းအစ်ကိုများ ဖြစ်နိုင်လေသည်။

ထိုရသေ့ကြီးများအကြောင်း ဘုရားသမိုင်းတို့တွင် မဖတ်ရှုဘူးသေးပါ။ **သိရှိကြသော ပုဂ္ဂိုလ်များမှ ဖော်ထုတ်ရေးသားပေးကြလျှင် ကောင်းလေစွဟု တောင့်တမိပါသည်။**

ကျွန်ုပ်တို့လည်း မုဆိုးစေတီအနီးရှုခင်းအလွန်ကောင်းလှသဖြင့် အမှတ်တရဓာတ်ပုံများ ရိုက်ကြပါသည်။

'တန်ဆောင်မုန်းလပြည့်နေ့ ဝန်းကျင်မှာ ရာသီဥတု အလွန်သာယာတယ်။ တပေါင်းလပြည့်ဝန်းကျင်မှာလဲ ရာသီဥတု အလွန်သာယာတယ်။ အဲဒီနေ့ မနက်ပိုင်းတွေမှာ အရှေ့ဘက်က နေထွက်ချိန်ရှုခင်းနဲ့ အနောက်ဘက်ပင်လယ်ပြင်မှာ နေဝင်ချိန်ရှုခင်းတွေကို ဒီမွတ်လအိတောင်ထွတ်ပေါ်က ရှင်းရှင်းလင်းလင်း တွေ့မြင်ရတယ်။

အင်မတန်သာယာပြီး ရှုခင်းက ရှုမငြီးအောင် လှပတယ်။ အဲဒီညဘက်တွေမှာတော့ ကောင်းကင်မှာလဲ ကြည်လင်ပြီး လတွေ၊ ကြယ်တွေ၊ နက္ခတ်တာရာတွေကို အနီးကပ်တွေ့မြင်ရတယ်။

အဲဒီ တန်ဆောင်မုန်းလပြည့်၊ တပေါင်းလပြည့်တွေမှာ ဒီမွတ်လအိတောင်ကို နောက်တစ်ခေါက်လောက် ရောက်အောင်လာခဲ့ပါဦး။ ကံကောင်းရင် ရောင်ခြည်တော် ကွန့်မြူးတာ ဖူးရလိမ့်မယ်'

ဦးပဥ္ဇင်းဥတ္တမက ဖိတ်မန္တကပြုခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ကလည်း နောက် တစ်ခေါက်မှာ ထပ်လာမည်ဟု ကတိပေးခဲ့ကြသည်။ ထို့နောက် မုဆိုးစေတီမှ ပြန်ခဲ့ကြ၏။

ကားရပ်နားစခန်းနှင့် မုဆိုးစေတီ အသွားအပြန် မိနစ်(၄၀)ခန့်ကြာခဲ့သည်။ ကားရပ်နားစခန်းရောက်ခါနီးတွင် လမ်းဘေးတစ်နေရာ၌ အရွက်နုများ အညိုရောင်ရှိသော အောင်သပြေပင်များစွာ တွေ့ရှိရသည်။

'မွတ်လအိဆံတော်ရှင် ဘုရားဖူးတွေဟာ ဆံတော်ရှင်စေတီတော်ကို မတက်ခင် ဒီအောင်သပြေပန်းတွေ ချိုးယူသွားကြတယ်။ ဘုရားမှာ အောင်သပြေညွန့် လှူကြတယ်။

ပြီးတော့ ပြန်စွန့်ယူပြီး အန္တရာယ်ကင်းဖို့နဲ့ အလုပ်အကိုင် အကြံအစည် အောင်မြင်ဖို့ အဆောင်ပစ္စည်းအဖြစ် ယူဆောင်သွားကြတယ်'

ဦးပဥ္ဇင်းဥတ္တမက ထိုသို့ ပြောပြရင်း ထိုသပြေပင်ယယ်များနှင့် မနီးမဝေးတွင်

www.burmeseclassic.com



◆ ဗိမ္ဗာသီးများကို စတီး ဇလုံငယ်တွင်ထည့်၍ အနီးကပ်မြင်ရပုံ

◆ မွတ်လအိတောင်ထိပ် ကားရပ်နားစခန်းရှိ ဗိမ္ဗာသီးပင်ပုံ



ခရမ်းရောင်ပွင့်များ ဝေဆာ ပွင့်ဖူးနေသောအပင်များကို ညွှန်ပြပြန်သည်။

'ဒီအပွင့်ခရမ်းရောင်နဲ့ အပင်တွေက ဆေးအိုးပုတ်ပင်တွေပေါ့။ ဆေးမြစ်စုံစိမ်တဲ့အထဲမှာ ဒီဆေးပင် ပဋ္ဌင်းပါး နုပ်နုပ်ခုတ်စဉ်းထည့်ပါတယ်။

သူ့တစ်မည်ချင်းဒေသခံတွေ အသုံးကတော့ ပဋ္ဌင်းပါးကို သုံးခွက်တစ်ခွက်တင် ရေနဲ့ပြုတ်သောက်ကြတယ်။ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါတွေအတွက် အစွမ်းထက်ကြောင်း ပြောကြတယ်'

ထို့နောက် လမ်းဘေးတစ်နေရာတွင် အပင်၊ အရွက်၊ အပွင့်၊ အသီးတို့အားလုံး ရုံးပတီပင်နှင့်တူသော အပင်များစွာတွေ့ရပြန်သည်။

'အဲဒါ တောရုံးပတီပင်တွေပဲ။ မွတ်လအိ ဆေးမြစ်စုံ စိမ်တဲ့အထဲမှာ ပဋ္ဌင်းပါးခုတ်စဉ်းထည့်တဲ့ ဆေးပင်တစ်မျိုးပေါ့။ သူ့တစ်မည်တည်းဆိုရင် ဒေသခံတွေက ဆီးရောဂါအမျိုးမျိုးအတွက် အဓိက သုံးကြပါတယ်'

ကားရပ်နားစခန်းမှ ရေကန်အနီးရောက်သောအခါ လမ်းတွင် တွေ့ရသော ဆေးရွက်ကြီးနှင့်တူသော အပင်များစွာ ထပ်မံတွေ့ရပြန်သည်။ ကျွန်ုပ်က စပ်စုလိုက်၏။

'ဒီဆေးရွက်ပင်တွေကို ကရင်လို ဘာခေါ်သလဲ၊ ဒီဒေသခံတွေ ဘာအတွက် သုံးသလဲ'




www.burmeseclassic.com

www.burmeseclassic.com



ဂုံညှင်းနက် (ပူးသလယ်သီး)

ဦးပဏ္ဍိတ ဥတ္တမ (ခေါ်) ဦးပုတီး၏
သေးမြစ်စုံ အပင်များနှင့် အရည်စစ်ယူပုံ



'ကရင်လို "နော့်ပွဒေါ်"လို့ခေါ်တဲ့ ဆေးပင်ပဲ။ ဒီဒေသခံတွေ ကလေးမွေးဖွားပြီး မီးနေချိန်မှာ ဒီဆေးပင် ပွင့်ဖူးပါးကိုနှုတ်၊ ရေနဲ့ပြုတ်ပြီး ရေချိုးကြတယ်။ မီးဖွားပြီး (၁၀) ရက်အတွင်း နေ့တိုင်း ချိုးရတာ။ သွေးသားစင်ကြယ် ကျန်းမာစေတယ်'

ကျွန်ုပ်တို့အနီးတွင်ရှိသော ကားဒရိုင်ဘာ မောင်ကာစီမှ ဝင်ရောက်အဖြေပေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့ ညအိပ်တည်းခိုသော ဓမ္မာရုံရှေ့တွင် ချဉ်ပေါင်ရွက်နှင့် အနည်းငယ်တူပြီး အရွက်ပိုကြီးပိုစိမ်းသောအပင်များကို တွေ့ရပြန်သဖြင့် စုံစမ်းကြည့်မိသည်။

'အဲဒါကတော့ တောချဉ်ပေါင်လို့ ခေါ်ကြတယ်။ ပွင့်ဖူးပါးခုတ်စင်းပြီး မှုတ်လအိုးသေးမြစ်စုံထဲ ထည့်ကြတယ်။ တစ်မည်တည်း အသုံးဆိုရင်တော့ သူ့အမြစ်ကို နွေရာသီမှာ ထုထောင်းပြီး ရေအိုးထဲ စိမ်ထားသောက်ကြတယ်။

အအေးဓာတ်ရှိတဲ့အတွက် အပူဒဏ်ကို ခံနိုင်တယ်။ အပူနဲ့ ပတ်သက်တဲ့ရောဂါတွေကို ကာကွယ်ပေးတယ်။

သူ့အမြစ်ကို မထုမထောင်းဘဲ ရေအိုးထဲ စိမ်သောက်ရင်လဲ ရေကို ပိုပြီး အေးစေတယ်။ အပူနာရောဂါတွေကို ကာကွယ်ပေးနိုင်တယ်'

ဦးပုတီးက ရှင်းပြခြင်းဖြစ်ပါသည်။

ကားရပ်နားစခန်းရှိ ဘုရားမှ ကား

www.burmeseclassic.com





◄ မှတ်လအိတောင်တွင်ရှိ ဖော့မွှေးပင်များ

◄ မှတ်လအိတောင် ဘုရားဖူးအပြန်
လက်ဆောင် အဝိဇ္ဇာသီးပင်များ

တစ်စီးနောက်တွင်မှီ၍ ထောင်ထားသော ဝါးမင်းပင်များကို တွေ့ရသည်။

မှတ်လအိတောင် ဘုရားဖူးပြန် လက်ဆောင်အဖြစ် ပြန်ယူသွားရန် ဖြစ်ကြောင်း၊ နေအိမ်မှ အဆောင်အဖြစ်ထားကြောင်း **ဝါး+မင်း= ၄+၅ = (၉)နဝင်း**ဖြစ်ကြောင်း ပြောပြကြသည်။

ကျန်းမာဘေးကင်း ငွေဝင်လာဘ်ရွှင်ဖြစ်ကြောင်း ယုံကြည်ကြပါသည်။

ကျွန်ုပ်အနေဖြင့် ညအိပ်ရပ်နားစခန်းရှိ ဆွမ်းချက်ရေပ်တွင် မြိုင်ကြီးငှက်ဆရာတော်၏ တပည့်များဖြစ်သော ဦးပွင့်း ဝိသာရနှင့် ဦးရသေ့ ဦးခန္တီတို့ကို သွားရောက်၍ နှုတ်ဆက်ရင်း အလှူငွေပေးစဉ် မှတ်လအိတောင်ရှိ ဆေးဖက်ဝင်ပစ္စည်းအချို့ကို မေးမြန်းခဲ့ပါသည်။

ဦးရသေ့မှ ခုံညင်းနက်(ခေါ်) ဒေသခေါ် **ပုံးသလယ်သီး**ကို ပြသပါသည်။ ခုံညင်းအငယ်စား ဖြစ်ပါသည်။ ဒေသအသုံးမှာ ထိုခုံညင်းအတွင်းရှိ အစေ့အဆန်ကိုထုတ်ယူပြီး ကျောက်ပျဉ်တွင် ရေနှင့် သွေးလိမ်းပါက အရေပြားပေါ်ရှိ အဖုအကျိတ်များ နလျှင်ပိန်၍ ရင့်လျှင် ပေါက်သွားကြောင်း၊ အနာကျက်မြန်ကြောင်း ပြောပြသည်။

ထို့နောက် **"သစ်မွှေး"**ခေါ်သော သစ်သားတုံးတစ်တုံး ပြပါသည်။ ကလေးမွေးဖွားပြီးစ မီးနေသည်များ ထိုသစ်မွှေးတုံးကို အရက်နှင့်သွေး၍ ခြေဖျားလက်ဖျား လိမ်းပေးကြကြောင်း ဒေသခံများ သုံးစွဲပုံကို သိရပါသည်။ ထိုသစ်သားစကို မွှေးကြည့်ရာ ခပ်သင်းသင်းမွှေးရနံ့ ရသည်။

ထို့ပြင် **"သစ်ပုပ်"**ဆိုသော သစ်သားတုံးကိုလည်း ပြပါသည်။ လူမစင်နံ့လို ပုပ်အက်နံ့စော်နေပါသည်။

ဒေသအသုံးမှာ ကလေးမွေးစအခါ၊ ကလေးငယ်စဉ်အခါ ထိုသစ်ပုပ်ကို ရေနှင့်သွေးပြီး ငယ်ထိပ်နှင့် ခြေဖျားလက်ဖျားတို့ကို လိမ်းပေးခြင်း၊ လျှာပွတ်ပေးခြင်းပြုထားပါက ကလေးသူငယ်နာရောဂါများကို ကာကွယ်ပေးကြောင်းသိရသည်။

ရသေ့ကြီး ဦးခန္တီ၊ ရခိုင်ဘိုးတော် သက်ရှည်နှင့် ဦးဥတ္တမ (ခေါ်) ဦးပုတီးတို့က ကျွန်ုပ်ကို မှတ်လအိတောင်မှ ဝိဇ္ဇာသီးများ လက်ဆောင်ပေးကြသည်။

ထိုဝိဇ္ဇာသီးကို ပျားရည်နှင့်စိမ်ထားပြီး အသီးကိုစားခြင်း၊ အရည်ကို သောက်ခြင်းဖြင့် အမျိုးသမီးများ သွေးလေမမှန်သောရောဂါ ပျောက်ကင်းကြောင်း၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ကျွန်းမာသန်စွမ်းစားဝင်အိပ်ပျော်ရောဂါကင်းကြောင်း သိရသည်။

ကျွန်ုပ်တို့ ညအိပ်ရပ်နားရသော မွှာရုံအနီး၊ အလှူခံမဏ္ဍပ်ဘေးတွင်ပင် ဝိဇ္ဇာသီးပင်အချို့ရှိနေ၍ ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့ပါသည်။

ရှေ့လဆက်ဖတ်ပါရန်

**အောင်စေ (LL.B)**

www.burmeseclassic.com



# ဆေးအိပ်မက်

[၁]

တကယ်တော့ ထူးဆန်းတယ်။

ဒါပေမယ့် ကိုယ့်ကျမှလဲ ဒီလိုမျိုး ကြုံရတယ်လို့ပဲ။

ကြုံရတာနဲ့အတူ အရေးသမား တစ်ယောက်ဖြစ်နေလို့လဲ ရေးမိသွား ပြန်ပါပြီ။

[၂]

ကလေးမလေးဖအေက မန္တလေး တက္ကသိုလ်က ဌာနမှူးတစ်ယောက်ပဲ။ သူ့အဖေ နေထိုင်မကောင်းဖြစ်လို့ ဆေးမြစ်ဆေးပင်တွေ လိုတဲ့အခါ ကျွန်တော်က စုဆောင်းပေးခဲ့ဖူးတယ်။

အခု အဲဒီကလေးမလေးက မြစ်ကြီး နားတက္ကသိုလ်မှာ လက်ထောက် ကထိကတစ်ဦး ဖြစ်နေပြီ။

အဲဒါ တလောက သူ့အဖေ ကွယ်လွန်တဲ့ နှစ်ပတ်လည်နေ့ မန္တလေး မှာ လာလုပ်တယ်။ နေ့ဆွမ်းကပ်ပြီး အလှူလုပ်တယ်။ ကျွန်တော်တို့ကိုလဲ ဖိတ်တယ်။

ကျွန်တော်သွားတဲ့အခါ မြစ်ကြီးနား က ပါလာတဲ့၊ ပြီးတော့ ဆရာတော်၊ သမားတော်တွေကိုသာ ကပ်လှူလေ့ရှိ တယ်ဆိုတဲ့ **ရေခဲတောင်ကြာဥဆိုတာ ကို ဆေးအဖြစ်သုံးဖို့** ကျွန်တော့်ကို လက်ဆောင်ပေးလိုက်တယ်။

[၃]

ဒါက ကန်စွန်းဥနဲ့ အရွယ်အစား ရော ပုံသဏ္ဌာန်ပါ တူတယ်။ ထက်ပိုင်း ဖြတ်လိုက်တော့ ကြာရိုးဖြတ်ပိုင်းပုံ အတိုင်း အကန့်အကန့်တွေနဲ့။

**ဝိသနာအတိုင်း အခွံသင်၊ အကွင်းလိုက် လှီးပြီး စားကြည့်လိုက်တယ်၊ အရသာက [illegible] စားရသလိုမျိုး အချိုပေါ့ပေါ့၊ အတွေ့အထိက ကန်စွန်းဥ အစိမ်းစား ရသလိုမျိုး ဆတ်တောက်တောက်။ တစ်တက်ကုန်အောင် စားပစ်လိုက်တယ်။**

[၄]

အိပ်မက်. မက်တယ်။

- ဝတ်စားထားတာ ရှေးလူတွေပုံမျိုးနဲ့ မိန်းမကြီးသုံးယောက်။ သူတို့က အရောတဝင် ဆက်ဆံကြတယ်။

ဒီလိုနဲ့ တရေးနိုးလာတော့ ခြုံထားတဲ့ စောင်ပါး လည်ပင်းနဲ့ထိတဲ့ နေရာမှာရော၊ ဝတ်ထားတဲ့ လုံချည် ဝမ်းဗိုက်နေရာအပါ ရေတွေစိုလို့။ ရေဆိုတာ ထင်ရှားသလို သိသိသာသာလဲ စိုနေတာ။

နောက်ပြီး အိပ်ရာက ထတော့ ပျစ်ခဲနေတဲ့ နှာရည်တွေ အတောင့်လိုက် ထွက်သွားတယ်။ လူလဲ နေရထိုင်ရတာ တအားပေါ့ပါးတယ်။

မိန်းမကြီးတွေက ဆေးရဲ့အစောင့်။ စိုနေတဲ့ ရေတွေက အရည်ပျော်သလိုမျိုးဖြစ်တဲ့ ဆေးရဲ့သတ္တိ။ ဒီလိုလဲ တွေးမိတယ်။

[၅]

ဂုဏ်တော်ပွားတာ ကြာပြီမို့လို့ ဒီလို ထိရောက်လွယ်၊ သိလွယ်မြင်လွယ် ဖြစ်နေလေသလားပဲ။

လက်တွေ့ပြဖို့ ခက်ခဲလို့ ကြုံရင် သိကြပါလိမ့်မယ်။ ပွားများပါ၊ လောကီကြောင်းအရလဲ စမ်းသပ်ပါ ဆိုတာကိုသာ တိုက်တွန်းလိုက်ပါရစေ။

**သီလ**

**(ရေတံခွန်တောင်)**



www.burmeseclassic.com

www.burmeseclassic.com

# အဆီကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား တိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း မှိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း ကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

[illegible]

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ် ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်ဆီးကျန် ဝမ်းချုပ်ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၁၁၉၇၅၂၆။

---




www.burmeseclassic.com

www.burmeseclassic.com

ကျိုက္ကမီနယ်မှ ကဒါတ်တောက်ဝါးကျောင်းနှင့် | ဘုန်းကျော်စွာ (မြိုင်တက္ကသိုလ်)

# ဆရာတော် ဦးသုန္ဒရရဲ့
# ဘဝကောက်ကြောင်းများ (၂)



▲ ကဒါတ်တောက်ဝါးကျောင်းဆရာတော် ဦးသုန္ဒရ

ယခင်လမှ အဆက်

'ကျွန်တော်က ဆရာတော်လူဘဝက ကျောင်းနေဖက်လဲဖြစ်တော့ ဦးပဥ္စင်းဖြစ်သွားပြီးနောက်မှာ သံဃာတစ်ပါးအနေနဲ့သာ လေးစားကြည်ညိုရုံကလွဲပြီး အလေးအနက်မရှိခဲ့ဘူး။ ဦးပဥ္စင်း တိုက်တွန်းဆွဲဆောင်လို့ သူလမ်းညွှန်တဲ့အတိုင်း ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ကြည့်တော့ တကယ်ထိရောက်တာ တွေ့ရတယ်။

မတွေ့မသိရဘူးတဲ့ တရားအသိထူးတွေ တွေ့ရ သိရတယ်။ ဒါနဲ့ ဆရာသမားအဖြစ်နဲ့ ယုံကြည်အားကိုး ပူဇော်ခဲ့တာ ပုံလွှန်တော်မူတဲ့အထိ ဆိုပါတော့ဗျာ'

တစ်နေ့တော့ ဆရာတော်က ကဒါတ်တောက် ဝါးကျောင်းမှာ ကမ္မဋ္ဌာန်းနည်းပြပြီ၊ ကျွန်တော် အပါအဝင် ဒါယကာ(၁၀)ဦးလောက် ကမ္မဋ္ဌာန်းထိုင်ကြတယ်။

အဲဒီမှာ ဆရာတော်က ကျွန်တော့်ကို ပြောပါတယ်။

'နက္ခတ္တဗေဒင်ဗြိုဟ်မဂ္ဂဇင်းမှာ မွေးရာပါမှဲ့စာ အမှတ်အသားဖြေဖျက်နည်းတစ်ခု ဖတ်ရတယ်။

သင်္ချိုင်းက ရေလုံအိုးကွဲကို "ဆေးအဖြစ်ကြွပါ"ဆိုပြီး ယူလာခဲ့ပါ၊ ရေနဲ့ သွေးပြီး လိမ်းကျံပေးရင် မွေးရာပါအမှတ်တွေ ပျောက်သတဲ့။

ညဘက် လူခြေတိတ်ချိန်မှာ ဘယ်သူမှ မသိအောင် ယူရမယ်ဆိုတယ်။ ထွန်းပြိုးမင်း သွားယူချေ'တဲ့။

'ဟင်... မဖြစ်ပါဘူး။ တပည့်တော် အင်မတန်ကြောက်တတ်တာ အရှင်ဘုရား သိရဲ့သားနဲ့၊ လိပ်ပြာလွင့်ပြီး အသက်ပါ ပါသွားလိမ့်မယ်။ တခြားသူကို ခိုင်းပါဘုရား'

'ဖြစ်ပါတယ်။ ဖယောင်းတိုင် သုံးတိုင် ယူသွား။ ရေလုံအိုး(အသုဘချရာတွင် အိမ်ရှေ့တွင် ရိုက်ခွဲပစ်ရသော မြေအိုး။ အချို့ဒေသများတွင် သင်္ချိုင်းရောက်၍ အလောင်းမြေကျသောအခါ ရိုက်ခွဲပစ်လေ့ရှိသော မြေအိုးဖြစ်သည်။) အိုးကွဲယူပြီးရင် သင်္ချိုင်းဇရပ်မှာ ထွန်း။ ဘုရားရှိခိုး၊ သင်္ချိုင်းစောင့် အကြီးအကဲကို ခေါ်ပြီး အမျှဝေပေးလိုက်ပါ။ ငါ မေတ္တာပို့ပေးနေပါ့မယ်'


'ဒါတော့' ဟုတ်တယ်။ ကဒါတ်တောက်ကျောင်းမြေ ကမ်းခြေ





www.burmeseclassic.com

www.burmeseclassic.com







(ထက်) အညာတောဆရာတော်၏ ဓာတ်တော်များ
(အောက်) အညာတောဆရာတော်သီတင်းသုံးခဲ့သည့် လေးတိုင်ပင်တဲကျောင်း

အင်မတန်ကြမ်းတာ။ ဆရာတော် မေတ္တာပို့ အမိန့်ရှိလိုက်ရင် အားလုံး ပျောက်ချက်သား၊ ငြိမ်ချက်သား ကောင်းပြီး ဘာမှ မကြားရမမြင်ရတော့ဘူး။

သချိုင်းတွေမှာ တရားထိုင်ရအောင် ဆိုပြီး ဒကာ,ဒကာမ ကလေးသူငယ် တွေပါမကျန် ခေါ်သွားပြီးရင် တစ်ယောက်၊ အုတ်ဂူတစ်လုံးစီ နေရာချ တရားထိုင်ရတယ်။

ဆရာတော် အမိန့်ပေးလိုက်ရင် သချိုင်းတစ်ခုလုံး ချီးချီးချွတ်ချွတ် အသံတောင် မကြားရဘူး။ တချို့ ကလေးတွေက ကြောက်ကြောက်နဲ့ စောင်ခေါင်းမြီးခြုံပြီး အိပ်နေကြတာ အရုဏ်ကျင်းရင် မနည်းနှိုးယူရတယ်'

'ဝါခရူမြို့ဟောင်း နန်းဦးစေတီသိမ် ဆိုရင်လဲ အခြောက်အလှန့်ကြမ်းတာ ဆရာလဲ သိမှာပါ'

'အင်း… ကြားဖူးပါတယ်။ ကျွန်တော့် လက်စွဲဆိုင်ကယ်ဆရာ ကိုထွန်းသိမ်းက လမ်းပေါ်ကျနေတဲ့ သစ်ကိုင်းကို လွှတ်ရာဖယ်ပစ်ဖို့ ကောက်ယူလာတာ မြွေကြီး တရှုတ်တိုက်နေတော့ **"ဟား ငါ ဝါခရူမြို့ကို တံမြက်စည်းလှည်း နေပါလား"** လို့ နောက်ပြောင်ပြီး ပြောမိတယ်။

ဆိုင်ကယ်က ချက်ချင်း နောက်ပြန် လိမ့်သွားတာနဲ့ ကမန်းကတန်း ခုန်ချရတယ်။ သူကတော့ သိမ်ဘေးက ရေမြောင်းချိုင့်ထဲကို ဆိုင်ကယ်နဲ့အတူ တလိမ့်ခေါက်ကွေး ကျသွားပါလေရော။

တံမြက်စည်းလှည်းတယ် ဆိုတော့ တစ်မြို့လုံးကို သိမ်းကျုံးရှင်းလင်းပစ် လိုက်တဲ့သဘော သက်ရောက်တယ်လေ။ မနည်းကြီးကို တောင်းပန်ယူရတယ်'

'ဟုတ်တယ် သိမ်ထဲမှာအိပ်နေတုန်း ခြေထောက်လာဆွဲလို့ တရှုတ်တိုက်ပါသွားတာ၊ အဝတ်ဖြူချည်း လေမှာ လွင့်လာပြီး လည်ပင်းကို ရစ်ပတ်ဆွဲယူလို့ တစ်ကိုယ်လုံး မြောက်ခနဲပါသွားတာတွေ ကျွန်တော်တို့ မျက်မြင်ပဲလေ။ ဆရာတော် အမိန့်ရှိပြီး ထွက်ကြွသွားရင်တော့ တစ်ညလုံး လေတိုးသံတောင် မကြားရတော့ဘူး။

ဒီတော့ ကြောက်ကြောက်လန့်လန့်နဲ့ သချိုင်းကို သွားရတာပေါ့။ ဆရာတော်နဲ့တပည့်တွေက သချိုင်းနဲ့ ကိုက် (၅၀၀)လောက်ကွာတဲ့ လမ်းချိုးအကွေ့မှာ စောင့်နေရစ်ကြတယ်။

သချိုင်းရောက်တော့ ရေလုံအိုးကွဲ ရှာယူ၊ ဇရပ်ပေါ်တက် မီးထွန်း၊ ဘုရားရှိခိုးပြီး သချိုင်းစောင့်အကြီးအကဲ ကြွပါလို့ စိတ်ထဲက ရည်မှန်းလိုက်ရုံပဲ မြေကြီးတုန်အောင် ကျယ်လောင်တဲ့ ခြေသံနဲ့ ဇရပ်ပေါ်တက်လာသံကို



www.burmeseclassic.com

www.burmeseclassic.com

ကြားရတယ်။

မေတ္တာပို့ အမျှဝေပြီးတာနဲ့ တချိုးတည်း ပြေးထွက်ခဲ့တာ ဆရာတော်ဆီကိုရောက်တော့ အားပါးတရ ရယ်တော်မူပါတယ်'

'ရေလုံအိုးကွဲက အစွမ်းပြရဲ့လား ဦးထွန်းငြိမ်း'

'မစမ်းဖြစ်လိုက်ဘူး၊ သူငယ်ချင်းတစ်ယောက်ရဲ့သမီးငယ်၊ ပါးတစ်ဖက်မှာ မွေးရာပါ အမည်းမှတ်ကြီးနဲ့ အရွယ်ရောက်တော့မယ်။ ရှက်ရှာမှာပဲလို့ သနားပြီး ဆရာတော်က ကူညီပေးတာပါ။

ကျွန်တော်တို့ဒေသခံ မွန်တိုင်းရင်းသားတွေက အယူအစွဲကြီးကြတယ်။ သချိုင်းက ပစ္စည်း၊ လူသေပစ္စည်းတွေကို အိမ်ပေါ် အတင်မခံဘူး။ ပါးပေါ်၊ ခန္ဓာကိုယ်ပေါ်တင်ဖို့ဝေးရော၊ ဒီတော့ **"အေးလေ သူတို့ စိတ်မသန့်လို့ လက်မခံရင် မလုပ်ပါနဲ့။ တော်ရာ ဖွင့်ပစ်လိုက်ကွာ"** လို့ မိန့်ကြားတော်မူပါတယ်'

လမ်းညွှန်အဖြစ် သုံးတယ်ဆိုတာကတော့ မဂ္ဂဇင်းထဲမှာပါတဲ့ ဆောင်းပါးတွေအရ သူ့ကိုယ်တိုင် ကမ္ဘာ့တစ်ယောက်ခေါ်ပြီး ရောက်အောင် သွားတယ်။ ဓာတ်တော်တွေ၊ ထူးခြားပစ္စည်းဝါးပုံ့ ကျောက်ကွင်း၊ သစ်ဖောက်နွယ်၊ ရှေးသယ်သံ စတာတွေ ယူလာပြီး တပည့်ဒါယကာတွေကို ပြန်ဝေပေးရတယ်။

ဝါကျွတ်တာနဲ့ နေရာအနှံ့ ခရီးထွက်တော့တာပဲ။ ကျွန်တော့်လိုပဲ ကျောင်းနေဖက်သူငယ်ချင်း ဒါယကာ ဦးအောင်ကိုးက ဆောင်းပါး လမ်းညွှန်အတိုင်း မြေပုံဆွဲပေးရတယ်။

ဆရာတော်က လောကီ၊ လောကုတ္တရာစွယ်စုံပါပဲ။ ကျောင်းနေထုန်း (၇)တန်း၊ (၈)တန်းလောက်မှာ သူငယ်ချင်းတွေ ဆော့ကစား၊ မုန့်စား



ဓာတ်တော်တိုက်အတွင်း မြင်ကွင်း

တွေ့ရာလေးပါးပြောဆို ရယ်မောကြတဲ့အခါ သူက တရားထိုင်နေတတ်တယ်။

ကျွန်တော်က မိဘလက်ငုတ် တံငါအလုပ်လုပ်ရင်း ဥပုသ်နေ့တွေမှာ သီလယူ၊ ပုတီးစိပ်လေ့ရှိတယ်။ ဆရာတော်က **"မင်း ပုတီးချည်း ကုတ်မနေနဲ့၊ ကိုယ့်အတွက် ကိုယ်လုပ် ဦး"** ဆိုပြီး ဝိပဿနာတရားပြပေးတယ်။

**စိတ္တာနုပဿနာနည်း**လို့ ဆိုတာပဲ။ မိုးကုတ်နည်းနဲ့ ဆင်ဆင်တူပေမယ့် လူပြိန်းနားလည်အောင် ပြောပြပေးတာမို့ ရှင်းလင်းသဘောပေါက်လွယ်တယ်။ အခုဆိုရင် ကျွန်တော် တံငါအလုပ်ကို စွန့်လိုက်ပါပြီ၊ ဆရာတော်ရဲ့ ကျေးဇူးကြီးမားလှပါတယ်ဗျာ'

## ဓာတ်တော်များ စုဆောင်းခြင်း

ဆရာတော်ဦးသုန္ဒရသည် သူစတင် တောထွက်ကျင့်ကြံသော ကဒါတ်တောက်ရွာ ပင်လယ်ကမ်းခြေဝါးကျောင်းအနီး ကမ်းပါးအောက်တွင် လူအများ ပူဇော်ထားသော သဲပုံစေတီကို ကာလရှည်တည်တံ့စေရန် အုတ်စေတီအဖြစ် ပူဇော်လိုသောဆန္ဒသဒ္ဓါစိတ်ဖြစ်ပေါ်မိသည်။

ယင်းစေတီတွင် ကိန်းဝပ်ပူဇော်မည့် ဓာတ်တော်များအတွက် "ကမာဝက်" ရွာ ဓာတ်တော်တိုက်သို့ သွားရောက် ပင့်ဆောင်ရာ **ဘုရားဓာတ်တော်** (ဘိန်းစေ့အရွယ် အဖြူရောင်) သုံး, လေးဆူသာ ရရှိခဲ့သည်။

နီးစပ်ရာ နေရာဌာနများ၊ တပည့်သာဝက ဒါယကာ၊ ဒါယိကာမများထံ အကူအညီတောင်း စုပေါင်းပါမှ **သရီရဓာတ်တော်[ဘုရားရှင်၏ အသားဓာတ်) (၁)ဆူ၊ အသွေးဓာတ်တော် (၄)ဆူ၊ အရိုးဓာတ်တော်(၂)ဆူ၊ ရှင်မောဂ္ဂလာန်ဓာတ်တော် (၆)ဆူ၊ ရှင်သီဝလိဓာတ်တော် (၁)ဆူသာ ရျှင်** ဌာပနာပြု ပူဇော်နိုင်ကာ **"နီရောဓာရုံ" စေတီတော်** ပွင့်ထွန်းတော်မူလေသည်။

ဆရာတော် ရဟန်းဖြစ်သောနှစ် ၁၃၅၁ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့တွင် ပွင့်ထွန်းတော်မူခြင်းဖြစ်သည်။

ထိုအခါ ဆရာတော်သည် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။ ဘုရားရှင်အား ယုံကြည်သဒ္ဓါတရား ထက်သန်စွာဖြင့် ကိုယ်စားစေတီတော် ပူဇော်ရာ၌ ဓာတ်တော်အနည်းအကျဉ်းမျှကို ခက်ခဲစွာ ပင့်ဆောင်ခဲ့ရသည်။

ထို့ကြောင့် မွန်ပြည်နယ်တွင် အကြီးဆုံး ဓာတ်တော်တိုက်ကြီး • တည်ဆောက် ပူဇော်မည်၊ ကိုးကွယ်ရန်



www.burmeseclassic.com

www.burmeseclassic.com

စေတီတည် ပူဇော်လိုသူတို့အားလည်း သဒ္ဓါထက်သန်စွာ ခွဲဝေ လှူဒါန်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဝါကျွတ်သည်နှင့် ခရီးထွက်သည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ ဆောင်းပါးများက လမ်းညွှန်ထားသော နေရာဒေသအနှံ့ အပြားသို့ မြေပုံညွှန်းနှင့်တကွ ကြွရောက်၍ ဘုရားဖူးထွက်ကာ လေ့လာစုံစမ်းသည်။

ဆရာတော်သည် ပျံတော်မူရန် တစ်နှစ်ခန့်အလို ကာလအထိ ခရီးမပြတ် ထွက်ကြွတော်မူသည်။ **(ပျံတော်မူရန် တစ်နှစ်ခန့်အလိုတွင် ဆီး၊ ကျောက်ကပ်ဝေဒနာ ပြင်းထန်သဖြင့် မျက်စိနှစ်ကွင်း အလင်းကွယ်ပျောက်သွားသည်။)**

ထိုစဉ်က ထွက်ရှိပြီးသမျှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ နေရာဒေသများအနက် ဝေသီခေါင်ဖျား ဒေသများမှအပ ကျန်နေရာ အားလုံးနီးပါးသို့ ကြွရောက်ခဲ့ပြီး ဖြစ်သည်။

ခရီးစရိတ်ကား တပည့်ဒါယကာများ (၅)မူ၊ တစ်ကျပ် တတ်အားသရွေ့ စုပေါင်းထည့်ဝင်ကြသော နဝကမ္မဝတ္ထုငွေများဖြစ်သည် ဆိုလေသည်။

## တရားအကျိုးထူး ခံစားရသူတစ်ဦး

ရန်ကုန်မြို့နေ ဆရာဝန် ဒေါ်မာမာခင်သည် အသက်အရွယ်ကြီးရင့်လာသည့်အပြင် ခံစားနေရသော နှလုံးရောဂါအခြေအနေ ကျွမ်းနေပြီဖြစ်သည်ကို စနစ်တကျ စစ်ဆေးမှု မှတ်တမ်းများအရ ကိုယ်တိုင်လည်း သိရှိနားလည်သဖြင့် ပိုင်ဆိုင်သမျှကို မိသားစုအား ခွဲဝေပေးပြီးနောက် ဘာသာရေးကို အားပြုလိုက်စားသည်။

ထိုစဉ် ဆရာတော်တစ်ပါးက...

'အကာမကြီး မသေနိုင်သေးပါဘူး။ ဒီရောဂါပျောက်ပြီး သာသနာပြုရဦးမှာ ကျိုက္ခမီကိုသွားပါ'



❀ ကာဒါတ်ထောက်ဆရာတော် လှူဒါန်း သမီး မရိုးရိုးသူနှင့် သူ၏ ဓာတ်ပုံ

ဟု မိန့်တော်မူသည်။

မြန်မာသမိုင်းတွင် တစ်ပါးတည်းသော ဘုရင်မဖြစ်သည့် ရှင်စောပုသည် ရွှေတိဂုံစေတီအား လှမ်းမြော်၍ အာရုံပြုနိုင်သော(ကြည့်မြင်တိုင်) နေရာတွင် ဘုရားရိပ်ခို၍ ဘဝအဆုံးသတ်သွားခဲ့သည်။

သာမန်လူသား ဆရာဝန်တစ်ဦးဖြစ်သူ မိမိသည်လည်း ကေဒသဆံတော်ရှင် ကိန်းဝပ်တော်မူရာ ကျိုက္ခမီတွင် ဘဝအဆုံးသတ်ရသော် ကောင်းပေမည်ဟု တွေးတောကာ တူဖြစ်သူကို အားပြု၍ ကျိုက္ခမီ မြို့လယ်လမ်းမကြီးနံဘေးတွင် အိမ်တစ်ဆောင်ဝယ် ယူလျက် ပြောင်းရွှေ့နေထိုင်သည်။

ထိုသို့နေထိုင်စဉ် ကာဒါတ်ထောက်ဝါးကျောင်းဆရာတော်၏ ဝိပဿနာတရားသည် ပါဠိပါဠ်သားမပါ၊ မည်သူမဆို ရှင်းလင်းသိသာ နားလည်ရန်လွယ်ကူသည်ဟု ကြားသိရသဖြင့် ဖူးတွေ့၍ နည်းနာခံယူ အားထုတ်ကြည့်ရာ တစ်လအတွင်း နှလုံးရောဂါဝေဒနာများ တိုးတက် ဆိုးဝါးခြင်းမရှိသည်ကို တွေ့ရသဖြင့် အားတက်ကာ ဆက်လက် ကြိုးစားအားထုတ်သည်။

(၆)လမျှကြာသော် ရောဂါကို ထိန်းချုပ်နိုင်၍ တစ်နှစ်အတွင်း ဆေးဝါးလွတ်ကင်း အလျှဉ်းပျောက်သွားလေသည်။

သို့ဖြစ်၍ ကာဒါတ်ထောက်ဆရာတော် ဦးဆောင် လမ်းညွှန်မှုကို ခံယူကာ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

'ကာဒါတ်ထောက်ကျောင်းမှာ အခါအားလျော်စွာ တရားစခန်းဖွင့်ရင် ကျွန်မက အဝယ်တော်လေ။ ဟင်းသီးဟင်းရွက်၊ အသားငါးစသဖြင့် လိုအပ်သမျှ ဝယ်ခြမ်းပြီး ကားပေါ် တင်ပေးလိုက်ရုံပဲ။

ဒေါက်တာဒေါ်မာမာခင်အိမ်ဆိုရင် ကျိုက္ခမီကားသမားတိုင်းသိကြတယ်။ အိမ်အရောက်ပို့ပေးကြတယ်။ အဲဒီကမှ ဒေါ်မာမာခင်က လိုအပ်သမျှ စီမံစုဆောင်းပြီး ကျောင်းကို ပို့ပေးတယ်။

ဆရာမကြီးဟာ အသက်(၉၀) ကျော်အရွယ် လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကမှ ငီးစာကုန်ဆီခန်းပြီး ကွယ်လွန်သွားတယ်။ သူတူလဲ ဆုံးသွားပြီလို့ အိမ်ကို ကျန်ရစ်သူ ဆွေမျိုးသားချင်းတွေက ထုခွဲရောင်းချလိုက်ပြီလို့ ကြားရပါတယ်'

ဒေါ်ခင်ခင်ဝင်းက ပြောပြခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့ ကောလိပ်ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com

ဘဝ ၁၉၇၀ ပြည့်လွန်နှစ်များက ရှုပဗေဒဌာနမှူး ဒေါ်ခင်သန်းနွယ်သည့် ကျွန်ုပ်တို့အား ကျောင်းသားအဖြစ် သာမက မောင်ငယ်ရင်းချာချာပမာ စေတနာထား ပဲ့ပြင်ခဲ့သည့် ဆရာမကြီး ဖြစ်သည်။

၁၉၈၈ ခုနှစ် နှစ်ကုန်ပိုင်းကာလ တစ်ခု၌ နာတာရှည် ပန်းနာရင်ကျပ် ဝေဒနာဖြင့် အိပ်ရာ၌ လဲလျောင်းနေ ရသော ဆရာမကြီးသည် ကောင်းကင်ထက်မှ မိမိရပ်နေရာ မြေပြင်သို့ ဆင်းသက်လာသော ဆရာတော်တစ်ပါးကို ဖူးတွေ့ရသည်ဟု အိပ်မက် မက်မြင်လေသည်။

နောက်တစ်နေ့တွင် တာဝန်အရ ကျောင်းသွားရသော်လည်း (ကျောင်းများ ပိတ်ထားသောကာလဖြစ်၏။) ကျောင်းသားမရှိ၊ သင်ကြားရေး တာဝန်မရှိသဖြင့် စောစီးစွာ အိမ်ပြန်လာခဲ့သည်။

ဘုန်းကြီးကျောင်းများသို့ ဆွမ်းစာအုပ်များ လိုက်လံဝေငှ ဆက်ကပ်သည့် တပည့်တစ်ဦး၏ ကားကြုံဖြင့် လိုက်ပါဖြစ်သည်။ တစ်ကျောင်းဝင် တစ်ကျောင်းထွက်နှင့် ဖားအောက်တောရကျောင်းသို့ ရောက်သောအခါ ကျောင်းလေှကားအနီး ရပ်နေသည့် ဆရာတော်အား မြင်လိုက်ရစဉ် အိပ်မက်တွင် ဖူးမြင်ရသော ဆရာတော် ဖြစ်နေလေရာ ရှေ့တော်မှောက် မြေပြင်၌ ပုဆစ်ဒူးတုပ်၍ ကန်တော့သည်။ ဆရာတော်က ဤသို့ မိန့်၏။

'ကဲ...အကာမကြီး တရားစခန်းဝင်ပေတော့'

'တင်ပဲ့ဘုရား ကျောင်းက ပြန်လာတာမို့ အဝတ်အစားအပိုမပါခဲ့ပါ။ ရွှေညီးပစ္စယ နည်းနည်းစုဆောင်းပြီး နောက်ဖြစ်မှာ တရားစခန်းဝင်ပါ့မယ်ဘုရား'

သို့ဖြင့် ဖားအောက်တောရစခန်း



ဦးထွန်းငြိမ်း(ကျိုက်ကွမ်း)

တွင် အမျိုးသမီးယောဂီအဖြစ် ကျင့်ကြံအားထုတ်ခဲ့ရာ (၆)လအကြာတွင် နာတာရှည်ရောဂါ ဝေဒနာပျောက်ကင်းသွားခဲ့သည်။

ဆရာမကြီးသည် အသက်(၆၀) ပြည့်သည်အထိ ဌာနမှူး၊ ပါမောက္ခ တာဝန်များကို ကျွန်းမာစွာ ထမ်းဆောင်ခဲ့ပြီးနောက် အမျိုးသားညီလာခံ (တတ်သိပညာရှင်များ) ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကာ ယနေ့တိုင်ပင် သူ၏ ဇာတိဖြစ်သော မုဒုံမြို့၌ ကျန်းမာရွှင်လန်းစွာဖြင့် ပရဟိတအကျိုးသာသနာကျိုးများ ဆောက်ရွက်ဆဲ ဖြစ်လေသည်။

ထို့ကြောင့် ဒေါက်တာဒေါ်မာမာခင် နှလုံးရောဂါ ဝေဒနာဖိစီးမှုမှ လွတ်ကင်းခဲ့သည်မှာ ဘုရားရှင်၏ တရားတော်ကို လိုက်နာကျင့်ကြံ အားထုတ်ခြင်းဖြင့် ရအပ်သော အကျိုးထူးဖြစ်သည်ဟု ယူဆမိပေသည်။

## မတ္တရာဆရာတော်ကြီးအုတ်ဂူမှ အဖြစ်ထူး

ကဒါတ်ထောက်ဆရာတော်၏ ကမ္ဘဋ္ဌာနာစရိယဖြစ်တော်မူသော မတ္တရာဆရာတော်ကြီး၏ ဘွဲ့မည်ကို မသိကြရပေ။

ကျိုက်ကွမ်းမြို့အနီး "ဆင်တောင်" အခြေတွင် တစ်ပါးတည်း ကေစာ်ရိတောရဆောက်တည်၍ ဆည်းကပ်လာသည့် ရဟန်းရှင်လူ တပည့်သာဝကများစွာကို ဝိပဿနာနည်း နိဿယများ ညွှန်ပြပေးတော်မူသည်။

သက်တော် ကြီးရင့်လာသောအခါ (၂၀၀၀ပြည့်လွန်ကာလများ) ဇာတိမတ္တရာမြို့သို့ ပြန်ကြွကာ မတ္တရာတွင် ပျံလွန်တော်မူသဖြင့် မြို့အနောက်ဘက်ကွင်းပြင်၌ ဂူသွင်းသင်္ဂြိုဟ်ထားကြောင်း သိရသည်။

ဦးသုန္ဒရသည် ဆရာဖြစ်သူ မတ္တရာ၌ ပျံလွန်တော်မူကြောင်း ကြားသိရသဖြင့် တပည့်ဒါယကာအချို့နှင့်အတူ မတ္တရာမြို့သို့ ဂါရဝပြုရန် သွားရောက်ခဲ့သည်။

ဒါယိကာမများအတွင်း၌ သမီးဖြစ်သူ မိုးမိုးသူ(ထိုစဉ်က အလယ်တန်းကျောင်းသူ)လည်း လိုက်ပါသွားသည်။

မတ္တရာဆရာတော်ကြီး၏ အုတ်ဂူမှာ မြို့အနောက် လယ်ကွင်းပြင်၌ ထီးတည်းတည်ရှိကာ ဦးသုန္ဒရ(ကဒါတ်ထောက်ဆရာတော်)က တရားနှလုံးသွင်းခြင်းဖြင့် ဆရာ၏ ကျေးဇူးကို ဆပ်တော်မူစဉ် တပည့်ဒါယကာများက ဝန်းကျင်ကို လေ့လာကြသည်။

အုတ်ဂူ၏ ခေါင်းရင်းနှင့် ခြေရင်းဘက်တို့၌ ကျပ်စေ့အရွယ် လေဝင်ပေါက်များ တစ်ပေါက်စီ ဖောက်ထားသည်။

ထိုလေဝင်ပေါက်မှ ချောင်းကြည့်ရာ ဆရာတော်ကြီးကို ဂူသွင်းသင်္ဂြိုဟ်ထားသည်ဟု ဆိုသော်လည်း ဂူအတွင်း၌ တစ်စုံတစ်ရာမရှိဘဲ ဟင်းလင်းပြင် ဖြစ်နေကြောင်း မိုးမိုးသူက ပြောပြသည်။ **(မိုးမိုးသူသည် ယခုအခါ အသက် ၃၂ နှစ်ခန့်ရှိ၍ ဥပဒေဝိဇ္ဇာဘွဲ့ရတစ်ဦး ဖြစ်သည်။)**

www.burmeseclassic.com

ဒေသခံ ဒါယကာများကလည်း ယနေ့တွင် ကဒါတ်ထောက်ဆရာတော်ကြီးကြွလာမည်ကို ကြိုတင်သိရှိကြောင်း လျှောက်ထားကြသည်။

သို့ရုံမှာ ယမန်နေ့ ညနေ ယခုအချိန်အတွင်း ဆရာတော်တစ်ပါးအား ဖူးတွေ့ရသဖြင့် မေးလျှောက်ကြရာ "ကဒါတ်ထောက်ဘုန်းကြီး" ဖြစ်ကြောင်း မိန့်ကြား၍ သတိမထားမိချိန်တွင် မည်သည့်နေရာသို့ ကြွသွားသည်ကို မသိရ ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် ဆရာတော်ကြွလာမည်ကို ကြိုတင်မှန်းဆ သိရှိကြပါသည်။ အဆိုပါ ရဟန်း၏ ရုပ်သွင်မှာ ယခုဖူးတွေ့ရသည့် (ဦးသုနန္ဒ)ရုပ်သွင်နှင့် တထေရာတည်းဖြစ်ကြောင်းလျှောက်ထားကြသည်။ ဦးသုနန္ဒရကမှ ဆိတ်ဆိတ်နေတော်မူသည် ဆိုလေသည်။

## အညာတောမှာလည်း ကြိုတင်မှာ

ဤဖြစ်စဉ်ကို ဆရာတော်၏ ကျောင်းနေဖက်သူငယ်ချင်း ဦးထွန်းငြိမ်းကပင်လျှင် မိုးမိုးသူ၏ နေအိမ်၌ ဆုံတွေ့စဉ် ပြောပြခြင်းဖြစ်သည်။

'ဆရာတော်ရဟန်းဖြစ်ပြီး (၃)ဝါလောက်အရ တပေါင်း,တန်ခူးကာလမှာ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ အညာတော၊ ဗီးတောရွာက ဒါယကာတချို့ပင့်ဖိတ်လို့ ဝိပဿနာတရားပြပေးဖို့ ကြွပါတယ်။

အဲဒီအချိန်က အညာတောဆရာတော် ဦးဝိလာသပျံတော်မူပြီး လပိုင်းလောက်ပဲ ရှိသေးတယ်လို့ဆိုပါတယ်။ ဒီဆရာတော်ကြီးက ပျံတော်မူခါနီးရက်ပိုင်းတွေမှာ ဆွမ်းခံကြွတဲ့အခါ **"ဒကာမကြီးရေ... ဘုန်းကြီးတော့ ဒါ နောက်ဆုံးကြွခြင်းပဲ"** စသဖြင့် အရိပ်အမြွက် မိန့်ကြားပြီး မကြာခင်ပျံလွန်တော်မူသတဲ့။

**[အညာတော ဆရာတော် ဦးဝိလာသသည် ၁၃၅၃ ခုနှစ်၊ နတ်တော်လဆုတ် (၁၁)ရက်ညတွင် ပျံတော်မူ၍ (၃)ရက်အကြာတွင် မီးသင်္ဂြိုဟ်သည်။ မီးသင်္ဂြိုဟ်ပြီး (၅)ရက်ခန့်အကြာတွင် ပဲနောက်စေ့၊ မှန်ညင်းစေ့၊ မြက်သီးခန့်၊ ဆန်ကျိုးခန့် ဓာတ်တော်များမှာ မြေသားနှင့် ရောကပ်နေသော ကျောက်စရစ်ခဲကလေးများကဲ့သို့ အစုလိုက်၊ အပြုံလိုက် ဖြစ်နေသည်။**

**လက်ဖြင့် မြှောက်ကြည့်လျှင် အလုံးငယ်ကလေးများအဖြစ် တခြားစီဖြစ်သွား၏ဟူ၍ စေတနာလှိုင်(ရေစကြို)ရေးသည့် ချမ်းမြေ့ရိပ်မြိုင်၊ ညောင်ပင်အိုင်စာအုပ် စာမျက်နှာ(၇၄)၌ ဖော်ပြထားသည်။]**

အညာတောဆရာတော်ကြီး ပျံတော်မူခါနီးမှာ ကဒါတ်ထောက် ဆရာတော်ရဲ့ ရုပ်သွင်၊ ကိုယ်ခန္ဓာ ပုံသဏ္ဌာန်ကို ပြောပြပြီး ဒီရဟန်းရောက် လာလိမ့်မယ်။ သူ့ကို ကျောင်းအပ်ပါလို့ တပည့်ဒါယကာတွေကို မှာသွားတယ်လို့ လာလျှောက်ကြတယ်။

(ကဒါတ်ထောက်) ဆရာတော် လိုက်ကြည့်တော့ အခင်းအကာမပါ၊ ထန်းလက်မိုးထားတဲ့ လေးတိုင်စင်မြေကိုက်တဲကလေးနဲ့ ထန်းလက်ကုလားထိုင်တစ်လုံးပဲ တွေ့ရတယ်၊ ဒီကျောင်းကိုဆိုလိုခြင်းမဟုတ် တန်ရာလို့ စဉ်းစားပြီး **"တခြား အာရုံသေးသလဲ"** လို့ ထပ်မေးပါတယ်။

အညာတောဆရာတော်ကို မီးသင်္ဂြိုဟ်ပြီးနောက် ဓာတ်တော်တွေကျလို့ ဗီရိုနဲ့ထည့်ပြီး ပူဇော်ထားတာ အခုဖွင့်လို့မရဘူးဖြစ်နေကြောင်း လျှောက်ထားကြတယ်။

(ကဒါတ်ထောက်) ဆရာတော်က တစ်ချက်စဉ်းစားပြီး **"မင်းတို့နေခဲ့ကြ"** လို့မှာပြီး တစ်ပါးတည်း ကြွသွားတယ်။

ဓာတ်တော်ထားတဲ့ နေရာရောက်တော့ အလွယ်တကူပဲ ဖွင့်လို့ရပြီ လူအများ ဖူးမြော်ခွင့်ရကြတယ်။

အဲဒီဓာတ်တော်တချို့ကို ပင့်လာပေမယ့် ကမ္ပည်းစာတမ်းတွေ မှိန်၊ ပျက်ကုန်လို့ ဘယ်ဓာတ်တော်ဆိုတာ ညွှန်ပြဖို့ မလွယ်တော့ပါဘူး'

အညာတော ဆရာတော်ဦးဝိလာသ၏ ဓာတ်တော်များနှင့် ထန်းလက်တဲကျောင်းပုံများကို ညောင်ပင်အိုင်ဆရာတော်ထေရုပ္ပတ္တိစာအုပ်မှ ထုတ်နုတ် ရိုက်ကူးဖော်ပြလိုက်ပါသည်။

## ဆရာတော်ကြီး၏ တရားနိဿယ


ကဒါတ်ထောက် ဆရာတော်သည် မတ္တရာဆရာတော်ကြီးထံမှ ရရှိသော နည်းနိဿယများဖြင့် တရားပြကာ ပဋိပတ္တိ သာသနာပြုတော်မူသည်။ မိုးကုတ်ဆရာတော်၏ နည်းနိဿယနှင့် ဆင်တူ၍ လူသာမန်နှင့် ကလေးသူငယ်များပင်လျှင် နားလည်စေသည့် စကား၊ ဝေါဟာရများဖြင့် တိုတိုရှင်းရှင်း ညွှန်ပြတတ်သည်ဟုသာ သိခဲ့ရသည်။ ဂမ္ဘီရနယသော ချဲ့ပြောပြနိုင်၊ ရှင်းပြနိုင်သူ မတွေ့ခဲ့ရပေ။

တစ်ချိန်တွင် ဒါယကာရင်းတစ်ဦးဖြစ်သော ကဒါတ်ထောက်ရွာသား ဦးကောင်လေး(ခေါ်) ဦးအုန်းသွင်က ဆရာတော် (ခရီးထွက်လျှင်သော်လည်းကောင်း)မရှိခိုက် နာယူ မှတ်သား ကျင့်ကြံနိုင်ရန် တရားဟောတရားပြခိုက် အသံသွင်းထားရန် အသံသွင်း ကက်ဆက်ငယ်ကလေးကို တဘက်ခြုံအတွင်း လူမမြင်အောင် ကြိုတင်ပြင်ဆင်ထားခဲ့သည်။ ဆရာတော်ကြွလာပြီးနောက် ဦးအုန်းသွင်အား စေ့စေ့ကြည့်ကာ...

ရှေ့လ ဆက်ဖတ်ပါရန်

**ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)**

www.burmeseclassic.com



### မျက်သားတက်

# တိမ်ကျတိမ်မန်းဂါထာ

နှစ်ပေါင်း လေးဆယ်ခန့်က ဖြစ်ပါသည်။ နောင်မိုးရွာတွင် စာရေးသူ စာရေးတာဝန် ထမ်းဆောင်စဉ်က အင်းတော်မြို့နယ်လုံးကျွတ် အသုံးလုံး စာမတတ်သူ ပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စာရေးသူတို့ ပါဝင်ဆင်နွှဲခဲ့ရာ အဘွားအိုများကို စာသင်ပေးခဲ့ရပါသည်။

ထိုစဉ်က အဘွားအိုထံမှ မျက်သားတက် တိမ်ကျတိမ်မန်းဂါထာကို စာရေးသူ ရခဲ့ပါသည်။ အမည့်မှာ မမှတ်မိတော့ပါ။

စာရေးသူသည် အမြဲတမ်း မျက်သားတက်၍ နီရဲနေတတ်ပါသည်။ အရက်သောက်သလားဟူ၍ မေးမြန်းခြင်း ခံရသည့်အဆင့်ထိ ရောက်ခဲ့ပါသည်။

အရက်မသောက်ကြောင်း ပြောပြပြီး မျက်သားတက်နေခြင်းဖြစ်ကြောင်း သဘာဝဆေးအရ တောထဲမှာ ပေါက်သည့် တောငွေးရွက်ကို မီးမှာ ကင်ပြီး အရည်ညှစ်ပါသည်။ ထိုအရည်ကြည်ဖြင့် ခတ်လျှင် မျက်သားတက် ဝေဒနာ မှာသက်သာကြောင်း ပြောရာ စာသင်သားထဲမှ အဘွားအိုတစ်ဦးက ဒေါ်(...)မှာ ဆီမန်းဖြင့် မန်းလျှင် ပျောက်ကင်းကြောင်း ပြောပြ၍ အဆိုပါ ဂါထာ ပိုင်ရှင် အသုံးလုံး အဘွားအိုအား ဆုံဆိုင်းရပါသည်။

**ပိတ်ဖြူအသစ် တစ်ထွာခန့်ယူပြီး ထားသည်။ အဘွားအိုက ရေနွေး အကြမ်းပန်းကန်ထဲ တစ်သုံးပုံဆီ(ပဲဆီ) ထင်တင်ကို အနည်းငယ်မျှ ထည့်ပြီး ပိတ်ဖြူစ ကို အကြမ်းပန်းကန်လုံးပေါ်အဝကို ပုံအုပ် ပြီး မျက်သားတက် တိမ်ကျမန်းဂါထာကို (၇)အုပ်မျှ ရွတ်ပါသည်။**

အဘွားအို ခေါင်းရွက်ပုံမှာ ဆီ ထည့်ထားသော အကြမ်းပန်းကန်ကို ပိတ်ဖြူဖြင့် အုပ်ပြီး စာရေးသူ၏ မျက်လုံးနားကို ကပ်ပြီး ရွတ်ပါသည်။

(၇)အုပ်ပြည့်သည်နှင့် ပိတ်ဖြူစကို ဖယ်လိုက်ရာ စောစောက ထည့်ထားသည့် ဆီကြည်ကြည်လေးမှာ နောက်ကျိသွားသည်ကို တွေ့ရပါသည်။

ကျန်မျက်စိတစ်ဖက် လုပ်ဆောင်ရာတွင် စောစောကဆီကို သွန်ပစ်ပြီး ပန်းကန်ကို စင်ကြယ်အောင် ရေဆေးပြီး ပဲဆီအသစ် ပြန်ထည့်ပါသည်။

စောစောကလိုပဲ ပိတ်ဖြူဖြင့် အုပ်ပြီး စာရေးသူ၏ မျက်လုံးနားကပ်ပြီး ဂါထာကို (၇)အုပ် ရွတ်ပါသည်။

ရွတ်ပြီး ပိတ်ဖြူကို ဖွင့်လိုက်သည့်အခါ ပဲဆီကြည်ကြည်လေးမှာ နောက်ကျိသွားသည်ကို မြင်တွေ့ခဲ့ရပါသည်။ အဆိုပါ ဆီကို သွန်ပစ်လိုက်ပါသည်။

ဂါထာကို တောင်းရာ အစတွင် မပေးခဲ့ပါ။ အသုံးလုံးသင်တန်း ပိတ်သည့်နေ့တွင်မှ စာရေးသူအား ပေးခဲ့ပါသည်။

စာရေးသူအဖို့မှ အသုံးလုံး သင်ရခြင်း၏ အကျိုးကျေးဇူးဟု ဆိုရမည် ဖြစ်ပါသည်။ **ငါးပါးသီလမြဲလျှင် ပို** ထက်သည်ဟု အဘွားအိုက ပြောပြပါသည်။

စာရေးသူမှာ ယနေ့ထိ မျက်သား မတက်တော့ပါ။ ဂါထာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

'ဥုံတိမ်ဖြူလော၊ တိမ်မည်းလော၊ လုတိမ် မဟုတ်၊ မိုးတိမ်ဟုတ်၊ ကျဆရာကျ၊ လွင့်ဆရာလွင့်'

(၇)အုပ် မန်းရပါသည်။

ဆီကို ပိတ်ဖြူနှင့်အုပ်ပြီး မျက်စိမှာ (၇)ခါ အသက်အောင့်ပြီး ရွတ်၍ ချရပါသည်။

အဘွားပေးသော ဂါထာမှာ တိမ်ကျ ဂါထာဖြစ်သော်လည်း မျက်သားကိုလည်း တိမ်ကျဂါထာနှင့်ပင် ချကြောင်း ပြောပါသည်။

စာရေးသူက အတွန့်တက်၍ မေးရာ တိမ်ပင်ကျသည်ဆိုလျှင် မျက်သားမှာမူ ဆိုဖွယ်ရာမရှိဟု ပြန်ပြောခဲ့ပါသည်။

မြန်မာ့ကျေးလက် တောရွာက မြန်မာ့ရိုးရာ မျက်သားတက် တိမ်ကျ ဂါထာကို ရေးသား တင်ပြလိုက်ရပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**

www.burmeseclassic.com

မှတ်ပုံတင် - ၀၁၁၄၄/၀၁၀၇၃၆ လိုင်စင် ၇၁၂၀၁၁၊ တအထလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညအိပ်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူ့မှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ထွသလို နာကျင်ခြင်း၊ လဈာသည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးဆားရင် ကောင်းမယ် ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ခွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။




ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၁၅၆) မော်ဘီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၀၆၁၂

**မြောင်းမြ ကောင်းယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမြင်ထင်ဘုရား

နှင့် မြွေကြီးနှစ်ကောင်

တနိုင်း၁

လွန်ခဲ့သည့် နှစ်,နှစ်ခန့် စာရေးသူကျွန်တော် စတင် ရောက်ဖူးခဲ့စဉ်အခါက ဘာဆိုဘာမှ မရှိသေးသည့် နေရာတစ်ခုဖြစ်ပါသည်။ စပါးအုံးမြွေကြီးနှစ်ကောင်ကို တောတွင်းတစ်နေရာတွင် လူများ၏ ဘေးအန္တရာယ်မှ လွတ်ကင်းရေး ဒကာတစ်ဦးမှ ယူဆောင်လာပြီး ရွှေမြင်ထင်ဘုရားသို့ လာရောက်လှူဒါန်းခဲ့သည်။ ထိုမြွေကြီးနှစ်ကောင်မှာ ဘုရားကြီးနှင့် ကံစပ်သည့်အလား ဘုရားပေါ်သို့ မြွေကြီးနှစ်ကောင် ရောက်လာပြီးသည့်နောက်ပို၍ နာမည်ကျော်ကြား လူသိများလာကာ ဒေသတွင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ မကြာခဏ လာရောက်ဖူးမြော်ခဲ့ကြရင်း ပိုမို ထင်ပေါ်ကျော်ကြားလာရသည်။

သို့နှင့် လင်းကင်းကျေးရွာအုပ်စုခေါင်တိုင်ရွာရှိ မြွေကြီးနှစ်ကောင်ရှိရာ ရွှေမြင်ထင် ဘုရားကြီးအကြောင်းကို သွားရောက်လေ့လာ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် ဗဟုသုတအလို့ငှာ ရေးသားတင်ပြမှုဝေလိုက်ရပါသည်။

ကလော အောင်ပန်းမှ တက်လာလိုက်ပါက ဟဲဟိုးမြို့မှအထွက် တောင်ကြီးမြို့သို့အသွား ပြည်ထောင်စုလမ်းအတိုင်း ဆက်သွားပါက ညောင်ရွှေမြို့နယ်ခေါင်တိုင် လမ်းခွဲအတိုင်း (၇)မိုင်ခန့် ဝင်သွားပါက သဘာဝရေပူစမ်းရှိရာ ခေါင်တိုင်သို့ ရောက်ရှိမည်ဖြစ်သည်။



▲ ကုန်းပေါ်မှ ရွှေမြင်ထင်ဘုရားကြီး

▼ ယခု မြွေကြီးများရှိရာ [illegible]




ထိုရေပူစမ်းမှ တောင်ဘက်သို့ အဓိက လမ်းမကြီးအတိုင်း ဆက်သွား၍ (၂)မိုင်ခွဲခန့်၌ အရှေ့ဘက်တောင်ကြောလေးအတိုင်း တက်သွားရမည့် မြွေကြီးနှစ်ကောင်ရှိရာ **"ရွှေမြင်ထင် ဘုရားစေတီသို့"** ဟူသည့် လမ်းညွှန်တစ်ခုကို ထပ်မံ တွေ့ရပါလိမ့်မည်။

ထိုလမ်းလေးအတိုင်း ဆက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com





◆ ယခင် ဂမုန်းပိစ္စာဆရာတော် တရားအားထုတ်ခဲ့ရာနေရာ
ကျောင်းထိုင်ဆရာတော် ဦးသောဘိတ ◆

က မြွေကြီးနှစ်ကောင်ရှိရာ ရွှေမြင်ထင်ဘုရားကြီးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားပါလိမ့်မည်။

ရွှေမြင်ထင်ဘုရားဆီသို့ မရောက်မီ စပ်ကြား လမ်းခုလတ်၏ ညာဘက် အခြမ်းတွင် ခေါင်တိုင်ကန်ရွာကျောင်း၌ သီတင်းသုံး နေထိုင်တော်မူခဲ့သော **ဂမုန်းပိစ္စာ ဆရာတော်ကြီး၏ ဂူပေါက်းနေရာ**ကို အရင်မြင်တွေ့ရပါသည်။

ဆရာတော်ကြီးမှာ ထိုဂူပေါက်း အတွင်း၌သာ တရားဘာဝနာများကို ကျင့်ကြံအားထုတ်တော်မူခဲ့ပြီး ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် အရိုးဂူကျောင်း တည်ခဲ့ရာမှ အရိုးဂူကျောင်းဟောင်းအဖြစ် ကျန်ရစ်တော်မူခဲ့ကြောင်းနှင့် ထိုနေရာတွင် ယခုအခါ နဂါးရုံဘုရားကြီးကို ခမ်းနားထည်ဝါစွာ ဆောက်လုပ်လျက် ရှိကြောင်း သိရပါသည်။

ဘယ်ဘက်အခြမ်းတွင် ဂမုန်းပိစ္စာ တောင်ဆရာကြီး၏ ဂူကျောင်းမြွေ ဘုရားကို တစ်ထပ်ကျောင်းဆောင် တစ်ခုအတွင်း၌ ဖူးတွေ့ရမည် ဖြစ်သည်။

ကျောင်းဆောင်အတွင်း အဝင်ဝ ရှေ့တည့်တည့်၌ မြွေကြီးနှစ်ကောင်ကို ရေချိုးပေးရာ ကြွေကန်တစ်ခုကို အရင် မြင်တွေ့ရပါသည်။ ထိုကန်၏ အရှေ့ဘက်တွင် ရွှေမြင်ထင်ဘုရားကြီးကို ဖူးတွေ့ရပြီး ဘုရားကြီးပလ္လင် အောက် ဘယ်ဘက်အခြမ်း ဖျာတစ်ချပ်ပေါ်၌ အိပ်စက်အနားယူနေသည့် စပါးအုံး မြွေကြီးကို စာရေးသူတို့ မြင်တွေ့ခဲ့ပါသည်။

တစ်ဖန်ဘုရားကြီးရှေ့ ကန်တော့ပွဲ ပေါ်တွင် တက်ရောက်ခွေအိပ်နေသော စပါးအုံးမြွေထီးကြီးကို စာရေးသူမှ အနီးသို့ ကပ်နိုင်သမျှ ကပ်ကာ ဓာတ်ပုံ ရိုက်စဉ် မြွေကြီးများကို ထိန်းသိမ်း စောင့်ရှောက်နေသည့် ဆရာမှ အရမ်း မကပ်စေလိုကြောင်း မြွေမနှင့် စာလျှင် ထိုမြွေထီးကြီးမှ ဒေါသအနည်းငယ်ကြီး ကြောင်း သိရသည်။

တစ်ဖန် ဘုရားပလ္လင်နှင့် ကန်တော့ပွဲများ တင်ထားသည့် ခုံအကြား သဲမှုန့်ဖြူဖြူများ ခင်းထားသည့် အပေါ်ဝယ် သန္ဓေမအောင်တော့သည့် ပိန်ရှုံ့သွားသော မြွေဥများကို စာရေးသူတို့ မြင်တွေ့ခဲ့ရပါသည်။

မြွေကြီးများကို ထိန်းသိမ်းစောင့် ရှောက်သူအား မေးမြန်းကြည့်ရာ မြွေမကြီးမှ ဥများကို ဥပြီးနောက် သဘာဝ အလျောက် လုံခြုံအောင် မထားနိုင်ခဲ့ခြင်း၊ မြွေကြီးမပါဘဲ သဲကိုသာ အဓိက ခင်းထားပေးခြင်း၊ သဲမှ ဥများ ထားသိုလောက်အောင် မထူမများခြင်းနှင့် ဘုရားဖူးဧည့်သည်များ၏ အလိုအရှမကြာခဏ တူးဖော်ကိုင်တွယ်ပြသပေးခြင်းတို့ကြောင့် ယခုကဲ့သို့ ဥများ ပျက်စီးဆုံးရှုံးရခြင်း ဖြစ်ကြောင်း ပြောပြပါသည်။

နောက်နောင် ထိုသို့ မဖြစ်စေရန် အတွက် တတ်ကျွမ်းနားလည်သူများ ထံ မေးမြန်းကာ ပြုစုစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောပြပါသည်။

ရွှေမြင်ထင်ဘုရားကြီးသို့ တက် ရောက်မဖူးမြော်မီ ကျောက်ကန် အတွင်းရှိ ပေါက်ရောက်နေသော ကြာပန်းလေးကို လူပြောများသဖြင့် သွားရောက်ကြည့်ရှုရန် လမ်းညာဘက် သို့ ထွက်လာခဲ့ပါသည်။

လူသွားလမ်းလေးအဆုံး အရှေ့



F.138. April, 2016.

www.burmeseclassic.com

တောင်ထောင့်ဆီ ကျောက်တုံး ကျောက်ဖျာကြားလေးများ မိနစ် အနည်းငယ်ခန့် ဝင်သွားသည်နှင့် အေသရိုးရာနတ်ပွဲတစ်ခုရှေ့ ကျောက် ဖျာကန်အတွင်း လှပစွာ ပေါက်နေ သည့် ကြာဖြူပန်းလေးကို စိတ်အေး ချမ်းစွာ မြင်လိုက်ရပါသည်။

နံဘေးတွင် သဒ္ဓါသမျှ ထည့်ဝင် လှူဒါန်းနိုင်ရန်အတွက် အလှူခံပုံး တစ်ပုံးထားရှိပြီး ပုံးအတွင်း အလှူရှင် များ ထည့်ဝင်လှူဒါန်းထားသည့် ဝတ္ထု ငွေများစွာကိုလည်း မြင်တွေ့ခဲ့ရသည်။

**သဘာဝအလျောက် တည်ရှိနေသည့် ကျောက်ဖျာကန်လေးအတွင်းရှိ ရေမှာ ညည်းနို့မှ ခန်းခြောက်သွားလေ့ မရှိ ကြောင်း သိရပါသည်။**

ထိုမှတစ်ဆင့် လမ်းဘေးဝဲယာ အေသထွက် စားသောက်ဆိုင်လေးများ နံဘေး အလှူပါရမီရှင်များ၏ ကုသိုလ် တော်ကြောင့် လက်ရှိ အသစ်တည် ဆောက်ဆဲ အနောက်ဘက်အတက် လှေကားထစ်များအကြား ဖြတ်ကျော် လျှောက်လှမ်းပြီး ရွှေမြင်ထင်ဘုရား ကြီးဆီသို့ တက်ရောက်ခဲ့ပါသည်။

ကျောင်းကြီး၏ အရှေ့ဘက်သို့ ညာဘက်အတိုင်း ကွေ့လိုက်ပါက စာချစ်သူတို့ အံ့အားတသင့်နှင့် မြင် တွေ့လိုက်ရပြီး စိတ်ကြည်လင် အေး ချမ်းသွားရမည့် မြင်ကွင်းကြီးကတော့ လှပသေသပ်စွာ ခင်းကျင်းနေသည့် လှေကားထစ်များနှင့် တစ်ဆက်စပ် တည်း ဖြစ်နေသည့် အရှေ့နေရောင် အောက်ဆီက ရေသင်ဖြူးကြီးတစ်ချပ် ခင်းကျင်းထားသကဲ့သို့ ဖြစ်ပေါ်နေ သည့် အင်းလေးကန်သာ ရေပြင်ကျယ် ကြီးပဲ ဖြစ်ပါသည်။

လာရောက်သမျှ ဘုရားဖူးညည့်သည် အားလုံး အင်းရေပြင်ကျယ်ကြီးကို



ရေမြှုကြီးများအောက်ကျိုကာန်

ဘုရားအတွင်းမှ ရေမြှုကြီး



စိမ့်ကြီးသည့်ရေမြှုသီး





www.burmeseclassic.com

www.burmeseclassic.com





◆ ရွှေမြင်ထင်ဘုရားကြီးပေါ်ရှိ ရှေးဟောင်းဘုရားများ

နှစ်ပေါင်း(၂၀၀)ခန့် သက်တမ်းရှိ ရှေးခေါင်းလောင်းကြီး ◆

◆ ကြာပန်းလေးရှိသော ကျောက်ကန်



နောက်ခံထား၍ အမှတ်တရဓာတ်ပုံတွေ ရိုက်လိုက်ကြပါသည်။ အရှေ့ဘက်မှာရှိသည့် စောင်းတန်းအတိုင်း ဆင်းသွားလျှင် အင်းကန်စပ်နားအထိ ရောက်နိုင်ပြီး အင်းရေကိုပင် လက်ဖြင့်ထိတွေ့နိုင်လောက်သည့်အထိ နီးစပ်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ရွှေမြင်ထင်ဘုရားကြီး၏ အရှေ့တောင်ထောင့်တွင် နှစ်ပေါင်း(၂၀၀)ကျော်က သမိုင်းဝင် ရှေးဟောင်းကြေးခေါင်းလောင်းကြီးကို မြင်ကြရမှာပါ။

ခေါင်းလောင်းကြီးပေါ်ရှိ စာကို ဖော်ပြရသော်...

'ဗေဒျတုသဗ္ဗမင်္ဂလံ သဗ္ဗဒယိယိမ်းကုန်သော မင်္ဂလာမြတ်သော မင်္ဂလာတိုင်သည်... ရမ ျဝတီအမည်ရှိသော ညောင်ရွှေမြို့ကို ဘွားစားတော်မူသော စောယွန်းလက်ထက် သာသနာတော် ၂၃၅၈ ကောဇာသက္ကရာဇ် ၁၁၇၆၊ မွမ်းပိုင်ကာအုပ်စု ကျေးရွာနယ်အတွင်း နယုန်လပြည့်ကျော် (၂)ရက်၊ စနေနေ့ သုံးချက်တီးအောက်တွင် အင်္ဂါထောင့်ဝယ် နရပတိ ပြည့်ထင်ရှား...'

ဆိုသည့် ခေါင်းလောင်းကြီးပေါ်ရှိ သမိုင်းဝင် ထွင်းထုထားသည်များကို တတ်နိုင်သမျှ လေ့လာကြည့်ရာမှ ထိုခေါင်းလောင်းကြီးမှာ နရပတိစည်သူမင်းကြီးလက်ထက် တည်ထားတော်မူခဲ့သော ရွှေမြင်ထင်ဘုရားကြီးကို ရည်စူး၍ ညောင်ရွှေစော်ဘွား စောယွန်းလက်ထက်ကတည်းကမှ သွန်းလုပ်လှူဒါန်းခဲ့သော သမိုင်းဝင် ခေါင်းလောင်းကြီးဖြစ်ကြောင်းကို စာရေးသူအား ဂေါပကအဖွဲ့ဝင်များနှင့် ကျောင်းထိုင်ဆရာတော်ကပါ မြွက်ကြားပါသည်။

သမိုင်း အထောက်အထားနှင့် ပတ်သက်သည့် ပေစာ၊ ကျမ်းစာတစ်ခုခုများ ကျန်ရှိပါသလားဟု ဆရာတော်အား လျှောက်ထားကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com

ရွှေမြင်ထင်ဘုရားအနီးရှိ အောက်ကျောင်းတွင် ထိန်းသိမ်းသိုမှီးထားစဉ် ထိုကျောင်းတော်ကြီး မီးခရာမှ ပါဝင်ဆုံးရှုံးသွားကြောင်း သိခဲ့ရသဖြင့် အလွန် နှမြောစရာ ကောင်းလှပါသည်။

ကျောင်းထိုင်ဆရာတော်၏ ဘွဲ့အမည်မှာ **ဦးသောဘိတ**ဖြစ်ပြီး **သက်တော်(၃၉)၊ ဝါတော်(၂၀)**ရှိ၍ ခေတ်စာပေတတ် ဆရာတော်တစ်ပါး ဖြစ်သည်။

ခမည်းတော် ဦးမိုးဆွေနှင့် အမိဒေါ်တင်ကြည်တို့ဖြစ်ပြီး ဇာတိမှာ သန်းတောင်၊ ဝမ်းဘဲအင်းကျေးရွာမှ ဖြစ်ကြောင်း မြွက်ကြားပါသည်။

ဆရာတော်ကြီး၏ ဥပဇ္ဈာယ်ဆရာတော်ကြီးမှာ **သန်းတောင်မွေတော်ကျောင်းဆရာတော် ဦးဉာဏိန္ဒ** ဖြစ်တော်မူကြောင်း သိရသည်။

ကျောင်းကြီးအတွင်းသို့ ရောက်လျှင် အရှေ့ဘက်သို့လှည့်ကာ စံပယ်နေသည့် ရှေးဘုရားရုပ်ပွားတော် သုံးဆူကို ကြည်ညိုဖွယ် ဖူးတွေ့ကြရမည်ဖြစ်သည်။ ပုဂံခေတ်နှောင်းပိုင်း လက်ရာများဟု သမိုင်းဆရာတို့က ယူဆထားကြောင်း သိရပါသည်။

စာရေးသူနှင့် ဘုရားဖူးအဖွဲ့တို့ မပြန်မီအတွင်း ကျောင်းထိုင်ဆရာတော် ဦးသောဘိတမှ တိုတောင်းလှသော ဘဝအတိုထိုမှာ ခေတ္တခဏ လာရောက်ကြစဉ်အတွင်း ရခဲလှသည့် လူ့ဘဝကို တန်ဖိုးထားသည့် အနေဖြင့် ကိစ္စများပြောင်းလှသည့် နေ့တစ်ရူဝ လောကီကိစ္စများကြားမှ ရသည့် အချိန်လေးများ၌ပင် ဘာဝနာတရားကို သတိကပ်ကြရန် အောက်ပါအတိုင်း ဟောကြားဆုံးမတော်မူခဲ့ပါသည်။



▲ ရွှေမြင်ထင်ဘုရားအောက် လမ်းခွဲ

▼ ရေသပ်မြို့ကြီး အင်လေက



'လူ့ဘဝဆိုတာ ရခဲ၏။ ရခဲလှသော ယခုလူ့ဘဝတွင် သာသနာတော်မြတ်ကြီးနှင့်လည်း ကြုံနေ၏။

ကြုံခဲလှစွာ မြတ်သော သာသနာအတွင်း ဝယ် လောကီကိစ္စအဝန်းနှင့်သာ အချိန်မကုန်လွန်စေတဲ့ ဒါန၊ သီလ၊ သမထ တရားများနှင့် ဝိပဿနာတရားတော်များကို ဆရာကောင်းထံ တပည့်ခံ၍ နည်းမှန်လမ်းမှန်ဖြင့် ယထာဘူတဉာဏ် ရရှိရန် အားထုတ်သင့်လှ၏'

ဆရာတော်၏ စကားအဆုံး စာရေးသူနှင့်တကွ ဘုရားဖူးများမှ သာဓုခေါ်ဆိုရင်းဖြင့် ဝပ်တွားခယ ရှိခိုးကန်တော့ကာ အလာလမ်းသို့ ပြန်ခဲ့ကြပါသည်။

**တနိုင်းခ**

www.burmeseclassic.com

စောမိသွင် (ရန်ကုန်)

# ကျော်ကြားထင်ပေါ်သည့် နက္ခတ္တရောင်ခြည်



## တကယ်ပျောက်တဲ့ ခရုသင်းဆေး

သူများတွေမှာ ရောဂါတစ်ခုခု ဖြစ်နေတာ မြင်ရရင် ကိုယ်သိတဲ့ မြန်မာဆေးနည်းကို ပေးဖြစ်ခဲ့တယ်။ အဲဒီဆေးနည်းတွေကလဲ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းထဲကနေ ကူးထားတဲ့ ဆေးနည်းတွေပါပဲ။ အခုဆေးနည်းတွေကို ကူးယူရင်း မိတ္တူဆွဲလိုက်တော့ ဆေးနည်းပေးတဲ့ စာရေးဆရာအမည်ပါ ပါပြီးသား ဖြစ်သွားပါတယ်။ အရင်ကတော့ ဆေးနည်းကိုပဲ အမိကထား ကူးမိတာပါ။

'ဒါနဆန်များလှူရန် မေတ္တာရပ်ခံ အပ်ပါတယ်'

ခြံရှေ့မှာ မယ်သီလရှင်တစ်ပါး ဆွမ်းဆန် လာရပ်နေတာမို့ ကိုယ်တိုင်ပဲ ခြံရှေ့ထွက်ပြီး လှူလိုက်ပါတယ်။ သီလရှင်က သက်တော် လေးဆယ်နီးပါး ရှိပါပြီ။

သူ့နှုတ်ခမ်းမှာ အဖြူကွက် တစ်ကွက် ဖြစ်နေပြီး လက်ချောင်းလေးတွေမှာလဲ အဖြူကွက်တွေ တော်တော်များနေပါတယ်။ ခရုသင်းရောဂါ ဖြစ်နေမှန်း မြင်ရတာနဲ့ သိလိုက်ပါတယ်။ မယ်သီလရှင်ကြီး တော်တော်လေး လှမ်းသွားမှ နောက်ကနေ လိုက်ခေါ်မိခဲ့တယ်။

'ဆရာလေး တပည့်တော်မှာ ခရုသင်းပျောက်တဲ့ဆေးနည်း ရှိပါတယ်ဘုရား။ ဖော်ပြီးသားဆေးလဲ ရှိတယ်။ ဆရာလေး သောက်မယ်ဆိုရင် လှူလိုက်ပါမယ်ဘုရား'

သီလရှင်ကြီးကလဲ ဒီလို လျှောက်လိုက်တာနဲ့ အိမ်ဘက်ကို ပြန်ကြွလာပါတယ်။ သီလရှင်ကြီးကို အိမ်ရှေ့မှာ ခဏထိုင်ခိုင်းပြီးဆေးပုလင်းတွေ ဝင်ရှာရပါတယ်။ ကြွက်တန်းလျားပေါ်မှာ တင်ထားတဲ့ ဆေး(၂)ပုလင်းကို ရှာတွေ့လို့ ပုလင်းကို သုတ်ပေးပြီးမှ အပြင်ထုတ်လာခဲ့ရတယ်။

'တပည့်တော် ဆေးနည်းကူးထားပြီး လှူချင်တဲ့လူ လှူရအောင် ဖော်ထားတဲ့ဆေးပါ။ ဆေးတစ်ဖုံကို အခုပေးလိုက်တဲ့ ပုလင်းနဲ့ ငါးပုလင်း ရပါတယ်။ ဖော်ထားတာ (၁)နှစ်ကျော်လောက် ရှိပါပြီ။ သုံးပုလင်းကတော့ လှူလိုက်ပါပြီ။ လက်ကျန် (၂)ပုလင်း ကျန်တာ ဆရာလေးကို ဆေး(၁)ပုလင်း အရင်လှူလိုက်ပါမယ်။ သက်သာရင် နောက်တစ်ပုလင်း ထပ်လှူပါမယ်ဘုရား'

ဆေးပုလင်းလှူပြီး တစ်လကျော်ကြာအောင် ဆရာလေး ကြွမလာခဲ့ပါ။ ရပ်ဝေးမှာနေ၍ တစ်လတစ်ကြိမ် အလှူခံလာတာမို့ နောက် ထပ်တွေ့တော့ ဆရာလေးကို သောက်ဖြစ်ရဲ့လားလို့ မေးရတယ်။

'ဆရာလေးက 'သောက်တော့ သောက်တယ်၊ သက်သာတယ်၊ ရှောင်ရမယ့် အစားအစာတွေကို မေ့သွားလို့ လက်ဖက်လဲ မေ့မေ့ပြီး စားဖြစ်သွားတယ်။ စာလေးနဲ့ ရေးပေးပြီး၊ ဒီတိုင်း ပြောလိုက်ရင် မေ့သွားလို့'

သက်သာတယ်ဆိုလို့ နောက်တစ်ပုလင်း ထပ်လှူလိုက်ရာ နောက်တစ်ခါလာတော့ နှုတ်ခမ်းက အဖြူကွက်လေးက ပျောက်သွားပြီ ဖြစ်ပါတယ်။ ဆေးကုန်သွားသော်လဲ ဆေးမရှိတော့၍ မသောက်ဖြစ်လို့ ပြောပါတယ်။

'ဆေးကို ဆက်ဖော်သောက်ပါဘုရား။ ဒီမှာ ဆေးညွှန်းပေးလိုက်တယ်။ တပည့်တော်က ရုံးတစ်ဖက်နဲ့မို့ ဘယ်မှမသွားဖြစ်လို့ ဆေးဖော်ဖို့ မလွယ်ဘူး။ ဆေးဖော်ပြီးရင် ဆေးဖိုးတစ်ဝက်လှူပါ့မယ်ဘုရား'

ဆေးညွှန်းစာရွက် ပေးလိုက်ပြီး တစ်လကျော်လောက် မတွေ့တော့ပါ။ နောက်တစ်ခါလာတော့ ဆေးညွှန်း ပျောက်သွားတယ်ဆို၍ ထပ်ကူးပေးလိုက်ရပါတယ်။

'ဆရာလေး အဖြူကွက်တွေထဲမှာ ပန်းရောင်သန်းလာပြီ၊ ဆက်တိုက်သောက်မှ အကျိုးရှိမှာ။ လေးညှင်းတောင်ကျောင်းက ဦးပဥ္စင်းကြီးက တပည့်တော်တို့ပြောတာ ကြားသွားလို့ ဆေးညွှန်းတောင်းလို့ စစ်ကိုင်းက ကိုယ်တော်လေးတစ်ပါးအတွက် ပေးလိုက်တာ တော်တော် သက်သာတယ်လို့ ပြောပါတယ်။

ဦးပဥ္စင်းလေးက ဆေးကို ချ...ချင်း



www.burmeseclassic.com

www.burmeseclassic.com

ဖော်သောက်တာတဲ့ ဘုရား။ ပရဆေးဆိုင်မှာ ဆေးညွှန်းပေးပြီး ဖော်ခိုင်းလို့ ရပါတယ်ဘုရား။ ခရုသင်း ဖြစ်နေတာ လက်တွေ့ပျောက်မှန်းသိရင်း အချိန်မဆွဲဘဲ ဖော်သောက်ပါဘုရား'

အဲဒီလိုပြောပြီး ပေးလိုက်သလို ဆရာလေးကလဲ ချက်ချင်းဖော်သောက်မယ်လို့ ပြောသွားပါတယ်။ ယင်းဆေးညွှန်းမှာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းထဲတွင် ပါပြီးသားဖြစ်သော်လည်း ကူးထားတာဟာ ငါးနှစ်ကျော်ခန့် ကြာနေပြီလို့ ထင်ပါတယ်။

မူလဆေးနည်း ဖော်ပြပေးသော စာရေးသူနာမည်ကို မှတ်မထားမိတာက ကိုယ့်အားနည်းချက် ဖြစ်ပါတယ်။ ဆရာလေး သက်သာပြီး နှုတ်ခမ်းက အဖြူကွက်ပျောက်ကာ တခြား အဖြူကွက်များမှာ ပန်းရောင်များ သန်းလာလို့ ဝမ်းသာရပါတယ်။

ကျောင်းသူလေး တစ်ယောက်အား အဲဒီဆေးကို လှူဖူးရာ အလှမ်းဝေး၍ ပျောက်မပျောက် မသိလိုက်ရပါ။ ဆရာလေး အဖြူကွက်တချို့ ပျောက်သွားတယ်ဆိုလို့ တချို့က ဆေးနည်းလာတောင်းကြပါသဖြင့် အလားတူဆေးနည်း လိုချင်သူများ ရှိကောင်းရှိပါလိမ့်မယ်။

ခရုသင်းပျောက်သော ဆေးနည်းကို ယခင်က မဖတ်မိသောသူများ အကျိုးငှာ စေတနာထားကာ ထပ်မံဖော်ပြပေးလိုက်ပါတယ်။

---

**ခရုသင်းရောဂါ ပျောက်သော**

**ဆေးနည်း**

---

* *.* ——————→

ဈောင်ရမယ့် အစားအစာများမှာ...

၁။ အမဲသား၊

၂။ ဝက်သား၊

၃။ ငါးသလောက်၊

၄။ လက်ဖက်၊

၅။ အရက်

ပရဆေးဆိုင်တွင် ထိုနည်းကိုပေး၍ တစ်ဖုံ ဖော်ခိုင်းပါက အမှုန့်ကြိတ်ပြီးသား ရ၍ အသင့်သောက်နိုင်ပါတယ်။ ဆေးကို ကြာကြာခံရန် ခြောက်သွေ့သော ဖန်ပုလင်းလွတ်တွင် ထည့်ထားရပါမယ်။ နေ့စဉ် ကွမ်းသီးတစ်ခြမ်းခန့်စီကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မှန်မှန် သောက်ပါရန်။

***မူရင်း ဆေးညွှန်းပေးသူအား လေးစားလျက်၊ ဖော်ပြပေးသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား ကျေးဇူးတင်လျက်...***

**စောမိသွင် (ရန်ကုန်)**

| | | |
|---|---|---|
| ၁ | ကြိုကဇွက်(ကြိုတဗ္ဗ)သုံးပါး | (၃)ကျပ်သား |
| ၂ | ဇမ္ပုန်မျိုးငါးပါး | (၃)ကျပ်သား |
| ၃ | လေညှင်းပွင့်(လဝင်္ဂ) | (၃)ကျပ်သား |
| ၄ | ဇာလာ(စူဠဇလာ) | (၃)ကျပ်သား |
| ၅ | သမ်ကြံပိုးခေါက်(ဝရင်္ဂ) | (၃)ကျပ်သား |
| ၆ | ကရဝေးရွက်(ကဋ္ဌော) | (၃)ကျပ်သား |
| ၇ | ပန်းနု(ကစာဝချာ) | (၃)ကျပ်သား |
| ၈ | ပန်းမဲ(ကတရော) | (၃)ကျပ်သား |
| ၉ | စူလာနဖာ(နလာ) | (၃)ကျပ်သား |
| ၁၀ | ကန့်ချုပ်နီ(စိတြ) | (၃)ကျပ်သား |
| ၁၁ | နွားမြေရင်း(မုသသ) | (၃)ကျပ်သား |
| ၁၂ | ဇာတိပ္ပိုလ်သီး(ဇာတိဖလ) | (၃)ကျပ်သား |
| ၁၃ | အိမ်မြှေသီး | (၃)ကျပ်သား |
| ၁၄ | မဟာကာ | (၅) ကျပ်(၄)ပဲသား |
| ၁၅ | ကလော်ဆန် | (၁၅)ကျပ်သား |

စာမျက်နှာ (၂၃)မှ အဆက်

တာ၊ ဖက်ကြောတက်တာ၊စိတ်မကြည်လင်တာမျိုးရှိတယ်။ နောက် အလုပ်ကိစ္စကြောင့်စိတ်ဖိစီးမှုဖြစ်ပြီး မရှင်မလန်းတာတွေ့ ရှိပါတယ်လို့ ရှင်းပြပါတယ်'

အဲဒီတော့မှ ဆရာကြီးက အလုပ်ကိစ္စအတွက် အကြံမပေးနိုင်၊ မကူညီနိုင်ပေမယ့် သွေးတိုးအတွက်တော့ ကြိုတင်ကာကွယ်နည်း ပေးခဲ့တယ်ကွ။

သွေးတိုးရောဂါရှင့်နေတဲ့သူ တချို့တောင် ဆရာကြီးပေးတဲ့နည်းအတိုင်း လုပ်ကြလို့ သိသိသာသာ ပျောက်ကင်းသက်သာသွားတဲ့သူတွေ ရှိသဟ'

'ဟုတ်ကဲ့... ဆေးနည်းလေး ပြောပါဦး'

'မက်ပါတူ။ မနက်မိုးလင်းမျက်နှာသစ်ပြီးတာနဲ့ လက်ဖက်ခြောက်ထဲတဲ့ ရေနွေးမှုတစ်ခွက်ထဲကို သံပရာသီးတစ်ခြမ်း ညှစ်ထည့်ပြီး နေ့စဉ်မှန်မှန် သောက်ရုံပဲ'

'လွယ်သားပဲ ကျေးဇူးပါဆရာ'

ဆရာ ဦးစောသောင်းကြီးပေးသည့် နည်းအတိုင်း ဖနီးဖြစ်သူမှ နေ့စဉ် ရေနွေးကြမ်း သံပရာရည်သောက်ခဲ့ရာ (၁၀)ရက်အတွင်း သွေးတိုးသက်သာခဲ့ပါသည်။

ဖနီးသည်၏ ဖြန့်ချိမှုကြောင့် အိမ်အနီးနေ မခင်နွယ်ဆိုသူ အမျိုးသမီးပါ။ သွေးတိုးရောဂါ၏ နှိပ်စက်ခြင်းမှ ကင်းဝေးပြီဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် လက်တွေ့ပျောက်ကင်းသက်သာသည့် သွေးတိုးရောဂါဆေးနည်းတစ်လက်အား အများအကျိုးမျှော်ကိုး၍ ရေးသားတင်ပြလိုက်ရပါကြောင်း...

**ကိုစနေ**

**[ဆေးနည်းပြောပြသူ ဆရာဦးစောသောင်းကြီး (ဝိ) ချစ်အစ်ကိုကြီးအား ဤစာမှဖြင့် ဂါရဝပြုလိုက်ရပါသည်။]**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်မှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း,နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'


ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၄၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



● စစ်ကိုင်းတောင်ရွှေမင်းဦးပုညရှင်စေတီ အနီးမှ ဘိုးဘိုးအောင် ဓာတ်ပန္နက်စေတီနှင့် ထောင်ချွ



စစ်ကိုင်းမြို့ ရွှေမုဋ္ဌောစေတီတော်၏ အရှေ့တောင်ရင်ပြင်တော်တွင် တည်ရှိသော အဘဓာတ်ပန္နက်အောင်မြေစေတီ

# ဦးပါယင်းဆရာတော်ကြီး၏

## အောင်မြေကျင့်စဉ် (၁)

ဇော်ဂျေမြတ်
(စစ်ကိုင်းတောင်)

ကျွန်ုပ်၏ တပည့်များအနက် စိန်သံချောင်းမှာ အတော်အသင့် အားကိုးရသော တပည့်တစ်ဦး ဖြစ်လေ၏။

သင်ယူသော ပညာကိုလည်း မှတ်မိလွယ်၏။ အလွန်လည်း သွက်လက်ချက်လက်၏။ လက်ခြေ ဘယ်ညာ အသွင်းအထုတ်ကိုလည်း အင်အားသူ စနစ်တကျ အသုံးချတတ်၏။

ကျွန်ုပ်တို့၏ "မြန်မာနန်းတွင်း ပင်မသိုင်း"အဖွဲ့တွင် (၆၅)ကီလိုတန်း၌ အသင်း၏ဂုဏ်၊ စစ်ကိုင်းမြို့နယ်၏ဂုဏ်ကို ဆောင်နိုင်သူ ဖြစ်လေ၏။

လူတို့၏ သဘောအရ အကောင်းနှင့်အဆိုး ရောပြွမ်းလျက်ရှိလေရာ စိန်သံချောင်းမှာလည်း စိတ်လောကြီးခြင်း၊ စိတ်ဆတ်ခြင်းတို့ကြောင့် ရမှတ်များ လျှော့ခံရလေ့ ရှိလေ၏။

ဆုများ အကြိမ်ကြိမ် ရရှိခဲ့သော်လည်း အပြည့်အဝ ချီးမွမ်းရန် ခက်ခဲလှသော တပည့်တစ်ဦး ဖြစ်လေ၏။

သို့အတွက် ကျွန်ုပ်သည် ပင်မဆရာကြီးတစ်ဦးဖြစ်သော ဆရာစိမ်းနှင့် တိုင်ပင်၍ အပ်နှံရလေတော့၏။

ဆရာစိမ်းမှာ သမထအားကောင်း၍ တပည့်များအား ညင်သာပျော့ပျောင်းစွာ စည်းရုံးသင်ပြနိုင်သူ ဖြစ်လေ၏။ ယခုအခါ ဝိပဿနာသို့ ကူးပြောင်းအားထုတ်နေသူလည်း ဖြစ်လေ၏။

စိန်သံချောင်းသည် ဆရာစိမ်းထံ၌ ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ

www.burmeseclassic.com



▲ အင်းဝမြို့ဟောင်းရှိ [illegible]
[illegible]



▲ အင်းဝမြို့ဟောင်းရှိ [illegible]
[illegible]

ကျွန်ုပ်ထံသို့ ရောက်ရှိလာပြန်လေ၏။

'ဆရာရေ ကျွန်တော် ပုတီးစိပ်ချင်ပါတယ်။ ဆရာစိမ်းကလဲ ကျွန်တော့်ကို ဆရာအောင်ဆီသွား ဆိုလို့ပါ'

'မောင်ရင် စိတ်ပြောင်းသွားပြန်ပလား'

'မဟုတ်ရပါဘူး ဆရာရယ်၊ ပုတီးနာနာစိပ်ရင် စိတ်လဲငြိမ်တယ်။ တတ်ချင်တဲ့ ပညာရပ်ကိုလဲ လွယ်လွယ်ကူကူ ရနိုင်တယ်။ သမာဓိ အားကောင်းပြီး ကြိုးစားသမျှ ထွန်းပေါက်နိုင်တယ်လို့လဲ ဆရာစိမ်းက ပြောပါတယ်'

'ဟေ... ဆရာစိမ်းကတော့ လုပ်ချလိုက်ပြန်ပြီ'

'ဆရာစိမ်း ပြောတာက ဒီလိုပါဆရာ၊ ဆရာအောင်ဆီမှာ "အောင်မြေကျင့်စဉ်" ရှိတယ်။ အဲဒီကျင့်စဉ်ကို အားထုတ်လိုက်တာ သူ မေ့နေတဲ့ ပညာတွေ ပြန်မှတ်မိလာတယ်။ ပြီးတော့ ပုဂ္ဂိုလ်ထူးနဲ့လဲ တွေ့ခွင့်ရလိုက်တယ်လို့ အသေအချာ ပြောလိုက်တာပါ ဆရာရယ်'

'ကဲပါ... ထားလိုက်ပါတော့ စိန့်သံချောင်းရယ်၊ သင့်တော်တဲ့ရက်ရွေးပြီးတော့မှ ဆောင်ရွက်ကြတာပေါ့။ ဆရာစိမ်းကို ပြောထားလိုက်'

'ဟုတ်ကဲ့ပါ ဆရာရယ်၊ ဆရာတို့ (၂)ဦးရှေ့မှာ အဓိဋ္ဌာန်တင်ပြီး အားထုတ်မှာပါ။ ပြီးတော့ "အောင်မြေကျင့်စဉ်" အမည်ကိုလဲ သဘောကျလို့ပါ။

ကျွန်တော် သိချင်တာ ရှိနေသေးတယ် ဆရာ၊ အောင်မြေကို ဘယ်လို သိနိုင်သလဲ ဆိုတာ နည်းနည်းတော့ ပြောပါဦး'

'ဒါက အများကြီး ပြောရမှာဆိုတော့ ချုံပြီးပဲ ပြောမယ်ကွာ၊ အဓိကကျတာတော့ **ဗုဒ္ဓအောင်မြေ၊ ဓမ္မအောင်မြေနဲ့ သံဃအောင်မြေတွေပဲ** ပေါ့။ နောက်တစ်မျိုးက ပုဂ္ဂိုလ်ထူး**အောင်မြေပဲ**။ တတိယအောင်မြေကတော့ ဝေဒပညာရှင်များရဲ့ ရှေးအဆက်ဆက်က ယနေ့တိုင် လက်ခံထားတဲ့ **အောင်မြေဌာနနဲ့ အောင်ရက်ရွေးနည်းတွေကို** နည်းနည်းပြောပါမယ် လိုက်မှတ်ပေါ့ကွာ'

'ဟုတ်ကဲ့ပါဆရာ... ကျွန်တော့်ကို ဝေဒပညာရှင်များရဲ့ ရွေးနည်းကိုသာ ပြောပေးပါ။ ကျွန်တော်က ဝေဒပညာကို လေ့လာနေတာမို့ပါ'

'နည်းပညာတွေက လိုက်လို့မ[illegible] အောင် ရှိနေတော့ အရေး[illegible]တာက မိမိကိုယ်တိုင် သိလာ၊ သ[illegible] ပညာနဲ့





www.burmeseclassic.com

www.burmeseclassic.com

ရှုထလုံလောက်စွာ အားထုတ်ကြိုးစားပေါ့

**မြို့တည်အောင်မြေ**

မိမိအားထုတ်မည့် မြို့အမည်ကို ဂဏန်းဖွဲ့ပါ။

ဥပမာ–စစ်ကိုင်း= ၃ + ၂ = ၅ ဖြစ်မှုနှံယင်းပါ။

ဥပမာ–တနင်္ဂနွေ= ၁ + ၅ = ၆

ထိုဂဏန်းကို ၂၃၄ တို့ဖြင့် စားပါ။ ပြတ်လျှင် အောင်မြေဖြစ်သည်။

✱ ✱ ✱ (ဇယား–၁)

**ရပ်ကွက်အောင်မြေ**

အားထုတ်မည့်ရပ်ကွက်ကို ဂဏန်းဖွဲ့ပါ။

ဥပမာ–ရွှေနံ့ရပ်ကွက်=၄+၇=၁၁ ဖြစ်မှုနှံယင်းပါ။

ဥပမာ–တနင်္ဂနွေ=၁+၁၁=၁၂

ထိုဂဏန်းကို ၂၃၄ တို့ဖြင့် စားပါ။

✱ ✱ ✱ (ဇယား–၂)

အထက်ပါ ပညာရှင်များ၏ နည်းအရ စစ်ကိုင်းမြို့သည် အောင်မြေနှင့် အထူးအောင်မြေ ဖြစ်လေ၏။ ရပ်ကွက်အမည်ကလည်း သုံးဆယ်ကွမ်း အန္တိမအောင်မြေ ဖြစ်သောကြောင့် အားထုတ်သင့်ပေတော့၏။

**ရက်၊ လ အောင်မင်္ဂလာရွေးနည်း။**

✱ ✱ ✱ (ဇယား–၃)

အထက်ပါ လနှင့်ရက်များမှာ အမိဋ္ဌာန်နှင့် အောင်မင်္ဂလာရက်များ၌ ဟူ၍ ပညာရှင်များက အဆိုထားရှိလေသည်။

**နေ့ရက်နှင့် လဆန်း/လဆုတ်ရွေးပုံ**

✱ ✱ ✱ (ဇယား–၄)

**ဆရာတော်ကြီးတို့နည်း**

ဗုဒ္ဓဟူးနေ့နှင့် ပြည့်ဆုံသော အရုဏ်တက်ချိန်။

သောကြာနေ့နှင့် ပြည့်ဆုံသော အရုဏ်တက်ချိန်။

တနင်္လာနေ့နှင့် ပြည့်ဆုံသော အရုဏ်တက်ချိန်။

(ဇယား–၁)

ဥပမာ ၆÷၂=ပြတ်၏ ⇨အောင်မြေဖြစ်၏။

၆÷၃=ပြတ်၏ ⇨အထူးအောင်မြေဖြစ်၏။

၆÷၄=မပြတ်ပါ ⇨အန္တိမအောင်မြေ မမြောက်ပါ။

(ဇယား–၂)

ဥပမာ ၁၂÷၂ = ပြတ်၏ ⇨ အောင်မြေဖြစ်၏။

၁၂÷၃ = ပြတ်၏ ⇨ အထူးအောင်မြေဖြစ်၏။

၁၂÷၄ = ပြတ်၏ ⇨ အန္တိမအောင်မြေမှန်၏။

(ဇယား–၃)

| | | |
|---|---|---|
| တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ | – လဆန်း၊ လဆုတ် | = ၇–ရက်နေ့ |
| ကဆုန်လ၊ တော်သလင်းလ၊ ပြာသိုလ | – လဆန်း၊ လဆုတ် | = ၈–ရက်နေ့ |
| နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲလ | – လဆန်း၊ လဆုတ် | = ၉–ရက်နေ့ |
| ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ | – လဆန်း၊ လဆုတ် | =၁၀–ရက်နေ့ |

(ဇယား–၄)

| | | | |
|---|---|---|---|
| တနင်္ဂနွေနှင့် | လဆန်း၊ လဆုတ် | = ၈–ရက်ကြုံလျှင် | ⇨ |
| တနင်္လာနေ့နှင့် | လဆန်း၊ လဆုတ် | = ၃–ရက်ကြုံလျှင် | ⇨ |
| ဗုဒ္ဓဟူး၊ သောကြာနှင့် | လဆန်း၊ လဆုတ် | = ၁–ရက်ကြုံလျှင် | ⇨ |
| ကြာသပတေးနေ့နှင့် | လဆန်း၊ လဆုတ် | = ၄–ရက်ကြုံလျှင် | ⇨ |
| စနေနေ့နှင့် | လဆန်း၊ လဆုတ် | = ၅–ရက်ကြုံလျှင် | ⇨ |

အလွန်အောင်မြင်သောရက်များ ဖြစ်သည်ဟု အဆိုရှိပါသည်။

တက်ချိန်။

ထို အရုဏ်တက်ချိန်များသည် အမိဋ္ဌာန် စတင်သောနေ့ဖြစ်စေ၊ အမိဋ္ဌာန် အောင်မြင်သောနေ့ဖြစ်စေ ကြုံဆုံရပါက စိတ်ချလက်ချ အောင်မြင်ပြီဟု ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိက လမ်းညွှန်ခဲ့ပါသည်။

**ဘုရားဖူးအောင်မြေ**

တစ်မြို့တစ်နယ်ကျေးသို့ ဘုရားဖူးထွက်ကြသည့်အခါ ရောက်သည့်အရပ်က ဘုရားစေတီမှာ အောင်မြေအဖြစ် သတ်မှတ်လိုခဲ့လျှင် အောက်ပါနည်းက အကူအညီ ဖြစ်ပါလိမ့်မည်။

ဖူးမြင်နေရသော စေတီတော်၏ မိမိမွေးနံ အရပ်၊ ထောင့်တွင် ခြေစုံရပ်ပြီး ရွှေထီးတော်ကြီး၏ ငှက်မြတ်နားကို ရှုကြည့်လိုက်ပါ။

ငှက်မြတ်နား၏ ဦးခေါင်းထားရာအရပ်သည် အောင်မြေအဖြစ် မှတ်ယူ၍ ဆုတောင်း အားထုတ်နိုင်ကြလေ၏။

ငှက်မြတ်နားတော် လှည့်ရာအရပ်သည် အရှေ့ဖြစ်လျှင် အရှေ့အရပ်မှာ ထိုင်၍ ဆုတောင်းပူဇော်ပါ။ လှည့်ရာအရပ်အတိုင်း ပူဇော်ဆုတောင်းအားထုတ်ပါဟု အမှာစကားတစ်ရပ် ရှိပါသည်။

ထိုစေတီတော်မြတ်၏ **"ဓတစ"** အရပ်လည်း **"အောင်မြေ"** ဟူ၍ အဆိုရှိပါ၏။

www.burmeseclassic.com



အင်းဝမြို့ဟောင်းမှ အပြိုင်အရိုင်း ရှင်သန်နေသော ပေါက်ပင်အောင်မြေမှ ပေါက်ပင်ကိုယ်ပင်အား မြင်တွေ့ရပုံ

## အောင်မြေ ၇–ဌာန

၁။ ဗုဒ္ဓအောင်မြေ = ဘုရားပွင့်တော်မူရာ ဗောဓိပင်နှင့် ရွှေပလ္လင်ရှိရာဌာန။

၂။ ဓမ္မအောင်မြေ = ပိဋကတ်သုံးပုံ ဌာပနာသော စေတီတော်။

၃။ သံဃအောင်မြေ = ရဟန်းပုဂ္ဂိုလ်များသမုတ်သော သိမ်တော်။

၄။ ရာဇအောင်မြေ = တရားသော မင်းမြတ် သန္တာပြုရာစေတီ။

၅။ သိဒ္ဓိအောင်မြေ = ပုဂ္ဂိုလ်ထူးများ လမ်းညွှန်သော ဒေဝအောင်မြေ။

၆။ ပါရမီသမ္ဘာရအောင်မြေ = ဖားက မြွေကိုမျိုသောဌာန။

၇။ ပကတိအောင်မြေ = မိမိတို့၏ ဇာတာအရပ်။

ဟူ၍ ပညာရှင်များ၏ အဆိုအမိန့်များ ထားရှိလေ၏။

## ရာဇမတ္တဏ်ကျမ်းမှ အောင်မြေများ

**၁။ ရှည်လျားသော ပရိဂုဏ်ပေါ်မှ** မွှာရုံအဆောက်အအုံနှင့် အာရုံခံများသည် အဓိဋ္ဌာန်ကိစ္စ ဆောင်ရွက်ပါက အောင်မြင်ပြီးစီးစေတတ်၏။

**၂။ လေးထောင့် မြေကွက်များပေါ်မှ** မှန်လေးမျက်နှာရှိသော စေတီ၊ သိမ်နှင့် ကျောင်းတော်ကြီးများမှာ အဓိဋ္ဌာန်ပြုလျှင် သီလ၊ သမာဓိ၊ သစ္စာ အရင်းပြုခြင်းအားဖြင့် မိမိ မျှော်မှန်းသော ကောင်းကျိုးများ အောင်မြင်နိုင်လေ၏။

**၃။ ဝိုင်းသော၊ ဝန်းသော မြေကွက်ပေါ်မှ** စေတီတော်၊ သိမ်တော်နှင့် ကျောင်းတော်တို့မှာ အဓိဋ္ဌာန်ပြုအားထုတ်ပါက အကုသိုလ်ကင်း၍ သန့်ရှင်းပြီးမြောက်သော အောင်မြေဟု မှတ်သားနိုင်ကြပါသည်။

တစ်ခါတစ်ရံ၌ အောင်မြေဌာနနှင့် ခွဲခြားရ ခက်ခဲသောကြောင့် မိမိတို့က မှားယွင်း၍ အောင်မြေအဖြစ် သတ်မှတ် အားထုတ်မိတတ်ပါသည်။

ပြဿနာမဖြစ်သော်လည်း ကိုယ်က အသည်းအသန် ကြိုးစားသလောက် အောင်မြင်ခြင်းမရှိ ဖြစ်တတ်လေ၏။ အချိန်ကုန် လူပန်း မရှိရလေအောင် သတိပြု ဆင်ခြင်ပါ။

## အောင်မြေမဟုတ်သော ဌာနများ

- ○ အလွန်ကျဉ်းကျပ်သော မြေနေရာဌာန။
- ○ အမှိုက်အမြှင် ပိုးချွက်ရှိသော မြေဌာန။
- ○ ကြွက်ကျင်းများသော ရှိသော ဌာန။
- ○ လှည်းလမ်းကဲ့သို့သော မြေနေရာဌာန။
- ○ ဆွတ်ဆိုင်နှင့် မြေပေါက်ကြားအောက် များသော ဌာန။
- ○ ရှည်မျော့မျော့နှင့် ဝှတ်များသော နေရာဌာန။
- ○ ကမ်းပါးမြောက်အောက်နှင့် ရှုပ်ထွေးသော ဌာန။
- ○ ရည်ဆော်ကြီးကဲ့သို့ ကျောက်ဆောင် ထက်၌ အားမထုတ်သင့်။
- ○ လိပ်ကျောက်ကုန်းကဲ့သို့သော မညီမညာ ထင်ပေါ်လျှော်မြေ။
- ○ စိုစွတ်သော အနေအထား ရှိသော်လည်း နိမ့်လိုက်မြင့်လိုက် မညီမညာ သော မြေနေရာဌာန။
- ○ တွေ့တွေ့ ကောက်ကောက်နှင့် ရေတာမိုင်း၊ ကုန်းတာမိုင်း နေရာ ဌာန။
- ○ ထုံးသိပ်တဲ့အပင် ထွေးသော်၌ အနံ့အသက် မကောင်းသောဌာန။

တို့တွင် မှားယွင်းအားထုတ်မိပါက သဘာဝဘေး၊ ပရလောကနှင့် မျှော်လင့်မထားသော ကိစ္စများ၏ အနှောင့်အယှက်ဘေးတို့မှ မလွတ်ကင်းနိုင်သောကြောင့် ဆရာအရှင်များက သတိပေး တားမြစ်တော်မူကြပါသည်။

မိမိတို့ ကျင့်ကြံအားထုတ်သော အဓိဋ္ဌာန်အချို့မှာ ပါရမီအရသော်လည်းကောင်း၊ နေရာဌာန၏ ပံ့ပိုးမှုဖြင့်လည်းကောင်း အိပ်မက်ဖြင့် အောင်မြေဌာနများကို လက်ခံရရှိလေ့ရှိတတ်လေ၏။

အချို့သော အိပ်မက်များသည် အမြဲတစေ မှန်ကန်ခြင်း မရှိသောကြောင့် ချင့်ချိန်၍ ဆရာအရှင်များနှင့် ညှိဝါဒခံယူ ဆောင်ရွက်စေလိုပါ၏။

ဤမျှဆိုလျှင် အောင်မြေများ၏ သဘောသဘာဝကို အတော်အသင့် နားလည်နိုင်ကြပြီဟု ထင်ပါသည်။

ယခု **"အောင်မြေကျင့်စဉ်"** မှာ ဒီပဲယင်းဆရာတော်ကြီးက တပည့်ရင်းများကို ပေးလေ့ရှိသော ကျင့်စဉ် ဖြစ်ပါ၏။

ရှေ့လ. ဆက်ဖတ်ပါရန်

**အောင်ရွှေမြတ်(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com

ရာထူးဌာနနှင့်



တက္ကသိုလ် ဘုန်းနိုင်

နွေဦးကာလတွင် ဖြစ်ပါသည်။

စာရေးသူတို့အဖွဲ့သည် မဟာမြိုင်တောအတွင်းရှိ အင်ဒိုင်းကုန်းကြီးဝိုင်း သစ်တောသို့ ရောက်လာကြသည်။ အင်ဒိုင်းကုန်းကြီးဝိုင်းသည် ကလေးခရိုင်၊ မင်းကင်းမြို့နယ်အပိုင်တွင် ရှိ၏။

မဟာမြိုင်တောကြီးသည် ယခင်က ပျူပန်ထွာမင်းသမီး အခြေချနေထိုင်ခဲ့သော ဒေသဖြစ်သည်ဟု ဆိုကြသည်။ တောထဲတွင် တရားဘာဝနာ ရှာမှီးလျက်ရှိကြသော သူတော်စင်၊ ရဟန်း၊ ရသေ့၊ ပုဂ္ဂိုလ်ထူးများ ရှိကြသည်။

စာရေးသူတို့အဖွဲ့သည် သစ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာနများ၏ လုပ်ငန်းများကို စစ်ဆေးရန် လာရခြင်းဖြစ်၏။

တောထဲတွင် တာဝန်ထမ်းဆောင်နေကြသော သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများသည် အင်ဒိုင်းကုန်းကြီးဝိုင်းအတွင်းရှိ စေတီပျက်၊ ဘုရားဆင်းတုတော် အပျက်များကို ကုသိုလ်ယူ၍ ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ထား၏။ စာရေးသူတို့အဖွဲ့လည်း တောထဲသို့ရောက်တိုင်း ပါဝင်လုပ်အားပေး ဒါနပြုစမြဲပါ။

တစ်နေ့ စေတီပျက်တစ်ဆူ၌ ပုတီးစိပ်ပြီးချိန်တွင် သက်တော်(၇၀)နီးပါးရှိ ရသေ့ကြီးတစ်ပါး ဘုရားပရိဝုဏ်အတွင်းသို့ ရောက်လာပြီး...

'သားတော်ကြီးက ဂုဏ်တော်ပုတီးစိပ်နေပုံရတယ်'

'ဟုတ်ပါတယ်... ဂုဏ်တော်ပုတီးကိုးပတ်ကို နေ့စဉ် စိပ်ပါတယ်'

'အေးလေ ဘယ်နည်းနဲ့စိပ်စိပ် ဗုဒ္ဓါနုဿတိဘာဝနာသမထလုပ်ငန်းရဲ့ ကောင်းကျိုးချည်းပါ။ အဓိက,က သမာဓိဖြစ်ဖို့ အရေးကြီးတယ်'

'ပုတီးစိပ်နေတာတော့ ကြာပါပြီ၊ ခုထိတော့ ဘာမှ ထူးခြားမှု မရှိသေးပါဘူး'

'ပုတီးစိပ်တဲ့အခါ ဘုရားပုံတော်ကို မြင်အောင် အာရုံပြုပြီး ဂုဏ်တော်ရဲ့ အနက်အဓိပ္ပါယ်တွေကို အလေးအနက်ထားပြီး ဆင်ခြင်ရတာယ်လေ'

'အဲဒီအတိုင်း ကြိုးစားကြည့်ပေမယ့် လုပ်ငန်းတာဝန်နဲ့ လူမှုရေးလုပ်ငန်းတွေက များတော့ စိတ်မငြိမ်ဘူး ဖြစ်နေတယ်။ ဒါကြောင့်သမာဓိလဲ မရတာပေါ့'

'ဒါဆို ဘိုးရသေ့ ပုတီးစိပ်နည်း တစ်ခု ပေးခဲ့မယ်။ အဲဒီပုတီးစိပ်နည်းနဲ့ အကြိမ်များစွာ စိပ်ပါ။ ပုတီးစိပ်နည်းကိုလဲ အင်းချပ်နဲ့ စီရင်ထားတယ်။ ပုတီးစိပ်တိုင်း အဲဒီအင်းကို ဘုရားစင်ပေါ်မှာ ဆီမီးတင်ထွန်းပြီး ပူဇော်ပေးပါ။ အရာရာ ထူးခြားလာလိမ့်မယ်'

ဟု ပြော၍ ပုတီးစိပ်နည်းနှင့် အင်းတစ်ချပ်ကို ပေးသွားပြီး ဘုရားပရိဝုဏ်အတွင်းမှ ပြန်ထွက်သွား၏။

**ပုတီးစိပ်နည်းကား...**

စ ဓ ဗ ဝ ဥ မဟာသိဒ္ဓိ

အာ သော မာ ဝ ဥ မဟာသိဒ္ဓိ

ပု ဒိ အာ ဥ မဟာသိဒ္ဓိ

သဗ္ဗလာဘံ ဘဝိဿတိ

အဆိုပါ ပုတီးစိပ်နည်းဖြင့် တစ်နေ့လျှင် (၂၇)ပတ် စိပ်ရပါမည်။

အင်းတော်သည် **(၉)ကွက်အင်း** ဖြစ်သည်။ အထက်ပါ ဂါထာ(၄)ခုကို (၉)ကွက်အင်း ပုံစံဖြင့် အင်း(၄)ကွက် ပေါင်းစည်းထားခြင်းဖြစ်သည်။ အင်းဆန်များကို မြင်းသွား သွားနည်းဖြင့် စမများ ရေးသွင်းရင်း အလယ်ကွက်များတွင် (ဥ)စာလုံးများကို ရေးသွင်းပါ။ နမူနာကိုအောက်တွင် ဖော်ပြပါသည်။

* * *

| | | |
|---|---|---|
| ၁ | ၆ | ၇ |
| ၆ | | ၂ |
| ၃ | ၈ | ၅ |

**အင်းဆန်သွားပုံ**

| | | |
|---|---|---|
| စ | ဝ | သိ |
| ဟာ | ဥ | ဝ |
| ဗ | ဒ္ဓိ | မ |

**စဓဗဝ ဥမဟာသိဒ္ဓိ**

| | | |
|---|---|---|
| အာ | ဝ | သိ |
| ဟာ | ဥ | သော |
| မာ | ဒ္ဓိ | မ |

**အာသောမာဝ ဥ မဟာသိဒ္ဓိ**

| | | |
|---|---|---|
| သ | ဘံ | ဿ |
| ဝိ | ဥ | ဗ္ဗ |
| လာ | တိ | ဘ |

**သဗ္ဗလာဘံ ဘဝိဿတိ**

| | | |
|---|---|---|
| ပု | ဥ | သိ |
| ဟာ | ဥ | ဒိ |
| အာ | ဒ္ဓိ | မ |

**ပု ဒိ အာ ဥ မဟာသိဒ္ဓိ**

စာမျက်နှာ (၁၁၀) သို့

www.burmeseclassic.com

# သားဖွက် ဂါထာတော်

ဂါထာမန္တန်များကို ကဏ္ဍတစ်ရပ်အနေနဲ့ ဖော်ပြလျက်ရှိသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ ဂါထာမန္တန်ကဏ္ဍတွင် ဖော်ပြနိုင်ရန် "**ရွှေဟောင်းမှ မန်းရွှေစက်တော်သမိုင်း**" စာအုပ်မှ **နွားမသားဖွက်ဂါထာမှ (၂)မျိုး**ကို ရေးကူးတင်ပြအပ်ပါသည်။

"**သစ္စပဗ္ဗမထေရ်**"သည် အလောင်းတော် နွားလားဥသဘကြီးဖြစ်စဉ်ငယ်စဉ်ဘဝက မိခင်နွားမကြီးသည် သားငယ်ကလေးကို လူသူကင်းဝေးရာ တောကြီးထဲတွင် မွေးဖွား၍ ကြီးပျင်းအောင်စောင့်ရှောက် မွေးမြူခဲ့ပါသည်။

မိခင်နွားမကြီးသည် အစာရှာသွားလိုသောအခါ သားငယ်ကလေးကို တစ်ကောင်တည်း ထားခဲ့ရသည်။

သားငယ်ကလေးကို ရန်သူတို့၏ ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးစေရန် ဂါထာကြူး၍ ထားခဲ့သည်။ ယင်းဂါထာကို "**သားဖွက်ဂါထာ**"ဟု ခေါ်ပါသည်။

**ဂါထာအမှတ်(၁)**

ဥုံ ဂေါဓော ဝနေ သုညံ ဘယံ နတ္ထိ၊

ခက်ခဲသော ပါဠိအသံထွက်

**သုညံ** =သုန်ညံ့

**နတ္ထိ** =နတ်ထိ

**ဂါထာအမှတ်(၂)**

ဥုံ ဂေါဓောနဂ္ဂိန် ဂေါဓောပုတ္တာစ ဆရ ရက္ခမူလ, ဆရန္တိသ၊



ခက်ခဲသော ပါဠိအသံထွက်

**ဂေါဓောနဂ္ဂိန်** = ဂေါဓောနဂ်ဂါန်

**ပုတ္တာစ** = ပုတ်တာစ

**ရက္ခမူလေ** = ရက်ခမူလေ

**ဆရန္တိဆ** =ဆရန်တိဆ

ဟူ၍ ဂါထာ(၂)မျိုးကို ဖော်ပြထားပါသည်။

**အနက်အဓိပ္ပါယ်မှာ...**

တောတွင်း၌ နေခဲ့ရသော ငါ၏ သားငယ်ကလေးတွင် ဘေးရန်အမျိုးမျိုးတို့မှ အကြွင်းမရှိ ကင်းဝေးပါစေသတည်း...။

ဂါထာ(၂)မျိုးစလုံးအတွက် အဓိပ္ပါယ်မှာအတူတူပင်ဖြစ်ကြောင်း သိရပါသည်။

အထက်ပါ(၂)မျိုးမှ ကြိုက်နှစ်သက်ရာ တစ်မျိုးမျိုးကို ရွတ်ဆိုနိုင်ပါသည်။

ညစဉ် အိပ်ရာဝင်ချိန် အိမ်သားများစုံလင်သောအချိန်တွင် တစ်ညလျှင် (၇)ခေါက်ကျ ရွတ်ဆို၍ အိပ်စက်ပါက ဘေးရန်အန္တရာယ် အမျိုးမျိုးနှင့် သူခိုးသူဖွက်တို့၏ ဘေးရန်တို့မှ ကင်းဝေးစေနိုင်ပါသည်။

**မောင်ဘိုဝင်း**

စာမျက်နှာ (၁၀၉)မှ အဆက်

- ပထမအင်းကိုရေးလျှင် "**ဥုံ စဓဗဓဥုံ မဟာသိဒ္ဓိ**"ဟု ရွတ်၍ သိဒ္ဓိတင်ပါ။
- ဒုတိယအင်းကိုရေးလျှင် "**ဥုံ အာဓသာ မာ ဝ ဥုံ မဟာသိဒ္ဓိ**"ဟု ရွတ်ဆိုပါ။
- တတိယအင်းကိုရေးလျှင် "**ဥုံ မု ဒိ အာ ဥုံ မဟာသိဒ္ဓိ**"ဟု ရွတ်ဆိုပါ။
- စတုတ္ထအင်းကိုရေးလျှင် "**ဥုံ သဗ္ဗလာဘ် ဘဝိသသတိ**"ဟု ရွတ်ဆိုပါ။

အင်း(၄)ချပ် စုပေါင်းလိုက်လျှင် အောက်ပါအတိုင်း အစွမ်းထက်သော ဘုရားသုံးပေးခဲ့သည့် အင်းကြီးတစ်ချပ်ကို တစ်စုတစ်ပေါင်းတည်း ရရှိမည်ဖြစ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ရ | ဝ | သိ | အာ | ဝ | သိ |
| ဟာ | ဥုံ | စ | ဟာ | ဥုံ | သော |
| ဗ | ဒ္ဓိ | မ | မာ | ဒ္ဓိ | မ |
| သ | ဘ် | သ | မု | ဥုံ | သိ |
| ဓိ | ဥုံ | ဗ္ဗ | ဟာ | ဥုံ | ဒိ |
| လာ | တိ | ဘ | အာ | ဒ္ဓိ | မ |

အထက်ပါအင်းကို ဆောင်၍ ဂါထာများကို အမြဲမပြတ် ပွားဖော်နေပါက စီးပွားလာဘ်လာဘ တိုးတက်ခြင်း။ ရာထူးဌာနန္တရ တိုးတက်ခြင်း။ ရောဂါအပေါင်း ကင်းဝေး၍ အသက်ရှည်ခြင်း။ နတ်အပေါင်း ချစ်မြတ်နိုးခြင်း။ လူအပေါင်း ချစ်ခင်လေးစားခြင်းနှင့် ဩဇာအာဏာရှိခြင်းတို့ ဖြစ်စေပါသည်။

အထက်ပုဂ္ဂိုလ်များကလည်း စောင့်ရှောက်လာသဖြင့် တရားထူး တရားမြတ်ရ၍ အရာရာတွင် အောင်မြင်ခြင်းကို လက်တွေ့ခံစားနိုင်မည်ဖြစ်သည်။

**တက္ကသိုလ် အောင်ငယ်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ ၊ ၁၁၀၆၇၂) (တဘဝက(တနယ်ဝင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် 'လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အန္တရာယ်ရှိသူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်





www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အခုံးနားမှာ တစ်မျှင်မျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ **ဤမန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ကို အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုန္ဒရ(ဂ)လမ်း၊ ၆/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၁၃။


www.burmeseclassic.com

သထုံမြို့

# စတုဘုမ္မိကကျောင်းတိုက်မှ

ရှေးဟောင်း ပေါ်တော်မူ အုတ်ခွက်ဘုရားများ

စင်သိုင်း




(ပုံ-၁)

**သထုံမြို့ ရွှေစာရံဘုရားလမ်းရှိ စတုဘုမ္မိကငှက်တွင်း ကျောင်းတိုက်တွင်း**ရှိ လက်ရှိဆရာတော် သီတင်းသုံးတော်မူသော ကျောင်းဆောင်ပေါ်၌ အုတ်ခွက်ဘုရားများစွာကိုဖူးတွေ့ရသည်။

မူလ ငှက်တွင်းဆရာတော်ကြီး ဦးပဏ္ဍဝ၏ အရိုးဂူစေတီကို လေးမျက်နှာ အာရုံခံတန်ဆောင်းနှင့် အထက်၌ ဘုရားရှင်နှင့် ရဟန္တာများ၏ ဓာတ်တော်များ ဌာပနာပြု၍ စေတီတစ်ဆူ တင်လှူပူဇော်ရန် ပတ်ဝန်းကျင် အုတ်မြစ်တူးဖော်ရာမှ ထွက်ပေါ်လာသော အုတ်ခွက်ဘုရားများဖြစ်ကြောင်း သိရသည်။

**(၁၅၆.၂၀၁၅)ရက်နေ့(၁၇၇.၂၀၁၅) ရက်နေ့နှင့် (၂၅၇.၂၀၁၅)ရက်နေ့များတွင်** တွေ့ရှိရကာ စုစုပေါင်း အဆူ(၅၀၀)ကျော်ရှိကြောင်း ဆရာတော် ဦးတိက္ခဉာဏက မိန့်ကြားတော်မူသည်။ (၈၀)ရာခိုင်နှုန်း အထက်မှာ မူလလက်ရာကို မှန်းဆနိုင်သည့် အခြေအနေတွင်ရှိသည်။

လက်ရာများအနေဖြင့် **အေဒီ ၅ ရာစု မှ ၁၁ ရာစုအတွင်း** သွန်းလုပ်သောလက်ရာ အများစုဖြစ်ကြောင်း ကျွမ်းကျင်သူများ ခန့်မှန်းကြသည်။ အသေးစိတ် သုတေသနပြုရန် ရှိသေးကြောင်း သိရ၏။

**အချို့ အုတ်ခွက်ဘုရားများမှာ သရေခေတ္တရာ ပျူခေတ်ကာလထက်ပင် ရှေးကျ စောသည်ဆိုနိုင်၏။**

ဘုရားရှင် တင်ပျဉ်ခွေပုံတော်၊ မတ်ရပ်ပုံတော်နှင့် ပလ္လင်ထက်ထိုင်၍ ခြေချထားဟန် ပုံတော်များအပြင် **တာရာဒေဝီကဲ့သို့ နတ်ရုပ်များလည်း** ပါဝင်သည်ကို တွေ့ရသည်။

အများစုမှာ တင်ပျဉ်ခွေ ဘူမိဖဿမုဒြာဟန်တော်များ ဖြစ်ကြ၍ အုတ်ခွက်အလယ်တွင် တင်ပျဉ်ခွေရုပ်ပွားပုံတော်ကြီးနှင့် နံဘေးဝန်းကျင်တွင် စေတီငယ်များစွာ ဝန်းရံသွန်းလုပ်ထားသည်။(ပုံ-၁)

www.burmeseclassic.com




(ပုံ-၂)



(ပုံ-၃)

အချို့မှာ ဓမ္မစက္ကမုဒြာ 'လက်ဟန်တော် ဖြစ်သော်လည်း ခြေနှစ်ဖက်ကို ပလ္လင်အောက်သို့ အလိုက်သင့် ချထားသော **ပြည်တော်ဝင် ရုပ်ပွားကိုယ်ဟန်တော်**ကဲ့သို့ ရှိကြသည်။

အလယ်ဗဟို ပုံတော်ကြီးဝန်းကျင်၌ ရှာနမုဒြာ ရုပ်ပွားငယ်များ ဝန်းရံသွန်းလုပ်ထား၏။ မတ်ရပ်ပုံတော်အချို့ကိုလည်း ဝန်းရံပါဝင်လျက် တွေ့ရတတ်၏။(ပုံ-၂)

ဤပုံတော်များ၏ လက်ရာဟန်မှာ **ပျူခေတ်လက်ရာများထက် ရှေးကျသည်ဟု မှတ်ချက်ပြုထားကြောင်း** သိရ၏။

အချို့မှာ ဘုရားရှင်နှင့် သာဝကရဟန္တာပုံတော်များ မဟုတ်ကြဘဲ တာရာဒေဝီကဲ့သို့ နတ်ရုပ်များ ဖြစ်ကြသည်။(ပုံ-၃)

ဗြဟ္မဏဝါဒ ကိုးကွယ်ယုံကြည်မှုများ ရောယှက်ပါဝင်နေသေးသည့် ရှေးခေတ်ကာလ ကိုးကွယ်ယုံကြည်မှုအခြေအနေကို ဖော်ပြသော အုတ်ခွက်များ ဖြစ်ကြသည်။

ပျူခေတ်ထက် ရှေးကျသည်ဆိုသော လက်ရာများအနက် အုတ်ခွက်တစ်ခုမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ကျောင်းတော်လိုဏ်အဝမှ ထွက်ကြွတော်မူလာဟန် မတ်ရပ်ပုံတော်ဖြစ်လျက် နောက်တော်ပါးတွင် ထီးတော်မိုး သာဝကတစ်ပါးရပ်တု၊ ရှေ့လက်ယာတွင် လက်အုပ်ချီထားသော နမက္ကာရမုဒြာဟန်ဖြင့် သာဝကတစ်ပါး...

ရှေ့တော်မှောက်တွင် ပုဆစ်ဒူးတုပ်လျက် လက်အုပ်ချီထားသော **"အဥ္စလီ"**မုဒြာဖြင့် သာဝကတစ်ပါးပုံတို့ ပါဝင်၏။

နောက်ခံတွင် ကျောင်းတော်လိုဏ်အဝနှင့် ပြာသာဒ်အဆင့်ဆင့်၊ ပြာသာဒ်ထက်ဝန်းကျင်တွင် နတ်ဗြဟ္မာတို့ ပူဇော်နေကြဟန် သွန်းလုပ်ထား၏။ ရှားပါးလှသော တန်ဆာဆင် ပူဇော်မှု လက်ရာဖြစ်သည်။(ပုံ-၄)

အုတ်ခွက်အချို့၏ အောက်ခြေတွင် ကမ္ပည်းအက္ခရာများ ပါရှိ၍ မည်သည့်အက္ခရာဖြစ်သည်ကို ဆက်လက်စူးစမ်းနေဆဲဖြစ်ကြောင်း သိရ၏။

## မူလငှက်တွင်းဆရာတော်ဘုရား၏ ဂူဗိမာန်နှင့် ကျောင်းတော်

သကုံမြို့ စတုဘုမ္မိကငှက်တွင်းကျောင်းသည့် ဆရာတော်၏ အင်းဂူဗိမာန်ကို အကြောင်းပြု၍ ပေါ်ထွန်းလာခြင်းဖြစ်သည်။

www.burmeseclassic.com



(ပုံ-၄)



အောက်ခြေကျဉ်းပါသော အုတ်ခွက်ဘုရား

စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းကို စတင် တည်ထောင်တော်မူခဲ့သော ဆရာတော် အရှင်ပဏ္ဍဝသည် **သက်တော်(၇၉)နှစ်၊ ဝါတော်(၅၉)ဝါ** အရတွင် သထုံမြို့မှ ဦးစောယူဟောက် အစရှိသည့် တပည့်ဒါယကာများ ပင့်လျှောက်လျှောက်ဒါန်းသော ရွှေစာရံစေတီဝင်းအတွင်းရှိ ထန်းနှစ်ပင်အုတ်ကျောင်းသို့ ကြွရောက် ဝါဆို၏။

၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ရန်ကုန်မြို့၊ သံရက်တောကျောင်းတိုက်မှ တပည့် ဆရာတော်များ စုံလင်စွာ ခေါ်ဆောင်၍ ကြွတော်မူရာ အခြားမြို့ရွာများသို့ ကြွရောက်သည်ထက် ထူးခြားနေ၏။

သထုံတွင် ဝါဆိုစဉ် စတုဘုမ္မိက ကျင့်စဉ်တရားကို တပည့်ကြီးများနှင့်အတူ နေ့မနား ညမနား ဟောကြားကြသည်။

သီတင်းကျွတ်လဆန်း (၁၀)ရက်နေ့ နံနက်အရုဏ်မတက်မီတွင် ထန်းနှစ်ပင်ကျောင်းမှ ဖြူဝင်းတောက်ပသော အလင်းတန်း ထွက်လာကာ ထန်းနှစ်ပင်အကြား ဖြတ်သန်း၍ ရွှေစာရံစေတီထီးတော်အား လက်ယာရစ် သုံးကြိမ်ရစ်ပတ်ပြီး ကွယ်ပျောက်သွား၏။

ယင်းအဖြစ်ကို မြင်တွေ့ရသော အရုဏ်ဆွမ်းကပ်ရန်လာသူ တပည့်ဒကာများက ထန်းနှစ်ပင်ကျောင်းသို့ အပြေးသွား၍ ကြည့်ရှုရာ အိပ်ရာထက်၌ ငြိမ်သက်စွာ ပျံလွန်တော်မူပြီဖြစ်သည့် ဆရာတော်ကို တွေ့ကြရ၏။

ရုပ်ကလာပ်တော်ကို မကာတီအတိုင်း (၆)လမျှ ပူဇော်ထားရာ ပုပ်ပျက် အနံ့ထွက်ခြင်း မရှိခဲ့ပေ။

၁၂၇၂ ခုနှစ်၊ တပေါင်းလဆုတ် (၃)ရက်နေ့တွင် အန္တိမ ဈာပနသင်္ဂြိုဟ်ကို (၅)ရက်ကြာ ဆင်ယင်ပူဇော်၍ အရိုးတော်ဓာတ်တို့ကို စေတီအပြင် မြောက်ဘက်ကပ်လျက်ရှိ တောင်ကုန်းထက်၌ စေတီတည်ပူဇော်ထားကြသည်။

ထိုအရိုးဂူစေတီအား စောင့်ရှောက်ရန် တပည့်ဆရာတော်များက အလှည့်ကျတာဝန်ယူ သီတင်းသုံးကြရာ **"ရွှေဂူကျောင်း"** ဟူ၍ စတင်ဖြစ်ပေါ်လာသည်။

၁၂၇၇ ခုနှစ်တွင် ကျောင်းအမ ဒေါ်ခင်က သိမ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့၍ ၁၂၈၀ ပြည့်နှစ်တွင် ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာမှ ဦးထွန်းသာက ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းကြရာ **ဦးဓမ္မတ(စတုဘုမ္မိက ငှက်တွင်းဂိုဏ်း၏ ဒုတိယ ဂဏ**

www.burmeseclassic.com

**မိပတိ(ဂိုဏ်းချုပ်)ဆရာတော်)** ကြွရောက် သီတင်းသုံး၍ "**ပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိကမဟာ သတိပဋ္ဌာန်**"ကျောင်းဟု အမည်ပေးခဲ့သဖြင့် ယနေ့တိုင် တွင်ခေါ်လျက်ရှိလေသည်။


ဆရာတော်ကြီး၏ အရိုးဓာတ်များ ဌာပနာပြု စေတီတည်ဆောက်စဉ်က ဤသို့ ရှေးပစ္စည်းများ တွေ့ရကြောင်း မှတ်တမ်းမှတ်ရာ မရှိခဲ့ပေ။ ယခု နံဘေးဝန်းကျင် တန်ဆောင်းဖွဲ့ မွမ်းမံရန် တူးဖော်မှ တွေ့ရခြင်း ဖြစ်လေရာ အောက်ပါအတိုင်း ကောက်ချက်ချကြ၏။

အရိုးတော်ဓာတ်စေတီ တည်ရာ ကုန်းမြေသည် ရှေးအခါက စေတီဟောင်းကုန်း ဖြစ်နိုင်သည်။ အရိုးဓာတ်စေတီတည်ရာ အလယ်ဗဟိုတွင် မူလစေတီ၏ပင်မလိုဏ် (သို့မဟုတ်) အလယ်ဗဟိုဌာနရှိ၍ ဝန်းကျင် ပစ္စယ်အဆင့်ဆင့်ကဲ့သို့ နေရာများတွင် အုတ်ခွက်ဘုရားများ ပူဇော်ထားဟန်ရှိ၏။

ယခု တွေ့ရှိရသမျှတို့မှာလည်း သရီရဓာတ်တော်၊ မွေတော်၊ အဖိုးတန်ကျောက်မျက် စသည့် ဌာပနာတွင်းပစ္စည်းများ မပါဝင်ချေ။ ထို့ကြောင့် ရှေးအခါက ဤနေရာ၌ အတန်ပင်ကြီးမားသော စေတီတစ်ဆူ ကိန်းဝပ်တော်မူခဲ့သည်ဟု ယူဆဖွယ်ရှိလေသည်။

ထိုစေတီသည် ရွှေစာရံစေတီနှင့် သုဝဏ္ဏဘူမိ နန်းတော်ရာ (ယခု ပြည်သူ့ဆေးရုံကြီးတည်ရာ) အကြား တောင်ဘက်တွင် တည်ရှိခဲ့သည်။

ရွှေစာရံစေတီ၊ သိကြားဘုရား ပစ္စယံများတွင် စဥ့်ကွင်းလက်ရာအချို့ ကျန်ရှိရာ ယခု အုတ်ခွက်လက်ရာ




▲ ပလ္လင်ထက်မှ ပြောင်းလိုက်သင့် ရှုသာသော ရွှေစက္ကာမုဒြာအုတ်ခွက်ဘုရား

များက ထိုစဥ့်ကွင်းလက်ရာများထက် မျှူးစွာ စောသည်ဟု ခန့်မှန်းကြ၏။

သို့ဖြစ်ရာ အဆိုပါ စေတီသည် ရွှေစာရံစေတီ မတည်မီ ဦးစွာတည်လုပ်သော နန်းဦးစေတီ ဖြစ်ဖွယ်ရှိပေသည်။

သို့တည်းမဟုတ် မူလ ရွှေစာရံစေတီနှင့် မရှေးမနှောင်းကာလတွင် တည်ခြင်းလည်း ဖြစ်နိုင်၏။ ယခု ဖူးမြင်ရသော ရွှေစာရံစေတီမှာ သာသနာ ၂၃၆ ခုနှစ်နောက်ပိုင်း ထပ်မံတည်ဆောက်သော စေတီတော် ဖြစ်သည်။

သာသနာ ၂၃၆ ခုနှစ် အရှင်သောဏ၊ ဥတ္တရတို့ ဦးဆောင်သော ရဟန္တာငါးပါးသည် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ... 

နန်းစိုက်ရာ သုဝဏ္ဏဘူမိပြည်(ယခု ဘီးလင်းမြို့နယ်၊ တိုက္ကုလားကျေးရွာအနီး)သို့ ကြွရောက်သာသနာပြုသော အခါ ရေဘီလူးတို့၏ရန်ကို နှိမ်နင်း၍ တရားဓမ္မဟောကြား ချေချွတ်ပေးကြသည်။

ယင်းနောက် သုဝဏ္ဏဘူမိဘုရင်က ယခင်(သာသနာသက္ကရာဇ် ၁၉၁ ခုနှစ်) အခါက ဥပဒေဝမင်း လက်ထက်တွင် ပထမ သုဝဏ္ဏဘူမိသထုံပြည်ကြီး ကပ်တိုက် မြေပြိုပျက်စီးသောကြောင့် ရွှေစာရံစေတီ ပျက်စီး၍ ဆံတော်၊ အံတော်၊ သရီရဓာတ်တော်များ ပျောက်ဆုံးနေသည်ကို ရှာဖွေပေးရန် လျှောက်ထားသဖြင့် ရဟန္တာအရှင်မြတ်တို့ မူလ သုဝဏ္ဏဘူမိ နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



◆ အောက်မြေကျွန်းစော

ကြွရောက်တော်မူကြသည်။

ပျောက်ဆုံးနေသော ခေတ်တော်၊ **ဆံတော်**၊ အံတော်များကို ပြန်လည် **ရှာဖွေပေး**ကာ ဉာဏ်တော်အမြင့် **အတောင်**(၇၀)ရှိ စေတီတော်ကို တည်**ဆောက်**ခဲ့ကြသည်။***(စစ်ကဲ မောင်ရွှေ နော်၏ မွန်ရာဇဝင်စေတီတော်သမိုင်း ပေါင်းချုပ် အခန်း(၉)မှ ကောက်နုတ် သည်။)***

ထိုစေတီအား ခေတ်အဆက်ဆက် **တ**ဿိုလ်ရှင်များ မွမ်းမံစောင့်ရှောက် ကြသဖြင့် ယနေ့တိုင် ဖူးမြော်ရကြောင်း **ရွှေစာရံစေတီသမိုင်း(ဦးအောင်မြင့် အောင် ပြုစုသည်။)တွင်** ဖတ်ရှုရ လေသည်။

## သမိုင်းတန်ဖိုးရှိသော အဆောက်အအုံများ

စတုဘုမ္မိက ဆရာတော်ကြီး၏ **ဗုဒ္ဓမာန်**ဝန်းကျင်မှ တွေ့ရှိရသော **ရှေးအု**တ်ခွက်ဘုရားများသည် သုဝဏ္ဏ**ဘူမိ** တည်နေရာနှင့်ပတ်သက်၍ ဝိဝါဒ **ကွဲ**လွဲနေမှုအတွက် အဖိုးတန်သော **အ**ဆောက်အအုံတစ်ရပ် ဖြစ်လာနိုင် ပေသည်။

တောင်ပေါက်ဆရာတော် ရေးသား ပြုစုသည့် "**ဗုဒ္ဓသာသနိကပထဝီဝင် ကျမ်း**"၌ ဤသို့ ဖော်ပြထား၏။

သုဝဏ္ဏဘူမိသည် တိုင်းအမည် ဖြစ်၍ ကျမ်းဂန်စကားကို အရင်းထား ရသော် သုဝဏ္ဏဘူမိ ဖြစ်ထိုက်သော လက္ခဏာများမှာ **မဟာဇနက ဇာတကအဋ္ဌကထာအရ**...

၁။ ဝင်္ဂါသာဂရ ခေါ် ဘင်္ဂလားပင်လယ်အော် မှ အရှေ့ဘက်တွင် တည်ရှိခြင်း။
၂။ တာမလိတ္တိသင်္ဘောဆိပ်မှ ယူဇနာ(၇၀၀) ကွာဝေးခြင်း။
၃။ ပါရာဇိကကဏ်အဋ္ဌကထာ၊ ယောဇနာဖိဝင် အဋ္ဌကထာများအရ ကုန်းမြေမဟုတ် ရေပတ်လည်ဝိုင်းလျက်ရှိသော ကျွန်းဖြစ် ခြင်း။
၄။ လှေသင်္ဘော လှေကြောင်းရေကြောင်းသင့် ၍ အသွားအလာများရာ ဌာနဖြစ်ခြင်း။
၅။ ရှေးဟောင်းသာသနာ့ အဆောက်အအုံများ ယခုတိုင်တည်ရှိနေခြင်း...

တို့နှင့် ပြည့်စုံသင့်သည်ဟု ဆို၏။

ထိုလက္ခဏာများအရ သထုံခရိုင် အတွင်းရှိ ဘီးလင်းမြို့နယ်၊ တိုက္ကုလား ရွာနှင့် ယခု သထုံမြို့တို့သည် ထိုစဉ် က ပင်လယ်သင်္ဘောဆိပ် မြို့ဖြစ်သော **တာမလိတ္တိ** (ယခု ကလကတ္တားမြို့၏ အနောက်တောင်ထောင့် မိုင်(၂၃၀)အကွာ၌ ရှိ၏။)နှင့် ယူဇနာ–၇၀၀ (၁၃၉၂.၅ မိုင်) ကွာဝေးခြင်း မရှိဘဲ မိုင်(၄၀၀)ခန့် လျော့နည်း နေ၏။ **[မိုင် (၉၀၀)ခန့်သာ ကွာဝေး၏။]**

ထို့အပြင် ဤသထုံမြို့ သည် ကျွန်းမဟုတ်ဘဲ ပင်လယ်ပြင်နှင့် ကြီးမား ရှည်လျားသောတောင်တန်းကြီးအကြား ကုန်းမြေ၌ တည်ရှိ၏။

ထိုပထဝီဝင်ကျမ်းအရ ယခု "**ဆူမကြား**"ဟု ခေါ်ဆိုကြသော **သုမကြာကျွန်းသည် အထက်ပါ အချက်(၅)ချက်စလုံးနှင့် ကိုက်ညီ နေသည်။ ဆူမကြားကျွန်း ဝန်းကျင် ဒေသသည် ရှေးအခါက ဗုဒ္ဓသာသနာ စည်ပင်ထွန်းကား၍ ရဟန်းသံဃာ များ သီတင်းသုံးခဲ့သည့် အဆောက် အအုံများရှိ၏။**

မြန်မာသက္ကရာဇ် ၅၅၀ ပြည့်နှစ် နရပတိစည်သူမင်း လက်ထက်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ဆပဋ္ဌ မထေရ်နှင့် လိုက်ပါလာသော ရာဟု လာမထေရ်သည် မလ္လာယုကျွန်းသို့ ရောက်၍ ကျွန်းပိုင်ရှင် ဘုရင်အား ဋီကာနှင့်တကွ ခုဒ္ဒသိက္ခာကျမ်းစာကို သင်ကြားပို့ချကြောင်း ကလျာဏီ ကျောက်စာ၌ ဖော်ပြထားသည်။

ထို့ကြောင့် အရှင်သောဏနှင့် ဥတ္တရမထေရ်နှစ်ပါး သာသနာပြု ကြွရောက်ရာ သုဝဏ္ဏဘူမိသည် "**သုမကြာကျွန်း**"ဟု အခိုင်အမာ

www.burmeseclassic.com





◄ ယနေ့ထိရှိသော အုတ်ခွက်ဘုရားများ မှတ်တမ်း

◄ မူလ ငှက်တွင်းဘုရားတော်၏ အရိုးဟောင်းအတော်

ဆိုလေသည်။

သို့သော် ဓမ္မစေတီမင်းကြီး ရေးထိုးသည့် ကလျာဏီကျောက်စာတွင်ပင် သုဝဏ္ဏဘူမိသထုံပြည်သည် ရာမည ဒေသ **ဂေါဠမတ္တိကာနဂရ**(တိုက်ကလာ)မြို့ဖြစ်ကြောင်း အတိအကျ ဖော်ပြထား၏။

ယင်းကား ယခု သထုံခရိုင်၊ ဘီးလင်းမြို့နယ် ကေလာသတောင်ခြေရှိ တိုက်ကလားကျေးရွာပင် ဖြစ်လေသည်။

ယင်းကျောက်စာ၌ ရာမညဒေသ၏ ဗုဒ္ဓသာသနာ သမိုင်းအကျဉ်းကိုလည်း ဖော်ပြထားပြီးလျှင် ရှင်သောဏနှင့် ရှင်ဥတ္တရ မထေရ်မြတ်နှစ်ပါးတို့ အမှူးပြုလျက် ထိုဒေသသို့ သာသနာပြုကြွလာပုံများလည်း ပါရှိ၏။ **(မွန်စုံကျမ်း အတွဲ(၁၃)၊ စာမျက်နှာ–၁၅၅)**

အေဒီ ၂၀၀၀ ပြည့်နှစ်ခန့်တွင် ဘားအံမြို့နယ်၊ တောင်ကလေးကျောင်းတိုက်အတွင်းရှိ တစ်ပါးကျောင်းဇရပ်ကလေးအတွင်း၌ စာရေးဆရာ လူထုဦးမဲနှင့် တွေ့ဆုံခွေးနွေးဖြစ်ရာ သူက ဤသို့ဆို၏။

'သုဝဏ္ဏဘူမိဆိုတာ အခု သထုံနဲ့ တိုက် ကလားလို့ ဆိုရပေမယ့် အားထားစရာ ရှေးအထောက်အထား တစ်စုံတစ်ရာ တူးဖော်ရတာ မရှိသေးဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော် သရေခေတ္တရာပျူခေတ်ထက် စောတဲ့ ပစ္စည်းအထောက်အထား မရှိဘူး။ ဒါကြောင့် ဒီနေရာ သုဝဏ္ဏဘူမိပဲလို့ ကံသေကံမ ပြောဖို့ မဖြစ်နိုင်သေးပါဘူး'

ဟု ဆိုလေသည်။

ထို့အပြင်...

'ရှေးစာတွေမှာ 'သုဝဏ္ဏဒီပလို့လဲ သုံးကြတယ်။ သုဝဏ္ဏကျွန်းပေါ့ဗျာ၊ သထုံက ကျွန်းမဟုတ်တဲ့ ပင်လယ်ကမ်းခြေ ဖြစ်နေတယ်။ "ဒီပ" ဆိုတာ "ကျွန်း" ကို ညွှန်းသလို "တည်ရာ" လို့လဲ ဆိုတယ်။

ဗမ္မဒီပ=ဗမ္မာသပြေပင် ပေါက်ရာတည်ရာ လက်ယာတောင်ကျွန်းလို့ အဓိပ္ပါယ်ရသလို **"သုဝဏ္ဏဒီပ"** ဆိုတာ "ရွှေကဲ့သို့သောမြေများ တည်ရာ" လို့လဲ ဆိုနိုင်တယ်။ ယူဇနာ(၇၀၀) အကွာ ဆိုတာမှာလဲ သင်္ချာရှက်လွှင့်တဲ့အတိုင်း ကွေ့ပိုက်ပြီး တိုင်းထွာရင် ယူဇနာ(၇၀၀) မိုင်(၁၄၀၀)နီးပါး ကွာဝေးနိုင်တယ်။

ရှေး နှစ်နှစ်ထောင်လောက်က ပစ္စည်းအထောက်အထား တွေ့ခဲ့ရင်တော့ သုဝဏ္ဏဘူမိဆိုတာ လက်ရှိသထုံခရိုင်အတွင်းမှာပဲလို့ တိတိကျကျ ပြောနိုင်မယ်လို့ ထင်ပါတယ်'

ဟုလည်း ဆက်၍ မှတ်ချက်ချခဲ့၏။

---

နိဂုံး

---

သို့ဖြစ်လေရာ သထုံမြို့ စေတုဘုမ္မိက ငှက်တွင်းကျောင်းတိုက်မှ ရှေးဟောင်း ပေါ်တော်မူ အုတ်ခွက်ဘုရားများသည် သုဝဏ္ဏဘူမိနှင့် မြန်မာ့သာသနာဝင် အတွက် အရေးပါသော အထောက်အထားများ ဖြစ်လာဖွယ် ရှိသည်ဟု ယူဆလျက် အချို့ကို မှတ်တမ်းပြု တင်ပြလိုက်ရပေသည်။

**ဇင်ညိုယဉ်**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

### ကျေးဇူးရှင်ဆရာတော်ကြီးများ



◆ မဟာဂန္ထဝါစကပဏ္ဍိတ ဂဏဝါစက ဘဒ္ဒန္တ ဝေပုလ္လ

ဟင်္သာတမြို့၊

မြစ်ကျွေ့ပရိယတ္တိစာသင်တိုက်၊

မဟာဂန္ထဝါစကပဏ္ဍိတ

ဂဏဝါစက

ဘဒ္ဒန္တ ဝေပုလ္လထေရ်အား

ဂါရဝပြုပူဇော်ခြင်း

ဆရာတော်သည် ၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူရာ မူလမဟာဘုတ်အရ...

၅–ကြွင်းမဟာဘုတ်ပိုင်ရှင် အထွန်းဖွားလဲ ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

၅–ကြွင်းမဟာဘုတ်

**၄–ဟူး(ဗုဒ္ဓဟူးဂြိုဟ်)သည်အထွန်းအိမ်၌ ရပ်တည်နေသဖြင့်...**

- ရှုပ်ပိုင်းဆိုင်ရာ တောင့်တင်းခြင်း၊
- လူမှုရေးကိစ္စများ ဆောင်ရွက်ရခြင်း၊
- လူ ပရိသတ် ပေါများစေခြင်း၊
- တရားဟော မွေ့ကထိကအလုပ်ဖြင့် အကျိုးပေးခြင်း၊
- လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်း အကျိုးပေးနေခြင်း

စသည်တို့ပါပဲ။

**၁–နွေဂြိုဟ် (တနင်္ဂနွေ)သည် မရဏအိမ်၌ ရပ်တည်နေသောကြောင့်...**

- အလုပ်နှင့်ပတ်သက်ပြီး အခက်အခဲကြုံရခြင်း၊
- လုပ်ငန်းခွင် ပဋိပက္ခကြုံတွေ့ရခြင်း၊
- ဦးခေါင်းခဲခြင်း၊
- မျက်စိဝေဒနာခံစားရခြင်း

တို့ ဖြစ်တတ်ပါတယ်။

**၅–တေးဂြိုဟ် (ကြာသပတေးဂြိုဟ်)သည် ဘင်္ဂအိမ်၌ ရပ်တည်သဖြင့်...**

- ပညာရေးလုပ်ငန်း အကျိုးပြု အားနည်းခြင်း၊
- ပညာရေး တစ်ပိုင်းတစ်စဖြစ်တတ်ခြင်း၊
- ဆရာကောင်းများနှင့် ကြုံရခဲခြင်း၊ (ခဏသာကြုံရတတ်ခြင်း)
- မိတ်ကောင်းဆွေကောင်း နည်းပါးခြင်း၊
- ဦးစီးခေါင်းဆောင်ဖြစ်ရန် ခက်ခဲတတ်ခြင်း

စသည်တို့ပါပဲ။

**၃–ဂါ (အင်္ဂါဂြိုဟ်)သည် ရာဇအိမ်၌ ရပ်တည်နေသဖြင့်...**

- စိတ်ရင်းစေတနာ ကောင်းခြင်း၊
- သတ္တိ ဇွတ္တိနှင့် ပြည့်စုံခြင်း၊
- ဆုံးဖြတ်ချက် မှန်မှန်ကန်ကန် ချမှတ်နိုင်ခြင်း၊
- တွေဝေမှုကင်းခြင်း၊
- စာပေလုပ်ငန်း(စာရေးခြင်း)အကျိုးပေးခြင်း၊
- စိတ်ဓာတ် ကြံ့ခိုင်ခြင်း စသည်တို့ပါပဲ။

**၆–ကြာ (သောကြာ)သည် ပုတီအိမ်တွင် ရပ်တည်နေသဖြင့်...**

- မွေးရာဇာတိနှင့် အကျိုးမပေးနိုင်ခြင်း၊
- ခရီးလှည့်လည် သွားလာနေရတတ်ခြင်း၊
- ရပ်ဝေးခရီး သွားရခြင်း၊
- ဘုရားဖူးခရီး သွားရခြင်း၊

စသည်တို့ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ...***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနှဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၁၁၅၁၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဪ ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူးဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဪ ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကြီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဥ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကြီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုမေဓာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၂၂၅၄၁



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကလာပ်တော်မှ ချွေးထွက်သည့် ချောက်မြို့ ဒွန်ရိုင်ဝေဖာ

# သစ်သီးစား ဆရာတော် (၁)

ပွင့်ဖြူမြို့နယ်တွင်း လေ့လာဖွယ်ရှိသည်တို့ကို လေ့လာမှတ်သားပြီးနောက် မင်းဘူး–မန္တလေး အမြန်ယာဉ်ဖြင့် စီးနင်းလိုက်ပါပြီးနောက် ဆိပ်ဖြူမှ ချောက်သို့အကူး အနော်ရထာတံတား ထိပ်လမ်းခွဲတွင် ဆင်းသက်ခဲ့သည်။

ထိုမှ သန္တိသုခ သစ်သီးစားကျောင်းသို့ ဆိုင်ကယ်ငှား၍ သွားရောက်ဖြစ်သည်။ **ချောက်မြို့ တောင်ဘက်အစွန် ရတနာအိုင်ရပ်ကွက်ရှိ တောင်ကုန်းကလေးတစ်ခု၏ အထက်တွင် တည်ရှိသည်။**

ချောက်မြို့ကား ပုပြင်းခြောက်သွေ့သည့် တောင်ပေါ်မြို့ဖြစ်သည်။ တောင်ကုန်းချိုင့်ထူပြော၍ အတက်အဆင်း ပေါလှသည်။ ကျောင်းဝန်းကျင်တွင် လူနေအိမ်ခြေမရှိ၊ ဆိတ်ငြိမ်သော နေရာကလေးဖြစ်လေသည်။

သစ်သီးစားကျောင်း လက်ရှိဆရာတော်ဦးမာလာအား ဖူးတွေ့လျှောက်ထားရာ ယခင်ဆရာတော်နှင့် လက်ပွန်းတတီးနေခဲ့ရသူ ဦးဝဲကို လိုက်ပါကူညီရှင်းပြစေလေသည်။


## သန္တိသုခကျောင်းတိုက်

ချောက်မြို့၊ ရတနာအိုင်ရပ်ကွက်ရှိ ဤနေရာကလေးသည် ရှေးယခင်က လူသူမနေသော လွင်တီးခေါင် တောင်ကုန်းချိုင့်ဝှမ်းများသာ ရှိနေခဲ့ရာ တောတောင်များ၌ လှည့်လည်၍ တောရဆောက်တည် ကျင့်ကြံခဲ့သော **ဆရာတော်ဦးပဏ္ဍဝ၊ သက်တော် (၆၃)** နှစ်၊ ဝါတော်(၄၃)ဝါရချိန် ၁၃၃၅ ခုနှစ်တွင် တဲကျောင်းကလေးဖြင့် စတင်သီတင်းသုံးခဲ့ရာမှ သန္တိသုခကျောင်းကလေး ပေါ်ပေါက်ခဲ့လေသည်။

**သန္တိ**မှာ ငြိမ်းခြင်းဖြစ်၍ **သန္တိသုခ**မှာ **"နိဗ္ဗာန်ချမ်းသာ"**ကို ရည်ညွှန်းခြင်းဖြစ်သည်။

ပတ်ဝန်းကျင် အခြေအနေမှာ ပုပြင်း


## သန္တိသုခသစ်သီးစားကျောင်းဆရာတော်



သစ်သီးစား ဆရာတော်ဦးပဏ္ဍာဝ

www.burmeseclassic.com





▲ ကော်ကျော်စေတီလိုဏ်မှ
ရုပ်ပွားတော်ဆင်
အနုမြှကော်ကျော်စေတီ
အနီးကပ်မြင်ကွင်း ▶

ခြောက်သွေ့လှသော်လည်း စိတ်အတွင်း သန္တာန်တွင်ငြိမ်းခြင်း၊ အေးခြင်းကို ခံစားရယူနိုင်သည့် နေရာကလေး ဖြစ်သည်။

သန္တိသုခကျောင်း တည်ထောင်ခဲ့သူ ဆရာတော်ဦးပဏ္ဍဝသည် တစ်နေ့လျှင် ငှက်ပျောသီး သုံးလုံးမျှသာ ဘုဉ်းပေး၍ ကျင့်ကြံအားထုတ်ခဲ့သူဖြစ်သောကြောင့် သစ်သီးစားကျောင်းဟုလည်း ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာ မောင်မြစိန်ကို ချောက်မြို့နယ်၊ ပခန်းငယ်အပိုင် ခပေါင်းတဲအနောက်ရွာနေ ဦးဘိုးတုတ်၊ ဒေါ်ဖွေးတို့မှ **၁၂၃၂ ခုနှစ်၊ ပထမဝါဆိုလဆန်း(၃)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည်။** မွေးချင်း(၆)ဦးအနက် တတိယမြောက် ဖြစ်၏။

အသက်(၁၃)နှစ်တွင် ခပေါင်းတဲရွာဦးကျောင်း ဆရာတော်ဦးကုဏ္ဍလထံ သာမဏေဝတ်၍ ပိဋကတ်စာပေများ သင်ယူသည်။ အသက်(၂၀)ပြည့် ရဟန်းတက်သောအခါပဇ္ဇယာနုဂ္ဂဟာမှာ မင်းဘူးမြို့နေ ဦးလှမောင်၊ ဒေါ်သိန်းညွန့်တို့ ဖြစ်ကြသည်။

ရဟန်းဖြစ်ပြီးနောက် နေ့စဉ် ပရိတ်ကြီး(၁၁)သုတ်ကို မပျက်မကွက် ရွတ်ဖတ်ပူဇော်ခဲ့သည်။

၁၃၁၆ ခုနှစ်တွင် ရေနံချောင်းမြို့ ဂိုဏ်းအုပ်ကျောင်းတွင်နေစဉ် တစ်နေ့လျှင် ငှက်ပျောသီး(၃)လုံးသာ ဘုဉ်းပေး၍ သက်သတ်လွတ်၊ မီးလွတ်သစ်သီးစားရဟန်းအဖြစ် ကျင့်ကြံခဲ့ရာ သက်ဆုံးတိုင် ဖြစ်သည်။

ထို့နောက်တွင် ရေနံချောင်းမြို့၊ ဘော်ကြီးရွာ၊ စလေရွာ၊ ဆင်ဖြူကျွန်း၊ မင်းဘူး၊ ငဖဲ၊ ရွှေစက်တော်၊ ချောက်မြို့၊





www.burmeseclassic.com

www.burmeseclassic.com



◆ အနောက်မြောက်ဘက်အဝင် မုခ်ဦး



လက်ရှိ ဆရာတော် ဦးမာဃ ▶

ကျိုက်ထီးရိုးတောင်၊ တန့်ကြည့်တောင်နှင့် ဂန့်ဂေါနယ်တို့ရှိ တောတောင်များတွင် တောရဆောက်တည်၍ အားထုတ်ကျင့်ကြံသည်။ **ကမ္မဋ္ဌာန်းအားထုတ်ရာတွင် စွန်းလွန်းဝိပဿနာအားထုတ်နည်းဖြင့် ကျင့်ကြံခဲ့သည်။**

၁၃၃၅ ခုနှစ်တွင် ချောက်မြို့၊ အမှတ်(၁၅)နယ်မြေ၊ ရတနာအိုင်ရပ်ကွက်ရှိ လူသူမနီးသော ကျောက်တောင်ထက်၌ တောရဆောက်တည်ကာ သန္တိသုခ သစ်သီးစားကျောင်းကို စတင်ထူထောင်ခဲ့သည်။

ဆရာတော်သည် နေ့စဉ် ပရိတ်ပူဇော်ပြီးနောက် ဝိပဿနာကမ္မဋ္ဌာန်းကို မပြတ်အားထုတ်ခဲ့သည်။ အတ္တဟိတကို လုံးဝပစ်ပယ်ကာ မိမိကြောင့် သူတစ်ပါး စိတ်မဆင်းရဲစေဘဲ မာနကင်း၏ ကျန်သောအချိန်များတွင် စာပေတော်ရှုလေ့လာခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ သုံးစွဲ၏။

## ကုသိုလ်တော်များ

ဗွေးဇာတိ ခပေါင်းတဲရွာ ရွှေဘုံသာစေတီတော်အား လျှပ်စစ်မီးသွယ်တန်းပူဇော်ပေးခြင်း၊ (၇)ပင်တန်ဆောင်းတစ်ဆောင် ဆောက်လုပ်ပေးခြင်း၊ ခပေါင်းတဲ အရှေ့ရွာလေးကျွန်းစကြာ နတ်နန်းတည်ဆောက်ပေးခြင်း၊ သက်ကြီးရွယ်အိုနှင့် မရှိဆင်းရဲသားများအား စွန့်ကြဲပေးကမ်းခြင်း၊ စာသင်တိုက်များသို့ သင်္ကန်းများ လှူဒါန်းခြင်း...

သန္တိသုခကျောင်းသို့ ရောက်လာသော အာဂန္တုရဟန်းနှင့် ယောဂီများအား သင့်လျော်သလို ထောက်ပံ့လှူဒါန်းခြင်း၊ ကျောင်းတိုက်အတွင်း နှစ်စဉ်တော်သလင်းလဆုတ် (၈)ရက်နေ့၌ စက်လက္ခဏာ(၁၀၈)ကွက် ပူဇော်ပွဲ...

နတ်တော်လပြည့်နေ့ နံနက်တွင် သံဃာ(၁၀၈)ပါးအား အရှုဏ်ဆွမ်းလောင်းလှူခြင်း၊ နေ့ခင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း..စသည် ပြုလုပ်လှူဒါန်းတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

သစ်သီးစား ဆရာတော်ဦးပဏ္ဍဝသည် **၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်၊ အင်္ဂါနေ့ နံနက်(၈)နာရီအချိန်တွင်** ခန္ဓာဝန်ချတော်မူသည်။

တပည့်ဒါယကာများက ဆရာတော်ကြိုတင် မိန့်မှာသည့်အတိုင်း ယေင်မကျူး၊ မီးမရှို့၊ မြေမမြှုပ်၊ ဆေးမထိုးဘဲ သူ့သဘော သူ့ဆောင်စေကာ မှန်ခေါင်းသွင်း ပူဇော်ထားကြလေသည်။

ဆရာတော် ပျံလွန်တော်မမူမီ(၃)နှစ်အလို ၁၃၅၈ ခုနှစ်တွင် ခန္ဓာဝန်ချမည့်အကြောင်း၊ စကားဦးသန်းခဲ့ရာ တပည့်ဒါယကာများ ဝိုင်းဝန်းတောင်းပန်ကြသဖြင့် ခပ်မဆိတ်နေခဲ့သည်။

၁၃၆၁ ခုနှစ်၊ ဝါဝင်သောအခါ ဤနှစ်ကို မကျော်လွန်တော့ဟု ယတိပြတ်မိန့် တော်မူသည်။ ထို့ကြောင့် တပည့်ဒါယကာများ ဂရုစိုက်ကာ အနားတွင် ရှိနေပေးကြသည်။

တန်ဆောင်မုန်းလဆုတ် (၇)ရက်နေ့ညတွင် ဒါယကာတစ်ဦးဖြစ်သော ဦးခင်မောင်စိုးက ခြေဆုပ်လက်နယ်ပြုကာ ညအိပ်စောင့်သည်။ နံနက်မိုးလင်းသောအခါ ဆရာတော်က...

'ယော့ တိုးရဲ့ (တိုးရဲ့ရပ်ကွက်တွင် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com




▲ တိုးတက်လာသော ကျောင်းဆောင်ကြီး

▼ ပျံလွန်တော်မူရာ ကျောင်းဆောင်



▼ တောင် သီတင်းသုံးရာ တဲကျောင်းနေရာ



သဖြင့် ဦးခင်မောင်စိုးကို "တိုးချဲ့"ဟု ခေါ်ခြင်းဖြစ်သည်။) မင်းလဲ ဒီမှာ ရက်ကြာနေပြီ အိမ်မှာလဲ ကလေးတွေနဲ့ အရှုပ်နှိပ်ပြီး ဒါလေးတွေ ကျွေးလိုက်ပါဦး။ မင်းတို့ရပ်ကွက်လဲ နောင်တော့ ကြက်ပျံမကျ စည်ကားလာမှာပါ" ဟု မိန့်တော်မူသည်။ ညက တစ်ပါးတည်း စကားပြောဆိုနေသည်ကို မေးလျှောက်ကြည့်ရာ **"သာမညဆရာတော်ကြွလာလို့"**ဟု ပြန်ဖြေလေသည်။

ဦးခင်မောင်စိုးက ဆရာတော် စွန့်လိုက်သော ငှက်ပျောသီး၊ ပန်းသီးများ ယူကာ အိမ်ပြန်ရောက်၍ ကလေးများအား ကျွေးမွေးနေစဉ် ကျောင်းတွင် ကျန်ခဲ့သောသူငယ်ချင်း ရောက်လာသည်။ ဆရာတော် ယခုကလေးတင် (နံနက် ၉ နာရီတွင်) ပျံလွန်တော်မူသွားကြောင်း အကြောင်းကြားလေသည်။

ဆရာတော် မိန့်ကြားခဲ့သည့်အတိုင်း ဦးခင်မောင်စိုးနေထိုင်ရာ တိုးချဲ့ ရပ်ကွက်သည် ယခုအခါ ချောက်မြို့သို့ ရောအရှေ့လမ်း (မကွေး၊ ရေနံချောင်း၊ ငွေးချို၊ မိုလာလမ်း)အတိုင်း လာပါက မြို့ဦးမြို့အဝင် စည်ကားသော ရပ်ကွက်ကြီးဖြစ်နေပေပြီ။

## ဖူးမြော်ရစဉ်

ဆရာတော်ဦးပဏ္ဍဝ၏ တူတော်စပ်သည့် ကပ္ပိယဦးဝဲနှင့်အတူ ဆရာတော်၏ ဗိမာန်သို့ သွားရောက်လေ့လာကြသည်။ ဗိမာန်မှာ ကျောင်းနှင့် မလှမ်းမကမ်း ကျောက်တောင်ထိပ်ကလေးတွင် တည်ရှိသည်။

ရုပ်ကလာပ်ကို မှန်ခေါင်းသွင်း ပူဇော်ထားသဖြင့် ကောင်းစွာ ဖူးတွေ့ရသည်။ ခန္ဓာဝန်ချသည်မှာ (၁၃ ... နှစ်ကျော်ပြီဖြစ်ကာ ရုပ်ကလာပ်မှာ ခြောက်သွေ့၍ ကျုံ့နေသော်လည်း ပူအိုက်

www.burmeseclassic.com

သော ရာသီဥတုတွင် ချွေးများစို့နေသည်ကို မြင်ရသည်ဆိုသဖြင့် သတိထား ကြည့်ညိုရာ လက်ယာဘက်ခြေမအောက်မှ သီးနေသော ချွေးစက်ကို တွေ့ရှိ၍ မှတ်တမ်းပြုခဲ့ပါသည်။

ရှည်ထွက်နေသော ခြေသည်းများနှင့် ရှည်လျားစွာသော မုတ်ဆိတ်မွေးတို့ကိုလည်း တွေ့ရသည်။

ဆရာတော် သက်တော်ထင်ရှားရှိစဉ်က မုတ်ဆိတ်များ နုတ်ပစ်လေ့ရှိသဖြင့် ပျံလွန်တော်မူချိန်တွင် မုတ်ဆိတ်မရှိပါ။ ရက်အတန်ကြာမှ ယခုကဲ့သို့ ရှည်ထွက်လာကြောင်း ဦးခင်မောင်စိုး ဇနီး ဒေါ်ချိုက ပြောပြသည်။

ရုပ်ကလာပ်အနီးတွင် ဆရာတော်၏ ဓာတ်ပုံကို ချိတ်ဆွဲထားကာ ဗိမာန်အပြင် ခေါင်းရင်းဘက်တွင် ထေရုပ္ပတ္တိကျောက်စာကို စိုက်ထူထားလေသည်။

## ခန္တီတရားထားသူ

ဆရာတော့်ဗိမာန်မှ ပြန်လာ၍ စတင် သီတင်းသုံးခဲ့ရာ တဲကျောင်းနေရာ ပျံတော်မူရာ ကျောင်းဆောင်နှင့် တိုးတက်ဖြစ်တည်လာသော နှစ်ထပ်ကျောင်းကြီးတို့အား လေ့လာပြီးနောက် လက်ရှိဆရာတော်ဦးမာလာနှင့် ကပ္ပိယဦးစံဝဲတို့ကို ဆရာတော်နှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များအကြောင်း မေးမြန်းကြည့်သည်။

ဆရာတော်သည် မာနကင်း၍ သည်းခံမှုအရာတွင် ကိုယ်တိုင် ထူးခြားစွာ ကျင့်ကြံသကဲ့သို့ တပည့်ဒကာများတို့လည်း ထိုသို့ နေထိုင်ရန် ဆုံးမလေ့ရှိသည်။

နှစ်ဦးစလုံးမှာ ဆရာတော်ကြီး၏ ထုများဖြစ်ကြရာ ဆရာတော်အကြောင်း အမွှမ်းတင်ခြင်း မဖြစ်စေလိုပါ။ သီလ၊ သိက္ခာပြည့်စုံသော ဆရာတော်တစ်ပါး ဖြစ်ကြောင်းသာ



တိုးချဲ့ရပ်ကွက်မှ ဒေါ်ချို

ပြောပြကြလေသည်။

သည်းခံပုံကား ဆရာတော်ကြီး တဲကျောင်းဖြင့် စတင်သီတင်းသုံးစဉ်က ဖြစ်သည်။ ဆရာတော်ကြီးသည် တစ်ပါးတည်း သီတင်းနေရာမှ သာမညဆရာတော်ကြီးက "**ချောက်မြို့မှာလဲ ငါ့လို ဘုန်းကြီးရှိပါတယ်**" ဟု မိန့်ကြား ညွှန်ပြတော်မူသဖြင့် ဖူးမြော်သူ ပရိသတ်စည်ကားစပြုလာခဲ့သည်။

လာရောက်ဖူးမြော်သူတို့အား စားဖွယ် စွန့်လှူခြင်း၊ ညှိခံစကားပြောခြင်း မရှိ၊ သီလတောင်းလျှင် ပေး၏။ ဒါယကာရင်းများက ဖလားတစ်ခုထား၍ အလှူငွေများ ထည့်ဝင် လှူဒါန်းလေ့ရှိကြသည်။

တစ်နေ့တွင် ရပ်ကွက်တွင်းရှိ စရိုက်ကြမ်းသူတစ်ဦးက ဆရာတော်တစ်ပါးတည်းရှိခိုက် သစ်သီးလှီးသောဓားဖြင့် လှီးဖြတ်ညှဉ်းပန်းကာ အလှူခံဖလားမှ ငွေများကို ရှာဖွေယူသွားသည်။

ထိုသူ ပြန်သွားသောအခါမှ ရတနာအိုင်ရပ်ကွက်တွင်းရှိ ဦးလေးမောင်၊ ဦးထွန်းရှိန်တို့ထံသွားကာ ဆေးထည့်ပေးရန် မိန့်ကြားသည်။ ဒဏ်ရာမှာ များပြားလှသဖြင့် ဆေးရုံတင်ကာ ကုသခဲ့ရသည်။

ထိုသူ၏အမည်ကို မေးလျှောက်ရာ "**ငါ့ထိုက်နဲ့ ငါ့ကံ ဝဋ်ကြွေးရှိလို့ ခံရတာပါ**"ဟု ဆို၏။ အမည်ကို ထုတ်ဖော်ခြင်းမရှိချေ။ ***(ဤအကြောင်းကို ထေရုပ္ပတ္တိကမ္ပည်းတိုင်မှ ဖတ်ရှုသိရှိရခြင်းဖြစ်ပါသည်။)***

## ပရိတ်ရေ

ဆရာတော်ရှိစဉ်က ကျောင်းရှိ ရေချမ်းစင်မှ ရေများကို ပရိတ်တော်မွမ်းထားလေ့ရှိကာ ကျောင်းသို့ ရောက်လာသူတိုင်းအား သောက်သုံးစေ၏။ ထိုရေသည် ခန္ဓာကိုယ်တွင်းရှိ ဖောက်ပြန်နေသော ရောဂါဝေဒနာများကို ပျောက်ကင်းစေသည်ဆို၏။

ချောက်မြို့ "တောင်ရပ် စာရေးတန်းရပ်"နေ ဒေါ်အေး၏သမီး နော်လီစန်းသည် ဆရာတော်အား လာရောက်ဖူးမြော်လေ့ရှိ၏။

တစ်နေ့တွင် ဆရာတော်က နော်လီစန်းအား ရေတစ်ခွက် ခပ်ခိုင်းကာ ရေခွက်တွင်းရှိရေကို လက်ဖျားထိ၍ ပရိတ်ရွတ်ဖတ်ရာ ရေများ ဆူပွက်လာကာ အထက်သို့ပင် ပန်းတက်လာသည် ဆို၏။

တပည့်သံဃာများအား "**ဘုန်းကြီးချင်ရင် ပရိတ်ရွတ်**"ဟု မှာကြားလေ့ရှိသကဲ့သို့ ဒါယကာ၊ ဒါယိကာမများတို့အားလည်း တိုက်တွန်းလေ့ရှိသည်။

တိုးချဲ့ရပ်ကွက်နေ ဒေါ်ချိုက ဆရာတော် မိန့်မှာသည့်အချိန်မှ စတင်ကာ နေ့စဉ်မပျက် ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်ပူဇော်ခဲ့ရာ အနိဋ္ဌာရုံများ ကင်းဝေး၍ စားဝတ်နေမှု ဖူလုံလောက်ငကြောင်း ပြောပြ၏။

ရွှေလ ဆက်ဖတ်ပါရန်

**ခွန်စိုင်းဝမ်း**


www.burmeseclassic.com

တောင်သူလယ်ယာသုံး

# နိုင်းနွားများ

အဝမပျက်၊ အလှမပျက်

# လုပ်ခွင်သွက်စေဖို့



လယ်ယာမြေလုပ်ငန်းခွင် ခေတ်မီစက်ကိရိယာများ အစားထိုး ဝင်ရောက်လာသည်ကို တွေ့မြင် ကြားသိရသဖြင့် ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

သို့သော်-ကျွဲနွားများကိုမူ ယနေ့ထိ လက်မလွှတ်နိုင်သေးသည်ကို တွေ့မြင်နိုင်ပါသည်။

ထို နိုင်းကျွဲ၊ နိုင်းနွားများသည် နွေကာလတွင်သာ အနည်းငယ်(၂-လခန့်)ကောင်းစွာ အနားယူရပြီး မိုး၊ ဆောင်းနှစ်ရာသီတွင် နားချိန်မရလောက်အောင် လုပ်ခွင် ဝင်ကြရပါသည်။

နွေရာသီကုန်ဆုံးပြီး မိုးဦးကျလုပ်ငန်းခွင် စဝင်သောအခါ နိုင်းနွားများသည် အရောင်တဖိတ်ဖိတ်နှင့် ဝဖြိုးကျန်းမာ သွက်လက် ဖျတ်လတ်နေသော်လည်း မိုးလယ်၊ မိုးနှောင်းပိုင်းရောက်လာလျှင် နိုင်းနွားများမှာ အလုပ်ဒဏ်ပိသဖြင့် အရောင်အရေပျက်၊ အဝပျက်၊ အလှပျက်ကာ၊ သွက်လက်လှုပ်ရှားမှု လေးကန်ဖင့်နွဲ့ပြီး ပိန်လှီလာတတ်ပါသည်။

ထိုသို့မဖြစ်စေဘဲ နိုင်းနွားများ အဝမပျက်၊ အလှမပျက် လုပ်ငန်းခွင် သွက်လက် တွင်ကျယ်စေရန်အတွက် အောက်ပါအတိုင်း ကျွေးမွေးပေးရန် တင်ပြပါသည်။

မြန်မာ အိမ်မွေးကြက်ဥ(မရှိုင်လျှင်) မွေးမြူ ရေးကြက်ဥ ငါးလုံးကို ဖောက်ပြီး ကြွေ ပန်းကန်ထဲထည့်ကာ ခေါက်ထားပါ။ နှမ်းဆီ စစ်စစ် (မရှိုင်လျှင်)ပဲဆီစစ်စစ် ကြက်ဥခွံနှင့် တစ်လုံး၊ ပီးဖိုချောင်သုံး ဆားသုံးဇွန်း ရော ခေါက်ပြီး တိုက်ပေးပါ။

တိုက်ကျွေးရာတွင် နွားက သူ့အလိုလို မသောက်ပါ။ ဝါးကျည်တောက်တွင်ထည့် နဖားကြိုး(နွားခေါင်းကြိုး)ကို မ,လှန် မော့ပြီး တိုက်ရပါသည်။

အထက်ပါအတိုင်း တတ်နိုင်ပါက တစ်ပတ်တစ်ကြိမ်၊ မတတ်နိုင်ပါက (၁၅)ရက် တစ်ကြိမ် တိုက်ကျွေးပေးရပါမည်။

မည်သို့မျှ မတတ်နိုင်ပါက တစ်လ တစ်ကြိမ်တော့ မဖြစ်မနေ တိုက်ကျွေး ပေးစေလိုပါသည်။

သို့မှသာ နိုင်းနွားများသည် အဝမပျက်၊ အလှမပျက် လုပ်ခွင် သွက်သည့်အပြင် သက်တမ်းရှည်ရှည်၊ တာရှည် အသုံးပြု အလုပ်လုပ်နိုင်မည် ဖြစ်ပါလေသည်။

**မြေမိုးချစ်(နတ်မောက်)**

စာမျက်နှာ (၃၁)မှ အဆက်

ဆေး၊ ကြွက်မည်းပေလျက်၊ ရွက်တိုင်အဖူး ဖြိုးဖြိုးဖြိုးသား၊ တိုင်ပူးအောက်ထပ်၊ ရေနတ်နဂါး မြွေဟားကြက်လျှော်၊ လေးမည်ပါတည်း။

သောကြာဇမ်မှာ၊ ကန့်ငါးပုံသွပ်၊ သတ္တုနဂါး အိန်နွံ့ဒုတ္တာ၊ ပိုင်းဆိုရာဝယ်၊ သာလွန်ဘော်စွေ ရွှေပါသေးအိန်း (၉)ဂဏန်းကို ကိတ်ကြိုးပါရွှေသား၊ ဝီသောကိုးလုံ၊ ထိုးပြီး တုံ၍ ပေါင်းကုန် မြန်ရာ၊ နဝါကား၊ အရွှေမှာ၊ သတ္တုဝိုန်း ကိန်းလေယဉ်သော၊ နှောလေဘုတာကွ၊ ဤသို့ကျ မှတ်၊ ကရဏီယသုတ်၊ ထုတ်၍လည်းရာ မြည်အေသာမှာ၊ ၄-လုံးစာကို၊ ရသည့်အနေ လယ်ချက်ထွေကာ၊ မြွေကြွက်နဂါး ဟယာဒေါ်ဆို ဟင်းရှိုင်းကိုလျှော်

ထိုလုံလေးရုပ်၊ စပ်ပြီးကာလ၊ ပီမိုင်းသရှိ ပေါင်းလရောလစ်၊ သဘော်ဖြစ်၏၊ ပြစ်လေ ဒိန်ကို တပိုတမူး အအုပ်နှင့်ကူမား နိမိတ်ပြ လိမ့်၊ ထိုကာတဖန် တက်လိုပြန်လျှော်၊ ထုံးဖြ ထပ်ရှုံ့ များလျှပ်ခွဲတက်၊ တချက်တက်သော အထက်ဖြင့်လေ၊ ထုံးနှယ်ကြော်၏

တစ်လေသမျှ ပြာလျှပ်ကျူး၏ ဓနုကြွယ်မြော သဘော်သုကြီး လိုတိုင်ပြီးသည်၊ မထီးရှင့် ကျော်လမ်းမှန်တည်း'

ယခုခေတ် အတ္တိရတ်ထိုးသော ပုဂ္ဂိုလ်များသည် မှန်နတ်ထိုးရမ်းထိုး ဖြတ်လမ်းနည်းဖြင့် ရွှေဖြစ်လိုကြပါသည်။

ရှေးပညာရှိများ ထားခဲ့သော နည်းလမ်းများကို လေ့လာနိုင်ရန်အတွက် ရှေးမှတ်တမ်းများမှ ပါရှိသော နည်းလမ်းများကို ရှာဖွေတင်ပြပါသည်။

**တင်လှ(ဆ-မ-ငြိမ်း)**
**ပုသိမ်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

([illegible]ဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို သောက်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းသိုပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် 'ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး။ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲမှာ လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြောတက်တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အံပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲဒီထဲမှာ ဝမ်းပျက်ဝမ်းလျောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအုပြစ်ပြု ရာကစလို့ ဇစာစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီး၀မ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ၀မ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီ၀မ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေ့ါနော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ၀မ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ၀မ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေ၀မ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေ၀မ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေ၀မ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ၀မ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ ဆီးကျန် ၀မ်းချုပ်၊၀မ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီး၀ါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ၀က်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အ၀လွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ၀မ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေ၀မ်းမှန်ဆေးကို ညအိပ်ရာ၀င် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(၀မ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ၀မ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုခမ္မာလမ်း၊

မြောက်ဥက္ကလာပ၊ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၈၈၅၂၄။

---



www.burmeseclassic.com

www.burmeseclassic.com

# မေ့ဝေကိုးဆရာတော်ကြီး

ခင်ခင်ဝင်း
(မော်ရဝတီ)

မုံရွာမြို့ မူလမင်းကွန်း
သတိပဋ္ဌာန်ကျောင်းဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ ဥက္ကံသ ညွှန်ပြသော
ဆရာတော်တစ်ပါး

မုံရွာမြို့ မူလမင်းကွန်း သတိပဋ္ဌာန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဥက္ကံသ၏ ဝိပဿနာရှုနည်းနှင့် မူလကမ္မဋ္ဌာန်းမှ ရဟန္တာဖြစ်တရားတော်များကို ကြားနာရင်း သုတလမ်းညွှန်မှုများကိုလည်း နာကြားရပါသည်။

ဥပုသ်နေ့တိုင်း ဟောကြားသော တရားများကို မှတ်စုစာအုပ်တွင် ရေးမှတ်ထားခဲ့သည်။ အားလပ်ချိန်များတွင် ပြန်ဖတ်ရပါသည်။

ယခုအချိန်တွင် ဆရာတော်ကြီး၏ တရားတော်များကို ရေးသားပူဇော်နေသည့်အချိန်အခါ ဖြစ်သည့်အားလျော်စွာ မှတ်စုများကို သေချာစေ့စပ်စွာ အထပ်ထပ် ဖတ်နေရသည်။

စာဖတ်ပရိသတ်များ အနေနှင့် ဆရာတော်ကြီး၏ တရားများကို ဟောကြားခဲ့သည့်အတိုင်း အရသာဆောင် ကြားနာနေရသကဲ့သို့ ဖြစ်စေရန် အထူးဂရုပြု၍ ရေးသားခဲ့ပါသည်။

ဆရာတော်ကြီး ကိုယ်တိုင်ဟောကြားနေဘိသကဲ့သို့ မတိမ်းမစောင်း မှားမယွင်းအောင် အထပ်ထပ်မှတ်သား မှတ်စုများ ညှိနှိုင်းရပါသည်။

ဆရာတော်ကြီး၏ သတိပဋ္ဌာန်တရားများကို ကိုယ်တိုင်လည်း အားထုတ်၏။ အများသူငါ စာဖတ်သူများလည်း သိစေချင်သော အကျိုးငှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားပူဇော်နေပါသည်။

ကိုယ်တိုင် ဟင်းကောင်းကလေးများ စားရသောအခါ အများသူငါအား



◆ သက်တော်(၉၂)နှစ် ဝါတော်(၇၃)ဝါ ပျံတော်မူပြီး ပိုက်ထားစုံ ဆုံးမခြင်း လက်ရေးမူဖြင့် ထားခဲ့ပါသည်။ မုံရွာ



www.burmeseclassic.com

www.burmeseclassic.com

လည်း ကျေးချင်သော စိတ်စေတနာကြောင့် ဖြစ်ပါသည်။

## လယ်ညွှန်ချက်တွေ တွေ့ပြန်ပြီ

ဆရာတော်ကြီး၏ ဟောကြား တရားမှတ်စုများကို ပြန်ဖတ်ရင်း သုတတရားများ၊ ဆုံးမစကားများ၊ ညွှန်ကြားလမ်းညွှန်မှုများလည်း ပါလာသည်။

'သူတစ်ပါးပုဂ္ဂိုလ် ဆရာတော်များ၏ ကျင့်ကြံအားထုတ်နေသော တရားတော်များကို မိမိကိုယ်တိုင်လည်းမသိ၊ မိမိကိုယ်တိုင်လည်း မကျင့်ကြံ မအားထုတ်ဘူးတဲ့နှင့် မှားသည်ဟု မဝေဖန်သင့်'

ဟု ဆုံးမစကား ပြောပါသည်။

ကမ္မဋ္ဌာန်းလေးဆယ်ဟု ဆိုသော်လည်း လေးဆယ်ထက် ကျော်သည်တဲ့။ ကိုယ် မကိုးကွယ်ချင်ရင် မသွားနဲ့တဲ့။ ထိုတရားသည် မှားသည်ဟု မပြောကောင်းတဲ့။

ထိုသို့ ဆုံးမပြီးနောက် ထူးခြားသော ဆရာတော်ကြီးများကို ဥပမာပြ၍ လမ်းညွှန်ခဲ့ပါသည်။

ကျွန်မ၏ စိတ်အစဉ်မှာ ရှိသေလေးစားလိုက်နာ နာခံတတ်သော ဗီဇကြောင့် ထိုဆရာတော်ကြီးများထံသို့ သွားရောက်ကိုးကွယ် လှူဒါန်းဆည်းကပ်ကာ စာဖတ်သူများသိအောင်လည်း ရေးသားပူဇော်တတ်၏။

ဥပမာ... သာမညဆရာတော်ကြီးအား ကိုးကွယ်ပြီး သာမညဆရာတော်ကြီး လမ်းညွှန်တော်မူသော **ကျွဲမြီ ဆရာတော်ကြီးနှင့် မရမ်းဆရာတော်ကြီးများ**ဆီသို့ သွားရောက်ကိုးကွယ်ဆည်းကပ်ခဲ့ကြောင်း **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလထုတ်**တွင် ရေးသားပူဇော်ခဲ့ပြီး ဖြစ်ပါသည်။



▲ တောစဏ္ဍီဆရာတော်ကြီး၏ ရုပ်ပွားတော်

ယခု ကျွန်မ ကိုးကွယ်နေသော **မုဒုံမြို့၊ မူလမင်းကွန်း သတိပဋ္ဌာန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥက္ကံသ**၏ ညွှန်ပြတော်မူသော ဆရာတော်ကြီးများကိုလည်း ကျွန်မ ရေးသားပူဇော်ဦးမည် ဖြစ်ပါသည်။

ထို ဆရာတော်ကြီးများသည်လည်း ထူးခြားသောဆရာတော်များ ဖြစ်သည့်အားလျော်စွာ ထိုဆရာတော်ကြီးများ၏ ကျင့်ကြံအားထုတ်အပ်သော တရားတော်၏ အဆီအနှစ်များကိုသာ အဓိကထား ရေးသားပူဇော်သွားမှာ ဖြစ်ပါသည်။

ဆရာတော် ဦးဥက္ကံသ ဟောကြားသော တရားတော်များတွင် **"တရားမြင်သူ ယောဂီဟူ မူဝါဒတွေ ညီကြစေ"**တရားကို ဟောကြားသောအခါ

**"မည်သည့် နည်းလမ်းဖြင့် တရားရှုမှတ်သည် ဖြစ်စေ၊ နောက်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း တစ်လမ်းသာ ဖြစ်ပါသည်။ နှစ်သက်ကိုးကွယ်ရာဆရာသမား၏ လမ်းညွှန်ပြသမှုအောက်မှာ ကိုယ်တိုင် ကျင့်ကြံအားထုတ် ကြိုးစားပြီး ကိုယ်တွေ့ဉာဏ်မြင် နည်းလမ်းမှန်သော ဝိပဿနာအဆင့်ကိုရောက်မှ ရှေ့ဆက် တရားတက်မှာဖြစ်သည်။**

ပထမ သီလကို ဖြည့်ကျင့်ပြီး သမာဓိကို ထူထောင်ပွားများရမည်။ ဘယ်လိုတရားမျိုးကို သမထခေါ်လဲ၊ ဘယ်လိုတရားမျိုးကို ဝိပဿနာခေါ်လဲ၊ ပညတ်သိ၊ ပရမတ်သိ စသည်များ ခန္ဓာကိုယ်မှ ပြလာလျှင် ဆရာသမားအား မေးလျှောက်ရပါမည်။

ဆရာသမားနှင့် ကင်းကွာလျှင် အမှားအမှန် မဝေခွဲနိုင်ရင် ဓာတ်သဘောတွေ ခွဲခြားစိတ်ဖြာ နှလုံးသွင်းဆင်ခြင်မနိုင် ဖြစ်တတ်သည်။

'ဓာတ်သဘောတွေမှာ သိမ်မွေ့တဲ့အတွက် မြင်ဖို့ခက်ခဲတဲ့ အနေအထားမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒီဓာတ်ကြီးလေးပါးကို ကမ္မဋ္ဌာန်းလေးဆယ်ကျော်မှာ ဘယ်လို အားထုတ် အားထုတ် တရားမြင်လာရင်၊ သမာဓိတည်ကြည်လာရင် ဒီဓာတ်သဘောတွေ မြင်လာမှာပဲ။

တရားမြင်လာတဲ့ ယောဂီပုဂ္ဂိုလ်အချင်းချင်း ဒီနေရာမှာ လမ်းလာဆုံတော့တာပဲ။ မူဝါဒတွေ ညီကြ တူကြတော့တာပဲ။

တောစဏ္ဍီဆရာတော်တစ်ပါး ရှိတယ်။ ယခင်ထိပ်မှာ ကျပ်ပြားပိုင်းလောက် စိတ်ကို




www.burmeseclassic.com

www.burmeseclassic.com

ထားပြီး ရှုမှတ်တာ၊ ခန္ဓာကိုယ်ကို ဘယ်နေရာပဲ ရှုမှတ် ရှုမှတ် ကာယနုပဿနာ သတိပဋ္ဌာန်ဖြစ်တယ်၊ မြန်မာနိုင်ငံမှာ နာမည်ကျော်ကြားတဲ့ ဆရာတော်ကြီးတစ်ပါး ဖြစ်တယ်'

ဟု ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။



တေဇစက္ကီဆရာတော်ကြီး၏ ဓာတ်တော်

## သက်တော်ရှည်၊ ဓာတ်တော်ကျ
## တေဇစက္ကီဆရာတော်
## ဦးတေဇလက်ာရ၏
## ဝိပဿနာတရားတော်

တေဇစက္ကီ ဆရာတော်ကြီး၏ အမည်သတင်းမှာ မော်လမြိုင်တစ်ခွင် ကျော်စောထင်ပေါ်လျက် ရှိသည်ကို ကျွန်မတို့ အထက်တန်းကျောင်းသားဘဝ အသက်(၁၆)နှစ်ခန့်မှစ၍ ကောင်းကောင်းမှတ်မိနားထဲစွဲငြိနေခဲ့သည်။

ငယ်သောအသိမို့ ကိုယ်တိုင် မဖူးတွေ့မိသော်လည်း ဘီလူးကျွန်း ကွမ်းသဲရွာသားနှင့် အိမ်ထောင်ကျ ဖူးစာဆုံသောအခါ ကွမ်းသဲရွာသားများဖြစ်သော ယောက္ခမများ၏ နှုတ်ဖျားမှ မချသော တေဇစက္ကီဆရာတော်ကြီး စကားတော်၊ တရားတော်များနှင့် ယဉ်ပါးနားရည်ဝခဲ့ရပါသည်။

တေဇစက္ကီဆရာတော်ကြီး မော်လမြိုင်မြို့ ကထိန်ပွဲများ၊ တရားပွဲများသို့ ကြွရောက်လာသောအခါ ရံဖန်ရံခါ သွားရောက်ဖြစ်သော်လည်း အနီးကပ် တရားကမ္မဋ္ဌာန်း မယူခဲ့မိပါ။

အနီးကပ် မဖြစ်ခဲ့သော်လည်း ကျွန်မ၏ ပန်းထိမ်ပညာ၊ ကျောက်မျက်ရွှေစိန်ပညာ ဆရာဖြစ်သော **ဦးပါ (ညောင်ပိုင်း၊ မော်လမြိုင်)**၏ အမြဲတစ်ဆင့်ဟောပြောပြခြင်း၊ စာအုပ်များဖတ်ခြင်းများ၏ ကျေးဇူးကြောင့် ယခု တေဇစက္ကီဆရာတော်ကြီး၏ တရားတော်များ ရေးသားပူဇော်သောအခါ အထောက်အကူဖြစ်ပြီး လွယ်ကူစွာ ရေးသားပူဇော်နိုင်ခြင်း ဖြစ်ပါ သည်။

## ရဟန်း(၁၀)ပါဖြင့်
## မဖောဓိစာသင်တိုက်ကြီး
## တာဝန်ခံ စာချဆရာတော်

တေဇစက္ကီလောင်းလျာကို မြန်မာနိုင်ငံအလယ် မြေလတ်ပိုင်း **မကွေးတိုင်းဒေသကြီး၊ သရက်မြို့ မြောက်ဘက် တစ်မိုင်ကွာ စမ်းအိုင်ရွာကြီး**၌ ခမည်းတော် ဦးဖိုးထောင်၊ မယ်တော် ဒေါ်ရွှေပွင့်တို့မှ သက္ကရာဇ် ၁၂၆၂ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၉)ရက်၊ စနေနေ့ နံနက် (၄)နာရီ (၂၀)မိနစ် အချိန်တွင် ထူးခြားစွာ ဖွားမြင်တော်မူခဲ့ပါသည်။

မယ်တော် ဒေါ်ရွှေပွင့်မှာ အသက်(၅၁)နှစ် သွေးဆုံးနေပြီးမှ သန္ဓေတည်ပါသည်။ ကိုယ်ဝန်(၁၀)လ မဖွားနိုင်သေးဘဲ "**ဆင်အောက်ဝင်မှ ဖွားလတ္တံ့**" တဘောင်စကား ပေါ်လာခဲ့သဖြင့် ဆင်နှစ်ကောင်ငှားပေး၊ ဆင်အောက်ဖြတ်ပြေးမှ ချောချောမောမော မွေးဖွားလာသော သားယောက်ျားလေးကို "**မောင်သိုက်တင်**"ဟု အမည်ပေးခဲ့သည်။

လက်ဖဝါး ခြေဖဝါးတို့တွင် ထူးခြားသော စက်လက္ခဏာများ ပါလာသဖြင့် "**တကောင်ဘွားလေး**" ဟုယ်မည် ခေါ်တွင်လေသတည်း။

(၅)နှစ်သားအရွယ်မှစ၍ အိမ်မှာ မပျော် ဘုန်းကြီးကျောင်းမှာသာ ပျော်သူလေးမို့ ဘုန်းကြီးမြင်လျှင် သက်န်းစဆွဲလိုက်တတ်မြဲမို့ လက်မှာ သက်န်းစလေးချိကာ ပေးထားရသည်။

မိဘများက လက်သမားလုပ်အိုးဖုတ် စီးပွားရေးကြောင့် မြေယာ လယ်ကွက်များ လာရောင်းကြရာ ထိုမြေကွက်တစ်ကွက် ရွှေအိုးတစ်လုံးနှုန်းဖြင့် ရွှေအိုး(၃)လုံးရရှိ ချမ်းသာသွားကြသည်။

ရပ်ရွာအခြေအနေအရ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး ဘုန်းကြီးလမ်းတွင် (၃)ထပ်တိုက် ဝယ်ယူနေထိုင်ကြလေသည်။

မောင်သိုက်တင်လေး၏ အဘိုးဖြစ်သူ **ပါဠိဆရာကြီး အဂ္ဂမဟာပဏ္ဍိတဆရာဖြေ (ဟံသာဝတီ**


စာမျက်နှာ (၁၃၃) သို့

www.burmeseclassic.com

www.burmeseclassic.com

လိုတရက္ခဏ္ဍာသယ

# မောဓိပဏ္ဍိယအင်း

ကျော် (ရမည်းသင်း)



▲ ဘဒ္ဒန္တပဏ္ဍဝ
(အုတ်ဖိုလ်တောင်ကျောင်းဆရာတော်
ရမည်းသင်းမြို့)

'တကယ်တမ်း လက်တွေ့ဘဝမှာလဲ ပစ္စည်းကြွယ်ဝမှုထက် အသိဉာဏ် ကြွယ်ဝမှုက ပို၍ အရေးကြီးတာ တွေ့နိုင်ပါတယ်'

အထက်ပါ သြဝါဒကို အားရပါးရ အမိန့်ရှိနေသော ဆရာတော်မှာ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်း မြို့နယ်၊ အုပ်ဖိုလ်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍဝမထေရ်မြတ်ကြီး ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်း လျှောက်ထားစဉ်က ဆရာတော်ကြီး၏ သက်တော်မှာ (၈၃)နှစ်သို့ ရောက်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ မွေးသက္ကရာဇ်အရ သက်တော်(၉၂)နှစ်သို့ပင် ရောက်ရှိနေပါပြီ။

သက်တော်၊ ဝါတော် ကြီးရင့်သည်နှင့်အမျှ ဆရာတော်၏ ပညာဗဟုသုတမှာ ပြည့်ဝစုံလင်လှသဖြင့် ဆရာတော်ထံမှ ရရှိသော မှတ်သားနာယူဖွယ် အချို့မှ အင်းပညာနှင့် ပတ်သက်၍ မိန့်ကြားသည်များကို တင်ပြအပ်ပါသည်။

အင်းပညာရပ်ကို လိုက်စားမယ်ဆိုရင် ကတိသစ္စာတည်ဖို့ ဦးစွာ လိုပါတယ်။ ရှေးဦးစွာ အင်းဆွဲမယ့် ကညစ် (ဘောလ်ပင်၊ ခဲတံ)ကို မန်းမှုတ်ရတယ်။

**ကညစ်မန်း**

ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ (၇)ကြိမ် မန်းရတယ်။

**အပြင်မျဉ်းဆွဲမန်း**

'ဥုံ မဟာပါကာရံပိယ တိဋ္ဌတု'

**အတွင်းမျဉ်းဆွဲ**

'ဥုံ စတုသစ္စံ မဟာရဇ္ဇုပိယ တိဋ္ဌတု'

**အင်းဆန့်ဂဏန်းသွင်းမန်း**

'ဥုံ ဂဏာမဏ္ဍေ အတီတေ တိဋ္ဌတု'

**အက္ခရာသွင်းမန်း**

'ဥုံ အက္ခရာမဏ္ဍေ အတီတေ တိဋ္ဌတု'

**အင်းကို အသက်သွင်းမန်း**

'ဥုံ အဝိဇ္ဇာကာ သြဿတံ
သဝိဇ္ဇာကာ သမ္မာအံအံ'

**မျဉ်းလွန်လျှင် ဖျက်ရန်မန်း**

'ဥုံ သန, မဟာသန, သနအပေါင်း
ထောင်သောင်းမက ကြေဆရာကြေ'

**အင်းကို သိဒ္ဓိတင်ရန်**

'ဥုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ၊ သိဒ္ဓိအပေါင်း
ရှစ်သောင်း ထက်ဆရာထက်'


အင်းချရာ၌ **ဥုံ**ဟု ဆိုလိုက်တာနဲ့ ရေးမယ့် ဘောလ်ပင်နဲ့စာရွက် ထောက်မိရတယ်။

အင်းမျဉ်းဆွဲရာ၌ မျဉ်းနဲ့မျဉ်းဆွဲမန်း ဂါထာတို့ကို အစအဆုံး ကိုက်ညီအောင် မန်း၍ ဆွဲရန်ဖြစ်တယ်။

ဆိုလိုတာကတော့ မျဉ်းအစနဲ့ဂါထာအစ မျဉ်းအဆုံးနဲ့ဂါထာအဆုံး ကိုက်ညီအောင် ရေးဆွဲပါမှ အင်းစွမ်းတယ်။

ကျန်တဲ့ အင်းမန်းတို့၌လဲ ထို့အတူ ကိုက်ညီအောင် ပြုရတယ်။

အရာရာတိုင်းမှာ အောင်မြင်ပြီးစီး စေတဲ့ **လိုတရက္ခဏ္ဍာသယမောဓိ ပဏ္ဍိယအင်း**ကို ချီးမြှင့်လိုက်မယ်။



အင်းဆန့်သွင်းထားပုံ

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | **မွေးနံ** | ၂ |
| ၃ | ၈ | ၅ |

အင်းသွား

၁။ **"စတ္တာရော သတိပဋ္ဌာနတိဋ္ဌန္တု"** ဆို၍ (၁)ဂဏန်း ပြထားသော အကွက်၌ **(၄)ဂဏန်း**ရေးရန် ဖြစ်တယ်။

၂။ **"စတ္တာရော သမ္မပ္ပဓာနာ တိဋ္ဌန္တု"**ဆို၍ (၂)ဂဏန်း ပြထားသော အကွက်၌ (၄)။

www.burmeseclassic.com

၃။ **"စတ္တာရော ဏ္ဏဒ္ဒီပါဒါ တိဠ္ဌနျ"** ဆို၍ (၃)ဂဏန်း ပြထားသော အကွက်၌ **(၄)**။

၄။ **"ပဋ္ဌ ဏ္ဏုဋ္ဌိယာနီ တိဠ္ဌနျ"** ဆို၍ (၄)ဂဏန်း ပြထားသော အကွက်၌ **(၅)**။

၅။ **"ပဋ္ဌဗလာနိတိဠ္ဌနျ"** (၅)အကွက်၌ **(၅)**။

၆။ **"သတ္တဗောဇ္ဈင်္ဂါတိဠ္ဌနျ"** (၆) အကွက်၌ **(၇)**။

၇။ **"အဋ္ဌမဂ္ဂင်္ဂါနိတိဠ္ဌနျ"** (၇)အကွက်၌ **(၈)**။

၈။ **"နဝလောကုတ္တရာနိ တိဠ္ဌနျ"** (၈)အကွက်၌ **(၉)**ဂဏန်း ရေးရန်ဖြစ်တယ်။

၉။ အလယ်တည့်တည့်အကွက်၌ အင်းကို အသုံးပြုလိုသူ၏ မွေးနံထည့်ရတယ်။

**ဥပမာ** တနင်္ဂနွေသားသမီးဆိုရင် (၁)ပေါ့။ ယခု အင်းမှာ (၅)ဂဏန်း ထည့်ထားတယ်။

၁၀။ **နေ့နံမသိသူအတွက် ဆိုရင်တော့ "ဓဇော ဗုဒ္ဓေါ"** ဟု ဆို၍ (၁)ဂဏန်း ရေးရတယ်။

**အထက်မှာ ဖော်ပြတဲ့အတိုင်း တင်ချွင်အင်းအဆိုနှင့် လက် အရေး ပြိုင်တူပြုအောင် ရေးနိုင်ပါ မှ အင်းတန်ခိုး ထက်တယ်။**

ဗောဓိပက္ခိယအင်းဆိုတာ မဂ်ဉာဏ်ရဖို့ အသင်းအပင်းဖြစ်တဲ့ တရားလို့ အဓိပ္ပါယ်ရတယ်။ မဂ်ဖိုလ်ရလိုသူတို့သည် ဗောဓိပက္ခိယလမ်းစဉ်ကို လိုက်ရတယ်။

ထိုလောကုတ္တရာလမ်းကို လောကီနည်းမှာ အကျိုးရှိအောင် ခွဲသုံးလိုက်တဲ့သဘောပါ။

အင်းချနေစဉ် **သတိပဋ္ဌာန် သမ္မပ္ပဓာန် စသည့်တို့ရဲ့ အနက်အဓိပ္ပါယ်ကို သိနေရင်တော့** လောကီလောကုတ် အကျိုးနှစ်မျိုးကို တစ်ပြိုင်နက် ပြီးစေမှာပါ။

ဤအင်းကို မိုင်းကိုင်စက္ကူပေါ်တွင် ချပြီး ပြာချ၍ **၉ အင်း၊ ၁၈ အင်း၊ ၂၇ အင်း၊** စသည် သောက်ထားရင် အမှောင့်ပယောဂ မကပ်နိုင်ဘူး။ သူတစ်ပါး မကောင်းမကြံနိုင်ဘူး။ ကျန်းမာချမ်းသာပြီး လိုအပ်သော ဆန္ဒပြည့်ဝစေတယ်။

ယုံကြည်မှုရှိဖို့တော့ လိုပါတယ်။ မယုံကြည်ရင် မလုပ်တာ ကောင်းပါတယ်။ ပွဲတွေ့အောင်မြင်မှုတွေ များစွာ ရှိပါတယ်ဟု ဆရာတော်ကြီးမှ မိန့်ကြားပါတယ်။

**ကျော်(ရမည်းသင်း)**

---

**စာမျက်နှာ (၁၃၁)မှ အဆက်**

**ပိဋကတ်တိုက်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်တိုက် စာပြင်ဆရာ)**က မောင်သိုက်တင်လေး စာရေးစာဖတ်မတတ်ခင်မှာပင် ငါးထပ်ကြီးဆရာတော် ဦးကိသာသနထံ အပ်နှံခဲ့သည်။

သို့နှင့် မဂ်လသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရများကို နှုတ်တိုက်သင်ယူ အလွတ်ရနေတော့သည်။

စမ်းအိုင်ရွာ ဦးသုဇာတ၊ ဦးသုန္ဒရ၊ ဦးပဏ္ဍဝတို့အထံတွင်လည်း အသက် (၅)နှစ်၊ (၆)နှစ်အရွယ်မှစ၍ ပရိယတ္တိစာပေများ စတင် ဆည်းပူးခဲ့လေသည်။

အသက်(၇)နှစ်မှာ တစ်ကြိမ်၊ အသက်(၁၂)နှစ်မှာ တစ်ကြိမ် ကိုရင်ဝတ်ပေးပြီး အသက်(၁၃)နှစ်မှာ အဘိုးဦးဖြေက **ကိုရင်လေး ရှင်တေဇောဘာသကာရအား** မန္တလေးမြို့ အရှေ့ပြင် တိုက်ကြီး(အမရပူရနန်းတော်ကြီး) ရွှေကျောင်းကြီး၏ **အကျော်ပန်းတောင်းဆရာတော် ဦးတိလောကထံ** အပ်နှံစာပေသင်ကြားခွင့် ရခဲ့ပါသည်။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ထိုးဖောက်မွှေနှောက် သင်ကြားရင်း ကိုရင်ဘဝ(၁၉)နှစ်မှာပင် စာချပုဂ္ဂိုလ်ဟုထင်ပေါ်ခဲ့လေသည်။

အသက်(၁၉)နှစ် (၆)လတွင် မိဘများက အောက်ပြည်သို့ ပြန်ပင့်ပြီး ဆူးပုတ်ကုန်းကျောင်းသိမ်တွင် သရက်မြို့မောင်းထောင်းကျောင်းမှ မောင်းထောင်းဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ မောင်းထောင်းတိုက်အုပ် ဆရာတော်ဦးသီဟ၊ ဆယ်ပြင်ဆရာတော် ဦးပဏ္ဍိစ္စ၊ မုဋ္ဌလီဆရာတော် ဦးဝါယမ၊ ဆူးပုတ်ကုန်းကျောင်း ဆရာတော် ဦးပဏ္ဍဝ၊ ပိတောက်ချောင်းဆရာတော် ဦးအာသဘ၊ ဇာလီတောင်ဆရာတော် ဦးရာဇိန္ဒ၊ ဦးသုမနတို့က ချီးမြှောက်ကြ၍ မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိတော်မူသည်။

**ရှေ့လဆက်ဖတ်ပါရန်**

**ခင်ခင်ဝင်း(မဟာရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

မိသားစု

# ကျန်းမာရေး အတွက်

တန်ဖိုးသေး လွယ်ကူ နိုင်းနိုင်းချိန်ချိန် စားသောက်ရမည့် အစားအစာများ (၄)



မင်းသူရမြေ့
(ပုသိမ်)

ငါး...ငါးသလောက်နှင့်

မယားဆံတောက် ရှုပ်တမ်း

လောကတွင်ရှိသော မည်သည့် အရာဝတ္ထု၊ အစားအစာ ရုပ်ပစ္စည်း တွင်မဆို အကောင်းအဆိုး၊ အကြောင်း နှင့်အကျိုး ဒွန်တွဲ၍ နေကြသည်မှာ လောကသဘာဝပင် ဖြစ်ပါသည်။

"ဆိုး"တာကို ဖယ်(ပယ်)၍ "ကောင်း"တာကို သယ်(ယူ)တတ်ရန် အတွက် အသိပညာ အတွေ့အကြုံနဲ့ ဗဟုသုတ ရှိထားကြမည်ဆိုလျှင် မည်သူမဆို ကောင်းကျိုးရလဒ်ကို ခံစားကြရမည် ဖြစ်ပါသည်။

**"ငါး...မှာ... ငါးသလောက်... မယားမှာ ဆံတောက်"** ဆိုတဲ့ ဆိုရိုးစကားရပ်လေးကို လူတိုင်းနီးပါး သိထားကြမည်ဟု ထင်ပါသည်။

သို့သော် ပညာရှင်များ ဆိုလိုသည့် သဘောအဓိပ္ပါယ်ကိုတော့ သိကြသည့်သူ အတော်နည်းပါးကြပါလိမ့်မည်။

ရေသတ္တဝါ ငါးအမျိုးမျိုးရှိကြသည့် အထဲမှာမှ ငါးသလောက် ငါးကိုမှ လောကီအာရုံ ကာမဂုဏ် ချမ်းသာ၏။ အညွန့်အဖူး ထူးကဲလှတဲ့ အာရုံဖြစ်သော ပျိုရွယ်နုနယ်သော ဆံတောက် ဖားဖားနဲ့ မိန်းမပျိုလေးနှင့် နှိုင်းယှဉ်တွဲစပ်၍ ထင်တူပြုထားခြင်းသည်...

ငါးသလောက်ငါး၏ ကောင်းလှသည့် ရသာအာရုံထူးရှိသည့် ငါးမျိုးဖြစ်သည်မှာ ထင်ရှားပေါ်လွင်နေပါသည်။

ထို့ကြောင့်လည်း ငါးသလောက်ငါးသည် ရှေးမြန်မာများ လွန်စွာ ကြိုက်နှစ်သက်စွာ စားသုံးကြသော မြန်မာ့အကြိုက် (Favourite)ငါးတစ်မျိုး ဖြစ်နေပြီး...

စားသောက်ဆိုင်၊ အလှူတော် မင်္ဂလာပွဲတိုင်းတွင် ပါဝင်အသုံးတော်ခံနေကြ တော်ဝင်ဟင်းလျာ စာရင်းဝင် ဖြစ်ပေသည်။ ငါးသလောက်ကို မိမိတို့နှစ်သက်သလို အမျိုးမျိုး ပြုလုပ်စားသုံးကြသော်လည်း တခြားငါးများထက် ထူးကဲစွာ...

**"ငါးသလောက်ကို အသားလျှော ချောအောင်လုပ်ပြီး ရှာလကာရည်၊ သံပုရာရည် ဖြင့်နယ်၍ (၃)နာရီလောက် စိမ်ထားပြီးမှ ကြက်သွန်ဖြူနှင့် ပေါင်းလင်းပိန်းပိန်းလှီး၍ နံနံပင် ရှောက် မြိတ်တို့နှင့် တွဲစပ်၍ စားသုံးသော ငါးသလောက် အစိမ်းသုပ်ဟင်းပွဲကလည်း အရသာတစ်မျိုးထူးကဲပြီး လူကြိုက်များ သည့် ဟင်းပွဲ ဖြစ်ပါသည်။**

တစ်ဖန် ငါးသလောက်ကိုပေါင်းပြီး တည်ခင်းသည့် ငါးသလောက်ပေါင်းဟင်းကတော့ အိမ်တိုင်းနီးပါး မရိုးနိုင်သော ဟင်းပွဲဖြစ်ပြီး အလှူမင်္ဂလာပွဲများတွင်လည်း အများဆုံး ကျွေးမွေးညှိခံသည့် တော်ဝင်ဟင်းပွဲဖြစ်နေပါသည်။

နောက်တစ်မျိုးအနေဖြင့် **"ရေချို ကဝက်ကင်း"** ပင်ရင်းနေရာဒေသဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသများတွင် ဖမ်းပြီးကာစ လတ်လတ်ဆတ်ဆတ် ရေချိုကဝက်ကင်း ငါးသလောက် "အိပ်စပို့ထန်းဒင်" (၁)ပိဿာ အထက် အကောင်ကြီးတစ်ကောင်လုံးကို **မြစ်ကမ်းနံဘေးမှာပင်** (Country Style) **သဘာဝရွှံ့စေးမြေဖြင့် အုံ၍ မီးပြီး...**

ကောက်ရိုးမီးဖြင့် လည်းကောင်း၊ ငါးသလောက်ကောင်လုံး မံထားသည့် ရွှံ့လုံးကြီးကို အပေါ်ကရွှံ့များ ကွဲ ခြောက်သွားသည်အထိ မီးဖုတ်လိုက်ပြီး...

လက်ဖြင့် ကိုင်နိုင်သည့် အပူရှိန်လောက်မှာ အပေါ်ယံက ရွှံ့ခြောက်များကို ခွာလိုက်တဲ့အခါ ငါးသလောက် အကြေးခွံနဲ့ အရေခွံများသည် ရွှံ့ခြောက်အခွံမှာ ကပ်ပါသွားပြီး ယင်းအောက်မှာ ဖွေးဥပြီး စိုရွှဲဆူဖြိုးနေသည့် ငါးသလောက်ကင်ပြီး အသားဖွေးမြ၍ သွားရည်ယိုလောက်သည့် အသားများကို အရိုးထွင်း၍ယူပြီး...

ယခင် ငါးသလောက် အစိမ်းသုပ် သကဲ့သို့ ကြက်သွန်နီ၊ ပေါင်းလင်း ရှောက်စိမ်း၊ သံပုရာရည်တို့ဖြင့် သုပ်ထားသည့် ငါးသလောက် Country



www.burmeseclassic.com

www.burmeseclassic.com

Style) ရွံ့မံ မီးအုံ ငါးသလောက် အသုပ်ပွဲသည် တစ်ခါစားမိခဲ့လျှင် နှုတ်သုဒ္ဓါနဲ့ပင် မလဲနိုင်ပါဟု ဩချ လောက်အောင် ပြောစမှတ် တွင်နေပါ လိမ့်မည်။

ထိုသို့ ကောင်းမွန်လှသော အရသာ အပေါင်းနှင့် ပြည့်စုံနေသော ငါးသ လောက်ငါးတွင်လည်း ကျန်းမာရေး ဆေးပညာ အမြင်အရ ဆန်းစစ်ကြည့် လျှင် ကောင်းကျိုး ဆိုးပြစ် နှစ်မျိုး ခွန်တွဲ၍နေသည်ကို တွေ့ရပါသည်။

ဤအဆိုပြုချက်ကို "**ငါးသလောက်သည် ချိုဆိမ့်၏။ ဆူဖြိုး၍ နှုတ်ကို မြိန်စေတတ်၏။ ဝမ်းမီးကို ပွားစေတတ်၏။ သည်းခြေကိုနိုင်၏။ ကာမ ဝုဏ်သုက်ဓာတ်ကို ပွားစေ၏**"ဟု မြန်မာ့အာဟာရဗေဒ - ဥတုဘောဇန သင်္ဂဟကျမ်းက အတည်ပြု ဖော်ညွှန်း ပြခဲ့ပါသည်။

ထို့အတူ ခေတ်မီ အာဟာရဗေဒ ဆေးသိပ္ပံသုတေသီများကလည်း ငါး သလောက်ငါးတွင် အိုမီဂါ (၃) Fatty Acid အဆီဓာတ်ပေါကြွယ်ဝသောကြောင့် အာဟာရဓာတ်ကြွယ်ဝသည့် ငါးမျိုး ဖြစ်ကြောင်း ညွှန်းဆိုကြပါသည်။

ဤနေရာတွင် ဥပမာတစ်ခု ပြရ သော်...

စွမ်းအားကောင်းမွန် ထက်မြက်လှ သော "ဂျက်...အင်ဂျင် ပါဝါစက်"ကို သာမန် ရိုးရိုးကားဘော်ဒီအိမ်မှာ တပ် ဆင်၍ ပါဝါ အင်ဂျင်စက်ကို မောင်း နှင်မည်ဆိုလျှင် ပါဝါဂျက် အင်ဂျင်၏ စွမ်းအားကို သာမန်ကားဘော်ဒီအိမ် က မခံနိုင်ဘဲ တစစီ ပြုတ်ထွက်၍ ပျက်စီးရသည်မှာ ကျိန်းသေပင်ဖြစ်ပါ သည်။

ထိုဥပမာအတိုင်း ငါးသလောက်ငါး ၏ကောင်းမွန်ထူးကဲလှသော အရသာ အာဟာရဓာတ်ကို စားသောက်သုံး ဆောင်သော ပုဂ္ဂိုလ်၏"**ဝယ**"**အရွယ် အသက်ပိုင်းခြားနှင့် ရောဂါအခံ ရှိခြင်း၊ မရှိခြင်း**ကို မူတည်၍ ကောင်း ကျိုးဆိုးပြစ်ကို ဖြစ်စေပါသည်။

"သွေးသား ဆူဖြိုး တက်ကြွ၍ ငယ်ရွယ်သောပုဂ္ဂိုလ်များ" ငါးသလောက် ငါးကို စားသောက်သုံးဆောင်ကြမည် ဆိုလျှင် အိပ်ကောင်း၊ စားကောင်း၊ သွေးအားကောင်းပြီး ကာမဂုဏ် ရေယာဉ်ကြောမှာ မျော၍ ကောင်းလှပါ သော်လည်း...

"သက်လတ်ပိုင်း (၄၀)ကျော် (၅၀) အရွယ်များနှင့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ လေငန်းစသော မူလရောဂါ အခံရှိသောပုဂ္ဂိုလ်"များငါးသလောက် ငါး စားလိုက်လို့ကတော့ အန္တရာယ် လမ်းကို လှမ်းရသလို "မစွမ်းရင်းရှိသူ များမို့ ကန်စွန်းခင်းငြိပြီး မရဏလမ်း သို့ မြန်းကြသူများပင် မနည်းလှပါ"ဟု ဆိုရပေမည်။

ထို့ကြောင့် "ငါးမှာ ငါးသလောက်... မယားမှာ ဆံတောက်" ဆိုတဲ့ စကား ရပ်ကို အားကျပြီး ဝမ်းသာအားရ ငါးသလောက်ကို စားကြမည်ဆိုလျှင် မိမိတို့၏ သက်ရွယ် ဝယ ခန္ဓာမှာရ နေသော ရောဂါဘယများကို ချင့်ချိန် နှိုင်းဆ၍ စားကြပါဟု...

စာရေးသူမှ နှိုးဆော်၍ အစား မတတ်၍ ဘေးမရောက်ရအောင် စား တတ်ပြီး ဆေးဖြစ်၍ ကျန်းမာကြစေ ရန် ရေးသား တင်ပြလိုက်ပါသည် ခင်ဗျား...

***လူသားတိုင်း- စားသမျှဆေးဖြစ်၍ ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။***

မင်းချမ်းမြေ့ (ပုသိမ်)

**စာမျက်နှာ (၁၃၉)မှ အဆက်**

ကျွန်တော့်ဆီ ရောက်လာတယ်။ ခုန ပြောသလို ကုလိုက်တာ ခုဆို ကလေး တောင်ကြီးလှပေါ့'

'သိသလောက် ပျောက်ခဲ့သူ အရေအတွက် ပြောပါဦး'

'စာအုပ်နဲ့ မှတ်ထားတာ၊ ရေတွေ့ တက်တော့ ရေတိုပြီး ပြီစုတ်သွားလို့ အားလုံး မမှတ်မိတော့ဘူး။ မှန်းခြေ လူ(၆၀)ကျော်ပျ။ ကွမ်းညှပ်စင်ရွာက (၉)ဦး၊ မီးလောင်ရွာက(၂)ဦး၊ အင်ကြင်းစင်ရွာက(၃)ဦး ဒါတော့ မှတ်မိတယ်'

ကွမ်းညှပ်စင်ရွာဆိုတာ **ဗန်းမော် ဆရာတော်ကြီး မွေးဖွားရာဇာတိ ချက်မြှုပ်ရွာလေးပါ။** ဒီရွာထဲမှာ ဟိုတုန်းက "ပြည်"မြို့သိမ်းရာ "ရှင်တစ်ဆူ၊ လူတစ်ယောက်"သာ ရခဲ့သည်။ လူတစ်ယောက်ဆိုတာ "**ထောင်ငယ်**"ပါ။ သူ တည်ခဲ့တဲ့ "**အနန္တဇေယျသိဒ္ဓိ**" ဘုရားစေတီ ကွမ်းညှပ်စင်ရွာလယ်မှာ ယနေ့တိုင် ဖူးနိုင်ပါတယ်။

နောက်ဆုံး နိဂုံးချုပ်ရပါတော့မယ်။ တကယ်လို့များ ဆေးကုချင်သူများ **ဆေးညှပ်(နဂါးခင်းဝမှန်း) လိုချင်သူ များ ပဲခူးတိုင်းဒေသကြီးအနောက် ရွှေတောင်မြို့၊ ကြာနီကန်ရပ်၊ ရွှေနတ်တောင်လမ်း၊ •အိမ်အမှတ် (၃) "ဦးလှသန်း+ဒေါ်ဘုတို့"အိမ် ဝိုးမေးပါဆိုရင် ရောက်ပါပြီ။**

"ရွှေနတ်တောင် ဘုရားကြီးသို့" ဆိုင်းဘုတ်မှဦး အဝင်နားမှာလည်း ဦးလှသန်း+ဒေါ်ဘုတို့၏သား ကျော်မိုး ကြီး ကွမ်းယာဆိုင်ဝင်ပြီး ကွမ်းစားရင်း အရောက်သွားကြပါ။

လူ့အသက်တစ်ချောင်း မသေ ကောင်းစေဖို့ မေတ္တာရှေ့ထားပြီး ရေး သားလိုက်ရပါတယ်။

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာ ကြပါစေ။***

**ရွှေမော်မြေ့ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း
အမှတ်တံဆိပ်
# သွေးတိုးကျဆေး
# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမြင့်ရေ၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မကကိုလဲ ပြောအုံးလေ" "လာပါ မမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ပါသွားအုန်းမှပဲ" "ဒီမှာ မမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်။ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၀၈၉၁၊ ၅၂၅၄၃။

---



www.burmeseclassic.com

www.burmeseclassic.com

ရွှေဘော်မြေ
ဖောင်ကြာသိန်း

မြွေဆိပ်ဖြေပေးတဲ့

# နဂါးမင်းဂမုန်း

ကြာနီကန်ရပ်ကွက်၊ ရွှေနတ်တောင်လမ်းက ဦးလှသန်းဆီမှာ မြွေဆိပ်ဖြေပေးတဲ့ ဆေးမြစ်ဥ ရှိနေတယ်ဆိုတာ စာရေးသူ သိနေတာ ကြာပြီ။

ဒီနေ့ (၃-၁၂-၁၃)ရက်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် သူ့အိမ်ကို ရောက်သွားတယ်။ အခန့်သင့်ပဲ သူ့အိမ်ရှေ့မှာ အလုပ် လုပ်နေတာ တွေ့တော့...

'ကိုလှသန်းဆီမှာ မြွေကိုက်ရင် အဆိပ်ဖြေပေးတဲ့ ဆေးမြစ်ဥရှိတယ်ဆို ကျွန်တော့် ပြစမ်းပါ။ ပြီးတော့ ကျွန်တော်တို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးကနေ တစ်နိုင်ငံလုံး သိအောင် ရေးပြီးတင်ပြလိုက်မယ် ခွင့်ပြုမှာလား'

'ရေးပါဗျာ ခွင့်ပြုပါတယ်'

'ဒီဆေးပင်ကို အမည်ဘယ်လိုပေးထားလဲ'

'**နဂါးမင်းဂမုန်း**လို့ ခေါ်ပါတယ်'

'ဘယ်ကစပြီး ဒီအပင်ရတာလဲ'

'ကျွန်တော့်အဘ (ဦးထွန်းကြိုင်)က မိုးရာအမွေ လက်ဆင့်ကမ်းပေးတာပါ။ အဘဇာတိက **လက်ပံတန်းမြို့နယ်၊ ထင်းနိုက်ကွင်းရွာ**ကပါ။ ကျွန်တော့်ဇာတိလဲ ဒီရွာဇာတိ။

အဘက နွားရောဂါကုတယ်။ နွားမြွေကိုက်တဲ့ခါ ဒီနဂါးနိုင်ဂမုန်းဥနဲ့ပဲ ကုတာပါ။ အဲဒါ အဘက ငါ့မြေး လှသန်းကို ဒီပစ္စည်း အမွေပေးခဲ့မယ် ဆိုပြီး ဒီအပင်ရော ဆေးကုနည်းပါ ပေးခဲ့တာပဲ'

'ကဲ ဒါဆိုလဲ အဲဒီအပင်မှတ်တမ်း တင်ရအောင် နုတ်ပြပါ'

ဆိုတော့ (ပုံပါအတိုင်း) နုတ်ပြပါ



◆ မြွေဆိပ်ဖြေပေးတဲ့ နဂါးမင်းဂမုန်းပင်



www.burmeseclassic.com

www.burmeseclassic.com





◆ ဆေးဆရာဦးလှသန်းပုံ

◀ နဂါးမင်းကမုန်းဥနှင့် ဦးလှသန်း

တယ်။

အပင်ပုံသဏ္ဌာန်က **နနွင်းပင်**ကဲ့သို့ ဖြစ်ပြီး ရွက်ပြားကြီး၊ ရွက်ကြောပြိုင် အပင်အမြင့်(၃)ပေခန့်သာရှိပြီး ရိုးတံ ပျော့ပါတယ်။ နွေရောက်ရင် အပင်ကျ ပြီး ဥများ ကျန်ခဲ့ပါတယ်။

ဥသဏ္ဌာန်က **"သရက်ကင်းဥ"** ကဲ့သို့ရှိပြီး ရေဆေးပြီး စာရေးသူ စားကြည့်ရာ ရှတတဖြစ်ပြီး "သရက် ကင်း"ဝါးစားရသလို အရသာရှိပါ တယ်။

ချိုးကြည့်ရင် "ဆတ်"တဲ့သဘော ရှိပြီး ဥအရောင်က **အဖြူနဲ့အဝါ နှစ်ရောင်** စပ်သလိုမျိုး ရှိတယ်။ ဦးလှသန်းကလဲ ဝါးစားပြတယ်။

စာရေးသူလဲ ဝါးစားကြည့်တယ်။ ကျောက်ကပ်ကို ဆေးကြောပေးတဲ့ အာနိသင်ရှိကြောင်း၊ **"မြွေပွေး" "မြွေဟောက်"** ကြိုက်ရာကိုက် အချိန်မီရောက်လာရင် သေချာပေါက် ပျောက်စေတဲ့ **"နဂါးမင်းကမုန်းဥ"** ဖြစ်ကြောင်း ရှင်းပြပါတယ်။

'ကဲ ဒါဆို ခင်ဗျားကုလို့ ပျောက်တဲ့ သူ ပြောပါဦး'

ဆိုတော့...

'ကသည်းတန်းက ဦးစိန်ကုလား မြွေပွေးကိုက်ခံရလို့ လာတယ်။ ကြေးနီ ဝါထန်းကုန်းမှာ "ကောက်ညှင်းဆိုင်း" ပွဲတော်ရှိတယ်။ အဲဒီကအပြန် "ချော့ခေါ်"ကုန်းအဆင်းမှာ သူ့ခြေ ထောက်ကို မြွေပွေး ကိုက်လိုက်တယ် ဗျ။

ရိုက်စရာတုတ်က မရှိလို့ ဖနောင့်နဲ့ မသေမချင်း ပေါက်သတ်တယ်တဲ့ဗျ။ အဲဒါ မြွေက(၃)ခါတိတိ ကိုက်တယ်။ နောက်ဆုံး မြွေဦးခေါင်းပေါက်မိမှ မြွေ လဲသေရော အဲဒီမြွေကြီးကိုင်ပြီး စက်ဘီးစီးပြီး ကျွန်တော့်ဆီ အရောက် လာတယ်ဗျ'

"ကတည်းတန်း"ဆိုတာ ဟိုးရှေး က "ကသည်း"လူမျိုးတွေရှိတာကို အစွဲပြုပြီး "ကသည်းတန်း" လို့ခေါ်





www.burmeseclassic.com

တာပါ။ မိုးကုတ်မှာလဲ ပတ္တမြားထွက်လို့ ကသည်းတွေ လုကောက်ရင်းရိုက်လို့ "ကသည်းရိုက်တောင်" ဆိုတာ ရှိကြောင်း မှတ်သားဖူးပါတယ်။

ကျွန်တော်တို့ ရွှေတောင်မြို့နယ်မှာ တချို့ရွာတွေမှာ "ကောက်ညှင်းဆိုင်း" တွေ ထုပ်ပြီး တစ်အိမ်နဲ့တစ်အိမ် ပေးဝေပြီး ဒါနပြုကြလို့ "ကောက်ညှင်းဆိုင်း" ပွဲတော်ရယ်လို့ နှစ်စဉ် ကျင်းပကြပါတယ်။

"ချော့ခေါ်" ဆိုတာကတော့ ဒွတ္တပေါင်မင်းကြီး သူ့မိဖုရား ပန်ထွာဘုရင်မခေါ် ဗိသနိုးဘုရင်မကို ရွှေနတ်တောင် ဘုရားဖူးရင်း ပြုပြင်ရန် ခေါ်ဆိုရာ မလိုက်၍ မယားမာန်တော့ **"မယားမာန်"** ရွာ ချော့ခေါ်ရလို့ **"ချော့ခေါ်"** ရွာရယ်လို့ မှည့်ခေါ်ကြောင်း...

ဘီစီ(၅)ရာစု သက္ကရာဇ် ၂၅၀ ပြည့်နှစ်ကဖြစ်ကြောင်း၊ **ပဲခူးတိုင်း ဒေသကြီး၊ ရွှေတောင်မြို့နယ်၊ အမိုင်းဝင် ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသမိုင်းမှာ** ရေးသားထားတာကို မှတ်သားရပါတယ်။

'အဲဒီ ဦးစိန်ကုလားဟာ အိမ်ရှေ့လဲ ရောက်ရော အပမိုလာပြီး အယုတ္တ အနတ္တ ဆဲဆိုပြီး...

"ဟော့ကောင်လှသန်း ငါ့ကို ဆေးကုနိုင်မလား၊ ဒီမှာ ငါ့ကိုက်တဲ့ မြွေပွေးကြီး"

တဲ့။ မုန်းခြေ (၂)ပိသာလောက်ရှိမယ်။ ဒီတော့ ကျွန်တော်က ဘုရားအာရုံပြု ရေမန်းနဲ့ပက်ပြီး...

"ဟော့ကောင် စိန်ကုလား ဒီမြွေလောက်



မြွေပွေးကိုက်၍ ပျောက်ကင်းသည့်
မိနကေသလေးမုံ

တော့ လှသန်းတို့က အပျော့ပဲကွ။ ကဲ... လာ ဒီမှာထိုင်"

ဆိုပြီး ကျွန်တော်က နဂါးမင်းဂမုန်းဥ လက်(၃)သစ်ခန့်ကို ရေစင်အောင်ဆေး ပြီးတော့ မတ်ခွက်ထဲ အိမ်သုံးဆား(၁)ဇွန်း ဟင်းခပ်ဇွန်းခန့် ထည့်မွှေတယ်။ ပြီးတော့ ခုန လက်(၃)သစ်ခန့် နဂါးမင်းဂမုန်းဥကို ဝါးစားခိုင်းလိုက်တယ်၊

ဝါးစားလိုက် ရေသောက်လိုက်နဲ့ ဥလဲကုန်ရေလဲကုန်ရော "ဆီးသွားချင်လိုက်တာ လှသန်းရာ"ဆိုပြီး ဆီးတွေလဲ သွားရော ထစ်ခါတည်း မြွေဆိပ်လဲပြေပြီး အကောင်း ပကတိ ဖြစ်သွားရောဗျို့။

တချို့က မြွေကိုက်ရင် ရေမတိုက်ရဘူးတဲ့။ ကျွန်တော်နဲ့က ဆန့်ကျင်ဘက်ဗျ။ မြွေဆိပ်က ကျောက်ကပ်ကို ပျက်စီးစေတာဗျ။ ခုန ဆေးဥက ကျောက်ကပ်ကို ဆေးကြောပေးတာ၊ ဆီးများများသွားလေ ကောင်းလေပဲဗျ။

နောက် (၂)ရက်ဆက်ပြီး ကျွေးတယ်။ စားတယ်။ သက်သာ ပျောက်ကင်းသွားပါတယ်ဗျာ။ မြွေကိုက်လို့ မသေပေမယ့် နောက်(၃)နှစ်မှာ အရက်ကြောင့် ဆုံးရှာပါပြီဗျာ'

'ဩော် ဟုတ်လား'

'ကဲ နောက်တစ်ဦးပြောပါဦး'

'နောက်တစ်ဦးကမိန်းကလေး (ပုံပါအတိုင်း) အမည်တော့ နှစ်ကြာ၍ မမှတ်မိတော့ကြောင်း၊ သူလေးက ဒေါင်းစွန်သချိုင်းနားက လယ်မှာ လယ်စိုက်တုန်း မြွေပွေးကြေးနီ အကိုက်ခံရတာဗျ'

'ဒါနဲ့ မြွေပွေးကြေးနီလို့ ဘာပြုလို့ ခေါ်တာတုံး'

'သူ့အရောင်က သာမန်မြွေပွေးလို မဟုတ်ဘူး။ အရောင်က နီကြောင်ကြောင် အရမ်းအဆိပ်ပြင်းတဲ့ မြွေမျိုး။

အဲဒီကလေးမလေး အိမ်ရောက်လာတယ်။ မျက်နှာတောင် ပြာနေပြီ။ ခုန ပြောသလိုမျိုး လက်(၃)သစ်လောက် ဝါးစားခိုင်းတယ်။

ရေမတ်ခွက်တစ်ခွက် ဆားခတ်ပြီး တိုက်တယ်၊ နဂါးမင်းဥလဲကုန်၊ ရေလဲကုန်ရော အကောင်းပကတိနဲ့ ခုထိ ရှိပါသေးတယ်ဗျာ။

ကွမ်းညှပ်စင်ရွာက "မခင်ဥ" သူလဲ ဗွီဒီယိုကြည့်ဖို့ ရွှေတောင်ကိုလာတာ။ ဒီတုန်းက ဗွီဒီယိုပြသူက "ဦးကြည်ဝင်း"ရုံဗျ။ ခု စာရေးသူအိမ်ဘေးပေါ့ဗျာ။

အဲဒါ မြွေပွေးကြီးကိုင်လာပြီး

www.burmeseclassic.com

# နှစ်ဆန်းတစ်ရက်နေ့မှာ ဒီယတြာချေပါ (၁)



ဘာလာကဲဖြေ (မကွေး)



တစ်နေ့သော အခါသမယတွင် ကျွန်တော့် မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၅၀)ကျော်သာရှိသော သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသည့် အမျိုးသမီးကြီးတစ်ဦး ရောက်လာခဲ့လေသည်။

ထို ဒေါ်ထားထားသည် ကျွန်တော့်ဆီ ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် "တို့ဆရာရေ" ဟူသည့် အာလုပ်စကားဖြင့် စတင် ပြောဆိုတတ်လေ့ရှိသူ တစ်ဦးလည်း ဖြစ်ပေသည်။

'တို့ဆရာရေ အခုလာမယ့် နှစ်ဆန်းတစ်ရက်နေ့ရောက်ရင် မြင်ကွန်းမြို့မှာရှိတဲ့ ရှင်အဋ္ဌဂေါဏ ထွက်ရပ်ပေါက်ခဲ့တဲ့ အလိုတော်ပေါက်ဘုရား(ဘုရားသုံးဆူ)

သူ့တပည့် မောင်ကျော်စွာ+မယ်သော်တာတို့ ဇနီးမောင်နှံ တည်ထားခဲ့တဲ့ ပုဂံမျှော်ဘုရား၊ ရွှေနန်းပေါက်ဘုရား၊ တစ်ဝဝှဘုရား၊ လေးမျက်နှာဘုရား၊ ငါးမျက်နှာဘုရားတွေမှာ နေ့ချင်းပြီး အဓိဋ္ဌာန်ပုတီး သွားစိပ်မလို့ ဆရာကော လိုက်ဦးမလား'

ဟု စကားဆိုလာသဖြင့် ကျွန်တော်က...

'မလိုက်နိုင်ပါဘူး ဒေါ်ထားထားရယ်၊ အဲဒီနေ့မှာ ကျွန်တော့်ဗေဒင်ပရိသတ်တွေကို နှစ်ဆန်းတစ်ရက်နေ့ (အထူးယတြာ)တွေ ဝေငှရဦးမှာဗျ'

ဟု ပြန်ပြောလိုက်သည်။

'အလိုလေး...တို့ဆရာရေ ကျုပ်လိုတပည့်အရင်းအချာကြီးကို ကျော်ပြီး ဘယ်သူတွေကို ဘယ်လိုယတြာတွေ ပေးဦးမလို့လဲ၊ အံ့ပါရဲ့...အံ့ပါရဲ့...ဒါပဲနော်...တို့ဆရာ ကျုပ်ကို ဗေဒင် သင်မပေးချင်တော့ဘူးဆိုရင် ရှင်းရှင်းပြော။ ဝေ့လည်ကြောင်ပတ်တော့ မလုပ်နဲ့။ မရဘူး...မရဘူး... ကျုပ်ကိုသူတို့ အရင် အဲဒီယတြာတွေ ပြောပြရမယ်။ သင်ပေးရမယ်'

'အဲဒီလို မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားကို ကျွန်တော်က အဲဒီနှစ်ဆန်းတစ်ရက် မရောက်ခင် တစ်ရက်,နှစ်ရက်လောက် အလိုကျမှ ပြောမလို့ စဉ်းစားထားပြီးသားပါ။ အခုလို ခင်ဗျားမှာ အဓိဋ္ဌာန်ပုတီးစိပ်ဖို့ အစီအစဉ်ရှိမယ်လို့လဲ ထင်မထားဘူးလေဗျာ။

ဒီတော့လဲ ဘာမှ မပူပါနဲ့၊ ကျွန်တော် ခင်ဗျားကို နှစ်ဆန်းတစ်ရက်နေ့မှာ ချေရမယ့် ယတြာကို အခု ပြောပြပေးလိုက်ပါမယ်။

တနင်္ဂနွေသားသမီးကနေ စနေသားသမီးအထိပေါ့။ ကဲ...သေသေချာချာ စာနဲ့ ရေးမှတ်သွားပေတော့။ နှစ်ဆန်းတစ်ရက်နေ့ ယတြာကို နှစ်ဆန်းတစ်ရက်နေ့မှာ နေ့သားသမီးအလိုက် ချေလိုက်ခြင်းအားဖြင့် အဲဒီတစ်နှစ်တာပတ်လုံး ကိုယ့်မှာ ကျရောက်လာနိုင်တဲ့ ဘေးအန္တရာယ်အမျိုးမျိုးကို အလိုလို ကာကွယ်တားဆီးပြီးသား ဖြစ်သွားလိမ့်မယ်။

နောက်ပြီး မိမိရဲ့ကြိုးစည်ရာ ကောင်းမွန်တဲ့ လုပ်ငန်းကိုင်ငန်း မှန်သမျှလဲ အခက်အခဲ အတားအဆီးမရှိ အောင်မြင်မှု ရရှိစေလိမ့်မယ်'

'ဟုတ်ကဲ့ပါ တို့ဆရာရေ ကျုပ်ကို အခုပဲ ပြောပြပေးပါတော့'

'**တနင်္ဂနွေနေ့သားသမီး**လို့ ခေါင်းစဉ်တပ်ဗျာ'

'တပ်ပြီးပြီ ဆရာ'

## တနင်္ဂနွေသားသမီးများ

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် မိမိတို့၏ **ဘုမ္မိဖြစ်သော တောင်အရပ်၌ သစ်ငုတ်တိုတစ်ခုကို ရှာ၍ ထိုသစ်ငုတ်တိုနားမှာ နောက်ပြန်ရပ်ပါ။**

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ မကောင်းသောအဟိတ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲကဖြစ်စေ ရွတ်ဆိုရမည်။

ထို့နောက် **မိမိ၏ အာယုအရပ်ဖြစ်သော အရှေ့အရပ်**တွင်ရှိသည့် အုန်းပင်ကိုဖြစ်စေ (သို့မဟုတ်) အနှစ်ရှိသော သစ်ပင်ကိုဖြစ်စေ (သို့မဟုတ်) နတ်ရဲသစ်ပင်၊ တစ်ပင်ပင်ကိုဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

## တနင်္လာသားသမီးများ

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော အနောက်တောင်ထောင့် အရပ်၌** သစ်ငုတ်တိုတစ်ခုကိုရှာ၍ ထိုသစ်ငုတ်တိုနားမှာ နောက်ကျောပေး အနေအထားနှင့် ရပ်လိုက်ပါ။

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ၊ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲကဖြစ်စေ ရွတ်ဆိုပြီး ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇) ချက် ကန်ကျောက်ပေးပါ။

ထို့နောက် **မိမိ၏ အာယုအရပ်ဖြစ်သော အရှေ့တောင်ထောင့်အရပ်တွင်ရှိသည့် ကုက္ကိုပင်(သို့မဟုတ်) တံ့ကော်ပင်ဖြစ်စေ (သို့မဟုတ်) အနှစ်ရှိသောသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နတ်ရဲသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း များ တောင်းပါလေ။

## အင်္ဂါသားသမီးများ

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော အနောက်အရပ်၌** သစ်ငုတ်တိုတစ်ခုကိုရှာပြီး ထိုသစ်ငုတ်တိုနားမှာ နောက်ကျောပေး ရပ်ရမည်။

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ၊ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲကဖြစ်စေ ရွတ်ဆိုရမည်။

ထို့နောက် **မိမိ၏အာယုအရပ်ဖြစ်သော တောင်အရပ်တွင်ရှိသည့် ညောင်ပင်(သို့မဟုတ်) ဆီး(ဇီး)ပင်ဖြစ်စေ (သို့မဟုတ်) အနှစ်ရှိသော သစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နတ်ရဲသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

## ဗုဒ္ဓဟူးသားသမီးများ

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော အနောက်မြောက်ထောင့် အရပ်၌ သစ်ငုတ်တိုတစ်ခုကိုရှာပြီး** ထိုသစ်ငုတ်တိုနားမှာ နောက်ကျောပေး ရပ်ရမည်။

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ၊ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲကဖြစ်စေ ရွတ်ဆိုပေးပါ။

ထို့နောက် **မိမိ၏အာယုအရပ်ဖြစ်သော အနောက်တောင်ထောင့် အရပ်တွင်ရှိသည့် လက်ပံပင် (သို့မဟုတ်) ဝါးပင်ကိုဖြစ်စေ(သို့မဟုတ်) အနှစ်ရှိသောသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နတ်ရဲသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

## ကြာသပတေးသားသမီးများ

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော အနောက်မြောက်ထောင့် အရပ်၌ သစ်ငုတ်တိုတစ်ခုကိုရှာပြီး** ထိုသစ်ငုတ်တိုအနီးမှာ နောက်ကျောပေးရပ်ပါ။

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ၊ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲကဖြစ်စေ ရွတ်ဆိုရမည်။

ထို့နောက် **မိမိ၏အာယုအရပ်ဖြစ်သော အနောက်မြောက်ထောင့် အရပ်တွင်ရှိသည့် ပေါက်ပင်(သို့မဟုတ်)ပိန္နဲပင်ကိုဖြစ်စေ(သို့မဟုတ်) အနှစ်ရှိသောသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နတ်ရဲသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

## သောကြာသားသမီးများ

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော အရှေ့တောင်ထောင့်အရပ်၌** သစ်ငုတ်တိုတစ်ခုကိုရှာပြီး ထိုသစ်ငုတ်တို အနားမှာ နောက်ကျောပေး ရပ်ရမည်။

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ....

'မကောင်းသောဘေး မကောင်းသောကံ၊ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

www.burmeseclassic.com

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲက ဖြစ်စေ ရွတ်ဆိုပေးရမည်။

ထို့နောက် **မိမိ၏ အာယုအရပ်ဖြစ်သော အရှေ့မြောက်ထောင့်အရပ်တွင်ရှိသည့် သီဟိုဠ်ပင်(သို့မဟုတ်) သရက်ပင်ကိုဖြစ်စေ (သို့မဟုတ်) အနှစ်ရှိသောသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နှတ်ရှိသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

---

စနေသားသမီးများ

---

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော မြောက်အရပ်၌ သစ်ငုတ်တိုတစ်ခုကို ရှာပြီး** ထိုသစ်ငုတ်တိုအနားမှာ နောက်ကျောပေး ရပ်ပါ။

ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲက ဖြစ်စေ ရွတ်ဆိုပေးပါ။

ထို့နောက် **မိမိ၏ အာယုအရပ်ဖြစ်သော အနောက်အရပ်တွင်ရှိသည့် ထန်းပင်(သို့မဟုတ်) ဒန်းပင်ကိုဖြစ်စေ(သို့မဟုတ်)အနှစ်ရှိသောသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နှတ်ရှိသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

---

ရာဟုသားသမီးများ

---

မည်သည့်နှစ်မဆို နှစ်ဆန်းတစ်ရက်နေ့တွင် **မိမိတို့၏ ဘုမ္မိဖြစ်သော အရှေ့အရပ်၌ သစ်ငုတ်တို တစ်ခုကို ရှာပြီး** ထိုသစ်ငုတ်တိုအနားမှာ နောက်ကျောပေး ရပ်ရမည်။



ပြီးလျှင် ထိုသစ်ငုတ်တိုကို အသက်အောင့်ပြီး ဖနောင့်ဖြင့် (၇)ချက်ကန် ကျောက်ရမည်။ မကန်ကျောက်မီ...

'မကောင်းသောဘေး မကောင်းသောကံ မကောင်းသောဒဏ် ကျွန်ုပ်အစား အသင်သစ်ငုတ်တို ခံရမယ်'

ဟု နှုတ်ကဖြစ်စေ၊ စိတ်ထဲက ဖြစ်စေ ရွတ်ဆိုပေးပါ။

ထို့နောက် **မိမိ၏ အာယုအရပ်ဖြစ်သော မြောက်အရပ်တွင်ရှိသည့် ရဲယိုပင်(သို့မဟုတ်) ရှောက်ပင်ကိုဖြစ်စေ (သို့မဟုတ်) အနှစ်ရှိသော သစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ၊ နှတ်ရှိသစ်ပင် တစ်ပင်ပင်ကိုဖြစ်စေ** ရေသွန်းလောင်းပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ တောင်းပါလေ။

ထိုသို့ ကျွန်တော်သည် ဒေါ်ထားထားအတွက် နှစ်ဆန်းတစ်ရက်နေ့ အထူးယတြာများကို ပြောပြပေးခဲ့လေသည်။ ထိုအခါ ဒေါ်ထားထားက...

'တို့ဆရာရေ ကျုပ် တကယ်မသိလို့ မေးတာပါနော်၊ ဒီယတြာကို နှစ်ဆန်းတစ်ရက်နေ့မှာ အကြောင်းအမျိုးမျိုးကြောင့် မလုပ်ဖြစ်ခဲ့ဘူးဆိုရင်၊ မလုပ်လိုက်မိဘူးဆိုရင် ဘယ်လို လုပ်နိုင်သေးလဲ'

'တကယ်လို့များ ကျွန်တော် ပြောခဲ့တဲ့ နှစ်ဆန်းတစ်ရက်နေ့ယတြာကို အကြောင်းကြောင်းကြောင့် မချေမိခဲ့ဘူးဆိုရင်၊ ချေချင်သပဆိုရင် ဘယ်လမဆို **လဆန်း(၁)ရက်နေ့ကနေ (၁၂)ရက်အတွင်း**မှာ ချေလို့ရပါတယ်။

ဒါပေမယ့် နှစ်ဆန်းတစ်ရက်နေ့ ယတြာကို တစ်ရက်ချေပြီး တစ်နှစ်ပတ်လုံး ကံအညံ့အဆိုး ပြေပျောက် လွင့်စဉ်မှာ မဟုတ်ဘူး။

လစဉ်လတိုင်း လဆန်း(၁)ရက်နေ့ကနေ (၁၂)ရက်အတွင်း မကြာခဏ ယတြာချေပေးမှပဲ အညံ့အခိုက်ပြေစေမယ်။ ဒီတော့ဗျာ (၁၂)လပတ်လုံး လစဉ် ယတြာချေမှသာ တစ်နှစ်ပတ်လုံး ကံကောင်းမယ်ပေါ့။ ဒါဟာ နှစ်ဆန်းတစ်ရက်နေ့ယတြာရဲ့ ထူးခြားမှု တစ်ရပ်ပဲလေ'

'ကျုပ် နားလည်သဘောပေါက်ပါပြီ တို့ဆရာရေ'

'ဟုတ်ပါပြီ ဒေါ်ထားထားရယ်၊ ဒါနဲ့ တစ်လက်စတည်း ပြောလိုက်ဦးမယ်၊ အဲဒီ နှစ်ဆန်းတစ်ရက်တည်းမှာပဲ လုပ်လို့ရတဲ့ အစီအရင်တစ်ခု ရှိသေးတယ်ဗျ'

'ဘယ်လို အစီအရင်မျိုးလဲ တို့ဆရာ'

'သူခိုး ဓားပြရန် ကာကွယ်ပေးတဲ့ အစီအရင်ပါဗျာ'

'အဲဒီ အစီအရင် တစ်လက်စတည်း သင်ပေးပါဦး ဆရာရယ်'

'ခင်ဗျားကတော့ ပညာလောဘကြီးရန်ကော၊ နောက်ရက်ကျမှ ပြန်လာခဲ့ ဟုတ်ပြီလား'

ထိုသို့ နှုတ်ခမ်းစူ၍ ဟောခန်းထဲကနေ အပြေးတစ်ပိုင်းထွက်သွားသည့် ဒေါ်ထားထား၏ပုံရိပ်သည် ကျွန်တော့် အမြင်အာရုံတွင် ဝေဝါး၍... ဝေဝါး၍...။

မွှော ဟာဝေ ရက္ခတီ မွေ့စာရီ

အာထက်ဇော်(မကွေး)



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အရိုးကျီးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန်
(ဆက်မှု-၁)




'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည့်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်၊ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'

(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉)

(ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃)

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထုံးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆ရ၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျှင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကိုဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (ဇက်မှ-၁)**




www.burmeseclassic.com

www.burmeseclassic.com

# သမီးပျိုကလေးမျှားအချက်

ဒီလိုလူမျိုးကို ရှောင်




**သရာကြီးဦးအောင်မြင့်**
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

သီလရှင်ဝတ်မယ်လို့ စိတ်ဆုံးဖြတ်ထားရင် ဖြစ်စေ၊ အပျိုကြီးလုပ်မယ်လို့ စိတ်ဆုံးဖြတ်ထားရင်ဖြစ်စေ ဒီ သင်ခန်းစာကို ဆက်ဖတ်ဖို့ မလိုတော့ပါဘူး။

ချစ်သူရည်စားထားဖို့၊ အိမ်ထောင်ပြုဖို့ စိတ်ကူးတွေရှိနေပြီဆိုရင် ဒီသင်ခန်းစာဟာ မဖတ်လို့ မဖြစ်ဘူး။

အခု ပုံတွဲဖော်ပြထားတဲ့ အမျိုးသားလူပျိုတစ်ဦးရဲ့ လက်ဖဝါးပြင်ကို ကြည့်ပါ။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်တို့ဟာ ရှည်းနည်းစီ ကောက်နေကြတယ်။ (က)၊ (ခ)၊ (ဂ)

ဒါဟာ လူတစ်ဦးရဲ့ အတွင်းစိတ်ဓာတ် တည်ကြည် ဖြောင့်မတ်ခြင်း မရှိဘူးဆိုတဲ့ အချက်ကို သိထားရမယ်။


လက်သူကြွယ်နဲ့ လက်သန်းကြားမှာ ခနေဗွေကြီးတစ်ခု ထင်ရှားနေတယ်။ (ဃ)

***




ဒီအပြင် တနင်္လာဂြိုဟ်ခုံပေါ်မှာလဲ နေဗွေတစ်ခု တွေ့ရသေးတယ်။ (င)

***





ကံလမ်း ထီးရိုးရှည်ကြီးကလဲ တနင်္လာဂြိုဟ်ခုံပေါ်က စတင်ထွက်ပေါ်ပြီး လက်ခလယ်ရင်း စနေဂြိုဟ်ခုံမှာ သစ်ပင်သဏ္ဍာန်ဖြစ်နေတယ်။ (စ)

ဖိဘလက်ထက်မှာကတည်းက သိန်းပေါင်း




www.burmeseclassic.com

www.burmeseclassic.com




များစွာ ကြွယ်ဝချမ်းသာမှာဖို့ လူပျိုတဝမှာ ပညာ၊ ဥစ္စာ၊ ရုပ်ရည်၊ ဆွေဂုဏ်မျိုးဂုဏ် အဖက်ဖက်က ပြည့်စုံနေပါလိမ့်မယ်။

***




ဒါကြောင့် လက်သန်းအောက် နှလုံးလမ်းကြောင်းအစမှာ **မြားဖင်မြီးသဏ္ဌာန်**တွေ များနေတာပေါ့။ (ဆ)


***




ချစ်သူရည်းစားများတဲ့ သင်္ကေတလေး၊

လက်ညှိုးအောက်နဲ့ လက်သူကြွယ်အောက်ကို ဆက်သွယ်နေတဲ့ **သောကြာခါးပတ်သဏ္ဌာန်**ကိုလဲ နှစ်ထပ်၊ အပြတ်၊ အဖြတ်တွေနဲ့ မသန့်မရှင်း မသပ်မရပ်တွေ့ရတယ်။ (ဇ)

***



ဒီသင်္ကေတဟာ အရှက်အကြောက်ကြီးတတ်ခြင်း၊ စိတ်ထိခိုက်ခံစားလွယ်ခြင်း၊ စိတ်ဆိုးစိတ်ကောက်တတ်ခြင်း၊ အထအန ကောက်ခြင်းဆိုတဲ့ စိတ်နေသဘာဝတွေကို ဖော်ပြတယ်။ အလွန်ပေါင်းသင်းရခက်တဲ့ လူမျိုးပေါ့။

နှလုံးလမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းအစဟာ ပေါင်းစပ်ပြီး **အသက်လမ်းကြောင်းရဲ့ အတွင်းဘက် အင်္ဂါဂြိုဟ်ခုံအဖုထဲကို လမ်းခွဲငယ်ထိုးဝင်နေတယ်။** (ဈ)

ဒီသင်္ကေတဟာ ဒေါသဖြစ်လွယ်ခြင်း၊ အပြင်ရာစကားများခြင်းဆိုတော့ အိမ်ထောင်ရေးမှာ ဓာကျက်ကျက် ရန်ဖြစ်တတ်တာပေါ့။

နှလုံးလမ်းကြောင်းရဲ့ ရုပ်တည်မှုကို ကြည့်ပါဦး၊ **ဦးခေါင်းလမ်းကြောင်းနဲ့ ဆင်းပူးပြီး တစ်ကြောင်းတည်း ဖြစ်နေတယ်။**

လက်ဖဝါးပြင်ကို ပိုင်းဖြတ်ထားတဲ့ လက်ပြတ်ခေါ်တဲ့ အမျိုးအစားပေါ့။ ကျွန်းတွေ၊ အပြတ်လမ်းတွေနဲ့တွေ့နိုင်တယ်။ (ည)

ဒီသင်္ကေတဟာ မကောင်းဘူး။ သူ့လိုဘကို ရတဲ့နည်းနဲ့ ယူတတ်တယ်။ ငွေကြေးလောဘကြောင့် ဖြစ်စေ၊ အချစ်ကြောင့်ဖြစ်စေ၊ ရမ္မက်ကြောင့် ဖြစ်စေသွေးအေးအေးနဲ့ရာဇဝတ်မှုကျူးလွန်ရဲကြတယ်။ အတ္တဆန်လွန်းတယ်။

သူက ချစ်မိပြီဆိုရင် မရမနေ ကြံစည်တယ်။ သူများမယားဖြစ်လဲ ဂရုမစိုက်ဘူး။ သူ့လင်ကို လုပ်ကြံပြီး ယူမှာပဲ။

သူ အိမ်ထောင်ပြုပြီးနောက်မှ တခြားမိန်းကလေးတစ်ဦးကို ချစ်ကြိုက်မိတယ်ဆိုရင်လဲ သူ့ဇနီးကို စွန့်ပစ်ဖို့ ဝန်မလေးဘူး။

အလွယ်နဲ့ ကွာရှင်းခွင့် မရရင် အသက်ကို ရန်ရှာမှာပဲ၊ ဒီလိုလူမျိုးတွေဟာ မျက်ကန်းအချစ်သမားတွေ။

ကဲ... ဒီလိုအမျိုးသားကို ချစ်သူရည်းစားအဖြစ် လက်ခံဖို့ သင့်သလား။ ရာသက်ပန်အဖော်မွန်အဖြစ် လက်တွဲဖို့ ရွေးချယ်ရဲပါသလား။ စဉ်းစဉ်းစားစား လုပ်နော်...

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***


**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**


F.19B. April, 2016.

www.burmeseclassic.com



လျှာပေါ်ဝဲ ငွတ်ရှယ်

# ငါးရှဉ့်ဟင်းလျာ ချက်နည်း



ဖိုးဝိုင်း (ကိုးချောင်ကြီး)

၂၀၁၅ ခုနှစ်၊ ဖွန်လ အမှတ်(၃၄၇)၊ စာမျက်နှာ(၁၉၄) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် **ဆရာဦးမင်းဖင် (ရွှေနဝင်း)မှ ဒူလာဘေသွေးတိမ်းရောဂါ နှင့် ထိုရောဂါနှင့် တွဲလျက်ဖြစ်ပေါ်တတ်သော အမျိုးသား ပန်းအားနည်း၊ ပန်းသေ၊ ပန်းညှိုးရောဂါသည်များအတွက်** ဆီးဖြူသီးနှင့်ငါးရှဉ့်ကို **ဆေး**ဟင်းလျာအဖြစ် ချက်စားနည်းကို **အသေး**စိတ် ရေးသားတင်ပြထား**သည်**ကို ဖတ်ရှုရပါသည်။

**စာ**ရေးသူမှ ယခုတင်ပြမည့်နည်း**မှာ** လျှာပေါ်ဝဲ ငွတ်ရှယ် ငါးရှဉ့်ဟင်း**လျာ**ချက်နည်း သက်သက်သာ ဖြစ်ပါ**သည်။**

စာရေးသူကတော့ ဤဟင်းလျာကို **လျှာ**ပေါ်ဝဲ ငွတ်ရှယ်ငါးရှဉ့်ဟင်းလျာဟု **တင်**ပွန်းတပ်လိုက်ပါသည်။

**ငါး**ရှဉ့်ကို လူအများမြင်တွေ့ဖူးကြပါ**သည်။** ငါးရှဉ့်မှာ နှစ်မျိုးရှိပါသည်။ **ငါးရှဉ့်မွဲ(ခ) ငါးရှဉ့်ညိုနှင့် လယ်ငါးရှဉ့်ဟူ၍** စာရေးသူတို့ ရွာက ခေါ်ဆိုကြပါ**သည်။**

**ငါး**ရှဉ့်မွဲ(ခ)ငါးရှဉ့်ညိုမှာ အကောင်**ကြီး၍** အညိုရောင်ရှိပါသည်။ ရွာရိုး**ကိုး**ပေါက် ရေမြောင်းများတွင် လည်း**ကောင်း၊** ရွာတွင်းရှိ ရေအိုင်ကြီးများ**တွင်**လည်းကောင်း နေထိုင်ပေါက်ဖွားတတ်ကြပါသည်။

လယ်ငါးရှဉ့်မှာ **နီဝါရောင်သန်း**နေပါသည်။ ရှားပါးပါသည်။ ဆေးဖက်ဝင်ပါသည်။ ဆရာဦးမင်းဖင်မှ ဆေးဟင်းလျာအဖြစ် အသုံးပြုရန် ညွှန်ပြရေးသားသော ငါးရှဉ့်မျိုးဖြစ်ပါသည်။

လယ်တောထဲတွင် ပေါက်ဖွားကြီးပြင်း၍ နွေရာသီတွင် ကွဲလူးအိုင်များတွင် နေထိုင်တတ်ကြောင်း စာရေးသူ ဖခင်(လယ်လုပ်သား) ပြောကြားခဲ့၍ သိရှိရပါသည်။

ငါးရှဉ့်အားလုံးသည် အချွဲခာတ်များ၍ လက်ဖြင့် ကိုင်တွယ် ဖမ်းရခက်လှပါသည်။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းဖြင့် ညှပ်၍ ဖမ်းမှမြဲပါသည်။ လက်ဖြင့် ကိုင်တွယ်၍ ဖမ်းလျှင် မလွယ်ကူလှပါ။

ငါးရှဉ့်သည် အချွဲဓာတ်များ၍ ညစ်ညမ်းသော ရွာတွင်း၊ မြို့တွင်းရှိ ရေမြောင်းများတွင် အနေများခြင်းကြောင့် လူအချို့သည် ရွံရှာကြပါသည်။

အထူးသဖြင့် အမျိုးသမီးများက ပိုမိုရွံရှာကြပါသည်။ တောနေ ရွာသူရွာသားအပေါင်းကတော့ မရွံရှာကြပါ။

ငါးရှဉ့်ကို အချို့က တုံးတစ်၍ ချက်ကြပါသည်။ ဆီကျန်ရေကျန်ချက်ပါက အညှီနံ့ မကင်းပါ။ အစိုအတိုင်း ကြာကြာထား၍လည်း မရပါ။ ပုပ်လွယ်ပါသည်။

အရှင်လိုက်တော့ ရေစပ်စပ်ထည့်၍ထားလျှင်တော့ ကြာကြာထား၍ ရပါသည်။

အချို့မှာ ကျပ်ကင်၍ ထားပါသည်။ ထင်းစီးဖြင့် ကျပ်ကင်က မီးသွေးမီးထက် ကျပ်ကင်ခြင်းထက် ပိုမို၍ မွှေးကြိုင်ပါသည်။ သည်တော့ ငါးရှဉ့်ကိုင်နည်းကို ပထမ တင်ပြပါမည်။

**ပထမနည်းမှာ...**

လတ်ဆတ်သော ငါးရှဉ့်ကို **စားဖိုပြာနှင့်လူး၍ အင်ရွက်၏ နောက်ကျောဖြင့် ပွတ်၍ ဆွဲလိုက်ပါက** ငါးရှဉ့်ကိုယ်တွင် ကပ်နေသော အချွဲအကျိများအားလုံး ကပ်ပါသွားပါလိမ့်မည်။

**ဒုတိယနည်းမှာ...**

**ဆား၊ နနွင်း မန်ကျည်းသီးမှည့်**များနှင့်. ငါးရှဉ့်အစိုများကို ရေနယ်၍ မိနစ် အနည်းငယ်မျှ နှပ်ထားပါ။

ထို့နောက် ကျိုက်ကျိုက်ဆူနေသော ရေနွေးဖြင့် လောင်းချလိုက်ပါ။ ပြီးနောက် အင်ရွက်(သို့မဟုတ်) အုန်းဆံဖတ်များနှင့် ပွတ်တိုက်လိုက်ပါက အချွဲ



www.burmeseclassic.com

www.burmeseclassic.com

အကျိုများ ကင်းသွားပါလိမ့်မည်။

တောနေ လူအချို့သည် မန်ကျည်းသီးမှည့်အစား ပုံးရည်ကြည်ထည့်၍ အသုံးပြုကြပါသည်။ **ရှာလကာရည်ဖြင့်** အသုံးပြုပါကလည်း ရပါသည်။ **သို့သော် အနံ့မကောင်းပါ။**

ဤကဲ့သို့ အချဲ့များ ဖယ်ရှားလိုက်သဖြင့် ငါးရှဉ့်သည် မချောတော့ဘဲ ကောင်းကောင်း ကိုင်နိုင်ပါပြီ။ ထို့နောက် ဝမ်းဗိုက်ကို ဓားပါးပါး ထက်ထက်ဖြင့် ချက်သို့တိုင်အောင် ခွဲချလိုက်ပါ။

အတွင်းမှ အူအားလုံးကို ထုတ်ပစ်၍ ရေစင်ကြယ်စွာ ဆေးလိုက်ပါ။

ငါးရှဉ့်ကို ကင်မည်ပြုပါက နန္ဒင်းအနည်းငယ် လိမ်းသုတ်၍ ခွေလျက် ထင်းမီးဖြင့် ကင်ပါ။ မီးသွေးမီးဖြင့် ကင်ခြင်းထက် ထင်းမီးဖြင့် ကင်ခြင်းက ပိုမိုကောင်းမွန် မွှေးကြိုင်ပါသည်။

ကင်ရာတွင် ဆားမထည့်ပါနှင့်၊ ကြာကြာထားနိုင်ပါသည်။ ဆားထည့်ပါက အစိုပြန်၍ နံ့တတ်ပါသည်။

ငါးရှဉ့်ကို အစိုအတိုင်း ချက်ခြင်းနှင့် ကင်ပြီးမှ ချက်စားခြင်းဟူ၍ ရှိပါသည်။ ကင်ပြီးကြော်စားပါက ပိုမိုမွှေးကြိုင်၍ လူကြိုက်များလှပါသည်။

အစိုအတိုင်းချက်ပါက နည်းမကျပါက အညှီနံ့ထွက်တတ်ပါသည်။ ထမင်းဆိုင်များတွင် ရောင်းချနေသော ငါးရှဉ့်ဟင်းများမှာ အစိုအတိုင်း ချက်၍ ရောင်းချနေပါသည်။ တုံးတစ် ချက်သည်က များပါသည်။

အတုံးလိုက်ချက်ထားသဖြင့် စားရာတွင် အသားကို ထွင်းစားရာ ငါးရှဉ့်အလယ် ခါးရိုးကြီးပါ၍ လက်ကိုလည်း စူးတတ်ပါသေးသည်။ အလွန်မာ၍ စူးလှပါသည်။

အတုံးလိုက်လည်းဖြစ်၊ အညှီနံ့ကလည်း မကင်းသဖြင့် တချို့သော စားသုံးသူများက မကြိုက်ကြပါ။ ထမင်းဆိုင်များအဖို့မှာလည်း တုံးတစ်ချက်မှ ပွဲလှ၍ တွက်ခြေကိုက်ပါမည်။

မြတ်စွန်းပါမည်။

စာရေးသူ၏ ချက်နည်းမှာ အတုံးလိုက်မဟုတ် အသားမျှင်ချည်းပဲ ချက်နည်းဖြစ်၍ အညှီနံ့ကင်း မွှေးကြိုင်၍ လူကြိုက်များသောနည်း ဖြစ်ပါသည်။

ချက်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ **အစိုတိုင်းချက်နည်း**ကို ပထမ ရေးသားတင်ပြပါမည်။

ဗိုက်ခွဲ၍ ရေစင်ကြယ်စွာ ဆေးပြီးသောအခါ ငါးရှဉ့်ကို ကျိုက်ကျိုက်ဆူနေသော ရေနွေးထဲတွင် မန်ကျည်းသီးမှည့် အနည်းငယ်ထည့်၍ ပြုတ်လိုက်ပါ။

ငါးရှဉ့်မှ အသားများ အက်ကွဲလာလျှင် မီးဖိုမှချ၍ ရေအေးဖြင့် လောင်းကာ ခေတ္တ အအေးခံထားပါ။

ငါးရှဉ့်အား ကိုင်နိုင်သောအခါ **ငါးရှဉ့်ဦးခေါင်းဘက်မှ ကိုင်၍ အမြီးဘက်သို့ အသားများကို ဆွဲချလိုက်ပါ။** ငါးရှဉ့်၏ အလယ်ခါးရိုးချည်းပဲ ကျန်နေပါတော့သည်။ အသားချည်းပဲ ရပါမည်၊ **အမြီးဘက်မှ ကိုင်၍ ဆွဲမချရပါ။** အသားများ ကျေသွားတတ်ပါသည်။

အရိုးတွင် ကပ်နေသော သွေးခဲများပါ အသုံးပြုနိုင်ပါသည်။ ယင်းအသားများကို ဆား၊ နန္ဒင်း၊ အချိုမှုန့်များနှင့် သမအောင် ရောနယ်၍ နှပ်ထားပါ။

ငါးရှဉ့်အသားများသည် ညှီတတ်ပါသည်။ အညှီနံ့များ ပျောက်သွားရန်အတွက် ဂျင်း(ချင်း)နှင့် ဇီရာကို ညက်အောင်ထောင်းပါ။ ယင်းနောက် ကြက်သွန်ဖြူကိုပါ ရောထောင်းပါ။ ကြက်သွန်ဖြူကိုတော့ အရမ်းညက်အောင် မထောင်းပါနှင့်။ ကြက်သွန်နီကိုတော့ ပါးပါးလှီးပါ။ ယင်းနောက် မီးဖိုပေါ်သို့ ဒယ်ပိုင်းတင် ဆီသင့်ရုံထည့်၍ ဆီကျက်သော် ကြက်သွန်နီကို အရင်ဆီသတ်ပါ။

ကြက်သွန်နီ နီရဲလာလျှင် ထောင်းထားသော ဂျင်း(ချင်း)ဇီရာ၊ ကြက်သွန်ဖြူများကိုပါ ရော၍ ဆီသတ်လိုက်ပါ။

ငရုတ်သီးအစိမ်းမှုန့်ကိုလည်း ရော၍ ဆီသတ်ပါ။ ပဲ့ဦးတော်သိမ်ရွက်ကို ကြိုက်ပါကလည်း ဆီသတ်ရာတွင် ရောသုံးနိုင်ပါသည်။

အားလုံး ဆီသတ်ပြီးမှ နှပ်ထားသော ငါးရှဉ့်ကို ငံပြာရည်ကောင်းကောင်းနှင့် တွဲ၍ အိုးတွင်းသို့ ထည့်၍ သမအောင် မွှေပြီး အဖုံးအုပ်ချက်ပါ။ မန်ကျည်းသီးမှည့်ကိုလည်း ရေစိမ်ပြီး ခပ်ပျစ်ပျစ်လေး နယ်ထားပါ။ ဆီးဖြူသီးထောင်း၍ ထည့်လျှင်လည်း ရပါသည်။

အိုးအတွင်းမှ ငါးရှဉ့်များ ဆီပြန်လာပါက နယ်ထားသော မန်ကျည်းသီးမှည့်အနှစ်(သို့မဟုတ်) ဆီးဖြူသီးအနှစ်များကို အကြိုက်ထည့်၍ ရောမွှေကာ အဖုံးကို ပြန်အုပ်ထားလိုက်ပါ။

ခဏကြာတော့ အိုးတွင်းမှ ငါးရှဉ့်များ ဆီပြန်လာပါတော့မည်။ ဤနေရာတွင် အရေးကြီးဆုံးမှာ မီးအနေအထား ဖြစ်ပါသည်။

ဆီပြန်လာပါက မီးကိုလျှော့၍ ငါးရှဉ့်ဖတ်များ အိုးတွင် ကပ်နေအောင် မီးကျီးခဲ မှုန်းမှုန်းနှင့် ကြာကြာလေး နှပ်ထားပါ။ အိုးဖုံးကို ဖွင့်ထားပါ။ ငါးရှဉ့်အသားများ အိုးတွင် ကပ်နေပါလိမ့်မည်။

အထက်အောက် လှန်ပေးပါ။ ယင်းနောက် ကြိုက်နှစ်သက်ရာ မဆလာ ထည့်၍ အဖုံးအုပ်ကာ မီးခဲမှုန်းမှုန်းနှင့်ပြန်နှပ်ပါ။

အနံ့များ မွှေးကြိုင်လာ၍ သွားရည်ယိုစရာ ကောင်းလာသော ငွတ်ရှယ် ငါးရှဉ့်ချဉ်စပ် ဟင်းလျာတစ်ခွက် ဖြစ်လာပါတော့မည်။

အိုးကပ်အောင် မချက်ပါက ရေငွေ့ကျန်၍ အညှီနံ့မကင်း မြန်မြန် သိုးလွယ်ပါသည်။ ဒါကြောင့် အိုးကပ်အောင် ချက်ရပါမည်။

ဆက်လက်ပြီး **ငါးရှဉ့်ကျပ်တင်ချက်နည်း** ရှင်းပြပါရစေ။ ကျပ်တင်ထားသော ငါးရှဉ့်များကို ကျိုက်ကျိုက်



(စာမျက်နှာ (၁၅၀) သို့)

www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်ကိုးပါးတို့

## ရှစ်အင်္ဂါ ခွဲထား ဂါထာတော်များနှင့် အစွမ်းသိဒ္ဓိ

ကြောင် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

ဥပုသ်နေ့ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်သည် တပည့်တစ်ယောက်၏ ကိစ္စကို အကူအညီပေးရန်အတွက် ဂုဏ်တော်ကိုးပါးမှ ရှစ်အင်္ဂါ ခွဲထား စီမံပူဇော်ထားခဲ့သော (ရှစ်ဂါထာ)ဂါထာမှ ဂါထာတစ်ပုဒ်ကို အင်းအဖြစ် စီမံပြီး အလင်းတိုင် ပြုလုပ်နေချိန်ဖြစ်သည်။

ထိုသို့ ပြုဖွယ်ကိစ္စ ပြီးစီး၍ ဘုရားခန်းမှ ထခဲ့ပြီး ကျွန်ုပ်၏ အလုပ်စားပွဲအရောက်တွင် ကျွန်ုပ်၏တပည့် မောင်သိန်းမြင့်တစ်ယောက် ရောက်ရှိလာခဲ့ပါတော့သည်။

'မောင်သိန်းမြင့် ဈေးပိတ်ရက်မို့ အားတာနဲ့ ထွက်လာခဲ့တာနဲ့တူတယ်။ ဘယ်ကို သွားမှာလဲ'

ဟု ကျွန်ုပ်မှ မေးလိုက်ပါသည်။

'မဟုတ်ဘူးဆရာ ကျွန်တော် **စက်တင်ဘာလ ၂၀၀၇ ခုနှစ်၊ နဂ္ဂဏ္ဏ ရောင်ခြည်မဂ္ဂဇင်း အမှတ်(၂၅၄)၊ စာမျက်နှာ(၁၃၄)မှာ ဆြာတော် တလောင်အမည်နဲ့ ဂုဏ်တော်ပြန် ဂါထာများဆောင်းပါး**ကို ဖတ်လိုက်ရတယ်ဆရာ။ လွန်ခဲ့တဲ့ နှစ်အတော်ကြာကတည်းက ဆရာ ပြောခဲ့တာကို သတိရလာတာနဲ့ ဆရာ့ကို မေးရအောင်ဆိုပြီး လာခဲ့တာ ဆရာ'

'မင်းမသိသေးတဲ့ အကြောင်းကစပြီး ပြောရ ရှင်းပြရမှာပေါ့ကွာ၊ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော် ရှေးက ဆရာ့အနေနဲ့ ဌာနတစ်ခုက အငြိမ်းစား မယူသေးမီးကဆိုရင် ဆရာ တာဝန်ယူရတဲ့ နယ်မြေဒေသတွေကို ခရီးသွားရတယ်ဆိုတာ မင်း သိပြီးသားပါ။



### မမျှော်လင့်ဘဲ တွေ့ခဲ့ကြုံခဲ့ရ

တစ်ခါက ခရီးသွားပြီး တာဝန်တွေပြီးသွားတော့ ဆရာ့ဝါသနာအတိုင်းပေါ့ကွာ၊ အဲဒီဒေသမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းနဲ့ ဘုရားစေတီတွေကို သွားပြီးဖူးခဲ့တာကွ။

ရွာနဲ့ တစ်ခေါ်သာသာလောက် အဝေးမှာရှိနေတဲ့ ဘုန်းတော်ကြီးကျောင်းကို ရောက်သွားတော့ ကျောင်းကြီး တည်ဆောက်ထားပုံက ခေတ်လက်ရာ မဟုတ်ဘူးကွ။ အတော့်ကို ရှေးကျနေတာ တွေ့ရ မြင်ရတယ်။

လှေကားအတက်ကို ကျောင်းရှေ့အပြင်မှာ အုတ်လှေကား လုပ်ထားတဲ့ သစ်သားကျောင်းကြီးပါ။ ကျွန်းသားကျောင်းလို့ ထင်ပါတယ်။ ကျောင်းကြီးကဆိုရင် (၅)ပင်×(၇)ပင်ကို လည်ပေါ်အမိုးနဲ့ ပြာသာဒ်ဘုံဆင့် ငါးဆင့်ရှိတဲ့ ရှေးကျောင်းကြီးပေါ့။

ဘုရားခန်းဟာလဲ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ရှေးဆင်းတုတော်တွေနဲ့ကွ၊ စာတိုက်လို့ခေါ်တဲ့ ဗီရိုတွေကလဲ ပွတ်လုံးတွေ၊ ခြူးပန်းခြူးနွယ်တွေနဲ့ အတော်ကို အနုပညာလက်ရာမြောက်ပါတယ်။

ပေတွေထားတဲ့ သေတ္တာကြီးတွေဆိုရင် အနံနှစ်တောင့်ထွာ၊ အလျားသုံးတောင့်ထွာလောက်နဲ့ အမြင့်နှစ်တောင်၊ တောင်ဆုပ်လောက်ရှိတယ်။ သရိုးတင် ကနုတ်ပန်းတွေ၊ အခက်အလက် အပွင့်တွေနဲ့ မှန်စီရွှေချသေတ္တာကြီးတွေပါ။

ကျောင်းထိုင်ဆရာတော်ကို လျှောက်ထားပြီး ထိုပေထုပ်တွေကို ဖွတော့၊ ရှာတော့၊ ကြည့်တော့တာပေါ့ကွာ။ ကာရန်သင့်ပုံက အဲဒီမှာ လုပ်ငန်းတာဝန်က (၃)ရက်လုံးလုံး ကြာသွားတော့ အချိန် ပိုပြီးရသွားတာပေါ့ကွာ။

ဒီမှာတင် ဂုဏ်တော်ကိုးပါး ခွဲထားဂါထာကို ကူးယူခဲ့တယ်။

'ဣတိပိသော'၊ ရှင်နှင့်ပြော၊ သဘောကစ၊ သုံးကာစဉ်စစ်၊ ရှင်ချစ်အကျွရာ၊ မှန်လှပါ၏။ ပီးမှာပစ်လည်း၊ မခြစ်၊ ရေမှာပစ်လည်း မနစ်၊ ရှင်ချစ်အကျွရာ၊ မှန်လှပါ၏။

'ဣရဟ္တာ'ဘဂ္ဂါ မန်းစား၊ မြင်ကာ သနား၊ ချစ်သူများ၏ 'တိ'အသုံးမှာ၊ ကွမ်းသေးယာ၊ ရွတ်ကာနေ့စဉ်စား၊ 'ပိ'မှာအနှာ၊ စွဲရောက်လာ၊ မှန်စွာအဟုတ်၊ မန်းကာမှုတ်၊ ထွေးရင်



www.burmeseclassic.com

www.burmeseclassic.com

မှုခင်း၊ ဖြစ်တုံလည်းမှ ပိုင်းကားစကျွ ဖယောင်းကျွ၍ လိုလှန်ကား၊ အလယ်ထား၍ (၃၇)အုပ်၊ မန်းကာမှုတ်လေ၊ မှုချုပ်ပြီးစေ အောင်ခဲ့ တည်း။ သစ္စာစောင့်ကာ 'သော' ဂါထာကို၊ ရွတ်ပါမစဲ၊ သွားမြဲသွားကာ၊ ဣတ္ထိယတို့ မှုခွန်းမင်၊ မေတ္တာဝင်၏။

လက်ထိတ်ခြေထိတ်၊ ထိတ်ခတ်ကျဉ်းခံ ဘေးရန်တွေကား၊ 'ဘ'အစဂါထာ၊ ထောင်၌ရွတ်နေ၊ လွတ်လေ မကြာခဏတည်း။

ပန်းပေါင်းဆီနှင့်၊ နမ်းနက်ဆီစစ်၊ 'ဂမ္ဘ' တစ်သောင်း၊ ရွတ်သော်ကောင်းလှ၊ ကာယသိဒ္ဓိ မှုချုပ်၏။ 'ဓါ'ကိုယုံစွာ၊ ရွတ်တုံပါက ဆာယာကိုယ်ပျောက်၊ ဒိဋ္ဌရောက်၏။ 'အ' မှာတစ်လီ၊ ရွတ်ဆိုသီကုံး၊ အဆုံးမရှိ အောင်မြင်ကြသည်။ နောင်းခေတ်လူများ၊ ကြိုးစားစေရန်၊ စိတ်ရည်သန်သည်၊ မင်္ဂလာ၊ ဖိုလ်ပေါက် ခရီးတည်း။

လို့ ကူးယူခဲ့ရတယ်။ အခု မင်းပြောတဲ့ ဆြာတော် ဆောင်းပါးမှာပါတဲ့ ဂါထာတော်တွေနဲ့တော့ ကွာနေတာ တွေ့ရတယ်။ ဘယ်သဘောလို့ တို့ အတပ်မပြောနိုင်ပေမယ့် ရှေးက ဆရာတော် အရှင်သူမြတ်တို့ ကိုယ့်အတွေ့ အကြုံတွေပေါ်က ရေးသားပြီး မှတ်တမ်းတင်ထားခဲ့ကြလို့ မူကွဲအနေနဲ့ တွေ့ရကြုံရတယ်လို့ပဲ ယူဆရမှာပေါ့ကွာ။

အခု ဆရာတွေ့ခဲ့တဲ့ ဂါထာရှစ်ပုဒ်ကိုလဲ နောက်တစ်ခါမှာ မန္တလေးမြို့ ခင်မကန်တိုက်က ထွက်သွားတဲ့ **ဆရာတော် ဦးနန္ဒိယာဘိဝံသ(ဘုံးဝိဇ္ဇာ)** ရဲ့ ပညာဆက် တပည့်တွေဆီကလဲ ရခဲ့ပြန်တယ်ကွ။

ဂါထာရှစ်ပုဒ်ကို အလျား(၇)ကွက်၊ ထောင်လိုက်(၈)ကွက်နဲ့ အင်းကွက်လို အကွက်ချထားတာကို တွေ့ရတယ် ကွ။ အောက်မှာ ရေးပြလိုက်ပါတယ်။

* * * ⟶

* 'ဣ'အစ ဂါထာမှာ မှုချုပ်ပြီး၏။ **'တိ'**မှာမူကား မြင်သူချစ်သည်။ **'ဝိ'**အစမှာ အနာစွဲသုံး။ **'သော'**ကို မူကား ဣတ္ထိယချစ်၊ **'ဘ'**ကို ဘေးသုံး။ **'ဂ'**မှာ ကာယသိဒ္ဓိ၊ **'ဓါ'**မှာ ဆာယာ။ **'အံ'**မှာ အဆုံး အလိုရှိတိုင်း၊ ပြီးမြဲတိုင်းဟု ဖော်ပြထားပြန် ပါသေးတယ်။

မောင်သိန်းမြင့်ရေ အခု ဆရာ ပြောခဲ့တဲ့အတိုင်းဆိုရင် မူကွဲတွေ အမျိုးမျိုး ရှိနေတာကို သိကြရတယ်ကွ။ အခု **ဆြာတော် ရေးသားတဲ့ ဆောင်းပါးကြောင့် တို့လဲ ခွဲထား ဂါထာရှစ်ပုဒ်မှ ကိုယ်တွေ့လေးတွေ**ကို တင်ပြခွင့်ရလာတာကိုက ဝမ်း မြောက်ရပြန်တယ်ကွာ'

ကျွန်ုပ်အနေဖြင့် ဆရာ ဆြာတော်၏ ဆောင်းပါးကို ဖတ်ရခြင်းနှင့် ဆြာ တော်၏ ဖိတ်ခေါ်မှုတို့ကြောင့် ပညာ ပါရမီအလို့ငှာ ကျွန်ုပ်၏ ဆန္ဒမှာလည်း ပြည့်ဝရသည့်အတွက် ကျေးဇူးတင်ရှိ ပါသည်။

BURMESE CLASSIC

***ကောင်းမှုကိစ္စမှန်သမျှ လိုလား တောင့်တိုင်း ရရှိပြည့်စုံကြပါစေ။***

**အောင်(သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

| | | | | | | |
|---|---|---|---|---|---|---|
| ဣ | ရ | ဠာ | ဂ | ဏ္ဍ | ရ | သာ |
| တိ | ဟံ | စ | သော | ရော | ထိ | နံ |
| ဝိ | သ | ရ | လော | ပု | သ | ဗု |
| သော | မ္ဘာ | ဏာ | က | ရိ | ဏ္ဍာ | ဇွိ |
| ဘ | သ | သ | ဝိ | သ | ဒေ | ဘ |
| ဂ | မ္ဘု | ပ္ပ | ဒ္ဓ | ဒ | ဝ | ဂ |
| ဓါ | ဇွိ | ဇ္ဇာ | အ | ပ္ပ | မ | ဓါ |
| အ | ဝိ | သု | နံ | သာ | န | တိ |

**စာမျက်နှာ (၁၄၈)မှ အဆက်**

ထွေနေသော ရေနွေးဖြင့် စိမ်လိုက်ပါ။

တခဏကြာလျှင် အသားများ ပွလာပြီး ယခင်နည်းအတိုင်း ငါးရှဉ့် ဦးခေါင်းပိုင်းမှ ကိုင်၍ အမြီးပိုင်းသို့ ဆွဲချလိုက်ပါ။ အသားမှုင်များ ကြွေကျ လာပါမည်။

အသားများကို ဆား၊ အချိုမှုန့်တို့ နှင့် နယ်၍ နှပ်ထားပါ။ အထက်တွင် ရေးသားထားသည့်အတိုင်း ကြက်သွန်နီ ကိုအရောင်သီသက်၍ နံ့ထွက်လာလျှင် ဖယ်ထားပါ။

ထို့နောက် ဂျင်း(ချင်း)၊ ဓိရာ၊ ကြက် သွန်ဖြူထောင်းပြီးသားများကို ရွှေ စိမ်းမှုန့်နှင့် ရော၍ ဆီသတ်ပါ။

ကျက်လောက်တော့ နှပ်ထားသော ငါးရှဉ့်အသားများကို ထည့်လိုက်ပါ။ ငံပြာရည်ကောင်းကောင်းလည်း သင့်ရုံ ထည့်ပါ။

မီးမျှင်းမျှင်းလေးဖြင့် ကြော်ပါ။ ငါးဖိ ချက်ကြော်သလို ခြောက်သွားတော့မှ မဆလာနှင့်ကြော်၍ ဖယ်ထားသော ကြက်သွန်နီကြော်ကို ရောထည့်၍ သမ အောင် မွှေပြီး မီးဖိုပေါ်မှ ချလိုက်ပါ။ အလွန်မွှေးကြိုင်ထူးကဲသော ငှတ်ရှယ် ငါးရှဉ့်ကျပ်ကင်ကို စားရပါမည်။

**တစ်မျိုးမှာတော့** ထွင်ပြီး သား ငါးရှဉ့်ကျပ်ကင်သားများကို ဆား၊ အချိုမှုန့် ထောင်းထားသော ဂျင်း(ချင်း)၊ ဓိရာ၊ ကြက်သွန်ဖြူများနှင့် အဲဥ တစ်လုံးပါ ဖောက်ထည့်၍ ရောနယ်ပါ။

ယင်းနောက် အကြော်မှုန့်များနှင့် လူး၍ ဒယ်အိုးတွင်း ဆီများများနှင့် အကြွပ်ကြော် ကြော်လိုက်ပါ။ ကြွပ်ရွ သော ငှတ်ရှယ် ငါးရှဉ့် အကြွပ်ကြော်ကို စားသုံးနိုင်ပါတော့မည်။

ခရမ်းချဉ်သီးဆော့နှင့် လည်း ကောင်း၊ သံပရာရည်ညှစ်၍ လည်း ကောင်း စားသုံးနိုင်ပါသည်။ မွှေးကြိုင် ၍ အရသာရှိလှသဖြင့် ဧည့်သည်များ အကြိုက်၊ အမြည်းအစားအစာ ငှတ် ရှယ် ငါးရှဉ့်အကြွပ်ကြော် ဖြစ်လာပါ တော့သည်။

**ဦးစိန်(ဘိုးချောင်ခြံ)**



www.burmeseclassic.com

www.burmeseclassic.com

ဟူကျင်ဇီ (Hu Jin Zhi) ၂၀၁၆ ခုနှစ်

# မျောက်နှစ်ဇာတာ ကံကြမ္မာဟောကိန်း



၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၈) ရက်နေ့တွင် မျောက်ပုံရိပ် စိုးမိုး၍ မီးဓာတ်အဖို(ယန်း) ဦးဆောင်သော နှစ်သစ်သို့ စတင် ရောက်ရှိပါသည်။

**ဤနှစ်တွင်...**

**★ ကြွက်နှစ်ဖွား**



ရတနာပုံဆိုက်ကိန်း ကြုံသောကာလဖြစ်သည်။ လာဘ်လာဘ ဝေဆာသွက်လက်၍ ငွေကြေး အဆင်ပြေ လွယ်ကူပါလိမ့်မည်။

စည်းစိမ်ဥစ္စာ တိုးပွား၍ ယာဉ်ရထား ရွှေငွေရတနာများလည်း ဝင်နိုင်သည်။ တံတိုက်လုပ်ငန်းများနှင့် အကျိုးပေးပါမည်။

အမွေးနံ့သာများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိမည်။ အမျိုးသား ဇာတာရှင်တို့မှာ ဇနီးမယား ရကိန်းရှိ၍ အမျိုးသမီး ကြွက်နှစ်ဖွားတို့ကား ယောက်မ(အစ်ကို,မောင်၏ဇနီး) ထံမှ လက်ဆောင်၊ အကူအညီများ ရရှိမည်။



**★ နွားနှစ်ဖွား**

အိမ်ခြံမြေ ပြုပြင်မွမ်းမံရတတ်သည်။ မိသားစု ရေးရာ အကြံအစည် စိတ်ကူးစိတ်သန်းများ အကောင်အထည် ဖော်ဖြစ်မည်။

ကြွေထည်မြေထည် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးထက်သန်သည်။ ကာလရှည်ကြာ ကွဲကွာနေသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပြန်လည် ပေါင်းဆုံဖြစ်မည်။

အလှူအတန်း ပေးရမည်။ ပျိုရွယ်သူတို့ နှလုံးသားရေးရာကိစ္စများ အဆင်ပြေ၍ အိမ်ထောင်ရှင်များမှာ မိသားစုအသိုက်အဝန်း သိုက်မြိုက်သာယာ၍ အိမ်တွင်းမှုသုခ ပြည့်စုံသောနှစ်ကာလ ဖြစ်သည်။

**★ မြွေနှစ်ဖွား**



မွေးချင်းမောင်နှမ၊ ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်းများနှင့် စိတ်ဝမ်းကွဲ၍ အထီးကျန်ဆန်နေတတ်သည်။

မိမိ၏ ကိုယ်ပိုင်ခံစားချက်ထက် အများစု၏ ဆန္ဒ,သဘောထားကို အလေးထား ချင့်ချိန်သင့်သော နှစ်ကာလ ဖြစ်သည်။ အပြိုင်အဆိုင် ပေါ်များသဖြင့် လုပ်ငန်းဆောင်တာများကို သတိပြု ဆင်ခြင်ထားရလိမ့်မည်။

လျှပ်စစ် အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးထက်သန်မည်။ စီးပွားရေးတွင် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းထက် မိမိတစ်ဦးတည်း ရှိသမျှ အင်အားနှင့် နိုင်းချင့်လုပ်ကိုင်ခြင်းက ပို၍ အကျိုးရှိနိုင်သည်။



**★ မြင်းနှစ်ဖွား**

အခက်အခဲ ပြဿနာများ ပြေလည်လျော့ပါးသွားမည်။ ရပ်ဝေးမြေခြားတွင် စီးပွားရှာဖွေနေသူများမှာ မျက်နှာပန်းလှစွာဖြင့် ပြည်တော်ပြန်ရကိန်းရှိသည်။

နေအိမ်တွင် အလှူအတန်း တွေ့ဆုံစည်းခံပွဲကလေးများဖြင့် မကြာခဏ စည်ကားနေတတ်သည်။ နှလုံးနှင့် အူသိမ်ဆိုင်ရာ ဝေဒနာများကို သတိပြု ကာကွယ်ကုသပါ။

သမိုင်းဝင် အဓိကရ ရှေးဟောင်းနယ်မြေဒေသများသို့ အလည်အပတ်သွားရောက်ရဖွယ်ရှိသည်။ စားပိုဆောင်သုံးပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေး အမြတ်အစွန်း ရရှိနိုင်ကြသည်။

**★ နဂါးနှစ်ဖွား**



စိတ်ချမ်းမြေ့ဖွယ် ဣဋ္ဌာရုံမြင်ကွင်းဖြစ်စဉ်များ ကြုံဆုံမြင်တွေ့ရမည်။ ပညာရေးတွင် အကျိုးပေးသော နှစ် ကာလဖြစ်ရာ ဖတ်မှတ်လေ့လာထားသော တတ်သိပညာများကြောင့် လူအများ အရေးပေး အားကိုးခြင်း ခံရမည်။

မိခင်၏ ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလာရေးကိစ္စများ ပေါ်ပေါက်ကာ လူအား စိတ်အားဖြင့် ကူညီပေးရဖွယ်ရှိသည်။

သစ်တောထွက်ပစ္စည်းများ၊ သစ်,ဝါး,ကြိမ်ထည် ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင်ကြသည်။



**★ ကျားနှစ်ဖွား**

အိမ်ခြံမြေနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ ပျောက်ပျက်ကိန်းရှိသဖြင့် ဝီရိယပြု၍ ကာကွယ်ပါ။

အတိတ်ကာလ ဆုံးရှုံးမှုများအတွက် ဝမ်းနည်းတသနေခြင်းထက် သံန်းစာယူ၍ လက်ရှိ အခြေအနေကို ကောင်းမွန်အောင် ကြိုးစားသင့်သည်။

စီးပွားရေးတွင် လုပ်ငန်း၊ ကုန်စည်အသစ်၊ ဈေးကွက်အသစ်များ ချဲ့ထွင်ပြောင်းလဲမှု အကျိုးမပြုနိုင်ပါ။

လက်ငုတ်လုပ်ငန်းကို ပုံမှန်လည်



www.burmeseclassic.com

www.burmeseclassic.com

ပတ်စေရန် ပြုလုပ်ပါ။ ကြွေထည်၊ မြေထည်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်ကြသည်။ ပျို့ရွယ်သူတို့ ချစ်မှုရေးရာ၌ မေးမှိန်အားနည်းသောကာလ ဖြစ်သည်။



★ ယုန်နှစ်ဖွား

အိုးအိမ်အသစ် ရရှိနိုင်သည်။ ကြိုစည့်မျှော်လင့်ထားသော လုပ်ငန်းအချို့ အကောင်အထည် ပေါ်လာမည်။

လွင်ပြင်ကျယ်သော ဒေသများသို့ သွားရောက်ခြင်းဖြင့် ကံထူးကံကောင်းနိုင်ကြသည်။ ဓာတုဗေဒပစ္စည်း၊ တွင်းထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးပေး ထက်သန်သည့်ကာလ ဖြစ်သည်။

ကတိစကား တည်ကြည်မှုကြောင့် ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားနိုင်သည့် အခွင့်ကောင်းများ ရရှိတတ်သည်။ အစာအိမ်နှင့် သရက်ရွက်ဆိုင်ရာ ဝေဒနာများ သတိပြု ကာကွယ်ပါ။ ယုန်နှစ်ဖွားအိမ်ရှင်မများတို့ သားသမီးရတနာ တိုးပွားကိန်းရှိသည်။



★ ဆိတ်နှစ်ဖွား

အခက်အခဲ အရေးကိစ္စများ ပေါ်ပေါက်ကြုံဆုံရပါက ကူညီပံ့ပိုးမှုများ အချိန်မီ ရရှိနိုင်ကြသည်။

အထောက်အပံ့ ကာရက အားကောင်းသော ကာလဖြစ်ရာ စုပေါင်းညှိနှိုင်းလုပ်ကိုင်ရသည့် ကိစ္စများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ အောင်မြင်နိုင်ကြသည်။

မျက်စိနှင့် အမြင်အာရုံကြောဆိုင်ရာ ရောဂါဝေဒနာများ သတိထားကာကွယ်ကုသပါ။ အထည်အလိပ်နှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရဖွယ်ရှိသည်။ သစ်ပင်သစ်တော ထူထပ်ရာ နေရာဒေသများသို့ အလည်အပတ် ရောက်ရတတ်သည်။



★ မျောက်နှစ်ဖွား

အလုပ်အကိုင် ရာထူးဌာနန္တရများ တိုးတက်မည်။ ပိုမိုကောင်းမွန်သော အလုပ်အကိုင် နေရာဌာနများသို့ ပြောင်းရွှေ့ရကိန်းရှိသည်။

ကံကြမ္မာ ပွင့်လင်း၍ တန်ခိုးသြဇာကြီးမားမည်။ ပြည်ပရပ်ဝေးမှ ဝမ်းမြောက်ဖွယ် သတင်းစကားများ ကြားသိရမည်။

ရေထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အကျိုးပေး ထက်သန်သည်။ အမျိုးသမီးများမှာ ငွေကြေးဂုဏ်ဒြပ် ပြည့်စုံသော ခင်ပွန်းကောင်း ရရှိနိုင်၍ အမျိုးသားများမှာ ယောက်ဖ(အစ်မ၊ နှမ၏ ခင်ပွန်း)များထံမှ အဖိုးတန် အကူအညီများ လက်ခံရတတ်သည်။



★ ကြက်နှစ်ဖွား

ရာထူး တိုးတက်ရေးအတွက် အလားအလာကောင်းများ ကြုံတွေ့ရမည်။ နေထိုင်မှုအဆင့်အတန်း မြင့်မားလာမည်။ သက်ကြီးဝါကြီး အလုပ်ရှင်များ၏ ချီးမြှောက်မစခြင်းကို ခံရတတ်သည်။

အမွေအနှစ်များ ခံစားရဖွယ်ရှိသည်။ နေအိမ်ဂေဟာသို့ ဂုဏ်သရေရှိသော ဧည့်ကောင်း စောင်ကောင်းများ ရောက်ရှိနိုင်သည်။

ကွဲကွာနေသော ဆွေမျိုးမိတ်သင်္ဂဟ်များနှင့် ပြန်လည်ဆုံတွေ့ရမည်။ ရပ်ဝေးအခြေစိုက် စီးပွားလုပ်ငန်းများ အဆင်ပြေမည်။ အမျိုးသမီးဇာတာရှင်များ နှလုံးသားရေးတွင် စန်းပွင့်သော ကာလဖြစ်သည်။



★ ခွေးနှစ်ဖွား

စိတ်ပျက်အားလျော့ဖွယ် အခြေအနေ ဖြစ်စဉ်များ လျော့ပါးပျောက်ကွယ်သွားလိမ့်မည်။ စူးစမ်းလေ့လာမှု သုတေသနလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်ကာလဖြစ်သည်။

စီးပွားရေးမျက်နှာစာတွင် ဈေးကွက်သစ်ရှာခြင်း၊ ကုန်စည်သစ်၊ လုပ်ငန်းသစ် တိုးချဲ့ခြင်းတို့ ပြုသင့်သည်။ စက္ကူနှင့် သစ်၊ ဝါး၊ ကြိမ်ထည် ပစ္စည်းများ အကျိုးပေးထက်သန်သည်။

အခြွေအရံ တပည့်လုပ်ယုံ ဒုက္ခပေးတတ်သည်။ အသည်းနှင့် သည်းခြေဆိုင်ရာဝေဒနာများ သတိထားကာကွယ်ပါ။



★ ဝက်နှစ်ဖွား

ငွေကြေးဆိုင်ရာ သောကပြဿနာ ပေါ်များထက်သည်။ စာရင်းဇယားများကို သတိပြုကိုင်တွယ်ပါ။

အဖိုးတန်ပစ္စည်းများ၊ ပမာဏများပြားသည့် ငွေကြေးများအတွက် အာမခံ တာဝန်ယူခြင်းကို ဆင်ခြင်သင့်သည်။ သံထည်၊ ကြေးထည် သတ္တုများနှင့် အကျိုးပေး ထက်သန်ပါသည်။

ဖခင်၏ ဆွေမျိုးသားချင်းများအတွင်း ဒုမင်္ဂလာ နာရေးကိစ္စ ပေါ်ပေါက်၍ ငွေကုန်လူပန်း ဖြစ်ရကိန်းရှိသည်။ ကြွေးမြီကိစ္စများတွင် ပေးရန်သော်လည်းကောင်း၊ ရရန်သော်လည်းကောင်း ကြန့်ကြာနေတတ်သည်။

ဤနှစ်တွင် **ကံကြမ္မာမေးမှိန်နေသူများသည်** တနင်္လာနေ့တွင် မိခင်အရွယ် အမျိုးသမီးတစ်ဦးအား ကောက်ညှင်းဖြင့် ပြုလုပ်ထားသော စားဖွယ်(၂)မျိုး လှူဒါန်းပေးပါ။ အဆိုးများ လျော့ပါးသွားပါမည်။

**၂၀၀၆ ခုနှစ် မျောက်နှစ်တာ ကြံဆောင်သမျှ အောင်မြင်ကြပါစေ**

ဟူကျင်းဇီ(Hu Jin Zhi)



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရက်ကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ **မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့မှ အမျိုးသားတစ်ဦး**ဖြစ်ပါသည်။

လက်ဖဝါးပြင်ကို သေချာစွာ စစ်ဆေးကြည့်ရှုပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ မည်သည့် မင်္ဂလာအခြံအရံသင်္ကေတ ပေါ်လွင်ထင်ရှားပါသနည်း။
ထိုမင်္ဂလာအခြံအရံကြောင့် မည်သည့် အကျိုးထူးများ ရရှိနိုင်ပါသနည်း။

၂။ လက်သူကြွယ်ရင်း တနင်္ဂနွေဂြိုဟ်ခုံအပေါ်ထိပိုင်းမှာ မည်သည့်မင်္ဂလာအခြံအရံသင်္ကေတ ပေါ်လွင်ထင်ရှားပါသနည်း။
ထိုမင်္ဂလာအခြံအရံကြောင့် မည်သည့် အကျိုးထူးများ ရရှိနိုင်ပါသနည်း။

၃။ အသက်လမ်းကြောင်းအဖျား၏ အတွင်းဘက် အင်္ဂါဂြိုဟ်ခုံပေါ်မှာ မည်သည့်မင်္ဂလာ အခြံအရံသင်္ကေတ ပေါ်လွင်ထင်ရှားပါသနည်း။
ထိုမင်္ဂလာအခြံအရံကြောင့် မည်သည့် အကျိုးထူးများ ရရှိနိုင်ပါသနည်း။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ လက္ခဏာပဟေဠိအဖြေများနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်စေချင်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၅၆ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com



အရေးသုံးပါး အကျိုးများ

# ရေထွက်ဘုရားသွား

ဦးဗဟိုစိုး
(အကြောဘုရင်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မူးသာရွာကလေးသည်ကား အမည်နာမနှင့် လိုက်ဖက်စွာ မူးမြစ်ကမ်းမှာ တည်ရှိပြီး သာယာလှပသော ရွာကလေးတစ်ရွာ ဖြစ်ပါသည်။

ရှေးယခင်က အလွန်ပင် ဖွံ့ဖြိုးစည်ပင်ခဲ့သော ရွာကြီးတစ်ရွာ ဖြစ်ခဲ့သော်လည်း ယခုအခါ ကျီးအိုင်ရွာ၊ ဒါန်းကုန်းရွာများဆိုပြီး ပြောင်းရွှေ့နေထိုင်သွားကြသဖြင့် အတန်အတင့်ကြီးမားသော ရွာလေးတစ်ရွာအဖြစ် ရွေ့လျားသွားပါသည်။

မူးသာရွာသည် မြေသြဇာကောင်းမွန်ခြင်း၊ မူးမြစ်ကွေ့တွင် တည်ရှိပြီး လေကောင်းလေသန့် အလွန်ရရှိသဖြင့် နေချင့်စဖွယ်ရွာလေးဖြစ်ပါသည်။

မူးသာရွာ၏ ကျက်သရေကိုတိုးစေသောအရာများအနက် မူးသာရွာမြောက်စွန်းရှိ ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော လေသာရှေးဟောင်းဘုရားအဆူ(၂၀)နှင့် မနီးမဝေးရှိ ကုန်းကြောင်းဘုရားခေါ် ရေထွက်ဘုရားများမှာ အထူးထင်ရှားပြီး လှပသိများလှပါသည်။

**လေသာဘုရားများမှာ ကုန်းဘောင်ခေတ်ဦးတွင် တည်ထားခြင်းဖြစ်ပြီး ကုန်းကြောင်းဘုရားမှာ အသောကမင်းကြီး တည်ထားသည်ဟု ယုံကြည် ရာဝေင်ရှိခဲ့ပါသည်။**

ကုန်းကြောင်းဘုရားခေါ်

ရေထွက်ဘုရား

ပူပြင်းလှသော နွေတစ်နေ့တွင် ဖြစ်ပါသည်။

'မြောက်ဘက်ဘုရားအောက်က ရေထွက်လို့တဲ့'

ဟူသော သတင်းစကား အုတ်အော်သောင်းတင်း ဖြစ်သွားပါသည်။ မြေအောက် ရေရှားပါးလှသော အညာဒေသမို့ အလွန်ထူးဆန်းသည် ဆိုရပါမည်။

အနယ်နယ်အရပ်ရပ်မှ လူအများ ယခုသတင်းကြောင့် တိုးဝှေ့ရောက်ရှိလာကြပါသည်။ ဆေးဝါးအလို့ငှာ ခပ်ယူစုဆောင်းသူများနှင့် နေ့စဉ်စည်ကားလျက်ရှိပါသည်။

ချုံနွယ်ပိတ်ပေါင်းများဖြင့် တိမ်ကော ခြောက်သွေ့နေသော ပတ်ဝန်းကျင်လေး စိုပြည်လာပါသည်။

ချုံနွယ်များကို ခုတ်ကြ၊ ရှင်းကြ၊ လင်းကြ အုတ်ကန်ဟောင်းကြီးကို တူးဖော်ကြနှင့် စိတ်အားထက်သန်စွာ လုပ်အားဒါနပြုကြပါသည်။

အလွန်ကြီးမားသော ရှေးဟောင်းအုတ်ချပ်စီ ရေကန်ကြီးမှာ **အသောက**

**မင်းကြီးကုသိုလ်တော်** ဟုလည်း ယုံကြည်လာကြပါသည်။

အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များမှာလည်း သဒ္ဓါတရား ထက်သန်စွာ လှူကြ၊ တန်းကြ၊ ပြုပြင်လိုက်ကြသည်မှာ တင့်တယ်လှပသော သာသနိက အဆောက်အအုံများ ပေါ်ပေါက်လာပါတော့သည်။

ကုန်းကြောင်းဘုရားမှသည် ရေထွက်ဘုရားဟုလည်း အမည်နာမသစ်တွင် လာပါတော့သည်။

ပြောရလျှင် ကုန်းကြောင်းဘုရား ပွင့်လင်းလာခြင်းမှာ ကျွန်ုပ်၏ ဆရာတော်နှင့် ပတ်သက်နေသည်ဟု ကျွန်ုပ် ဆိုချင်ပါသည်။

ကျွန်ုပ်သည် **ပဲခူးမြို့ လင်းရောင်ကြည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ (ပဋ္ဌာနိကာယတ္ထဝ ဝိဇ္ဇကတ္တယ ပါရဂူ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) (၁၂)** ဘွဲ့ရဆရာတော်နှင့် တွဲဖက်ကာ မူးသာရွာရှိ လေသာရှေးဟောင်းဘုရားများအား **"လင်းရောင်ကြည်ဖြာ လေသာ**





www.burmeseclassic.com

www.burmeseclassic.com

ဓမ္မအေးရိပ်သာ" အမည်တစ်ကာ ပြုပြင် သာသနာပြုလျက်ရှိပါသည်။

ဆရာတော်ကြီးသည် ပရိယတ်နှံ့စပ်သလို ပဋိပတ်ကျွမ်းကျင်သူဟု ကျွန်ုပ် အကဲခတ်ရပါသည်။

ထူးခြားသည့်မှာ ဆရာတော်ကြီး၏ ကိုယ်စောင့်ပုဂ္ဂိုလ်မှာ အစွမ်းအစရှိပြီး ဆရာတော်ကြီးလည်း ပင်ကိုပါရမီအခံ ဉာဏ် စွမ်းရှိသူဖြစ်ပါသည်။ အတူတူ အကြာကြီး နေထိုင် အကဲခတ်ရခြင်းဖြင့် ကျွန်ုပ် ပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။

ဆိုလိုရင်းအချက်မှာ ဆရာတော်ကြီးမှာ ချုံနွယ်ပိတ်ပေါင်း အုပ်ဆိုင်းကာ သာသနာညှိုးမှိန်နေသော ကုန်းကြောင်းဘုရားအား ချုံနွယ်ရှင်းလင်းလိုစိတ် ပေါ်လာရာမှ စသည်ဟု ဆိုရပါမည်။

ဆရာတော်ကြီးမှ ငွေကြေး အကုန်အကျခံကာ ငှားရမ်းခုတ်ထွင် ရှင်းလင်းရာမှစခါ ကုန်းကြောင်းဘုရား သာသနာပေါ်ထွန်းလာသည်ဟု ထင်မြင်မိပါသည်။

ဆရာတော်ကြီး၏ ရှေ့အနာဂတ် ကြိုတင်မြင်တတ်မှုက ဘုရားသာသနာတော်ကို ပေါ်ထွန်းစေခြင်းဖြစ်ပါသည်။

အောင်မြင်မှုဖြစ်လာလျှင် ဆင့်ကဲဖြစ်ပေါ်တတ်သည်ဟူသော သဘောသဘာဝတိုင်း ကုန်းကြောင်းဘုရားကို ထင်ပေါ်စေသည့် အကြောင်းဖန်လာပါတော့သည်။

ဘုရားဝင်းအတွင်း၌ အလွန်ကြီးမားသော ဗောဓိညောင်ပင်ကြီးရှိရာ ဓေတနာရှင်များမှ ညောင်ရေသွန်းပွဲတော်ကြီးကို စတင်ဆင်နွှဲရန် ကြံစည်ကြပါသည်။

ပတ်ဝန်းကျင်ကျေးရွာများသို့ ဖိတ်ကြားကာ ညောင်ရေသွန်းပွဲတော်ကြီးကို အကျွေးအမွေး အကာအခုန်များဖြင့် စည်ကားစွာ ကျင်းပနေကြပါသည်။

ရာသီဥတုကလည်း အလွန်သာယာ လူတွေကလည်း အလွန်ပျော်ရွှင်နေကြချိန်...

### "ညောင်ရွက်တွေ ကတော့ထိုးလို့"တဲ့

ပတ်ဝန်းကျင်တစ်ခုလုံး ဆူသံပွက်သံ စီညံသွားပါတော့သည်။ အလွန်ကြီးမားသော ဗောဓိညောင်ရွက်အားလုံး ကတော့သဏ္ဌာန် ဖြစ်သွားကုန်ကြသည်။

ဘုရားရှင်အား လက်အုပ်ချီမိုးကတော့ထိုးသည့်အလား အလွန်ပင် ထူးခြားသည့် အဖြစ်ဆန်းမို့ လူတွေ တအံ့တသြ ဖြစ်ကုန်ကြသည်။

ဘုရားအောက်မှ ရေထွက်ခြင်း၊ ညောင်ရွက် ကတော့ထိုးခြင်းဟူသော အထင်ကရ အကြောင်းများကြောင့် ရွှေဘိုနယ်တလွှား အလွန် ထင်ရှားလာပါတော့သည်။

* * *

ကျွန်ုပ်သည် အထက်က ဆိုခဲ့သည့်အတိုင်း **မူးသာရွာဇာတိ၊ ပဲခူးဆရာတော်နှင့် "လင်းရောင်ကြည်ဖြာ လေသာဓမ္မအေးရိပ်သာ" သာသနာပြုစခန်းသို့** လိုက်ပါ သာသနာပြုလျက်ရှိရာ ယခုနှစ်လည်း မူးသာရွာသို့ ရောက်ရှိလာပါသည်။

ပထမဦးစွာ မူးသာရွာ ဥတ္တရာရုံကျောင်းတိုက် ဝိပဿနာ(၁၀)ရက် တရားစခန်းကို ဖွင့်လှစ်ပြီး ဘုရားပြုပြင်ခြင်းကို ပူးတွဲဆောင်ရွက်လျက်ရှိပါသည်။

ကဆုန်လပြည့်နေ့။

ယနေ့သည် ကဆုန်လပြည့်နေ့မို့ ရွာသူ/သား၊ နယ်သူနယ်သားများ ရေထွက်ဘုရားရှိရာသို့ တဖွဲဖွဲ ရောက်ရှိလာကြပါသည်။ ရေထွက်ဘုရားတွင် ကျောင်းထိုင်သော ဦးသုမင်္ဂလမှာ ဆရာတော်ကြီး၏ တပည့်ဖြစ်သည်နှင့် အညီ ရေစက်ချ တရားချီးမြှင့်ရန် ဆရာတော်ကြီးအား ပင့်ဖိတ်ထားသဖြင့် ကျွန်ုပ်ပါ လိုက်ပါသွားခဲ့ပါသည်။

ရေစက်ချ တရားပွဲပြီးတော့ အကျွေးအမွေးများနှင့် ဧည့်ခံကျွေးမွေးပါသည်။ ပုံမှန်ဆိုလျှင်ဖြင့် စားကြသောက်ကြပြီးလျှင် ပြန်ကြရုံပါ။ သို့သော် လူတွေက မပြန်နိုင်သေး။ ကင်မရာ တကိုင်ကိုင် ဟန်းဖုန်းတပြင်ပြင်ဖြင့် ဗောဓိညောင်ပင်ကြီးဆီသို့သာ အကြည့်ရောက်နေကြသည်။

ကျွန်ုပ်စိတ်ထဲဝယ် တထင့်ထင့် ဖြစ်နေမိပါသည်။ အချိန်ကလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာပြီဖြစ်သည်။ နေပင် ဝင်လုလုဖြစ်ချေပြီ။

'ဟော...ညောင်ကတော့ထိုးပြီဟေ့'

တစ်စုံတစ်ယောက်၏ အော်ဟစ်သတိပေးသံမှသည် ဘုရားဝင်းတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားရပေသည်။ လူတွေ၏ ကင်မရာ တဖျပ်ဖျပ်ရိုက်သံ တဟေးဟေး အော်ဟစ်သံများ ဘဝင်ညံသွားပါတော့သည်။

'ဟင်း'

ဒေသခံများ၏ သက်ပြင်းချသံ ကြားရသည်။ ဟင်းချပေမပေါ့။ သူတို့ခမျာ ရပ်ဝေး၊ ရပ်နီး မိတ်ဆွေအပေါင်းအား တကူးတက ဖိတ်ခေါ်ထားကြသည် မဟုတ်လား။

* * *

ကျွန်ုပ်သည် ပရလောကသားနှင့် စကားပြောသူ ဆောင်းပါးတစ်ပုဒ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားခဲ့ဖူးပါသည်။ ဤသည်ကို သိထားသော ပဲခူးဆရာတော်မှ ရေထွက်ဘုရားသို့ အတူရောက်ရှိစဉ် ကျွန်ုပ်အား



www.burmeseclassic.com

www.burmeseclassic.com

ရေထွက်ဘုရား အစောင့်အရှောက်များ နှင့် ဆက်သွယ်နိုင်းပါသည်။

'ရေထွက်တိုးတိုးခေါ် နတ်မင်းကြီး စောင့်ရှောက်တယ်၊ မြောက်ဘက်မှန်ပေါက်ဘုရားက ဆုတောင်းပြည့်တယ်'

ဟု ကျွန်ုပ် လျှောက်ထားပါသည်။ ဆရာတော်ကြီးမှ ပြုံးယောင်ပြုကာ မှူးသာရွာနှင့် ဘုရားတန်ခိုးကြီးပုံ အကြောင်း ပြောပြပါသည်။ ဖြစ်ပုံက ဒီလိုပါ…

တစ်နေ့ မှူးသာတစ်ရွာလုံး မီးလန့်ကုန်ကြပါသည်။ သံချောင်းခေါက်သံ၊ ပြေးသံ၊ လွှားသံ အော်ဟစ်သံများ ဆူညံသွားပါသည်။

ထိုအချိန်တွင် မှူးသာရွာသား လူ(၃၀)ယောက်တို့သည် ရွာအပြင်ထွက်ကာ ရေထွက်ဘုရားဘက်လှည့် လက်အုပ်ချီမိုးကာ **"ရေထွက်ဘုရား ကယ်တော်မူပါ"** ပြိုင်တူ အော်ဟစ်ကြပါသည်။ ထက်သန်စွာ၊ ယုံကြည်စွာဖြင့်လည်း ညီညီညာညာ အော်ဟစ်တိုင်တည်ကြပါသည်။

မကြာမြင့်မီမှာပင် ရေထွက်ဘုရားဆီမှ မီးလုံးကြီးများ တစ်လုံးပြီး တစ်လုံး တလိမ့်လိမ့် တက်လာပါသည်။ အနီ မီးလုံးကြီးများသည် ကောင်းကင်မှ တက်လာပြီး မှူးသာရွာ မီးလောင်ရာ အိမ်ဆီသို့ ကျရောက် ပျောက်ကွယ်သွားကြပါသည်။

ယင်း အခိုက်အတန့်ဝယ် လေထုငြိမ်သက်သွားပြီး လူအုပ်လူဝေးကြီး ရုတ်တရက် ရောက်ရှိလာကာ ဝင်ရောက်ငြိမ်းသတ်ပေးကြပါသည်။

မီးငြိမ်းသွားသောအခါ ထိုလူအုပ်ကြီးသည် ရွာအပြင်ဘက် တဖြည်းဖြည်း ထွက်ခွာသွားကြပါသည်။

ကျီးအိုင်ရွာ၊ ဒါန်းကုန်းရွာ၊ ရွာသစ်ရွာဆိုသည့် အနီးအနားရွာများမှ မှူးသာရွာသားများနှင့် ဆွေမကင်းမျိုးမကင်း ရွာများသာဖြစ်ရာ ယခု လာရောက်ကူညီ မီးငြိမ်းသတ်သူများမှာ တစ်ခါမှ မမြင်ဘူးသည့် သူစိမ်းတစ်ရုံးဆံများ ဖြစ်နေသဖြင့် အလွန်ပင် အံ့ဩနေကြပါသည်။

ဆရာတော်ကြီးမှ စကားအဆုံး ပြုံးစစ ကြည့်လာပါသည်။ ကျွန်ုပ် ရိပ်မိပါသည်။ ကျွန်ုပ် ဟောပြောခဲ့သော တန်ခိုးကြီးသည်၊ ပြီးတော့ **"ဆုတောင်းပြည့်သည်"** ဟူသည့် သက်သေပြချက်တောင်းခြင်းပင်။

'အကောင်းဆုံး သက်သေပြချက်ကတော့ သာသနိကအဆောက်အအုံတွေ တိုးတက်လာတာ အဓိက သက်သေသာဓကပဲလေ၊ သူတို့တွေ ဆုတောင်းပြည့်အောင်မြင်လို့ လှူဒါန်းကြတာမဟုတ်လား'

စာဖတ်သူများ အကျိုးအတွက် ရေးသား တင်ပြလိုက်ပါသည်။ **သင်တို့၏ ဘဝ အရေးများအတွက် အကျိုးများစေရန် ရေထွက်ဘုရားသို့ ဘုရားဖူး သွားကြပါ**ဟု တိုက်တွန်းလိုက်ပါရစေ။

**ဦးမင်းစံလှိုင်**
*(အကြောဘုရင်)*


စာမျက်နှာ (၁၅၃)မှ အဆက်

**လက္ခဏာပဓာနဇ္ဈ အခြေများ**

၁။ လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ **"သန်လျက်"** မင်္ဂလာအခြံအရံ **သင်္ကေတ** ပေါ်လွင်ထင်ရှားပါသည်။

ထိုမင်္ဂလာအခြံအရံကြောင့် အလုပ်အကိုင်မှာ ဩဇာအာဏာရှိသော အရာရှိ အဆင့်အတန်း ဖြစ်ရမည်။ ရာထူး တိုးတက်မြင့်မားရမည်။ မင်းစိုးရာဇာ ဖြစ်ရမည်။

* * *




၂။ လက်သူကြွယ်ရင်း တနင်္ဂနွေဂြိုဟ်ခုံ အပေါ်ထိပ်ပိုင်းမှာ **"အောင်လံ" မင်္ဂလာအခြံအရံသင်္ကေတ** ပေါ်လွင်ထင်ရှားပါသည်။

ထိုမင်္ဂလာအခြံအရံကြောင့် စီးပွားရေး၊ စာပေစာနယ်ဇင်း၊ အနုပညာဆိုင်ရာ လုပ်ငန်းတွေမှာ ထင်ပေါ်ကျော်ကြား အောင်မြင်ထွန်းပေါက်သူ ဖြစ်ရမည်။

* * *




၃။ အသက်လမ်းကြောင်း အတွင်းဘက် **အင်္ဂါဂြိုဟ်ခုံပေါ်မှာ "လေးထောင့်ကွက်" မင်္ဂလာအခြံအရံ** ပေါ်လွင်ထင်ရှားပါသည်။

ထိုမင်္ဂလာအခြံအရံကြောင့် ခိုက်ရန်ပြဿနာများနှင့် စစ်ပွဲဆင်နွှဲမှုများ ကြုံတွေ့ ရင်ဆိုင်ရသော်လည်း သွေးထွက်သံယို ထိခိုက်ဒဏ်ရာ အနာတရကြီးများ မဖြစ်ခြင်း၊ အသက်အန္တရာယ်မှ လွတ်မြောက်ခြင်းတို့ ဖြစ်ပေါ်လိမ့်မည်။

* * *




*(လက္ခဏာပညာသုတ တိုးပွား[illegible] ပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာ[illegible] များအောင်…*

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာသက်ရှည်နေကြသည့် ဖနီးမောင်နှံနှင့် သူတို့ဖော်စပ်ရောင်းချသော

# ရှားစောင်းလက်ပတ်ချက်ဆေးနည်း

ကလေး ဝင်းသူ

'အသက်ကြီးရင်
ဆပ်စီးလို့ မြင်းရုံ
ပန်းပန်လို့ ပုံတီးရမယ်ကွ'

၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့က ဖြစ်ပါသည်၊ ကျွန်တော်သည် ဆောမြို့ အရှေ့ဘက်ရှိ သီပေါမင်းသက်တော် (၂၇)နှစ်ပြည့် တည်ထားတော်မူခဲ့သည့် **စကြာသီဟာဘုရား**အား သွားရောက်ဓာတ်ပုံရိုက်ယူရာ ဆောင်းနှောင်းရာသီ နှင်းမှုန်တွေဝေနေသဖြင့် ဓာတ်ပုံရိုက်မရပါ။ နေရောင်ခြည် ထွက်အလာကို (၁) နာရီကျော်ကျော် စောင့်မျှော်နေခဲ့ရပါသည်။

ထိုသို့စောင့်မျှော်နေရစဉ် ဘုရားအနီးရှိ ယောအိမ်လေးတစ်အိမ်သို့ ဝင်သွားခဲ့ပါသည်။ အိမ်ထဲတွင်အသက် (၃၆)နှစ်ရှိသော သမီးငယ် မခင်နှောင်းနှင့် မိခင်ဖြစ်သူ ဒေါ်သန်း(အသက်–၈၂)နှစ်တို့သားအမိ နေထိုင်ပါသည်။

မခင်နှောင်းကို မေးကြည့်ရာ သူတို့သားအမိမှာ ဆောမြို့သီရိရတနာရပ်ကွက်၌နေကြောင်း၊ အမက(၂)က ကလေး(၈)ယောက်ကို စာပြကြောင်း ပြောပါသည်။

ထိုသို့ပြောနေစဉ် ဒက္ခိဏာရာမကျောင်းက သုံးဘီးလှည်းကလေးနှင့် ဆွမ်းခံလာသည်ကို ဆွမ်းလောင်းလှူပါသည်။

ထို့နောက် နေအိမ်မှ အရှေ့သို့ ထွက်သွားရာ "ဘယ်သွားမှာလဲ"ဟု မေးရာ "နှင်းမှုန့်ဝယ်"ဟု ပြောပါသည်။ "ဒါလဲလိုက်ခဲ့မယ်"ဆိုကာ သူမနောက် လိုက်သွားပါသည်။

ဆော–လောင်းရှည်သွား လမ်းဘေး ရှိ အိမ်တစ်အိမ်သို့ ဝင်သွားပါသည်၊ သူမဝင်သွားသည့် အိမ်အတွင်းသို့ စာရေးသူလည်း လိုက်သွားပါသည်။ ထိုအခါ အိမ်ထဲ၌အသက်ကြီးကြီး ဖနီးမောင်နှံကို တွေ့ရပါသည်။



ယောနယ် ဆောမြို့က မြန်မာဆေး စား
ရောင်း၍ ကျန်းမာသက်ရှည်နေကြသော
အဘိုးဦးမြသိန်းနှင့် ဖနီးဒေါ်မြအေး ဖနီးမောင်နှံ

အိမ်ထဲရှိ စားပွဲပေါ်တွင်လည်း ဆန်ကောတစ်ချပ် ကြီးကြီးထဲတွင် ပလတ်စတစ်အိတ်နှင့် ထုပ်ထားသော မြန်မာဆေး အမျိုးမျိုးကိုလည်း တွေ့ရပါသည်။

'ဒါတွေက ဘာဆေးတွေလဲ'

ဟု မေးရာ အဘိုးကြီးရော၊ အဘွားကြီးကပါ **"မြန်မာဆေးတွေပါ"**ဟု ပြောပါသည်။

**'ကိုယ်တိုင် ဖော်စပ်တာလား'**

ဟု ဆက်မေးရာ...

**'ဟုတ်ပါတယ်။ စားလဲစားပါတယ်'**

ဟု ပြောပြပါသည်။

'ဘာဆေးတွေလဲ'


ဟု ဆက်မေးရာ...

ချက်ဆေး– ဆင်သမန္တယ်၊ ဒန့်သလွန်ရာဇာ၊ ကင်ပွန်းချဉ်လျက်ဆား၊ဆင်သမ်နွယ်လျက်ဆား၊ နနွင်းခါး၊ မီးသလင်၊ ဆင်သမန္တယ်အမှုန့်၊ မီးယပ်တက် ကျဆေးတို့ ဖြစ်ကြောင်း သိရသည်။

မီးယပ်တက် ကျဆေးမှာ အမျိုးသမီးများ ကလေးမွေးဖွားပါက မီးနေသည်များ အနာကျက်စေရန် စားရသော မီးကျက်ဆေးဖြစ်ကြောင်း သိရသည်။

နွေဦးရောင်ခြည်မဂ္ဂဇင်း ၂၀၁၇

www.burmeseclassic.com



ဆောမြို့က အဘိုးဦးမြသိန်းတို့ ဖော်စပ်ရောင်းချနေသော မြန်မာ့ဆေးများ

ထို့နောက် အဘိုးကြီးက စာရေးသူကို "ချက်ဆေး" ထုပ်ကိုဖြေ၍ စားခိုင်းပါသည်။ ချိုဆိမ့်ရသာနှစ်ဖြာနှင့် ပြည့်စုံသည်။ စားကောင်းလှသည်။ ကျွန်တော် နတ်မြောင်းရွာ ဆရာတော်ကြီး ဦးသေဌဖော်စားသော ဆေးနည်းဖြစ်သည်။

"ယောကျ်ားဒူလာ၊ မိန်းမမီးယပ်" ရောဂါများ ပျောက်ကင်းကြောင်း သိရသည်။ တစ်နေ့ ကွမ်းသီးလုံးအသေးခန့် စားရသည်။

ဆေးနည်းလည်း မေး၍ မှတ်ယူခဲ့ပါသည်။ ယောကျ်ား ဒူလာ၊ မိန်းမမီးယပ်ရောဂါပျောက် ဆေးနည်း (ချက်ဆေး)မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"**ရှားစောင်းလက်ပပ်ချက်ဆေး**"ဟု ခေါ်ပါသည်။ထိုဆေးနည်း ဖော်စပ်နည်းမှာ...

၁။ ရောက်သီးပြုတ် (၅၀)ကျပ်သား
၂။ ကြိတ်မုန့်ရှက်အမှုန့်ထောင်း (၅၀)ကျပ်သား
၃။ ပန်ကျည်းမှည့် (၅၀)ကျပ်သား
၄။ စမုန်မိုးပါး (၁)မတ်သား
၅။ ဆားပုပ် (၂)ကျပ်သား
၆။ ကြွေပုပ် (၁)ကျပ်သား(မီးဖုတ်ရမည်)
၇။ ထန်းလျက် (၃)ပိဿာ၊ (၅၀)ကျပ်သား
၈။ ရှားစောင်းလက်ပပ် (၃)ပိဿာ

စသည့် (၈)မျိုးတို့ကို ရောစပ်၍ မီးအပူပေး ချက်ရသည်။ ညောင်စေးကျပါက စားသုံးနိုင်ပြီး တစ်နေ့ **ကွမ်းသီးလုံးခန့်(ကွမ်းသီးခေ့လုံး)** စားသုံးရသည်ဟု ရှင်းပြပါသည်။

ကျန်းမာသက်ရှည်ဆေးဖြစ်၍ အမျိုးသားရော၊ အမျိုးသမီးပါ စားသုံးနိုင်ပါကြောင်း သိရပါသည်။

'ပရဆေးတွေ ဘယ်ကရလဲ'

ဟု မေးရာ ဆောမြို့ထဲ ဝယ်ရသည်ဟု သိရသည်။ ဆောမြို့မှာ တောတောင် ထူထပ်ပြီး ပရဆေးပေါသောအရပ်ဖြစ်၍ လတ်ဆတ်ပြီး ဈေးချိုပါသည်။

ဆေးရောင်းသော မြန်မာဆေးစား၍ အသက်ရှည်နေကြသော အဘိုးကြီး ဖနီးမောင်နှံအမည်မှာ...

အဘိုးကြီးက ဦးမြသိန်း (၈၄)နှစ်ဖြစ်ပြီး၊ အဘွားကြီးအမည်မှာ ဒေါ်မြအေး (၈၀)နှစ်တို့ ဖြစ်သည်။

ဆောမြို့ ရတနာရပ်ကွက်တွင် နေထိုင်ကြသည်။ မြန်မာဆေးဖော်၍ ရောင်းချကာ အသက်မွေး နေထိုင်ကြသည်။

ထိုအဘိုးအဘွား ဇနီးမောင်နှံအား "**တစ်ခါမှ မဖျားမနာကြဘူးလား၊ သွေးတိုးရောဂါ မရှိကြဘူးလား**"ဟု မေးရာ ဇနီးမောင်နှံ အဘိုးအဘွားကြီးတို့က...

'သွေးတိုးလဲ မရှိဘူး၊ တစ်ခါမှလဲ မဖျားမနာဖူးဘူး'

ဟု ပြုံးရယ်၍ ဖြေကြပါသည်။

ထိုအခါ ကျွန်တော်က ကျွန်တော့်မှာ အသက်(၆၆)နှစ်က သွေးတိုး စဖြစ်တယ်။ သွေးတိုးရောဂါရှိတယ်ဟု ပြောပြရာ အဘိုးကြီး ဦးမြသိန်းက အထက်ပါအတိုင်း...

'အသက်ကြီးရင် ဆင်စီးလို့မြင်းရဲ့
ပန်းပန်လို့ ဗုံတီးရတယ်ကွယ့်'

ဟု ပြောပါသည်။ ရှင်းပြပါဦးဟု ဆက်မေးရာ...

'လူတွေဟာ အသက်ကြီးလာရင် အားအင် ယိုယွင်းလာတတ်တယ်။ ဒါကြောင့် **ဆင်သမန္တယ် စားပေးရတယ်၊ ဆင်သမန္တယ်က ဒူးနာ၊ ခါးနာပျောက်တယ်။ မြင်းခွာရွက် စားပေးရတယ်၊ ပန်းပေါင်း(၁၀၀၀)လို့ ခေါ်တဲ့ပျားရည်သောက်ပေးရတယ်၊ ဗုံတီးဆိုတာက ဘုံမွရာဇ စားပေးရတယ်**'

ဟု ရှင်းပြပါသည်။

ထို့ကြောင့် စာရှုသူများ အသက်ကြီးလာပါက "ဆင်စီးလို့မြင်းရဲ့ ပန်းပန်လို့ ဗုံတီးကြပါ"ဟု အကြံပြု ရေးသားလိုက်ရပါသည်။

***ရောဂါဘယကင်းဝေး သက်ရှည် ကျန်းမာကြပါစေ...။***

ကလေး ဝင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com

# ခရီးယာယီတွက်ချက်နည်းများ

မောင်ပါပိုင်း
(အင်းတော်)

အဖြေသို့ကြည့်သော်

ဆရာတော်ဦးကဝိန္ဒာဇာထံ ပညာခံယူစဉ်က ခရီးယာယီ ကောင်း,မကောင်းနှင့်ပတ်သက်ပြီး ဆရာတော် ရွတ်ဆိုပြသည့် စကားလုံး စာသားများကား ယနေ့ထိ ရင်ထဲမှာ ရှိနေပါသေးသည်။

'အသက်တည် လေးစား၊ အကြွင်းဗေ,
သုံးခုကျ၊ နေရနှုိ ယွားလို'

ဆိုချင်သည်က **ရောက်ဆဲအသက်ကို တည်ပြီး လေးဖြင့် စားပါ။ အကြွင်းဂဏန်းမှာ (၁)ဖြစ်စေ၊ (၃) ဖြစ်စေ ကြွင်းပါက မိမိနေရပ်မှ သွားခြင်းသည် ကောင်းသည်ဟု** ပြောဆိုပါသည်။

နောက်တစ်ဖန် ဆက်ရွတ်ပြန်သည်မှာ...

'နွေးနှင့် သုံးညာ၊ ကြွင်းလေပါက၊ သွားကြလေလျှင်၊ ယာယီမြင်'

ဟု ရွတ်ဆိုပါသည်။

**အသက်ကိုတည်ပြီး လေးဖြင့် စားပါက အကြွင်း(၂)ဂဏန်းနှင့် သုည(၀)ကြွင်းလျှင် ခရီးယာယီကောင်းသည်ဟု** ဆိုပါသည်။

နောက်တစ်နည်းမှာ...

'ဖွားသက္ကရာဇ်မှာ, ရောက်သက်ပယ်ဖို့, တစ်ဖန်မွေးနံ့,မြှောက်လေပြန်, စားရန်သတ်နှင့်ခွင်း, ကြွင်းခြား ပါယာယီကျ, သောမကြွင်းမှုနှိုယူ၊ များလှနှလုံးသွင်း'

တဲ့။

ရှင်းပြလိုပါသည်။ **ပါမသည်** ဗုဒ္ဓဟူး အင်္ဂါ၊ စနေ၊ ရာဟု ဖြစ်ပါသည်။ **သောမသည်** တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာ ကြိုဟ်တို့ဖြစ်ပါသည်။

အင်္ဂါသမီး ၅၄ နှစ်ရှိသော မွေးသက္ကရာဇ် ၁၃၂၄ ခုနှစ်ဖွားသူကို တွက်ကြည့်မည်ဆိုလျှင် အောက်ပါအတိုင်း တွက်ယူနိုင်ပါသည်။

***

| | |
|---|---|
| **မွေးသက္ကရာဇ်** | =၁၃၂၄ |
| **ရောက်ဆဲအသက်** | = ၅၄ နှစ် |
| **နုတ်သော်** | =၁၂၇၀ |
| **မွေးနံအင်္ဂါသမီး** | = ×၃ |
| **မြှောက်လဒ်အဖြေ** | = ၃၈၁၀(*ဖြင့် ဆက်စားပါ*) |

```
၇| ၃၈၁၀ |၅၄၄
   ၃၅
   ──
   ၃၁
   ၂၈
   ──
   ၃၀
   ၂၈
   ──
   ၂ ကြွင်း
```


အင်္ဂါသမီး ၅၄ နှစ်၏ တွက်ချက်မှုအရ (၂)ဂဏန်း ကြွင်းပါသည်။

**၂ဂဏန်းမှာ တနင်္လာသောမကြိုဟ် ဖြစ်၍ နှိုယူရပါမည်။ ခရီးယာယီရှိ၊ သွားရောမလို၊ သွားလျှင်လည်း မပြေ ဟုဆိုပါသည်။**

ဝန်ထမ်းများ အပြောင်းအရွှေ့ တွက်ဆိုပါက သောမကြွင်း၍ မပြောင်းရသေး။ ပြောင်းဖို့ အခွင့်မကြုံဟု ပြော၍ရပါသည်။

နောက်တစ်ဖန် နည်းတစ်ခုမှာ မွေးသက္ကရာဇ်ကို မတည်တော့ဘဲ ရောက်ဆဲအသက်ကို မူတည်၍ တွက်နည်းဖြစ်ပါသည်။

'ခရီးသွားလိုသူ၊ အသက်ကိုယူ၊ မြှောက်ကူ



နုတ်လေသော်၊ ရှစ်ခုနှင့်ခွင်း၊ ကြွင်းနံ့ပေါ်လျှင်၊ ရှောင်နေ့ဆိုအရပ်။
ရောက်သက်တည်လဒ်၊ ရှစ်နှင့်ဖြတ်၊ နံ့ရပ် ရှောင်သင့်ပေ။
အသက်ကိုတည် မြှောက်ဖွား၊ ရှစ်စား၊ ပါ နံ့ကားအကြွင်း မသွားလေနှင့်'

ဆရာတော်သည် သူ့ဟန်သူ့ ကာရန်ဖြင့်စပ်ထားခြင်းဖြစ်ပါသည်။

**အသက် ၅၄ နှစ် အင်္ဂါသမီးကိုပဲ တွက်ကြည့်မည်ဆိုပါစို့...**

| | |
|---|---|
| **ရောက်ဆဲအသက်** | =၅၄နှစ် |
| **နုတ်ရန်ကိန်းဂဏန်း** | = ၆ |
| **နုတ်လဒ်အဖြေ** | =၄၈(*ဖြင့် စားပါ*) |

```
၈| ၄၈ | ၆
  -၄၈
  ──
   ၀ ကြွင်း
```

**အကြွင်း** ၀(သုည)ကြွင်း၍ အနောက်တောင်ထောင့်အရပ် **စနေထောင့်သည် ခရီးမသွားသင့်သော အရပ်** ဖြစ်ပါသည်။

နောက်တစ်နည်းမှာ အသက်ကို တည်ပြီး (၈)နှင့်စား၍ တွက်နည်းစနစ်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ရောက်ဆဲ အသက် ၅၄ နှစ်(၈ နှင့် စားသော်)...**

```
၈|၅၄|၆
  -၄၈
  ───
   ၆ ကြွင်း
```

**အကြွင်း(၆) ဖြစ်၍ မြောက်အရပ် မသွားသင့်ပါ။**

နောက်တစ်ဖန် တွက်နည်းအရမှာ **အသက်ကို (၂)ဖြင့် မြှောက်ပြီး(၈) နှင့် စားခြင်းဖြစ်ပါသည်။** အကြွင်း သည် မသွားအပ်သောအရပ် ဖြစ်ပါ သည်။

**အသက် ၅၄ နှစ် (၂ဖြင့်မြှောက်သော်)**

```
  ၅၄
  ×၂
၈|၁၀၈|၁၃
  -၈
  ───
  ၂၈
  ၂၄
  ───
   ၄ ကြွင်း
```

**အကြွင်း ၄ ကြွင်း၍ တောင်အရပ် မသွားသင့်ပါ။**

ဂြိုဟ်ရှစ်လုံး၏ အရပ်မျက်နှာ အလိုက် စိုးမိုးမှုနေရာဌာနကို စာ မျက်နှာငဲ့၍ မတင်ပြတော့ပါ။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆောင်းပါးရှင်များ ရေးသားဖော်ပြထား ပြီးဖြစ်၍ ထပ်ဆင့် ရေးသား မတင်ပြ တော့ပါ။

**နောက်ဆုံးနည်းမှာ** ရောက်ဆဲ အသက်ကို စနေဂြိုဟ်သက် (၁၀)နှစ် ဖြင့် ပေါင်းပြီး ခရီးအရပ် သင့်,မသင့်ကို ရေးသား တင်ပြလိုပါသေးသည်။

အသက် ၅၄ နှစ်ရှိသော သူ၏ ခရီးအရပ် သင့်,မသင့်ကို တွက်ပြပါ မည်။

**အသက်** ၅၄ နှစ်
**စနေဂြိုဟ်သက်** ၁၀ နှစ်
ပေါင်းလဒ် = ၆၄ ***(ရှစ်နှင့် ပြန်စားသော်)***

```
၈|၆၄|၈
  ၆၄
  ───
   ၀ ကြွင်း
```

**၀အကြွင်း အရပ်ရှစ်မျက်နှာဂြိုဟ် အရ လက်ယာရစ်ရေသော်...**

***

| | | |
|---|---|---|
| ၄ အရှေ့မြောက် | ၅ အရှေ့ | ၆ အရှေ့တောင် |
| ၃ မြောက် | | တောင် ၇ |
| အနောက်မြောက် ၂ | အနောက် ၁ | အနောက်တောင် ၀ |

အရပ်ရှစ်မျက်နှာအရ လက်ယာရစ် ချထားသော ၀ မှ ၇ ဂဏန်းအထိ ကြည့်ပြီး အောက်ဖော်ပြပါအဖြေနှင့် ညှိပါ။

**အသက်(၅၄)နှစ် အဂ်ါသမီးမှာ ၀(သုညကြွင်း)၍** အောက်ပါအတိုင်း အဖြေထုတ်ပြလိုပါသည်။ ဂြိုဟ်ရှစ်ခွင် အရပ် (၈)မျက်နှာကို ကြည့်ပြီး အဖြေ ရှာပါ။

၁။ **၀,ကြွင်း=**(အနောက်တောင်ထောင့်) ခရီးအရပ် မသွားသင့်ပါ။ သွား လမ်းသာရှိပြီး ပြန်လမ်းမရှိ၍ လုံး၀ ရှောင်ပါ။

၂။ **၁,ကြွင်း=**(အနောက်)ခရီး အရပ် သင့်သည်။ စီးပွားရေး၊ လူမှုရေးက အစ အောင်မြင်ပါသည်။

၃။ **၂,ကြွင်း=**(အနောက်မြောက်ထောင့်) ဆင်းရဲတာတ်သည်။ စိတ်ဆင်းရဲ ခြင်း၊ အဆင်မပြေခြင်းတို့ ဖြစ်တတ် ပါသည်။

၄။ **၃,ကြွင်း=**(မြောက်) အောင်မြင်မှု များရမည်။ မြောက်အရပ်မှာ သောကြာဂြိုဟ် စိုးမိုးရာအရပ်ဖြစ် ၍ ပျိုရွယ်သူများ အချစ်ရေး အဆင်ပြေမည်။ စီးပွားရေးကိစ္စရပ် များဆိုလျှင်လည်း အောင်မြင်ပါ မည်။ သွားသင့်သည့် ခရီးအရပ် ဖြစ်သည်။

၅။ **၄,ကြွင်း=**(အရှေ့မြောက်ထောင့်) ငြင်းခုံရတတ်ခြင်း၊ အပြန်အလှန် ပြောဆိုရခြင်း၊ ညှိနှိုင်းပြေလည်မှု အတွက် ကြိုးစား ဖြေရှင်းရတတ် ပါသည်။

၆။ **၅,ကြွင်း=**(အရှေ့အရပ်) လာဘ်ရ မည်။ တနင်္လာဂြိုဟ်တည်ရှိရာ အရပ်နှင့် တိုက်ဆိုင်၍ စီးပွားရှာ သလောက် အကျိုးဖြစ်ထွန်းပါ မည်။ သွားသင့်သည့်ခရီးအရပ် ဖြစ်သည်။

၇။ **၆,ကြွင်း=**(အရှေ့တောင်ထောင့် အရပ်) တောင်အရပ်သို့ သွားမှု ဖျားနာကိန်းရှိ သည်။ ကျန်းမာရေး ဂရုပြုပါမည်။ အကြောင်းကြောင့် သွားရပါက ဆေးဝါးပစ္စည်း ဆောင်ဖို့လိုမည်။

၈။ **၇,ကြွင်း=**(တောင်အရပ်) လုယက် ဖျက်ဆီးခံရတတ်ခြင်း၊ ခါးပိုက်နှိုက် ခံရတတ်ခြင်း၊ သူခိုးဘေးရန်နှင့် ကြုံရတတ်ခြင်းတို့ ဖြစ်ပါသည်။ အညိုရောင်၊ အနက်ရောင်နယ်မြေ တို့တွင် ဓားပြတိုက်ခံရတတ်ပါ သည်။ မသွားသင့်ပါ။

စာရေးသူ တင်ပြခဲ့သည့် ခရီးယာယီ ကိစ္စရပ်များကို တွက်နည်းစနစ် အားလုံးဖြင့် ရောက်ဆဲအသက်များ အလိုက် တွက်ကြည့်ပြီးမှ ဆောင်ရွက် လျှင် ပိုမို အဆင်ပြေမည်ဖြစ်ပါကြောင်း မြန်မာ့ရိုးရာလက်ဆန်းနည်း ခရီး ယာယီ အဖြေရှာနည်း၊ တွက်နည်း စုပေါင်း၍ ရေးသားတင်ပြလိုက်ရပါ ကြောင်း။

**အာယု ၀ဍ္ဎော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com



# မဟာဝေဒဗ္ဗသစ္စာ မန္တန်တော်ကြီး

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

'ဦးစန္ဒော... ဆွမ်းဘုဉ်းပြီးရင် တပည့်တော် အခန်းကို လာခဲ့ပါဦး'

ဆရာတော်ကြီးက ဤသို့ မိန့်ကြားတော်မူသဖြင့် နေ့ဆွမ်းအပြီး အချိုပွဲ သစ်သီး အနည်းငယ်မျှ ဘုဉ်းပေးပြီးနောက် မှတ်စုစာအုပ်ကို ယူလျက် ကျောင်းထိုင်ဆရာတော် သီတင်းသုံးရာကျောင်းခန်းသို့ သွားရောက်ဝတ်ဖြည့်ကန်တော့သည်။

'အရှင်ဘုရား...ဒီဂါထာကို သေသေချာချာ ရေးကူးပြီး မှတ်မှတ်သားသား သိမ်းထားပါ။ မဟာဝေဒဗ္ဗမန္တန်ဆိုတာ ကြားဖူးပါတယ်နော်'

'တင်ပါ့ဘုရား... ငါးရာ့ငါးဆယ်ဇာတ်တော်ထဲမှာ ဖတ်ဖူးပါတယ်။ နေသိဒ္ဓိနက္ခတ်နဲ့ စန်းယှဉ်တဲ့အချိန်မှာ ကောင်းကင်ကို မော့ကြည့်ပြီး မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ရင် ရတနာမိုးရွာတယ်လို့ ဆိုပါတယ်'

'အင်း...အင်း မိန့်ပါဦး'

'ဗာရာဏသီတိုင်းက မဟာဝေဒဗ္ဗမန္တန်တတ်မြောက်တဲ့ ပုဏ္ဏားဆရာ တပည့်နှစ်ဦးဟာ စေတတိုင်းကို ခရီးထွက်လာရာမှာ စောရကန္တာရလို့ ခေါ်တဲ့ တောအုပ်ကြီးကို ဖြတ်ရပါတယ်။ အဲဒီမှာ ခိုးသားငါးရာနဲ့ တွေ့ပြီး အဖမ်းခံရပါတယ်ဘုရား။

ခိုးသားဓားပြတွေက ဆရာကို ဖမ်းချုပ်ထားပြီး ငွေရှာဖွေပြီး လာရွေးဖို့ တပည့်ကို လွှတ်ပေးလိုက်တယ်။ တပည့်က ဆရာကို မှာတယ်။

နှစ်ရက်၊ သုံးရက်အတွင်း နေသိဒ္ဓိနက္ခတ် စန်းယှဉ်တော့မှာမို့ ချုပ်နှောင်ထားတဲ့ ဝေဒနာကြောင့် သည်းမခံနိုင်ဘဲ မန္တန်မရွတ်ပါနဲ့။ ခဏအောင့်အည်း သည်းခံပြီးနေပါ။ တပည့် ငွေရှာပြီး အမြန်ပြန်လာပါ့မယ်။

လို့ အတန်တန် ပြောခဲ့ပေမယ့် နက္ခတ်ကြိမ်တဲ့အချိန်မှာ မန္တန်ရွတ်ပြီး ရတနာမိုးရွာလို့ ဓားပြတွေက ဆရာကို လွှတ်လိုက်ပါတယ်။

ဒါကိုကြားတဲ့ တခြား ဓားပြအဖွဲ့ကလဲ ဆရာကိုဖမ်းပြီး မန္တန်ရွတ်ခိုင်းပါတယ်။ နက္ခတ်မကြိမ်လို့ မရွတ်ပေးနိုင်၊ ရတနာမိုး မရွာနိုင်တော့ ဆရာဖြစ်သူ အသတ်ခံရပါတယ် အရှင်ဘုရား'

'ဟုတ်ပါရဲ့၊ ဒါပေမယ့် သုတ္တန်ပိဋကတ်ဂါထာတော်တွေအရ ဇာတ်လမ်းသာပါရှိပြီး ရွတ်ဖတ်ရမယ့် မန္တန်တော့ မပါပါဘူးဘုရား။ ဒါပေမယ့် ရှေးဆရာ အစဉ်အဆက် ထိန်းသိမ်းရွတ်ဆိုခဲ့ကြတဲ့ **"မဟာဝေဒဗ္ဗမန္တန်"**ဆိုတာတော့ ရှိတယ်။

ဘုရားဟောမဟုတ်ပေမယ့် ရတနာသုံးပါး ဂုဏ်တော်ကျေးဇူးတော်တွေကို ဖွဲ့ဆိုထားပြီး သစ္စာပြု ဆုတောင်းခန်းပါဝင်တဲ့အတွက် ယုံကြည် အားကိုးထိုက်တဲ့ မန္တန်ပါပဲ။ ဒါကြောင့် **"မဟာဝေဒဗ္ဗသစ္စာမန္တန်"**လို့လဲ ခေါ်ကြတယ်။

ဘုရားဈေး၊ ပိဋကတ်စာအုပ်ဆိုင်တွေမှာ ရောင်းနေတဲ့ပရိတ်တော်၊ မန္တန်ပေါင်းချုပ် စာအုပ်တွေမှာ ဒီမန္တန်ပါရှိပေမယ့် ဂါထာအပိုဒ်လိုနေတာတွေ၊ စာသားမှားနေတာတွေပဲ တွေ့ရပါတယ်။ အရင်တစ်ပတ်က တပည့်တော်ချပေးတဲ့ **"သုဝဏ္ဏဘူမိ"** ဂါထာလိုပေါ့။

**မူရင်းပေစာမှာ...**

သုဝဏ္ဏဘူမိ ဂန္တာန သောဏုတ္တရာ ယတိဒ္ဓိကာ။

ပိသာစေ နိဒ္ဓ မေတွာန ဗြဟ္မဇာလ မဒေသိသုံ။

လို့ ပါတယ်။

အရှင်နာဂသိန်ရဲ့ ပုံပြ သားငါးကျေးငှက် ဆေးအဘိဓာန် ပွဲမတွဲ၊ ဒုတိယပိုင်း စာမျက်နှာ (၆၃)မှာလဲ ဒီအတိုင်းပဲ အင်းကွက်နဲ့တကွ ဖော်ပြထားတယ်။

ဒါပေမယ့် ဘုရားရှိခိုးစာအုပ်တွေမှာ ဒုတိယအပိုဒ်ကို ပိသာစေ နိဒ **မိတ္တွာ** န၊ ဗြဟ္မဇာလ မဒေသယုံ။ ဆိုပြီး မှားပြီး ဖော်ပြကြတယ်။ အမှားကြာရာက အမှန်ဖြစ်ပြီး သည့်အတိုင်း အသုံးပြုကြတာ များပါတယ်။

အခု တပည့်တော်ချပေးတဲ့ မဟာ

www.burmeseclassic.com

ဝေဒဗ္ဗမန္တန်က ဆရာအစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ ပုရပိုက်မူရင်းပါ။ ဂါထာ အပြည့်အစုံ စာသားအမှန်တွေဖြစ်လို့ သေသေချာချာ ရေးကူးထိန်းသိမ်းပါလို့ မှာရတာပါ အရှင်ဘုရား'

ဆရာတော်အရှင်ပညာဒီပက ဤသို့ တကူးတက မိန့်ကြား သတိပေးတော်မူသဖြင့် သေချာစွာ ရေးကူး၍ ဂရုတစိုက် ထိန်းသိမ်းခဲ့ပါသည်။

ပရိသုဒ္ဓပြုကာ အိမ်ရာထူထောင်၍ တစ်အိုးတစ်အိမ် ခွဲနေရသောအခါ အိမ်ပြောင်းရာ၌ ထိုစာရွက်သည် မိမိ၏ ပေါ့ဆမှုကြောင့် ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့လေသည်။

နှစ်အတန်ကြာ၍ တောင်ငူမြို့သို့ စာပေတာဝန်ဖြင့် ရောက်ရှိစဉ် မဟောသဓဆေးခန်းမှူး ဆရာဦးကျော်မြင့်က ဓမ္မလက်ဆောင်တစ်ခု ပေး၏။

အဲဒီနေ့က မိုးသဲသဲမဲမဲ ရွာနေတယ်။ ညနေလဲ စောင်းပြီမို့ လူနာလဲ မလာနိုင်တော့ဘူးထင်ပါရဲ့လို့ တွေးပြီး ဆိုင်တံခါးတွေ ပိတ်နေတုန်း ဘုန်းကြီးတစ်ပါး ကြွလာတယ်။ နေရာ ထိုင်ခင်းပေးပြီး...

'အရှင်ဘုရား ဘာဝေဒနာတွေများ ခံစားရပါသလဲ'

လို့ မေးတော့...

'ရောဂါပြဖို့ မဟုတ်ပါဘူး။ ဆရာတော်တစ်ပါးက "မဟောသဓ"ဆီ ပို့ပေးဆိုလို့ ရောက်လာတာ...ဒကာလေး'

ဆိုပြီး စာရွက်တစ်ရွက် ကမ်းပေးတယ်။

စာရွက်မှာ ဖောင်တိန်မင်နဲ့ ရေးထားပြီး ရေတွေစိုနေပေမယ့် စာသားတွေက ပျက်မနေဘူး။ ဟောဒီဂါထာတွေပါပဲ။

ဆရာဦးကျော်မြင့် ကမ်းပေးသော စာရွက်တွင် **"မဟာဝေဒဗ္ဗသစ္စာမန္တန်"** ဟူ၍ ခေါင်းစီးတပ်ကာ ဖော်ပြပါ ဂါထာများမှာ ပေါင်မြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် အရှင်ပညာဒီပ ချပေးသည့်အတိုင်း တစ်သဝေမတိမ်း တူညီနေသည်ကို တွေ့ရ၏။

'ဒီစာရွက်ကို ပို့ခိုင်းတဲ့ ဆရာတော်က ဘယ်သူတဲ့လဲ ဆရာ'

'စစ်ကိုင်း ငါ့တရော်ဆရာတော် တောင်ငူလေသာဆရာတော်၊ပြင်ဦးလွင် နိဗ္ဗာန်လမ်းပြဆရာတော်တွေနဲ့ ဆုံလို့ မေးမြန်းကြည့်တော့ ရက္ခန်းစင်တောင်ဆရာတော် ဦးသြဘာသ ပေးခိုင်းတာ ဖြစ်နိုင်တယ်လို့ မိန့်တော်မူကြပါတယ်'

သို့ဖြစ်လေရာ အကြောင်းတိုက်ဆိုင်စွာဖြင့် ပြန်လည်ရရှိခဲ့သော မဟာဝေဒဗ္ဗသစ္စာ မန္တန်(ပုရပိုက်မူရင်း)အား အသုံးပြုလိုသူများအတွက် ဖြန့်ဝေ ဒါနပြုလိုက်ပါသည်။

## မဟာဝေဒဗ္ဗ သစ္စာမန္တန်တော်ကြီး

၁။ ဘဒ္ဒကပ္ပေ ပဉ္စဗုဒ္ဓါ ဝိနိမုတ္တာ၊ စတုသစ္စ ဝိဇာနော၊ ဗုဒ္ဓေါနာမ နတ္ထိ။
နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု မေ သုခဝဍ္ဎနံ။

၂။ စတုသစ္စ ဝိနိမုတ္တော၊ မဂ္ဂဖလ ဝိဇာနော၊ ဓမ္မော နာမ နတ္ထိ။
နတ္ထိမေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု မေ သုခဝဍ္ဎနံ။

၃။ စတုပါရိ သုဒ္ဓိ သီလ ဝိနိမုတ္တော၊ မဂ္ဂဖလ ဝိဇာနော၊ သံဃော နာမ နတ္ထိ။
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု မေ သုခဝဍ္ဎနံ။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါတိ။
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု မေ သုခဝဍ္ဎနံ။

၅။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အ,ကာလိကော၊ ဧဟိ ပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု မေ သုခဝဍ္ဎနံ။

၆။ သံဃံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော၊
အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။
ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု မေ သုခဝဍ္ဎနံ။

၇။ န ဓိတတ္တရာယောပိ ကာတုံ ပ[illegible] ကောနပိ။





www.burmeseclassic.com

www.burmeseclassic.com

ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ ဇယ
မင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု
မေ သုခဝဍ္ဎနံ။

၈။ န ဉာဏန္တရာယောပိ ကာတုံ ဗုဒ္ဓဿ
ကောနစိ။
ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ ဇယ
မင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု
မေ သုခဝဍ္ဎနံ။

၉။ နရသ္မိ အန္တရာယောပိ ကာတုံ ဗုဒ္ဓဿ
ကောနစိ။
ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ
ဇယမင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ၊
ဟောတုမေ သုခဝဍ္ဎနံ။

၁၀။ ဗုဒ္ဓေါ အ,ဘေဇ္ဇကာယောပိ နတ္ထိ လောဟိ
တ သုဒ္ဓနံ။
ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ ဇယ
မင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု
မေ သုခဝဍ္ဎနံ။

၁၁။ တိဗ္ဗေယျာနေက ဝဿမ္ဘိ သဟာပဇ္ဇော
ဝိနာယကော။
ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ ဇယ
မင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု
မေ သုခဝဍ္ဎနံ။

၁၂။ သဟာမိယိ ပဋ္ဌသီလံ အဇ္ဈဂ်ီမ္ဘိ သုဒ္ဓေသိတံ။
ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ ဇယ
မင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု
မေ သုခဝဍ္ဎနံ။

၁၃။ သဒ္ဓိ မေ ဗုဒ္ဓသေဋ္ဌသ္မိံ သံသယော နတ္ထိ
သဗ္ဗဒါ။
ဝေဒေန သစ္စဝဇ္ဇေန ဟောတုမေ ဇယ
မင်္ဂလံ၊ ဟောတုမေ အာယုဝဍ္ဎနံ ဟောတု
မေ သုခဝဍ္ဎနံ။

၁၄။ နတ္ထိ မေ သရဏံ အညံ ဗုဒ္ဓေါ မေ
သရဏံ ဝရံ၊ ဧတံ သရဏံ ဥပေမိ၊ ယဿိ
ကာဠီ န ဝိဋ္ဋတိ၊ ဝေဒေန သစ္စဝဇ္ဇေန၊
ပဋိသုန္တ သတ္ထုရတနာ။

၁၅။ နတ္ထိ မေ သရဏံ အညံ ဓမ္မော မေ
သရဏံ ဝရံ၊ ဧတံ သရဏံ ဥပေမိ၊ ယဿိ



ကာဠီ န ဝိဋ္ဋတိ၊ ဝေဒေန သစ္စဝဇ္ဇေန၊
ပဋိသုန္တ သတ္ထုရတနာ။

၁၆။ နတ္ထိ မေ သရဏံ အညံ သံဃော မေ
သရဏံ ဝရံ၊ ဧတံ သရဏံ ဥပေမိ၊ ယဿိ
ကာဠီ န ဝိဋ္ဋတိ၊ ဝေဒေန သစ္စဝဇ္ဇေန၊
ပဋိသုန္တ သတ္ထုရတနာ။

**ခက်ခဲသော ပါဠိအသံထွက်**

၁။ **ဘဒ္ဒကပ္ပေ** = ဘတ်ဒကပ်ပေ
**ပဉ္စဗုဒ္ဓါ** = ပင်စဗုတ်ဓာ
**ဝိနိမုတ္တာ** = ဝိနိမုတ်တာ
**စတုသစ္စ** = စတုသစ်စ
**ဗုဒ္ဓေါနာမ** = ဗုတ်ဓောနာမ
**နတ္ထိ** = နတ်ထိ
**အညံ** = အင်ညံ
**ဗုဒ္ဓေါမေ** = ဗုတ်ဓောမေ
**သစ္စဝဇ္ဇေန** = သစ်စဝစ်ဇေန
**ဇယမင်္ဂလံ** = ဇယမင်ဂလံ
**အာယုဝဍ္ဎနံ** = အာယုဝတ်ဒနံ
**သုခဝဍ္ဎနံ** = သုခဝတ်ဒနံ
၂။ **ဝိနိမုတ္တော** = ဝိနိမုတ်တော
**မဂ္ဂဖလ** = မက်ဂဖလ
**ဓမ္မောနာမ** = ဓမ်မောနာမ
၃။ **သုဒ္ဓိ** = သုတ်ဒိ
၄။ **ဗုဒ္ဓံ** = ဗုတ်ဓံ
**ဂစ္ဆာမိ** = ဂစ်ဆာမိ
**ဣတိပိ** = အိတိပိ
**သမ္မာ** = သမ်မာ
**သမ္ဗုဒ္ဓေါ** = သမ်ဗုတ်ဓေါ
**ဝိဇ္ဇာစရဏ** = ဝိတ်ဇာစရဏ
**သမ္ပန္နော** = သမ်ပန်နော
**အနုတ္တရော** = အနုတ်တရော
**ပုရိသ** = ပုရိသ
**ဒမ္မသာရထိ** = ဒမ်မသာရထိ
**သတ္ထာဒေဝ** = သတ်ထာဒေဝ
**မနုဿာနံ** = မနုတ်သာနံ
**ဗုဒ္ဓေါ** = ဗုတ်ဓော
၅။ **သွာက္ခာတော** = သွက်ခါတော
**သန္ဒိဋ္ဌိကော** = သန်ဒိတ်ထိကော
**ဧဟိ** = ဧအဟိ
**ပဿိကော** = ပတ်သိကော
**ဩပနေ** = အောပနေ
**ယျိကော** = ယိကော
**ပစ္စတ္တံ** = ပစ်စတ်တံ
**ဝေဒိတဗ္ဗော** = ဝေဒိတပ်ဗော
**ဝိညူဟီတိ** = ဝိန်ညူဟီတိ
၆။ **သုပ္ပဋိပန္နော** = သုပ်ပတိပန်နော
**ဥဇုပ္ပဋိပန္နော** = အုဇုပ်ပတိပန်နော
**ဉာယပ္ပဋိပန္နော** = ညာယပ်ပတိပန်နော
**သာမီစိပ္ပဋိပန္နော** = သာမိစိပ်ပတိပန်နော
**စတ္တာရိ** = စတ်တာရိ
**အဋ္ဌပုရိသ** = အတ်ထပုရိသ
**ပုဂ္ဂလာ** = ပုတ်ဂလာ
**ဒက္ခိဏေယျော** = ဒက်ခိနေယျော
**အဉ္ဇလိ** = အင်ဇလိ
**အနုတ္တရံ** = အနုတ်တရံ
**ပုညက္ခေတ္တံ** = ပုန်ညက်ခေတ်တံ
**လောကဿာတိ** = လောကတ်သာတိ
၇။ **အန္တရာယောပိ** = အန်တရာယောပိ
**ဗုဒ္ဓဿ** = ဗုတ်ဓတ်သ
၈။ **ဉာဏန္တရာ** = ညာနန်တရာ
**ယောပိ** = ယောပိ
၉။ **နရသ္မိ** = နရသမိ
၁၀။ **ဗုဒ္ဓေါ** = ဗုတ်ဓော
**အ,ဘေဇ္ဇ** = အဘိတ်စ



www.burmeseclassic.com

www.burmeseclassic.com

၁၁။ **တိတ္ထေ** = တိတ်ထေ
**ယျာနေက** = ယာနေက
**ဝဿမ္ပိ** = ဝတ်သမ်ပိ
**သမာပန္နော** = သမာပန်နော
၁၂။ **သမာဓိယံ** = သမာဓိယိန်
**ပဉ္စသီလံ** = ပင်စသီလံ
**အဋ္ဌင်္ဂမ္ပိ** = အတ်ထင်ဂမ်ပိ
၁၃။ **သဒ္ဓါ** = သတ်ဓာ
**ဗုဒ္ဓသေဋ္ဌံမိ** = ဗုတ်ဓသေစ်ထမ်မို
**သဗ္ဗဒါ** = သပ်ဗဒါ
၁၄။ **ဥပေမိ** = အုပေမိ
**မယိက်ခါ** = မယိကင်ခါ
**ဝိဇ္ဇတိ** = ဝိတ်ဇတိ
**သစ္စဝဇ္ဇေန** = သစ်စဝစ်ဇေန
**ပဝိသန္တု** = ပဝိသန်တု
**သတ္တရတနာ** = သတ်တရတနာ

အနက်

၁။ **ဘဒ္ဒကပ္ပေ**–ဘဒ္ဒကမ္ဘာ၌ **ပဉ္စဗုဒ္ဓါ**–ငါးဆူသော ဘုရားတို့သည်၊ **ဝိနိမုတ္တာ**–ကိလေသာ အနှောင်အဖွဲ့ ဝဋ်ဒုက္ခမှ လွတ်မြောက်ကြကုန်ပြီ၊ **စတုသစ္စဝိဂတော**–သစ္စာလေးပါး တရားကိုသိခြင်းမှ ကင်းသော၊ **ဗုဒ္ဓါနာမ**–ဘုရားမည်သည်၊ **နတ္ထိ**–မရှိ၊ **မေ**–အကျွန်ုပ်အား၊ **အညံ**–ဘုရားမှ အခြားတစ်ပါးသော၊ **သရဏံ**–ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာတည်း။ **ဧတေနသစ္စဝဇ္ဇေန**–ဤ သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်အား။ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်စေသတည်း။ **မေ**–အကျွန်ုပ်အား၊ **အာယုဝဍ္ဎနံ**–အသက်ရှည်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။ **မေ**–အကျွန်ုပ်အား၊ **သုခဝဍ္ဎနံ**–ချမ်းတိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

၂။ **စတုသစ္စဝိနိမုတ္တော**– သစ္စာတရားလေးပါးမှ လွတ်ကင်းသော၊ **မဂ္ဂဖလဝိဂတော**– မဂ်ဖိုလ်တရားမှ ကင်းသော၊ **ဓမ္မောနာမ**–တရားမည်၊ **နတ္ထိ**–မရှိ၊

[**ဧတေနသစ္စဝဇ္ဇေန**–စသောပါဠိများ၏ အနက်သည် နံပါတ်(၁)ပုဒ် အတိုင်းပင်ဖြစ်၏။]

၃။ **စတုပါရိ သုဒ္ဓိ သီလ ဝိနိမုတ္တော**–လေးပါးသော ပါရိသုဒ္ဓိသီလမှ လွတ်သော၊ **မဂ္ဂဖလဝိဂတော**–မဂ်ဖိုလ်တရားမှ ကင်းသော၊ **သံဃောနာမ**–အရိယာ သံဃာတော်မည်သည်၊ **နတ္ထိ**–မရှိ၊

[**ဧတေနသစ္စဝဇ္ဇေန**–စသောပါဠိများ၏ အနက်သည် နံပါတ်(၁)ပုဒ် အတိုင်းပင်ဖြစ်၏။]

၄။ **ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊ **သရဏံ**–ကိုးကွယ်ဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏၊ **သောဘဂဝါ**–ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဤပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်လည်း၊ **အရဟံ**–အရဟာမည်တော်မူ၏၊ **ဣတိပိ**–ဤသို့ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသောကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**–သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊

**ဣတိပိ**–ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ **ဝိဇ္ဇာစရဏသမ္ပန္နော**–ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ **ဣတိပိ**–ဤသို့ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း၊ **သုဂတော**–သုဂတမည်တော်မူ၏။

**ဣတိပိ**–ဤသို့ လောကသုံးပါးကို ထင်ရှား သိတော်မူတတ်သောကြောင့်လည်း၊ **လောကဝိဒူ**–လောကဝိဒူမည်တော်မူ၏၊ **ဣတိပိ**–ဤသို့ လူပြဟ္မာနတ် ဘုံသုံးရပ်တွင် အမြတ်ဆုံးဖြစ်တော်မူ၍ ဆုံးမသင့်သောသူတို့ကို ကောင်းစွာယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်လည်း။ **အနုတ္တရောပုရိသဒမ္မသာရထိ**–အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏၊

**ဣတိပိ**–ဤသို့ နတ်ပြဟ္မာ လူသတ္တဝါဟူသမျှတို့၏ ဆရာဖြစ်တော်မူသောကြောင့်လည်း။ **သတ္ထာဒေဝမနုဿာနံ**– သတ္ထာဒေဝမနုဿာန မည်တော်မူ၏၊ **ဣတိပိ**–ဤသို့သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်လည်း သိ၊ ဝေနေယျ သတ္တဝါတို့ကိုလည်း သိစေတော် မူတတ်သောကြောင့်လည်း။ **ဗုဒ္ဓေါ**–ဗုဒ္ဓမည်တော်မူ၏၊ **ဣတိပိ**–ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ **ဘဂဝါ**–ဘဂဝါ မည်တော်မူ၏၊

[**ဧတေနသစ္စဝဇ္ဇေန**–စသည်တို့၏ အနက်ကို နံပါတ်(၁)ပုဒ်အတိုင်းဆို]

၅။ **ဓမ္မံ**–တရားတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏၊ **ဘဂဝတာ**–မြတ်စွာဘုရားသည်၊ **ဓမ္မော**–တရားတော်မြတ်ကို၊ **သွာက္ခာတော**–ကောင်းစွာ ဟောကြားတော် မူအပ်ပါပေ၏၊ **သန္ဒိဋ္ဌိကော**–ကိုယ်တိုင်သိမြင်အပ်သော တရားဖြစ်ပါပေ၏၊ **အကာလိကော**– အခါမလင့် အကျိုးပေးတတ်သော တရားဖြစ်ပါပေ၏၊ **ဧဟိပဿိကော**–လာ၍ ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်သော တရားဖြစ်ပါပေ၏၊ **ဩပနေယျိ**



www.burmeseclassic.com

www.burmeseclassic.com

**ကော**–ကိုယ်တွင် မပြတ်ကပ်၍ ဆောင်ထားထိုက်သော တရားဖြစ်ပါပေ၏၊ **ဝိညူဟိ**–ပညာရှိတို့သည်၊ **ပစ္စတ္တံဝေဒိတဗ္ဗော**–ကိုယ်စီ သိအပ် ခံစားအပ်သော တရားဖြစ်ပါပေ၏။

၆။ **သံဃံ**–သံဃာတော်မြတ်ကို **သရဏံ**–ကိုးကွယ်ဟူ၍ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏၊ **ဘဂဝတော**–မြတ်စွာဘုရား၏၊ **သာဝက သံဃော**–တပည့်သားဖြစ်သော သံဃာတော်သည်၊

**သုပ္ပဋိပန္နော**–ကောင်းမွန်စွာ ကျင့်တော်မူတတ်ပါပေ၏၊

**ဥဇုပ္ပဋိပန္နော**–ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါပေ၏၊

**ဉာယပ္ပဋိပန္နော**–နိဗ္ဗာန်ရောက်ရန် လျော်ကန်စွာ ကျင့်တော်မူတတ်ပါပေ၏

**သာမီစိပ္ပဋိပန္နော**– အရိုအသေပြုခြင်းကို ခံထိုက်အောင် ကျင့်တော်မူတတ်ပါပေ၏၊

**စတ္တာရိ**–လေးပါးကုန်သော၊ **ယဒိဒံ ယာနိ ပုရိသယုဂါနိ**– အကြင်ယောကျ်ားမြတ်အစုံတို့သည်၊ **သန္တိ**–ရှိကုန်၏၊ **ဧတေပုရိသပုဂ္ဂလာ**– ထိုယောကျ်ားမြတ်ပုဂ္ဂိုလ်တို့သည်၊ **အဋ္ဌ**–ရှစ်ယောက်တို့တည်း။ **ဘဂဝတော**–မြတ်စွာဘုရား၏၊ **ဧသသော သာဝကသံဃော**– ထိုတပည့်သားသံဃာတော်သည်၊ **အာဟုနေယျော**–အဝေးမှ ဆောင်လာသည့်ပစ္စည်းအထူးကို ခံယူတော်မူထိုက်ပါပေ၏၊ **ပါဟုနေယျော**– ဧည့်သည်တို့အား ရည်မှတ်ထားသည့် ပစ္စည်းအထူးကို ခံတော်မူထိုက်ပါပေ၏၊ **ဒက္ခိဏေယျော**–မြတ်သော အလှူကို ခံယူတော်မူထိုက်ပါပေ၏၊ **အဉ္ဇလိကရဏီယော**–



လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်ပါပေ၏၊ **လောကဿ**–လူအပေါင်း၏၊ **အနုတ္တရံ** –အတုမရှိသော၊ **ပုညက္ခေတ္တံ**– ကုသိုလ်ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏။

[**ဓေတနသစ္စဝဇ္ဇေန**– စသည့် အနက် နံပါတ်(၁)ပုဒ် အတိုင်းဆို]

၇။ **ဗုဒ္ဓဿ**–မြတ်စွာဘုရား၏၊ **ဇီဝိတန္တရာယော ဝိ**– အသက်အန္တရာယ်ကိုလည်း၊ **ကေနစိ**–တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ**–ပြုခြင်းငှာ၊ **န(သက္ကာ)**–မတတ်နိုင်။

၈။ **ဗုဒ္ဓဿ**–မြတ်စွာဘုရား၏၊ **ဉာဏန္တရာယော ဝိ**– သဗ္ဗညုတဉာဏ်တော်အန္တရာယ်ကိုလည်း၊ **ကေနစိ** – တစ်စုံတစ်ယောက်သောသူသည်၊ **ကာတုံ**–ပြုခြင်းငှာ၊ **န (သက္ကာ)**–မတတ်နိုင်။

၉။ **ဗုဒ္ဓဿ**–မြတ်စွာဘုရား၏၊ **ရသ္မိ အန္တရာယော ဝိ**– ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်၏ အန္တရာယ်ကိုလည်း၊ **ကေနစိ**– တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ**–ပြုခြင်းငှာ၊ **န(သက္ကာ)**–မတတ်နိုင်။

၁၀။ **ဗုဒ္ဓေါ**– မြတ်စွာဘုရားသည်၊ **အဘာဝုကာယော ဝိ**–မခွဲမဖြတ် မထိုးဖောက်အပ်သော ကိုယ်တော်လည်း ရှိတော်မူ၏၊ **လောဟိတုပ္ပါဒံ**–သွေးယိုထွက်ခြင်းသည်၊ **နတ္ထိ**–မရှိ။

၁၁။ **ဝိနာယကော**– လောကရှေ့ဆောင် မြတ်စွာဘုရားသည်၊ **အနေကကပ္ပကောဋိ**– နှစ်များစွာ ကာလပတ်လုံးလည်း၊ **သမာပန္နော** – သမာပတ်ဝင်စားလျက်၊ **တိဋ္ဌေယျ**–တည်နေနိုင်ရာ၏။

၁၂။ **သုမေဓသီလံ**–ကောင်းစွာ ပြောကြားအပ်သော၊ **ပဉ္စသီလံ**–ငါးပါးသီလကိုလည်းကောင်း၊ **အဋ္ဌင်္ဂသီလံ**– ရှစ်ပါးသီလကို လည်းကောင်း၊ **သမာဒိယိ** – ကောင်းစွာ ဆောက်တည်ခဲ့ပြီ။ (**ဓေတနသစ္စဝဇ္ဇေန**– စသည့် အနက်ကို ရှေ့ပုဒ်တိုင်းဆို)

၁၃။ **မေ**–ငါ့အား၊ **ဗုဒ္ဓသေဋ္ဌမှို**–ဘုရားမြတ်၌ **သဒ္ဓါ**–ယုံကြည်ခြင်းသည်၊ **အတ္ထိ**–ရှိ၏။ **သမ္ဘဒါ**–အခါခပ်သိမ်း **သံသယော**–ယုံမှားသံသယသည်၊ **နတ္ထိ**–မရှိ၊ (**ဓေတနသစ္စ ဝဇ္ဇေန**– စသည့် အနက်ကို ရှေ့ပုဒ်တိုင်းဆို)

၁၄။ **မေ**–အကျွန်ုပ်အား၊ **အညံ**– ဘုရားမှတစ်ပါးသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ**– အကျွန်ုပ်၏၊ **ဝရံ**–မြတ်သော၊ **သရဏံ**– ကိုးကွယ်ရာတည်း။ **ဧတံ**–ထို မြတ်စွာဘုရားကို၊ **သရဏံ**– ကိုးကွယ်ခြင်းသို့၊ **ဥပေမိ**–ကပ်ရောက်ပါ၏၊ **မယိ**– အကျွန်ုပ်၌ **ကင်္ခါ**–ယုံမှားခြင်းသည်၊ **နဝိဇ္ဇတိ**–မရှိ၊ **ဓေတန သစ္စဝဇ္ဇေန**–ဤမှန်သော စကားကို ဆိုခြင်းကြောင့်၊ **သတ္တရတနာ**–ရတနာ(၇)ပါးတို့သည်၊ **ပဝိသန္တု**



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ်၊ ဧပြီလ (၁)ရက်မှ (၃၀)ရက်နေ့အထိ

ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ကျော်ခြည်

## တနင်္ဂနွေ

**စီးပွားရေး ။** အလုပ်ရှင်များ ထုတ်လုပ်မှု ကောင်းမွန်၍ အမြတ်အစွန်းများမည်။ ငွေကြေးရောင်းဝယ်ရေး လဲလှယ်ရေး အကျိုးအမြတ်များမည်။ ငွေပန်းထိမ်များ ကောင်းစားမည်။

**ဝန်ထမ်းအရေးရာ ။** အလုပ်များ အဆင်ပြေမည်။ အောင်မြင်မည်။ လူကြီးများကလည်း ကူညီမစ၍ လုပ်ဖော်ကိုင်ဖက်များကလည်း မေတ္တာထားကြသည်။ သင်တန်းတက်ရမည်။

**အိမ်တွင်းအရေး ။** အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးတို့ သွားချင်သောခရီးကို သွားခွင့်ပြုလိုက်ပါ။

**အချစ်အရေး ။** ချစ်သူမရှိသေးသူများ ခရီးသွားရင်း ချစ်သူနှင့်တွေ့ရလိမ့်မည်။ သို့မဟုတ် ဆွေနီးမျိုးစပ်တော်သူနှင့် အိုးချင်းထားအိုးချင်းထိ၍ အချစ်ကြိုးလည်း ငြိပါလိမ့်မည်။

**ပညာအရေး ။** ပညာရေး ကံဇာတာ ကောင်းနေပါသည်။ ဖြေဆိုရမည့် စာမေးပွဲ (သို့မဟုတ်) အရည်ချင်းစစ် (သို့မဟုတ်) ရာထူးဝင်ခွင့် ဖြေဆိုရန်ရှိလျှင် ရဲရဲဝံ့ဝံ့ဖြေဆိုပါ။ ထိပ်တန်းမှ အောင်မြင်လိမ့်မည်။

**ကျန်းမာအရေး ။** အစာမှား၍ အစာမကြေ ရင်ပြည့်ရင်ကယ် ဖြစ်တတ်သည်။ ကျေလွယ်သော အစာများကိုသာစားပါ။

**ဆောင်ရန်ရက်များ ။** ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ ။** ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈။

**ထီထိုးရန်ရက်များ ။** ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ ။** ၂၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထွေထွေယတြာ ။** ဆောင်ရွက်ရန်ကိစ္စ ယှဉ်ပြိုင်ရန် ပြဿနာရှိလျှင် မေမြှုပန်း(၅)ပွင့် (သို့မဟုတ်) (၁၉)ပွင့်ကို ဘုရားတင်ကပ်လှူ၍ ငါးရွက် (သို့မဟုတ်) ရွက်လှခက်(၄)ညွှန့် (သို့မဟုတ်) (၁၇)ရွက်/(၁၇)ညွှန့်ကို နင်းပြီးအိမ်မှ ထွက်ပါ။

## တနင်္လာ

**စီးပွားရေး ။** ငွေကြေး လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းများ ကောင်းမည်။ အစုစပ်လုပ်ငန်းများ လုပ်ကိုင်နိုင်ပါသည်။ လုပ်ငန်းရှင်များ အလုပ်သမားပြဿနာ ကြုံတတ်သည်။

**ဝန်ထမ်းအရေးရာ ။** ငွေကြေးကိစ္စ အထင်လွဲ အထင်မှား ခံရတတ်၍ စာရင်းဇယား စနစ်တကျလုပ်၍ မိမိ၏ ရိုးသားမှုကိုပြသပါ။

**အိမ်တွင်းအရေး ။** ငွေသုံးစွဲမှုကြောင့် အိမ်ထောင်ဖက်နှင့် စကားများရလိမ့်မည်။ သားသမီး၏ ပညာရေး အဆင်ပြေမည်။

**အချစ်အရေး ။** အချစ်ရေး အောင်မြင်ပျော်ရွှင်ရမည့် ကာလဖြစ်သည်။ ချစ်သူမရှိသေးသူများ သင်္ကြန်မိုးရေထဲမှာ ဖူးစာဖက်ကိုတွေ့ရလိမ့်မည်။

**ပညာအရေး ။** အချစ်ရေးကြောင့် ပညာရေး အထိအခိုက် မခံပါနှင့်။ လက်ထပ်ဖို့ကြိုးစားနေသူများ မထင်မှတ်ဘဲ နှစ်ဖက် သဘောတူညီမှု ရတတ်သည်။

**ကျန်းမာအရေး ။** လေထိုးလေအောင့် ဖြစ်တတ်ပါသည်။ သွေးတိုးရောဂါကိုလည်း သတိထားပါ။ (၁၅)ရက်ကျော်မှ သက်သာသွားမည်။

**ဆောင်ရန်ရက်များ ။** ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ ။** ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ ။** ၃၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ ။** ၃၊ ၅၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။













**အထွေထွေယတြာ ။** ဆောင်ရွက်ကိစ္စ၊ ယှဉ်ပြိုင်ရန်ကိစ္စ ရှိပါက ဘုရားတွင် ဖော်စိမ်း(၃)ခက်လှူ၍ အုန်းလက်ကိုနင်းပြီး ဆင်းသွားပါ။

## အင်္ဂါ

**စီးပွားရေး ။** ဆန်စပါးလုပ်ငန်း အောင်မြင်မည်။ ငွေဝင်များမည်။ လျှပ်စစ်ပစ္စည်း ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အမြတ်များမည်။

**ဝန်ထမ်းအရေးရာ ။** လုပ်ငန်းဆိုင်ရာ ခရီးထွက်ရလိမ့်မည်။ အောင်မြင်ပြီးမြောက်သော ခရီးဖြစ်ပါမည်။ အထက်လူကြီး၏ အသိအမှတ်ပြုခံရမည်။

**အိမ်တွင်းအရေး ။** အိမ်ထောင်ဖက် ခရီးထွက်ရကိန်းရှိသည်။ သားသမီးများ ပညာရေး ကျန်းမာရေး စီးပွားရေးတွေ ကောင်း၍ မိဘများ စိတ်ချမ်းသာရမည်။

**အချစ်အရေး ။** အပြောအဆိုကြောင့် ချစ်သူစိတ်ဆိုးပြီး စိတ်ကောက်နေလိမ့်မည်။ ချော့မော့ပြောဆိုပါ။ လက်ထပ်မည့်သူများ အခက်အခဲ တွေ့ရတတ်သည်။

**ပညာအရေး ။** ပညာရေးတွင် အခက်အခဲ တွေ့ကြုံရသော်လည်း ကြိုးစားလိုက်ပါ။ ပို၍ထက်မြက်လာလိမ့်မည်။

**ကျန်းမာအရေး ။** ဝမ်းလျှောဝမ်းပျက် ဖြစ်တတ်ပါ၍ ဝမ်းနှုတ်စာများကို မစားပါနှင့်။ အချဉ်အစပ် အပူစာများကိုရှောင်ပါ။

**ဆောင်ရန်ရက်များ ။** ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ ။** ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ ။** ၄၊ ၅၊ ၈၊ ၁၃၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ ။** ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထွေထွေယတြာ ။** ဆောင်ရွက်ရန် ကိစ္စပြဿနာရှိလျှင် ဒေါနခက်(၇)ခက်ကို ဘုရားတွင်ကပ်လှူပါ။ သီဟိုဠ်ညွှန့်(၆)ညွှန့်ကို နင်းပြီးမှသွားပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး ။** အလုပ်ရှင်(အထူးသဖြင့်) အထည်ချုပ်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု အားကောင်းပြီး ပြဿနာကင်းစွာ ထုတ်လုပ်နိုင်၍ ရောင်းအားကောင်းမည်။ နိုင်ငံခြားနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ရမည်။

**ဝန်ထမ်းအရေးရာ ။** ဝန်ထမ်းများ အလုပ်ခွင်တွင် အေးအေးချမ်းချမ်း ဂုဏ်သိက္ခာရှိရှိ လုပ်ဆောင်ခွင့်ရလိမ့်မည်။ လစာအပြင် ဆုကြေး များ ရရှိဦးမည်။

**အိမ်တွင်းအရေး ။** အိမ်တွင်းရေး အဆင်ပြေသာယာမည်။



www.burmeseclassic.com

www.burmeseclassic.com

သားသမီးထဲမှ ပညာရေးဖြင့် နိုင်ငံခြားခရီး သွားရကိန်းရှိသည်။ သားသမီးအကြီးထဲမှ မင်္ဂလာကိစ္စဖြစ်ပေါ်လာမည်။

**အချစ်ရေး** ။ မိမိ၏စိန်းပွင့်မှုကြောင့် ချစ်သူ၏ အထင်လွဲခံရ တတ်သည်။ မင်္ဂလာကိစ္စကြောင့် ချစ်သူနှစ်ဦး စိတ်သောက ရောက်တတ်သည်။

**ပညာရေး** ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ နိုင်ငံခြားသင်တန်း တက်ခွင့်ရမည်။

**ကျန်းမာရေး** ။ အစားမှား သေးမှားတတ်၍ စားသတိ၊ သောက် သတိဖြင့် စားသောက်လျှင် အန္တရာယ်ကင်းပါလိမ့်မည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၅၊ ၆၊ ၇၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်ရန်ကိစ္စ ယှဉ်ပြိုင်ရန်ကိစ္စရှိလျှင် "သဗ္ဗ ကိစ္စံ အရဟံ နဘာယံ သိဒ္ဓိ"ဟူသော ဂါထာကို (၄)ခေါက်ရွတ်၍ ထန်းသား (သို့မဟုတ်) ထိန်သား ဒန်ချက်ကို နင်းသွားပါ။







## ကြာသပတေး

**စီးပွားရေး** ။ ငွေပန်းထိမ်လုပ်ငန်းများ၊ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ငွေကြေး ရောင်းဝယ်လဲလှယ်ရေး လုပ်ငန်းများ အမြတ်ငွေများများရမည်။

**ဝန်ထမ်းရေးရာ** ။ မိမိကို တာဝန်ပေးထားသော အလုပ်များကို သတ်မှတ်ချိန်အတွင်း ပြီးအောင် ဆောင်ရွက်ပါ။ ချီးမြှင့်မြှောက်စားမှုက စောင့်နေသည်။

**အိမ်တွင်းရေး** ။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ အဆင်မပြေဖြစ်ရတတ်သည်။ စည်းနှင့်ကမ်းနှင့် သုံးစွဲလျှင် အဆင်ပြေလိမ့်မည်။ သားသမီးထဲက ကျန်းမာရေးညံ့မည်။

**အချစ်ရေး** ။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ကာလဖြစ်သည်။ ချစ်သူမရှိသေးသူများ သင်္ကြန်ရက်အတွင်း ချစ်သူရှာတွေ့လိမ့်မည်။

**ပညာရေး** ။ ကျောင်းပညာရေး မဟုတ်သော ပြင်ပသင်တန်းများ တက်ခွင့်ရလိမ့်မည်။ ကြိုးစားလိုက်စမ်းပါ။ မတက်ဘူးသော ပညာရပ်များ တတ်မြောက်ပါလိမ့်မည်။

**ကျန်းမာရေး** ။ ခေါင်းမူးခေါင်းကိုက်ခြင်း ဝေဒနာ ခံစားရတတ်သည်။ စိတ်ရှုပ် စိတ်ညစ် မခံပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် "ဥုံ နဘာယံ ဘေးမရှိ မြတ်ဘုရား လိုတရစေ" ဂါထာကို (၅)ကြိမ်ရွတ်ပါ။ အုန်းညွန့်(၆)ညွန့်ကို နင်းပြီး အိမ်မှထွက်ပါ။

## သောကြာ

**စီးပွားရေး** ။ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ တိုးချဲ့ရလိမ့်မည်။ ကျောင်းသားဦးရေ များများဝင်လာလိမ့်မည်။ ပညာရေး သာမက ဘက်စုံဖွံ့အောင် လုပ်ပေးရမည်။

**ဝန်ထမ်းရေးရာ** ။ ဆောက်လုပ်ရေးဆိုင်ရာ ဝန်ထမ်းများ ခရီးဝေးတွင် သွားရောက်လုပ်ကိုင်ရပြီး လုပ်ငန်းအခက်အခဲ၊ လုပ်သားအခက်အခဲကြောင့် လုပ်ငန်းများ အချိန်မီ မပြီးစီးနိုင် ဖြစ်နေလိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေးကတော့ ပုံမှန်ပါပဲ။ ငွေကြေး အဝင်လည်း ကောင်းမည်။ ယာဉ်ကား အသစ်ဝင်မည်။ သားသမီးတို့၏ ပညာရေးကို ဂရုစိုက်ပေးပါ။

**အချစ်ရေး** ။ အချစ်ရေး အောင်မြင်မည်။ အနေအထိုင် အသွား အလာဆင်ခြင်ပါ။ သင်္ကြန်ရက်အတွင်း မင်္ဂလာကိစ္စ ပေါ်ပေါက်လာတတ်သည်။

**ပညာရေး** ။ ပညာရေးကံဇာတာ အထွတ်အထိပ်သို့ ရောက်နေသည်။ ကျောင်းပညာရေးနှင့် မသက်ဆိုင်သော ခေတ်ပေါ်ပညာရပ်များ၊ အတတ်ပညာများ သင်ကြားခွင့်ရလိမ့်မည်။

**ကျန်းမာရေး** ။ နေပူထဲက ပြန်လာလာချင်း ခေါင်းကို ရေလောင်း မချိုးပါနှင့်။ အပူငုတ်ပြီး အဖျားဝင်တတ်သည်။

**ဆောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၆၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် ဘုရားတွင် ရွက်လှပန်း (၆)ခက် ကပ်လှူပါ။ ကုက္ကိုခက်(၂)ခက်ကို နင်းပြီး အိမ်မှထွက်ပါ။

## စနေ

**စီးပွားရေး** ။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်တိုးတက်မည်။ လုပ်ငန်းများ တိုးချဲ့ရလိမ့်မည်။ ကျောင်းသားအင်အားကောင်းမည်။ ငွေဝင်မည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်တာဝန်များ အောင်မြင်ပြီးစီးလိမ့်မည်။ လစာအပြင် ဆုကြေးများ ဝင်ရလိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက် စီးပွားရေး၊ ကျန်းမာရေးကောင်းမည်။ ငွေကြေးဝင်မည်။ သားသမီးအတွက်မှ လုပ်ဆောင်ချက်များ မအောင်မမြင် ဖြစ်တတ်သည်။

**အချစ်ရေး** ။ သင်္ကြန်ရက်အတွင်း ခရီးသွားရင်း ချစ်သူတွေ့မည်။ လက်ထပ်ဖို့ ကြိုးစားနေသူများ နှစ်ဖက်ဆွေမျိုးများကြောင့် ကြန့်ကြာနေဦးမည်။

**ပညာရေး** ။ ပညာရေးကောင်းမည်။ မည်သည့် သင်တန်းမဆို အောင်မြင်သည်အထိ တက်နိုင်လိမ့်မည်။

**ကျန်းမာရေး** ။ သွေးတိုးရောဂါ အခံရှိသူများ သွေးတိုးရောဂါ ပြန်ထတတ်၍ အစားအသောက် ဆင်ခြင်ပါ။ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် ရှင်သီဝလိရဟန္တာမြတ်ကြီးအား ပူဇော်ကန်တော့ပြီးမှ ဆောင်ရွက်ပါ။

*ကျန်းမာ ချမ်းသာပါစေ*

**ဆရာ ရောင်ခြည်**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ သင်္ကြန်

www.burmeseclassic.com

www.burmeseclassic.com

# နွား ကြပ်ဖုအနာအတွက်

### ဆေးနည်းတစ်လက်

နွားကြပ်ဖုအနာသည် နွားများ၏ အောက်မေးအောက်တွင် လည်းကောင်း၊ အစာမျို လည်ချောင်းအောက်တွင် လည်းကောင်း၊ လည်ပတ်များတွင် လည်းကောင်း ပေါက်တတ်လေ့ ရှိပါသည်။

အစပိုင်းတွင် အဖုအကြိတ်မှာ သေးငယ်သော်လည်း တဖြည်းဖြည်း နှင့် ကြီးထွားလာပါသည်။ ထိုကြပ်ဖုကို ကိုင်ကြည့်လျှင် မာခဲနေပါသည်။

ထိုကြပ်ဖု ကြီးလာလျှင် နွားများမှာ အစာစား နည်းလာပြီး တဖြည်းဖြည်း နှင့် နွားမှာ ပိန်လာပါသည်။


ထိုနွားကြပ်ဖု အနာကို ပျောက်ကင်းစေသော ဆေးနည်းမှာ **တောမညိုးပင်** ဖြစ်ပါသည်။ ထိုမညိုးပင်သည် ချောင်းဘေး သဲခုံများ၊ လမ်းဘေးနှင့် သဲဆန်သောမြေ၊ ဂဝံမြေတို့တွင် အပေါက်များပြီး နေရာအနှံ့အပြားတွင် တွေ့ရတတ်ပါသည်။

**ထိုအပင်၏ အရွက်မှာထူပြီး အပွင့်မှာ ကြယ်ပွင့်ကလေးများနှင့်တူ၍ အဖိုင်လိုက် ပွင့်ပါသည်။ အသီးလေးများမှာ လေ့လုံးသဏ္ဌာန်ကဲ့သို့သော အသီးများ သီးပါသည်။**

ထိုနွားကြပ်ဖုကို ကုသရန်မှာ မညိုးပင်၏ အကိုင်းကို ချိုးယူလာပြီး ကြပ်ဖုနာ ဖြစ်နေသော နွားအနီးရောက်လျှင် အရွက်ကို ချူးလိုက်ပါ။

ထိုအခါ အရွက်၏ ညှာတံရင်းမှ ဖြူဖြူ အစေးများ ထွက်လာပါလိမ့်မည်။ ထိုအစေးများဖြင့် နွား၏ကြပ်ဖုကို တို့ထိပေးပါ။

ထိုနည်းအတိုင်း နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်ကို တစ်ပတ်ခန့် ပြုလုပ်



တောမညိုးပင်

ပေးပါ။

ထိုသို့ အစေးဖြင့် တို့ထိပေးရာတွင် နေရာရွှေ့ပြောင်းခြင်း မရှိဘဲ တစ်နေရာတည်းကိုသာ အကြိမ်ကြိမ် ပြုလုပ်ပေးရပါမည်။

ထိုသို့ တစ်ပတ်ခန့် ပြုလုပ်ပေးလျှင် မညိုးစေးထိသော နေရာမှ အနာဝ ပွင့်လာပါလိမ့်မည်။ ထိုအခါ နွား၏ ကြပ်ဖုကို ဓားကဲဖြင့် နာနာဖျစ်ညှစ်ပေးလိုက်ပါ။

ထိုသို့ ဖျစ်ညှစ်လိုက်လျှင် ကြပ်ဖု **အတွင်းမှ သွေးနှင့် ပြည်များ ထွက်လာကာ နွား၏ ကြပ်ဖုမှာ ပိန်ကပ်သွားရာမှ** လုံးဝ ပျောက်ကင်းနိုင်ပါကြောင်း ဘဝတူ တောင်သူများနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူများ အတွက် မျှဝေတင်ပြလိုက်ပါသည်။

***သတ္တဝါအများ ကျန်းမာချမ်းသာကြပါစေ။***

**ကိုဝင်းတင်(လယ်လှ)**
**အထက်မင်းလှ**

---

**စာမျက်နှာ (၁၆၅)မှ အဆက်**

–ဝင်လာစေကုန်သတည်း။

၁၅။ **မေ**–အကျွန်ုပ်အား **အည်**–တရားမှ တစ်ပါးသော၊ **သရဏံ**–ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဓမ္မော**–တရားတော်သည် **မေ**–အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာတည်း။ **ဧတံ**–ထိုတရားတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ခြင်းသို့၊ **ဥပေမိ**–ကပ်ရောက်ပါ၏။(ကျန်ပါဠိများ၏အနက်သည် ရှေ့ပုဒ်အတိုင်း ဖြစ်ပါ၏။)

၁၆။ **မေ**–အကျွန်ုပ်အား၊ **အည်**–သံဃာမှ တစ်ပါးသော၊ **သရဏံ**–ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **သံဃော**–သံဃာတော်သည်၊ **မေ**–အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာတည်း။ **ဧတံ**–ထိုသံဃာရတနာကို၊ **သရဏံ**– ကိုးကွယ်ခြင်းသို့၊ **ဥပေမိ**–ကပ်ရောက်ပါ၏။(ကျန်ပါဠိများ၏ အနက်သည် ရှေ့ပုဒ်အတိုင်း ဖြစ်ပါ၏။)

***[ဤဂါထာတော်ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီးဦးသန်းအောင်မြ [မြောင်မြ(မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)၊ ဓိဿာဘာထက–ဒီဃနိကာယ ကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

နေသိဒ္ဓိနက္ခတ်နှင့် စန်း(လ)တို့သည် တစ်လလျှင် တစ်ကြိမ် ယှဉ်မှုလေ့ရှိကြသည်။ **ယင်းအချိန်ကာလကို နက္ခတ်ကြိုက်သည့်ကာလဟုခေါ်သည်။**

နက္ခတ်မကြိုက်သော်လည်း မဟာဝေဒမ္ဗသစ္စာမန္တန်ကို နေ့စဉ် နံနက် (၃)ကြိမ်၊ ည(၃)ကြိမ် ရွတ်ဖတ်ပူဇော်ပေးခြင်းဖြင့် ရတနာမိုးရွာသွန်းသကဲ့သို့ သုခအဖြာဖြာ ပြည့်ဝ၍ မင်္ဂလာအပေါင်း ခညောင်းစေနိုင်ကြောင်း ဆရာတော် အရှင်ပညာဒီပက မိန့်ကြားတော်မူခဲ့လေသည်။

***[နေသိဒ္ဓိနက္ခတ်နှင့်စန်း(လ)ယှဉ်သော အချိန်ကို နက္ခတ်ပညာတတ်ကျွမ်းသူ ထံ မေးမြန်း သိရှိနိုင်ပါသည်။]***

**ဘုန်းကျော်စွာ (မြို့င်တား‌ဒေ့သိုလ်)**



www.burmeseclassic.com

www.burmeseclassic.com





▲ မြေပိုင်ရှင် ဒေါ်မစီနှင့် သူ့သားတို့ ထူးခြားဆန်းကြယ် ကွမ်းသီးပင်ရှေ့တွင် အမှတ်တရ

◄ ထူးခြားဆန်းကြယ် ကွမ်းသီးပင် အနီးကပ်မြင်ကွင်း

ထူးခြားဆန်းကြယ်

# ကွမ်းသီးပင်

ဂုဏ်ထွန်းမြင့် (စက်ခဲ)

တောတောင် ရေမြေသဘာဝ သစ်တောများသည် တစ်ခါတစ်ရံ ထူးထူးခြားခြား တွေ့ရတတ်သည်။

ရပ်ကွက်ကျေးရွာများတွင် နွေရာသီ၌ ရေရှားပါးမှုပြဿနာနှင့် ကြုံတွေ့ရသော်လည်း အချို့သော မြင့်မားသည့် တောင်ထိပ်များပေါ်တွင် နွေ၊ မိုး၊ ဆောင်း (၁၂)ရာသီပတ်လုံး ရေထွက်နေသည်ကို တွေ့ရသည်။

တောကြီးတောင်ကြီးများတွင် လမ်းမှားနိုင်သည့် မြက်မှားများရှိသလို နွယ်တွင်းထိုး ပရဆေးအမျိုးမျိုးလည်း တွေ့ရတတ်သည်။

တချို့သော တောင်ကိုလည်း တောင်ထိပ်ရှိ မည်းသည့်အရှက်ကို တားဆေး ထေးမြစ်စေတတ်သော ကြောင့် ထေးတောင်ဟု ခေါ်ကြသည်။

တစ်ခါတစ်ရံ သိပ္ပံလောကသားများ လက်မခံနိုင်သော ဖြစ်ရပ်အချို့လည်း ရှိသည်။ လွန်ခဲ့သော (၈)နှစ်ခန့်က သံဖြူဇရပ်မြို့နယ် ဝါခရူကျေးရွာလယ်ကွင်းတွင် လူနှစ်ဖက်နီးပါးခန့်ရှိသည့် ကုက္ကိုပင်ကြီးသည် လေမုန်တိုင်းဒဏ်ကြောင့် လယ်ကန်သင်းရိုးမှ လဲကျသွားသည်။

သို့သော် နောက်တစ်နေ့နံနက်တွင် (၆၀)ဒီဂရီစောင်း ပြန်ထောင်နေသည်ကို ထူးဆန်းအံ့ဩဖွယ် တွေ့လိုက်သည်။ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များလည်း ပွဲတော်တမျှ စည်ကားလှသည်။

**၂၀၁၅ခုနှစ်၊ နိုဝင်ဘာလဆန်းက** ကျောင်းစစ်ဆေးရေးတာဝန်ဖြင့် သံဖြူဇရပ်မြို့နယ်၏ အစွန်အဖျား၊ **ကရင်တိုင်းရင်းသားများနေထိုင်ရာ ဝဲဝန်းကျေးရွာရှိ အစိုးရမူလတန်းကျောင်း** သို့ ရောက်ခဲ့သည်။

စစ်ဆေးရေးလုပ်ငန်းများ ပြီးဆုံး

www.burmeseclassic.com

ကျောင်းအကျိုးတော်ဆောင် ဦးကြည်ထွန်းက ထူးဆန်းသောကွမ်းသီးပင်ရှိသည်ဆို၍ **အနင်းချောင်းတစ်ဖက်ကမ်းသို့** ကွန်ကရစ်တံတားမှဖြတ်ပြီး အောက်ငှက်ပျောတောကျေးရွာဥယျာဉ်ခြံစုသို့ ရောက်ခဲ့သည်။

အများအားဖြင့် ရော်ဘာပင်စိုက်ပျိုးသူနည်းပြီး ကွမ်းသီးပင်ကို အဓိကထား စိုက်ပျိုးကြသည်။ လယ်နှင့်တောင်ယာစိုက်ပျိုးသူများလည်း ရှိသည်။

မော်တော်ဆိုင်ကယ်ဖြင့် (၁၀)မိနစ်ခန့်သွားပြီးနောက် ဥယျာဉ်ခြံတစ်ခုသို့ ရောက်သောအခါ ထူးထူးခြားခြား ကွမ်းသီးပင်တစ်ပင်ကို ကွမ်းသီးပင်များအလယ်တွင် တွေ့လိုက်ရသည်။

ခြံပိုင်ရှင်မှာ ရိုးသားဖော်ရွေသော စကောကရင်တိုင်းရင်းသားဦးစောငွေကိုင်နှင့် နော်မပီတို့ ဖြစ်ကြသည်။

ကွမ်းသီးပင်ပိုင်ရှင်အား မေးမြန်းကြည့်ရာ ယခင်က ရာသီဥတုအထာကြောင့် ကြုံလိုနေကြောင်း၊ အပင်သက်တမ်း နှစ်(၂၀)ခန့်ရှိပြီဖြစ်ကြောင်း...။

လေမုန်တိုင်းအထာကြောင့် ထိပ်ပိုင်းပြတ်သွားပြီးနောက် အပင်သေမသွားဘဲ သားတက်များထွက်လာကြောင်း၊ စုစုပေါင်း သားတက် (၁၃)တက်ထွက်လာကြောင်း...။

အသစ်တည်ပြီး ကြီးမှ (၂)တက်သေသွားကြောင်း၊ ယခု အတက်(၁၁)တက်ရှိနေပြီး အတက်(၂)တက်မှ အသီး(၁၀)လုံးစီခန့် သီးနေသည်ကို မျက်မြင် အခြေအနေအတိုင်း တွေ့မြင်ရပါသည်။

အပင်ဖွဲ့စည်းပုံ အနေအထားမှာလည်း အခြားသောအပင်များထက် ထူးခြားနေသည်ကို ဓာတ်ပုံမှတ်တမ်းအရ စာဖတ်သူများ တွေ့မြင်နိုင်ပါသည်။

ထို့အပြင် ဦးစောငွေကိုင်နှင့် နော်မပီတို့၏ ခြံအတွင်း ထူးခြားသည့် အပင်တစ်ပင် ရှိပါသေးသည်။ **ကျွဲကောပင်တစ်ပင်ဖြစ်ပါသည်။**

ကိုင်းဆက်မျိုးသန့်မဟုတ်ဘဲ အစေ့မှ စိုက်ပျိုးထားပြီး ထူးခြားသည်မှာ **တစ်ကိုင်းမှ အခွံအတွင်းသား အနီရောင်ကျွဲကောသီး သီးပြီး၊ တစ်ကိုင်းမှ အတွင်းသားအဖြူရောင် ကျွဲကောသီး သီးပါသည်။**

ဒေသခံ ကရင်တိုင်းရင်းသားများ ပြောစကားအရ ဦးစောငွေကိုင်နှင့် နော်မပီတို့၏ခြံမြေမှာ ထူးခြားသောမြေ၊ ဆန်းပြားသောမြေ ဖြစ်နိုင်သည်ဟု ထင်ကြေးပေးကြသည်။

အခြားသော ကွမ်းသီးပင်များမှာလည်း တချို့သောအပင်များတွင် **အဆစ်ပိုင်း၊ ညှောင့်ရေအိုးသဏ္ဌာန်များ** ရှိနေကြသဖြင့် သူတို့ပြောတာလည်း ဖြစ်တန်ကောင်းပါရဲ့ဟုကောက်ချက် ချမိပါတော့သည်။

**လှထွန်းဆွေ (ဏက်စဲ)**

**စာမျက်နှာ (၁၇၄)မှ အဆက်**

**"မော်ကိုးချုပ်ဂါထာ"၊ "ဝိဇ္ဇာဆရာပန် ဂါထာ"** ကြိုက်သလိုခေါ်လို့ ရပါတယ်။

စာဖတ်သူ ပရိသတ်ကတော့ အမြတ်ထွက်ပါတယ်။ ကျွန်တော်တို့ တစ်ဆင့် ဖြန့်ဝေတဲ့သူတွေလဲ အကျိုး မယုတ်နိုင်ပါဘူး။ စာရေးသူရဲ့ အစ်ကိုကြီး မေးခဲ့ဖူးတယ်။

'ဆရာကြီး... သူ့ဂါထာထဲမှာပါတဲ့ "အဓိပ္ပါယ်ဝပ်ဝသာဗျာတော" ဆိုတဲ့အပိုဒ်မှာ ထိုဝိဇ္ဇာဖော်ကို၊ ဆရာဝိဇ္ဇာ၊ ဝိဇ္ဇာမိုရ်ရဲတို့ကို သိမ်းအုပ်နိုင်နင်း အစိုးရခြင်းသည် ဖြစ်ရပါလို၏ဆိုရင် ကောင်းကောကောင်းပါ့မလား'

အဲဒီလိုမေးလိုက်တော့ ဆရာကြီးက...

'မောင်လှသန်း...အနက်အဓိပ္ပါယ်ကိုကြည့်ပြီး တောစဉ်စား၊ တောင်စဉ်စား တောလေနှ တောင်ဝေပန်မလုပ်နဲ့ ကိုယ့်ဟာကိုယ် ရွတ်မှသာရွတ်' ဟု မိန့်ခဲ့ဖူးတယ်။

လောကမှာ အသီးစုံအရွက်စုံ စားမကုန်အောင် ရှိပါတယ်။ အလားတူပဲ ပညာဆိုတာ နည်းအစုံစုံ ရှိပါတယ်။

လောကဝိဇ္ဇာမိုရ်ဆရာများက မိမိတို့တတ်တဲ့အတတ်ကို ညာတ်တူလျှင် မျှယူစားစတမ်းလို့ လမ်းဖွင့်ပေးထားပါတယ်။

စာရေးသူအနေနဲ့ ဂါထာတော်မြတ်ကို လက်ခံရယူသည့် အချိန်မှစ၍ အလွတ်ရအောင် ကျက်မှတ်ပြီး လက်တွေ့ကျင့်သုံးနေသူပါ။

နောက်ဆုံး ပြောချင်တယ်၊ ထုတ်နုတ်တင်ပြခဲ့တဲ့သိဒ္ဓိတင် ဂါထာတွေက အားလုံး အကောင်းချည်းပဲ။ မိမိတို့ ကြိုက်နှစ်သက်ကြတဲ့နည်းနဲ့သာ တင်ကြဖို့ပဲ။ အဲကြိုက်ချင်းမတူသလို အလိုက်ချင်းလဲ မတူပါဘူး။

အယူချင်းလဲ လွဲချင်လွဲ၊ မှုချင်းလဲ ကွဲချင် ကွဲပါလိမ့်မယ်။ ဘယ်လိုဖြစ်ဖြစ်ပါ ကြိုက်တော့လဲ ယူသုံးပါ၊မကြိုက်တော့လဲ မှုမဆုံးပါဘူး။ မဟာသုတတစ်ခု တိုးသည်လို့သာ မှတ်ယူလိုက်ကြပါ။

***သဗ္ဗဝါအများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။***

**မောင်ရည်ပန်**





www.burmeseclassic.com

www.burmeseclassic.com

# အင်း ရဲ့ သိဒ္ဓိ [illegible]

နှင့်သိဒ္ဓိဆယ်တန် (သို့မဟုတ်) မှော်တိုးချုပ် ဂါထာတော်

မောင်ရဲညွန့်

"အင်း"ဆိုလိုက်တာ တစ်လုံးတည်းပါ၊ တံကယ်စီရင်မယ်ဆိုတကယ့်ကို လိုက်နာကျင့်ကြံ ဆောင်ရွက်ရပါတယ်၊ သမားစဉ်တွေ ရှိပြီးသား။ လွယ်လွယ်လေးနဲ့ အကျိုးမဖြစ်ထွန်းနိုင်ပါ။

"အင်း"မချမီ ဆောက်တည်ရမယ့်သီလ၊ ပွားများရမယ့် ဘာဝနာ၊ ပို့သရမယ့် မေတ္တာတွေကို၊ အရင်ဆုံး လက်ကိုင်ထားပြီး လိုက်နာရမယ့် စည်းကမ်းစနစ်တွေ ရှိပါတယ်။ ပြီးပြည့်စုံမှလဲ လုပ်ကိုင်ရပါမယ်။

"အင်း"လို့သာ ပြောပြောနေကြတယ်၊ "အင်း"တစ်ခုစီမံပြီးနောက်ပိုင်းမှာ ဟင်း...လို့သာ သက်ပြင်းချလိုက်ချင်အောင် လူမောစိတ်မော ရပါတယ်။

တကယ်လုပ်ပါမှ အဟုတ် တန်ခိုးထက်၊ တန်ခိုးထက်မှ အကျိုးဆက်တွေ ဖြစ်လာမှာပါ။

"အင်း" အစီအရင်တွေရှိတဲ့အနက်က သိဒ္ဓိတင်တဲ့ အခန်းကဏ္ဍတစ်မျိုးတည်းကိုပဲ တစ်ကွက်တစ်ကွင်း ဖော်ပြပါရစေ။

**"အင်းစီရင်ပြီးနောက် သိဒ္ဓိတင်ရမှာပေါ့၊** ဆရာတစ်ဦး နည်းတစ်မျိုးနဲ့ဆိုတော့ ဆရာတွေ အများကြီး နည်းအမျိုးမျိုးရှိကြမှာပါ၊ စာရေးသူ အလှမ်းအကမ်း မီသလောက် တင်ပြပါ့မယ်။

**တစ်နည်းကတော့...**

ဥုံ...ဗုဒ္ဓသိဒ္ဓိတင်

ဓမ္မသိဒ္ဓိတင်

သံဃသိဒ္ဓိတင်

ဒေဝသိဒ္ဓိတင်



ယက္ခသိဒ္ဓိတင်

ဝိဇ္ဇာသိဒ္ဓိတင်

ဆရာ့သိဒ္ဓိတင်

သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိအပေါင်း

ထောင်သောင်းမက ထက်ဆရာထက်

[(၃၇)ခေါက်]

နောက်တစ်နည်းက အများသိကြတဲ့ **သီရသ္မိဂါထာမှ** ထုတ်နုတ်တာပါ၊ သီရသ္မိဂါထာကို ရှင်သုဝဏ္ဏပရိတ်၊ အန္တရာယ်ကင်းဂါထာ၊ မြဟဲ့ဦးသျှောင်ဂါထာ၊ သမားသက်စောင့်ဂါထာဟူ၍ ဖြဟ့သရဖူကျမ်းမှာ တွေ့ရပါတယ်။ အဲဒီက ခွဲထွက်တဲ့ဂါထာ ဖြစ်တာန်ကောင်းပါတယ်။

'သီရသ္မိံ မေ ပဋ္ဌဟဒ္ဓေ၊

နဠာတေ ဗြဟ္မ ဒေဝတာ၊

စက္ခုကဏ္ဏေ ကုမ္ဘောရာဇာ၊

မုခ္ခိဒေဝီ သုရဿတီ။

ဟဒယေန ရာရုန္ဒ၊

ဟတ္ထေစ ပရမေသွာရော၊

ဥုံ ယေဝိဿန ဒေဝေါစ၊

အင္ဂ ဒေဝီ မဟိဒ္ဓိကာ။

မဟာဒေဝီ နဂါဝေနေ၊

သဗ္ဗသမ္ပတ္တိ သိဒ္ဓိမေ

မေတ္တံ စိတ္တေန မံ သဗ္ဗေတာသတ္တ ဒိနေ ဒိနေ။ (၃၇)ခေါက်

သူကတော့ **ငါးဆူဘုရား ဦးထိပ်ထားပြီး ငါးပါးနတ်ကြီးများ တိုင်တည်တာပါ၊** နတ်ကြီး(၅)ပါးဆိုတာလဲ အမျိုးမျိုးရှိပါတယ်။

**မျှော်ဒီပါ ကျွန်းစောင့်နတ်မင်းကြီး (၅)ပါးက...**

၁။ မဟာကပ္ပိန္န

၂။ ကပ္ပကုန္တာ

၃။ ကပ္ပနန္တာ

၄။ ဗေယျကပ္ပ

၅။ ရုဗေယျကပ္ပ စသူတို့ပါ။ ဒါအပြင်...

**တစ်နည်း နတ်ကြီး(၅)ပါးလဲ** ရှိပါတယ်။

၁။ သုပိန္န

၂။ စန္ဒီ

၃။ ဂေါရမ္မ

၄။ မဟာပိန္နဲ

၅။ သုရဿတီ

**နောက်တစ်မျိုး (၅)ပါးက သု-စံ-ပ-မ-ဂေါ ဆိုတဲ့...**

၁။ သုရဿတီ

၂။ စန္ဒီ

၃။ ပရမိသွာ

၄။ မဟာပိန္နဲ

၅။ ဂေါရမ္မ

စသည် ရှိကြပါတယ်။

အဲဒီနတ်တွေထဲက တချို့သာ ပါဝင်တဲ့၊ **ဗြဟ္မာ၊ သိကြား၊ သူရဿတီ၊ ပရမီသွာ၊ မဟာပီသာနီးဆိုတဲ့** (၅)ပါး

www.burmeseclassic.com

ဖြစ်ပါတယ်။

မိမိရဲ့ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်မှာ ဘုရားငါးဆူ တင်လှူပူဇော်ခြင်းဖြင့် **စက္ခု၊ မုခ၊ လည်၊ ရင်ဝ၊ ဟဒယ** အစရှိသည်တို့မှာ **မြဟ္မာ၊ သိကြာ။ သူရဿတီ၊ ပရမိဿွာ၊ မဟာဗိဿနိုး** အစရှိတဲ့ နတ်မင်းကြီးငါးပါးမှ မိမိအပေါ် ရင်နှစ်သည်းချာ သားပမာသို့ မေတ္တာထား၍ အလုံးစုံကုန်သော သိဒ္ဓိအပေါင်း ချီးမြှင့်ပေးသနားဖို့ တောင်းခံခြင်းပါ။

နောက်တစ်နည်းကလဲ ရှိပြန်သေး။ တစ်မျိုးတစ်ဘာသာပေါ့...

ဦ့အဝိဇ္ဇာဏက ဩသဒ္ဓာန် သဝိဇ္ဇာဏကသမာဟံ


ဦ့ဇမ္ဗူဒီပါ သန်ာပတ်ကုန်။ ကျွန်းလုံးနှံ့မျှ စောင့်ပေကြသည့် အေ ဒေဝ နတ်တကာတို့...

ဗီလာဓုထောင့်ဖြတ်၊ မလယ်မကျန်၊ မြေပုံစောင့်ရောက်၊ အောက်နှင့်အထက် ဘဝဂ်အဝီစိ၊ ရှိရှိသမျှ နတ်ဒေဝတို့...

ဦ့ဘုရားအာဏာ၊ တရားအာဏာ၊ သံဃာ့အာဏာ၊ မိန့်ဟာမြွက်သည့် စက်အာဏာကြောင့်၊ ဖြဖြညီညာ ပေါင်းစည်းကာဖြင့်၊ မကြာချက်ချင်း ရောက်စေသော်၊ ရောက်စေချက်ချင်း မကျန်ကြွင်းအောင်၊ စိတ်ရင်းသဒ္ဓါ မြှစ်စွာဖြင့်၊ တေဇထွန်းလင်း ငါ၏အင်းကို သွင်းကြအသက် နတ်ရင်ငွေ့နှင့် ပွေ့ပိုက်ကာဖက်၊ သိဒ္ဓိချက်ချင်း ရောက်စေသော်၊ အင်းသက် ယခုဝင်စေသော်၊

ဦ့မေတ္တာရှေ့ ဝိရူဠှကာ၊ ဝိရူပက္ခ၊ ဓတရေ၊ တေဇထွန်းလင်း နတ်မင်းကြီးလေးပါး။ ထင်ရှားကိုယ်တိုင်၊ စွဲကိုင်လက်နက်၊ နတ်တို့စက် ငါ၏အင်းကို သွင်းကြအသက် နတ်ရင်ငွေ့နှင့် ပွေ့ကာဖက်၊ သိဒ္ဓိ ယခုထိစေသော်၊ အင်းသက်ယခုဝင်စေ သော်၊

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ပြည့်ပေါ်စုံစွာ၊ ဓာတ်လေးဖြာ၊ မကြာချက်ချင်း



တည်စေသော်၊

ဦ့တနင်္ဂနွေ တနင်္လာ၊ အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး၊ သောကြာ၊ စနေ ရာဟု ရှစ်စုသောဂြိုဟ်၊ ဝင်လို့ရို လိုရာသိဒ္ဓိ မြောက်စေသော်၊

အာသဝနီ ဘရဏီ၊ ကြတ္တိကာ၊ ရောဟိဏီဟုစုံညီတင့်တယ်၊ ကိုးသွယ်တာရာ၊ သတ္တဝီသ နက္ခတ်၊ လည့်ရှုပတ်၊ အင်းမြတ်တန်ခိုးကြီးစေသော်၊

ဝင်တည်အင်းသက်၊ ရွှမ်းအားထက်၊ ဘဝဂ်အဝီစိ ပေါက်စေသော်၊ ငါ့အင်းရာဇာ၊ တန်ခိုးဖြာ၊ အာဏာစက်ရှိန်တောက်စေသော်၊ ဘဝင်ထုတ်ချင်းခပ်စေသော်၊

ဩြောင်း ဇေယျတု ဇေယျတု ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်စေသော်၊

ဩြောင်း နမော ဗုဒ္ဓါနုဘာဝေန ဩြောင်း နမော ဓမ္မာနုဘာဝေန၊ ဩြောင်း နမော သံဃာနုဘာဝေန ဩြောင်း သွာဟာယျကာမ်။

*(၃၇အုပ်)*

သူ့ကျပြန်တော့လဲ တစ်မျိုး နက်နဲပြီး နတ်၊ နက္ခတ်၊ ဓာတ် အစုံအလင် ထည့်သွင်းရွတ်ဆိုရတော့ တော်တော်ကလေး ကောင်းပါတယ်။

သည့်ထက် ပိုမိုနက်ရှိုင်း ကျယ်ပြန့်သော ဂါထာတော်ကြီးလဲ ရှိပါတယ်။ တကယ်လဲ ကောင်းပြီး ထက်မြက်ပါတယ်။ သူကတော့ **"သိဒ္ဓိတင်ဂါထာ"**၊ **"သိဒ္ဓိဆယ်တန် ဂါထာ၊ "မော်ကိုးချုပ်"** ဂါထာလို့ ခေါ်ပါတယ်။

ယင်းဂါထာကို ယခု ထပ်တွေ့ရသည်မှာ **၂၀၀၃ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ဓမ္မဆောင်းပါးရှင် ဦးတင်ထွန်းအောင်ရဲ့ ဝိဇ္ဇာဆုပန်ဂါထာတော်**လို့ တွေ့လိုက်ရပါတယ်။

သူ့အဆိုအရ ကလိုင်ထော်ဘုရားကျောင်းက ဆရာတော် ဘဒ္ဒန္တဓမ္မာလာက အိပ်မက်အရ ပုရပိုက်ထဲက ရလို့ ရွတ်ပွားကြောင်း တွေ့ရပါတယ်။

စာရေးသူ ရထားတဲ့ ဂါထာတော်ကလဲ ဒါပါပဲ။ ပါဠိပါဌ်သား နည်းနည်းကွဲတယ်၊ တချို့နေရာလေးတွေမှာ အနက်အဓိပ္ပာယ် ပြန်ဆိုမှု နည်းနည်းကွဲလွဲတာ ရှိပါတယ်။

အကြောင်းတော့ မဟုတ်ဘူး။ စာဖတ်ပရိသတ်အားလုံး သိရှိပြီး အမျိုးမျိုး သုံးစွဲနိုင်တာပေါ့။ စာရေးသူ ရရှိတာက အစ်ကိုဖြစ်သူ ဦးလှသန်းဆီကပါ။ ရက်စွဲအတိအကျ ပြောရရင် **၁၀–၇–၈၆ ခုနှစ်**ကပါ။

'ညီလေး....ကူးရေးထားလိုက်၊ ဒါလဲ ဆရာကြီး ဦးဘအေးဆီက ရတာ'

ဦးဘအေးဆိုတာ အထက်အညာကပါ။ ငယ်နာမည် မောင်ထွန်းအောင်တဲ့၊ အသက်(၉၀)ကျော်မှ သေဆုံးသွားတယ်လို့ ဆိုတယ်။ အသေထွက်လဲ ဖြစ်ချင်ဖြစ်မှာပါ။ သည်ကိစ္စတွေကလေးနက် သိပ်သည်းတော့၊ မဝေခွဲတတ်ပါဘူး။ မဝေဖန်တော့ဘူးပေါ့။ ဆရာကြီးကလဲ တောတကာတောင်တကာတောင်မှာ ဘုရားအနှံ့လိုက်တည်နေသူပါ။

သူ့ပုံကို ကြည့်လိုပါက ဝင်ဒါမီယာမှာ ဓာတ်ပေါင်းစုဘုရားရှိပါတယ်။ အဲဒီမှာ အဖေကြီး ဘမင်းခေါင် ထင်းသုံးဆောင်နေတုန်း ဓာတ်ပုံရိုက်ထားပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ နောက်မှာနေတဲ့ လူနှစ်ယောက်မှာ **ခေါင်းပေါင်း ပေါင်းထားသူပါ၊** တစ်ဆင့်ဝေငှတဲ့ ဦးလှသန်းလဲ ဆုံးရှာပါပြီ။

---

သိဒ္ဓိဆယ်တန်(သို့မဟုတ်)

မှော်ကိုးချုပ်ဂါထာတော်

---

၁။ ဝန္ဒိတွာ သာအံပုဋ္ဌ ဗုဒ္ဓိ ရတနတ္တယံ၊ သီလာနိ ပရိပူရေတွာ၊ စတု အကွရာယောဂတော၊

၂။ အသေဋ္ဌ ဘဋ္ဌကာယောမှိ၊ သဗ္ဗဝုဓ ပရိတ္တကော၊

ဣဗိနည်ံ ပရေနာပိ၊ သမတ္တော ကရိတုံ ဣမံ၊

၃။ သဗ္ဗ ပန္န ဆိန္နောမှိ၊ အန္တော ဗဟိ ဗဟန္တဝါ၊ အန္တန္တ ဗလဝါယောပိ၊ နသက္ကော ဂဏှိတုံ သဒါ။

၄။ သာယာ မတ္တမှိ နာဒိဌော၊ နာသုဏောသရ မတ္တကံ၊

ခုဒ္ဒကံ မဟန္တံ ဝိပိ၊ မဟန္တံ အပ္ပကံကရေ၊

၅။ ဥဒကာ ကာသ စာရိကော၊ ပဟိနိ မုဋ္ဌကော ဘဝေ၊

သုဝဏ္ဏ ရဇတာဒီနိ၊ ယထိစ္ဆိတ ကရေသဒါ။

၆။ ကောဋ္ဌာဂါရာ ဒိဂံ သဗ္ဗံ ပုမိတ္တိ ဝိယသံယုတံ၊ သဟာသာဘံယု စိန္တညာဏော၊ အုံပိ သဝိပံ ဘဝေ။

၇။ ဝိဋ္ဌန္နရာ တဒါသဗ္ဗေ ပသာဒ္ဓေ သုတ မတ္တကော၊

ပကာ သေတွာ အတ္တ သိပ္ပံ၊ ဖမံ ဒက္ခန္တံ တောသဒါ။

၈။ ပရိဝါရေတွာ နိသိန္နေ အမိပေါဟံ ဝဟန္တတော၊ မ မတ္တံ ဂရုံကရောန္တော၊ သဗ္ဗဝိဇ္ဇာ ပယော ဝဒေ။

၉။ ယထာဝုတ္တာနိ ဖလာနိ၊ သမိဇ္ဈန္တု ယထိစ္ဆိတံ၊ စတု ဓာတု ပသိဒ္ဓေနု မဟန္တံ အတ္တ ဒသိနာ။

ခက်ခဲသော ပါဠိအသံထွက်

- ၁။ **ဝန္ဒိတွာ** = ဝန်ဒိတ်တဝါ
- **ပဋ္ဌ** = ပင်စ
- **ဗုဒ္ဓိ** = ဗုတ်ဓာဒိ
- **နတ္တယံ** = နတ်တယံ
- **ပရိပူရေတွာ** = ပရိပူရစ်တဝါ
- **အကွရာ** = အက်ခရာ
- ၂။ **အသေဋ္ဌ** = အသေစ်ဌ
- **ဘဋ္ဌကာယောမှိ** = ဘစ်ဌကာယွန်မှိ
- **သဗ္ဗာဝုဓ** = သပ်ဗာဝုဓ
- **ပရိတ္တ** = ပရိတ်တ
- **ဣဗိနည်ံ** = အိမိနည်ံ
- **သမတ္တော** = သမတ်ထော
- **ဣမံ** = အိမံ
- ၃။ **သဗ္ဗပန္နန** = သပ်ဗပန်ခေန
- **ဆိန္နောမှိ** = ဆိန်ဒွန်မှိ
- **အန္တော** = အန်တော
- **ဗဟန္တဝါ** = ဗဟန်တဝါ
- **အနန္တ** = အနန်တ
- **နသက္ကော** = နသက်ကော
- **ဂဏှိတုံ** = ဂန်နှိတုံ
- ၄။ **မတ္တမှိ** = မတ်တမ်ဗိ
- **နာဒိဋ္ဌော** = နာဒိတ်ထော
- **မတ္တကံ** = မတ်တကံ
- **ခုဒ္ဒကံ** = ခုတ်ဒကံ
- **မဟန္တံ** = မဟန်တံ
- **အပ္ပကံ** = အပ်ပကံ
- ၅။ **ဥဒကာ** = အုဒကာ
- **မုဋ္ဌကော** = မုတ်ဌကော
- **သုဝဏ္ဏ** = သုဝန်န
- **ယထိစ္ဆိတ** = ယ်ထိတ်ဆိတ
- ၆။ **ကောဋ္ဌာ** = ကွတ်ထာ
- **သဗ္ဗံ** = သပ်ဗံ
- **ပုမိတ္တိ** = ပုမိတ်ထိ
- **သဟာသာဘယု** = သဟာတ်သာဘယု
- **စိန္တညာဏော** = စိန်တညာနော
- ၇။ **ဝိဋ္ဌန္နရာ** = ဝိတ်ဖန်ရော
- **သဗ္ဗေ** = သပ်ဗေ
- **ပသာဒ္ဓေ** = ပတ်သန်ဓေ
- **မတ္တကေ** = မတ်တကေ
- **သေတွာ** = သစ်တဝါ
- **အတ္တသိပ္ပံ** = အတ်တသိပ်ပံ
- **ဒက္ခန္တံ** = ဒက်ခန္တံ
- ၈။ **ပရိဝါရေတွာ** = ပရိဝါရစ်တဝါ
- **နိသိန္နေ** = နိသိန်နေ
- **ဝဟန္တတော** = ဝဟာန်တတော
- **မမတ္တံ** = မမတ်ထံ
- **ကရောန္တော** = ကရွန်တော
- **သဗ္ဗဝိဇ္ဇာ** = သပ်ဗဝိဇ္ဇာ
- ၉။ **ဝုတ္တာနိ** = ဝုတ်တာနိ
- **သမိဇ္ဈန္တု** = သမိတ်ဈန်တု
- **ယထိစ္ဆိတံ** = ယထိတ်ဆိတံ
- **ပသိဒ္ဓေန** = ပသိတ်ဓေန
- **မဟန္တံ** = မဟန်တံ
- **အတ္တ** = အတ်ထ
- **ဒသိနာ** = ဒတ်သိနာ


သိဒ္ဓိဆယ်တန် ဂါထာတော် အနက်...

၁။ **အဟံ**– ကျွန်ုပ်သည်၊ **သာဒရံ**– ရိုသေစွာဖြင့်၊ **ဗုဒ္ဓါဒိရတနတ္တယံ**– ဘုရား, တရား, သံဃာ စသော ရတနာ မြတ်သုံးပါးတို့အား၊ **ဝန္ဒိတွာ**– ရိုသေစွာ ရှိခိုးပြီး၍၊ **ပဉ္စသီလာနိ**– ငါးပါးသောသီလတော်မြတ်တို့ကို၊ **ပရိပူရေတွာ**– ပြည့်စုံစေဦး၍၊ **စတုအက္ခရာယောဂတော**– လေးလုံးဖော်ပြ စမအက္ခရာ၊ မကွာဆောင်ရွက်ရသောကြောင့်၊

၂။ **အသေဋ္ဌ**– **ဘဋ္ဌကာယော**– မပေါက်မပြဲ–ရှနမရှိ၊ ပြကတေ့ ကြံခိုင်သော ကိုယ်ရှိသည် လည်းကောင်း၊ **သဗ္ဗဝုဓပရိတ္တကော**– မီးပေါက်ဓားလှံ၊ သစ်ချွန်သေနတ်စသော၊ ခပ်သိမ်းသော လက်နက်မျိုးတို့ကို၊ တားမြစ်နိုင်သည် လည်းကောင်း။

**ဣမံဓိနာ**– ဤကျွန်ုပ်၏ ကိုယ်ဖြင့်၊ **အညံ**– သူတစ်ပါး၏ ကိုယ်ကို၊ **ပရေနာပိ**– သူတစ်ပါး၏ ကိုယ်ဖြင့်၊ **ဣမံ**– ကျွန်ုပ်၏ ကိုယ်ကို၊ **ကရိတုံ**– ဖောက်

www.burmeseclassic.com



လဲ တစ်ဖန်၊ ပြန်လှန်ပြုခြင်းငှာ၊ **သမတ္ထော**– စွမ်းနိုင်သည်၊ **အဟု**– ဖြစ်ရပါလို၏။

၃။ **သဗ္ဗ ဗန္ဓန ဆိန္ဒော**– ကြိုးထိပ် ခြေချင်း၊ အတွင်းအနှောင်၊ သွင်းလှောင်ကပ်ဖိ အစရှိသော ခပ်သိမ်းသော အနှောင့်အဖွဲ့မျိုးတို့ကို ချိုးဖဲ့ ပစ်ခြင်း၊ ဖောက်ထွင်းနိုင်သည် လည်းကောင်း၊ **အန္တော ဗဟိ ဗဟန္တဝါ**– အတွင်းမှသည် အပသို့၊ အပမှသည် အတွင်းသို့ ဝင်ရောက်နိုင်သည် လည်းကောင်း၊ **အနန္တဗလဝါဟောဝီ**– အတိုင်းမသိ၊ အဆုံးမရှိသော စစ်သည်ဗိုလ်ပါ အပေါင်းကလည်း၊ **သဒါ**– အခါခပ်သိမ်း၊ **ဂဏိုတုံ**– ယူဆောင် ဖမ်းဝင်ခြင်းငှာ၊ **နသက္ကော**– မစွမ်းနိုင်သည်၊ **အဟု**– ဖြစ်ရပါလို၏။

၄။ **သောယာမတ္တံဝိ**–အရိပ်မျှကိုလည်း၊ **နာဒိဿော**– အလိုမရှိက မမြင်ရသည့် လည်းကောင်း၊ **သရမတ္တကံ**– အသံမျှကိုလည်း၊ **နာသုဏော**–အလိုမရှိက မကြားရသည် လည်းကောင်း၊ **ဟုတွာ**– ဖြစ်၍၊ **ခုဒ္ဒကံ**– ငယ်သော ကိုယ်ကို၊ **မဟန္တံဝါပိ**– ကြီးသော ကိုယ်ဖြင့်၊ **မဟန္တံ**– ကြီးသော ကိုယ်ကို၊ **အပ္ပကံ**– ငယ်သောကိုယ်ဖြင့်၊ **ကရေ**–ပြုနိုင်ရလို၏၊ (ဝါ) **ကရေ**– ပြုနိုင်ရပါလို၏။

၅။ **ဥဒကာ ကာသ စာရိကော**– ရေ လယ်၊ မြေပြင်၊ ကောင်းကင်မိုးယံသို့ ပျံသွားနိုင်သည် လည်းကောင်း၊ **မဟီနိ မုဇ္ဇကော**– မြေကြီးမြေ အောက် ထွင်းဖောက် ငုပ်လျှိုးနိုင် သည် လည်းကောင်း၊ **သုဝဏ္ဏ ရဇတာ ဒီနိ**– ရွှေ၊ ငွေ၊ ကြေး၊ ဒန်၊ သံ၊ ရုပ်၊ ဟင်္သာ၊ ဘင်ပါ၊ လောဟာ၊ သုတ်၊ ပြဒါး စသည်များကို၊ **သဒါ**– အခါခပ်သိမ်း၊ **ယထိစ္ဆိတကရော**– အလိုရှိတိုင်းပြုနိုင်သည်၊ **ဘဝေ**– ဖြစ်ရလို၏။

၆။ **သဗ္ဗံ**– အလုံးစုံသော၊ **ကောဋ္ဌာဂါရာဒိကံ**– ကျီကျုံ ဘဏ္ဍာ အိမ်ရာ ဗိမာန်တို့ကို လျင်မြန်စွာပြီးနိုင် သည် လည်းကောင်း၊ **ပုမိတ္ထိ ပီယ သံယုတံ**– ယောကျာ်း၊ မိန်းမ၊ နရဒေဝါ၊ ဗြဟ္မာနတ်လူ၊ ခပ်သိမ်း သူတို့၏၊ ချစ်ခင်ခြင်းနှင့်၊ ယှဉ်သည် လည်းကောင်း၊ **သဟာသသာယု**– အသက်တစ်ထောင် များမြောင် မြင့်ရှည်၊ ကောင်းစွာတည်သည် လည်းကောင်း၊ **စိန္တညာဏော**– ခပ်သိမ်းသူတို့၏၊ စိတ်အကြံကို၊ ဟုတ်မှန်အသိသည် လည်း ကောင်း၊ **ဒုရံပိ**– ခရီးရှည်စွာ၊ ဝေးကွာအရပ်ပင် ဖြစ်သော်လည်း၊ **သမီပံ**– သောင်းထောင်ခရီးကို နီးစေခြင်းငှာ၊ **ဘဝေ**– ဖြစ်ရလို၏။

၇။ **တဒါ**– ထိုသို့ လိုရာအမှု အစုစုတို့ ကို တစ်ခုမကျန် ဟုတ်မှန်စွာ ဆောင်ရွက်သောအခါ၌၊ **ဝိဇ္ဇုစ္စရာ –နာနာရူပ**– အစိုးရသည့် မာယ တန်ခိုး ဝိဇ္ဇာမျိုးတို့သည်၊ **မံ**– ကျွန်ုပ်အား၊ **ပဿန္တေ**– မြင်ကာမျှ ဖြင့်လည်းကောင်း၊ **သုတမတ္တကေ**– အသံကို ကြားကာမျှဖြင့် လည်း ကောင်း၊ **အတ္တသိပ္ပံ**– မိမိ၏ အတတ်မျိုးကို၊ **ပကာသေတွာ**– ထင်ရှားစွာပြု၍၊ **ဒက္ခန္တု**– မကြာ လျှင်ဆော ပြစေသောဝ်။

၈။ **တေ**– ထိုဇော်ဂျီဆရာ ဝိဇ္ဇာမိုရ်တို့ သည်၊ **ပဋိဝါရေတွာ**– ခြံရံ၍၊ **နိသိန္နေ**– ခြံရံ၍နေသောအခါ၌၊ **ဓမတ္တံ**– ကျွန်ုပ်လိုသော စီးပွားကို၊ **ဂရုံကရောန္တော**– လေးမြတ် ယုံကြည်စွာပြု၍၊ **ဝဟန္တု**– ရွက် ဆောင်စေကုန်သတည်း။

**အဟံ**– အကျွန်ုပ်သည်၊ **သဗ္ဗဝိဇ္ဇာ ပဓယာဓနေ**– အလုံးစုံသော ဝိဇ္ဇာ အတတ်ကို လှံ့လပြု၍ ဆောင်ရွက်နေ ကြသော၊ **တေ**– ထိုဝိဇ္ဇာဇော်ဂျီဆရာ ဝိဇ္ဇာ၊ ဝိဇ္ဇာမိုရ်တို့ကို၊ **အဓိပေါ**–သိမ်း အုပ်နိုင်နင်း အစိုးရခြင်းသည်၊ **ဘဝါမိ** –ဖြစ်ရလို၏။

၉။ **ယထာဝုတ္တာနိ**– အကြင် အကြင် ဆိုအပ်ခဲ့ကုန်ပြီးသော၊ **ဖလာနိ**– အကျိုးတို့သည်၊ **မဟန္တ အတ္ထ ဒဿိနာ**– ကြီးမားသောအကျိုးကို မြင်စေသော၊ **စတု ဓာတု ပသိဒ္ဓေန** –ဓာတ်လေးပါးဖြင့်ပြီးသော၊ စမ အက္ခရာလေးလုံးကြောင့်၊ **ယထိစ္ဆိတံ**– အလိုရှိတိုင်း၊ **သမိဇ္ဈန္တု**– ပြည့်စုံစေသတည်း(ဝါ) ပြည့်စုံစေ သောဝ်။

ဂါထာ၏ အနက်ကို ကြည့်ခြင်းအားဖြင့် သိဒ္ဓိအမျိုးမျိုး တောင်းခံတာ တွေ့ရပါလိမ့်မည်။ ပါဠိအနက် အနည်းငယ် ကွဲလွဲချက်ရှိပါတယ်။

သို့ကြောင့်လဲ "**သိဒ္ဓိတောင်း ဂါထာ**"၊ "**သိဒ္ဓိဆယ်တန်ဂါထာ**"၊

(စာမျက်နှာ (၁၇၈) သို့)



www.burmeseclassic.com

www.burmeseclassic.com

# ဂရင်ဂျိနာ အကြောင်း

## လက်တွေ့ပျောက် ဆေးနည်းတစ်လက်



ကျွန်တော်သည် ညနေစိုက်ခင်းထဲမှ အိမ်ပြန်အရောက်တွင် စားပွဲမှာထိုင်၍ စာရေးနေစဉ် ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ အစ်ကိုလှမြိုင် တစ်ယောက် ကျွန်တော့်ထံ အလည်ရောက်လာပါသည်။ သူကပင်စ၍...

'မင်း ဘာစာတွေ ရေးနေတာလဲ ညီညီ'

'ဒီလိုပါပဲ အစ်ကိုရာ။ ကျွန်တော်လဲ စာရေးတာ၊ စာဖတ်တာ ဝါသနာပါလို့။ ပြီးတော့လဲ ကုသိုလ်လဲရအောင်ပေါ့။ နွားတွေရဲ့အနာတွေ ၊ ရောဂါတွေ၊ လူတွေရဲ့ အနာရောဂါတွေနဲ့ပတ်သက်တဲ့ လက်တွေ့ပျောက်ဆေးနည်းလေးတွေကို ရေးပြီး နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းကို ပို့နေတာ'

'ဒါဆို ငါ့မှာ ဖြစ်ခဲ့တဲ့ ဂရင်ဂျိနာနဲ့ ပတ်သက်တဲ့ လက်တွေ့ပျောက်ဆေးနည်းကို ငါပြောပြမယ် မင်းရေးကွာ'

ဟု ဆိုကာ သူကိုယ်တိုင် ခံစားခဲ့၊ ကုသခဲ့ရပုံများကို အောက်ပါအတိုင်း စိတ်ပါလက်ပါ ရှင်းပြပါတော့သည်။

'ဒီလိုကွာ ဂရင်ဂျိနာဆိုတာ စအိုမှာ ပေါက်တာ၊ စအိုဝရဲ့ပတ်လည်မှာ ပြည်ဖုလေးတွေ ပေါက်ရာကနေ အနာတွေဖြစ်လာတာ အလွန်အနေခက် အခံရခက်တဲ့ အနာပဲ၊ ငါအဲဒီလိုဖြစ်လို့ လုပ်ရတဲ့ဆေးလဲ စုံနေတာပဲ၊ ဘယ်ဆေးနဲ့မှ မပျောက်ဘူး။

တစ်နေ့မှာ မန်ကျည်းသုံးပင်ရွာက အဘဦးညွန့်မောင်ရွာကို အလည်ရောက်လာတယ်။ သူက ငါ့ဆီကိုပါ ရောက်လာတယ်။ ငါ့ကိုမြင်တော့...

'မင်း ဘာဖြစ်နေတာလဲ မျက်နှာကြည်မသာနဲ့'

လို့မေးတော့ ငါလဲ ငါ့မှာဖြစ်နေတဲ့ အနာအကြောင်းကို ပြောပြလိုက်တော့ သူက...

'အဲဒါ ဂရင်ဂျိနာလို့ခေါ်တယ်။ အဲဒီအနာပျောက်တဲ့ဆေးနည်း သူ့မှာရှိတယ်'

ဆိုပြီး ကဗျာလေးတစ်ပုဒ် ရွတ်ပြတယ်။

ငါလဲ မေ့မှာစိုးတာနဲ့ ဘကြီး ကျွန်တော့်ကို အဲဒီကဗျာလေး စာရွက်မှာ ရေးပေးပါ။ ကျွန်တော်ကျက်ထားချင်လို့ဆိုတော့ သူက ရေးပေးတယ်။ အဲဒီကဗျာလေးက...

"မပြုလဲခက်၊ ပြုလဲရက်
စအိုခွက်မှာ ဂရင်ဂျိနာ။
စအိုပတ်လည်၊ ပြည်ဖုတွယ်
ပျောက်ခဲလှတာ ဂရင်ဂျိနာ။
ပန်းအိုးအသွင်၊ ဝါးဘုရင်
တစ်ဆုစ်ထွင်းလို့ ယူခဲ့ပါ။
ပဲဒလက်နီစေ့၊ နှစ်ပါးတွေ့
ဆန်ဆေးရည်နဲ့ သွေးလူးပါ
သွားပေပြီတော့ ဂရင်ဂျိနာ"
တဲ့ကွ...။

**အဓိပ္ပါယ်ကတော့** ဝါးဘုရင်လို့ခေါ်တဲ့ဝါး ငါတို့ဆီမှာတော့ **ဝါးမင်းလို့** ခေါ်တယ်။ အဆစ်ကလေးတွေက ပန်းအိုးလေးတွေ ဆင့်ထားသလိုပဲ။

အဲဒီဝါးမင်းရယ်၊ **ပဲဒလက်နီစေ့ရယ်**ကို ဆန်ဆေးရည်နဲ့သွေးပြီး အနာကိုလဲလူးတယ်၊ သောက်လဲသောက်တယ်၊ နှစ်ရက်သုံးရက်ဆိုရင်ပဲ အနာကပ်သွားတယ်။

ငါလဲ တစ်ပတ်လောက် ဆက်ပြီး လူးလဲလူး သောက်လဲသောက် လုပ်လိုက်တာ အဲဒီဂရင်ဂျိနာဟာ လုံးဝကို ပျောက်သွားတာဟု ရှင်းပြသွားပါသည်'

ကျွန်တော်သည် ထိုဂရင်ဂျိနာပျောက် ဆေးနည်းကို ထပ်မံသေချာစေရန်နှင့် အဘဦးညွန့်မောင်၏ ခွင့်ပြုချက်ရရန်အတွက် သူ၏တူများထံမှ ဖုန်းနံပါတ်ကိုတောင်း၍ အဘထံ ဖုန်းဆက်ပြီး အကျိုးအကြောင်းမေးပါသည်။

ထိုအခါ သူသည် ထိုဆေးနည်းဖြင့်ပင် ဂရင်ဂျိနာရောဂါသည် တော်တော်များများကို ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ကြောင်းနှင့်အတူ စာမူရေးရန်အတွက်ပါ ခွင့်ပြုခဲ့ပါသည်။

ထို့ကြောင့် ဤရောဂါဝေဒနာမျိုး ခံစားနေရသူများနှင့်အတူ စာရှုသူတို့ ဗဟုသုတဖြစ်စေခြင်းငှာ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် မျှဝေတင်ပြလိုက်ပါသည်။ **[ဤဆေးနည်းအား မျှဝေပေးခဲ့ပါသော မင်းဘူး(စကု)မြို့နယ် မန်းကျည်းသုံးပင်ကျေးရွာမှ အဘဦးညွန့်မောင်နှင့် ကိုဘိုနီအား အထူးကျေးဇူးတင်ပါသည်။]**

***သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ...***

**ကိုဝင်းတင် (လယ်လှ)**
**အထက်မင်းလှ**

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖွတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသောလုပ်ငန်း ဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလိုပါသည်။

သို့ဖြစ်၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကိုသေချာကနသိရှိစေရန်အလို့ငှာ စေတနာရှေ့ထား လက်ဆောင်မါးကာရေးသားလိုက်ရခြင်းဖြစ်ပါသည်။

❖ ၂၀၁၆ ခုနှစ်၊ ဧပြီလ ❖

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | | 1<br>၅ | 2<br>၆ |
| 3<br>၇ | 4<br>၈ | 5<br>၉ | 6<br>၁ | 7<br>၂ | 8<br>၃ | 9<br>၄ |
| 10<br>၅ | 11<br>၆ | 12<br>၇ | 13<br>၈ | 14<br>၉ | 15<br>၁ | 16<br>၂ |
| 17<br>၃ | 18<br>၄ | 19<br>၅ | 20<br>၆ | 21<br>၇ | 22<br>၈ | 23<br>၉ |
| 24<br>၁ | 25<br>၂ | 26<br>၃ | 27<br>၄ | 28<br>၅ | 29<br>၆ | 30<br>၇ |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဧပြီလ (၂၂)** ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ **(၂၂)** ရက်နေ့၏စိုးမိုးဂဏန်းမှာ **(၈)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၃၁)** ရ၏။ ယင်း**(၃၁)**ကို တစ်လုံးတည်း ဖြစ်အောင်ပေါင်းလျှင် **၃ + ၁ = ၄** ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဧပြီလ(၂၂)** ရက်နေ့တွင် **(၄)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေးပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅ ဂဏန်း**ရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားရဲ့မြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူတို့လောကာ လောကအလယ် ဝတ်ဝင့်ကြွယ်သည် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆု ပြည့်ပါစေ။***

သုခရစ် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# နဂါးကြွ မြွေဟောက်စွယ်

## အန္တရာယ်ရှိ မရှိ သိရှိသူ သုတေသီ ပညာရှင်များ ဖြေကြားပေးကြပါ

စိုးလင်းအောင်
(မြန်အောင်)

မြန်အောင်စာတိုက်သို့ စာမူပို့လွှာရင်း ရသအောင်မြေစာကြည့်တိုက်သို့ ဝင်ခဲ့သည်။ စာရေးသူက ၂၀၀၆ ခုနှစ်မှ စတင်၍ စာပေလောကထဲသို့ ဝင်ရောက်လာခြင်းကြောင့် ၂၀၀၆ခုနှစ်၏ ရှေ့ဘက်မှထွက်သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများက စာရေးသူအတွက် အသစ်အဆန်းတွေ ဖြစ်နေ၏။ ထို့ကြောင့် ကောင်းနိုးရာရာ စာအုပ်များကို ရွေးချယ်ဖတ်နေမိပါသည်။

ထိုသို့ဖတ်ရင်းက ၂၀၀၅ခုနှစ်၊ အောက်တိုဘာလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **“မန်းထွန်းတက် (တိုင်းရင်းဆေး)၏ ဆူးပင်းရှိသော မခက်သော”** ဟူသော ဆောင်းပါးကို ဖတ်လိုက်မိသည်။


ထိုအကြောင်းအရာမှာ ဆူးပင်းရှိသောအနာအား သန့်စင်၍ မြွေဟောက်အဆီ(အဖတ်အတုံးဖြစ်က ပိုကောင်း၏)ဖြင့် အုံ၍ ပတ်တီးစည်းထားပါ။

အနာဆူးပင်း အခြေအနေအရ တစ်ရက်၊ နှစ်ရက်အကြာတွင် ခိုအောင်းနေသောဆူး ပြူထွက်လာပါမည်။ သန့်စင်သော ဇာဂနာနှင့် နုတ်ပါ။ သေချာရန် ထပ်မံအုံစည်းပါ။ ဆူးပင်မရှိတော့က အနာကျက်၍ပျောက်ကင်းပါတော့သည်။

မြွေဟောက်ဆီ မရှိပါက **ကြက်မောက်ဆူးပြန်** (အရပ်အခေါ် - ကျွဲနှာခေါင်းချိတ်)ပင်၊ ပဒ္ဒငါးပါး အစနေ တော်ယူ၍ ထုထောင်းပြီး၊ ဂျုံအနည်းငယ်နှင့် ရောစပ်၍ အနာဝကို အုံစည်းထားပါ။

မြွေဟောက်ဆီကဲ့သို့ မမြန်သော်လည်း ဆူးထွက်လာမည်ဖြစ်ကြောင်း ဆင်ပြထားသည်ကို ဖတ်လိုက်မိ၏။

ဤကဲ့သို့ မြွေဟောက်နှင့်ပတ်သက်သည့် ဆေးမြီးတို့အကြောင်းကို သိရှိရ၍ စာရေးသူကြား သိခဲ့ရသော မြွေဟောက်အစွယ်အကြောင်းကို တင်ပြချင်ပါသည်။



မြန်အောင်မြို့နယ် ဉာဏ်တော ကုန်း(ခုံ)တွင် ကိုအုံမောင်ဆိုသူ တစ်ယောက်ရှိ၏။ တစ်နေ့တွင် စာရေးသူနှင့်တွေ့ရာ **“ကိုစိုးလင်းကို မြွေအကြောင်းနဲ့ ပတ်သက်လို့ ပြောစရာရှိတယ်”** ဆိုပြီး ပြောပြခဲ့ရာ အောက်ပါအကြောင်းတို့သည် သူပြောပြသည့်အတိုင်း တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

‘ကိုစိုးလင်းရေ ခင်ဗျားကို ပြောစရာရှိတယ်ဗျ။ ခင်ဗျားက စာရေးသူဆိုတော့ ကျွန်တော့်လက်တွေ့ဖြစ်ရပ်လေး တစ်ခု ပြောပြချင်တယ်ဗျာ။

တစ်နေ့ ကျွန်တော် မြွေဟောက်တစ်ကောင်ရတယ်ဗျ။ **(ကိုအုံမောင်တို့နေသော ဉာဏ်တောကုန်း (ခုံ)မှာ ရေနံတွင်းနံပါတ် (၇၇) နေရာဖြစ်၏။ တွင်းဆိုင်းကြိုးဆွဲသော ကွန်ကရစ်ကျောက်တုံးကြီးများ အောက်တွင် မြွေပွေး၊ မြွေဟောက်များ ခဏခဏတွေ့ရသည်)။**

အဲဒီမြွေကို အစွယ်ချိုးယူပြီး ချက်စားလိုက်တယ်။ အစွယ်ကိုတော့ ခေါင်မိုးကြားထဲ ထိုးထားလိုက်တယ်’

မြွေအစွယ်တို့တွင် ကပ်၍ အဆိပ်အိတ်က (ပလတ်စတစ်အဖြူအပါးစားလေးနှင့် ထုပ်ထားသကဲ့သို့)ရှိပါသည်။

လူကို မြွေကိုက်လိုက်လျှင် အစွယ်နောက်မှ အဆိပ်အိတ်က ဆေးထိုးအပ်နှင့် ဆေးထိုးပိုက်ကဲ့သို့ တစ်ခါတည်း အဆိပ်တွေ ဝင်သွားပါသည်။

ထို့ကြောင့် မြွေကိုသော်လည်းကောင်း၊ မြွေခေါင်းကိုသော် လည်းကောင်း စွန့်ပစ်ပါက မြေကြီးတွင်းတူး၍ အန္တရာယ်ကင်းအောင် မြှုပ်နှံရပါသည်။

‘အစွယ်က အဆိပ်အိတ်ကိုတော့ ဖောက်ပစ်လိုက်တာပေါ့ဗျာ။ အစွယ်က ဘာအသုံးဝင်လဲဆိုတော့ ကျွန်တော် ကြက်သားစားချင်တယ်ဆိုရင် **ကြက်သတ်စရာမလိုဘူး။ အဲဒီအစွယ်လေးနဲ့ ကြက်ကိုထိုးလိုက်** သိပ်မကြာဘူး ကြက်က ဖျပ်၊ဖျပ်၊ဖျပ်နဲ့ သေသွားရော။

အဲဒီလိုချည်းပဲလုပ်ပြီး ချက်စားလာတာ (၂)နှစ်လောက်ရှိတော့ ကျွန်တော်


စာမျက်နှာ (၁၈၀) သို့


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေအွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် နံပါတ်(၁) နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **"မခင်အေး"** ခေါ်တဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

''အမြဲ မကျန်းမမာ ရောဂါဖျားနာနေရတာ ဘာကြောင့်လဲ'

ဆိုတဲ့ မေးခွန်းကို အဓိက မေးမြန်းခဲ့တာပါ။


သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၃၉ခုနှစ်၊ တပေါင်းလ၊ တနင်္လာသမီး**ဖြစ်ပါတယ်။ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်နဲ့ ဝုဒ္ဓိကို ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်–၁]

တနင်္လာ ဘင်္ဂဖွားဖြစ်သူကို တနင်္လာအစ၊ တနင်္ဂနွေအဆုံး မွေးနံကို အမြစ်အုပ် နာမည်ပေးမှားပါတယ်။ **ဝုဒ္ဓိမှားပါတယ်။** ဒါပေမယ့် **နာမက္ခရတိုင်စဉ်မှန်တယ်။** အနိဋ္ဌ+ဣဋ္ဌ ဖြစ်တယ်။ ဒါကြောင့် နာမည်ပေးမှားပေမယ့် နာမည်အညံ့ လို့တော့ မပြောနိုင်ဘူး။


ထိုးမြဲလက်မှတ်အဖြစ် မွေးနံ တနင်္လာ၊ နာမည်အစစာလုံး ''ခင်''ကို လက်မှတ်ရွေးထိုးတာ မှားပါတယ်။ ဒီနာမည်မျိုးမှာ အထွန်းဌာနက တနင်္ဂနွေနံ''အေး''ကို လက်မှတ် ရွေးထိုးသင့်ပါတယ်။

ဘင်္ဂအပျက်ဌာနက တနင်္လာနံ ''ခင်''ကို လက်မှတ်ရွေးထိုးခြင်း၊ လက်မှတ်ပုံသဏ္ဌာန်ကချည့်နဲ့အားနည်းနေခြင်းတို့က ကျန်းမာရေး ချူချာရခြင်း




နိမိတ်ဖြစ်ပါတယ်။ ဒီတော့ အောက်ပါအတိုင်း လက်မှတ်ပြုပြင် ထိုးသင့်တာပေါ့။


* * *



❖ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။ ငွေအိတ်သင်္ကေတ ထည့်ပါ။

၂။ * * *






ယခုလအတွက် **နံပါတ်(၂)**နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **"ကိုကျော်ဌေး"**ဖြစ်ပါတယ်။

'အလုပ်အကိုင် စီးပွားရေး အိမ်ထောင်ရေး ငွေကြေးကိစ္စတွေ အဆင်မပြေဖြစ်နေတာ ဘာကြောင့်လဲ'


F.23B. April, 2016.

www.burmeseclassic.com

လို့ မေးသူ ဖြစ်ပါတယ်။

**မွေးသက္ကရာဇ်က ၁၃၃၄ခု၊ ကဆုန်လ၊ တနင်္လာသား**ဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဝုဒ္ဓိအစဉ်ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * * [နံပါတ်-၂]





တနင်္လာရာဇဖွားကို **တနင်္လာအစ၊ စနေအဆုံး၊ ဘုဒ္ဓိပြိုဟ်တွဲနဲ့ နာမည်ပေးထားတာဖြစ်ပြီး ဣဋ္ဌ+အနိဋ္ဌ၊** နမက္ခရတိုင်စဉ်မှာ၊ ဝုဒ္ဓိမှားဖြစ်နေတယ်။ ဒါကြောင့် နာမည်ပေး လုံးဝ ညံ့ပါတယ်။

ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်ကလဲ မပီမပြင်နဲ့ အောက်ခြေမှာ မျဉ်းတစ်ဝက်ပိတ်နဲ့ အပေါ်မှာ ဘယ်စောင်းညာစောင်းနဲ့ ခွက်မှောက်သင်္ကေတ၊ အမှားသင်္ကေတတွေနဲ့ ပုံသဏ္ဌာန်လဲ မကောင်းဘူး။ ဒီနာမည်မျိုးကို ပြုပြင်သင့်ပါတယ်။

ထိုးမြဲလက်မှတ်ဆိုရင် နာမည်အစစာလုံး **"ကျော်"**တစ်လုံးတည်းကို ရွေးထိုးသင့်တယ်။

* * *




✤ လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။

✤ ငွေအိတ်သင်္ကေတ တည့်တည့်လှလှကြီး ဆွဲသင့်တယ်။

✤ အညွန့်ရှည်ရှည် မထုတ်သင့်ဘူး။

၃။ * * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တာကတော့ **"မမာ"** လို့ အမည်ရှိတဲ့ အမျိုးသမီးကြီးတစ်ဦးရဲ့ ထိုးမြဲလက်မှတ်ဖြစ်ပါတယ်။ အင်္ဂလိပ်လို လက်မှတ်ထိုးထားခြင်း ဖြစ်ပါတယ်။

လက်မှတ်ပုံသဏ္ဌာန်က **ခွက်မှောက်သင်္ကေတတွေ ဖြစ်တဲ့အပြင် လက်မှတ်အဆုံးမှာထောင်ထိုက်မျဉ်းပိတ်ထားတာ** မကောင်းဘူး။ အင်္ဂလိပ်အက္ခရာ "2" တင်ထားတာလဲ မကောင်းဘူး။

**မွေးသက္ကရာဇ် ၁၃၁၃ခု၊ ဝါခေါင်လမွေးတဲ့** ကြာသပတေးသမီးတစ်ဦး ဖြစ်ပါတယ်။


မူလမဟာဘုတ်ခွင် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရပါတယ်။

* * * [နံပါတ်-၃] ⟶

ကြာသပတေး ပုတိဌာနဖွားဖြစ်သူကို ကြာသပတေးနံ အက္ခရာစာလုံးနှစ်လုံးဆင့်ပေးထားလို့ **ပုတိ+ပုတိ =** **အနိဋ္ဌ+အနိဋ္ဌ** နာမည်ဖြစ်တယ်။ အသားမည်းမည်း၊ ပိန်ပါးပါးဖြစ်လို့ ဆန်းဝင်တဲ့နာမည် ဖြစ်ပါတယ်။

နာမည်မညံ့ပါဘူး။ **နေပူခံအကျော်အစော နာမည်ပေးနည်းမှန်ပါတယ်။** ဒီနာမည်မျိုးမှာ အောက်ပါအတိုင်း လက်မှတ်ထိုးသင့်တယ်။

* * *



✤ ပွင့်ဖတ်(၂)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ခြင်းကတော့ "နှစ်ခါ"ဆိုတဲ့ အဓိပ္ပာယ်အတွက် ဖြစ်ပါတယ်။

**"ဒီဓာတာ မကောင်းရတာ ဘာကြောင့်လဲ"**လို့ မေးမြန်းလာတဲ့ ဒေါ်မာမာရဲ့ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် ညံ့လို့ပါဆိုတဲ့အဖြေကို ပေးလိုက်ပါတယ်။

နံပါတ်-၃

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ဝ | ၄ | ၅ * |




www.burmeseclassic.com

www.burmeseclassic.com

အခုလို ဖြူဖြင် ရေးထိုးတဲ့လက်မှတ်မျိုးနဲ့ဆိုရင် အို ဇာတာ ပြန်ကောင်းလာပါလိမ့်မယ်။

၄။ * * *



နံပါတ်-၄

| | အဓိပတိ | | | ၅ | |
|---|---|---|---|---|---|
| အထွန်း | သိုက် | ရာဇ | ၀ | ၃ | ၆ |
| မရဏ | ဘင်္ဂ | ပုတိ | ၄ | ၁* | ၂ |

(မူလမဟာဘုတ်)

| ၀ | |
|---|---|
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

(နာမက္ခရတိုင်)

အပြန် အဆန်

၅ ၆ ၀ ① ၂ ၃ ၄

(ဝုဒ္ဓိ)

ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တာကတော့ **"အောင်ကျော်မိုး"**ဆိုတဲ့ အမျိုးသားတစ်ဦးရဲ့ ထိုးမြဲလက်မှတ်ဖြစ်ပါတယ်။

'ကျန်းမာရေးမကောင်း၊ အလုပ်အကိုင်မကောင်း၊ ဝင်ငွေမကောင်း၊ ဒီလောက်ကံဆိုးနေရတာ ဘာကြောင့်လဲ'

ဆိုတဲ့မေးခွန်းကို မေးခဲ့သူ ဖြစ်ပါတယ်။

ထိုးမြဲလက်မှတ်ပုံစံက ခွက်မှောက်သင်္ကေတ၊ အပြိုင်သင်္ကေတ၊ အဖျားရှူးသင်္ကေတတွေကြောင့် ပုံသဏ္ဌာန်ညံ့ပါတယ်။

**မွေးသက္ကရာဇ်က ၁၃၃၁ ခု၊ ဝါဆိုလ၊ တနင်္ဂနွေသား** ဖြစ်တယ်။

မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရတယ်။

* * * [နံပါတ်-၄]

တနင်္ဂနွေ ဘင်္ဂအပျက်ဌာနဖွားဖြစ်သူကို တနင်္ဂနွေအစ၊ ကြာသပတေးအဆုံးနာမည်ပေးထားတာ**အနိဋ္ဌ+ဣဋ္ဌ နာမက္ခရတိုင်စဉ်မှန် ဝုဒ္ဓိမှာဖြစ်လို့** နာမည်ပေးအထိုက်အလျောက်ကောင်းသူ ဖြစ်ပါတယ်။

ဒီနာမည်မျိုးမှာ ထိုးမြဲလက်မှတ်အဖြစ် အဓိပတိဌာနက အပြင်မိတ်လဲဖြစ်တဲ့ ကြာသပတေးနံအက္ခရာစာလုံး "မိုး"ကို လက်မှတ်ရွေးထိုးသင့်တယ်။

* * *



✤ ငွေအိတ်သင်္ကေတ' တည့်တည့်လှလှကြီးကြီးဆွဲရမယ်၊

✤ လက်မှတ်အောက်က မျဉ်းမသားရဘူး။

*(ဒီလ ဒီမျှနဲ့သာ ကျေနပ်နိုင်ပါစေ...)*

*အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေဘွဲ့)*

**လက္ခဏာဗေဒင်ပညာသုတေသီ.**

**စာမျက်နှာ (၁၇၇)မှ အဆက်**

စဉ်းစားမိတယ်ဗျ။ ဒီအစွယ်က ကြက်တောင်သေရင် လူကိုရော အန္တရာယ်ပြုနိုင်သလားပေါ့။

တွေးရင်းက ကြောက်လာပြီး မြွေဟောက်အစွယ်ကို မီးဖိုထဲထည့်ပြီး ပြာကျသွားအောင် မီးရှို့ပစ်လိုက်ရတယ်ဗျ။

ကျွန်တော်ကတော့ သိတာပေါ့ဗျာ။ ကျွန်တော်မသိခင်ကလေးတွေယူပြီးအဲဒီအစွယ်လေးနဲ့ ဆူးထွင်နေရင် အန္တရာယ်ရှိနိုင်လိမ့်မယ် ထင်တယ်ဗျာ။ ကိုစိုးလင်းရော အန္တရာယ်ရှိမရှိ ဘယ်လိုမြင်လဲ'

'ကိုအုံ့မောင်ပြောသလို အစွယ်နဲ့ထိုးလိုက်လို့ကြက်တောင်သေတယ်ဆိုရင် လူကိုလဲ အန္တရာယ်ပြုနိုင်လိမ့်မယ် ထင်တယ်ဗျာ။ လက်တွေ့လဲ မစမ်းရဲဘူးပေါ့။ (၂)နှစ်လောက်အထိအစွမ်းထက်နေတုန်းပဲဆိုတော့ ဆက်ထားရင် ဘယ်လောက်ကြာအောင်အစွမ်းထက်မလဲဆိုတာ**ရှုသမုံ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးကနေ တင်ပြလိုက်မယ်ဗျာ။** ဒါမှ လက်တွေ့ကြုံခဲ့ရသူတွေ နားလည်တတ်ကျွမ်းတဲ့ ပညာရှင်တွေရဲ့ ပြန်လည် တင်ပြလာတာကို မျှော်လင့်စောင့်စားကြတာပေါ့ဗျာ'

'ဒါကတော့ ခင်ဗျားသဘောပဲ ကိုစိုးလင်းရေ'

**ဝန်ခံချက်။ ။မြန်အောင်မြို့နယ် ဥဿဖ်တောကုန်း(ခုံ)ရွာက ကိုအုံ့မောင်၏ ပြောပြချက်ကို အန္တရာယ်ရှိ,မရှိ သိစေကြရန်နှင့် သုတရစေရန် အမှန်အတိုင်း တင်ပြလိုက်ပါကြောင်း...။**

**သမ္မာအဆွေ ပြည့်ဝကြပါစေ...။**

**စိုးလင်းအောင် (မြန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com

# ဆေးအသိမြင့် ဘေးထိသူကို ကြိုရှောင်ရှူ

ရဲမျိုးသူ (ဗောဓိမြိုင်)



'အမလေး ကိုစစ်တို သားလေးကို ကြည့်ပေးပါဦး'

တဝါးဝါးဖြင့် ပြင်းထန်စွာ ငိုနေသော ခြောက်လသား အရွယ် ကလေး၏ နာကျင်စွာ လူးလိမ့်အော်ငိုသံကြောင့် အိမ်နောက် မီးဖိုဆောင် အတွင်း မြေပဲဆန်ကြော်နေသည့် မိခင် ဒေါ်အေးမာတစ်ယောက် ပျာယာခတ်သွားပါတော့သည်။

ကိုစစ်တိုက အိမ်ခြံအဝ ညှော်စောင့်မျှော်နေရာမှ ကလေးငိုသံ၊ ဇနီးသည်၏ အော်သံကြောင့် အိမ်ပေါ်သို့ ပြေးတက်ခဲ့လေရာ တွေ့လိုက်ရသောမြင်ကွင်းကား ပူပူနွေးနွေး ရေနွေးစတီးကရား အိုးကြီးအား ကလေးငယ်ငယ်လေး မှောက်လျက်လက်ဖြင့် ဆွဲမိခြင်း ဖြစ်လေသည်။

ဇနီးသည်ရင်ခွင်ထဲ ကလေးငယ်လေး၏ ဝမ်းဗိုက်တစ်ပြင်လုံး ရေနွေးပူလောင်ခြင်းကြောင့် နီရဲကာ ပူစီဖောင်းများ မြင်မကောင်းအောင် ထွက်လာခဲ့သည်။

သို့နှင့် ကိုစစ်တိုမှာ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ မှိုင်သက်မိစွာ ကြောင်ကြည့်နေမိပြန်သည်။

ကိုစစ်တိုသည် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့သားဖြစ်ပြီး၊ ကဝမြို့အနီးရှိ ခနာရွာသူနှင့် အိမ်ထောင်ကျ၍ ခနာရွာမှာပင် လိုက်ပါနေထိုင်ခဲ့လေသည်။

ပရဟိတလုပ်ငန်းများ ဝါသနာပါသူ ဖြစ်၍ ရပ်ရေးရွာရေး၊ ပညာရေး၊ ကျန်းမာရေးပါမကျန် စိတ်အားထက်သန်စွာ ပါဝင်လုပ်ကိုင်ဖြစ်လေသည်။

ကိုစစ်တိုတစ်ယောက် ခနာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာ အသင်းဝင်လည်းဖြစ်၍ အသစ်ပြောင်းရွှေ့ ရောက်ရှိလာသော အလယ်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြော့အား ရေနွေးကြမ်းသောက်၊ အိမ်အလည်လာရန် ဖိတ်ခေါ်ထားခဲ့၍ ဆရာမကြီးနှင့် ဆရာမများ အလာ ခြံဝတွင် ထွက်ကြိုနေခြင်း ဖြစ်ပါသည်။

'ကိုစစ်တိုတို့ အိမ်လားရှင်'

ဆရာမကြီးနှင့် ဆရာ၊ ဆရာမ(၄) ဦး အိမ်ခြံအတွင်း အသံပေး၍ ဝင်လာခဲ့ချေပြီ။

ကလေးစိတ်ကြောင့် ညှော်သည်များကို ရုတ်တရက် ဂရုမပြုနိုင်တော့ပါ။ အိမ်ပေါ်သို့ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများရောက်လာကြပါတော့သည်။

'သားငယ်လေး ဘာဖြစ်တာလဲ'

'ရေနွေးပူလောင်တာပါ ဆရာမကြီး။ ဘာလုပ်ပေးရမလဲ မသိတော့ပါဘူးဗျာ'

'ကိုစစ်တို စိတ်မပူပါနဲ့ ကျွန်မ ပြောသလို ယုံယုံကြည်ကြည်လုပ်ပါ'

'ဟုတ်ကဲ့ပါ ဆရာမကြီး'

ဆရာမကြီး ဒေါ်အေးကြော့သည် တိုင်းရင်းဆေးဝါးများ အကြောင်း အတော်သိသူ ဖြစ်ပါသည်။

ဖခင်မှာ တိုင်းရင်းဆေးသမားတော်ကြီးတစ်ဦးဖြစ်၍ ငယ်စဉ်ကပင် တိုင်းရင်းဆေးနည်းများ၊ ဆေးဖက်ဝင် ဆေးတော်ပင်များအကြောင်း ဖခင်ကြီး ကိုယ်တိုင် သင်ကြားပြသခဲ့သည့် ကျေးဇူးကြောင့်ဟု ဆိုပါသည်။

'ကိုစစ်တို့အိမ်မှာ **ကြက်သွန်နီရှိ** လား'

'ရှိပါတယ် ဆရာမကြီး'

'**ကြက်သွန်နီ**' ငါးဥလောက် မြန်မြန်သွားယူချေ'

မီးဖိုချောင်မှယူလာသော ကြက်သွန်နီဥများအား ဆရာ၊ ဆရာမများ ဝိုင်းဝန်းအခွံခွာကြကာ ငရုတ်ဆုံ ရေစင်အောင်ဆေးပြီးထောင်းချေစေလေတော့သည်။

ထိုက်သင့်သလောက် ကြေညက်သွားသော ကြက်သွန်နီများအား ပုဆိုးပိုင်းကို ပတ်တီးအသွင်ပြုပြင်ပြီး ကလေးငယ်၏ မီးလောင်နာတွင် အုံစည်းပေးခဲ့လေသည်။

ဆရာမကြီး အခြားသို့ ပြောင်းရွှေ့သွားခဲ့ပြီမှာ နှစ်ကာလ အတော်ပင် ကြာမြင့်ခဲ့ပေပြီ။

ကိုစစ်တို့အတွက် ဆရာမကြီး ဒေါ်အေးကြော့၏ ကျေးဇူးတရား သတိရစေရန်အကြောင်းကား အိမ်ခြံနံဘေး မောင်သို၏သားလေး မကြာခဏ တက်သောရောဂါဝေဒနာကို ဆရာမကြီး ပြောပြခဲ့သော ကြက်သွန်နီ အစွမ်းဖြင့် သက်သာပျောက်ကင်းအောင် ကုသနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

တောမလေ့အတိုင်း ခြံထွက် ငှက်ပျောဖီးကြမ်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် မိသားစု စုံစုံညီညီ လာ၍ ကန်တော့ကြလေသည်။

ဆရာမကြီး ပြောပြခဲ့သော ကြက်သွန်နီဥအကြောင်း သတိရ



www.burmeseclassic.com

www.burmeseclassic.com

နေမိသေး၏။

'ကိုစစ်တို့ ကြက်သွန်နီဟာ အပူလောင်နာသာမကဘူး ဆေးအသိရှိသူတွေအတွက် မီးဖိုချောင်မှာသုံးတဲ့ ဟင်းခတ်ဖွယ်ဆိုပေမယ့် အခြားရောဂါတွေကိုပါသက်သာပျောက်ကင်းစေနိုင်တာ အများကြီးပါပဲ။

ဆေးအသိရှိသူတွေဟာ ဘေးထိသူတွေကို ကြုံကြိုက်ရင် ကူညီကယ်တင်ကြရလို့ သိပ်ပြီး ကုသိုလ်ရပါတယ်။

ကြက်သွန်နီနဲ့ ပတ်သက်ပြီး ဗဟုသုတ ပြောပြခဲ့ဦးမယ်။ အခုလို ပြောပြတော့ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ကျွန်မရဲ့ဖခင်ကြီးကို သတိရမိတယ်။

ငယ်စဉ် ကလေးဘဝကတည်းက ကျွန်မတို့ဖေဖေဟာ တိုင်းရင်းဆေးအသုံးတွေကို စာ၊ ကဗျာတိုလေးတွေနဲ့ ကျက်မှတ်ခိုင်းတယ်။ မျက်စိနဲ့ မြင်အောင် လက်တွေ့ပြတယ်။

ဆေးနည်းလက်ာ အလွတ်ရရင် ပိုက်ဆံဆယ်ပြား မုန့်ဖိုးပေးတယ်၊ အဲဒီ ကျေးဇူးဟာ ကျွန်မအတွက် ရောက်လေရာအရပ်မှာ အကျိုးရှိခဲ့စေတယ်။

ကြက်သွန်နီကို **"စားလို့အုံရင် ဆေးနည်းနှစ်သွင်၊ ဆေးအသိဉာဏ် မွား အသုံးများ"**လို့ ဆိုပါတယ်။ ပြောချင်တာက ပါးစပ်ကစားတာရယ်၊ ထုချေပြီး အုံတာရယ်လို့ ဆိုချင်တာပဲ။

ဒါ့အပြင် ဉာဏ်အသိ ပွားသူတို့အတွက် ကျွန်မပိုက်ဆံဆယ်ပြား မုန့်ဖိုးရခဲ့တဲ့ ကြက်သွန်နီဆေးအသုံး ကဗျာတိုလေးက....

"ဆီးပူ၊ မီးပူ ထိပ်ပြောင်သူ၊ နားကိုက်၊
အဖုထွက်၊ ကလေးတက်၊ ကင်း၊ သန်း
အက်၊ ခွေးရောဂါပြေ၊ အစွမ်းထက်မြတ်
ကြက်နီမှတ်"

လို့ ကျက်မှတ်ခဲ့ရဖူးတယ်။

ဆေးကဗျာတိုပါ ကြက်သွန်နီရဲ့ အစွမ်းနဲ့ ပျောက်ကင်းစေနိုင်တဲ့ ရောဂါတွေက **ဆီးထစ်စက်စက်ကျတာ၊ မီးအပူလောင်နာ၊ ထိပ်ပြောင်တဲ့သူ၊ နားကိုက် အဖုအကျိတ်ထွက်၊ ကလေးတက်၊ ကင်းကိုက်၊ သန်းထူ၊ ခေါင်းမှာ ဒက်ပေါက်တာနဲ့ ခွေးကိုက်တဲ့ဒဏ်ရာ**ပါမကျန်သက်သာပျောက်ကင်းစေတယ် ကိုစစ်တို့။

ဒါကြောင့် ကိုစစ်တို့ကလေး ရေနွေးအပူလောင်နာကို ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့တာပေါ့'

အိမ်ရှင်မများအတွက် ကြက်သွန်နီသည် မပါမပြီး အရေးကြီးသည့် ဟင်းခတ်နှုတ်မြိန်စေသော ဥ ဖြစ်ပါသည်။ ကြက်သွန်နီ၏အရသာက ချို၍စပ်ကာ ပျစ်၍ချွဲပြီး ပူသော ဓာတ်သဘော သဘာဝ ရှိပါသည်။

အာယုဗ္ဗေဒဆေးကျမ်းတို့တွင် ဆေးအသုံး အကျယ်တဝင့် ဖော်ပြထားပြီး ကြက်သွန်နီ၏ဂုဏ်က ထင်ရှားလှပါသည်။

ထို့ကြောင့် ကြက်သွန်နီသည် "အစာလည်းဆေး၊ ဆေးလည်း အစာ" နှုတ်မြိန်စေသော မီးဖိုဆောင်သုံး အိမ်ရှင်မများ၏ လက်ဆွဲအဖြစ် သာမက ဆေးအသိရှိသူ ဆေးအသိဖြင့် ဘေးထိသူကို ကြုံဆုံခဲ့ပါလျှင် ကူညီကယ်တင်နိုင်ပါကြောင်း၊ အသိဉာဏ်ပွား စေတနာထားကာ ရေးသား တင်ပြမိပါ၏။

*ကျေးဇူးတော်ရှင်*
*မဟာဗောဓိမြိုင်ဆရာတော်ကြီးအား*
*အာရုံပြု၍ ဦးခိုက်လျက်...*

**ရဲမျိုးသူ** *(ဗောဓိမြိုင်)*

စာမျက်နှာ (၁၈၁)မှ အဆက်

အဲဒါ မင်းပြောတဲ့ အပင်နဲ့ ထိုးမှန်ဆက်စပ်သွားတဲ့အကြောင်းပေါ့ကွာ'

'အဲဒါဘာအပင်လဲ ဆရာ'

'ကြည့်... လူတကာသိပ့်ါတယ်ကွာ။ မင်းတို့ **တမြက်စည်းပင်**လို့ ခေါ်နေတဲ့ **ဝက်ရှေးပန်းပင်**ဆိုတာပေါ့'

'ဒီလိုဆို... အဲဒီဝက်ရှေးပန်းပင်က ဆီးချိုဆေးပေါ့ဆရာ ဟုတ်လား'

'အေး... အာယုဗ္ဗေဒ ဆေးကျမ်းတွေမှာ အလုံးစုံသော ဆီးရောဂါကို သုံးနိုင်တယ်လို့ ပြထားတယ်လေ။

ဆီးချိုတာ ဆီးသွန်တာ နောက် အသည်းကြီးတဲ့ရောဂါတောင် ပျောက်ကိုက်လို့ရတယ်။ အခုမြို့ပြတဲ့ အမျိုးသမီးက သည်းခြေကိုပြီး ဖြစ်တာဆိုတာ ပိုမြန်တာပေါ့။

မကျန်ပိတဲ့ ဆီးချိုရောဂါ အင်သုလင်ထိုးနေရတဲ့သူတွေ အဲဒီအပင်သာ ပြတ်တိုက် လိုက်ပေတော့'

'ဟုတ်ကဲ့ဆရာ... ဒီလို အလွယ်တကူနဲ့ ပျောက်တဲ့နည်းက လူတိုင်းနဲ့ အသုံးတည့်တယ်။ ပြီးတော့ အန္တရာယ်လဲ ကင်းတယ်၊ လူတိုင်း မှတ်သားနိုင်အောင် ကျွန်တော် ဖြန့်ဝေလိုက်ဦးမယ်'

'ကောင်းပါတယ်ကွာ မင်းလဲ ကုသိုလ်ရတာပေါ့'

ကျွန်တော်လည်း ဆေးပညာ ဗဟုသုတများကို မှတ်သားပြီး ဆရာအား နှုတ်ဆက်ခွင့်ပန်ကာ ပြန်ခဲ့ပါတော့သည်။

**[ဆေးနည်းပြောပြသော ဆရာဖြူ (အာယုဗ္ဗေဒ)အား ဂါရဝပြုလျက်...]**

**သုခ အစ္စာနံ ပဋိဟရွှေ**

**မောင်ဓနသွေး**
*(ဝက်လက်)*



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုရောဂါ သကျွမ်း

ဆေးတစ်လက်

မောင်နေဒွေး
(ဝက်လက်)





'အနာနှင့်ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပါ''ဟု ဆိုသည့် အတိုင်းပင် တစ်နေ့တွင် စာရေးသူ သည် ဆရာသခင်နေထိုင်ရာ စစ်ကိုင်း မြို့ ''စေတီလှ''ဘုန်းကြီးကျောင်းသို့ ရောက်ရှိခဲ့ပါသည်။

ကျောင်းဝင်းထောင့်တွင်ရှိသော ဖိုရုံ ထဲမှ မီးခိုးတလူလူနှင့် တရှုးရှုး အသံ များကို မြင်ရ ကြားရသည်နှင့် ဆရာ ရှိနေမှန်း တပ်အပ်သိလိုက်ပါသည်။

ကျွန်တော်လည်း ဆိုင်ကယ်ကို စက် ရပ်၍ ကျောင်းထိုင်ဆရာတော်အား နှုတ်ဆက်ဝတ်ပြုရန် ဘုန်းကြီး သီတင်း သုံးသော ကျောင်းပေါ်သို့ အရင်တက် လိုက်သည်နှင့်...

'ဟ... ဒကာမောင်ထွန်းပါလား၊ ဆရာမြဆီ လာတယ်ထင်တယ်'

'တင်ပါ့ဘုရား...ဆရာနဲ့ မတွေ့တာ ကြာနေပြီမို့ ရောက်တုန်း လှည့်ဝင်ခဲ့ တာ ဘုရား'

'အေး...အေး... နားနားနေနေပေါ့ ဒကာကြီးရာ၊ ဆရာမြနဲ့ကော တွေ့ခဲ့ပြီ လား'

'ဆရာတော်ဆီ အရင်ဝင်လာတာ၊ ပြီးမှ တွေ့မယ် ဘုရား'

ကျွန်တော်လည်း ဆရာတော်နှင့် စကားပြောကာ နှုတ်ဆက်ဝတ်ပြု၍ ဆရာမြရှိသော ဖိုရုံဘက်သို့ ဦးတည်ခဲ့ ပါသည်။ ကျွန်တော့်အသံကို ကြား၍ ဆရာမြလည်း ဖိုရုံမှ ထွက်လာကာ...

'မောင်ထွန်းကြီး... အလည်သက် သက်ပဲလား'

'ဆိုပါတော့ ဆရာရယ် ဆရာနဲ့လဲ မတွေ့တာကြာတော့ သတိရလို့ ဝင်ခဲ့ တာ'

'အေး... ငါ့အခန်းသွားပြီး စကား ပြောရအောင်လေကွာ'

'ဟုတ်ကဲ့ ဆရာ'

ကျွန်တော်လည်း ဆရာမြနှင့်အတူ သူနေသောအခန်းသို့ လိုက်သွားကာ အခန်းတွင်းသို့ ဝင်လိုက်သည်နှင့်...

'ဟာ... ဆရာ ဒီအပင်တွေက ဘာပင်တွေ လဲ'

'သြော်...အေး ပြောပြမယ်'

ဟု ဆိုကာ ကြောင်အိမ်အတွင်းမှ ထိုးမုန့်ပန်းကန်ကို ကျွန်တော်ထံသို့ လှမ်းပေးရင်း...

'ရော့...စားလိုက်ဦး၊ အဲဒီအပင် တွေနဲ့ ဒီထိုးမုန့်က ဆက်စပ်နေတယ်'

ဟု ဆိုကာ မန္တလေးမှ ဆီးချိုရောဂါ မကျ၍ မျက်စိတိမ် မခွဲနိုင်သေးသော အမျိုးသမီးကြီးအကြောင်းကို ပြောပြပါ သည်။

'အဲဒီအမျိုးသမီးကြီးက မျက်စိတိမ် ခွဲမလို့ ဆေးခန်းသွားပြတာ ဆီးချိုရှိနေ တယ်ဆိုပြီး ဆရာဝန်က ခွဲမပေးသေး ဘဲ ဆီးချိုဆေးပေးပြီး ပြန်လွှတ်လိုက် တယ်။

နောက်ရက်စေ့တော့ ပြန်ပြီး ပြတာ ဒီလိုပဲ ဆီးချိုက မကျဘူး။ ဒီလိုနဲ့ နှစ် ခေါက်မြောက်၊ နောက် သုံးခေါက် မြောက်တော့ ငါ့ဆီရောက်လာတယ် ကွ၊ အမျိုးသမီးက ခပ်ပိန်ပိန်ရယ်။

ဒါနဲ့ ငါလဲ ဒီအပင်ကို နုတ်ပြီး ဓား နဲ့ စဉ်းပေးလိုက်တယ်။ အိမ်ရောက် ပြုတ်ပြီး အကြမ်းပန်းကန်နဲ့ မနက် တစ်လုံး၊ ညနေတစ်လုံး သောက်လို့ မှာလိုက်တယ်။

အဲဒါ မနေ့က သူ့သားလာပြီး အခု မင်းစားနေတဲ့ မြင့်မြင့်ခင်ထိုးမုန့်နဲ့ ပန်းသီးတွေ လာကန်တော့ရင်း သူ့ အမေ မျက်စိခွဲပြီးတဲ့အကြောင်း၊ ဆီး ချိုမတက်တော့တဲ့အကြောင်း လာပြော သွားတယ်။

 စာမျက်နှာ (၁၈၅) သို့

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဧပြီလ

# ကျန်းမာရေး အတွက်

အကြံပေးချက်

ဤလတွင်...

✦ **မိဿရာသီဖွား (မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ ရက်အတွင်း မွေးသူ)တို့**သည် ဝါယောဓာတ်စာများကို အားပြု စားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။

❂ **ဝါယောဓာတ်စာများ ။ ။** ငါးခုံးမ၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ လိပ်ဥ၊ ကြက်ဥ၊ ဘဲဥ၊ ငှက်ဥမျိုးစုံ၊ ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စေ့၊ သရက်ကင်းဖူး၊ ချေးတောက်ရွက်၊ သပွတ်ခါးသီး။

ကြောင်လျှာ၊ သဘော်သီးရင့်၊ တမာရွက်၊ ရှားစောင်းခါး၊ ကန့်ဂလာ၊ လက်ဖက်၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊

သခွတ်ပွင့်၊ လက်ပံပွင့်၊ ခူးပုပ်ရွက်၊ ကဇော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ မုန်ညင်းခါး။

❂ **တေဇောဓာတ်စာများ ။ ။** မြွေပွေးသား၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖယ်းမ၊ ငါးတန်၊ ကဘီလူး၊ ကကတစ်၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား။

အုန်း၊ ရဲယို၊ သဘော်သီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ ဆီးဖြူသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးသီး(ချဉ်)၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊

ကြက်သွန်ဖြူ၊ ချင်း၊ ငံပိတ်ချင်း၊ ပတဲကော၊ ရှားသီး၊ ရေတက်ကောင်း၊ လေးညှင်း၊ သစ်ကြပိုး၊ ကရဝေး၊ ပင်စိမ်း၊ ဒန့်သလွန်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ–နီ၊

ကြိတ်မှန်ရွက်၊ လဲလုရွက်၊ ဝါရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကုက္ကိုရွက်၊ ကြာဟင်း၊ ငုံ၊ ထန်းရည်၊ အာလူး၊ ဝဥ၊ ဝိလောပိန်း။

ကကတစ်၊ ကဘီလူး၊ ကင်ပွန်းတို့မှာ တေဇော,ဝါယော တွဲဖက်ပါဝင်သဖြင့် ချင့်ချိန်စားသုံးရန် ဖြစ်သည်။

✦ **ပြဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့**သည် အာပေါဓာတ်စာကို အားပြု စားသုံး၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ စားသုံးသင့်သည်။

❂ **အာပေါဓာတ်စာ ။** ရေမြွေသား၊ ကျွဲသား၊ ကြွသား၊ ကြောက်သား၊ ဝက်သား (သုံးထပ်)၊ ခရု လိပ်၊ ကဏန်း၊ ကနကမာ၊ ချိုင်း၊ ငန်း၊ ဘဲသား၊ ဖားသား။

ငါးလင်ပန်း၊ ငါးပတ်၊ ငါးရှူ၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်ဖြုံ၊ ကဘီလူး၊ ကကူရံ၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး။

စပျစ်သီး၊ ဆီးချိုသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘော်သီးနု၊

ငှက်ပျောဖီးကြမ်း၊ ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ ခဝဲ၊ မင်းကွတ်သီး၊ ကြက်သွန်နီ၊

ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နှံနှံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ အုန်းရည်၊ သရက်ကင်း(ရေ)ဖလံတောင်ဝှေး၊ မဲဇလီကြီး (သဘော်မဲဇလီ)။

❂ **ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ ချေ၊ ဒရယ်၊ သမင်၊ ဆတ်သား၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်သား၊ လင်းမြွေသား၊ စပါးကြီးမြွေသား။

ပုရစ်၊ ပလုံ၊ ငါးရှူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ပုစွန်၊ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ ထောပတ်၊

ပိန်းဥ၊ မျောက်ဥ၊ ကိုင်းဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်းသီး၊ မာလကာသီး၊ အုန်းသီး၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ သစ်ကြားသီး၊ အုန်းသီး၊ ဒန့်သလွန်။

ငါးရှူ၊ ငါးပတ်တို့မှာ အာပေါဓာတ်၊ ပထဝီဓာတ် တွဲဖက်ပါဝင်သဖြင့် ချင့်ချိန်၍ စားပါ။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့**သည် တေဇောဓာတ်စာများကို အားပြု စားသုံး၍ ဝါယောဓာတ်စာများ ရှောင်ကြဉ်ပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့**သည် ပထဝီဓာတ်စာကို အားပြု၍ အာပေါဓာတ်စာများကို လျှော့ပေါ့စားသုံးပါ။

✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာများကို အားပြု စားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာများကို အားပြု၍ ပထဝီဓာတ်စာများကို ရှောင်ကြဉ်ပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာများကို အားပြုစားသုံး၍ ဝါယောဓာတ်စာများကို လျှော့ပေါ့ စားသုံးပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာများကို အားပြု၍ အာပေါဓာတ်စာများကို ဆင်ခြင်စားသုံးပါ။

✦ **ဓနုရာသီဖွား(နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့**သည် ဝါယောဓာတ်စာများကို အားပြု စားသုံး၍ တေဇောဓာတ်စာများကို ရှောင်ကြဉ်ပါ။

✦ **မကာရရာသီဖွား (ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့**သည် အာပေါဓာတ်စာများကို အားပြု၍ ပထဝီဓာတ်စာများကို လျှော့ပေါ့စားသုံးပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)**တို့သည် တေဇောဓာတ်စာများကို အားပြု စားသုံး၍ ဝါယောဓာတ်စာများကို ဆင်ခြင်သုံးဆောင်ပါ။

✦ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)တို့**သည် ပထဝီဓာတ်စာများကို အားပြုမှီဝဲ၍ အာပေါဓာတ်စာများကို သတိပြု ရှောင်ရှားပါ။

**အာရောဂျရတနာဘဝနှင့် ပြည့်စုံကြပါစေ**



**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ၁၃၇၈ ခုနှစ် နှစ်သစ်မှာ

## ခုနှစ်ရက်သားသမီးများ ကံကောင်းပြီးရင်း ကောင်းကြစေဖို့

ဘောက်ကြေနှစ်
(ကျိုက်လတ်)



**မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်သို့** ရောက်ရှိ၍ လာခဲ့ပါပြီ။

၁၃၇၈ ခုနှစ်သည် ကျွန်ုပ်တို့ မြန်မာပြည်သူပြည်သားများနှင့် မြန်မာနိုင်ငံတော်ကြီးအတွက် မျှော်လင့်ချက်ရောင်ခြည်များ ထွန်းတောက်လာပြီဖြစ်သော ကျက်သရေမင်္ဂလာအခေါင်းနှင့် ခညောင်းပြည့်စုံမည့် နှစ်တစ်နှစ်ပင် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် မဟာဘုတ် (၆)ကြွင်းသောနှစ်ဖြစ်၍ **ကြာသပတေးဂြိုဟ် "အထွန်း"၊ တနင်္ဂနွေဂြိုဟ် "သိုက်"** ဌာနတွင် ရပ်တည်နေသောကြောင့် ဖြစ်ပါသည်။

* * *

၆-ကြွင်း မဟာဘုတ်

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၆ |
| ၂ | ၄ | ၀ |

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးသည် တနင်္ဂနွေနေ့သား ဖြစ်ပါသည်။ (လွတ်လပ်ရေး စတင်ရသော နေ့သည် တနင်္ဂနွေနေ့ဖြစ်၏။) နိုင်ငံ၏ နာမည်သည် "မြန်မာ" ကြာသပတေးနံ နှစ်လုံးဆင့် ဖြစ်ပါသည်။

(၆)ကြွင်းသောနှစ်တွင် မြန်မာတို့သော ကြာသပတေးဂြိုဟ်သည် အားကောင်းသော အထွန်းဂြိုဟ်အဖြစ်ရပ်တည်ကာ မြန်မာနိုင်ငံ၏နေ့သား တနင်္ဂနွေဂြိုဟ်သည်လည်း ဒုတိယအားကောင်းသော သိုက်ဌာနတွင် ရပ်တည်နေပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာတွင် မြန်မာဟောဟုဟစ်ကြွေးနိုင်တော့မည့် ကံကောင်းခြင်းများ ပွင့်လန်းဝေဆာလာတော့မည့် အခါသမယပင် ဖြစ်ပါတော့သည်။

ယခု ၁၃၇၈ ခုနှစ်တွင် ကျဥ္စဂြိုဟ်အဖြစ် ပေါ်ထွက်လာသော ဂြိုဟ်(၃)လုံးမှာ **ကြာသပတေးဂြိုဟ်(အထွန်း)၊ တနင်္ဂနွေဂြိုဟ်(သိုက်)၊ ဗုဒ္ဓဟူးဂြိုဟ်(ရာဇ)**တို့ပင် ဖြစ်ပါသည်။

**ကြာသပတေးဂြိုဟ်၏ ပရိယာယ်တို့မှာ** ပညာရေး၊ ဝန်ကြီး၊ မိတ်ဆွေ၊ မိန်းမ၊ (လူမျိုးပရိယာယ်)မြန်မာ၊ ကိုယ်ပိုင်ဝင်ငွေ၊ ဘာသာရေး (ဝိပဿနာ)တို့ ဖြစ်ပါသည်။

**အထွန်းဌာန၏ သဘောမှာ** ကျော်စောထင်ရှားမှု၊ ထွန်းလင်းတောက်ပမှု၊ နှစ်သက်မြတ်နိုးမှု၊ အောင်မြင်မှု၊ စီးပွားဖြစ်ထွန်းမှု၊ ဘုန်းကြီးမှု၊ နာမည်ကောင်းရမှုတို့ ဖြစ်သည်။

သို့ဖြစ်၍ **ဂြိုဟ်နှင့် ဌာန**ကို ပေါင်းစပ်၍ ဟောချက်ထုတ်ရသော်...

'ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးတွင် ပညာရေးကဏ္ဍ မြင့်မားလာမည်၊ နည်းပညာများ တိုးတက်မည်။ အဆွေခင်ပွန်းကောင်းမိတ်ဖက်နိုင်ငံများ တိုးပွားမည်။ ကျော်စောထင်ရှား ဘုန်းကံကြီးမားသော မိန်းမသားများ ပေါ်ထွက်လာမည်။

မိန်းမသားများ၏ အခွင့်အရေး အခန်းကဏ္ဍများ ပေါ်လွင်လာမည်။ အရာရောက်လာမည်။ ပြည်သူပြည်သားများ၏ ကိုယ်ပိုင်ဝင်ငွေများ တိုးလာမည်။ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ပေါ်ထွန်းမည်။

ဝိပဿနာတရားစခန်းများ မြို့ပြည်အနှံ့ ကျေးရွာများပါမကျန် ပေါ်ထွန်းလာမည်။ အမတ်,ဝန်ကြီးကောင်းများ ပေါ်ထွက်လာမည်။ မြန်မာလူမျိုးများ၏ ကံကြမ္မာများ ပွင့်လန်းတိုးတက်လာကြမည် ဖြစ်ပါသည်'

**တနင်္ဂနွေဂြိုဟ်၏ ပရိယာယ်တို့မှာ** အလုပ်အကိုင်၊ အုပ်ချုပ်ရေး၊ အကြီးအကဲ၊ ဘုရင်၊ အဆောက်အအုံတို့ဖြစ်ပြီး **သိုက်ဌာန၏ သဘောမှာ** အေးငြိမ်းချမ်းသာမှု၊ ရွှင်လန်းအောင်မြင်မှု၊ မြင့်မြတ်တိုးတက်မှု၊ အကြွအစည်ကြီးမှုတို့ဖြစ်သည်။

**သို့ဖြစ်၍ ဂြိုဟ်နှင့်ဌာနကို ပေါင်းစပ်၍ ဟောချက်ထုတ်ရသော်...**

'ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အလုပ်အကိုင်



နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်း ၁၈၄

www.burmeseclassic.com

www.burmeseclassic.com

အခွင့်အလမ်းများ ပေါ်များလာမည်။ အလုပ်အကိုင်များ ကောင်းလာတော့မည်။ ကြီးမြတ်ခမ်းနားသော အဆောက်အအုံကြီးများ ပေါ်ထွက်လာမည်။

ကောင်းမွန်၍ သဟာသမတ်ကျသော တရားမျှတသော အုပ်ချုပ်ရေးယန္တရားများ ဖြစ်ထွန်းလာမည်။ ဘာသာတရား လေးစားသော၊ အကြံအစည်ကြီးသော မင်းကောင်းမင်းမြတ် နိုင်ငံတော်အကြီးအကဲများ ပေါ်ထွက်လာမည် ဖြစ်ပါသည်'

**ဗုဒ္ဓဟူးဂြိုဟ်၏ ပရိယာယ်တို့မှာ** အနုပညာ၊ ရွှေ၊ လူငယ်တို့ဖြစ်ပြီး **ရာဇဒွာန၏ သဘောမှာ** ထက်မြက်မှု၊ မင်းကျွမ်းဝင်မှု၊ လာဘ်ပေါ်များမှု၊ အောင်မြင်မှု၊ လှုပ်ရှားမှုတို့ဖြစ်သည်။

သို့ဖြစ်၍ ဂြိုဟ်နှင့်ဌာနကို ပေါင်းစပ်၍ ဟောချက်ထုတ်ရသော်...

'ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးတွင် ရွှေတူးဖော်ရေးလုပ်ငန်းများနှင့် အနုပညာလုပ်ငန်းများ တွင်ကျယ်ထွန်းပေါက်လာမည်။

လူငယ်တို့၏ အခန်းကဏ္ဍများ ကျယ်ပြန့်လာပြီး ထက်မြက်သော လူငယ်လေးများ ပေါ်ထွက်လာမည်'

ဟု မဂ်လာနိမိတ်ကောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။

ထို့ပြင် ယခု **၁၃၇၈ ခုနှစ်သည်** အလွန်ထူးခြားလှသော နှစ်တစ်နှစ်ဖြစ်ကြောင်း ထပ်မံ ရေးသားတင်ပြပါဦးမည်။ ကဒ္ဒဂြိုဟ်အဖြစ် ပေါ်ထွက်လာသော ဂြိုဟ်(၃)လုံးတွင် ကြာသပတေးဂြိုဟ်သည် **အဝါရောင်**၊ တနင်္ဂနွေဂြိုဟ်သည် **အနီရောင်**၊ ဗုဒ္ဓဟူးဂြိုဟ်သည် **အစိမ်းရောင်** ဖြစ်သောကြောင့် **အဝါ,အစိမ်း,အနီ အရောင်(၃)ရောင်** ထူးထူးခြားခြား ပေါ်ထွန်းလာသောနှစ် အဝါ,အစိမ်း,အနီ (၃)ရောင်ကို နိုင်ငံတော်အလံအဖြစ် အခြေတည်အသုံးပြုထားသော ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်



သည် **"ဝါစိမ်းနီ၊ လာကိန်းအညီ၊ ကမ္ဘာသိမ်းမည်" ဟူသော တဘောင် အရ** ကမ္ဘာတွင် မြန်မာဟေ့ဟု ကြွေးကြော်နိုင်တော့မည်။ ထင်ရှားကျော်စော ထွန်းပေါက်လာတော့မည် ဖြစ်သည်။

ထို့ပြင် ကမ္ဘာသိ၊ လူသိထင်ရှားဖြစ်လာပြီး နိုင်ငံတကာ၏ အလေးဂရုပြုမှု၊ ကူညီမှုများကို ရရှိ၍ ရိုသေလေးစားမှုများပင် ခံရတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်နေပါတော့သည်။

ဤတွင် ကျွန်ုပ်ကလည်း ယခု ၁၃၇၈ ခုနှစ်တွင် မြန်မာနိုင်ငံသူနိုင်ငံသားများအပေါင်း ဘေးကင်းရန်ရှင်း အန္တရာယ်ကင်းစွာဖြင့် မကောင်းသောအညစ်များ ကင်းစင်လွင့်ပျောက်၍ ကံပွင့်ကံမြင့်စေကာ ကံကောင်းပြီးရင်း ကံကောင်းအောင် မေတ္တာစေတနာ ရှေ့ထား၍ တစ်နှစ်တာအတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အစွမ်းထက် ယတြာများကို အလွန် တိကျမှန်ကန်လှသော မြန်မာ့ရိုးရာ ဆန်းကျမ်းဗေဒင်ပညာဖြင့် သေသေချာချာ စိစစ်တွက်ချက်၍ ရေးသားတင်ပြပေးလိုက်ပါသည်။

ယုံယုံကြည်ကြည် လေးလေးစားစား လိုက်နာကျင့်သုံးခြင်း ကံအကောင်းကြီး ကောင်းကြပါစေ။

အန္တရာယ်ရှင်း ဘေးကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒ ဟူသမျှ တစ်လုံး တစ်ဝတည်း ပြည့်ဝကြပါစေသတည်း။

**(အဟောပိုင်းတွင် မွေးနံဂြိုဟ် ပရိယာယ်တစ်ခုတည်းကိုသာ ရွေးချယ်၍ ဟောပေးထားပါသည်။ ဆောင်ရန်၊ ရှောင်ရန်နှင့် ယတြာများကိုသာ ဦးစားပေး တင်ပြသွားမည် ဖြစ်ပါသည်။)**

## တနင်္ဂနွေသားသမီး

ရပ်ဝေးဒေသ အကျိုးပေးမည်။ ငြိမ်သက်နေသော ကံကြမ္မာများ ပြန်လည်နိုးထ ကောင်းမွန်လာမည်။ အစစအရာရာ အနေအထားများ တဖြည်းဖြည်း ပြန်ကောင်းလာမည်။

အလုပ်အကိုင်များ တိုးတက်လာမည်။ ရာထူးတိုးမည်။ ရပ်ဝေးတွင် အလုပ် သွားရောက်လုပ်ကိုင်ခြင်းများ အဆင်ပြေ အောင်မြင်မည်။ ဖခင်၊ ကြီးကဲသူတို့၏ စောင့်ရှောက်ကူညီမှုများခံရမည်။

အိမ်ထောင်ရေးများ ပြန်လည်အဆင်ပြေလာမည်။ အိမ်ပြင်၊ အိမ်ဆောက် ဆောင်ရွက်နိုင်မည်။ အင်္ဂါအဆောင်တို့ ဝင်လာမည်။ ရပ်ဝေးတွင် သင်တန်းတက်ရတတ်သည်။

ပညာရေးကံကောင်းမည်။ ကိုယ်ပိုင်ဝင်ငွေတိုးလာမည်။ မိတ်ဆွေကောင်း ဆရာသမားကောင်းတို့နှင့် ဆုံတွေ့ရသည်။ မြေ အမွေကိစ္စများ အဆင်ပြေလာမည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။

**ဆောင်ရန်** ။ ။ **တနင်္ဂနွေ၊ ဗုဒ္ဓဟူး စနေဆိုင်ရာ နာမည်ရှင်များ နေ့သား**

www.burmeseclassic.com

များ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်** ။ ။ **တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

***(မှတ်ချက်။ ။ ပွဲတွဲယောဖြင့် အသုံးချရန်)***

မကောင်းသော အညွှန်းများ

လျော့နည်းပပျောက်ရန်

- သာလိကာ၊ သိုး၊ သမင် အဆင်ပြေရာကို အစာကျွေးပါ။
- ငါး(၂၆)ကောင် လွှတ်ပါ။
- သူစိမ်းကလေးများကို ဆီး(ဇီး)သီး၊ ဆီး(ဇီး)ယိုကျွေးပါ။
- သူတောင်းစားကို ပဲကြော်(၇)ခု ကျွေးပါ။

ကံပွင့်ကံမြင့်ရန်

- ကြာသပတေးအရပ်မှနေ၍ နှင်းဆီ(၁၁)ပွင့် ဘုရားရှင်ကို ကပ်လှူပါ။
- အိမ်မှ ဘုရားရှင်ကို ထန်းလျက်(၁၀)လုံး ကပ်လှူပါ။
- ဘုန်းကြီးကို လိမ္မော်သီး(၅)လုံး ကပ်လှူပါ။
- ကိုရင်ကို နာနတ်ယို ကပ်လှူပါ။
- "**အောင်စကြာ**"မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။
- "**အရဟံ၊ ဗုဒ္ဓေါ**"ကို ပုတီး(၉)ပတ် နေ့စဉ် စိပ်ပါ။

### တနင်္လာသားသမီး

ထင်မှတ်မထားသည်များ ထဖြစ်



တတ်သည်။ ဖြစ်လာသည်က အကောင်းတွေဖြစ်မည်။ ရောဂါဟောင်း၊ အနာဟောင်း၊ ဝေဒနာဟောင်းတို့ ဆရာသမားကောင်း တွေ့ပြီး သက်သာ ပျောက်ကင်းလာမည်။

အခက်အခဲ၊ အကျပ်အတည်း၊ ပြဿနာများကြားမှ အဆင်ပြေလွတ်မြောက်လာမည်။ မိခင်၊ အစ်မတို့ထံမှ ထင်မှတ်မထားသော အကူအညီ အကျိုးပြုခြင်းတို့ ခံရတတ်သည်။ ယင်းတို့၏ ကျန်းမာရေးအညွှန်းများ ပြန်လည်ကောင်းမွန်လာမည်။

ရစရာရှိသော ငွေတချို့ ရလာမည်။ ပေးစရာရှိသော ငွေတချို့ ပြန်လည်ပေးဆပ်နိုင်မည်။ ငွေကြေးကူညီမှုများ ရရှိမည်။ တွေ့ကြုံနေရသော ငွေကြေးအခက်အခဲများမှ လွတ်မြောက်မည်။

ရှေးဟောင်းကျောက်တို့ ဝင်လာမည်။ တစ်ပတ်ရစ်ကားများ ဝင်လာလျှင် မိမိကို အကျိုးပြုမည်။ အချစ်ရေးပြဿနာ အရှုပ်အရှင်းများ ပြေလည်လာမည်။ အလုပ်အကိုင်များ ကောင်းမွန်သောဘက်သို့ ဦးတည်လာမည်။

**ဆောင်ရန်** ။ ။ **ကြာသပတေး၊ သောကြာ၊ တနင်္လာဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ လုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်** ။ ။ **အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။***(မှတ်ချက်။ ။ ပွဲတွဲယောဖြင့် အသုံးချရန်)***

မကောင်းသော အညွှန်းများ

လျော့နည်းပပျောက်ရန်

- သူစိမ်းကလေးများကို လိမ္မော်သီး(၄)လုံး ကျွေးပါ။
- နွား(သို့မဟုတ်)ဒရယ်ကို အစာသွားကျွေးပါ။
- ဆိတ်သားဟင်း(၃)တုံး ခွေးကျွေးပါ။
- အုတ်ကျိုးလမ်းခင်းပါ။

ကံပွင့်ကံမြင့်ရန်

- စနေထောင့်မှနေ၍ မေမြို့ပန်း(၅)ပွင့် ဘုရားရှင်ကို ကပ်လှူပါ။ အိမ်မှ ဘုရားရှင်ကို သဘော်သီး(၁၁)စိတ်ကပ်လှူပါ။
- ဘုန်းကြီးကို ပန်းသီး(၅)လုံး ကပ်လှူပါ။
- ကိုရင်ကို ကိတ်မုန့်(၂)ခု ဝှာပ်လှူပါ။
- "**ပဌာန်**"ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။
- "**ဗုဒ္ဓေါ**"ကို ပုတီး(၉)ပတ် နေ့စဉ် စိပ်ပါ။

### အင်္ဂါသားသမီး

လာဘ်လာဘတို့ ရွှင်လာမည်။ အောက်လက်ငယ်သားတို့ထံမှ လက်ဆောင်ရတတ်သည်။ ချူချာတတ်၊ ရောဂါဘယ များတတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စရာမရှိပါ။ မျှော်လင့်မထားသည်များ ဖြစ်လာတတ်သည်၊ ဖြစ်လာသည်က အကောင်းတွေဖြစ်မည်။

**အင်္ဂါနံ့(အနံ့၊ ဆီ၊ စာအုပ်၊ စက်ပစ္စည်း...)**တို့ လက်ဆောင်ရမည်။ ပတ်ဝန်းကျင်နှင့် အဆင်ပြေလာမည်။ ချီးကျူးခံရမည်။ ညီငယ်၊ ညီမငယ်တို့ထံမှ အကူအညီတချို့ရမည်။ မှဆိုးဖို/မတို့၏ အကျိုးပြုခြင်း ခံရမည်။

အပြိုင်အဆိုင်ရန် ရှိသော်လည်း ကျော်လွှားအနိုင်ရမည်။ ခင်ပွန်းသည်နှင့် အဆင်ပြေလာမည်။ ယင်းထံမှ လက်ဆောင်ရတတ်သည်။ အောက်လက် ဝန်ထမ်းကောင်းရလာမည်။

**ဆောင်ရန်။ ။အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်။ ။တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ သောကြာ**ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ ***(မှတ်ချက်။ ။ ပွဲတွဲယောဖြင့် အသုံးချရန်)***

မကောင်းသော အညွှန်းများ

လျော့နည်းပပျောက်ရန်

- ❖ သူစိမ်းကလေးများကို ကြာဆံကြော် ကျွေးပါ။
- ❖ ဘဲ(သို့မဟုတ်)မျောက်များကို အစာကျွေးပါ။
- ❖ ဦးခေါင်းမကောင်းသူကို အစားအစာများ ကျွေးပါ။

ကံပွင့်ကံမြင့်ရန်

- ❖ ကြာသပတေးအရပ်မှနေ၍ ထန်း(သို့မဟုတ်)ဒေလီယာ (၇)ပွင့် ဘုရားရှင်ကို ကပ်လှူပါ။
- ❖ အိမ်မှ ဘုရားရှင်ကို နွားနို့ကပ်လှူပါ။
- ❖ ဘုန်းကြီးကို နို့ဆီဘူးကပ်လှူပါ။
- ❖ ကိုရင်ကို ဆီး(ဖီး)သီး၊ ဆီး(ဖီး)ယိုကပ်လှူပါ။
- ❖ **"တဟီ တဟီ"** အစချီဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။
- ❖ **"နမော ဗုဒ္ဓါယ"** ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

## ဗုဒ္ဓဟူးသားသမီး

အိမ်မကပ် အသွားအလာ များနေမည်။ အငြိမ်နေရ လှုပ်ရှားမှုများနေတတ်သည်။ ဟိုလိုလို သည်လိုလိုနှင့် မရေရာသော အနေအထားများကို ကြုံတွေ့ရတတ်သည်။ ကံကောင်းခြင်းနှင့် ကံဆိုးခြင်းကို ယှဉ်တွဲ၍ ကြုံတွေ့ရမည်။

မတည်မြဲသော သဘောတရားတို့ကို မျက်ဝါးထင်ထင် ကြုံတွေ့ရမည်။ မတင်မကျ စိတ်ဒွိဟ ဖြစ်စရာတို့ ပေါ်မည်။ ရွှေ့တို့ ဝင်လိုက် ထွက်လိုက် ဖြစ်နေမည်။

သားသမီးတို့ အိမ်မကပ် အသွားအလာများနေမည်။ ညီအစ်ကိုမောင်နှမတို့နှင့် တည့်လိုက် မတည့်လိုက် ဖြစ်နေမည်။ သားသမီးတို့ မိဘစကားကို နားထောင်လိုက် မထောင်လိုက် ဖြစ်နေမည်။

ရုံးပြင်ကနား ရောက်တတ်သည်။ ယားနာ၊ လေနာရောဂါတို့ ဖြစ်တတ်သည်။

**ဆောင်ရန် ။ ။ ကြာသပတေး၊ တနင်္ဂနွေ၊ တနင်္လာဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ဆောင်ရန် ။ ။** အင်္ဂါ၊ ကြာသပတေးဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ ***(မှတ်ချက် ။ ။ ပွဲတွဲယောဖြင့် အသုံးချရန်)***

မကောင်းသော အညွှန်းများ

လျော့နည်းပပျောက်ရန်

- ❖ သူစိမ်းကလေးများကို နွားနို့တိုက်ပါ။
- ❖ သူတောင်းစားကို ဆန်(၃)ထုပ် လှူပါ။
- ❖ သဲလမ်းခင်း၊ ချိုင့်ခွက်ဖို့ပါ။

ကံပွင့်ကံမြင့်ရန်

- ❖ စနေထောင့်မှနေ၍ ပန်းမ(၅)ညွန့် ဘုရားရှင်ကို ကပ်လှူပါ။
- ❖ အိမ်မှ ဘုရားရှင်ကို ပေါင်မုန့် ထောပတ်သုတ် ကပ်လှူပါ။(သကြား မထည့်ရပါ။)
- ❖ ဘုန်းကြီးကို မြေပဲကြော် ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

❖ ကိုရင်ကို အာလူးကြော် ကပ်လှူပါ။
❖ **"၂၄ ပစ္စည်း"**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။
❖ **"နမော ဗုဒ္ဓါယ သိဒ္ဓံ"** ပုတီး(၉) ပတ် နေ့စဉ်စိပ်ပါ။

## ကြာသပတေးသားသမီး

အဆိုးအညံ့များ အနည်းငယ် ရှေ့ကခံပြီးမှသာ အကောင်းကြုံရတတ်သောနှစ်ဖြစ်သည်။ အစစ အရာရာ အနေအထား ကောင်းနေပါသော်လည်း သောကဗျာပါဒများကတော့ တွေ့ကြုံနေရမည်။

မိတ်ဆွေ ဆရာသမားတို့အတွက် အနည်းငယ် ပူပင်ရတတ်သည်။ သူ့တို့နှင့်ပတ်သက်၍ သောကနှင့် ယှဉ်၍ အကျိုးပေးမည်။

ပညာရေးတွင် စိတ်ပန်းကိုယ်ပန်းဖြစ်နေတတ်သည်။ အနည်းငယ် အပင်ပန်းခံ ကြိုးစားရုံဖြင့် စာမေးပွဲအောင်မည်။ မြေ၊ အမွေကိစ္စတို့ စိတ်အနှောင့်အယှက် ပေါ်မည်။ ကိုယ်ပိုင်ဝင်ငွေ နည်းနေတတ်သည်။

အတွေးအခေါ်တို့ ဝေဝါးနေမည်။ သူတစ်ပါးအား လက်လွယ်လွယ် ငွေချေးခြင်း ရှောင်ပါ။ ပြန်တောင်းရခက်၊ ကိုယ့်ငွေနှင့်ကိုယ် သောကများ ရတတ်သည်။

စက်ပစ္စည်းအတွက်လည်း ရတက်မအေး ဖြစ်နေရတတ်သည်။

**ဆောင်ရန်** ။ ။ **အင်္ဂါ၊ သောကြာဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ဆောင်ရန်** ။ ။ **တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး**ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ *(မှတ်ချက် ။ ။ ပွဲတွဲဖယားဖြင့် အသုံးချရန်)*

### မကောင်းသော အညံ့များ

#### လျှော့နည်းပပျောက်ရန်

❖ ဘုန်းကြီးကျောင်းကို အုန်းခြေသုတ်ခုံလှူပါ။
❖ ဝက်(သို့မဟုတ်)လိပ် အစာကျွေးပါ။
❖ သူစိမ်းကလေးများကို မုန့်ဖိုးပေးပါ။

#### ကံပွင့်ကံမြင့်ရန်

❖ ကြာသပတေးအရပ်မှနေ၍ ထန်း(၇)ညွန့် ဘုရားရှင်ကို ကပ်လှူပါ။
❖ အိမ်မှ ဘုရားရှင်ကို ပေါင်မုန့်နှံဆမ်း ကပ်လှူပါ။
❖ ဘုန်းကြီးကို ဆေးဝါး ကပ်လှူပါ။
❖ ကိုရင်ကို သရက်သီး၊ သရက်ယို ကပ်လှူပါ။
❖ **"ဒိဗ္ဗတပတိ"**အစချီ ဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။
❖ **"ဗုဒ္ဓေါ"** ပုတီး(၉)ပတ် နေ့စဉ် စိပ်ပါ။

## သောကြာသားသမီး

ထင်မှတ်မထားသော ကိစ္စများ ထဖြစ်တတ်သည်။ စိတ်လေစိတ်ဓာတ်ကျ စိတ်ဒေါသထွက်စရာများ ကြုံတွေ့ရမည်။ စိတ်မတည်မငြိမ် ဖြစ်မည်။ မကောင်းသော ဘက်များသို့ စိတ်များ ယိုင်နေတတ်သည်။ သူများအတွက် အသက်ရှင်နေရသကဲ့သို့ ခံစားရမည်။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဘာမဆို အကြိမ်ကြိမ်ကြုံမည်။ အိမ်မှ ထွက်ချင်စိတ်များနေမည်။ ခရီးစဉ်တို့ ပျက်တတ်သည်။ ခရီးကြိုပ်တအားညံ့၍ အတတ်နိုင်ဆုံး ခရီးဝေးရှောင်ပါ။

နာရေးခရီးသွားရတတ်သည်။(သွားနိုင်သည်။) ဆွေမျိုးတို့နှင့် ရန်ပေါ်မည်။ ဖနီး၏ ကျန်းမာရေး အညံ့ရှိသည်။ စကားကြောင့် ပြဿနာပေါ်တတ်၍ စကားပြော ဆင်ခြင်ပါ။

အစားအသောက်ကြောင့် ကျန်းမာရေးညံ့တတ်၍ မတည့်သော အစာများ ရှောင်ပါ။ အနုပညာအသုံးအဆောင်ပစ္စည်း၊ ဗိမ်ခံပစ္စည်းတို့ ပျက်မည်၊ ထွက်မည်။ သီလပျက်သော သူတို့ ဒုက္ခပေးတတ်၍ ဝေးဝေး ရှောင်ပါ။

**ဆောင်ရန်** ။ ။ **တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ**ဆိုင်ရာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်** ။ ။ **တနင်္လာ၊ အင်္ဂါ၊ သောကြာဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ *(မှတ်ချက် ။ ။ ပွဲတွဲဖယားဖြင့် အသုံးချရန်)*

### မကောင်းသော အညံ့များ

#### လျှော့နည်းပပျောက်ရန်

❖ စာကလေး(သို့မဟုတ်) ဆိတ် အစာကျွေးပါ။
❖ သဲလမ်းခင်း၊ ချိုင့်ခွက်ဖို့ပါ။
❖ ခွေး(သို့မဟုတ်)ခိုများကို အစာကျွေးပါ။

#### ကံပွင့်ကံမြင့်ရန်

❖ စနေထောင့်မှနေ၍ ပိတောက်(၁၂)ညွန့် ဘုရားရှင်ကို ကပ်လှူပါ။

www.burmeseclassic.com

- ❖ အိမ်မှ ဘုရားရှင်ကို နာနတ်ယို ကပ်လှူပါ။
- ❖ ဘုန်းကြီးကို အာလူးကြော် ကပ်လှူပါ။
- ❖ ကိုရင်ကို လက်ဖက်ရည်ကပ်လှူပါ။
- ❖ "**အောင်စကြာ**"မန္တန်ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။
- ❖ "**ဗုဒ္ဓေါ သိဒ္ဓိ**"ကို ပုတီး(၉)ပတ် နေ့စဉ် စိပ်ပါ။

## စနေသားသမီး

အဆင်ပြေကာကောင်းနေရာမှ ရုတ်တရက် ပြဿနာပေါ်ခြင်း၊ ကျန်းမာရေး ညံ့ခြင်းတို့ ကြုံတွေ့ရတတ်ပြီး အဆင်ပြေ၊ ပြန်ကောင်းမည်။ ပြဿနာရှာလို စိတ်တို့ ပေါ်မည်။

စိတ်ဓာတ်ကျ၊ စိတ်လေ၊ စိတ်မော စရာများ ကြုံတွေ့ရတတ်သည်။ အကောင်းမလာခင် အဆိုးများ ရှေ့က ခံသောကိန်း ဖြစ်သည်။

အပူလောင်၊ ဓာတ်လိုက်တတ်သည်။ နတ်ငြိုးခြင်း ခံရတတ်သည်။ လူမျိုးကွဲတို့နှင့် ပြဿနာပေါ်မည်။ အတိုက်အခံ၊ အနှောင့်အယှက်ရန်တို့ ရှုပ်မည်။ လောဘကြီးလျှင် အမှား တွေ့မည်။

သူခိုး၊ အဆိပ်ရှိသတ္တဝါရန် ဂရုစိုက်ပါ။ အမှုအခင်းများ မဖြစ်ပွားအောင် နေထိုင်ပါ။ ဖြစ်လျှင် မိမိဘက်က ရှုံးမည်။ အလုပ်သမားတို့ မမြဲတတ်၊ မိမိကို ပြဿနာရှာပြီး ထွက်သွားတတ်သည်။ သူတစ်ပါးတို့၏ အထုပ်အထည်များ လာရောက် အပ်နှံခြင်းကို လက်မခံရပါ။

**ဆောင်ရန်။ ။အင်္ဂါ၊ ကြာသပတေး၊ သောကြာဆိုင်ရာ** နာမည် ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်။ ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေဆိုင်ရာ** နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။ *(မှတ်ချက်။ ။ ဖွားတွဲဇယားဖြင့် အသုံးချရန်)*

### မကောင်းသော အညွှန်များ

#### လျော့နည်းပပျောက်ရန်

- ❖ အုတ်ကျိုးများ လမ်းခင်း၊ ချိုင့်ခွက်ဖို့ပါ။
- ❖ ဝက်(သို့မဟုတ်)လိပ်များကို အစာ သွားကျွေးပါ။
- ❖ သူတောင်းစားကို ထန်းလျက် (သို့ မဟုတ်) နွားနို့ ကျွေးမွေးပါ။

#### ကံပွင့်ကံမြင့်ရန်

- ❖ စနေထောင့်မှနေ၍ မေမြို့ပန်းများ ဘုရားရှင်ကို ကပ်လှူပါ။
- ❖ အိမ်မှ ဘုရားရှင်ကို ပန်းသီး (၅)လုံး ကပ်လှူပါ။
- ❖ ဘုန်းကြီးကို သစ်သီး(၆)မျိုး ကပ်လှူပါ။
- ❖ ကိုရင်ကို ပဲကြော်(၅)ခု ကပ်လှူပါ။
- ❖ "**မေတ္တသုတ်**"ကို - နေ့စဉ် (၇)ခေါက် ရွတ်ဖတ်ပူဇော်ပါ။
- ❖ "**သုဂတောသိဒ္ဓိ**"ကို ပုတီး (၉) ပတ် နေ့စဉ်စိပ်ပါ။

ယတြာများကို ပြုလုပ်ရာတွင် ယုံယုံကြည်ကြည် လေးလေးစားစား စေတနာပါပါ အကြိမ်ကြိမ် ဆောင်ရွက်ခြင်းဖြင့် ယတြာ၏အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝ ခံစားကြရမည် ဖြစ်ပါသည်။

* * *

*ဘဝအစစ လှကြပါစေ*

**အောင်နန္ဒစံ(ကျိုက်လတ်)**

| | အရပ်/ထောင့် | မြို့/ဒေသ | ကုန်ပစ္စည်း/လုပ်ငန်း | ဂဏန်း | အရောင် |
|---|---|---|---|---|---|
| တနင်္ဂနွေ | အရှေ့မြောက် | အမေရိကန် | အိုး၊ အုတ်၊ ဥအမျိုးမျိုး၊ အိမ်ဆောက်ပစ္စည်း၊ အုန်းသီးထွက်ပစ္စည်း | ၁ | အနီ |
| တနင်္လာ | အရှေ့ | ကျိုက်ထို ကိုရီးယား | ကျောက်၊ ကား၊ ကြံ၊ ခြံ၊ ကွမ်း၊ ကွမ်းယာ၊ ငါးခြောက်၊ ကုန်ခြောက် | ၂/၉ | အဖြူပြောင် |
| အင်္ဂါ | အရှေ့တောင် | စစ်ကိုင်း စင်ကာပူ | ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စာအုပ်၊ စာရေးကိရိယာ၊ စက်ပစ္စည်း | ၃ | အဝါနု၊ နီညို |
| ဗုဒ္ဓဟူး | တောင် | လိုင်သာယာ လာအို | ရွှေ၊ ရေချိုငန်း၊ ရေသန့်၊ ရေမွှေး၊ လက်ဖက်၊ လက်ဖက်ရည်၊ ရုပ်ရှင် | ၄/၈ | အစိမ်း၊ ရွှေအို |
| ကြာသပတေး | အနောက် | မန္တလေး ပလေချား | ပဲ၊ ပိတ်၊ မြေ၊ ပညာရေးဝန်ဆောင်မှု၊ ပိုးထည်၊ ပွဲရုံ၊ ဖရုံ၊ ဖယောင်း | ၅ | အဝါရင့်၊ အပြာနု |
| သောကြာ | မြောက် | သာစည် ဟော်လန် | သစ်၊ သံ၊ သွပ်၊ အသီးထွက်ပစ္စည်း၊ ဟင်း၊ စားသောက်ဆိုင်၊ ခရီးဝန်ဆောင်မှု | ၆ | အောက်ခံအဖြူပေါ် အစက်အပြောက် အကွက်အကျား ပုလဲရောင်အဆင်း |
| စနေ | အနောက်တောင် | တောင်ကြီး ထိုင်း | ထီ၊ ဖိနပ်၊ နာရီ၊ နို့၊ အထည်၊ ဓား၊ ဓာတ်သတ္တု၊ ဓနိ၊ ထင်း | ၇/၀ | အနက်၊ နက်ပြာ |



www.burmeseclassic.com

www.burmeseclassic.com

ကိုးနဝင်း, ဝင်

# ကျောက်စိမ်းပန်းပင် မှန်စီရွှင်

၂၀၁၃ခုနှစ်စပိုင်းဟု ထင်ပါသည်။ စာရေးသူနေအိမ်ဝင်းအတွင်း၌ နှစ်တစ်ထောင်ပန်းပင် (သို့မဟုတ်) ကျောက်စိမ်းပန်းပင် (သို့မဟုတ်) ဇော်စိမ်းအပင်ကို နှစ်ပေါင်း(၃၀)ခန့် အိမ်ဝင်းအတွင်း စိုက်ထားခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်ပါသည်။

ကျောက်စိမ်းပန်းပင်မှာ စိုက်ပျိုးရလွယ်ခြင်း၊ ရှင်သန်ခြင်း၊ ဘုရားပန်းလှူရာတွင်လည်း လန်းဆန်းနေသည့် ကျောက်စိမ်းပန်းပင်လည်း ဖြစ်ပါသည်။

စိုက်ပျိုးရာတွင်လည်း မြေကြီးကို မတူးဆွဘဲ တုတ်ချောင်းတစ်ချောင်း မြေတွင်ထိုးပြီး ကျောက်စိမ်းပန်းပင်ကို ထိုးစိုက်သည်နှင့် ရှင်သန်သည့် အပင်လည်း ဖြစ်ပါသည်။

ရေရှည်ကြာစွာ နှစ်နေလည်း မသေသည့်အပင်ဖြစ်သလို နေရိပ်ပြင်းလည်း မညှိုးနွမ်းသည့်အပင် ဖြစ်သည်။ မြေသြဇာလည်း အထူးကျွေးစရာ မလိုပါ။

နှစ်သုံးဆယ်ကျော်၊ လေးဆယ်ကျော် ကြာမြင့်မှ စာရေးသူ၏ နေအိမ်ဝင်းအတွင်းရှိ ကျောက်စိမ်းပန်းပင်တချို့မှာ ဖူးပွင့်လာပါသည်။

အနံ့မှာ လွန်စွာ သင်းပျံ့ပါသည်။ ရက်များစွာ သင်းပျံ့ပါသည်။ ဘုရားမလှူဘဲ သင်းပျံ့သဖြင့် မူလအပင်ထိုင်း ထားပါသည်။

၂၀၁၃ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ကျောက်စိမ်းပန်းပင်များ ထူထပ်၍ ခုတ်ထွင်ရှင်းလင်းရာ သမီးငယ်လေး မယဉ်လဲ့အေး (ယခု စိုက်ပျိုးရေးတက္ကသိုလ်. ပထမနှစ်)က ကိုးနဝင်း၊ ကိုးကွင်းထိုးနေသော ကျောက်စိမ်းပန်းပင်အရွေ့၊ တောင်နှင့် အနောက်ဘက်တို့တွင် တွေ့မြင်ရသဖြင့် မခုတ်ရန် ပြော၍ ချန်ထားခဲ့ပါသည်။

**ကိုးနဝင်းကိုးကွင်းထိုးလျှင် စီးပွားတက်ခြင်း၊ အောင်မြင်မှုများရခြင်း၊ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းစသော ကောင်းကျိုးများ ရှိကြောင်း လက်သင့်ကမ်းသေရာများ၏ အပြောအရလည်းကောင်း၊ ဆရာတော်ဦးကာလျာဏ၏ ပြောဆိုမှုကြောင့် သိရှိရပါသည်။**

စာရေးသူ ဓာတ်ပုံရိုက်တင်ပြနိုင်ခြင်း မရှိခဲ့ပါ။ ကိုးနဝင်း ကိုးကွင်းထိုးသဖြင့် အဆိုပါကျောက်စိမ်းပန်းကို ဘုရားမလှူဖြစ်ခဲ့ပါ။

မာရဏပရိတ်ဖြင့် ရေကို (၉)ကြိမ်ရွတ်ဖတ်ပြီး ရေလောင်းစေခဲ့ပါသည်။ ယင်းအစွမ်းဟု ထင်သည်။ စာရေးသူ၏ နေအိမ်အဲဟောင်း ယိုယွင်းယိုင်နဲ့နေသော အိမ်ကို အိမ်ကောင်းအိမ်မွန်အဖြစ် ပြန်လည်ဆောက်နိုင်ခဲ့ပါသည်။

ငွေကြေးပြည့်စုံ၍မဟုတ်ဘဲ အိမ်ဆောက်ပစ္စည်းများကို ဆိုင်ရှင်စနစ်ဖြင့် ရောင်းချပေးခြင်း၊ သစ်၊ ပျဉ်တို့ကို အလွယ်တကူ ရရှိပြီး တည်ဆောက်နိုင်ခဲ့ပါသည်။

အလယ်တန်းပြ ဆရာဖြစ်သူ စာရေးသူအဖို့မှာ အိမ်ဆောက်နိုင်ဖို့ စိတ်ကူးမျှပင် အိပ်မက်မမက်ဖူးပါ။ သို့ရာတွင် အိမ်တစ်လုံး ဆောက်နိုင်ခဲ့ပါသည်။

အပျော်တမ်းပေါသော စာရေးသူအဖို့ ထိုနှစ်က ပေဒင်ဟောခ ခုနစ်သိန်းမျှ ရခဲ့ပါသည်။ ယခု ကျောက်စိမ်းပန်းရှိသော်လည်း ကိုးနဝင်း ကိုးကွင်းထိုးခြင်းနှင့် အပွင့်,မပွင့်တော့ပါ။

ဤဆောင်းပါးကို ထိုကတည်းက ရေးသင့်သော်လည်း မရေးဖြစ်ခဲ့ပါ။ ယင်းကြောင့် ဓာတ်ပုံဖြင့် မတင်ပြနိုင်ခဲ့ပါ။



ဆရာတော်ကြီး ဦးကလျာဏကမူ မည်သည့်အပင်ဖြစ်စေ၊ ကိုးနဝင်း၊ ကိုးကွင်းထိုးလျှင် ကံကောင်းလာပြီဖြစ်ကြောင်း သို့ပေမယ့် အိမ်ရှင်ကိုယ်တိုင် သီလ၊ သမာဓိ အကျင့်စရဏနည်းပါးပြီး ကံငါးပါးဖောက်ပြားသူဆိုလျှင် ကောင်းကျိုးပျက်ပြီး၊ ဆိုးကျိုးဖြစ်စေကြောင်း မိန့်ဆိုခဲ့ပါသည်။

ငွေကြေးအကျပ်အတည်းတွေ့လျှင်...

သီး(၆)လုံးနှင့် ကျောက်စိမ်းပန်း(၃)ခက်ကို တနင်္လာနေ့ နံနက်(၉)နာရီ (၅၅)မိနစ်တွင် ညောင်ရေအိုးဖြင့် ဘုရားကို ရည်စူးပြီး (၉)ရက်လှူပါ။

ကံတရား၏ အနိမ့်အမြင့်အရ ငွေဝင်လာမည်ဖြစ်ပါသည်။ ကံကောင်းနေလျှင် ပိုမိုအကျိုးရှိမည်ဖြစ်ပြီး ကံနိမ့်လျှင် အထိုက်အလျောက် ဝင်ပါမည်။

မယုံလျှင် ဆောင်ရွက်ကြည့်ပါ။ အကျိုးသိလာမည် ဖြစ်ပါသည်။ **(ဦးနိုကောလင်း၏ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလထုတ်၊ နကွတ္တရောင်ခြည်မဂ္ဂဇင်း ဆောင်းပါးပါ ကျောက်စိမ်းပန်းကို ရည်ညွှန်း၍...)**

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

ကိုပိန်မောင် ဆေးရိုတက်ပြီး ခွဲလိုက်ရတယ်လို့ ရှာရိုးလျှောက်ပြီး သူ့ဇနီးက ပြောပြနေတယ်။ အရင်းမရှိ၊ အဖျားမရှိ ဘာကို ခွဲလိုက်ရတာလဲပေါ့။ ဒါနဲ့ ညနေရောက်တော့ ကိုပိန်မောင့်အိမ်ကို အကျိုးအကြောင်းမေးဖို့ ကျွန်တော်ရောက်လာခဲ့တယ်။ အိမ်ပေါ်ရောက်ရင်ပဲ ဘာကိုခွဲလိုက်ရတာလဲဆိုတာ မေးကြည့်လိုက်တယ်။

'ဆီးကျိတ်ခွဲရတာတဲ့'

ဆီးကျိတ်မှာအနာဖြစ်လို့ ခွဲလိုက်ရတာတဲ့။ ကိုပိန်မောင် ဆီးသွားရတာ အားမရလို့ ဆီးခုံတင်းပြီး နာနေတယ်တဲ့။ ဆီးသွားရင် များများမသွားဘူး။ တစ်စက်တစ်စက် ကျနေတယ်တဲ့။

ဆီးစက်ကျပါများတော့ ပုဆိုး ခဏခဏလဲနေရတယ်တဲ့။ နေ့လယ်မှာ အရေးမကြီးဘူး၊ ညဆိုရင် ခဏခဏ ထရလွန်းလို့ အိပ်ရေးမဝ ကျန်းမာရေးကချို့တဲ့လာ အစားအသောက်ပျက်နဲ့ လူပိန်ကပ်နေပြီလို့ ပြောနေကြတယ်။

ဆီးစက်တွေကျနေတော့ မထူးတော့ဘူးဆိုပြီး ပလတ်စတစ်အိတ်ခါးမှာကြိုးချည်ပြီး ခံထားရတယ်လို့ ပြောတယ်။ ဆရာတွေ စုံနေပြီ၊ မပျောက်ဘူးတဲ့။ ဆီးခုံအမြဲတင်းကျပ်နေလို့ နေရထိုင်ရတာ ခက်တယ်လို့လဲပြောတယ်။

အဲဒီလိုပြောနေကြတော့ ကျွန်တော့်ဦးလေးက သူရဲ့အတွေ့အကြုံကို ပြောပြတယ်။

'ကျုပ် ကိစ္စတစ်ခုနဲ့ ခရီးသွားရင်း သင်္ဘောပေါ်မှာ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ စကားပြောချင်တာနဲ့ အဲဒီလူ့ရဲ့ဘေးနား ဝင်ထိုင်လိုက်တယ်။ ပုဆိုး ခဏ,ခဏ လဲဝတ်နေတာကို တွေ့ရတယ်။

သူထိုင်နေတဲ့နေရာမှာ ရေလောင်းထားသလို စိုရွဲနေတာကို တွေ့ရတယ်။

# ဆီးကျိတ်ရောင်

## နှင့် ဆီးတစ်စက်စက်ကျ ရောဂါအတွက် ဆေးနည်းတစ်လက်



ဆီးတစ်စက်စက်ကျနေလို့ မန္တလေး အထူးကုဆေးခန်း သွားပြတာ ဆီးကျိတ်ရောင်နေတာ ခွဲရမယ်လို့ပြောတာနဲ့ ပြန်လာခဲ့တာတဲ့။

ပုဆိုးကို အောက်လျှောပြီးပြတော့ ဗိုက်ဖောင်းပြီး ဆီးခုံမို့နေတာကို မြင်လိုက်ရတယ်။ ဆီးအားရအောင် မသွားနိုင်တော့ နေရထိုင်ရတာ ခက်မယ်ထင်တယ်မောင်။

ဒီလိုနဲ့ နှစ်ပတ်ခန့်အကြာ အကြောင်းတိုက်ဆိုင်တော့ အဲဒီလူကို ဆရာတော့်ကျောင်းပေါ်မှာ ဥပုသ်သီတင်းစောင့်နေတာကို မြင်တွေ့လိုက်ရတယ်။ အသားအရေတွေပြောင်းလို့ ဝဖြိုးဖြိုးမောင်။ ပျောက်သွားပြီတဲ့။ ဦးလေးတောင် အံ့ဩလို့မဆုံးဘူး'

ဦးလေးက စကားဖြတ်ပြီး ဆေးလိပ်မီးညှိဖွာရင်း စကားကို ဆက်ပြီးပြောတာ။ ကျွန်တော့်ဦးလေးက ဆေးမြီးတိုနဲ့ ဆေးနည်းဆိုရင် ငမ်းငမ်းတက်ရယ်၊ စပ်စပ်စုစု မေးတတ်တယ်။

'ဘယ်ဆရာနဲ့ ကုတာလဲတဲ့။ ကျုပ်ကို အဲဒီဆေးနည်းလေး မျှပေးဦးပြောတော့ အဲဒီလူက ဆေးနည်းကို ပြောပြခဲ့တယ်။ ဆီးတစ်စက်စက်ကျနေတဲ့ လူနဲ့တွေ့ရင် ဆေးနည်းကို ဒါနပြုပေးလိုက်ပါတဲ့'

ဘထွေးဖိုးမောင်က အားရဝမ်းသာ ဝင်ပြောလိုက်တယ်။

'အခုမှ သတိရတယ်။ ကျွန်တော့်သားဖြစ်တုန်းကလဲ ဦးလေးရလာတဲ့ ဆေးနည်းကို သုံးကြည့်တာ နှစ်ရက်၊ သုံးရက်လောက်ကြာတယ်၊ ပျောက်သွားတယ်။ မောင်မဲ ဆီးတစ်စက်စက်ကျတုန်းကလဲ အဲဒီဆေးနဲ့ သက်သာပျောက်ကင်းသွားတာ။ ဆေးနည်းကို ရထားတဲ့ ဦးလေးကိုတောင် ကျေးဇူးတင်နေမိတယ်'

ဒီလိုနဲ့ ကျွန်တော် အဲဒီဆေးနည်းကိုရပြီး ဆေးရုံတက်ပြီး ခွဲရမယ်လို့ ပြောနေကြတဲ့ ဆီးကျိတ်ရောင်ပြီး ဆီးတစ်စက်စက်ကျနေသူတိုင်း သက်သာပျောက်ကင်းနိုင်စေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် အကြောင်းတိုက်ဆိုင်လျှင် အသုံးပြုနိုင်ရန် စေတနာမွန်ဖြင့် ဖော်ပြလိုက်ပါတယ်။

**ဆေးစုမှာ...**

၁။ သနပ်ပင်အခေါက် (၂)ကျပ်သား
၂။ မန်ကျည်းခေါက် (၂)ကျပ်သား
၃။ သပြေခေါက် (၂)ကျပ်သား
(ဘုရားညောင်ရေအိုးပန်းသပြေ)

တို့ကို မြေအိုးတွင် ရေမတ်ခွက်ကြီး **(၃)ခွက်ဖြင့် (၁)ခွက်တင် ကျို၍ နံနက်၊ ညနေ ခွဲသောက်ပါ။ တစ်ရက်ကျိုပြီးတိုင်း ဆေးကို အသစ်ပြုလုပ်ပြီး ကျိုသောက်ပါ။** တစ်ပတ်ခန့်သောက်ပေးလျှင် ဆီးကျိတ်ရောင်၍ ဆီးတစ်စက်စက်ကျနေသော ရောဂါ သက်သာ ပျောက်ကင်းသွားစေပါသည်။ **တစ်လခန့် ကျိုသောက်လျှင် ပို၍ ကောင်းမွန်ပါသည်။**

**မဟူရာ (ရွာဝတီ)**
**ကသာ**



www.burmeseclassic.com

www.burmeseclassic.com

# ထုဏ္ဏန္တသိမ်ပုထိုးတော်မှ

ရှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာများ (၈)

ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)

ပုံ-၃၆



ပုံ-၃၇



*** * *ပုံ(၃၆)**

ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုနှင့်ဆိုင်သော ဒီဖိုင်းလက်ရာများကို မြောက်ဦးမြို့ ထုဏ္ဏန္တသိမ် ပုထိုးတော်ကြီး လိုဏ်ပတ်တစ်လျှောက် လက်ဝဲ,လက်ယာမှ ကူးယူရေးဆွဲဖော်ပြထားပါသည်။

ပုံ(၃၆) ဒီဖိုင်းလက်ရာသည်လည်း ထုဏ္ဏန္တသိမ် ပုထိုးတော်ကြီးဝင်လမ်း လိုဏ်ပတ် လက်ဝဲဘက်မှခ်ငယ်(၈) လက်ယာဘက်မှ အရုပ်ပင် ဖြစ်ပါသည်။

အရုပ်နံပါတ်(၁၅) ကျောက်ဆစ်ရုပ်ကြွမှ ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်လက်ရာ အမြင့် (၄၀)စင်တီမီတာခန့်၊ အကျယ်(၂၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၈) စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွမှာ ဒူးကျိုးနေပြီး မောင်းတော် ချောနေသည်ကို တွေ့ရှိရပါသည်။ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးနေဟန် ရှိပါသည်။

**ပုံ(၃၆)**ဒီဖိုင်းလက်ရာ၏ မောင်းတော်မှာ တန်ဆာဆင်ထားခြင်း မတွေ့ရှိရဘဲ အချောသာ တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားကွင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

မျက်နှာ လုံးဝန်းနေပါ၏။ မျက်လုံးမှိတ်ပြီး သွယ်နေသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးမှာ ကကြီးသဏ္ဍာန် တွေ့ရှိရပါသည်။ နှာခေါင်းမှာ အရာလောက်သာ တွေ့ရှိရပြီး နှာခေါင်းအောက်မှ နှာရည်ခံခွက် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ပါးစပ်မှာ ပီပြင်စွာ တွေ့ရှိရပါ၏။ လည်ပင်းတွင် လည်ရစ် သုံးရစ် ပေါ်လွင်အောင် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို ဘေးသို့ ကား၍ တံတောင်ဆစ်မှ ကွေးကာ လက်ဖျား





www.burmeseclassic.com

www.burmeseclassic.com

ကို ထောင်ထားပါသည်။ လက်နှစ်ဖက် စလုံးတွင် ပန်းဖူး တစ်ဖက် တစ်ဖူး ကိုင်ထားသည်ကို တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာ ဒူးတုပ်၍ ထိုင်နေသည့်ဟန် တွေ့ရှိရပါသည်။ ဒူးကို ဘယ်ဘက်သို့ ထုတ်ကာ ခြေဖျားကို ညာဘက်သို့ ထုတ်ထားပါ၏။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်ကာ ခြေချောင်းကို ကွ၍ ထောက်ထားသည်ကို တွေ့ရှိရပါသည်။

ခြေထောက်တွင် ခြေမျက်စိလည်း ပေါ်အောင် ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေမျက်စိအထက်တွင် ထဘီအရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီအောက်ပိုင်းတွင်လည်း အရစ်သုံးရစ် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

တင်ပါးအောက်တွင်လည်း ကြိုးစသဏ္ဍာန်နှစ်ခုနှင့် အပိုင်းကလေးတစ်ပိုင်းကိုသာ တွေ့ရှိရပါသည်။ မူလက ထဘီ အဆင်တန်ဆာများ ဖော်ခဲ့လိမ့်မည်ဟု ယူဆရပါသည်။

လက်ရှိအခြေအနေတွင် သဘာဝဘေးန္တရာယ်ကြောင့် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၃၆) ဒီဖိုင်းလက်ရာမှာ မိန်းမရုပ်ဟန်ပန်အနေအထားမျိုး တွေ့ရှိရပါသည်။

*** * *ပုံ(၃၇)**

ပုံ(၃၇) ဒီဖိုင်းလက်ရာကိုလည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး ဝင်ဝလိုဏ်ပတ်လမ်း လက်ဝဲဘက် မုခ်ငယ်(၈) လက်ဝဲဘက်မှ အရုပ်နံပါတ်(၁၆) ကျောက်ဆစ်ရုပ်ကြွကို ကူးယူ ရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၂)စင်တီမီတာခန့်၊ အကျယ်(၃၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၈) စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် လည်ပင်းအောက်မှ ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။

ဖောင်းတော်မှာ ပျက်စီးနေပြီး အချောသာ တွေ့ရှိရပါသည်။ မျက်နှာမှာ လုံးသွယ်လျက် အချောသာ တွေ့ရှိရပါတော့သည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို အောက်ချ၍ တံတောင်ဆစ်မှ ကွေးကာ ကြာဖူးတစ်ဖူးကိုင်၍ ပူဇော်နေဟန် တွေ့ရှိရပါသည်။ ညာဘက်ဘေးသို့ စောင်းထုတ် ပူဇော်နေသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်၊ ပတ်ထားပြီး ခါးပတ်ပေါ်မှ ခါးပတ်စ တစ်ခုနှင့် ကူခြေကာ အပြားတစ်ခုကို ရှေ့တွင် အပြားလိုက်ချထားပါသည်။



ပုံ-၃၈

ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးထောင်ပေါင်ကား၍ ဘီလူးထိုင် ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်နှစ်ဖက်ကို တင်ပါးတွင် ကပ်ပြီး ခြေဖျားနှစ်ဖက်ကို ဘေးသို့ ကားထုတ်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၃၇) ထိုင်နေသည့် အနေအထားမှာ ယောကျ်ားပုံသဏ္ဍာန် အနေအထားမျိုး တွေ့ရှိရပြီး ယောကျ်ားပုံစံသာ ဖြစ်မည်ဟု ခန့်မှန်းယူဆရပါသည်။

*** * *ပုံ(၃၈)**

ထုက္ကန့်သိမ် ပုထိုးတော်ဝင်ဝ လိုဏ်ပတ်လမ်း လက်ဝဲဘက် မုခ်ငယ် တစ်ဆယ့်သုံး လက်ယာဘက်မှ အရုပ်နံပါတ်(၂၅) ကျောက်ဆစ်ရုပ်ကြွကို ကူးယူထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်လက်ရာတွင် မျက်နှာလုံးသွယ်ပြီး ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းအောက်လည်း ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၄)စင်တီမီတာခန့်၊ အကျယ်(၂၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇) စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

ဆံထုံးမှာ လုံးချောနေသော်လည်း နှစ်ဆင့်အရာပေါ်နေသည်ကို တွေ့ရှိရပါသည်။ အပေါ်အဆင့်ကြီးကြီး အောက်ဆင့်ငယ်သည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ် နှစ်ရစ်သာ ရေးရေးလေး တွေ့ရှိရပါ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ခန္ဓာကိုယ်အနေအထားမှာ ညာဘက်သို့ စောင်းနေပြီး လက်နှစ်ဖက်ကို တံတောင်ဆစ်မှ ကွေး၍ လက်ဖျားကို ညာဘက်သို့ မြှောက်ထားပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကို ကိုင်၍ ပူဇော်နေဟန် တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အပေါ်ပိုင်း အင်္ကျီအရာများ၊ လက်ဝတ်တန်ဆာအရာများ မတွေ့ရှိရတော့ပေ။ ချောမွတ်နေသည်ကိုသာ တွေ့ရှိရပါသည်။

ခါးအောက်တွင်လည်း ဣန္ဒြေကာလိုလို အပြားတစ်ပြား ပေါင်ရင်းတွင် အပြားလိုက်ချထားသည်ကို ရေးရေးလေး တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာ ဒူးတုပ်ထိုင်နေသည့်ဟန် တွေ့ရှိရပါသည်။ ဒူးကုပ်ထားသည့်ဘက်ကို ညာဘက်သို့ စောင်းထားပြီး ဖနောင့်ကို တင်ပါးတင်ကပ်ထားပါသည်။ ခြေဖျားကို ကွ၍ ထောက်ထားပါ၏။

ခြေချင်းဝတ်လောက်တွင် ထဘီ(လုံချည်)အောက်ခြေစ ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၃၈) လက်ရာအနေအထား၊ ဟန်ပန်အနေအထားမှာ အမျိုးသမီးဟန်ပန် အနေအထားမျိုး တွေ့ရှိရပါသည်။ အမျိုးသမီးအရုပ်သာ ဖြစ်မည်ဟု ခန့်မှန်းရပါသည်။

မြောက်ဦးခေတ်လယ်၏ အမျိုးသမီးတချို့၏ ဆံထုံး,ထုံးပုံ၊ ထဘီ(လုံချည်)ဝတ်ပုံများကို ဤပုံကြည့်၍ လေ့လာခန့်မှန်းနိုင်ပေသည်။

*** * *ပုံ(၃၉)**

**ပုံ(၃၉)** ဒီဖိုင်းလက်ရာသည်လည်း ဆုတ္တန်သိမ်ပုထိုးတော်ကြီး ဝင်လမ်း ထိုထပ်ပတ် လက်ဝဲဘက်မှခ်ငယ်

ပုံ-၃၉



တစ်ဆယ့်သုံး လက်ဝဲဘက်မှ **အရုပ်နံပါတ်(၂၆) ကျောက်ဆစ်ရုပ်ကြွ** လက်ရာကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့်(၄၉)စင်တီမီတာခန့်၊ အကျယ်(၂၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၉)စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

မူရင်း ကျောက်ဆစ်လက်ရာတွင် မျက်နှာချောမွတ် ပျက်စီးနေပြီး ခန္ဓာကိုယ်တွင်လည်း အဝတ်တန်ဆာများ ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

လည်ပင်းလည်း ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဆံထုံးမှာ ဆံထုံးလေးဆင့် ဆင့်ထားသည်ကို တွေ့ရှိရပါသည်။

အပေါ်ဆုံးအဆင့်မှာ ထူပြီး ငယ်သည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်မှာ အပေါ်ဆုံးအဆင့်ထက် ပါးပြီး ကြီးသည်ကို တွေ့ရှိရပါသည်။

တတိယအဆင့်မှာ ဒုတိယအဆင့်နှင့် အထူ အတူတူ တွေ့ရှိရသော်လည်း ဒုတိယအဆင့်ထက် တတိယအဆင့်က ပိုကျယ်သည်ကို တွေ့ရှိရပါသည်။

စတုတ္ထအဆင့်မှာ တတိယအဆင့်နှင့် အထူအပါး တူညီနေသော်လည်း တတိယအဆင့်ထက် စတုတ္ထအဆင့်မှာ ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ နားနှင့် နားတောင်းမှာ အရာသာ တွေ့ရှိရပါသည်။

ခန္ဓာကိုယ်မှာ လက်ယာဘက်သို့ စောင်းထားသည်ကို တွေ့ရှိရပါသည်၊ လက်နှစ်ဖက်ကို တံတောင်ဆစ်မှ ကွေး၍ လက်ဖျားထောင်ကာ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူး ပူဇော်ကိုင်ကန်တော့နေသည်ကို တွေ့ရှိရပါသည်။

ခန္ဓာကိုယ် နောက်ကျောတွင် တဘက်စတစ်ခုသဏ္ဍာန် လွင့်နေသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်း ခါးအရာလောက်သာ ရေးရေးလေး တွေ့ရှိရပြီး ခြေထောက်နှစ်ဖက်ကို ဒူးတုပ်ထိုင်ကန်တော့နေသည့်ဟန် တွေ့ရှိရပါသည်။


ထဘီ(လုံချည်) အောက်နားစကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်၍ ထောက်ထားပြီး ခြေဖျားခြေချောင်းကို ခပ်ကွကွလေး ထောက်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၃၉) ဒီဖိုင်းလက်ရာသည် အမျိုးသမီးဟန်ပန် အနေအထားမျိုး တွေ့ရှိရသဖြင့် မြောက်ဦးခေတ်လယ် အမျိုးသမီး၏ ဆံထုံးပုံစံကို စံနမူနာ အတုယူထိုက်သော ရှေးခေတ်



www.burmeseclassic.com

www.burmeseclassic.com




ယဉ်ကျေးမှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

*****ပုံ(၄၀)**

ထုကွန့်သိမ် ပုထိုးတော်ကြီးဝင်လမ်းလိုဏ်ပတ်လက်ဝဲဘက် မုခ်ငယ်တစ်ဆယ့်ကိုး လက်ဝဲဘက်မှ အရုပ်နံပါတ်(၃၅) ကျောက်ဆစ်ရုပ်ကြွလက်ရာကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မျက်နှာမှာလုံးချောပြီး ပါးစပ်၊ နှာခေါင်း၊ မျက်လုံး၊ မျက်ခုံးများ အရာလောက်သာ ကျန်ရှိသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်၌ အဝတ်တန်ဆာများလည်း ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၄၀)၏** မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၅၀)စင်တီမီတာခန့်၊ အကျယ်(၃၅)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ(၉)စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

ဤလက်ရာတွင် ဗောင်းတော်လည်း အချောသာ တွေ့ရှိရပြီး မုတ်ဆိတ်မွေး ခပ်ရှည်ရှည် ထွက်နေသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အနေအထားမှာ ညာဘက်သို့ စောင်းနေသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို အနည်းငယ်အောက်ချ၍ တံတောင်ဆစ်မှကွေးကာ ညာဘက်သို့စောင်းကာ ဘုရားပူဇော်နေသည့်ဟန် တွေ့ရှိရပါသည်။

လက်ဝါးပြင်နှစ်ဖက်ကို ပူးကပ်ထားသည်ကို တွေ့ရှိရပါ၏။ ညာဘက်တံတောင်ဆစ်ကို အောက်ကျနေသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်တစ်ပတ် ပတ်ထားပြီး ခါးပတ်ရှေ့မှ က္ကန္ဒြေကာပြားကို အပြားလိုက် ရှေ့တွင် ချထားသည်ကို တွေ့ရှိရပါသည်။

ညာဘက်ဒူးကို ကုပ်၍ ညာဘက်သို့ ကားထုတ်ကာ ထိုင်ထားပါသည်။ ဖနောင့်ကို တင်ပါးတွင် ကပ်ထားပြီး ခြေမလေးကွ၍ ထောက်ထားသည်ကို တွေ့ရှိရပါသည်။

ဘယ်ဘက်ခြေထောက်ကို ဒူးထောင်၍ ဘယ်ဘက်သို့ ကားထားသည်ကို တွေ့ရှိရပါသည်။ ဖနောင့်ကို ညာဘက်ဖဝါးတွင် ကပ်ထောက်ကာ ခြေဖျားကို ဘယ်ဘက်အပြင်သို့ ထုတ်ထားပါ၏။

ပုဆိုး(ဒယော)အောက်စ အနားရစ်ကို ခြေထောက်နှစ်ချောင်း၏ ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၄၀) ဒီဖိုင်းလက်ရာမှလည်း မြောက်ဦးခေတ်လယ်၌ ခါးပတ်၊ က္ကန္ဒြေကာ၊ ပုဆိုးများ မည်ကဲ့သို့ ဝတ်ဆင်သည်ကို လေ့လာသုံးသပ်နိုင်ပါသည်။

အထက်ဖော်ပြပါ လက်ရာများသည် မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှု ပုံစံများကို လေ့လာနိုင်ရန် ထုကွန့်သိမ်ပုထိုးတော်မှ ကျောက်ဆစ်ရုပ်ကြွတချို့ကို ကောင်းနိုးရာရာ ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

*အနုစ္ဆေအနုဿငါးပါးကို ထာဝရဦးထိပ်ပန်ဆင် ကန်တော့လျက်...*

**ပန်းချီထွန်းလှ**
*(ရွှေပေါင်းသုတေသန)*



www.burmeseclassic.com

www.burmeseclassic.com

ကြက်မောက်ဆူးပြန်နှင့်

# ကြက်မောက်ဆူးပြန်ပင်

ဆေးအသုံးများ

သဘာဝဆေး
သရေစိုးလွင်
တိုင်းရင်းသိပ္ပံ (၂၀)လမ်း
ညောင်တုန်းမြို့



ကြက်မောက်ဆူးပြန်ပင်

ကြက်မောက်ဆူးပြန်ပင်ကိုတော့ စာရှုသူတို့ သိပြီးဖြစ်ပါတယ်။

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဟူသော စကားအရ ကြက်မောက်ဆူးပြန်ပင်သည် နေရာအနှံ့အပြားတွင် အလေ့ကျပေါက်ရောက်သော အပင်မျိုး ဖြစ်ပါသည်။

ထိုအပင်မျိုးတို့သည် "**အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု**"ဟု ဆိုသည့်အတိုင်း သက်ရှိသတ္တဝါများကဲ့သို့ လိမ်လည် ကောက်ကျစ်သော သဘောမျိုးမရှိဘဲ မိမိဖြစ်တတ်သော သဘာဝအတိုင်းဆောင်၍ ပြတတ်သောကြောင့် ပွင့်လင်းသည်ဟု ဆိုသည့်အတွက်ကြောင့် ကြက်မောက်ဆူးပြန်ပင်အကြောင်းကို ရေးသားလိုပါသည်။

တောကြက်မောက်ပင်သည် နေရာအနှံ့အပြားတွင် ပေါက်ရောက်သော အပင်တစ်ပင်ဖြစ်သည့် အားလျော်စွာ ယင်းအပင်၏ အနေအထား၊ အရသာ၊ စွမ်းရည်သတ္တိကို လေ့လာသောအခါ တောကြက်မောက်ပင်သည် ကုန်းရေနှစ်မျိုးလုံးတွင် ပေါက်တတ်၍ အချို့မှာ အနီ၊ အချို့မှာ အဖြူအားဖြင့် နှစ်မျိုး ရှိပါသည်။

အပင်သည် အခက်အလက် အနေအထားအားဖြင့် စိမ်းစိုသပ်ရပ်ခြင်း တစ်ပေ၊ တစ်ပေခွဲခန့်ရှိသော အဖူးတံတွင် အောက်သို့ စိုက်၍နေသော ဆူးသီးကလေးများ ပတ်လည်စီ၍ ရှိနေပါသည်။

ဆူးသီးကလေးများကို ခွဲ၍ ကြည့်လျှင် အစေ့ကလေးများကို တွေ့ရပါသည်။

ကျွဲ၊ နွားများ မြက်စားတာတို့တွင် အစာစားသောအခါ နှာခေါင်းများ၌ ဆူးကလေးများ ချိတ်ပြီး ပါလာတတ်၍ ယင်းကို "**ဆူးနှာခေါင်းချိတ်ပင်**"ဟူ၍လည်း ခေါ်ကြပါသည်။

ထဘီ၊ အဝတ်များတွင် ဆူးများ ငြိတွယ်ပါလာတတ်ပါသည်။ ဆူးများ ပြန့်နေသဖြင့် "**ဆူးပြန့်ပင်**"ဟူ၍လည်း ခေါ်ပါသည်။

အရသာမှာ ပူ၊စပ်၊ခါးဖြစ်ပြီး အနည်းငယ် ရှိန်းတိန်းတိန်း ရှိပါသည်။ သို့အတွက် အပင်၏အနေအထား၊ အရသာအလျောက် ဓာတ်သဘောအရ ကြည့်ရှုလေ့လာသောအခါ ယင်းကြက်မောက်ဆူးပြန်ပင်သည် **ဥဏှတေဇော အာကာသလွန်ကြောင်းကို သိရှိရပါသည်။**

ဥဏှတေဇော အာကာသလွန်လျှင် သီတတေဇော အာပေါလွန်ကဲသော အနာများ ပျောက်ကင်းမည်အမှန်ပင် ဖြစ်ပါသည်။

## တောကြက်မောက် အသုံး

တောကြက်မောက်ရက္ခမူလအား ယင်းဆားကို သီတတေဇော အကြောင်းခံသော ရောဂါများကို အပူနှင့် တွဲဖက်၍ ပေးသည်။

ဥဏှတေဇော အကြောင်းခံ၍ ဖြစ်သောရောဂါများကို အအေးနှင့် တွဲဖက်၍ပေးပြီး ကာသပါက ရောဂါများ မြန်စွာ ပျောက်ကင်းပါသည်။

ခွဲကျပ်၊ ရင်ကျပ်နာများကို ချင်းပြုတ်ရည်နှင့် လည်းကောင်း၊ ဇာသီးသွေးရည်နှင့် လည်းကောင်း တိုက်ရသည်။

အပူအားကြီးသော ပုဂ္ဂိုလ်များတွင် ကွမ်းရွက်ပြုတ်ရည်နှင့် ဆေးရွှေးငယ်ခန့် တိုက်ရုံမျှဖြင့် ပျောက်ကင်းခြင်း၊ လေထိုးလေအောင့် လေနာရောဂါဖြစ်သော် ရှောက်ရည်နှင့်ဖြစ်စေ

[illegible] ရောင်ခြည်မဂ္ဂဇင်း [illegible]

www.burmeseclassic.com



ကရင်ဆေးဒါရည်နှင့်ဖြစ်စေ၊ ဂျင်ဂျာ ဘီယာနှင့်ဖြစ်စေ အကြောင်းအားလျော်စွာ တိုက်ရသည်။

ပန်းနာရင်ကျပ်ဖြစ်သော ကြက်မောက်ဆား(၈)ရွေးပဲသား၊ ပျားရည်(၅)ငါးကျပ်သား၊ သံပရာရည်(၂)နှစ်ကျပ်သား (၈)ရွေးပဲသားနှင့် စပ်၍ တိုက်ပါ။

**ဆီးချိုရောဂါမှာ** ပျားရည်စစ်စစ်နှင့် ရက္ခမူဆား သင့်ရုံထည့်တိုက်ပါ။

ရက္ခမူဆားသည် ရောဂါကုရာ၌ **တစ်ရွေးသားခန့်၊ နှစ်ရွေးသားခန့်** အများဆုံး တိုက်ရပါသည်။ ပို၍ တိုက်သော် ဆေးပြင်းလွန်း၍ လူနာတက်၍ သွားတတ်ပါသည်။ ခွေးကိုက်သောသူအား ကိုက်သည့်နေရာတွင် သိပ်ပြီး ရွှေးငယ် (၃)ရွေးခန့် တိုက်ပါ။ (တစ်နေ့ ၃ ကြိမ်)

အဆိပ်မိသော၊ အဆိပ်သင့်သော၊ အဆိပ်သောက်သောသူများတွင်...

ဥပမာ။ ။ ကြွက်သတ်ဆေး၊ ပိုးသတ်ဆေး၊ ရေနံဆီ စသည့်များ သောက်မိပါက ဤဆေးကို ကွမ်းသီးခြမ်းခန့် သောက်ပါ။ တစ်ကြိမ်သောက်ရုံမျှနှင့် သက်သာ ပျောက်ကင်းပါသည်။

**ကလေးများ ဆီးမသွားလျှင်** ဆီးခုံပေါ်၌ လိမ်းပေးလျှင် (၅)မိနစ်အတွင်း ဆီးများ သွားနိုင်ပါသည်။

**မီးယပ်ကွက်များအား** တောကြက်မောက်မြစ်ကို ဆန်ဆေးရည်နှင့် လိမ်းပေး။

မျက်စိထိခိုက် ဒဏ်ဖြစ်သော်၊ မျက်စိနာသော်၊ ကျိန်းစပ်သော် တောကြက်မောက်မြစ်ကို ဆား အနည်းငယ်ထည့်သွေးပြီး မျက်စိတွင် ကွင်း၊ ရေကြည်ကို မျက်စိတွင်း ခတ်ရပါသည်။

အစာအိမ် အချဉ်ပေါက်၊ စားချဉ့်ပြန်သော် ရက္ခမူဆား **ရွေးကြီးခန့်** ကျွေးပါ။

**မီးယပ်ငုပ်ပါက** သွေးပေါ်လာရန် ပျားရည်နှင့်တိုက်ပါ။

**အစားမှားသော် ရွေးကြီးခန့် တိုက်ပါက** မှားသောအစာများ တန်ခိုးသတ္တိ ယုတ်လျော့ ပျက်ပြယ်သွားတတ်ပါသည်။

ဆီးကျဉ်ခြင်း စသော ဆီးရောဂါများမှာ ဆန်ဆေးရည်တွင် ဖြစ်စေ၊ သကြားရည်တွင် ဖြစ်စေ၊ ဆန်ဆေးရည်ပါသော သံပရာ၊ ရှာလပတ်ရည် တစ်ဖန်ခွက်ခန့်တွင် ရက္ခမူဆား ရွေးငယ်ခန့် ခတ်၍ တိုက်ပါ။

အသည်းကြီးရောင် အောင့်သော ရောဂါအတွက် ရက္ခမူဆား(၈)ရွေးပဲသား၊ မြင်းခွာရွက်ပြုတ်ရည် [(၃) ပုလင်း တစ်ပုလင်းကျန်အောင် ကျို]သည့်အရည် ရောစပ်ပြီး ထိုတစ်ပုလင်း တစ်နေ့ကုန်အောင် သောက်ပေးပါက အသည်းကြီးရောင် အောင့်သော ရောဂါ ပျောက်ကင်းပါကြောင်း လက်တွေ့ အောင်မြင်သောနည်း ဖြစ်ပါသည်။

အသည်း ကျောက်တည်ရောဂါပါ ပျောက်ပါသည်။

အထက်ပါ ကုထုံးများအနက် ဆီးရောဂါနှင့်ပတ်သက်၍ မှတ်သဲသော နှင့် ဝေဖန်သော် ဖြစ်သောရောဂါသည် **ဥဏှ အာပေါထွန်း အဗန္ဓန ကဲခြင်း ဆေးအရသာသည် ချိုချဉ်သိတ အာကာသဖြစ်၍** အကြောင်းမှန် အကျိုးမှန်ဖြစ်ပြီး ရောဂါများ ပျောက်ကင်းနိုင်ခြင်း ဖြစ်ပါသည်။

အထက်ပါ ဆွေးနွေးချက်များကို ဆင်ခြင် ထောက်ဆတော်မူကြ၍ အပင်တစ်ပင်သည် ရောဂါတစ်ခုကို ပျောက်စေတတ်လျှင် အကြောင်းနှင့် အကျိုး မှန်ကန်သော ဖြစ်စဉ်ကို မှတ်သဘောနှင့် မြင်အောင် တွေးတောကြံဆ၍ ကုသရေးအတွက် ထက်မြက်သည်ထက် ထက်မြက်အောင် ကြံဆကြပါ။

တွေးတောကြပါ၊ ခေတ်မီသည်ထက် ခေတ်မီအောင် ကြိုးစားကြပါဟု တိုက်တွန်းလိုပါသည်။

**ရက္ခမူဆားကို ရလိုမူ ကြက်မောက်ဆူးပြန်ပင် ပဥ္စငါးပါးကို သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်၍ အင်္ဂါရက်လုံတွင် ထည့်ထိုး၍ သိမ်းထားပါက ကြာရှည်ခံပါကြောင်းကို ပြောကြားရင်း**ကြက်မောက်ဆူးပြန်ပင်၏ မူလသဘာဝ ဂုဏ်သတ္တိ ဝိပါကတို့ကို တင်ပြရင်း နိဂုံးချုပ်လိုက်ပါသည် ခင်ဗျာ...။

*ယုံကြည်စွာ သုံးစွဲနိုင်ကြပါစေ။*

**သဘာဝဓမ္မ ဆရာဦးလှဝင်း**
*တိုင်းရင်းသိပ္ပံ (၂၀)လမ်း*
*ညောင်တုန်းမြို့*



www.burmeseclassic.com

www.burmeseclassic.com

နေ့နှင့်ညမှားသော

# ကလေးညရောဂါပျောက်ကင်း

သိုက်စွဲ၊ ပယောဂစွဲရှိသော ကလေးငယ်များ၊ လူကြီးများပါ

ဆောင်ထားအပ်သော

# လက်ဖွဲ့ကြိုး



ကျွန်မသည် ကလေးများကို ဆေးကုပေးနေသော တိုင်းရင်းဆေးဆရာ ဖြစ်ပါသည်။ တစ်နေ့တွင် ကလေးအမေ တစ်ယောက်သည် သုံးလသားအရွယ် ကလေးကို ချီပိုးလျက် ညှိုးငယ်သော မျက်နှာနှင့် ရောက်လာပါသည်။

သူ၏ ကလေးသည် နေ့အချိန်တွင် နှစ်ခြိုက်စွာ အိပ်ပျော်သော်လည်း ညရောက်သောအခါ အိမ်ရှိ လူကြီးများနှင့် အိမ်နီးချင်းများ အိပ်မရလောက်အောင် အာခေါင်ခြစ်၍ နေ့စဉ် ငိုခြင်း ဖြစ်ပါသည်။

လူကြီးများက နေ့နှင့်ည မှားတာ ဟူ၍ ဖယောင်းတိုင် ထွန်းပေးပါသည်။ ဖယောင်းတိုင်ထွန်းမှ ကလေးက ပို၍ ငိုနေပါသည်။

မည်သို့မျှ မတတ်သာသည့် အခြေအနေမှ ကျွန်မဆီ ရောက်လာပါသည်။ ကျွန်မသည် ဘုရားစင်ရှေ့တွင် ငါးပါးသီလခံယူကာ ရေအေးအေးလေး တိုက်၍ ကလေး၏ လည်ပင်းတွင် အပ်ချည်ကြိုးလက်ဖွဲ့ ချည်ပေးလိုက်ပါသည်။ ထိုအခါမှစ၍ နေ့နှင့်ည မှားသော ကလေးမှာ ညတွင် နှစ်ခြိုက်စွာ အိပ်ပျော်ပါသည်။

နောက် ကလေးတစ်ဦးမှာ ငါးနှစ်အရွယ်ကလေးဖြစ်ပြီး ညရောက်လျှင် လန့်လန့်ငိုသောကြောင့် မိဘများ ညစဉ် အိပ်ရေးပျက်ရပါသည်။

ယင်းကလေးကိုလည်း အထက်ပါ နည်းအတိုင်း ပြုလုပ်ပေးသောအခါ လန့်ခြင်းဝေဒနာ ပျောက်သွားပါသည်။

လက်ဖွဲ့ကြိုး ပြုလုပ်စီရင်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ ဘုရားစင်ရှေ့တွင် ငါးပါးသီလခံယူပါ။**

**၂။ သစ္စာဆိုပါ။**

"ကျွန်ုပ်သည် ငယ်ရွယ်စဉ်မှစ၍ ယနေ့အချိန်ထိ ဘုရား၊ တရား၊ သံဃာ ပမေ့ပါ။ အဝိအဇကိုလဲ လုပ်ကျွေးပြုစုနေသူ ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကိုလည်း မပျက်ပြားအောင် ထိန်းသိမ်းနေသူ ဖြစ်ပါသည်။ ဤသစ္စာစကား မှန်ကန်ပါက ဝေဒနာရှင် ရောဂါ သက်သာ ပျောက်ကင်းပါစေ"

ဟု သစ္စာဆိုကာ သစ္စာရေတိုက်ရပါသည်။

**၃။ အသုံးမပြုရသေးသော အပ်ချည်ကြိုး(၉)ပတ်**

***(တစ်ပတ်လျှင် ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ သရဏဂုံ (၃)ခေါက် (၉)ပတ် ဖြစ်ရမည်။)***

**၄။ အထုံး ၃-ထုံး**

***(တစ်ထုံးလျှင် ၃-လီမ်)***

**၅။ တစ်လီမ် *(တစ်ထုံးလျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယ၊ တတိယ အစဉ်အတိုင်း ပြုလုပ်၍ ၃-ထုံး ဖြစ်ပါသည်။)***

**၆။ ဂုဏ်တော်ကိုးပါးရွတ်ပါ။**

***(၉-ခေါက်)***

၇။ **နေ့သား(...)**ရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို မြတ်စွာဘုရားရှင် အပ်လှူပါတယ်။ အောက်လမ်း သရဲ



အစိမ်းနှင့်တကွ ပယောဂ အမျိုးမျိုးတို့ အနှောင့်အယှက် မပေးရ၊ ယင်းကြိုးထုံးကို လက်ဝါးဖြင့် (၃)ခါ ရိုက်ပါ။

၈။ ဆွဲကာနီးတွင် ကာယကံရှင် လည်ပင်းကို (၃)ခါ ရစ်ပတ်ပြီး...

"မကောင်းသော မိစ္ဆာဟူသမျှ တုတ်မိ ချုပ်မိ မဖြစ်စေဘဲ ထွက်စေ၊

ယခု ကျွန်ုပ်ဆွဲသည့် လိပ်ပြာချုပ်သည် ...နေ့သားအတွက် ကိုယ်လုံကိုယ်ခံ လက်ဖွဲ့ချုပ် ဖြစ်ရမည်"

ဟူ၍ ပြောဆိုကာ လည်ပင်းတွင် ဆွဲထားရပါမည်။

ကျွန်မသည် ပယောဂအမျိုးမျိုးကြောင့် လာရောက်ပြသသောသူများ ပျောက်ကင်းအောင် ပြုလုပ်ပေးသော နည်းဖြစ်ပါသည်။

**ယုံကြည်စွာ အသုံးပြုပါဟု ရည်ရွယ်လျက်...**

**စောယွန်းဝါ(ကသာ)**

www.burmeseclassic.com



မြေဆေးကမုန်းပင်အကြီး



မြေဆေးကမုန်းပင်အသေး

# မြေဆိုးသေားနှင့် မြန်မာ့ဆေးပင်အကြောင်း

ပြန်ကြားအသိပေးပါရစေ

ကိုလွင်(မင်းလှ)

ပြန်ကြားပါရစေ...

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၃၅၃)၊ စာမျက်နှာ(၁၇၇) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ကျွန်တော် ရေးသော **"မြွေဆိုးသောနှင့် မြန်မာ့ဆေးပင်"** ဆောင်းပါး ပါလာပါသည်။

ဆောင်းပါးကို ဖတ်ပြီးနောက် ကျွန်တော့်ထံသို့ စာတိုက်မှလည်းကောင်း၊ လူကိုယ်တိုင်လာ၍လည်းကောင်း ဆေးပင်အကြောင်း မေးမြန်းကြပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ကျွန်တော်ရေးသော ဆောင်းပါးကို ဂရုတစိုက် ဖတ်ကြကြောင်းသိရ၍ အလွန် ဝမ်းသာပါသည်။

လူကိုယ်တိုင် လာရောက်သူများကို ဆေးပင်များကိုလည်း ပြလိုက်ပါသည်။ ဆေးဥများကိုလည်း ပေးလိုက်ပါသည်။

စာဖြင့် ရေးသားသူများအတွက်ကတော့ ဆေးဥ၊ ဆေးပင်များကို စာတိုက်က ပို့ပေးရန် မလွယ်ကူပါ။ စာဖြင့် ရေးသားသူများအား ဤဆောင်းပါးဖြင့် မေးခွန်းများကို ဖြေကြားပါသည်။

ဤမြွေဆေးကို ကျွန်တော်တို့ဒေသတွင် **"မြွေဆေးကမုန်းပင်"** ဟု ခေါ်ကြပါသည်။

လွယ်လွယ်ကူကူ မြွေဆေးပင်လည်း ခေါ်ကြပါသည်။ အချို့ နေအိမ် ခြံစပ်များတွင် တစ်ပင်စ၊ နှစ်ပင်စ စိုက်ထားပါသည်။

**အပင်မှာ နနွင်းပင်၊ သရက်ကင်းပင် နနွင်းခါးပင် ပုံသဏ္ဌာန်မျိုးဖြစ်ပါသည်။ ဥများ ညသည့်အခါမှာလည်း နနွင်းပင်၊ သရက်ကင်းပင်တို့ကဲ့သို့ ဥပါသည်။ အပင်မှာ မြေအမျိုးအစားပေါ်မူတည်၍ (၁၈)လက်မ**





www.burmeseclassic.com

www.burmeseclassic.com



◆ မြေသေဂမုန်းပင်နှင့် ဥများ

ခန့်မှ (၄)ပေ၊ (၅)ပေခန့်အထိ ရှည်ပါသည်။

မြေပြဲအကောင်းလျှင် ဥများများဥပြီး ကြီးထွားပါသည်။ ယင်းဥကို ထိစားပါက စပ်ရှားရှားနေပါသည်။ မြေကိုက်ခံရသူများက စားကောင်းသည်ဟု ပြောပါသည်။

အထူးသဖြင့် ကျွန်တော်တို့ဒေသတွင် မြွေကိုက်ခံရသော လူနာများတွင် မြွေပွေးကိုက်ခံရသူက များပါသည်။ မြွေပွေးကိုက်ခံရသူ လူနာ ဆေးရုံရောက်လာလျှင် ဆေးရုံမှ လူနာ၏ သွေးအား ဖောက်ယူ စစ်ဆေးလေ့ရှိပါသည်။

သာမန်လူကောင်းတစ်ဦး၏ သွေးသည် လူ့ခန္ဓာကိုယ် ပြင်ပရောက်ပါက (၂)မိနစ်၊ (၃)မိနစ်အတွင်း ခဲပါသည်။ မြွေပွေးဆိပ်ရှိနေလျှင် မခဲပါ။ မိနစ်(၂၀) ခန့်လောက်မှ သွေးမခဲလျှင် ဆေးရုံမှ မြွေပွေးဆေး ထိုးပေးလေ့ရှိပါသည်။

ဤမြွေဆေးဂမုန်းဥကို စားပြီး ဆေးရုံတက်ပါလျှင် တစ်နာရီအတွင်း သွေးပုံမှန်ခဲသွားသည်ကို တွေ့ရပါသည်။ မြွေဆိပ်မရှိတော့ပါ။ ထို့ကြောင့် ဆေးရုံမှ ယင်းလူနာအား မြွေပွေးဆေး ထိုးမပေးတော့ပါ။

ကျွန်တော်၏ ဥယျာဉ်ခြံမှာ မင်းလှမြို့ အရှေ့(၆)မိုင်ခန့်အကွာ တောင်ခြေတွင် ရှိပါသည်။ ထိုခြံထဲတွင်လည်း ယင်းမြွေဆေးပင်များ စိုက်ပျိုးထားပါသည်။ မြွေမကိုက်သော **"နဂါးသေပင်"** များလည်း စိုက်ပျိုးထားပါသည်။

ခြံအနီး ပတ်ဝန်းကျင်ရှိ လူများကိုလည်း မြွေအန္တရာယ်ကြုံလာပါက ဆေးဥများ ယူစားရန်လည်း ကြုံသလို ပြောထားပါသည်။ လွန်ခဲ့သော တစ်ပတ်ကျော်က ကျွန်တော့်ခြံအနီးနေသော ကိုမြွေးတစ်ယောက် လယ်ထဲမှ ကောက်လှိုင်းများ လှည်းပေါ်တင်ရန် ကောက်လှိုင်း မ,လိုက်စဉ် လက်အား မြွေပွေးကိုက်ပါသည်။

မြွေကိုလည်း ချက်ချင်း ရိုက်ယူထားပါသည်။ ကျွန်တော့်ခြံထဲမှ ဂမုန်းဥအား တူးစားပြီး မြွေသေကောင်ပါယူ၍ မော်တော်ဆိုင်ကယ်ဖြင့် မင်းလှဆေးရုံသို့လာခဲ့ပါသည်။ မင်းလှဆေးရုံမှ သူ့အား ထုံးစံအတိုင်း သွေးဖောက်၍ ခဲ၊ မခဲ စစ်ပါသည်။

ပထမအကြိမ် သွေးဖောက်စစ်ဆေးစဉ်က သာမန်လူကောင်း (၂)မိနစ်နှင့် ခဲရမည့်သွေးသည် (၁၀)မိနစ်မှ ခဲပါသည်။ မြွေဆိပ်ရှိနေလျှင် သွေး လုံးဝမခဲပါ။ သို့သော် ခဲတော့ ခဲသည့် (၁၀)မိနစ်မှ ခဲသဖြင့် အဆိပ်လုံးဝကင်းစင်သည်တော့ မဟုတ်ပါ။

ထို့ကြောင့် နောက်(၁၀)မိနစ်ခန့်အကြာ ဒုတိယအကြိမ် သွေးဖောက်စစ်ပါသည်။ သွေးမှာ (၅)မိနစ်တွင် ခဲပါသည်။ ထိုအခါ ဆရာဝန်က **"မြွေပွေးကိုက်တာ ဟုတ်ရဲ့လား"** ဟု မေးပါသည်။ ကိုမြွေးက **"မြွေပွေးကိုက်တာ အမှန်ပါဆရာ မြွေသေပါ ပါတယ်"** ဟု ဆိုကာ မြွေပွေးအသေကောင်အား ထုတ်ပြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# ကန့်၊ ကြေး၊ လင်းတ၊ ဖျိုင်းသော့မှ



## မှုချအမှန် သုဝဏ္ဏ

ဦးတင်မြ
(တိုင်းရင်းဆေးကုခန်း)

ကျွန်တော့်အနေဖြင့် မြန်မာ့အင်္ဂါရတ်ဓာတ်ပညာကို တတ်သိနားလည်လွန်း၍ မဟုတ်ပါ။ သို့သော်လည်း အချို့သော အင်္ဂါရတ်ဓာတ်ပညာ လင်္ကာပုရပိုဒ်များသည် အရပ်ဒေသအခေါ်အဝေါ်များကြောင့် ဘာသာပြန်ဆိုကြရာ၌ အခက်အခဲများ တွေ့ရှိတတ်ကြသဖြင့် လိုရင်းသို့ မရောက်ရှိခဲ့ကြသူများ...

ဘဝတူ ဝါသနာတူများ၊ မြန်မာ့အင်္ဂါရတ်ဓာတ်ပညာကို လေ့လာဆည်းပူးနေကြသည့် မျိုးဆက်သစ်များအတွက် မိမိတို့၏ အကျိုးစီးပွား၊ သာသနာတော်၏ အကျိုးစီးပွားများအတွက် ရည်ရွယ်၍ ဤစာမူကို ရေးသားပေးပို့ခြင်း ဖြစ်ပါသည်။

ယခု ကျွန်တော် ရေးသားဖော်ပြမည့် နည်းပညာရပ်သည် ယခင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ **(၁၂)နှစ်ပြည့် မြောက်သော ၁၉၉၈ ခုနှစ်၊ ဇူလိုင်လထုတ် အတွဲ(၁၄၄)တွင် ပါရှိပြီးသည့် ဆရာကြီး ဦးအောင်၏...**

'ကန့်-ကြေး-လင်းတ/ငှင်းတ/ငှဒ ဖျိုင်းသော့မှ မှုချအမှန် သုဝဏ္ဏ'

ဆိုသည့် နည်းပညာအား ကျွန်တော် တွေ့ကြုံခဲ့သော အတွေ့အကြုံဖြင့် ထပ်မံအားဖြည့်ခြင်းသာ ဖြစ်ပါသည်။

တစ်ဆင့်တစ်ဆင့် လက်ဆင့်ကမ်းခဲ့ခြင်းများကြောင့်ပါပေ။ ကျမ်းဂန်များနှင့် ကိုက်ညီချင်မှ ကိုက်ညီပါမည်။

မကိုက်ညီပါက သည်းခံခွင့်လွှတ်ကြပါရန်နှင့် ပညာရပ်တစ်ခုအတွက် ပေါင်းစပ်နိုင်ရန် အရိုးခံစေတနာဖြင့် ရေးသားပေးပို့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၇၈ ခုနှစ်ခန့်တွင် ကျွန်တော်၏ ဆရာတစ်ဦးဖြစ်သော ဦးလေးသောင်း (ခ) ဦးသောင်းထံမှ အထက်ဖော်ပြပါ နည်းပညာရပ်ကို ရရှိခဲ့ပါသည်။

ထိုနည်းပညာရပ်ကို ဘာသာပြန်သောအခါ၌ ကျွန်တော့်ဆရာအား တစ်ခုချင်း အသေးစိတ်မေးပြီး ဆရာမှ လက်တွေ့ လုပ်ဆောင်ပြသခဲ့သည်ကြောင့် ယုံကြည်မှု အပြည့်အဝ ပိုမိုရှိပြီး မြန်မာ့အင်္ဂါရတ်ပညာ၏ အံ့မခန်းသော နည်းပညာ၊ မီးပညာ၊ ဓာတ်ပညာ အယူအကောက်တို့သည် သိမ်မွေ့လေးနက်မှုသည် ဓော်ရုံတန်ရုံဖြင့် ဉာဏ်မမီနိုင်ကြောင်းတို့ကို လေ့လာ တွေ့ရှိခဲ့ရပါသည်။

---

**လင်္ကာရှင်းလင်းချက်**

---

'ကန့်-ကြေး-လင်းတ-ဖျိုင်း'

**ကန့်** = ကန့်အဝါရိုးရိုး(ကန့်ကျည်တောက်အဝါ)

**ကြေး** = ကြေး(ကြေးနီ)

**လင်းတ** = ?

**ဖျိုင်း** = ?

အထက်ဖော်ပြပါ နည်းပညာလင်္ကာတွင် **ကန့်၊ ကြေးတို့သည်** ဘာသာပြန်စရာတောင် လိုမည်မထင်ပါ။ သို့သော် လင်းတနှင့်ဖျိုင်းတို့ကို ဘာသာပြန်ကောက်ယူရာတွင် စဉ်းစားစရာတွေ အများကြီး ရှိနေပါသည်။

သို့ပါ၍ အင်္ဂါရတ်ပညာ၏ အခြေခံကျသော အောက်ခြေအဆင့်လင်္ကာ သုံးပုဒ်ကို အလျင် လေ့လာရေးသား ဖော်ပြပါမည်။ ဤလင်္ကာများကိုလည်း ပညာရှင်သုတေသီ ဆရာကြီးများအားလုံး သိပြီးဖြစ်မှာပါဟု ယုံကြည်မိပါသည်။

---

**ရှင်းလင်းချက်**

---

(က) လူကလေးရဲ့/ရယ်ပို ခိုဖမ်းလို့ပေး...ခိုဖြူခိုပြာ နက်ကယ် ဖမ်းခက်လှလေး...

(ခ) လူကလေးရဲ့အိပ်ရှိန်တန် ဖျိုင်းရေ့/ရှေ့ကပြန်...လူကလေးက အိပ်ရှိန်မူး ဖျိုင်းရှေ့/ရှေ့ကမူး...

(ဂ) ငွေဖျိုင်းဖြူ ပညာရှိရယ်... ဖျိုတို့မောင်ဒီမှာရှိတယ်လို့... ရွှေဂုံမျော် ခံတမိကို ပြောလိုက်ပါ့ကွယ်...

ဖော်ပြပါ လင်္ကာစာပိုဒ်တွေသည် ကလေးချော့တေး သီချင်းပုံသဏ္ဌာန်ဖြင့် ရှေးသူတော်ကောင်း ပညာရှိများသည် နှောင်းလူတို့ မမေ့မပျောက်နိုင်အောင်၊ လူတိုင်းရနေအောင် မှတ်မိစေရန် စေတနာသဒ္ဓါတရား အပြည့်ဖြင့် ထားရှိခဲ့သည်မှာ လွန်စွာမှ ရိုသေလေးစားဂုဏ်ယူစရာ ဖြစ်ရပါသည်။

ထိုလင်္ကာရပ်တို့ကို စိစစ်လေ့လာလျှင်...

**(က)လင်္ကာစာပိုဒ်သည်** အာကာသဓာတ်အုပ်စု၏ သဘောသဘာဝကို ပေါ်လွင်စေကြောင်း ထင်ရှားပါသည်။

**(ခ)လင်္ကာ စာပိုဒ်သည်လည်း**



www.burmeseclassic.com

www.burmeseclassic.com

အာကာသဓာတ်အုပ်စုကိုပင် ဖော်ညွှန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့သော် (က)လက်ာစာပိုဒ်ပါ ဓာတ်အုပ်စုနှင့် တူမလိုလို မတူသော သဘောသဘာဝတို့ကို လေ့လာတွေ့ရှိရပါသည်။

ထို **(က)၊(ခ)လင်္ကာစာပိုဒ်များ**ကို ထပ်မံစိစစ်ပါလျှင် (က)စာပိုဒ်တွင် **ပြဒါး၊ စိန်၊ ဟင်းရိုင်း၊ ဆေးခန်း**တို့၏ သဘောတရားတို့ကို လေ့လာတွေ့ရှိနေပါသည်။ အမှန်တကယ်မှာ ပြဒါးကို အထူး ဖော်ဆောင်သောသဘော သက်ရောက်နေပါသည်။

မီးထိုးမခံသေးသည့် မနိုင်မာသည့် ပြဒါးကို မီးဖြင့် တင်ထိုးပါက နိုင်ငက်ကလေးများ ထပြန်သလို အခိုးအရောင်များဖြင့် ထွက်ကုန်သည့် သဘောကို ဖော်ညွှန်းထားသည်အား တွေ့ရှိရပါသည်။

**(ခ)လင်္ကာစာပိုဒ်တွင်** လျှိုင်းပျံသည်၊ ဖျိုင်းမြူးသည် ဆိုသည့်စာများ ပါလာသည်ကို ပြုလုပ်ရာတွင် မီးထိုးမခံသေးသည့် သွပ်ကို မီးပြင်းထိုးပါက ဆွတ်ဆွတ်ဖြူနေသည့် အခိုးအဖတ်ကလေးများ လုံတွင်းမှ ဖောက်၍ ထွက်လာကြသည်မှာ တကယ့်ဖျိုင်းငှက်အုပ်များ ထပျံသည်နှင့် လွန်စွာတူနေခြင်းကို စမ်းသပ်လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်၍ ဖျိုင်းသည် **"သွပ်"**ဖြစ်ကြောင်း ဘာသာပြန် ကောက်ယူရရှိနိုင်သည့် အနီးစပ်ဆုံးသော သက်သေအထောက်အထားတစ်ခုကို လေ့လာတွေ့ရှိရပါသည်။

**(ဂ)စာပိုဒ်တွင် "ငွေဖျိုင်းဖြူ"**ဆိုထားပါသဖြင့် ငွေသည် ဘော်နှင့် အနီးစပ်ဆုံးသော သတ္တုတစ်မျိုးဟု



ဘာသာပြန် ကောက်ယူသင့်သည်ကို လေ့လာတွေ့ရှိရပါသည်။ **ငွေသည် မသန့်စင်ရသေးသည့် ဘော် ဖြစ်ပါသည်။**

ငွေတွင် အခြားသော ကြေး,သံ စသည့် ဓာတ်တစ်မျိုး အနည်းအများ အလိုက် ပါဝင်နေခြင်းကို လေ့လာတွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် ငွေ၏ အနှစ်သည် ဘော်ဖြစ်ပါသည်။

ငွေကို ကြေးနီ ရောစပ်ပြီး ဘော်စားငရဲမီးဖြင့် စားထုတ်၍ရသော ငွေအနှစ်များသည် **ဘော်အစစ်** ဖြစ်ပါသည်။ ယင်းတို့ကို အခဲအဖြစ် ကျိုပြီး မိမိလိုအပ်သော အနေထားပုံဖြင့် ရရှိအောင် ပြုလုပ်ထားပြီးသား သတ္တုသည် ခေတ်ကာလ အခေါ်အဝေါ်အားဖြင့် **"ငရဲမီးဘော်၊ မိုက်ဘော်၊ အကောင်းစားငွေ=ဘော်"**ဟု ခေါ်ဆိုသတ်မှတ်ကြပါသည်။

ထို့ကြောင့် ယင်း ဘော်=ငွေကိုပင် တချို့သော ကျမ်းတို့၌ **ပြဒါးသတ်ဆေးအဖြစ်=ဂဠုန်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခဲ့သည်များကိုလည်း** လေ့လာတွေ့ရှိရပါသည်။

တစ်ဖန် ဘော်ကို ပညာရှိ ဆိုသည်မှာ မှန်ကန်သင့်မြတ်သော သဘောသဘာဝ ဖြစ်ပါသော်လည်း **"ကန့်–ကြေး – လင်းတ – ဖျိုင်းဆေးမှ"**ဆိုသည့်လင်္ကာပညာရပ်နှင့် **"ငွေဖျိုင်းဖြူ"** သည် တိုက်ရိုက် မပါဝင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

**ဥပမာ** ။ ။ **သွပ်**ဈူး(ငါးမူး)ကို ဘော်တစ်မတ် အုပ်ထိုးပါက သွပ်သည် လုံးဝ မထွက်သည်ကို တွေ့ရခြင်းဖြင့် **ဘော်=ငွေသည်** ပညာရှိဖြစ်ပြီး **သတ်ဆေးဂဠုန်** ဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။

ဘော်=ငွေကို တချို့ကျမ်းတို့၌ **"သောတာပန်ဓာတ်"**ဟုလည်း ခေါ်ဝေါ် သတ်မှတ်ထားသည်များကိုလည်း တွေ့ရပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများကို လေ့လာခြင်းအားဖြင့် **ကန့်၊ ကြေး၊ ဖျိုင်း**တို့ကို အနီးစပ်ဆုံး ဘာသာပြန်ကောက်ယူ ရရှိပါသော်လည်း **ဥင်းတ=လင်းတ**ကို တိကျစွာ အနီးစပ်ဆုံး ဘာသာမပြန်နိုင်သရွေ့ ထိုလုပ်ထုံးလုပ်ရတ် အဂ္ဂိရတ်ဓာတ်ပညာလင်္ကာကို အနီးစပ်ဆုံး ပြည့်စုံသည်အထိ ဘာသာမပြန်ဆိုနိုင်ခြင်းကို တွေ့ရပါသည်။

မြန်မာ့အဂ္ဂိရတ် ဓာတ်ပညာကျမ်းတော်တော်များများတွင် **"ဓာတ်ဂဠုန်၊ ဆေးဂဠုန်၊ မီးဂဠုန်၊ ငှက်ဂဠုန်"**ဟု ရှေးသူတော်ကောင်းပညာရှိတို့ ပြဋ္ဌာန်းသတ်မှတ်ချက်များ ရှိခဲ့သည်ကြောင့် ဂဠုန်သဘောကို လေ့လာရမည် ဖြစ်ပါသည်။

**ဂဠုန်တို့သည်** ဓာတ်တို့ကို ကုတ်ခြင်း၊ သတ်ခြင်း၊ စားခြင်း၊ အုပ်စိုးထားခြင်းသဘောတို့ကို ဆောင်ကြသည့် အပြင် နဂါးကိုလည်း ကုတ်နိုင်၊ ဖြတ်နိုင်၊ သတ်နိုင်သည့် ဓာတ်သဘောများကို အတော်အတန်သင့် လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် **ဓာတ်ဆေးဂဠုန်၊ မီးဂဠုန်**တို့နှင့် အနီးစပ်ဆုံး သဘောတူညီသည့် **ငှက်ဂဠုန်**သည်လည်း အခြားဂဠုန်များနည်းတူ အသားမီးငါးစိမ်း အပုပ်အသိုး မြင်မြင်သမျှကို



www.burmeseclassic.com

www.burmeseclassic.com

စားသော ငှက်မျိုးဖြစ်ပြီး...

အရှိန်အဟုန် အပူအပင် အသင့် အတင့် အားကောင်းခြင်း၊ အထအပျံ အနည်းငယ်လေးခြင်း၊ အမြင့်သို့ ပျံတက်နိုင်ပြီး အမြင့်ကောင်းကင်တွင် လေဟုန်စီး၍ ပျံဝဲနေနိုင်သော သတ္တိ စွမ်းအားသဘာဝကို ကျမ်းဂန်တချို့၌ လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ယင်းဂဠုန်ငှက်နှင့် အလားတူ အနီးစပ်ဆုံး **ငှက်ဂဠုန်မှာ ငွင်းတ(လင်းတ) သက်ရှိ** ငှက်တစ်မျိုး ကို လေ့လာတွေ့ရှိနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ ယင်းဂဠုန်ငှက်နှင့် သဘော သဏ္ဌာန် အနီးစပ်ဆုံးသော ဓာတ်ဂဠုန် တစ်ခုကို စိစစ်ရှာဖွေရာ ဤ"**ကန့်–ကြေး–လင်းတ–ချိုင်းသေမှ မူးအမယ် သုဝဏ္ဏ**"ဟု ဖော်ညွှန်းထားသည့် လင်္ကာစာပိုဒ် ၊အဂ္ဂိရတ်ဓာတ်ပညာ ကဏ္ဍတွင် ဆေးဒန်းဓာတ်ကို အနီးစပ် ဆုံး လေ့လာတွေ့ရှိခဲ့ရပါသည်။

ထို့ကြောင့် ဤကဏ္ဍတွင် **လင်းတ =ဆေးဒန်း**ဟု ဘာသာပြန်ကောက် ယူရမည် ဖြစ်ပါသည်။ ဆေးဒန်းတွင် **ကျောက်ဆေးဒန်း၊ ဆေးဒန်းရွှေဝါ**တို့ ကိုသာ အနီးစပ်ဆုံး ဘာသာပြန် ကောက်ယူ၍ ရပါသည်။

ဆေးဒန်းဓာတ်တို့၏ သဘော သဘာဝမှာ မည်သည့်သတ္တုထဲသို့မဆို ဝင်ရောက်မှုရှိပါက **ဆတ်ကျိုးကြွေမွ ဖြစ်ခြင်း၊** မည်သည့်ဓာတ်ကိုမဆို ကုတ်နိုင်၊ သတ်နိုင်၊ ပြုပြင်နိုင်ခြင်းတို့ကို လေ့လာတွေ့ရှိရသည့်အပြင် ယင်း ဓာတ်အခဲသည် ရုတ်တရက် မီးမလောင် နိုင်ခြင်း၊ အနံ့အသက်အခိုး ပြင်းထန် ခြင်းတို့ကိုလည်း လေ့လာတွေ့ရှိရပါ သည်။

✧**ကန့်** =ကန့်အဝါရိုးရိုး (ကန့်ကျည်တောက်အဝါ)

✧**ကြေး** =ကြေးနီ(ကြေးနီ)

✧**လင်းတ**=ဆေးဒန်း(ကျောက်ဆေး ဒန်း (သို့မဟုတ်) ဆေးဒန်း ရွှေဝါ)

✧**ချိုင်း** =သွပ်

**ဓာတ်တွဲပြုလုပ်ပုံ**

**ပထမ**

**ကျောက်ဆေးဒန်း၊ ဆေးဒန်းရွှေဝါ** ရရာ (၆)ကျပ်သားကို ပေါင်ဒါသားကျ အောင် အမှုန့်ထောင်းပါ။ အမှုန့်ထောင်း စဉ် ဓာတ်ဆေးမှုန့်များ အနည်းငယ် မွှေးမွှေးကလေး ပူလာလျှင် ခေတ္တရပ် ထားပြီးမှ ပြန်ထောင်းပါ။

အပူပြင်းထန်စွာ ဝင်ရောက်လာပါ က ပေါက်ကွဲစေတတ်သည်ကြောင့် ဖြစ်ပါသည်။ ယင်းအမှုန့်များကို သံဆုံ ထဲတွင် ထည့်ထားပါ။

**ဒုတိယ**

* * *




ကြေးနီ(၃)ကျပ်သားကို အရည်ကျို ပါ။ အရည်လင်လျှင် ဆေးဒန်းမှုန့်များ ထည့်ထားသော သံဆုံထဲ လောင်းထည့် ပါ။ သံဂေါက်နှင့် သံဆုံထဲတွင် မွှေပါ။ အနည်းငယ် မီးလောင်ခြင်းနှင့် အနံ့ ပြင်းထန်သော အခိုးများ ထွက်လာပါ သည်။

အခိုးငြိမ်း မီးငြိမ်းသွားပါက ကြေးနီ နှင့် ဆေးဒန်းတွဲမိနေသည့် အစေ့အဆန် ကလေးများကို စစ်ယူပါ။ မတွဲသေး သည့် ဆေးဒန်းအမှုန့်များကို သံဆုံထဲ ပြန်ထည့်ပြီး မတွဲမိသေးသည့် ကြေးနီ များကို ပြန်ကျိုပြီး ယခင်နည်းအတိုင်း သံဆုံထဲ လောင်းထည့်ပါ သံဂေါက်နှင့် မွှေပါ။ အားလုံး သမသွားမှရပ်ပါ။

**တတိယ**

* * *




သွပ်(၃)ကျပ်သားကို အကြိမ်ကြိမ် ချေးချွတ်ပါ။ မိမိ နှစ်သက်သည့် နည်း ဖြင့် ပြုလုပ်ပါ။ (၁)ကျပ်သား ကျန်ပါ စေ။ နံပါတ်(၃,၄) ဓာတ်ဖမ်းလုံးရှည် တစ်လုံး ယူပါ။ ယင်းလုံးထဲသို့ ကြေးနီတွဲ ဆေးဒန်းမှုန့် (၁)ကျပ်သား ဖိသိပ်၍ ထည့်ထားပါ။

ယင်းအပေါ်မှ သွပ်(၁)ကျပ်သားတင် ပါ။ သွပ်အပေါ်မှ ကန့်မှုန့် ၅မူး(၅ မူး) ဖြူးအုပ်ဖိသိပ်ပါ။ ယင်းနောက် ကြေးနီ တွဲဆေးဒန်းမှုန့် (၃)ကျပ်သား အပေါ်မှ သိပ်ထည့်ပါ။ အပေါ်မှ ချော်ဟောင်း အုပ်ပါ။ ဇော်(၃)ထပ်မံပါ။ အခြောက် ခံပါ။

**စတုတ္ထ**

ခြောက်ပြီးသော ဓာတ်များထည့်ပြီး သား လုံးကို လေဖိုတင်ပါ။ လေဖိုတင် ရာတွင် ချော်ဟောင်းသိပ်ထားသည့် နေရာကိုသာ မီးပေးပါ။ ခေါင်းတိုင် တပ်ပေးပါ။ (၁၅)နာရီခန့်အထိ မီးပေး ပါ။

ထို့နောက် မီးကုန်ခါနီးတွင် မီးသွေး အသစ် ထပ်ထည့်ပါ။ ခေါင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com

မတပ်ရ၊ မီးသွေးဖို အပြည့်မထည့်ရ၊ လေဖိုတိုက်၏ (၁/၄)ပုံသာ မီးသွေးထည့်ပါ။ လုံကို ကြေးနီတွဲဆေးအန်းမှုန့်ထည့် သိပ်ထားသည့် အပိုင်း၏ ထက်ဝက်ခန့်ထိ မြှင့်ပေးထားပါ။

နံနက်(၈)နာရီမှစလျှင် (၉ ၁/၂)နာရီခွဲ (၁၀)နာရီခန့်လောက်မှ လုံကို မြှင့်တင်ပေးရပါသည်။ မီးကို လိမ္မာစွာထည့်ပါ။ နေ့(၁၂)နာရီအထိ မီးအေးဖြင့် မီးမပြတ်ပေးပါ။ ယင်းအတိုင်း နေ့(၁၂)နာရီကျော်လျှင် ကြေးနီတွဲဆေးအန်းမှုန့် သိပ်ထားသည့်နယ်ကုန်ခန့်အထိ မီးအေးဖြင့် မပြတ်ပေးပါ။ အနံ့အသက်ဆိုးများ အခိုးများ ထွက်လာတတ်သည်။

ညနေ(၂ ၁/၂)နာရီခန့်တွင် လုံကို သွပ်လုံးထားသည့် နေရာထိ မ,၍မြှင့်ပေးပါ။ မီးအေးဖြင့် မှန်မှန်ပေးပါ။ တစ်ခါတစ်ရံ သွပ်ခိုးများ၊ သွပ်မီးတောက်များ ထွက်လာတတ်သည်။ မီးအား လျှော့ပေးပါ။ ညနေ(၃ ၁/၂)နာရီခန့်တွင် ဖင်တိုက်အထိ လုံကို မ,တင်ပေးပါ။

မီးအေးဖြင့် မီးသွေးမှာ ကျွန်းသားမီးသွေးဖြစ်က ပိုကောင်းပါသည်။ ညနေ(၄ ၁/၂)နာရီခန့်တွင် လုံကို အောက်ချ အအေးခံပါ။ လက်တွင်းတစ်ဆုပ်အေးမှ လုံကိုခွဲ၍ **ရွှေဝါရောင် သွပ်လုံးကို** ဖောက်ယူပါ။

ထူးဆန်းသည်မှာ တစ်ခါတစ်ရံ၌ ငရဲမီး အသင့်အတင့် ခံနေသည်ကို တွေ့ရပါသည်။ သွပ်လုံးသည် အိမ်မြှောင်ဥ၊ ဝါဥသဏ္ဍာန် ဖြစ်နေပါသည်။ ယင်းသွပ်လုံးသည် ချော်အုပ်၍ မီးအေးအထိုးခံသော သွပ်လုံးဖြစ်ပါသည်။

ယင်း သွပ်လုံး(၁)မတ်သားကို အခေါက်ရွှေ . ၁ဲ(တစ်ပဲ)သားကျွေး၍ ချော်အုပ်ပြီး လေဖိုဖြင့် မီးနှပ်ထားပါက တစ်ရက်ကြာလျှင် လုံးဝ အခိုးမီးတောက်ငြိမ်းသော သွပ်ရွှေဝါခေတ်လုံးကို ရပါသည်။ လိုအပ်သလို ဆက်လက် အသုံးပြုနိုင်ကြောင်း စေတနာရှေ့ထား၍ ရေးသားဖော်ပြအပ်ပါသည်။

**မှတ်ချက် ။ ။ ကောင်းစေလိုသော်ကိုးကို ဂရုစိုက်ပါကုန်၊ သတ်ဆေးတို့သည် နဝင်းဖြစ်ရပါမည်။**

**ဦးတင်ဝ**
***(တိုင်းရင်းဆေးကုခန်း)***

စာမျက်နှာ (၂၀၂)မှ အဆက်

နောက် တတိယအကြိမ် သွေးဖောက်စစ်သောအခါ လူကောင်းပကတိ ပုံမှန်အတိုင်း ခဲသွားပါသည်။ 'ခင်ဗျား မြွေကိုက်ခံရတော့ ဘာဆေးစားသေးလဲ'

'ခြံထဲက ဆေးဥ'

မြွေပွေးဆေး ထိုးမပေးတော့ပါ။ အခြား မေးခိုင်ရောဂါ ကာကွယ်ဆေးအား ထိုးပေးပြီး ဆေးရုံတင်ထားပါသည်။ နှစ်ရက်ကြာသောအခါ ကိုရွှေအား ဆေးရုံမှ ဆင်းပေးလိုက်ပါသည်။ ယခု ကိုရွှေ လယ်ထဲတွင် အလုပ်ပြန်လုပ်နေပါပြီ။

ဆေးရုံများတွင် မြွေကိုက်သူများ ရောက်လာပါက မြွေပွေးလား၊ မြွေဟောက်လား ဆိုသည်ကို သေချာစစ်ပါသည်။ ယင်းမြွေနှစ်မျိုးမှာ လက္ခဏာ မတူပါ။ မြွေပွေးကိုက်လျှင် သွေး ခဲ,မခဲ စစ်ရသော်လည်း မြွေဟောက်ကိုက်လျှင် သွေးစစ်၍ မရပါ။

မြွေပွေးဆေးကို မြွေဟောက်ကိုက် သူများကို ထိုးပေးလို့မရသလို မြွေဟောက်ဆေးကိုလည်း မြွေပွေးကိုက် သူများကို ထိုးပေးလို့ မရပါ။ သို့သော် မြန်မာ "**မြွေဆေး ဂမုန်းဥ**"မှာ မြွေပွေးကိုက်သည့်ဖြစ်စေ၊ မြွေဟောက်ကိုက်သည်ဖြစ်စေ မြွေနှစ်မျိုးစလုံးအတွက် အသုံးဝင်ပါသည်။ ထို့ကြောင့် အလွန်အားကိုးရသော ဆေးပင် ဖြစ်ပါသည်။

ထိုဆေးပင်ကို ကျွန်တော် စိုက်ပျိုးထားပါသည်။ ကြုံလျှင် လာရောက်ယူနိုင်ပါသည်။ စာတိုက်မှ ပေးပို့ရန်တော့ မလွယ်ကူပါ။

ထိုဆေးပင်သည် မိုးဦးကျလျှင် အပင်ပေါက်ပါသည်။ နွေအခါအပင်ကျပါသည်။ နွေအခါ လာယူပါက ဥများ ရနိုင်ပါသည်။ မိုးအခါ လာယူပါက အပင်ပေါက်များ ရနိုင်ပါကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပြန်ကြားအပ်ပါသည်။

**ကိုထွန်း(မင်းလှ)**

စာရူး
ပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)၊
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄။




www.burmeseclassic.com

www.burmeseclassic.com

# သက်တန့်ရောဂါ

ဤသို့ကုသပါ



**ဗုဒ္ဓဘာသာသုတေသနအဖွဲ့ဝင် ဆိုးယင့်ချော်ကြက်သားဆိုးရေသာ နက္ခတ်သဘောသကျော်ကြီး ဦးလှိုင်၏ အာယုဗေဒ ဆေးကျမ်းလာ ကုသနည်းဖြစ်ပါသည်**

သက်တန့်ပေါက်၍ မမျှော်လင့်ဘဲ သေဆုံးသွားရရှာသော လူငယ်လေးတစ်ဦးကို ကျွန်ုပ် မြင်တွေ့ဖူးသည်။ လူငယ်လေးမှာ အသက်(၁၆)နှစ်အရွယ် ဖြစ်၏။ ကောင်းမွန်စွာရှိနေရာမှ ပေါင်ရင်းတွင် သက်တန့်ပေါက်ကာ သုံး,လေးရက်အတွင်း သေဆုံးသွားရှာသည်။

ဤရောဂါ၏ အန္တရာယ်ကြီးမားလှပုံကို ကျွန်ုပ် ထိတ်လန့်သွားခဲ့၏။ သို့သော် ထိုရောဂါကို အလွယ်တကူပင် ကုသ၍ ပျောက်ကင်းချမ်းသာရာရသွားသူများကိုလည်း မြင်တွေ့ခဲ့ဖူးသည်။

ကျွန်ုပ်တို့ ရပ်ကွက်တွင် သက်တန့်ကို ဂါထာမန်းမှုတ် ဓားနှင့်ခုတ်၍ ကုသပေးသော ဦးကြီးတစ်ဦးရှိခဲ့ဖူး၏။ ဝေဒနာရှင်တွေအတွက် ရောဂါ သက်သာအောင် ဆောင်ရွက်ပေးနိုင်သော ဦးကြီး၏ အားနည်းချက်မှာ စိတ်တိုတတ်သောအကျင့်ပင် ဖြစ်၏။

ဤအကျင့်ရှိ၍ ဝေဒနာရှင်တို့မှာ သူ့ထံ သွားရောက် မန်းမှုတ်ကုသရန် ဝန်လေးပြီး အခက်ကြုံကြရသည်။ ဤကုသနည်းကို တတ်မြောက် ကျွမ်းကျင်သူ အခြားပညာရှင်ကလည်း မရှိ။

ယခုအခါ ကျွန်ုပ်တို့ရပ်ကွက် မြို့ကွက်သစ်ဖော်ထုတ်ရေး စီမံချက်ပေါ်ခဲ့၍ ယင်းဦးကြီးမှာလည်း အခြားအရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားပြီဖြစ်၏။

သို့ပါ၍ သက်တန့်ပေါက်ပြီး အခက်မကြုံရေး ကျွန်ုပ်အနေဖြင့် ဤ ဆောင်းပါးကို ရေးသားဖော်ပြအပ်ပါသည်။

**စွယ်တော်ချော၊ ဘိုကြီး၏ ပထမမြို့၊ တည်ဆောက်ခဲ့သော ပထမသင်္ဂါယနာတင် အရှင်မဟာကဿပနှင့် သာဓုခေါ် သီဟိုဠ်ဘုရားကြီးလက်ထက်တိုင် ရေးမှီ**

---

အနာဖြစ်ခြင်း လက္ခဏာ

---

သက်တန့်ဟူသည် နေရာမရွေး ပေါက်တတ်သည်။ **ရောဂါလက္ခဏာမှာ အကြောထောင်၍ နီနီရဲရဲ လက် (၂,၃,၄)သစ် တစ်ဝါးခန့် လက်သန်း၊ လက်ညှိုးပမာဏ အစင်းအမြောင်း ပေါ်တတ်၏။**

ယင်းအနာပေါ်လျှင် အပူတပြင်း ကိုက်ခဲ၍ ဖျားသည်။ ယင်းအနာမှာ တရွေ့ရွေ့ သွားတတ်၏။ မမြင်ရ၍ အတွင်းသို့ဝင်လျှင် သေဆုံးတတ်သည်။ အညှော်မခံအပ်။ ပြည်တည်ခြင်း၊ မန်းဝင်ခြင်းမရှိ။

---

ကုသနည်း

---

ဆရာသည် ဦးစွာပထမ ဘုရားကို အလင်းတိုင်၊ အမွှေးတိုင် ထွန်းညှိ ပူဇော်ပြီး ဘုရားရှိခိုးဝါ့ပါး သီလခံယူရပါမည်။ **ယင်းနောက် ဓားတစ်လက်**ကိုအောက်ပါဂါထာဖြင့် (၇)ချက် အသက်အောင့်၍ ဦးခံပြီး မန်းပါ။

'ဦးတိ .. နီတိ သေမျှားငါး ဦးတိသေတိုးတောင်၊ သက်တန့်ရှောင်၊ ရှောင်သည်တကား ဦး...နင်လည်းရိုးသား၊ ငါလည်းသိကြား၊ သွားလေ...သွားလေ၊ မသွားနေက၊ ဓားသန်လျက်နှင့် ဖြတ်တော့မည်'

မန်းမှုတ်ခြင်းကို အသံပီသမှု ရှိဖို့ လိုပါသည်။ မန်းပြီးနောက် သက်တန့်ကို ဓားနှင့် စတိခုတ်ရမည်။ ယင်းနောက် နွှင်းထုံးမန်း၍ အောက်သို့ လိမ်းချပါ။ အသွားရပ်ပါလိမ့်မည်။ ရပ်လျှင် ပျောက်သည်။

ရှေးပညာရှိတို့၏ အဖိုးတန် အသက်ကယ် ကုသဆောင်ရွက်နည်းဖြင့် ရောဂါ ပျောက်ကင်းချမ်းသာမှု ရှေးရှု၍ စေတနာထားကာ တင်ပြအပ်ပါသည်။

မြင့်သန်းအောင်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com


ဤလတွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဆုကြီးများနှင့် နီးစပ် ကံကောင်းနိုင်ကြစေရန်အတွက် ၈၊ ၄၊ ၂၊ ၅ ဂဏန်းခြေများကို ဂ၊ ဈ၊ ဏ၊ ပ အက္ခရာများဖြင့် တွဲဖက်ကံစမ်းသင့်သည်။

အပူးအထပ် အလိုရှိပါက ထိုဂဏန်းခြေများအတွင်းမှ နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးပါ။

မိမိတို့ မွေးလရာသီအရ ကံအခွင့်အလမ်းကို အောက်တွင် ကြည့်ပါ။

* * *

## ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက် ထီ ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | ဂြိုဟ် | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿ မတ်၂၀မှဧပြီ၂၀ | ၈ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ဟုဿိုး | ဂေါမိတ် | စနေသားသမီး | ဗုဒ္ဓဟူးသားသမီး |
| ပြိဿ ဧပြီ၂၀မှမေ၂၀ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ဇန် | ပုလဲ | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| မေထုန် မေ၂၀မှဇွန်၂၀ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေးသားသမီး | အင်္ဂါသားသမီး |
| ကရကဋ် ဇွန်၂၀မှဇူ၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရေနေ | မြ | တနင်္လာသားသမီး | ဗုဒ္ဓဟူးသားသမီး |
| သိဟ် ဇူ၂၂မှဩ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |
| ကန် ဩ၂၂မှစက်၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| တူ စက်၂၂မှအောက်၂၂ | ၉ | ဖြူ | အရှေ့မြောက် | အင်္ဂါ | ဇန် | ကြောင် | ဗုဒ္ဓဟူးသားသမီး | ကြာသပတေးသားသမီး |
| ဗြိစ္ဆာ အောက်၂၃မှနို၂၀ | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| ဓနု နို၂၂မှဒီ၂၀ | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူးသားသမီး | သောကြာသားသမီး |
| မကာရ ဒီ၂၀မှဇန်၁၉ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေသားသမီး | တနင်္လာသားသမီး |
| ကုံ ဇန်၂၀မှဖေ၁၈ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာသားသမီး | တနင်္ဂနွေသားသမီး |
| မိန် ဖေ၁၉မှမတ်၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါသားသမီး | စနေသားသမီး |

**ဥပမာ။** ။ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက် အတွင်း မွေးသူ)တို့သည် (၆)ဂဏန်း၊ အပြာရောင်၊ အရှေ့တောင်ထောင့်အရပ်၊ စနေနေ့၊ ချဉ်သောအရသာ၊ စိန်တို့က ကံလာဘ်ပွင့်လင်းစေနိုင်၍ အင်္ဂါသားသမီးများနှင့် စပ်တူထိုးနိုင်၏။ စနေသားသမီးများနှင့် စပ်၍ မထိုးပါနှင့်။

ဆိုင်တည်နေရာအဖြစ် ရေကန်၊ အင်းအိုင်၊ ချောင်းမြောင်း၊ မြစ်၊ ပင်လယ်ကမ်းစပ်အနီးရှိ ထီလက်မှတ်အရောင်းဆိုင်၊ ရေစက်၊ ရေပေးဝေရာဌာန၊ ရေပန်းရေကြာများ တပ်ဆင်ထားသည့် နေရာများအနီး၊ အအေးနှင့် အဖျော်ယမကာလုပ်ငန်း၊

ချစ်သူစုံတွဲများ လာရောက်လေ့ရှိသောနေရာ၊ ပွဲလမ်းသဘင် ဇာတ်စင်၊ ရုပ်ရှင်ရုံ၊ ဖျော်ဖြေပွဲများ၊ ယာယီလုပ်ငန်းဌာနများအနီးရှိ ဆိုင်များတွင် ကံစမ်းသင့်သည်။

ဆိုင်မျက်နှာစာတွင် ပြောက်ကျားသော အရောင်များအား ကောင်းစွာ ဆင်ယင်ထားသော ဆိုင်များလည်း ထီဆုကြီးများကို ဆွတ်ခူးပေးနိုင်ပါလိမ့်မည်။

ဤလတွင် ထီကံထူးနိုင်ကြသူတို့ **တနင်္လာ၊ ဗုဒ္ဓဟူးသားသမီးများ** ဖြစ်ကြသည်။ တနင်္ဂနွေ၊ သောကြာနှင့် စနေသားသမီးတို့သည်လည်း ဆုငွေအတန့်အသင့် ဆွတ်ခူးရရှိနိုင်ကြသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက...** အနီရောင်ကို ဖိနပ်ခြေနင်း၊ ပုဆိုးထဘီ စသဖြင့် အောက်ခံပြုကာ ပန်းရောင်ကို အထက်၌ ဆင်မြန်း၍ ထီကံစမ်းပါ။

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ***

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) သဘာဝဆေးတိုင်းရင်းဆေးခန်း

# ဆရာ ဦးသန်းဆွေထွန်း

(တဆ-၀၂၀၆၂) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# နှလုံးသွေးကြောကျဉ်းရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ
မောင်ယဉ်တင့်


နှလုံးသွေးကြောကျဉ်းရောဂါက ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန် တရား(၄)ပါး လွန်ယုတ်၊ လွဲမှားပြုဖန် များတဲ့ကျား/မမရွေးဖြစ်တတ်တဲ့ရောဂါ ဖြစ်ပါတယ်။

အဲဒီ နှလုံးသွေးကြောကျဉ်းရောဂါရဲ့ ဖြစ်စဉ်များနဲ့ ကာကွယ်စောင့်ရှောက် နည်းများကို သိရှိဖို့အတွက် **ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်ကို** ရောက်တဲ့ အခါ **ဆရာဦးသန်းဆွေထွန်းနဲ့** တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသန်းဆွေထွန်းဟာ တိုင်းရင်း ဆေးသမားတော်ကြီး ဦးရွှေသော့ရဲ့မြေး ဖြစ်ပြီး **သဘာဝဆေးဆရာကြီး ဦးထွန်း ရည်နဲ့ သဘာဝဆေးဆရာကြီး၊ ဦးငြိမ်း မောင်တို့ရဲ့** တပည့်ရင်း ဖြစ်ပါတယ်။

ဆေးကုသက် နှစ်(၂၀)ကျော်နေပြီ ဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည် တင်ပြလိုက်ပါတယ်။

■ **'ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမယ့် ရောဂါကတော့ နှလုံးသွေးကြောကျဉ်း ရောဂါ ကာကွယ်စောင့်ရှောက်နည်း များကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ခု ပထမ နှလုံးရောဂါအမျိုး (၂၀) ခန့်ထဲက နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်စေတဲ့ အကြောင်းရင်းများ ကို ပြောပြပေးပါဆရာ'**



ဆရာဦးသန်းဆွေထွန်း
(တဆ-၀၂၀၆၂)

□ 'နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ် စေတဲ့ အကြောင်းရင်းများကတော့ အေး၊ ချို၊ ဆိမ့်၊ ဖန်၊ အစာအာဟာရ များ လွန်ကျူးစွာ စားသောက်ခြင်း၊ နေပူ၊ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာ လေ လေအေးစက်များနှင့် ရှေ့နေထိုင် မှုများခြင်း၊ ကျင်ကြီးကျင်ငယ် သွား ချင်မှုအဟုန်ကို ချုပ်တည်းထားခြင်း၊ စိုးရိမ်ကြောင့်ကြမှုများခြင်း၊ အမျက် ဒေါသကြီးခြင်း၊ တွေးတောကြံစည်မှု များခြင်း၊ ရာသီဥတုနှင့် လိုက်လျော ညီထွေ နေထိုင်မှုမရှိခြင်း၊ အအိပ် အထိုင်များပြီး ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းစတဲ့ အကြောင်းအချက် များကြောင့် အပူအအေးစွမ်းအင်များ ဖောက်ပြန်ပြီး နှလုံးသွေးကြောကျဉ်း ရောဂါ ဖြစ်လာခြင်းပဲ ဖြစ်ပါတယ်'

■ **'နှလုံးသွေးကြောကျဉ်း ရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြ ပေးပါဦးဆရာ'**

□ 'နှလုံးသွေးကြောကျဉ်း ရောဂါရဲ့ လက္ခဏာများကတော့...

၁။ အသက်ရှူကျပ်ခြင်း (အသက်ရှူ မ၀ခြင်း) တစ်ခါတစ်ရံ ရှိုက်ပြီး အသက်ရှူရခြင်း၊

၂။ နှလုံးရှိရာ ဘယ်ဘက်ရင်အုံ စူး အောင့်ခြင်း၊

၃။ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လေးလံထိုင်းမှိုင်းခြင်း၊

၄။ လက်ဝဲဘက် ခန္ဓာကိုယ်တစ်ခြမ်း လေးလံထုံကျဉ်ကိုက်ခဲခြင်း၊ လက်ဝဲ ဘက်လက်သန်းနဲ့ လက်သူကြွယ် ထုံကျဉ်သလို ခံစားရခြင်း၊ တစ်ခါ တစ်ရံ ပူးကပ်သလိုဖြစ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

## လိင်ဆက်ဆံပြီးတဲ့နောက် (၂)နာရီခန့်ကြာရင် နှလုံးရှိရာ လက်ဝဲဘက် သားမြတ်အောက်မှ တင်းကျပ်ပြီး အောင့်ခြင်းစတဲ့ …



၅။ သွေးကြောများစမ်းကြည့်ရင် သွေးကြောများအေးပြီး လေးလေးဖြည်းဖြည်း တိုးနေခြင်း၊
၆။ ခန္ဓာကိုယ်တစ်ခုလုံး အကြောတက် ကိုက်ခဲခြင်း၊
၇။ ဘယ်ဘက်ကိုစောင်းပြီး အိပ်မရခြင်း၊
၈။ ဝမ်းချုပ်ခြင်း၊ ဝမ်းစေးထိုင်းထိုင်းဖြစ်ခြင်း၊ ဆီးကျန်ဝမ်းကျန်ဖြစ်ခြင်း၊ ဆီးအနည်ပါခြင်း၊
၉။ ကြောက်ရွံ့ထိတ်လန့်စိတ် ဖြစ်ပေါ်တတ်ခြင်း၊
၁၀။ ဝမ်းသာလွယ်၊ ဝမ်းနည်းလွယ်ဖြစ်ခြင်း၊ ကိုယ်ခံအား နည်းပါးချိန်တွင် ခြေလက်များ တုန်ယင်ကာ တဆတ်ဆတ်ခုန်နေတတ်ခြင်း၊
၁၁။ ရင်ခေါင်းပိုင်း၊ ဝမ်းဗိုက်ပိုင်း ရင်ကြောများ တောင့်တင်းပြီး ရောင်ခြင်း၊
၁၂။ ကျောနှင့်ရင် ညှပ်ပြီးအောင့်ခြင်း၊
၁၃။ အိပ်ပျော်နေစဉ် အသက်ရှူကျပ်ခြင်း၊
၁၄။ အမျိုးသမီးများ ဓမ္မတာသွေးထိန်ခြင်း၊ နည်းခြင်း၊ အရောင်ညစ်ခြင်း၊ အနံ့မကောင်းခြင်း၊
၁၅။ သတိ မေ့လျော့တတ်ခြင်းစတဲ့ လက္ခဏာများဟာ နှလုံးသွေးကြောကျဉ်းရောဂါရဲ့ လက္ခဏာများ ဖြစ်ပါတယ်'

■ **'ဆရာရဲ့ ဆေးကုသက် နှစ်(၂၀) ကျော်ကာလအတွင်း နှလုံးသွေးကြောကျဉ်းရောဂါရှင်များရဲ့ ထူးခြားတဲ့အချက်များကို သိရအောင်ပြောပြပေးပါ ဆရာ'**

□ 'အထက်မှာပြောခဲ့တဲ့ နှလုံးသွေးကြောကျဉ်းရောဂါ (၁၅)ချက်အပြင် လေ့လာတွေ့ရှိချက်ကို ပြောရရင် နှလုံးသွေးကြောကျဉ်းရောဂါ ရှိတဲ့ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ **လိင်ဆက်ဆံပြီးတဲ့နောက် (၂)နာရီခန့်ကြာရင် နှလုံးရှိရာ လက်ဝဲဘက် သားမြတ်အောက်မှ တင်းကျပ်ပြီး အောင့်ခြင်းစတဲ့ အချက်တစ်ချက်ကို** ဝေဒနာရှင်များ ပြောပြချက်အရ လေ့လာသိရှိရပါတယ်'

■ **'လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ရမယ့်သဘောလား ဆရာ'**

□ 'ရှောင်ကြဉ်နိုင်ရင်တော့ ပိုကောင်းပါတယ်။ မရှောင်ကြဉ်နိုင်ရင် **မေထုန်မှု လွန်ကဲခြင်းကို ဆင်ခြင်ဖို့** လိုပါတယ်'

■ **'နှလုံးသွေးကြောကျဉ်းရောဂါ ကြိုတင် ကာကွယ်စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

□ 'နှလုံးသွေးကြောကျဉ်းရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကတော့ အဆီအစေးများသော သား၊ ငါးများကို လုံးဝရှောင်ကြဉ်ရပါတယ်။

ဥပမာ ဝက်သား၊ ဘဲသား၊ ကျွဲသား၊ ဘဲငန်းသား၊ ငါးတန်၊ ဝမ်းတွင်းသား ကလီစာများ ဖြစ်ပါတယ်။ အစားအသောက်များအနေနဲ့ အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက်ထမင်း၊ ထောပတ်ထမင်းများကိုလဲ အထူးရှောင်ကြဉ်ရပါမယ်။

ကြက်သား၊ ဆိတ်သား၊ အကြေးရှိပြီး အဆီနည်းသောငါးများကို ငရုတ်သီး၊ မဆလာ၊ ကြက်သွန်ဖြူများ ထည့်ပြီး အရည်ချက်ပြုတ် စားသောက်ရပါမယ်။

အစာလဲဆေး ဆေးလဲအစာ ဆိုသလို ကျွဲကောသီး၊ နာနတ်သီး၊ လိမ္မော်သီး၊ နဂါးမောက်သီး၊ ထောပတ်သီးစတဲ့ ရာသီစာ အစားအစာများကို သင့်လျော်သလို စားသောက်ရပါမယ်။

ရှောက်ရည်ကို ရေကျက်အေးများရည်၊ ဆားသင့်ရုံထည့်ပြီး တစ်ပတ်မှာနှစ်ကြိမ်ခန့်သောက်ပေးရင် အဆီကျပြီး ဆီးချုပ်ခြင်း၊ လေချုပ်ခြင်းကို ကာကွယ်ပါတယ်။

စားသုံးဆီသုံးတဲ့အခါ နှမ်းဆီသို့မဟုတ် ပဲဆီကိုသာ သုံးစွဲရပါတယ်။ အကြော်ဆီ၊ စားအုန်းဆီများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ရပါမယ်။

မနက်စောစော တစ်နေ့(၃)မိုင်ခန့် လမ်းလျှောက်ပြီး မပင်ပန်းတဲ့ ကိုယ်လက်လှုပ်ရှားမှုမျိုး လုပ်ရပါမယ်။ ကျန်းမာခြင်းနဲ့ ညီညွတ်အောင် လမ်းမှန်မှန်လျှောက်ဖို့ လိုပါတယ်။ ရာသီဥတုနဲ့ လိုက်လျောညီထွေ နေရပါမယ်။ ဆေးလိပ်၊ စီးကရက်၊ အရက်မူးယစ်ဆေးများ လုံးဝ ရှောင်ကြဉ်ရပါမယ်။ အထူးသဖြင့် တစ်ဆင့်ခံ ဆေးလိပ် စီးကရက်အငွေ့ မရှူရှိုက်မိဖို့ သတိထားရပါမယ်။

**ရေချိုးရင်** မနက်(၁၁)နာရီအတွင်း





www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်မပြေသေး နှယ်ပင်ကျော်လေး

ဗိုလ်မှူးသောင်းဟန် (ငြိမ်း)



စာရေးသူတို့ ပတ်ဝန်းကျင်တွင် လူတွေနှင့် ဆက်စပ်နေသော အိမ်မွေးတိရစ္ဆာန်များ၊ စီးပွားရေးအရ မွေးရသောတိရစ္ဆာန်များ ရှိနေကြပါလိမ့်မည်။

လူနှင့်အတူ မိမိ မွေးထားသော တိရစ္ဆာန်လေးများပါ အစားအသောက်ကြောင့်သော် လည်းကောင်း၊ အဆိပ်ရှိသော ပိုးမွှားများကိုက်၍သော် လည်းကောင်း အဆိပ်ဝေဒနာ ခံစားရလျှင် လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သုံးစွဲနိုင်ပါသည်။

စာရေးသူ ကိုယ်တွေ့ သုံးစွဲဖူးသဖြင့် အများပြည်သူအကျိုးကို စောင့်ရှောက်လိုသောဆန္ဒကြောင့် သာဓကလေးများဖြင့် တင်ပြလိုက်ပါသည်။

## ဆေးရရှိခြင်း

ဒီဆေးကို လွန်ခဲ့သော ၁၉၉၅-၉၆ လောက် နှစ်ကတည်းက စာရေးသူ မိတ်ဆွေတစ်ဦးမှ ပေးပါသည်။ သူကိုယ်တိုင် သုံးစွဲခဲ့ဖူးပုံလေးတွေလည်း ပြောပြပါသည်။

သူ့ကိုလည်း တိုင်းရင်းဆေးဆရာတစ်ဦးက ပေးခဲ့ကြောင်း ပြောပြခဲ့ပြီး **သူ၏** ချွေးမ ထမင်းချက်ပြီး ဈေးထွက်ထယ်အခိုက်မှာ ဘယ်သူက ထမင်းအိုးထဲကို အဆိပ်ခတ်သွားလည်းမသိ ဈေးမှ ပြန်ရောက်၍ ဗိုက်ဆာသောကြောင့် ထမင်းစားလိုက်ပါသည်။

ထမင်းစားပြီး မကြာမီမှာပဲ ခေါင်းထဲ ရီဝေဝေ ခံစားရလို့ အိပ်ရာထဲဝင်လဲလျောင်းနေလိုက်ပါသည်။ ထိုစဉ် အန်လာပြီးနောက် ပါးစပ်ထဲမှ အမြှုပ်များထွက်ကာ သတိလစ်သွားပါသည်။

စာရေးသူမိတ်ဆွေလည်း "**ဒါဟာ အဆိပ်မိတာ ဖြစ်နိုင်တယ်**"ဟု သုံးသပ်ပြီး ယခုတင်ပြနေသည့် ဆေးပင်ကိုယူ သတ္တုရည်ညှစ်ပြီး **အကြမ်းပန်းကန်တစ်ဝက်ခန့် စတီးဇွန်း**နှင့် ပါးစပ်ထဲ ထည့်ပေးလိုက်ရာ ငါးမိနစ်ခန့်အကြာ သတိရလာပါသည်။ နောက်ထပ် အနည်းငယ် ထပ်သောက်ပြီး ကျန်းမာပါသည်။

မိတ်ဆွေအိမ်မှာ **ခွေးနက်ကြီး** တစ်ကောင်ရှိတယ်၊ ဒီကောင်ကြီးလဲ အဆိပ်မိတာပဲ။ တစ်နေ့မှာ စည်ပင်သာယာက ခွေးလေခွေးလွင့်တွေကို အဆိပ်ချ ရှင်းတဲ့အထဲ ဒီကောင်ကြီး ထိတာပေါ့၊ လဲနေပြီး အသက်ဖိုလှိုက်ဖိုလှိုက် ရှူနေပြီလေ။

သေခါနီးပြီ ပြောရမှာပေါ့နော်၊ အဲဒါနဲ့ သိလျှင်သိချင်းပဲ ဆေးပင်ယူပြီး သတ္တုရည်ညှစ်ယူပြီး ပါးစပ်ထဲကို နည်းနည်းချင်း လောင်းထည့်ပေးရာ (၁၀)မိနစ်ခန့်လောက်အကြာ မျက်စိဖွင့်ကြည့်လာတယ်။ နာရီဝက်လောက်ကြာတော့ ထသွားတယ်။ ဒီဆေးကြောင့် ဒီကောင်ကြီး တွေ့နေရတာပါ ဟု ပြောပါသည်။

## ကြောင်ကြီးရွှေဝါ

ကြောင်ကြီးရွှေဝါကတော့ စာရေးသူ မွေးထားတဲ့ ကြောင်လိမ္မာကြီး တစ်ကောင်ပါပဲ၊ အိမ်သားတွေ ချစ်အောင် ပွတ်သီးပွတ်သပ်နေတတ်တယ်။ အိမ်က ခွေးတွေနဲ့ဆို အတူအိပ်၊ အတူနေ၊ အတူကစားနဲ့ အတော့်ကို ချစ်စရာကောင်းတဲ့ ကြောင်ကြီးပါပဲ။

အိမ်က ဟင်းထမင်း ခိုးမစားဘူး။ လက်ဖက်ရည်ချို ကြိုက်တယ်။ နွားနို့ ကြိုက်တယ်။ (၂၀၀၁) ခုနှစ်ကပေါ့။ စာရေးသူကလည်း ရော်ဘာခြံစိုက်နေတော့ မိုးချုပ်မှ အိမ်ပြန်ရောက်တယ်။

တစ်နေ့ ညနေ ခြံထဲက ပြန်ရောက်လျှင်ရောက်ချင်း သမီးအငယ်မက "အဖေ ရွှေဝါကြီးရူးသွားပြီလားမသိ။ မှုန်ဝဲဝဲတေကြီးနဲ့ ကျွမ်းထိုးပြီး ခေါင်းကြီးစိုက်နေတယ်"။

ဒါနဲ့ စာရေးသူမှ "ဘယ်မှာလဲ ပြစမ်း"ဟု ပြော၍ ကြောင်ကို ဖမ်းကြည့်မိတယ်။ ကြောင်ပါးစပ်မှာ နွားနို့ပေနေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါ သူများအိမ် သွားသောက်လို့ အဆိပ်ထိတာပဲ ဆေးတိုက်ရမယ်။ ဆေးပင်ယူပြီး သတ္တုရည် တိုက်ပစ်လိုက်သဖြင့် (၂)နာရီလောက်အတွင်း ချမ်းသာ ပျောက်ကင်းသွားပါတော့သည်။

## ခွေးမလေး မိချော

ဒီခွေးမလေးကလဲ သူများသတ်မယ်လုပ်လို့ ယူပြီးတော့ မွေးထားတာပါပဲ။ အိမ်ခြံထဲက ဘယ်လိုမှ မသွားရ။ အိမ်ခြံထဲမှာပဲ လွှတ်ထားတယ်။ ခြံတော့ အလုံသားပဲ။

ပြီးခဲ့သော (၃)နှစ်လောက်က မနက် အိပ်ရာကထတော့ မိချောက လူကို ကြို၊ ဆော့နှင့် လန်းနေတာပဲ အကောင်းပဲ။ မနက်(၈)နာရီခန့်မှာဖြင့် မိချောတစ်ကောင် ပါးစပ်က သွားရည်တွေ ကျနေတာ တွေ့ရတယ်။

ဆေးမကုသေးဘူး ဘာဖြစ်တာလဲလို့ စောင့်ကြည့်လိုက်တယ်။ (၉)နာရီလောက်မှာတော့ အခြေအနေမကောင်းတော့ဘူး။ ခေါင်းအောက်စိုက်နေပြီ။

ဒါနဲ့ပဲ စာရေးသူလဲ ဆေးအမြန်လုပ်ပြီး ခွေးမပါးစပ်ထဲ လောင်းထည့်ပေးလိုက်တယ်။ ဒါပေမယ့် ဆေးကုတာ နည်းနည်း နောက်ကျသွားတဲ့အတွက် ခွေးမလေးမှာ မျက်စိထွေက သေနေသော ခွေးတစ်ကောင်ရဲ့ မျက်လုံးကဲ့သို့ ဖွင့်ရင် ဖွင့်တဲ့အတိုင်း ပိတ်ရင် ပိတ်တဲ့အတိုင်း လူလုပ်ပေးတဲ့ အတိုင်း ကလွဲ၍ မလှုပ်တော့ပါ။

လျှာမှာ သွားစောင်းကိုက်နေတဲ့ အသက်ရှူတယ် သိရုံပဲ ခြေဖျားတွေ အေးစက်နေပြီး စာရေးသူလဲ ငါ နောက်ကျသွားပြီ ဒါပေမယ့် ဖွဲကတော့ မလျှော့သေးဘူး။ ဆေးကို



ပျစ်ပျစ်ရအောင် လုပ်ပြီး လျှာတွေကို ပွတ်ပေးထားတယ်။

(၁)နာရီလောက်ကြာတော့ ပြန်လှုပ်လာတယ်။ နောက်ထပ် (၂)နာရီကြာတော့ ရပ်နိုင်တယ်။ ညနေပိုင်းရောက်တော့ ကောင်းသွားတယ်။ (၁)ရက်,(၂)ရက် ဆေးပြန်တိုက်ယူရတယ်။

ခွေးတွေ၊ ကြောင်တွေက ဖားပြုတ်ခြောက်၊ ကင်းလိပ်ခြောက်တွေ ကောက်စားမိရင် သေတတ်ပါတယ်။ စာရေးသူအိမ်မှာကလဲ ဖားပြုတ်တွေ၊ ကင်းလိပ်တွေ ပေါတယ်။ အရှင်ကိုတော့ ခွေးမစားပါဘူး။ အသေခြောက်တော့ ဝါးတတ်ကြပါတယ်။

## နလင်ကျော်ကြီး

နလင်ကျော်ဟာ (၂)မျိုး,(၂)စား ရှိပါတယ်။ ယင်းတို့ထဲမှာ နလင်ကျော်ကြီးကတော့ ကချင်ပြည်နယ်နဲ့ ကရင်ပြည်နယ်တောင်တွေမှာ ပေါက်သော အပင်ကြီးမျိုး ဖြစ်ပါတယ်။

အဲဒီအထဲမှာမှ **တောင်လုံးကျော်** ဟု တစ်မျိုးခွဲထွက်သေးတယ်။ ဘာကွာသလဲဆိုရင် နလင်ကျော်မှာ အသားမွတယ်။ ခြောက်ရင် ပေ့ါပါးတယ်။ အနံ့စူးတယ်။ အခေါက်ထူတယ်။ ရေစိုရင် ခွဲတယ်။

အဲဒါက နလင်ကျော်ကြီးဖြစ်တယ်။ တောင်လုံးကျော်ကတော့ အခေါက်ပါးတယ်။ အသားမာတယ်။ အလေးချိန်စီးတယ်။ အနံ့မစူးဘူး။ ရေစိုရင် မခွဲဘူး။ ခွဲခွဲခြားခြား သိစေချင်လို့ တင်ပြခြင်း ဖြစ်ပါတယ်။

## နလင်ကျော်လေး

နလင်ကျော်လေးကတော့ (၄)မျိုး ရှိပါတယ်။ နလင်ကျော်လေးကိုတော့ စာရေးသူ ငယ်ငယ်ကပင် ရင်းနှီးပြီးသား ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ စာရေးသူတို့က တိုင်းရင်းဆေးမျိုးနွယ်တွေ ဖြစ်လို့ပါ။ ရှေးလူကြီးတွေက ဒီအပင်တွေက မြွေဆိပ်နိုင်တယ်။ မြွေကိုက်ရင် ကုလို့ရတယ်ပြောပေမယ့် စာရေးသူတို့က ငယ်ရွယ်သူပီပီ ပေ့ါပေ့ါတန်တန် သဘောထားခဲ့ပါတယ်။

ယခုအသက်အရွယ် ရလာ မိတ်ဆွေတွေကလဲ ပြောတာနဲ့ မိ သိထားတာတွေ ပေါင်းစပ်ပြီး အသုံး ကြည့်မိတာ အောင်မြင်ပါတယ်။

**(က)အဖြူမျိုး။** ။အဖြူမျိုး ကတော့ တောင်တွင်းကြီး မြို့ သစ် နတ်မောက် ဒေသတွေမှာ တွေ့ရပါတယ်။ အပွင့် အရောင်သာ ကွဲတာပါ။ အရွက်၊ အကိုင်း, အသီး ပုံစံတူပါတယ်။

**(ခ)အပြာမျိုး။** ။အပြာမျိုး ကတော့ ရှမ်းပြည်နယ်မှာ တွေ့ ခဲ့ဖူးပါတယ်။ နေရာအတိအကျ မမှ မိတော့ပါ။

**(ဂ)အနီမျိုး** ။ ။မွန်ပြည်နယ်၊ လှိုင် လာမြိုင်၊ မုဒုံ၊ ဇရပ်နှင့် ကျိုက်မရောဒေသတွေ



www.burmeseclassic.com

www.burmeseclassic.com

ရှိပါတယ်။

**(က)အနက်မျိုး**။ ။ရှိတယ်လို့ သာ ကြားဖူးတယ်။ မမြင်ဘူးပါ။ အားလုံးက အပွင့်အရောင်သာ ခွဲခြားတာဖြစ်ပြီး ကျန်တာတူကြပါတယ်။

## နလင်ကျော်ဖေးပင် ပုံသဏ္ဌာန်

အပင်၏ အရွယ်အစားမှာ (၃ ပေ၊ ၄ ပေ)ခန့်မြင့်ပြီး အရွက် အလျား လေးပုံသုံးပုံလက်မခန့်နှင့် အနံမြက်ကတော့ လက်မဝက်ခန့်ဖြစ်ပါသည်။

မိုးရာသီတွင် အရွက်ပေါ်များ၍ ဆောင်းရာသီမှာကတော့ အရွက်နည်းလာတတ်ပါသည်။ နွေရာသီဥတု ရောက်လျှင် အရွက်မရှိ ဖြစ်တတ်ပါသည်။ အပင်မသေပါ။ မိုးရွာလျှင် အရွက်ထွက်လာကြပြန်ပါသည်။

## သုံးစွဲနည်း

သုံးစွဲပုံ သုံးစွဲနည်းမှာ ဝမ်းမှာ ထိခိုက်သောအဆိပ်ကို သတ္တုရည်တိုက်ပါ။ ကင်းကိုက်၊ မြွေကိုက်အဆိပ်ရှိသော သတ္တဝါတို့ကိုက်လျှင် ကိုက်သည့်နေရာကို သတ္တုရည်ညှစ်ထားသော အဖတ်နှင့် အုံပေးပါ။

မြွေကိုက်,ကင်းကိုက်၍ အဆိပ်ပြင်းသောသတ္တဝါကိုက်လျှင် အုံပေးတိုက်ပေးခြင်းဖြင့် ကုသနိုင်ပါသည်။ အစားများ ဆေးမှားသုံးနိုင်ပါသည်။

***လူနှင့်ပတ်ဝန်းကျင် အဆိပ်ကင်းစင်ကြပါစေ။***

*စေတနာဖြင့်...*

**ဗိုလ်မှူးသောင်းဟန် (ငြိမ်း)**

**စာမျက်နှာ (၂၁၀)မှ အဆက်**

နေရိပ်မှာ ရေချိုးရပါမယ်။ ညဘက် ရေချိုးခြင်း ရှောင်ကြဉ်ရပါမယ်။ လေအေးစက်၊ ပန်ကာလေများနှင့် အမြဲနေထိုင်ခြင်းမှ ရှောင်ကြဉ်ဖို့ လိုပါတယ်။ အဝမလွန်အောင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းဖို့လိုပါတယ်။

အထူးသဖြင့် အဆီအစေးများသော အစားအစာများ အေး၊ ချို၊ ဆိမ့်၊ ဖန် အစားအစာများကို လွန်ကျူးစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ပြီး ရသာ(၆)ပါး မျှတအောင် စားသောက်ရပါမယ်။

အထူးပြောချင်တာကတော့ ဆီး၊ ဝမ်း၊ လေ မှန်အောင် နေထိုင်ပြီး လိင်ဆက်ဆံမှု လွန်ကဲခြင်းကို ထိန်းသိမ်းကာ သဘာဝဆေး၊ သဘာဝ အစားအစာများကို စားသောက်ခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါသာမက ရောဂါအမျိုးမျိုးကို ကာကွယ် စောင့်ရှောက်နိုင်ကြောင်း ပြောချင်ပါတယ်"

■ **"ကျေးဇူးတင်ပါတယ် ဆရာ"**

❒ ဆရာဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးသန်းဆွေထွန်း**

**သဘာဝဓမ္မတိုင်းရင်းဆေးခန်း**

အမှတ်(၃၉)၊ လှော်ကားလမ်းမကြီး (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၇၀၃၃၅၄ ၀၉ ၃၁၀ ၂၉၄၅၉။

**မြောင်းမြ မောင်ယဉ်တင့်**

**စာမျက်နှာ (၂၁၅)မှ အဆက်**

ပြောင်းကျိုး၏ တော်လဲလဲ၏ သဲသဲကျောက်မှာ ရှုရှုပါ၏ ကောင်းကင်မှာ စန္ဒာလမင်း စင်းစင်းသော၏ ကြာလေဖြတ်ဖြတ် နှင့်အတတ် မတ်တပ်သော၏။

ဥ ဘကားနေမျိုး ဘိုးကားလမင်း တက်ကောင်းကင်က နိမ်းချင်း ဝိဇ္ဇာဘုန်းခေါင် ဖိုးအကျိုး တို့၍ဆောင်၊ တောက်လောင် ရှိန်စက် ထိန်ထိန်လက် ဘတ်ထုတ်ချင်း ခတ်စေသော'

**ဆောင်လိုသော်** ခါးအထက်တွင် ကြုတ်၊ ဘူး၊ လက်ကိုင်ပဝါ တစ်ခုခုနှင့် ဆောင်ရမည်။ ညအိပ်သော် မြင့်သော နေရာတွင် ထားရသည်။ သူများမငှားရ၊ အိပ်မက်လိုသော် ရုပ်တုကို ခေါင်းရင်းထားပြီး...

'အရှင်ဝိဇ္ဇာမင်း ကျွန်ုပ်အား အိပ်မက်ပေးတော်မူပါ'

ဆိုပြီး အထက်ပါဂါထာများ တတ်စွမ်းသလောက် ရွတ်ဖတ်ပြီး အိပ်မက်ပေးလိမ့်မည်။

နှံ့သာဖြူကိုသွေး ရုပ်တုကိုစိမ် အထက်ဂါထာများရွတ်ပြီး နှံ့သာဖြူကို နဖူးမှန်ကူသွားက များနာပွင့်၏။ ခိုက် ရန်အန္တရာယ်ရှိသော လမ်းသွားကရုပ်တုကို **"ဥဝိဇ္ဇာဓေဝ ထဆရာထ"** ဟူသောဂါထာဖြင့် (၇)ချောက်နှိုးပြီးသွားက အမောင်း အဟန့် ကောင်းလှသည်။

အမြဲဆောင်ထားက သို့(၃)ပါး အစွမ်းထက်၏။ မြွေ၊ ကင်း၊ သားရဲ စသော အဆိပ်ရှိသတ္တဝါများရှိရာသွားက ဆောင်သွားလျှင် မိမိခြေသံကြားရုံဖြင့် ပြေး၏။ မကိုက်ဝံ့ ရန်မပြုဝံ့ကုန်။

ရုပ်တုကို **လပြည့်နေ့ထိုင်းနံနက် သက်သတ်လွတ် ထမင်းဟင်း ပူဇော်ပေးရပါသည်။**

**အကျိုးကျေးဇူးမှာ**များလှသည်။ လက်တွေ့ဆောင်ရွက်ကြည့်မှသာ သိသာပေမည်ဖြစ်ကြောင်း ယုံကြည်သူများ စီရင်ဆောင်ထားနိုင်ရန် စေတနာရှေ့ထားပြီး ရေးသားဖော်ပြ လိုက်ရပါသည်။

**အောင်မင်းကျော် *(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)***



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်စောင့်ဝိဇ္ဇာ ထုလုပ်စီရင်နည်း

အောင်မြင့်ကျော်
(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး)

လူတို့သည် မိမိအကျိုးစီးပွားကို ထိခိုက်ပျက်စီးမှာ စိုးရိမ်တတ်ကြသည်။ ထိုသို့ မထိခိုက်ရန် အကာအကွယ် အမျိုးမျိုး စီမံဆောင်ရွက်တတ်ကြလေသည်။ ထိုအကာအကွယ်များမှာလည်း ပစ္စည်းသော်လည်းကောင်း၊ လူသော်လည်းကောင်း ဖြစ်တတ်ကြပေသည်။

သို့သော် ထိုအကာအကွယ်များမှာ အတိုင်းအတာတစ်ခုထိသာ ပေးစွမ်းနိုင်သော်လည်း ကြိုတင်မှန်းဆမရသော၊ ထင်မှတ်မထားသော အန္တရာယ်နှင့်ကြုံပါက လုံခြုံမှုမပေးနိုင်ဖြစ်ရလေသည်။

မိမိကိုယ်စိတ်နှစ်ပါး ဘေးအန္တရာယ်ကင်းမှ မိမိအကျိုးစီးပွားကို အေးချမ်းစွာဖြင့် တိုးတက်အောင် လုပ်ဆောင်နိုင်ပေမည်။

ထို့ကြောင့် စာရေးသူ ရရှိထားသော ကြေးပြားလိပ်ထဲမှ **ကိုယ်စောင့်ဝိဇ္ဇာ ထုလုပ်စီရင်နည်း**ကို လောကီလိုက်စား လူအများတို့ သိရှိစေရန် ဖြန့်ဝေပေးခြင်း ဖြစ်သည်။

ဤအစီအရင်မှာ အနည်းငယ် ခက်ခဲသည် ထင်မှတ်ရသော်လည်း အမှန်တကယ် စီရင်ကြည့်ပါက လွယ်ကူလှပေသည်။

ထို ကိုယ်စောင့်ဝိဇ္ဇာရုပ်တုကြောင့်ပင် စာရေးသူ၏ သူငယ်ချင်း တစ်ယောက် အိမ်မီးလောင် အရေးယူစရာ ရမည့်ဘေးမှ လွတ်ကင်းခဲ့ရသည်။ ဖြစ်ပျက်ပုံမှာ ယင်းတွင် စီရင်ထားသော ဝိဇ္ဇာရုပ်တုက အိပ်မက်ထဲတွင် ယင်းအိမ်ရှိ လျှပ်စစ်မီးခလုတ်ကို အသစ်လဲလှယ်ရန် လာရောက်ပြောခြင်းဖြစ်သည်။

အိပ်မက်ထဲတွင်တွေ့ရသော ဝိဇ္ဇာသည် ယင်းထုလုပ်စီရင်ထားသော ဝိဇ္ဇာရုပ်တုအတိုင်းပင်ဖြစ်သည်။ သက်ရှိလူသားပုံနှင့် သစ်သားရုပ်တုပုံသာ ကွာခြားသည်။

မီးခလုတ်မှတစ်ဆင့် အိမ်မီးလောင်နိုင်ကြောင်းပြောရာ ယင်းမှ ဟုတ်မဟုတ်သိရှိရန် နောက်တစ်နေ့တွင်ပင် မီးသမားအားခေါ်ပြီး ယင်းအိမ်၏မီးခလုတ်ကို အသစ်လဲလှယ်စေသည်။

ထိုအခါ မီးသမားလည်း လန့်သွားတော့သည်။ အမှန်မှာ မီးခလုတ်အတွင်းရှိ Lineကြိုး အရည်ပျော်ပြီး Naturalကြိုးကို ထိခါနီးနေပြီဖြစ်သည်။ ထိုကြိုးနှစ်ခု ပူးမိသွားပါက ဝါယာShockဖြစ်ပြီး မီးလောင်နိုင်လေသည်။

နေရင်းထိုင်ရင်း အိမ်မီးလောင်ပြီး လူပါ မီးပေါ့ဆမှုနှင့် အရေးယူခံရနိုင်သည်။ ထိုအခါမှ ,စာရေးသူ သူငယ်ချင်းလည်း ဝိဇ္ဇာရုပ်တုကို ပိုမိုယုံကြည်သွားတော့သည်။

နောက်တစ်ဦးကတော့ အိပ်ပျော်နေစဉ် ခြံထဲ သူခိုးဝင်တာမသိဘဲ ရှိနေစဉ် ဆူဆူညံညံအသံများကြားမှ နိုးလာပြီး ခြံထဲဆင်းကြည့်ရာ သူခိုးဖြစ်သူမှာ အလဲအလဲအကွဲကွဲဖြင့် မြေပေါ် လူးလိမ့်နေရသည်ကို တွေ့လိုက်ရသည်။ ,

ရပ်ကွက်ထဲမှ လူများပါ နိုးလာပြီး သူခိုးအား ဝိုင်းဝန်းဖမ်းဆီးပြီး မေးမြန်းတော့မှ အကြောင်းစုံ သိရတော့သည်။ ခြံထဲဝင်ခိုးသော သူခိုးမှာ အထဲရောက်သောအခါ ဘယ်ကပေါ်လာမှန်းမသိသော ဖာတ်ပွဲထဲက ဇော်ဂျီနှင့်တူသော လူတစ်ဦးမှ တုတ်ရှည်နှင့် လိုက်ရိုက်နေသဖြင့် ပြေးနေရကြောင်း၊ ထွက်ပေါက်လည်း မတွေ့တော့ဘဲ အရိုက်ခံနေရကြောင်း ပြောပြလေ သည်။

ထိုသူလည်း သူခိုးအား ဘာမှုမပါသွား၍ အမှုမလုပ်တော့ဘဲ ပြန်လွှတ်လိုက်လေတော့သည်။ ဝိဇ္ဇာရုပ်တုအပေါ်မှာလည်း ပိုမိုသက်ဝင် ယုံကြည်သွားသည်။

အခြားသောသူများ၏ အတွေ့



www.burmeseclassic.com

www.burmeseclassic.com

အကြံုလည်း များစွာရှိသေးသည်။ စာရှည်မည်စိုးသော့ကြောင့် မဖော်ပြတော့ပါ။

စီရင်နည်းစီရင်ဟန်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။ ယုံကြည်စွာ စီရင်ထားခြင်းဖြင့် အကျိုးမှာ အနန္တဖြစ်သည်ကို လက်တွေ့ တွေ့ရှိပါလိမ့်မည်။

ရှေးဦးစွာ **မိမိနံသင့်အသားကို မိမိလက်ခလယ် လက်ဆစ်ဖြင့် တိုင်းပြီးဖြတ်ပါ။** ပြီးလျှင် အောက်ကအညွှန်းအတိုင်း ဝိဇ္ဇာရုပ်ပုံကို အနီးစပ်ဆုံးတူအောင် ထုရမည်။

ထိုသို့ထုလုပ်ရာတွင် နေ့ချင်းပြီးရမည်။ ကိုယ်တိုင်သော် လည်းကောင်း၊ ပန်းပုဆိုင်တွင်လည်းကောင်း ထုလုပ်နိုင်ပါသည်။ အချိုးအစားကျလေ ပိုမိုအစွမ်းထက်လေ ဖြစ်သည်။

ပန်းပုဆိုင်တွင်ထုက ကြိုတင်ရက်ချိန်းယူပြီး အပိုကြေးပေးက နေ့ချင်းရနိုင်ပါသည်။ **ထုလုပ်ရမည့်နေ့မှာ ခပါဒ်နက္ခတ် သီဒ္ဓိစုဗ်ကြုံက် (၂) ဖက်မြင်ကြုံသောနေ့တွင်** ဖြစ်သည်။ ထိုနေ့ကို မရွေးတတ်ပါက နီးစပ်ရာ နက္ခတ္တဗေဒ လောကီပညာရှင်များထံတွင် မေးမြန်းခြင်းဖြင့် လည်းကောင်း၊ လစဉ်ထုတ် ဂမ္ဘီရမဂ္ဂဇင်းများတွင်ပါသော လစဉ် နက္ခတ်ဇယားများကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။

**ထုလုပ်ရမည့် ပုံသဏ္ဌာန်မှာ...**

ဖော်ဂျီတောင်ဓာ ထမ်းထားပုံနှင့် မခြားပါ။ လက်တစ်ဖက်ပိုက်ပြီး တုတ်ထောက်ထားပုံသာဖြစ်သည်။ ညာလက်က တောင်ဝှေးကိုင်ပြီး အရင်းကို မြေမှာထောက်ထားခြင်း၊ ဘယ်လက်ကလက်ပိုက်နေခြင်း၊ ခါးညှပ်ကြိုးသဏ္ဌာန်ပါရှိခြင်း၊ ဆောင်းဘီအနားပေါ်စေခြင်း စသည့် ပုံသဏ္ဌာန်သာ ဖြစ်သည်။

မျက်စိထဲမြင်လိမ့်မည်ဟု ထင်သောကြောင့် ပုံမဆွဲပြတော့ပါ။ ထိုသို့ထုလုပ်



ပြီး ရုပ်တု၏နဖူး၌ "ဥ"၊ ဝဲလက်မောင်း၌ "သ"၊ ယာလက်မောင်း၌ "က"၊ ရင်ဘတ်အလယ်တည့်တည့်၌ "မ"စသည့် အက္ခရာအသီးသီး ရေးသားရမည်။

ထိုသို့ ထုလုပ်ပြီးသောအခါ ထိုနေ့ညဦးပိုင်းတွင် လူမနီးသော ဘုရားတစ်ဆူရှေ့တွင် **ရေတော်(၉)ခွက်၊ ပန်း(၉)ပွင့်၊ ဆီမီး(၉)တိုင်၊ ပေါက်ပေါက်ပွင့် (၃၇)ပွင့်ကို** ဘုရားရှင်အား ကပ်လှူပူဇော်ပြီး အောက်ပါမန္တန်နှင့် ရုပ်တုအား (၁၀၈)ခေါက် မန်းမှုတ်ရမည်။

'ဥုံ ပထမံဝိဇ္ဇာဓရာ စရိယေန ဗောဓိသတ္တံ ခမတိ စတုဟိ ထတုဟိ ပြသိန္ဒ သဗ္ဗဝိဇ္ဇံ နမောဗုဒ္ဓါယပြသိဒ္ဓေါသဗ္ဗန္တရာယ သံမဏော ဝေရီ ပလာယကော သဗ္ဗဗန္ဓနဆိဓ္ဓော ဝိဇ္ဇာ ယောဂေ ဣသွာသု ဣဟာတ္တု ဣဟာတ္တု ထဆရာထ ကြွဆရာကြွ'

ပြီးလျှင် အောက်ပါဂါထာဖြင့် (၇)ခေါက် မန်းရမည်။

'ဠမဓမ္မံဟေတ္တာန ဠရုတိဝ္ဍ အုက္ခတော၊ ဠပရိတ္တဝါသနာနိ ဠရုတိ အမတံ ပဒံ၊ သမ္မာသမ္ဗုဒ္ဓသမ္ဗုဒ္ဓေါ သံဒေသိပရေနမေ သဒ္ဓမ္မရံသိယာလောကေ သဗ္ဗဓမ္မံပိနေဒတိ၊ ဥ တွာန် ဒုက္ခသစ္စာနိ၊ ဥ န္တိသမုဒယာနိစ၊ ဥ န္တိမဂ္ဂနိရောဓာနိ၊ ဥ န္တိစ္စအမတံ ပဒံ၊ ကမတိ သုခ ဒုက္ခာနိ၊ ကမတိ နိန္ဒာပသံသိ၊ ကမတိ လာဘာ ယာတန္တု၊ ကမတိ စ ယသာယတိ၊ အာဒိကမွေ အဂ္ဂပိန္ဒယာ၊ စတုအက္ခရ ယောဂံ၊ ဝိဇ္ဇာယောဂံ စတုဓာတု ပသိဒ္ဓိယာ၊ နမောဗုဒ္ဓါယ မဟန္တ သိဒ္ဓိ ကိစ္စံ သိဒ္ဓိ ကမ္မံ သွဟုံ'

ထိုသို့ ရွတ်ဖတ်မန်းမှုတ်ပြီးလျှင် အောက်ပါဂါထာဖြင့်(၇)ခေါက်အသက်သွင်းရမည်။

'ဥုံ ဣတိအရဟံ အပိဉာဏကံ ဩသမံ သပိဉာဏကံ သမ္မာအံအံ ထဆရာထ ကြွဆရာကြွ'

ပြီးလျှင် အောက်ပါဝိဇ္ဇာသက်သွင်းဂါထာဖြင့် (၇)ခေါက် အသက်သွင်းရမည်။

'ဥုံ မဟာဝိဇ္ဇာဓရာ ဖဟိ ဖဟိ ရူပက္ခန္ဓော၊ ဝေဒနက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော၊ ပဉ္စက္ခန္ဓော အသက်ဝင် ဆရာဝင်'

ထိုကဲ့သို့ အသက်သွင်းပြီး အောက်ပါဂါထာဖြင့်နတ်သတ်သွင်းကာဆောင်ထားနိုင်ပြီ ဖြစ်သည်။

'ဥုံ ဓမ္မဒီပါ သင်္ချာပတ်ကုန်း ကျွန်းလုံးနှံ့မျှ ဆောင့်တုံကြသည့် ယက္ခယက္ခာ နတ်ဒေဝါတို့ ဘုရားအာဏာ၊ တရားအာဏာ၊ သံဃာ့အာဏာ အာဏာမြွက် စက်အာဏာကြောင့် မကြာချက်ချင်း ရောက်စေသော်၊ ရောက်လျှင်ရောက်ချင်း မကျန်ကြွင်းအောင် လျင်လျင်ချင်းဆောစွာ ယခုလာ၍ ဤဝိဇ္ဇာကို သွင်းကြအသက် နတ်ရှင်ငွေနှင့် မွှေကာဖက် အသက်ချက်ချင်း ဝင်စေသော်။

ဝင်သည့်အသက် တန်ခိုးထွက် ဘဝက် ထုတ်ချင်း ခတ်စေသော်၊ ဝိဇ္ဇာရာဇာ ရာဇာမင်းကြီး ထိပ်ကာစီး တောင်ကြီး (၇)လုံး ပြိုန်းပြိုန်းပြိုစေသော်၊ မြင့်မိုရ်တောင် မြောင်




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ဧပြီလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြပါစေ



ဤလတွင် ငွေကြေးလာဘ်လာဘများ ရွှင်လန်းဝေဆာစေရန် ပြုလုပ်သင့်သည်မှာ...

**◎ မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)...**

ရွက်လှပန်း(၂)ခက်၊ ကုံကော်ညွန့်(၂)ညွန့်၊ သပြေ(၂)ခက်၊ တံခွန်(ကြက်လျှာ) (၄)လက်တို့ကို အများကိုးကွယ်သော စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်တွင် ဗုဒ္ဓဟူးနေ့၌ ကပ်လှူဆုတောင်းပါ။

**◎ ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)...**

ကြာတစ်ပင်၊ အုန်းလက်(၁)ရွက်၊ ဆီးခက် (၁)ခက်၊ သောက်တော်ရေ(၂)ခွက်တို့ကို အများပူဇော်သည့် စေတီပုထိုးတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်၌ ကြာသပတေးနေ့၌ ကပ်လှူပါ။

**◎ မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)...**

ညောင်ရေအိုး(၄)လုံး၊ ဖရဲသီး(၄)စိတ်၊ ကြာ(၄)ပွင့်၊ ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီပုထိုးတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

**◎ ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)...**

ငကြာဖြူညွန့်(၆)ခက်၊ ဥသျှစ်ညွန့်(၆)၊ အောင်သပြေ(၆)ခက်၊ ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီပုထိုးတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)...**

သီဟိုဠ်ညွန့်(၃)ညွန့်၊ ဆီးညွန့်(၃)ညွန့်၊ ပိတောက်ညွန့်(၃)ညွန့်၊ ယပ်တောင်(၆)လက်တို့ကို စနေနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ကန်ရာသီဖွား(ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်း မွေးသူ)...**

ဩဇာညွန့်(၅)ညွန့်၊ ပြောင်းဖူးပေါက်ပေါက်(၅)ပန်းကန်၊ ထန်းလျက်(၅)ခဲ၊ သောက်တော်ရေ(၃)ခွက်တို့ကို ဘုရားပုထိုးတစ်ဆူ၏ သောကြာဂြိုဟ်တိုင်တွင် တနင်္ဂနွေနေ့၌ ကပ်လှူ ဆုတောင်းပါ။

**◎ တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးသူ)...**

လိမ္မော်သီး(၇)လုံး၊ နာနတ်သီး(၇)စိတ်၊ သီဟိုဠ်ဆန်(၇)ဇွေး၊ ဖယောင်းတိုင်(၆)တိုင်တို့ကို စနေနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။

**◎ ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)...**

စွယ်တော်ညွန့်(၁၀)ညွန့်၊ ပိတောက်ညွန့်(၁၀)ညွန့်၊ ညောင်ရေအိုး(၁၀)လုံး၊ ဆွမ်းတော်ထမင်း (၇)ပန်းကန်တို့ကို သောကြာနေ့တွင် ဘုရားစေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်း မွေးသူ)...**

နှမ်းပျစ်(နှမ်းယို)(၅)ခု၊ မြေပဲယို(၅)ခု၊ အုန်းယို(၅)ပန်းကန်၊ တံခွန်(ကြက်လျှာ) (၁၀)ခုတို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)...**

ပန်းသီး(၃)လုံး၊ ဆီး(ချို)သီး(၃)လုံး၊ ကျောက်ဖရုံ(၃)ခု၊ သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးသူ)...**

ဩဇာညွန့်(၆)ညွန့်၊ သီဟိုဠ်(၆)ညွန့်၊ ရွက်လှပန်း(၆)ခက်၊ ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့၌ စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**◎ မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)...**

အမြိတ်ထွက်နေသော ကြက်သွန်နီ(၈)ဥ၊ ကျောက်ဖရုံယို(၈)ယှက်၊ နာနတ်ရွက်(၈)ရွက်၊ ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီပုထိုးတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

ထက်မင်းကျော်စွာ



www.burmeseclassic.com



ခံ့ကြယ်

# စာမေးပွဲများ
မလွဲသေချာ
# အောင်မြင်ရေး
မြတ်ဂါထာတော်များ

မြေးမလေး''မိသွယ်''မှာ ဉာဏ်ကောင်းသော်လည်း ကြိုးစားအားထုတ်မှု ဝီရိယအားနည်းသဖြင့် တက္ကသိုလ်ဝင်တန်းရောက်သည်အထိ တစ်ခါမျှ အဆင့်(၁၀)အတွင်း မဝင်ခဲ့ဘူးချေ။

အထွေးဆုံးသမီး၏ တစ်ဦးတည်းသော ရင်သွေး၊ ဖတဆိုးလေးဖြစ်၍ ''ဘဘသော်'' နှင့် ''ဘွားဘွားရီ'' တို့က အချစ်ပိုခဲ့ကြသည်။ အလိုလိုက်ထားကြသဖြင့် မိသွယ်မှာ အဆော့နှင့်အစားမက်ကာ အပျင်းပိုခဲ့သည်။

မိခင်ဖြစ်သူမှာ ဖတဆိုးသမီးငယ်ကို အစစ အလိုလိုက် အကြိုက်ဆောင်သော်လည်း ပညာရေးနှင့် ပတ်သက်၍မူ အထူးဂရုစိုက် ကြပ်မတ်ခဲ့သည်။

ညစဉ် သမီးစာကျက်ရာ စားပွဲဘေးတွင် ဇာထိုးပန်းထိုးလုပ်ရင်း စာမေးစာပြန်စေခဲ့သည်။

ဒီကြားထဲကနေ မိသွယ်က ငိုက်ဖြစ်အောင် ငိုက်သည်။ မိခင်ဖြစ်သူ၏ ထိပ်ခေါက်၊ ဆွဲလိမ်၊ ဆူငေါက်သံနှင့် မိသွယ်၏ ငိုသံ၊ အော်သံများက ညစဉ်မရိုးနိုင်အောင် ကြားနေရသည်။

ဒီလိုနှင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလထဲသို့ပင် ရောက်လာခဲ့သည်။ ဒီတော့မှ မိသွယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲအတွက် အပြင်းအထန် ပြင်ဆင်ရတော့သည်။

မရသည့် ဘာသာရပ်ကများပြီး အချိန်က မလုံလောက်တော့သဖြင့် မိသွယ် မျက်ဖြူဆိုက်ရလေပြီ။ ထူပူနေ၍ ကျက်သမျှစာများကိုလည်း မမှတ်မိတော့။

တစ်ညနေ အိမ်ခြံဝန်းမြောက်ဘက်ရှိ မိသားစု ပြုပြင်တည်ထားကိုးကွယ်သည့် **''ရွှေဘုန်းရှိန်စေတီ''** တွင်ဂုဏ်တော်ပုတီး သက်စေ့ရွတ်ပွားပူဇော်ပြီး စေတီရင်ပြင်မှ ဆင်းလာသည့် အဘိုးနှင့်အဘွားကို တွေ့တော့ မိသွယ် အပြေးတစ်ပိုင်းနှင့် သွားကြိုသည်။

'မြေးလေးမိသွယ် စာကြည့်လို့ပြီးပြီလား ကွယ်၊ ကျက်လို့ရော ရရဲ့လား၊ ငါ့မြေး ကြည့်ရတာ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေပုံရတယ်'

'ဟုတ်တယ် အဘသော်ရယ်၊ သမီး စာတွေကျက်နေပေမယ့် ဘာမှလဲ မမှတ်မိဘူး။ စာတွေကများတော့ စာအုပ်ပုံကိုကြည့်ပြီး အရမ်းစိတ်ပျက်နေရတယ်လေ၊ ဒီနှစ်တော့ မအောင်နိုင်တော့ဘူး ထင်ပါရဲ့'

'ဒီလိုလဲမဟုတ်သေးပါဘူး မြေးလေးရယ်၊ ကြိုးစားရင် ဘာလို့မအောင်နိုင်ရမှာလဲလေ၊ သမီးက ဉာဏ်ကောင်းပါတယ်၊ အခု အချိန်မှာ ဝီရိယစိုက်ပြီး ကြိုးစားရင် စာမေးပွဲကြီးကို အောင်ကိုအောင်ရမှပေါ့။

ကဲ အောင်မြင်ရေးအတွက် အထောက်အကူပြုနိုင်ဖို့ ဘဘသော်က သမီးလေးအတွက် ဂါထာမန္တန်(၂)ပုဒ် ချီးမြှင့်ပေးမယ်၊ ဂါထာလေးတွေက တိုတိုလေးပါ၊ သမီး ကျက်မှတ်ရလွယ်ပါတယ်၊ ကျက်နိုင်မယ် မဟုတ်လား'

'ဘဘရယ် စာမေးပွဲအောင်ဖို့ အတွက်မို့ ဘာလို့ မကျက်နိုင်ရမှာလဲ၊ သမီး အရကျက်ပါမယ်ရှင့်'

'အေး... ဒီဂါထာ(၂)ပုဒ်က နှယ်နှယ်ရရ မဟုတ်ဘူးကွယ့်၊ ဘဘတို့ရဲ့ မြတ်စွာဘုရားရှင်ရဲ့ မာရ်နတ်လို၊ အာဠဝကလို၊ နန္ဒောပနန္ဒလို တန်ခိုးကြီးပုဂ္ဂိုလ်မျိုးတွေ၊ အင်္ဂုလိမာလ၊ နာဠာဂီရိဆင်ကြီးလို မိုက်မဲအားကောင်းတဲ့ ပုဂ္ဂိုလ်မျိုးဒွေတွေကို အောင်မြင်တော်မူခဲ့တဲ့ အောင်ခြင်းရှစ်ပါးဆိုတာ မြေးလေး သိမှာပေါ့။

အဲဒီအောင်ခြင်းတွေကို အနှစ်ချုပ်ပြီး ကျေးဇူးရှင် ဖားမဲ့ဆရာတော်ကြီးက အောင်ခြင်းအဖြာဖြာတွေကို ရစေဖို့၊ ကောင်းကျိုးအဖြာဖြာတွေကို ရစေဖို့ ဘေးရန်ကင်းပြီး လိုရာဆန္ဒတွေ ပြည့်ဝစေဖို့ အချုပ်မန္တန်(၂)ဂါထာကို ပြုစုပူဇော်တော်မူခဲ့တယ်။

ဒါကြောင့် ဒီဂါထာတွေကို အမြဲ





www.burmeseclassic.com

www.burmeseclassic.com

ရွတ်ပွားမယ်ဆိုရင် သမီးလေး မျှော်မှန်းတဲ့ စာမေးပွဲကြီးကိုလဲ မလွဲမသွေ အောင်မြင်ရမှာပေါ့ကွယ်။ ကဲ...ဂါထာ (၂)ပုဒ်ကို ဘဘသော်က ရွတ်ပေးမယ်။ သမီးက လိုက်ကူးနော်'

## အောင်ခြင်းရှစ်ပါး အချုပ်မန္တန်

### (၂)ဂါထာ

၁။ ဟာရံ ယက္ခံ ဂဇံ စောရံ စိဋ္ဌမာနုဋ္ဌ သစ္စကံ၊ နာဂံ ဗကံ ဣဒ္ဓိ ဗိနော၊ ယောတု ဇယ ဇယမင်္ဂလံ။

၂။ ဟာရံ အာဠာဝကံ ဟတ္ထိ အင်္ဂုလိမာလ စိဋ္ဌမာ။

ကုဒန္တံ နာဂ ရာဇဋ္ဌ ဗကံ အဣဒ္ဓိ တေဇသာ။

ခက်ခဲသော ပါဠိအသံထွက်

၁။ **ယက္ခံ** =ယက်ခံ

**စိဋ္ဌမာနုဋ္ဌ** =စိန်စမာနင်စံ

**သစ္စကံ** =သစ်စကံ

**မင်္ဂလံ** =မင်ဂလံ

၂။ **အာဠာဝကံ** =အာလာဝကံ

**ဟတ္ထိံ** =ဟတ်ထိန်

**အင်္ဂုလိမာလ** =အင်ဂုလိမာလ

**စိဋ္ဌမာ** =စိန်စမာ

**ကုဒန္တံ** =ကုဒန်တံ

**ရာဇဋ္ဌ** =ရာဇင်စ

အနက်

၁။ **ဟာရံ** – မာရ်နတ်သားကိုလည်းကောင်း၊ **ယက္ခံ**–အာဠာဝက ဘီလူးကိုလည်းကောင်း၊ **ဂဇံ**–နာဠာဂီရိ ဆင်ကို လည်းကောင်း၊ **စောရံ**–အင်္ဂုလိမာလခေါ်ကြ သူခိုး လူဆိုးဓားပြကိုလည်းကောင်း၊ **စိဋ္ဌမာနုဋ္ဌ**–စိဥ္စမာန ခေါ်ဆိုရသော မိန်းမယုတ်ကိုလည်းကောင်း၊ **သစ္စကံ**–သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂံ**–နန္ဒောပနန္ဒခေါ်ကြ ထင်ရှားနဂါးမင်းကို လည်းကောင်း၊ **ဗကံ**–ဗက ဗြဟ္မာမင်းကိုလည်းကောင်း၊ **ဣဒ္ဓိ**–မြတ်စွာဘုရားသည်၊ **ဗိနော**–အောင်မြင်တော်မူခဲ့လေပြီ၊(**တေသာ တေဇနေ** – ထိုအောင်တော်မူခြင်း မြတ်စွာဘုရား တန်ခိုးတော်အားဖြင့်)၊ **ဇယ**–အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ယောတု**–ဖြစ်ပါစေသတည်း။

၂။ **ဟာရံ** – မာရ်နတ်သားကိုလည်းကောင်း၊ **အာဠာဝကံ**–အာဠာဝက ဘီလူးကိုလည်းကောင်း၊ **ဟတ္ထိံ**–နာဠာဂီရိဆင်မင်းကို လည်းကောင်း၊ **အင်္ဂုလိမာလ စိဋ္ဌမာ**–လူဆိုးခေါ်ရ အင်္ဂုလိမာလ, မိန်းမယုတ်ခေါ်ကြ စိဥ္စမာနကိုလည်းကောင်း၊ **ကုဒန္တံ**–ကုဒန္တဟု ခေါ်ကြသမိုက် သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂရာဇဋ္ဌ**–နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း၊ **ဗကံ**–ဗကဗြဟ္မာကိုလည်းကောင်း၊ **တေဇသာ**–တန်ခိုးတော်ဖြင့်၊ **အဇိနိ**–အောင်မြင်တော်မူခဲ့လေပြီ။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တဗေဒရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [မွှာစရိယ (မဟာဝဇ္ဇီဒီ မြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက– ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)] မှ ပြန်ဆိုပေးပါသည်။]*

ကဲ ဒီအောင်ခြင်းရှစ်ပါး(၂)ဂါထာကို မြေးလေး မနက်အိပ်ရာထ၊ညအိပ်ရာဝင်အနည်းဆုံး(၉)ခေါက် ရွတ်ရမယ်နော်၊ တစ်ပုဒ်ချင်းစီလဲ ရွတ်လို့ရတယ်ဗျ။ စာမေးပွဲခန်းဝင်ရင်လဲ ရွတ်ပေါ့ကွယ်။ ငါ့မြေးလေး တစ်သက်တာအတွက် အမြဲရွတ်ပွားပူဇော်နိုင်ဖို့ ဘဘသော်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေပေါ့လေ'

'ဟုတ်ကဲ့ဘဘ သမီး အမြဲရွတ်ပါ့မယ်။

ဂါထာကို ရသည့်နေ့မှစ၍ မိသွယ် တစ်ယောက် အိပ်ရာဝင်၊ အိပ်ရာထတွင် (၉)ခေါက်သာမက သက်စေ့ ရွတ်ပွားပါလေတော့သည်။

အောင်မြင်ရမည်ဟု စိတ်ကို တုံးတုံးချသော်လည်း စာတွေက များလွန်း၍ မှတ်မိနိုင်ခြင်း မရှိသေးပါ။ ဒီတော့ မိသွယ်တစ်ယောက် အတိုးနှင့်အဘွားထံ မှတ်ဉာဏ်ကောင်းဖို့ အပူကပ်ရပါဦးတော့မည်။

တစ်ညနေ "ရွှေဘုန်းရှိန်စေတီ" ရင်ပြင်မှ ပုတီးစိပ်ပြီး ဆင်းလာကြသူ အဘိုးနှင့် အဘွားကို အပြေးသွားကြို၍...

'ဘဘသော်နဲ့ ဘွားဘွားရီရယ်၊ အောင်ခြင်းရှစ်ပါး ဂါထာတွေတော့ သမီး ရပါပြီ။ ဒါပေမယ့် သင်ခန်းစာက များပြီး ကျက်သလောက် မမှတ်မိဘူး ဖြစ်နေရပါတယ်။ သမီး ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးကြပါဦးနော်'

'အင်း... ငါ့မြေးလဲ သနားစရာပဲ၊ ဝမ်းသွားချင်မှ အိမ်သာရှာနေသလိုဖြစ်ရပြီပေါ့။ ကျောင်းဆိုတာက နှစ်စကတည်းက မှန်မှန်ကြိုးစားကျက်မှတ်ခဲ့မယ်ဆိုရင် အခုလို ကသီကရိမဖြစ်တော့ဘူးပေါ့။

အရင်တစ်ခါက မြေးလေးရဲ့ ဘဘသော်က စာမေးပွဲအောင်မြင်ဖို့ အောင်ခြင်းရှစ်ပါးဂါထာတွေ ပေးခဲ့တယ်နော်၊ အခုတစ်ခါ ဘွားဘွားရီက မြေးလေး ကျက်မှတ်ခဲ့တာတွေ မှတ်မိစေဖို့ **ဉာဏ်ပွင့်၊ ဉာဏ်မြင့်စေမယ့် ဂါထာတော်(၂)ပုဒ်ကိုလဲ** ထပ်မံပြီး လိုက်မယ်ကွယ့်။





www.burmeseclassic.com

www.burmeseclassic.com

အရင်ဂါထာ(၂)ပုဒ်နဲ့တွဲပြီး အမြဲ ရွတ်ဖတ်ပူဇော်သွားရင် မှတ်ဉာဏ်တွေ ကောင်း စာတွေရလို့ မြေးလေး စာမေးပွဲ အောင်မှာ မလွဲပါဘူးလေ'

'ဟုတ်ကဲ့ ဘွားဘွားရီ ရွတ်ဆိုပြ တော့ သမီးကူးဖို့ အဆင်သင့်ဖြစ်ပြီ'

ဉာဏ်ပွင့်ဂါထာတော်

ဒေဝိန္နံ နန္ဒာနော ဒေဝေါ၊
ဒေဝဒေဝေန နန္ဒိနော၊
ဝေဒဒိန္နေန ဝေဒေန၊
ဝေဒိဝေနေ ဝေဒိနော၊
ဇဝေနေ သစ္စဝဇ္ဇနေ ယောဝတုမေ ဇယမင်္ဂလံ၊

ခက်ခဲသော ပါဠိအသံထွက်

**နန္ဒာနော** =နန်ဒါနော
**နန္ဒိနော** =နန်ဒိနော
**ဇဝေနေ** =ဇေဝေနေ
**သစ္စဝဇ္ဇနေ** =သစ်စဝစ်ဇေနေ
**မင်္ဂလံ** =မင်ဂလံ

ဉာဏ်မြင့်ဉာဏ်မြဲဂါထာတော်

ဒေဝါ သနေ နိ သိနေ္နာသော၊
ဒေဝဒေဝါ သသာသနေ၊
နိသန္နာနံ သဒေဝိန်း၊
ဒသေဿဒ် ဒဿနာသနံ၊

ခက်ခဲသော ပါဠိအသံထွက်

**နိသိန္နော** =နိသိန်နော
**နိသန္နာနံ** =နိသန်နာနံ
**ဒဿေသိ** =ဒတ်သေသိ
**ဒဿနာသနံ** =ဒတ်သနာသနံ

'ကဲ မြေးလေး ဒီဂါထာ(၂)ပုဒ်ကလဲ တိုတိုလေးတွေမို့ သမီးက အရကျက် အမြဲ ရွတ်ပွားပူဇော်နော်'

'ဟုတ်ကဲ့ဘွားဘွားရီ သမီးအမြဲ ရွတ်ပါမယ်ရှင့် ဒါဆို သမီးသွားနှင့်ပြီ'

'ဟဲ့ ဟဲ့ နေဦးမြေးလေးရဲ့'

'ဘာဖြစ်လို့လဲ ဘာဘသော်'

'မြေးလေးကို မှာရဦးမယ်။ ဂါထာ မန္တန်တွေဆိုတာက အရံအတား၊ အထောက်အကူ၊ အစောင့်အရှောက် တွေသာ ဖြစ်တယ်။ **တကယ်အောင် မြင်ဖို့ ကြိုးစားရမှာက မြေးလေး ကိုယ်တိုင်ရဲ့ အားထုတ်မှုပေါ့ ဂါထာ တွေကိုပဲ အားကိုးနေလို့ မရဘူး နော်။**

ဘာဘတို့ ဘုရားရှင်ကတောင် **"အတ္တာဟိ အတ္တနော နာထော" "မိမိကိုယ်သာ ကိုးကွယ်ရမယ်"**လို့ အတိအလင်း မိန့်ကြားထားခဲ့တာမို့ ကြိုးစားအားထုတ် စာကျက်ဖို့လဲ မမေ့ ပါနဲ့ ဘာဘက မှာချင်တယ်'

'ဟုတ်တယ်မြေးလေး ရတနာသုံးပါးနဲ့ ဂါထာမန္တန်တွေရဲ့ ဘုန်းခိုးတော် ဂုဏ်တော် တွေကြောင့် ဘေးမှာအောနတ်ကောင်း နတ် မြတ်များက စောင့်ရှောက်မှာတော့ အသေ အချာပေါ့ကွယ်။

ဂါထာတန်ခိုးနဲ့ သူတော်စင် ပုဂ္ဂိုလ်များနဲ့ နတ်ဒေဝတာတွေကတော့ ဒါကို စောင့် ရှောက်ကြမှာပဲဆိုပြီး ပျင်းမနေရဘူးနော်၊ ဂါထာတွေကိုလဲ ရွတ်ဖတ်ပူဇော် အဓိက ဖြစ်တဲ့ သင်ခန်းစာတွေကိုလဲ ကျက်မှတ်ပါလို့ ဘွားဘွားကလဲ အထူးပြောချင်တယ်'

'ဟုတ်ကဲ့ သမီးလဲ ကြိုးစားပါမယ် ဘာဘသော်နဲ့ ဘွားဘွားရီရှင့်'

ဤသို့ဖြင့် အောင်ခြင်းရှစ်ပါးအချုပ် မန္တန်များနှင့် ဉာဏ်ပွင့်၊ ဉာဏ်မြင့် (ဉာဏ်မြဲ) ဂါထာတော်များကို အိပ်ရာ ဝင်၊ အိပ်ရာထ မပျက်မကွက် ရွတ်ဖတ် ပူဇော်ခဲ့သလို စာမေးပွဲကာလတွင် အထူးအမိဋ္ဌာန်ထား၍ ရွတ်ပွားခဲ့ပြီး ကျောင်းစာများကိုလည်း ကောင်းစွာ ကြိုးစားကျက်မှတ်ခဲ့ရာ မိသွယ် တစ်ယောက် ၂၀၁၅ ခုနှစ် တက္ကသိုလ် စာမေးပွဲကို ဂုဏ်ထူး(၂)ဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါတော့သည်။

**(လှိုင်မင်းသော်နှင့် ဘွယ်နှင်းရီ မောင်နှမနှစ်ဦးအတွက်...)**

**အံ့ကြွယ်**

စာရှုသူ...သူတော်စင်...ပညာရှင်များသို့...

**ဉာဏ်ပွင့်ဂါထာတော်၊ ဉာဏ်မြင့်ဂါထာတော်** နှစ်ဂါထာကို ပါဠိအနက် ပေး၍မရ ရှေးဆရာတော်ကြီးများလည်း အနက်ပြန်ဆိုထားခြင်းလည်း မရှိဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိဆရာကြီးမှ မှတ်ချက်ပြုပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ဂါထာတော်(၂)ပုဒ်၏ အနက်ကို သိရှိသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ ပို့ပေးပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



ရွှေတည် မြဇင်ယော်

# အင်းစိန္တာ ရသေ့ဦးခံသောင်း၏

## ထွက်ရပ်ပေါက်တျင့်စဉ်နှင့် အဆိုအမိန့်များ (၁)

### ဖြစ်စဉ်အကျဉ်း

ပြည်မြို့ ရွှေဆံတော်ဘုရားမှ လေထုံဖြင့် အရှင်ထွက်သွားသော ဘိုးဘိုးအောင်၏တပည့် ဘိုးတော်စကြာ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့ အလုံမြို့နယ်တွင် အထိုင်ခတ်ခန်းဖွင့်ထားသော မန္တန်ဝိဇ္ဇာဂိုဏ်းချုပ် ဆရာကြီး ဦးမောင်မောင်သည် တပည့် မန္တန်အဖွဲ့တစ်ဖွဲ့ကို ရှမ်းပြည်နယ်သို့ သာသနာပြု သတ္တဝါကယ်ရန် ဂန္ဓာရီခရီးအဖြစ် စေလွှတ်လိုက်သည်။

ထိုမန္တန်အဖွဲ့ ရှမ်းပြည်နယ် တောတွင်းတစ်နေရာ ရောက်သောအခါ စီးလာသောကား စက်ပျက်သွား၏။ ကားစက်ပျက်၍ ပြင်ရန် စီစဉ်နေစဉ် တောတွင်းမှ ရသေ့တစ်ပါး ထွက်လာပြီး...

'ပင်းတို့ကား ပျက်တာက အရေးမကြီးဘူး ပြောစရာတွေရှိတယ်။ ငါ့နောက် လိုက်ခဲ့ကြ' ဟု ပြောဆိုသဖြင့် မန္တန်အဖွဲ့သားများ ရသေ့ခေါ်ဆောင်ရာနောက်သို့ လိုက်သွားသည်။

တော်တော်လေး ခရီးသွားမိတော့ တောင်ကြီးတစ်လုံးကို သွားတွေ့သည်။ ထိုအခါ ရသေ့က...

'ဒါ သုဝဏ္ဏသျှံတောင်လို့ခေါ်

www.burmeseclassic.com

တယ်။ မင်းတို့ကို တရားဟောမယ် အားလုံးထိုင်ကြ'

ဆိုပြီး တရားစ,ဟောပါသည်။ မန္တန်အဖွဲ့သားများသည် အသင့်ပါလာသော ကက်ဆက်ကို အပေါ်မှ တဘက်ဖုံးအုပ်ပြီး..အသံဖမ်းယူပါသည်။

အတော်ကြာကြာ တရားဟောပြီးသောအခါ ရသေ့က...

'မင်းတို့လဲ အနိုးတတ်သားပဲ'

ဟု ပြော၏။ **(အနိုးတတ်သားပဲ ဆိုသည်မှာ ကက်ဆက်ကို တဘက်အုပ်၍ အသံခိုးယူဖမ်းခြင်းကို ဆိုလိုသည်။)** ရသေ့က...

'ကဲ...ငါ လက်ညှိုးထိုးပြမယ်။ ငါ လက်ညှိုးထိုးတဲ့အတိုင်း တည့်တည့်သွား ဘယ်မှ မကွေ့နဲ့'

ဟု ပြောဆိုပြီး ပြန်လွှတ်လိုက်ပါသည်။

မန္တန်အဖွဲ့ကိုလည်း ရသေ့လက်ညှိုးထိုးသည့်အတိုင်း ပြန်လာရာ အသွားတုန်းကလို မကြာဘဲ အမြန်ပြန်ရောက်လာပါသည်။ ကားလည်း စက်နှိုး၍ ရသွားပါသည်။

မန္တန်အဖွဲ့ ရန်ကုန်ပြန်ရောက်သည့်အခါ ဂိုဏ်းချုပ်ဆရာကြီး ဦးမောင်မောင်အား ဖြစ်စဉ်များကို အပြည့်အစုံ ပြောပြပြီး အသံဖမ်းယူလာသော ကက်ဆက်၊ တိပ်ခွေကို အပ်လိုက်ပါသည်။

ထိုအခါ ဆရာကြီး ဦးမောင်မောင်က...

'တပည့်တို့ အဲဒါ အရှင်ထွက် အင်းဝိဇ္ဇာ ရသေ့ ဦးစံသောင်းပဲ။ ဝိဇ္ဇာနယ်ထွက်တုန်းက ဘီလူးတွေက ဆီးတားလို့ ဆရာကြီး မန္တန်ဓာတ်ခန်းမှာ ကိုးရက်တိတိ အဝိဇ္ဇာနယ်လာဝင်ရသေးတယ်။ ဆရာကြီး ဓာတ်ခန်းမှာ ထိုင်ပြီးမှ ဘီလူးတွေ အတားလွတ်ပြီး ထွက်လို့ရသွားတယ်'

ဟု အမိန့်ရှိပါသည်။

**၁၉၈၂ ခုနှစ်က** ပေါင်းတည်မြို့မှ မန္တန်ဝိဇ္ဇာဂိုဏ်း အဖွဲ့ခေါင်းဆောင် "ဘကျန်" ရန်ကုန်မှအပြန် ယူဆောင်လာ၍ အစ်ကိုဖြစ်သူ ဦးမောင်ငွေက တစ်ခွေ၊ ကျွန်တော်က တစ်ခွေ အသံသွင်း ကူးယူခဲ့ပါသည်။

နှစ်တွေ ကြာညောင်းလာတော့ ဟိုလူငှား၊ ဒီလူငှားနှင့် ဘယ်သူထံမှာ ဘယ်လို ရောက်သွားသည်မသိ။ သတိမရတော့ဘဲ နှစ်ခွေစလုံး ဆုံးရှုံးသွားပါသည်။ မှတ်တမ်းတင်ထားသော လက်ရေးကူး စာမူသာ ကျန်ရစ်ခဲ့ပါသည်။

စာရှုသူ မမ မိတ်ဆွေများ ကိုယ်တိုင် ကျင့်လိုက ကျင့်နိုင်စေ၊ အခြားမိတ်ဆွေများကို နည်းလမ်းပေးလိုက ပေးနိုင်စေ၊ ကုသိုလ်ပွားလိုက ပွားနိုင်စေရန်နှင့် ဝိဇ္ဇာဗဟုသုတ များစေရန် ရည်ရွယ်ပြီး ကူးယူရေးသားမျှဝေလိုက်ရခြင်း ဖြစ်ပါသည်။ **(တိပ်ခွေထဲမှ စကားလုံးများ အတိုင်း ထင်ပြပါသည်။)**

---

### အင်းဝိဇ္ဇာ ရသေ့ဦးစံသောင်း

---

ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း သိရင် မွန်မြတ်တယ်။ မွန်မြတ်တာကို သိရင် ဘာလိုသလဲ။ ဘုရားကို ယုံကြည်ရမယ်။ ဘုရားကို ယုံကြည်ရင် ဘုရားဟောတဲ့ တရားတော်တွေကို ယုံကြည်ရမှာပဲ။

ဘုရားဟောတဲ့ တရားတော်တွေကို ယုံကြည်ရင် ဘုရားဟောတဲ့တရားကို ကျင့်ကြံအားထုတ်နေတဲ့ သံဃာတော်တွေကို ဆည်းကပ်ရမှာပဲ။

ဒီအထိဆောင်နေရင် စားရမယ်၊ အိပ်ရမယ်၊ နေရမှာပဲ။ စားဝတ်နေရေးအတွက် ရှာကြရမှာပဲ။ **စားဝတ်နေရေးအတွက် ရှာတဲ့နေရာမှာ လောဘ၊ ဒေါသ၊ မောဟတွေ ဖက်နေရင်တော့ အပါယ်ကို သွားကြရမယ်။**

ကောင်းတာလဲ အကျိုးပေးတာပဲ။ မကောင်းတာလဲ အကျိုးပေးတာပဲ။ တူသလား၊ မတူဘူး။ လူတွေက ကောင်းတာကျတော့ ကန်းနေကြတာပဲ။ မကောင်းတာကျတော့ မကန်းကြဘူး။

ဒီတော့ ဘာဖြစ်သလဲ။ **ကောင်းကောင်းကန်းကန်း၊ မကောင်းမကန်း**တွေ ဖြစ်နေကြတာပဲ။

ကောင်းတယ်ဆိုတဲ့ သီလ၊ သမထ၊ ဝိပဿနာကိုတော့ မလုပ်ချင်ကြဘူး။ မကောင်းတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကို တယ်ပြီး လုပ်နေကြတယ်။

ဒီတော့ ကန်းတာဟာ ဘာကြောင့်လဲ အဝိဇ္ဇာဖုံးနေလို့ပဲ။ အဝိဇ္ဇာဖုံးနေရင် မြင်ပါ့မလား။ မမြင်ဘူး။ မမြင်ရင် အဝိဇ္ဇာကြောင့် ဘာဖြစ်သလဲ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။

သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်။ ဝိညာဉ်ကြောင့် ရုပ်နာမ်ဖြစ်လာကြတယ်။ အဝိဇ္ဇာဖြစ်နေသမျှ ကာလပတ်လုံး လူနတ်သတ္တဝါ ဖြစ်နေကြဦးမှာပဲ။

ဒီတော့ အဝိဇ္ဇာနယ်မှ ထွက်နိုင်အောင် ဝိဇ္ဇာဖြစ်ဖို့ လိုလာပြီ။ ဝိဇ္ဇာဆိုတာ အသိပညာရှင်လို့လဲ ခေါ်ကြတယ်။ ဒီတော့ သိတဲ့လူနဲ့ပေါင်းမှ သိမှာပဲ။ တတ်တဲ့လူနဲ့ပေါင်းမှ တတ်မှာပဲ။ ရှိတဲ့လူနဲ့ပေါင်းမှ ရှိမှာပဲ။

ဝိဇ္ဇာဆိုတာ အလင်းဓာတ်ကို ဆောင်တယ်။ အချင်းရှိမှ အရှင်းသိမယ်။ အရှင်းသိမှလဲ အလင်းသိလိမ့်မယ်။ အလင်းသိလာရင် သတင်းပြောင်ဖို့လိုတယ်။ **သတင်းပြောင်မှလဲ မင်းခေါင်နဲ့ ပေါင်းလို့ရမယ်။**

အင်းတစ်ထောင်၊ မင်းခေါင်၊

www.burmeseclassic.com

သတင်းပြောင်၊ ပုလင်းထောင်တာ အဘအောင်မင်းခေါင်ပဲ။

ဒီတော့ ပြောတဲ့နေရာမှာ စေ့စပ်မှ သေချာတယ်။ သေချာမှလဲ တိကျမှာပဲ။ တိကျမှ ပြတ်သားမယ်။ ပြတ်သားမှ ရှင်းလင်းမှာ။

ဒီတော့ ကိုယ့်ဟာကိုယ် ရှင်းကြရမှာပဲ။ လောကကြီးဟာ ရှုပ်တယ်။ ရှုပ်တာကို မပြုတ်လိုက်နဲ့။ မပြုတ်ရင် ဟုတ်ဖို့ အရေးကြီးလာပြီ။ ဟုတ်ရင်တော့ ကျော်မှာပဲ။

တကယ် ကုတ်ကုတ်နဲ့ အဟုတ်ကို ကျင့်ကြံအားထုတ်ကြပါ။ အဘတို့နဲ့ လက်တွဲပြီး သာသနာပြုရလိမ့်မယ်။

သာသနာပြုတယ်ဆိုတာ ဘယ်သာသနာကို ပြုကြမှာလဲ။ သာသနာ သုံးရပ်ဖြစ်တဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ။

ပရိယတ္တိမှန်မှလဲ ပဋိပတ္တိမှန်မယ်၊ ပဋိပတ္တိမှန်မှလဲ ပဋိဝေဓမှန်မယ်။ ဒီတော့ စခန်းဆိုတာ လိုလာပြီ။ စခန်းရှိရင် လမ်းရှိရမှာပဲ၊ လမ်းရှိရင် လျှောက်ဖို့လိုတယ်။ လျှောက်ရင် ပေါက်ဖို့ အရေးကြီးတာပဲ။ ပေါက်ရင် ရောက်ပြီ မဟုတ်လား။ ရောက်ရင် ပန်းတိုင်ကို ဝင်ကြ။

ဒီကနေ့ အရေးအကြီးဆုံးဟာ ထွက်ရပ်လမ်း၊ ထွက်ရပ်စခန်းပဲ။ ဝိဇ္ဇာတွေ ထွက်ရပ်လမ်း ကျင့်တယ်ဆိုတာ ဘယ်က ထွက်ရအောင် ကျင့်တာလဲ။ **သံသရာဝဋ်ဒုက္ခ ဆင်းရဲခြင်းနဲ့ အပါယ်လေးဘုံသို့ မသွားရအောင် ကျင့်ကြံအားထုတ်နိုင်ပြီး...**

ထွက်ရပ်လမ်းကိုမသွားမီ သာသနာတော်ကို ချီးမြှောက်နိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို၏။ **အဲဒါ ဝိဇ္ဇာတွေရဲ့ အဓိဋ္ဌာန်ပန်းကပဲ။**

လူတွေကို မ,မယ်ဆိုတဲ့ အဓိဋ္ဌာန်  ပါသလား။ မပါဘူး။ လာတုန်းကလဲ တစ်ယောက်တည်း၊ သွားရမှာလဲ တစ်ယောက်တည်း။ ဘယ်က လာသလဲ၊ ဘယ်ကလာမှန်း မသိလို့ ဘယ်ကိုသွားရမှန်း မသိရင် ကိစ္စပြတ်ပါ့မလား။ မပြတ်ဘူး။

ဒီတော့ လာတဲ့လမ်းလဲ သိပါစေ။ သွားရမယ့်လမ်းလဲ သိပါစေ၊ လာတဲ့လမ်းအစကိုသိရင် သွားရမယ့်လမ်း အဆုံးကို သိရမယ်။

ကောင်းတာကတော့ နိဗ္ဗာန်ပဲ။ ဘာနဲ့သွားကြမလဲ။ ဒါနလုပ်တော့ လူ့ပြည်ရောက်တာပဲ၊ သီလလုပ်တော့ နတ်ပြည်ရောက်တယ်။ သမထလုပ်တော့ ဗြဟ္မာတည်တယ်။

အဲဒီတော့ လောကုတ္တရာပါသလား။ မပါဘူး။ ဝိပဿနာလုပ်မှ လောကုတ္တရာ ရောက်တယ်။ ဝိပဿနာကို အားထုတ်ကြရမှာပဲ။

ဒီတော့ ဒီနေ့အဖို့မှာ သိဖို့လိုလာပြီ။ သိတာက ဝိဇ္ဇာ၊ ဝိဇ္ဇာစရဏမျိုးစေ့ဟာ အရေးကြီးလာပြီ။

ဝိဇ္ဇာဖြစ်မှလဲ သိမှာပဲ။ ဒီတော့ အဘတို့နဲ့ ပေါင်းရမှာပဲ။ အခု ဖွင့်ပေးလိုက်တဲ့ (ဗုဒ္ဓသစ္စာမဏ္ဍိုင်) သာသနာပြုဟာ အဘဖလာသိဒ္ဓိရှင်ရဲ့ အလိုတော်ကျပဲ ဖြစ်တယ်။

ဒီတော့ ဗုဒ္ဓဟာ ဘာလဲ၊ ဗုဒ္ဓဟာ ဘုရား။ သစ္စာဟာ မဖောက်မပြန်တဲ့ လမ်းကြောင်း။ မဏ္ဍိုင်ဆိုတော့ မယိုင် မလဲ၊ ဗုဒ္ဓရဲ့အလိုတော်ကျအတိုင်း သစ္စာလမ်းကနေ မယိုင်မလဲ လိုရာ စခန်းကို သွားနိုင်ဖို့ အရေးကြီးတာပဲ။

ဒီတော့ အဆောင်လိုလာပြီ။ ဘာကို ဆောင်ကြမှာလဲ။ အဆောင်ရှိမှ ထွက်လို့ရတယ်။ အဆောင်မရှိရင် ထွက်လို့ မရဘူး။

ထွက်တယ်ဆိုတာ အသေထွက်နဲ့ အရှင်ထွက်ရှိတယ်။ **အသေထွက်ဆိုတာက** တရားပေါက်ပြီး ဓာတ်မပေါက်လို့ပဲ။ **အရှင်ထွက်ဆိုတာက** တရားပေါက်ပြီး ဓာတ်ပေါက်တာလို့ သိရမယ်။

အဘတို့က အရှင်နဲ့ထွက်ခဲ့တာ။ အနေပျော်တဲ့လမ်း၊ အနေတော်တဲ့လမ်း အသေမခေါ်ဘူး။ မမှားကြဖို့ လိုတယ်။

အရေးကြီးတာက သစ္စာနှစ်ပါးဖြစ်တဲ့ သုရာမေရိယနဲ့ ကာမေသုမိစ္ဆာစာရကံကို ပါဏာပေတံ အသက်ထက်ဆုံး ထိန်းသိမ်းဖို့လိုတယ်။ ဒါကို မမှားရင် မသေနိုင်ဘူး။

ပြောတာတွေကို ရွှေနဘော လေချော်ပြီး မနေနဲ့။ ရွှေနဘော လေချော်နေရင် အမေခေါ်ရလိမ့်ဦးမယ်။ အမေခေါ်နေကြရင် သေကြဦးမှာပဲ၊ မမှားကြဖို့ လိုတယ်။

ဒီတော့ အဘတို့က အနေတော်တဲ့လမ်း၊ အရှင်ခေါ်တဲ့လမ်း အဘတို့က တော့ ခေါ်မှာပဲ။ ဘာခေါ်မှာလဲ ဘုရားခေါ်မှာပဲ။

ထွက်တဲ့နေရာမှာ အဆောင်ဆိုတာ သိဖို့လိုပါတယ်။ ဘာကို ဆောင်ကြမှာ



www.burmeseclassic.com

www.burmeseclassic.com

လဲ။ အဘတို့က အင်းတစ်ထောင်ကိုင်ပြီး တနင်္ဂနွေထောင့်က ထွက်ခဲ့တာ။ အင်းနဲ့လဲ ထွက်လို့ရတယ်။ ဆေးနဲ့လဲ ထွက်လို့ရတယ်။ စမနဲ့လဲ ထွက်လို့ရတယ်။ ပုတီးနဲ့လဲထွက်လို့ရတယ်။ မန္တန်နဲ့လဲ ထွက်လို့ရတယ်။

ဒီတော့ ဘာကိုဆောင်ကြမှာလဲ၊ ကိုယ်နဲ့တော်တဲ့အဆောင်ကို ရွေးချယ်ဖို့ လိုလာပြီ။ လောကမှာ မတန့်တာ မရှိဘူး။ မတော်တာပဲရှိတယ်၊ တော်ရင် တန်လာကြမှာပဲ။ တန်လာရင် ဒဏ်ခံနိုင်ဖို့ အရေးကြီးတယ်။

အဖိုးတန်မှ အမျိုးမှန်တယ်။ အမျိုးမှန်မှလဲ အဖိုးတန်မှာပဲ။ တန်ဖိုးရှိမှန်း တန်ဖိုးမသိရင် တန်ဖိုးရှိပါ့မလား။ တန်ဖိုးမရှိဘူး။ တန်ဖိုးရှိတာကို တန်ဖိုးထားတတ်ရမယ်။ တန်ဖိုးထားတတ်မှလဲ တန်ဖိုးရှိမှာပဲ။

အဘတို့က **မဟိဒ္ဓိလမ်း။ သိဒ္ဓိလမ်းဆိုတာ** သိဖို့လိုလာပြီ မဟုတ်လား၊ မဟိဒ္ဓိဆိုတာ ကြံဆောင်တာပဲ။ သိဒ္ဓိဆိုတာ ပြီးမြောက်တယ်။ ကြံဆောင်လို့ ပြီးမြောက်ရင် **မဟိဒ္ဓိ,သိဒ္ဓိကိုရတာပဲ။**

မဟိဒ္ဓိ,သိဒ္ဓိဓာတ်တွေ ဘယ်မှာရှိသလဲ၊ ဂုဏ်တော်ကိုးပါးဟာ မဟိဒ္ဓိ, သိဒ္ဓိဓာတ်တွေရှိတယ်။ ဂုဏ်တော်ကိုးပါးကို လောကအခေါ်နဲ့ဆိုရင် ကိုးနဝင်းလို့ ခေါ်ကြတယ်။ ကိုးနဝင်းမိုးလင်းမှသိမယ်။ မိုးတော့ လင်းပြီလား။ မိုးမလင်းသေးဘူး။ မိုးမလင်းသေးရင် မိုးလင်းဖို့ စောင့်ရမှာပဲ။

အဲဒီတော့ အဘတို့က ဂုဏ်တော်ကို ပုတီးစိပ်ခိုင်းတာ။ မဟိဒ္ဓိ,သိဒ္ဓိဓာတ်တွေရှိလို့ စိပ်ခိုင်းတာပဲ။ မဟိဒ္ဓိမှန်းသိရင် မဟိဒ္ဓိရမှာပဲ။ မဟိဒ္ဓိရလာရင် ပြီးမြောက်တဲ့ သိဒ္ဓိစခန်းကို ကူးကြရမှာပဲ။

မဟိဒ္ဓိရဖို့က တော်မှ မှော်ဖြစ်တယ်။



မှော်ဖြစ်မှ မဟိဒ္ဓိရမယ်။ မှော်နဲ့မဟိဒ္ဓိကြားမှာ ကာမဟိတ်ဆိုတာရှိတယ်။ ကာမဟိတ်ကိုလဲ သုံးရမှာပဲ၊ အဲဒီတော့ အခုပြောနေတာမှ မသိရင် ဘယ်က သိဒ္ဓိကို ဘယ်လိုနည်းနဲ့ ရအောင်ယူကြမလဲ၊

လောကမှာ လိုအပ်တာတွေ လုပ်နေတာက သမထ၊ ရှိဖို့က သစ္စာ၊ ပြီးမြောက်မှာက မဟိဒ္ဓိ,သိဒ္ဓိ၊ ဒီအချက်လေးချက်ကို မမေ့နဲ့။

မဟိဒ္ဓိ,သိဒ္ဓိဆိုတာ ကိုယ်က ပေးလို့မရဘူး။ ကိုယ်ကိုယ်တိုင် ကိုယ်ကျင့်မှ ရတယ်။ အဘတို့က မဟိဒ္ဓိ,သိဒ္ဓိပေးတယ်ထားဦး။ အဘတို့ရဲ့ မဟိဒ္ဓိ,သိဒ္ဓိပဲ ရှိတယ်။ မင်းတို့ပိုင်တာ မဟုတ်သေးဘူး။

မင်းတို့ကျင့်မှ ရတယ်။ "**ထန်းပင်အောက်က စောင့်ပြီး ထန်းသီးကျတာကို မလုပ်ကြနဲ့**" ကိုယ်ကိုယ်တိုင် တက်ပြီး ထန်းသီးကို ရအောင်ယူကြ။

မှော်ဆိုတာ(၂၇)ရက် ကျင့်တာနဲ့ရတယ်။ သိဒ္ဓိတစ်ခု ရချင်ရင် (၂၇)ရက်တည်းနဲ့ ကျင့်တာနဲ့ရတယ်။ (၄၉)ရက်လောက်ကျင့်ရင် မဟိဒ္ဓိဓာတ်တွေ အားလုံးရတယ်။

ပထဝီသိဒ္ဓိကျတော့ (၃)ရက်တည်း ကျင့်ရင် ပြီးတယ်။ ကျင့်တယ်ဆိုတာ ဘာဝဆရာလိုတယ်။ **ဘာဝဆရာ မပါရင်** ရှုးတဲ့အချိန် သွားကျင့်ရင် ရှူးသွားမှာပဲ။

ဒီတော့ အဘတို့ ဖွင့်ပေးလိုက်တဲ့ ဝိဇ္ဇာ(၁၆)ချက်ဟာ သိဖို့အရေးကြီးပြီ။ ဂြိုဟ်ကြီး(၈)ခွင်ရှိတယ်။ ဘယ်ဂြိုဟ်မှာ ဘာရှိတယ်ဆိုတာ မသိရင် ကိုယ်ကျင့်တာ ဘာရမလဲဆိုတာ သိပ့်ါမလား။။

**တနင်္ဂနွေဟာ** နတ်စက်ခေါ်တယ်။

**တနင်္လာဟာ** သာသနာစက်၊

**အင်္ဂါဟာ** ရက္ခစိုး။ ရက္ခစက်လို့ခေါ်တယ်။

မှော်အတတ်ကို လိုချင်ရင် **ရက္ခစက်**မှာ ကျင့်ရတယ်။ မှော်ဆိုတဲ့ အသံကိုကြားရင် လူတွေက ရွံမုန်းကြတယ်။ ဒီနေရာမှာ အောက်နဲ့ အထက်ကို ခွဲသိဖို့လိုတယ်။ အောက်မှာ (၉၉)မှော်ရှိတယ်။ အထက်မှာ (၆၄)မှော်ရှိတယ်။

**အထက်မှော်ဆိုတာ** ရက္ခစိုး၊ ဘုမ္မစိုး။ အာကာသစိုး သူတို့ကို အားကိုးကြတာပဲ။

ဒီအတတ်ပညာကို ရလာရင် ပိုက်ဆံမပေးဘဲ ပစ္စည်းကို မဝယ်ရဘူး။ ပိုက်ဆံမပေးဘဲ ပစ္စည်းကိုယူရင် ကိုယ်က စောရသူခိုးဆိုတာ မှတ်။ ဒီတော့ မှော်အတတ်ကိုတတ်ရင် ထိုင်ရာမထ လိုချင်တဲ့ပစ္စည်းကို ရယူနိုင်တယ်။

**ဗုဒ္ဓဟူးမှာ ဘုမ္မိယတွေရှိတယ်။** ဘုမ္မိယဆိုတာ သိုက်ကိုခေါ်တယ်။ ဘုမ္မိယထဲရောက်ရင် သိုက်ပညာတတ်တယ်၊ သိုက်ပညာတတ်တယ် ဆိုတာ သိုက်တူးဖို့မဟုတ်ဘူး။ ပညာစခန်းနဲ့ ပတ်သက်လာရင် မိန်းကလေးတွေ အထူးသတိထားရမယ်။

နောက်ကြောင်း မအေးတဲ့စက်၊ သိုက်က တိုက်ရိုက်လာရင် သိုက်စက်ထဲ ရောက်တဲ့အခါ အနှောင့်ဓာတ်က



www.burmeseclassic.com

www.burmeseclassic.com

အမြဲဝင်တတ်တယ်။ သိုက်ကလာတာ မှန်ရင်တော့ သိုက်က ပြန်ခေါ်ကြတာပဲ။ သိုက်က ပြန်ခေါ်တာကိုသိတော့ အားကိုးရှာကြတာပဲ။ ကိုယ်က သိုက်ပညာတတ်ထားသော ကူညီလို့ ရတယ်။

**ကြာသပတေးဆိုတာ အထွက်စက်**လဲခေါ်တယ်။ **အဖျက်စက်**လဲခေါ်တယ်။ ထွက်ရပ်လမ်း၊ ထွက်ရပ်စခန်းကို ကျင့်ရင် အဲဒီက ထွက်ရတာပဲ။

**သောကြာကျတော့** ပညာစခန်းနဲ့ ပတ်သက်လာရင် အပြိုင်အဆိုင်ပေါ်မယ်။ ဆရာတွေ အများဆုံး တွေ့ရတယ်။ ဆရာဆိုတာ **ဂိုဏ်းဂဏဆရာ**ကို ခေါ်တယ်။

အဲဒီစက်မှာ အကြားအမြင် ဖွင့်ပေးလို့လွယ်တယ်။ ဖွင့်ပေးလို့လဲရတယ်။ ကိုယ်က ဆရာအလိုက်မမှားဖို့လိုတယ်။ ဆရာအလိုက်မှားရင် တစ်သံသရာလုံး မှောက်တတ်တယ်။ ဒါကို မြဲမြဲမှတ်ထား။

**စနေမှာတော့** ပညာစခန်းနဲ့ ပတ်သက်လာရင် စုန်းတိုက်၊ နတ်တိုက်၊ အင်းတိုက်၊ မှော်တိုက်၊ ကဝေတိုက်၊ ဆရာတိုက်၊ ဇော်ဂနီ၊ ဇော်ဂနက် အစရှိတဲ့ ဇနပဒဂန္ဓာရီ အတတ်ပညာတွေကို သိရတယ်။

**ရာဟုမှာကျတော့** အဝင်စခန်းရှိတဲ့ လူဟာ ပုဂ္ဂိုလ်ထိန်းမှရတယ်။ ပုဂ္ဂိုလ်မထိန်းရင် ရူးတတ်တာပဲ၊ ဒါကြောင့် သမထလုပ်လာရင် ဒီစက်ဟာ အရေးကြီးဆုံးပဲ။ ဒီနေရာမှာ ဘဝဆရာရဲ့ အဆုံးအမ ဩဝါဒ လက်မလွှတ်ဖို့ အရေးကြီးတယ်။

အဘတို့က မင်းတို့အတွက်ဆိုပြီး **"ဘ၊ ခ၊ မ၊ ခ"**လမ်းစဉ်ကို ဖွင့်ပေးတယ်။ ဒါဟာ အထင်အထွက်စခန်းပဲ။ အဝင်ရှိမှ အထွက်ရှိတယ်။ ဘေးဝင်ဘေးပေါက် ဘေးအတတ်ပဲ။ ဝင်တာက ခ,ခွေး(ခ)အက္ခရာ။ အဲဒါ **သာသနာစက်**ခေါ်တယ်။



အထွက်က ဘ,ကုန်း(ဘ)အက္ခရာ ဒါကို သတိထား။ အဝင်အထွက်ကို သိနိုင်ရင် အဝင်ကိုမိအောင် ကြိုးစား။ ဒါမှ အတွင်းစက်မိတယ်။ အတွင်းစက်မိမှလဲ အဘတို့ စောင့်ရှောက်လို့ရတယ်။ အတွင်းစက်ကို မိအောင် လုပ်ကြ။

ဝင်မိရင် (၈)နှစ်ကြာမှ တစ်ခွင်မိတယ်။ တစ်ပတ် ပတ်တယ်လို့ ခေါ်တယ်။ အဲဒီအခါကျမှ သာသနာ့အကြောင်း၊ ရက္ခအကြောင်း၊ ဘုမ္မိယအကြောင်း၊ နတ်အကြောင်း၊ ဆရာအကြောင်း၊ စုန်းအကြောင်း၊ ကဝေအကြောင်း သိလာမယ်။

အမိဋ္ဌာန်စခန်းကိုကျင့်ရင် ခန္တီပါရမီ အရေးကြီးတယ်။ ကျင့်ကြံအားထုတ်တဲ့ ကာလမှာ အိမ်မှာ အနှောင့်အယှက် အမြဲဝင်တတ်တယ်။ အနှောင့်အယှက်ဝင်လို့ မသိရင်၊ သည်းမခံရင် အလုပ်စခန်း ပျက်တတ်တယ်။ ဒါကြောင့် အဘတို့က **ခန္တီပါရမီ** အရေးကြီးတယ်လို့ ပြောတာ။

ဂုဏ်တော်(၉)ပါးနဲ့ တစ်နေ့ကို အပတ်ကြီး(၁၂)ပတ် (၁၀၈)ရက် တစ်ကမ္ဘာပြီးရင် တစ်ခွင်ရတယ်လို့ ခေါ်တယ်။

- ✧ **သုံးကမ္ဘာပြီးရင်** ဝီယသိဒ္ဓိပြီးတယ်။
- ✧ **ငါးကမ္ဘာပြီးရင်** မနသိဒ္ဓိပြီးတယ်။
- ✧ **ခုနစ်ကမ္ဘာပြီးရင်** ကာယသိဒ္ဓိပြီးတယ်။
- ✧ **ကိုးကမ္ဘာပြီးရင်** သိဒ္ဓိ,မဟိဒ္ဓိ လိုရာဆောင်လို့ရပြီ၊

ပိုင်အောင်လုပ်ကြ၊ သစ္စာအရေးကြီးတယ်။ သစ္စာမရှိရင်၊ မှားတာလုပ်မိရင် အပါယ်သွားမှာပဲ။

အခု ပြောခဲ့တာတွေဟာ **ဇနပဒဂန္ဓာရီနဲ့ စူဠဂန္ဓာရီအဆင့်**ပဲ ရှိသေးတယ်။ မဇ္ဈိမဂန္ဓာရီအဆင့်ကို မရောက်သေးဘူး။ ခေါ်မယ်၊ တီးမယ်ဆိုတဲ့ စိတ်က မထိန်းကြသေးဘူး။

အဲဒီအဆင့်မှာ ရပ်မနေကြနဲ့၊ မဇ္ဈိမဂန္ဓာရီကိုကူး၊ အဲဒီအဆင့်ပြီးမှ မဟာဂန္ဓာရီကို ရောက်တယ်။ မဟာဂန္ဓာရီမှာ အနုအရင့်ရှိသေးတယ်။ နုပြီးရင့်တော့ ရင့်ကြမှာပဲ၊

ရင့်လာရင် မဟာဂန္ဓာရီ အရိယမဂ္ဂဝိဇ္ဇာမိုရ်လိုင်းကို ကူးရမယ်။ အဲဒါမှ လောကကို ဖြတ်လို့ရမယ်။ သိဒ္ဓိ,မဟိဒ္ဓိ ဆောင်ပြီး **နာမရူပ ပရိစ္ဆေဒဉာဏ်** မရဘူး။

အဲဒါကြောင့် မြေလျှိုးမိုးပျံ အထက်ကိုတက်ပြီး အပါယ်သွားနေကြတာ အများကြီး။ ဒါကို ကြပ်ကြပ်သတိပြု။ နောက်ဆုံးကျတော့ လောကုတ္တရာကို ကူးကြမှာချည်းပဲ။

ရှေ့လဆက်ဖတ်ပါရန်

ရွှေတည် မြင့်ဖေ



www.burmeseclassic.com


www.burmeseclassic.com



ဤဆောင်းပါးကို မရေးမီ ရေးဖြစ်လာသည့် အကြောင်းကို ဖော်ပြချင်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၃၅၄)၊ စာမျက်နှာ(၂၃၃) နဂ္ဂါးရောင်ခြည်မဂ္ဂဇင်းတွင် ကိုကိုခန့်ချော(ကသာ) ရေးထားသည့် "အဘအောင်မင်းခေါင်နှင့် ကြုံခဲ့ရသည့် ကျွန်တော့်အဘွား" ခေါင်းစဉ်ပါ ဆောင်းပါးကို ဖတ်ရပြီး၍ စာရေးသူ၏ ဆွေမျိုးသားချင်းများ ပြောစမှတ် ရှိခဲ့သည်ကို အမှတ်ရသဖြင့် ဖြစ်ပါသည်။

ကိုကိုခန့်ချော(ကသာ)နှင့် စာရေးသူတို့သည် ကသာမြို့ အမည်တပ်ထားသော်လည်း ထီးချိုင့်မြို့ဇာတိများ ဖြစ်ကြပါသည်။

စာရေးသူက ကျောင်းမနေမီ သုံးနှစ်သားအရွယ်က ထီးချိုင့်မြို့တွင် ရဲဘော်ဖြူတွေ ဝင်လာပြီး အစိုးရတပ်နှင့် တိုက်ပွဲတွေ ဖြစ်သဖြင့် မိဘများက ကသာမြို့သို့ ပြောင်းခဲ့ပြီး ကသာတွင် ကြီးပြင်းကျောင်းနေကာ ကသာတွင် အခြေချနေထိုင်သူ ဖြစ်ပါသည်။



◆ အဘအောင်မင်းခေါင် ထီးချိုင့်သို့
ရောက်စဉ်က သိမြင်သမျှ ပြောပြသော
အသက်(၈၅)နှစ်ရှိ ဒေါ်မြကြည်အိမ်ရဲ့

ကသာ သင်းဖြိုး

# အဘအောင်မင်းခေါင်နှင့်

ဖဲရိုက်တိုင်း နိုင်လိုသူ

စာရေးသူသည် ထီးချိုင့်တွင် နှစ်ဖက်ဆွေမျိုးများ ရှိသဖြင့် ယနေ့ အချိန်ထိ ထီးချိုင့်နှင့် အဆက်အသွယ် မပြတ်ပါ။

စာရေးသူ ငယ်စဉ်က စာရေးသူ၏ အမေ့အစ်မကြီးဖြစ်သော ကြီးကြီးအိမ်





www.burmeseclassic.com

www.burmeseclassic.com

သို့ ကျောင်းပိတ်တိုင်း ရောက်ပါသည်။ ကြီးကြီးအိမ်နှင့် ကိုကိုခန့်ချော(ကသာ)၏ အမေအိမ်နှင့် မျက်စောင်းထိုးဖြစ်၍ ကြီးကြီးအိမ်တွင်နေသော (ကြီးကြီး၏တူမ)စာရေးသူ၏ အစ်မနှင့် သူငယ်ချင်းများ ဖြစ်ကြသည်။

ကိုကိုခန့်ချော၏ အမေသည် ဒေါ်မြကြည်ဖြစ်၍ စာရေးသူ ငယ်စဉ်က "ကြည်ကြည်"ဟု ခေါ်ပါသည်။ ယခု အသက်(၈၅)နှစ် ရှိပြီဖြစ်ပြီး စာရေးသူထက် (၁၄)နှစ်ကြီးပါသည်။

ကိုကိုခန့်ချော(ကသာ)၏ ဆောင်းပါး ပါလာသဖြင့် စာရေးသူလည်း သိထားသည်ကို ရေးချင်လာသည်ဖြစ်၍ "ကြည်ကြည်"ထံသို့သွားပြီး အဘအောင်မင်းခေါင်နှင့် တွေ့ရသည်များကို မေးကြည့်ပါသည်။

အဘအောင်မင်းခေါင် ထီးချိုင့်သို့ ရောက်သည်မှာ မှတ်မှတ်ရရ ကြည်ကြည် အသက်(၁၆)နှစ်က ဖြစ်သည်။ ဘာကြောင့် မှတ်မိသလဲဆိုလျှင် ကြည်ကြည် အသက်(၁၆)နှစ်တွင် အစ်မဖြစ်သူ "မြရီ"ခေါ်"အရီ" ဆုံးသောနှစ်ဖြစ်၍ မှတ်မိနေခြင်း ဖြစ်ပါသည်။

'အခြား ဘာများမှတ်မိသေးသလဲ'

ဟု စာရေးသူက ကြည်ကြည်အား မေးရာ...

'ဦးပိုးဆိုသူက အဘအောင်မင်းခေါင်နောက် လိုက်သွားတယ်။ မနေနိုင်တော့ ပြန်လာတယ်။ ဒါကြောင့် ဦးပိုးကို အဘအောင်မင်းခေါင်က...

"မင်း အိုးသူကြီးဖြစ်မယ့်ကောင် ပြန်ချင်ပြန်"

လို့ ပြောလိုက်တယ်တဲ့။

ထီးချိုင့်ပြန်ရောက်ပြီး မိန်းမရဲ့ ဆေးလိပ်ခုံထောင်တယ်တဲ့။ သူ့မိန်းမ ဒေါ်မြကသာ ဆေးလိပ်ခုံကို ဦးစီးလုပ်



တော့ ဦးပိုးက ဆေးလိပ် လိပ်သူတွေ စားဖို့ ထမင်းချက်ကျွေးရသတဲ့။

ဒါကြောင့် အဘအောင်မင်းခေါင် ပြောစကား မှန်တယ်လို့ လူတွေက ပြောကြတယ်'

ဟု ပြောပြ၍ သိခဲ့ရပါသည်။

* * *

## ဖဲရိုက်တိုင်း နိုင်လိုသူ

စာရေးသူ သိထားသည်ကို ရေးပြပါမည်။ စာရေးသူ၏ ဆွေမျိုးမကင်းထဲကပဲ ဖြစ်ပါသည်။ ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက်တွင်နေသူ ဦးမြိုင်သည် ဖဲရိုက်ဝါသနာကြီးသူ ဖြစ်သည်။ ဖဲဝိုင်းရှိလျှင် သူမပါသည်မရှိ။

တစ်နေ့သောအခါ အဘအောင်မင်းခေါင်သည် ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက်သို့ ရောက်နေစဉ် ယုံကြည်ကိုးကွယ်ကြသူများလည်း အဘအောင်မင်းခေါင်အနား ဝိုင်းအုံရောက်နေကြသည်။

အစွမ်းထက်သတဲ့၊ ဝိဇ္ဇာတဲ့၊ လိုချင်တာပြောပြလျှင် ဖြစ်အောင် လုပ်ပေးသတဲ့ စသည် စသည် လူပြောသူပြောများကြောင့် သိထားသဖြင့် ဦးမြိုင်ကလည်း သူ ဖြစ်ချင်တာကို ပြောမည်ဟု စိတ်ထဲက တေးထားသည်။

ဦးမြိုင်သည် အဘအောင်မင်းခေါင်နား ကပ်သွားပြီး...

'ကျွန်တော် ဖဲရိုက်တိုင်း နိုင်ချင်တယ်။ လုပ်ပေးပါ။ အဘကို အကူအညီတောင်းတာပါ'

ဟု ပြောလိုက်သည်။

အဘအောင်မင်းခေါင်က ပြုံးပြီး...

'ဟို အခါးပန်းကန်နဲ့ ရေခပ်ခဲ့'

ပြောရာ ဦးမြိုင်က အနီးရှိ လက်ဖက်ရည်သောက်ပန်းကန် (အခါးပန်းကန်)ကိုယူ၍ သောက်ရေအိုးမှ ရေကိုခပ်ပြီး အဘအောင်မင်းခေါင်အား ပေးလိုက်ပါသည်။

အနီးတွင်ရှိနေကြသော ယောကျ်ား၊ မိန်းမ ဟူသမျှတို့ကလည်း ဦးမြိုင်ကို ကြည့်လိုက်၊ အဘအောင်မင်းခေါင်ကို ကြည့်လိုက် ဖြစ်နေကြသည်။

အဘ အောင်မင်းခေါင်ကလည်း စကားပြောလက်စ ရှိသူတွေနှင့်သာ စကားပြောနေပြီး ရေခပ်ထားသော အခါးပန်းကန်ကို ကိုင်ထားပါသည်။ တစ်အောင့်လောက်ကြာသောအခါ...

'ရော့...သောက်လိုက်'

ဟု ဦးမြိုင်ကို အဘအောင်မင်းခေါင်က ပေးပါသည်။ မန်းခြင်း၊ မှုတ်ခြင်းလည်း မလုပ်ပါ။

ဦးမြိုင်ကလည်း ယူသောက်အပြီး...

'ခဏနေဦး'

ဟု အဘအောင်မင်းခေါင်က ပြောပါသည်။ တော်တော်ကြာမှ...

'ကဲ...မင်းသွားတော့'

ဟု ဦးမြိုင်အား လွှတ်လိုက်ပါသည်။

ဦးမြိုင်ကလည်း ဝမ်းသာအားရ





www.burmeseclassic.com

www.burmeseclassic.com

ဖဲဝိုင်းရှိရာသို့ အသော့နှင်ပါတော့သည်။ ဖဲသမားဆိုတော့လည်း ဖဲဝိုင်းဘယ်မှာရှိသည်ကို အတပ်သိသည့်အတိုင်း ဖဲဝိုင်းသို့ရောက်သော် အိမ်ပြည့်(လူပြည့်)နေသဖြင့် ဝင်မကာစားရပါ။

သို့သော် ရှုံးသူထွက်လျှင် ဝင်၍ရိုက်ရန် ဘေးမှ ထိုင်စောင့်နေသော်လည်း မရိုက်ရသဖြင့် မကျေမချမ်းသာ ပြန်လာခဲ့ရပါသည်။

ဤသို့ဖြင့် ဖဲဝိုင်းသို့သွားတိုင်း မရိုက်ဖြစ်တာနှင့်၊ အလုပ်မအားသဖြင့် ဖဲရိုက်မသွားဖြစ်တာနှင့် စသည့်အကြောင်းအမျိုးမျိုးကြောင့် ဟုတ်တိပတ်တိ ရိုက်ရသည် မရှိပါ။

တစ်နေ့သောအခါ မြေပဲခင်းထဲတွင်ရှိသော တဲအိမ်တွင် ချိန်းဝိုင်းဖြစ်သဖြင့် ရိုက်ဖြစ်ကြပါသည်။ တစ်လက်ခြား၊ နှစ်လက်ခြား ဆက်တိုက်ခန့် နိုင်နေသဖြင့် ဦးမြိုင်၏ရှေ့တွင် ပိုက်ဆံတွေပုံနေသည်။

ထိုစဉ်က ပဲ၊ မှုံ့စများ သုံးသောခေတ်ဖြစ်ဖြစ်၍ ငွေအကြွေစေ့ကခပ်များများဖြစ်သည်။

ထိုစဉ် ဆယ်အိမ်ခေါင်း ဦးဆောင်လျက် ပုလိပ်(ယခင်ခေတ်အခေါ်)များ သူတို့တဲရှိရာသို့ လာနေသည်။

'ပုလိပ်တွေ လာနေတယ်၊ ပုလိပ်တွေ လာနေတယ်'

ဟု အော်သံကြားရသဖြင့် ဖဲဝိုင်းရှိသမျှ အားလုံး ထပြေးကြရသည်။

နိုင်ထားသော ပိုက်ဆံများလည်း ရမိရရာ ဆုပ်ကိုင်လိုက်ရသလို ငွေအကြွေစေ့များမှာ ကြမ်းကြားမှအောက်သို့ ကျလိုကျဖြင့် အကုန်မရလိုက်ပါ။ တဲပေါ်မှ ဆင်းပြေးပြီး ပြောင်းခင်းထဲ ပုန်းကြရသည်။

နောက်မှ သိသည်မှာ လွန်ခဲ့သော (၃)ရက်လောက်က ပစ္စည်းပျောက်တိုင်ထားသဖြင့် သူခိုးဟု ယူဆရသူအား လာ၍ဖမ်းသည်ဟု သိရပါသည်။

ထိုသို့ ဖြစ်ပြီးသည်မှ ဦးမြိုင်သည် ဖဲရိုက်ရန် စိတ်မပါတော့ပါ။ ဖဲရိုက်ရန်လာခေါ်သော်လည်း မလိုက်ချင်လောက်အောင် ဖြစ်သွားပါသည်။

မိမိအလုပ်ကိုသာ တစိုက်မတ်မတ်လုပ်သဖြင့် ကြီးပွားလာပြီး ဆီစက်ထောင်နိုင်သူ ဖြစ်လာပါသည်။

ထီးချိုင့်မြို့ပေါ်တွင်ရှိ ဘုန်းကြီးကျောင်းတိုင်းတွင် ဦးမြိုင် လှူထားသော ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်များ ယနေ့တိုင် ရှိနေဆဲဖြစ်ပါသည်။

***အားလုံး စီးပွားတိုး၍ ချမ်းသာကြပါစေ။***

**ကသာ သင်းမွှေး**

---

**၂၀၁၆ ခုနှစ်၊ ဧပြီလ**



**အထွက် ရွေးချယ်ပါ ဤဂဏန်း**

၂၀၁၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၂၇ |
| **ဧပြီလ** | + ၄ |
| **ခုနှစ်** | ၂၀၁၆ |
| | ၂၃၄၇ = ၁၆ = ၇ |

**အကြိမ်**၊ လ၊ ခုနှစ်များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၇) ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၄၊ ၅၊ ၇၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၅၊ ၇၊ ၉** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| | | | | |
|---|---|---|---|---|
| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
| ၁...၁ | ၄...၁ | ၅...၁ | ၇...၁ | ၉...၁ |
| ၁...၄ | ၄...၄ | ၅...၄ | ၇...၄ | ၉...၄ |
| ၁...၅ | ၄...၅ | ၅...၅ | ၇...၅ | ၉...၅ |
| ၁...၇ | ၄...၇ | ၅...၇ | ၇...၇ | ၉...၇ |
| ၁...၉ | ၄...၉ | ၅...၉ | ၇...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်း တွင် **၄၊ ၅၊ ၇၊ ၉** ဂဏန်းများ ဦးစားပေးရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့် "**ခုနှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၄ + ၂ + ၀ + ၁ + ၆) = ၁၃ = ၄ ရသည်။ သို့ဖြစ်၍ "၄"ဂဏန်းမှာ အထူးအားကောင်းလှပါသည်။ သို့ဖြစ်၍...



စ... ဆုံး

| | | | | | |
|---|---|---|---|---|---|
| ၁... | ၁၊ | ၄၊ | ၅၊ | ၇၊ | ၉ |
| ၄... | ၄၊ | ၅၊ | ၇၊ | ၉၊ | ၁ |
| ၅... | ၅၊ | ၇၊ | ၉၊ | ၁၊ | ၄ |
| ၇... | ၇၊ | ၉၊ | ၁၊ | ၄၊ | ၅ |
| ၉... | ၉၊ | ၁၊ | ၄၊ | ၅၊ | ၇ |

ဤလတွင် **ဗုဒ္ဓဟူးနှင့်စနေ** သားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ နယ်ဒေသရှိ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စေတီတစ်ဆူဆူတွင် "၄"ရက် အဓိဋ္ဌာန်ဝင်ပြီး ဒိဝါတပတီအစချီ လာဘ်ပွင့်ဂါထာတော်ကို ပုတီးပတ် သက်ခံစု ရွတ်ပွားပူဇော် အဓိဋ္ဌာန်ဝင်ပေးပါ။

ထိုအဓိဋ္ဌာန်အောင်မြင်ပါက မိမိတို့ဝန်းကျင်ရှိ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအား တတ်နိုင်သမျှ အာဟာရဒါနပြုပေးပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

**♦၅၅၇၇၉၄ ♦၅၇၉၉၄၄ ♦၇၄၁၅၄၇**

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (သုတေသီ)**

www.burmeseclassic.com



အိပ်မက်ပမာ

# ဘဝ ဝက်ပါ

ဧရာမြေ ကျော်ဇေ

လယ်ကြီးကွင်းကျေးရွာသည် လူနေအိမ်ခြေပေါင်း (၁၀၀၀)ကျော်ခန့်ရှိသဖြင့် ရွာကြီးတစ်ရွာဟု ခေါ်ဆိုရပေမည်။

ရွာဦးထိပ်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ကိုးတောင်ပြည့်စေတီငယ်လေးက ထုံးဖြူဖြူဖွေးဖွေးနှင့် ဆည်းလည်းသံများကလည်း ရွာ၏ ကျက်သရေကို ဖော်ညွှန်းနေသည့်အလား ဂီတသံပမာ နားဝင်ချိုလှပေသည်။

ထိုဘုရားဖြူလေး၏ အနီးတွင် ဇရပ်တစ်ခုက မားမားမတ်မတ် ဥပုသ်သီလစောင့်သူတို့အတွက် အဆင်ပြေလှသည်။

ဦးကံရွှေတစ်ယောက် ယခုလို အသက်အရွယ်မှာ ပုတီးစိပ် တရားထိုင်ရသည့် အရသာသည် စိတ်အေးချမ်းမှုရသည့်အတွက် အရသာ တကာတို့တွင် အထွတ်အထိပ်ဟု မှတ်ယူနေပေသည်။

ငယ်စဉ် ကလေးဘဝတည်းက ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးကို ယုံကြည်သူဖြစ်သည့်အတွက် လူကြီးများ ဥပုသ်စောင့်သွားတိုင်း အမြဲလိုက်ရမှ ကျေနပ်သူတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းစေတီပျက်ကြီးကို ပြန်လည်ပြုပြင်ပြီး သူကြီးဦးသာမောင်လက်ထက်က တည်ထားကိုးကွယ်ခဲ့သော ထိုကိုးတောင်ပြည့်စေတီလေးသည် နှစ်စဉ် ထုံးသက်နုံးကပ်ပြီး ဘုရားပွဲ ကျင်းပလေ့ရှိသည်။

ဤဘုရားဖြူလေးတွင် ဥစ္စာစောင့် ညီအစ်မသုံးဖော် မကြာခဏ ဘုရားဖူးလာကြသည်ဟု ဆရာတော်ဦးကုသလက ပြောသည်။

တွေ့ဖူးကြုံဖူးသူတို့က ယုံကြသည်။ ကိုကံရွှေနှင့် ကိုအောင်ဘတို့ လူပျိုကာလသားအရွယ်တုန်းက တွေ့ကြုံခဲ့ရသော မဟာဆန်းဆန်းဇာတ်လမ်းလေးတစ်ပုဒ်ကို ဦးကံရွှေတစ်ယောက် ပြန်လည်၍ မြင်ယောင်မိပါသည်။

* * *

လယ်ကြီးကွင်းရွာတွင် ဦးတက်တိုး၊ ဒေါ်ယဉ်ကျော့တို့ ဇနီးမောင်နှံတွင် သားနှစ်ယောက်ရှိသည်။

မိဘများက ကြေးရတတ်များ ဖြစ်ကြသဖြင့် သားကြီး ကံရွှေနှင့် သားငယ်အောင်ဘတို့ကို တစ်ရွာတည်းသား မိန်းကလေးများနှင့် သဘောမတူသဖြင့် ညီအစ်ကိုနှစ်ယောက် ရည်းစားပင် မထားရဲကြပေ။

တစ်ယူသန်သူ ဖခင်ဦးတက်တိုးက သပြေပင်လှရွာမှ သူငယ်ချင်းဖြစ်သူ ဦးရွှေအောင်၊ ဒေါ်သိန်းဆင့်တို့၏ သမီးကညာများနှင့် သဘောတူထားသည်၊ သမီးများဖြစ်ကြသော မမြဆင့်နှင့် မလှဆင့်တို့ကလည်း မိဘစကားကို နားထောင်ကြသည်။

တပေါင်းလတွင် လပြည့်နေ့ကို အဓိကထားပြီး ဘုရားပွဲကို သုံးရက်ကျင်းပကြသည်။ သပြေပင်လှရွာမှ မမြဆင့်နှင့် မလှဆင့်တို့ကို အောင်ဘနှင့် ကံရွှေတို့ ညီအစ်ကိုနှစ်ယောက်က လှည်းဖြင့် သွားခေါ်ရမည်။

သားနှစ်ယောက်အတွက် အနေနီးစပ်ရန် ဖခင်ဦးတက်တိုး၏ စီမံခြင်း



ဖြစ်သည်။

'ကံရွှေနဲ့ အောင်ဘ... ဘုရားပွဲကို အလည်လာမယ့် ငါ့ချွေးမလောင်းလေးတွေကို မင်းတို့ အခုပဲ လှည်းဆင်ပြီး သွားခေါ်ရမယ်။ မင်းတို့က မမြင်ဘူးလို့ အသွင်ထုးနေကြတာပါ။ ကလေးမလေးတွေက ဥစ္စာပေါ်ရုပ်ချောလေးတွေပါကွာ၊ သူ့အမေ ဒေါ်သိန်းဆင့်လဲ ပါမှာပါ'

ဟု ဦးတက်တိုးက ဆိုသောအခါ ကိုကံရွှေက...

'အဖေကလဲ သားတို့က မမြင်ဘူး။ မတွေ့ဘူးတော့ သူတို့ကို သွားခေါ်ရမှာ ရှက်တာပေါ့'

ဟု ပုဝါးကို လည်မှာခွဲပြီး ပြောလေသည်။ ညီဖြစ်သူ အောင်ဘက...

'အစ်ကိုကထိ ယောက်ျားနဲ့ မိန်းမ ဘာရှက်စရာမှတ်လို့ မိဘတွေက သဘောတူပြီး လမ်းကြောင်းခင်းပေးတာပဲ'

ဟု ပြောပြောဆိုဆို ငှက်ကြီးတောင်ဓားကို ဓားအိမ်တွင်းမှ ထုတ်ပြီး သံချေးတက်နေသော ဓနရာများကို ကော်ပတ်ဖြင့် ပွတ်နေတော့သည်။

ဖခင်ဦးတက်တိုးနှင့် မိခင်ဒေါ်ယဉ်ကျော့တို့နှစ်ယောက်က သားနှစ်ယောက်ကိုကြည့်ပြီး ဒေါ်ယဉ်ကျော့က...

'ကျုပ်သားကြီးက တရားသမားပါတော်...သွားလေရာ သူ့ရဲ့လက်စွဲက ပုတီးတစ်ကုံး အမြဲဆောင်တယ်တော့'

'ငါ့သားငယ်ကလဲ မဟုတ်မခံ အဆောင်ဓားက အမှန်ပါပဲကွာ၊ လမ်းခရီးဆိုတာ သူတော်ကောင်း၊ သူယုတ်မာဆိုတာ မပြောနိုင်ဘူးလေ'

ဟု ဦးတက်တိုးက ပြန်လည်ပြောသောအခါ ဒေါ်ယဉ်ကျော့က...

'သားနှစ်ယောက် မွေးထားရတာ တစ်ယောက်သောသူက တရားတစ်ဖက်၊ တစ်ယောက်သောသူက ဓားတစ်လက် သမား၊ စိတ်ဓာတ်ချင်း မတူညီကြပေမယ့် ညီအစ်ကိုနှစ်ယောက်က သွေးစည်းပြီးသားတွေပါ'

ဟု သားနှစ်ယောက်တို့ ထွက်ခွာသွားသော နွားလှည်းကို မျက်စိတစ်ဆုံး ကြည့်ပြီး ပြောလိုက်လေတော့သည်။

လယ်ကြီးကွင်းရွာနှင့် သပြေပင်လှရွာသည် ဆယ်မိုင်မျှ ဝေးသည်၊ လမ်းခရီး ငါးမိုင်ခရီးတွင် ကံဆယ်ရွာလေးတစ်ရွာရှိသည်။

ကံဆယ်ရွာလေး၏ သချိုင်းအလွန် ဘုရားပျက်စေတီငုတ်တိုများ အနီးသို့ ရောက်သောအခါ သူတို့လှည်းကို မိန်းမချောလေး သုံးယောက်က မောကြီးပန်းကြီးဖြင့် အကူအညီတောင်းသည်။

'ကျွန်မတို့ ညီအစ်မသုံးယောက်ကို ကူညီပါဦးရှင်၊ လယ်ကြီးကွင်းရွာက ဘုရားပွဲကို သွားမလို့ လှည်းဆင်ထားတဲ့မှာ လူဆိုးဓားပြတွေက လုယူပြီး ထွက်ပြေးသွားကြပါတယ်။ ကျွန်မတို့မှာ ပါလာတဲ့ လက်ဝတ်လက်စားတွေကိုလဲ ပေးလိုက်ရပါတယ်'

ဟု ထိုမိန်းကလေးသုံးယောက်ထဲမှ အလတ်မက သွက်လက်စွာ ပြောလေသည်။ အောင်ဘမှ...

'တောက်တစ်ချက် တက်ခေါက်ပြီး ကျွန်တော်တို့ကလဲ သပြေပင်လှရွာကို ညှိသည်ခေါ်ဖို့ သွားရမှာပါဗျာ၊ ခင်ဗျားတို့ကို လှည်းကြုံတင်ပြီး နောက်ကြောင်း လှည့်ပြန်ဖို့က မဖြစ်နိုင်ဘူးထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုသောအခါ ထိုမိန်းကလေး သုံးဦးထဲမှ အကြီးမဖြစ်သူ နန်းရွှေစင် ဆိုသူက…

'ရှင်တို့ သွားမယ့် သပြေပင်လုရွာဘက်ကို လူဆိုးတွေက ကျွန်မတို့လှည်းကို ယူပြီး လက်နက်တွေကို တင်ပြီး ထွက်သွားကြပြီ။ ရှင်တို့က နှစ်ယောက်တည်း အန္တရာယ်များ လှပါတယ်ရှင်၊ လာလမ်းကိုသာ ပြန်လိုက်ပါ။ ကျွန်မတို့လဲ အဖော်ရတာပေါ့'

ဟု နန်းရွှေစင်က ဆိုသောအခါ လှည်းပေါ်တွင် ပုတီးစိပ်မပျက် ထိုင် လျက် လိုက်လာသူကို ကံရွှေက…

'ကဲပါ အောင်ဘရယ်… အန္တရာယ် များလှပါတယ်ကွာ၊ ငါတို့ ရှေ့ဆက် သွားလဲ လမ်းက စောင့်ပြီး ဓားပြတွေ က လုယက်တော့မှာ ဒီက နမကြီး ပြောတဲ့စကားက မှန် လောက်ပါတယ် ကွာ။ ငါတို့နောက်ကြောင်း လှည့်ပြန် ကြရအောင်'

ဟု ဆိုသောအခါ အောင်ဘ သည်…

'ခင်ဗျားတို့သုံးယောက်နဲ့ တွေ့ရ တာ ကံကောင်းသလို ကျုပ်တို့အတွက် က ကံဆိုးသဗျာ'

ဟု ဆိုလေသည်။ နန်းယဉ်သွယ် ဆိုသူ အလတ်မလေးက အောင်ဘကို မရဲတရဲကြည့်ပြီး…

'ဓားပြတွေက သပြေပင်လုရွာက သူဌေး ဦးရွှေအောင်နဲ့ ဒေါ်သိန်းဆင့်တို့အိမ်ကို ဒီည ဓားပြတိုက်မယ်လို့ ပြောသံကိုတော့ သဲ့သဲ့ ကြားလိုက်ရတာပဲ၊ ကျွန်မတို့ ညီအစ်မ သုံးယောက်လဲ ကြောက်ကြောက်နဲ့ ပြေး လာလိုက်တာ ဒီက မောင်ကြီးတို့ ဖူးညီး ကြုံနဲ့ တွေ့လို့သာပေါ့'

ဟု ဆိုသောအခါ အောင်ဘသည် လှည်းကို သပြေပင်လုရွာဘက်သို့ ဦးတည်လိုက်ပြီး "တောက်" တစ် ခေါက်လိုက်လေတော့သည်။

'အစ်ကိုကြီး… ကျွန်တော်တို့ ဒီ ဓားပြတွေရန်က လွတ်အောင် အချိန်မီ ရွာကို အရောက်သွားကြမယ်ဗျာ၊ ကဲ…အမိတို့လဲ ဒီလှည်းပေါ်က ဆင်း ပြီး လှည်းကြုံကိုသာ စောင့်ပြီး လယ် ကြီးကွင်းရွာက ဘုရားပွဲကို သွားကြပေ တော့'

ဟု ဆိုသောအခါ အငယ်မဖြစ်သူ နန်းစုနွယ်ဆိုသူက…

'အစ်ကိုကြီးတို့က နန်းတို့ ညီအစ်မတွေရဲ့ စကားကို မယုံကြည်ကြဘူးထင်တယ်။ အစ်မတော်ကြီးနန်းရွှေစင်နဲ့ အစ်မလတ် နန်းယဉ်သွယ်ရဲ့ စကားတွေက အချည်းအနှီး တွေဖြစ်ကုန်ပြီ၊ ကျွန်မတို့ညီမတွေက တောင်းတောင်းပန်ပန် အကူအညီတောင်း တာကို အစ်ကိုကြီးတို့က မကူညီချင်ကြဘူး'

ဟု နန်းစုနွယ်က ဆိုသောအခါ ပုတီးစိပ်မပျက်သော ကိုကံရွှေက…

'ညီလေးအောင်ဘ… မင်း စဉ်းစားပြီးမှ ဆုံးဖြတ်ပါ၊ ဒီမိန်းကလေးသုံးယောက်ကို ငါတို့ထားပစ်ခဲ့ရင် သူတို့အတွက်က မလုံခြုံ ဘူး။

ဒုက္ခသည်ကို ဥပေက္ခာပြုရာကျမယ်၊ နမ ချင်း မစာနာရာကျမယ်။ သူတို့ကို ကူညီပြီး သူတို့ လိုရာခရီးကို ပို့ပေးလိုက်ပါကွာ'

ဟု ဆိုသောအခါ…

'အစ်ကိုကြီးကလဲ သပြေပင်လုရွာဘက်ကို မသွားချင်လို့ ဒီစကားပြောတာလား။ နွား တွေကလဲ မောင်းလို့ မရ၊ လှည်းကလဲ ဘီးမလှိမ့် ခက်တော့ ခက်နေတာပဲ'

ဟု အောင်ဘက ပြောပြောဆိုဆိုဖြင့် နောက်ကြောင်းသို့ ပြန်လှည့် မောင်း သောအခါ နွားနှင့်လှည်းက ရှောရှော ရှုရှုပင် သွားလေသည်။

လှည်းကလေးသည် နေဝင်ရီတရော အချိန်တွင် မမျှော်လင့်ဘဲ အလွန် သာယာသော ရွာကလေးတစ် ရွာသို့ ရောက်သွားလေတော့သည်။

အကြီးမ နန်းရွှေစင်က လှည်းပေါ် မှ ဆင်းပြီး…

'ဒီရွာလေးက ကျွန်မတို့ညီအစ်မတွေ နေထိုင်တဲ့ မြင်သာယာရွာကလေးပါ။ ကျွန်မ တို့က ကြုံတုန်း ကိုကံရွှေနဲ့ ကိုအောင်ဘကို ဧည့်ဝတ်ပြုပါရစေ'

ဟု ပြောပြီး ခပ်သွက်သွက် လှည်း ပေါ်မှ ဆင်းသွားလေတော့သည်၊

နန်းယဉ်သွယ်နှင့် နန်းစုနွယ်တို့က ကိုကံရွှေနှင့် ကိုအောင်ဘတို့ကို စောင့် ခေါ်ပြီး လှည်းနှင့် နွားတို့ကို ဖြုတ်ပြီး အိမ်တစ်အိမ်တွင် အပ်ထားခဲ့ကြလေ သည်။

ကြီးမားသော အိမ်ကြီးနှင့် ခြံဝိုင်း ကြီးက ကျယ်ဝန်းလှသလို ဒီပျဉ်ထောင် သွပ်မိုး သစ်သားအိမ်ကြီးတွင် ကိုအောင်ဘတစ်ယောက် ပျော်ပိုက်မိ သည်။ ကိုအောင်ဘတို့ ချမ်းသာ တယ်ဆိုတာထက် နန်းယဉ်သွယ်တို့ က ဆယ်ဆမက ချမ်းသာခြင်းက သာ သည်။

ဝတဒက်အတွင်းမှာပင် ကိုအောင်ဘ နှင့် နန်းယဉ်သွယ်တို့ နှစ်ဦးမျက်လုံးချင်း ဆုံတော့ ရင်ခုန်ခဲ့ရသည်။

နန်းရွှေယဉ်ကလည်း ခြံထွက် ဩဇာသီး၊ မာလကာသီး၊ ငှက်ပျောသီး တို့ကို ချကျွေးလေသည်။

'ကျွန်မတို့က သက်သတ်လွတ် စား ကြသူတွေပါ၊ ဒီအသီးအနှံတွေက လတ်ဆတ် သန့်ရှင်းပါတယ်၊ အရသာ လဲ ရှိပါတယ်၊ မောင်ကြီးတို့ သုံးဆောင် ကြပါရှင်'

ဟု ဧည့်ဝတ်ကျေပွန်စွာဖြင့် ဧည့်ခံ လေသည်။ ကိုကံရွှေသည် နန်းရွှေစင် နှင့် မျက်လုံးချင်းဆုံခဲ့ပေမယ့် ရင်မခုန် ဝံ့ပါ။

'ဒီအိမ်ကြီးမှာက နန်းရွှေစင်တို့ ညီအစ်မသုံးယောက်တည်း နေကြတာ လား၊ မိဘတွေကော မရှိကြဘူးလား'

ဟု မေးသောအခါ နန်းရွှေစင်က…

'ကျွန်မတို့ညီအစ်မတွေက အဘိုးနဲ့အတူ နေကြတာပါ၊ ကျွန်မအဘိုးက ကိုကံရွှေလိုပဲ ပုတီးစိပ်တယ်လေ၊ လယ်ကြီးကွင်းရွာက ဘုရားဖြူလေးမှာ နေ့စဉ် ဘုရားဝတ်ပြု ပုတီးစိပ်နေကြပါ။ အခု အဘိုးက မပြန်သေး ဘူး ဘိုးမှတ်ထင်လို့ အမည်တွင်ပါသည်'

ဟု နန်းရွှေစင်က ပြောပြလေသည်။

www.burmeseclassic.com

နန်းရွှေစင်က ဆက်လက်ပြီး...

'ကိုကံရွှေကို ကျွန်မ အကူအညီတစ်ခု တောင်းချင်ပါတယ်၊ ကျွန်မ ညီမလတ် နန်းယဉ်သွယ်နဲ့ ကိုကံရွှေရဲ့ညီ ကိုအောင်ဘ တို့က ဘဝဟောင်းက ချစ်တဲ့သူတွေပါ။

ယခုဘဝသစ်မှာလဲ သူတို့ရဲ့ ချစ်ခြင်းကို မခွဲချင်ပါဘူး။ ကိုကံရွှေက တရားသမား ဆိုတော့ နန်းယဉ်သွယ်နဲ့ သဘောတူပေးပါ'

ဟု ပြောသောအခါ ကိုကံရွှေသည် ဦးခေါင်းကို ခါယမ်းပြီး...

'မဖြစ်နိုင်တာကို မပြောပါနဲ့ဗျာ၊ ကျုပ်နဲ့ ကျုပ်ညီက သပြေပင်လှရွာက မမြဆင့်နဲ့ မလှဆင့် ညီမနှစ်ယောက်နဲ့ စေ့စပ်ထားတာဗျ။ မကြာခင် ယူကြမှာဗျ။ မိဘတွေရဲ့ သဘောထားကို ကျွန်တော်တို့က လက်ခံထားတာဗျ'

ဟု ခပ်ရဲရဲ ပြောသောအခါ နန်းရွှေစင်က...

'ကိုကံရွှေရဲ့ ညီကိုလဲ မေးကြည့်ပါဦး။ ကိုကံရွှေကသာ အတိုင်ပြောနေတာ၊ ကိုကံရွှေလဲ မမြဆင့်နဲ့ မညားပါဘူး။ ကိုအောင်ဘကတော့ မလှဆင့်နဲ့ လုံးဝ ဖူးစာမပါဘူး။

ကျွန်မပြောတာကို ယုံပါ၊ ကိုကံရွှေကိုတော့ ကျွန်မ ပြန်ခွင့်ပေးပါ့မယ် ဘာပြုလို့လဲ သိလား၊ ကိုကံရွှေက ပုတီးမှန်မှန်စိပ်တဲ့ တရားသမားဖြစ်လို့ပါ။

ကျွန်မ အနှောင့်အယှက်မပေးလိုပါဘူး၊ ကျွန်မက ကိုကံရွှေအပေါ်မှာ သံယောဇဉ် ရှိပေမယ့် ကိုကံရွှေက ကျွန်မအပေါ် မေတ္တာ မမူနိုင်လို့ပါ။ စောစောစီးစီး လမ်းခွဲတာပဲ ကောင်းပါတယ်'

ဟု နန်းရွှေစင်က ပြောပြီး ခြံကြီး တစ်ခု အလွန်သာယာသော ပန်းမျိုးစုံ ပွင့်သည့် ခြံကြီးထဲတွင် နန်းယဉ်သွယ် နှင့် ကိုအောင်ဘတို့ ဒန်းစီးလျက် နှစ်ယောက်အတူ ကြည်နူးနေကြ သည်ကို ကိုကံရွှေကို လက်တွေ့ပြ သောအခါ ကိုကံရွှေက ညီဖြစ်သူကို ခေါ်ပြီး...

'ညီလေး တို့တွေ ပြန်ကြရအောင် ကွာ အဖေနဲ့အမေ စိတ်ပူနေကြလိမ့်



မယ်'

ဟု တိုးတိုးလေး ပြောပြီး ခေါ်ပေမယ့်၊ အချစ်စိတ်မွှန်နေသော ညီဖြစ်သူ အောင်ဘက...

'ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့ အစ်ကို ကြီးရယ် ကျွန်တော် နန်းယဉ်သွယ်ကို ရင်ဝယ်ခင်တွယ် ကြင်နာပြီဗျ၊ ကျွန်တော် ပြန်မလိုက်တော့ဘူး။ နန်းယဉ်သွယ်နဲ့ပဲ လက်ထပ်ပြီး ဒီမြိုင်သာယာရွာကလေးမှာပဲ အပြီးတိုင် နေတော့မယ်'

ဟု ဆိုသောအခါ ကိုကံရွှေ အခက်တွေ့ရလေတော့သည်။

နန်းယဉ်သွယ်ကလည်း...

'ကျွန်မတို့နှစ်ယောက်က ဟိုး အရင် ဘဝဟောင်းတွေကတည်းက ချစ်သူတွေပါ။ ကျွန်မချစ်တဲ့သူကို ကျွန်မ ပြန်မလွှတ်နိုင်ပါဘူး။ ကျွန်မကို သနားရင် ပြန်မခေါ်သွားပါနဲ့။

မောင်ကြီးအောင်ဘ ပြန်သွားတဲ့ နေ့မှာ ကျွန်မ ရင်ကွဲနာကျပြီး သေတဲ့ နေ့ဖြစ်မှာပါ။ အစ်ကိုကြီးအတွက် အမှတ်တရ လက်ဆောင်အဖြစ် မမကြီး နန်းရွှေစင်က ငွေဒင်္ဂါး (၉)ပြား ပေးလိုက်မှာပါ။

ညီမလေး နန်းစုနွယ်ကလဲ အစ်ကို ကြီး လမ်းမှာစားဖို့ သီးမွှေး ငှက်ပျော သီးတစ်ခိုင်ကိုလဲ လှည်းပေါ်မှာ တင် ထားပြီးပါပြီ'

ပတ္တမြားအလင်းရောင် တောက်ပ သော ထိုအိမ်ကြီးမှ ကိုကံရွှေတစ် ယောက် ထွက်ခွာလာခဲ့ရသော်လည်း ညီဖြစ်သူကို ထားခဲ့ရသဖြင့် စိတ်က မချ၊ ခေါင်းတခါခါဖြင့်သာ လှည်းကို မောင်းပြီး ထွက်ခွာလာခဲ့လေတော့သည်။

နွားလှည်းလေးသည် ဂူထဲမှ ဂူပြင်သို့ ထွက်လိုက်သော အခါ ဂူတံခါးကြီး သည် အလိုလိုပိတ်သွားပြီး တောတန်းကြီးသာ ဖွယ်အဖြစ်သာ မြင် တွေ့ရတော့သည်။

ငှက်ပျောခိုင် တစ်ခိုင်ကလည်း ရွှေဝါရောင်သီးမွှေးများဖြင့် ပြည့်ကျပ် နေသလို သူ၏ အင်္ကျီတိုက်ပုံ အိတ်ကပ် ထဲတွင်လည်း ရှေးဟောင်း ငွေဒင်္ဂါး စစ်စစ်(၉)ပြားက အဝတ်စလေးနှင့် ထုပ်လျက် ပါလာခဲ့သည်။

အိပ်မက်မဟုတ်သော တကယ် ဖြစ်ရပ်မှန်က ထင်ရှားနေသည်။ အောင်ဘတစ်ယောက် မဘက်လိုက်၍ မိုက်ဘက် ပါသွားသည်ဟုသာ သူ ပြောနိုင်တော့သည်။

လူစင်စစ်နှင့် ဥစ္စာစောင့်တို့၏ ချစ်ခြင်းက အံ့ဩကုန်နိုင်ဖွယ်ပင် ဖြစ်ခဲ့လေတော့သည်။

မိဘများက အောင်ဘအတွက် ယူကျုံးမရ ဖြစ်ခဲ့ရသည်။

မြိုင်သာယာရွာကို ယနေ့တိုင် ရှာ ပါသော်လည်း အစအနပင် မတွေ့ရ တော့ပါ။ တစ်ခါက တစ်ဘဝ မြိုင် သာယာရွာလေးကို သတိရမိသည်က ကိုကံရွှေပါ။

ယခု အသက်(၈၀)ပင် ပြည့်ခဲ့သော် လည်း လူပျိုကြီး တစ်ကိုယ်တည်းဘဝ ဖြင့်သာလျှင် ဥပုသ်စောင့်မပျက် ပုတီးစိပ်လျက်ပင်။

လယ်ကြီးကွင်းရွာက မွှာရုံလေး ပေါ်တွင် ရှေးဟောင်းနှောင်းဖြစ် စဉ်း စားခြင်းက ညီဖြစ်သူ အောင်ဘ အတွက် ယူကျုံးမရ ဖြစ်ခဲ့ရလေတော့ သည်။

ရှင်လျက်ဖြင့် ဥစ္စာစောင့်တို့၏ သိုက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ကျန်ခဲ့သောညီသည် သေသည် ရှင်သည် ဘာမျှမသိ အိပ်မက်ပင် မပေးပါ။ တတ်လည်း တတ်နိုင်ပါပေ့၊ လူနှင့်ဥစ္စာစောင့်တို့ဆိုတာ ကိုယ်တွေ့ ကြုံမှ ယုံခဲ့ရလေပြီ။

မိခင်ဖြစ်သူ ဒေါ်ယဉ်ကျေး တစ်ယောက်ကတော့ သားဖြစ်သူ အောင်ဘတစ်ယောက်အတွက် စိတ်သောကရောက်ပြီး အသက် ခြောက်ဆယ်ကျော်တွင် ကွယ်လွန်သွားခဲ့လေသည်။ ဖခင်ဦးတက်တိုးကတော့ အသက်(၈၀)အရွယ်တွင် ကွယ်လွန်သွားသည်။

အမွေခံဆိုလို့ ကိုကံရွှေတစ်ယောက်သာလျှင် ရှိသည်။ ကိုကံရွှေက ရွာဦးကျောင်း ဘုန်းတော်ကြီးနှင့် ငယ်သူငယ်ချင်းဖြစ်သည်။ ဘုန်းတော်ကြီး ဦးကုသလက ကိုကံရွှေထက် အသက်(၂)နှစ်ကြီးသည်။ ကိုကံရွှေ အသက် ယခု အသက်(၈၀)တွင် ဦးကုသလ အသက်(၈၂)နှစ် ဖြစ်နေပြီ။

တစ်ကိုယ်တည်း လူပျိုကြီး ကိုကံရွှေတစ်ယောက် လယ်ယာအိုးအိမ်တို့ကို ရောင်းချပြီး ဘုန်းတော်ကြီးကျောင်းတွင် အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ် လှူဒါန်းပေးသည်။

ငယ်သူငယ်ချင်း ဆရာတော်၏ ဘေးတွင် ကပ္ပိယကြီးအဖြစ် ရာသက်ပန် နေထိုင်တော့မည်ဟု ဆုံးဖြတ်ချက်ကို ချလိုက်လေတော့သည်။ တစ်နေ့တွင် ဆရာတော် ဦးကုသလက...

'ဒကာကြီး ကိုကံရွှေကို ကျုပ် ညက မက်ခဲ့တဲ့ အိပ်မက်ကလေး အကြောင်းကို ပြောပြဦးမယ်ဗျ၊ အိပ်မက်က ဒီလိုဗျ...'

ဟူ၍ အစချီပြီး ပြောပြလေတော့သည်။

ယခု မြိုင်သာယာဆိုတဲ့ ဥစ္စာသိုက်ကို ပိုင်ဆိုင်တဲ့ ဘိုးမှတ်ထင်ဆိုတဲ့ သိုက်ချုပ်ဘိုးတော်ကြီးက ဘုရားဖြူစေတီလေးမှာ အမြဲ ပုတီးစိပ်တယ်ဗျ။



ကျုပ်ကို အိပ်မက်ထဲမှာ...

'အရှင်ဘုရား...တပည့်တော်ရဲ့ သိုက်နန်းက မြေမလေးနန်းယဉ်သွယ်နဲ့ ခင်ပွန်း ဖြစ်သူ မောင်အောင်ဘတို့က သိုက်နန်းမှာ မရှိကြတော့ပါဘူး။

ယခု လူ့ပြည်မှာ လူဖြစ်နေကြပါပြီ တစ်ယောက်က မိန်းကလေး နန်းယဉ်သွယ် လူဝင်စားလေးပါ၊ တစ်ယောက်က ယောက်ျားလေး မောင်အောင်ဘ လူဝင်စားလေးပါ။

လယ်ကြီးကွင်းရွာက တောင်ပိုင်းမှာ ကိုစိန်မြင့်၊ မမြင့်ရွှေတို့ထံမှာ မိန်းကလေးက ဝင်စားသလို၊ ယောက်ျားလေးကလဲ ကိုလှကြည်၊ မခင်မိုတို့ထံမှာ ဝင်စားကြပါတယ်။ သူတို့က မြောက်ပိုင်းသားတွေပါ'

ဟု အိပ်မက်ပေးလေသည်။

ကိုကံရွှေသည် ညီဖြစ်သူ အောင်ဘ ဝင်စားသော လူဝင်စားယောက်ျားလေးကို မြောက်ပိုင်းသား လှကြည်နှင့် ခင်မိုတို့ထံသို့ သွားရောက် ကြည့်လေသည်။ ကလေးက (၆)လအရွယ် ဖြစ်သလို ဦးကံရွှေကိုလည်း သေချာစွာကြည့်ပြီး ရယ်ပြလေသည်။

လက်မှာလည်း အမှတ်အသားနီနီကြီးက ဘယ်ဘက်လက်ခုံတွင် အထင်းသား။ အောင်ဘ ဝင်စားသော ကလေး ပေဒင် အထူးမေးစရာမလိုပေ။

လူ့ဘဝကို နှစ်ခါပြန်ဆင်းသက်ခဲ့သော ညီဖြစ်သူ အောင်ဘအတွက် သံသရာလည်ဦးမည်ကို တွေးပြီး စိတ်မောမိလေသည်။

ကာမ၏ ကိလေသာ အမှောင်သည် အလွန်ပင် ကြောက်စရာကောင်းလှသည်။ လူဝင်စားကလေးက ဦးကံရွှေ ခမည်းပေးမှ ညစဉ် ငိုချင်းကို ရပ်နားလေတော့သည်။ ဦးကံရွှေက ခမည်းပေးလိုက်ပုံမှာ...

'ဟော့ကလေး... မင်း အောင်ဘ ဝင်စားတာမှန်ခဲ့ရင် အခု အဝိုရပ်တော့၊ ရော့...
ဒီမှာ မင်းအတွက် ဘဝဟောင်းက လူတွေက
ပေးခဲ့တဲ့ ငွေအိုး(၉)ပြား၊ နောက်လဲ
မထောင်းနဲ့ ဖိုမှာ ပေးစရာ မင်းအတွက်
မရှိတော့ဘူး'

ဟု ပြောဆိုပြီး ရွာဦးကျောင်းရှိရာ တောင်ဘက်ပိုင်းသို့ ဦးခေါင်းကို ငုံ့လျက် ထွက်ခွာသွားလေတော့သည်။

နှုတ်မှလည်း **"အနိစ္စအမြဲမရှိ၊ ဒုက္ခဆင်းရဲခြင်းနဲ့ အနတ္တ အစိုးမရခြင်း"** ဆိုတာ တကယ်လဲ ဟုတ်မှန်တဲ့ တရားတွေပါလား၊ မမြဲသော ဒိခန္ဓာကိုယ်ကြီးက အပုပ်ကောင်တွေ ရုပ်ဆောင်နေတယ်ဆိုတာ ဖြစ်ပြီးရင် ပျက်၊ ဖြစ်ပျက်သဘောတွေက အစဉ်ထာဝရအတွက် သခ်ီရစက်က မလွတ်ကင်းနိုင်ကြပါတကား။

ဆရာတော်ဦးကုသလက သံဝေဂ လင်္ကာလေးကို အနက်ရောင် သင်ပုန်းကြီးပေါ်မှာ လူတိုင်း မြင်သာအောင် ရေးထားပေးသည်မှာ ရွာဦးကျောင်းကို ဥပုသ်စောင့်လာသူတိုင်း ထိုလင်္ကာလေးကို ဖတ်မိတိုင်း သတိသံဝေဂရကြလေသည်။ထိုလင်္ကာလေးမှာကား...

သံဝေဂလင်္ကာ

အသက်(စည်း)စီးဆိပ် - ခန္ဓာအိမ်အား
တိမ်တခဲနက် - ကြည့်ရင်းပျက်သို့
ပျက်စီးအောက်တွင် - ပျောက်လွင့်စင်၏
သခ်ီရစက် - သူ့ပိုင်နက်၌
သွက်သွက်လည်ကာ - ပါရှာသည်
ခန္ဓာဟူက - အနိစ္စတည်း။

**(လယ်ကြီးကွင်း ဆရာတော် ဦးကုသလ၏တပည့် ဦးဓမ္မသာရ ပြောကြားသော ဖြစ်ရပ်မှန် ဇာတ်လမ်းကို လူအမည်နှင့်ရွာအမည်များကို ပြောင်းလဲပြီး ရေးသားလိုက်ပါသည်)**

**ရောမြေ ကျော်ဝေ**

www.burmeseclassic.com

ရုက္ခစိုးနတ်မင်း ဦးယျှလွှတ်ထားခြင်းမှ

# သရဲမဟာဆိုး၏
# အလှူသက်သေကြောင်း

လွတ်မြောက်လာသူ

ကျော်လင်းသာ



သံတွဲမြို့၏တောင်ဘက် မိုင်သုံးဆယ်ကျော်ခန့်လောက် ဝေးကွာသောနေရာတွင် ညောင်ပင်ကွင်းကျေးရွာတည်ရှိပေသည်။

ကျွန်တော်သည် လွန်ခဲ့သော တစ်နှစ်လောက်က ယင်းကျေးရွာရှိ ဦးရာမအိမ်သို့ ရောက်ခဲ့ပေသည်။ ဦးရာမသည် ကျွန်တော် တွေ့ဆုံသောအခါ အလွန်ကြည်နူးလှိုက်လှဲစွာ ကြိုဆိုပါသည်။

သူတို့မိသားစုမှ လှိုက်လှဲစွာ ကြိုဆိုသည့်အတွက်ကြောင့်လည်း ကျွန်တော် ပီတိဖြစ်ရပါသည်။ ကျွန်တော်က ဦးရာမအား...

'အခုလို ရောက်ရှိလာတာဟာ ဦးရာမကို တွေ့ချင်တာရယ်၊ ဦးရာမနေထိုင်တဲ့ ညောင်ပင်ကွင်းကျေးရွာ အကြောင်းလေးကို သိချင်လို့ပါ'

ဟု ပြောပြဖြစ်သည်။

ဦးရာမကလည်း စေတနာဖြူစင်စွာဖြင့် သူနေသော ရွာ၏ အကြောင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

* * *

ညောင်ပင်ကွင်းကျေးရွာသည် ဟိုးရှေးရှေးတုန်းက မြို့ပြဆာဘာသာ ကိုးကွယ်သော ရွာကလေးဖြစ်သည်။

ယင်းအချိန်က ရွာကလေးသည် အိမ်ခြေ ငါးဆယ်ခန့်သာရှိသည်။ ယခုကတော့ အိမ်ခြေတစ်ရာကျော်လောက် ရှိသည်။

ကျေးရွာသူ ကျေးရွာသားများက လယ်ယာလုပ်ငန်း ကျွန်းကိုင်းထွန်ယက်စိုက်ပျိုးမှုနှင့် အသက်မွေးကြသည်။

လွန်ခဲ့သော **နှစ်ငါးဆယ်ကျော်လောက်က** ယင်းကျေးရွာတွင် ဦးဘဝင်းနှင့် ဒေါ်မြလေး၊ သမီး မစန္ဒီတို့ ဖြစ်ရပ်မှန်လေးဖြစ်သည်။

သူတို့သည် ကျေးရွာစီးပွားရေး လယ်ယာကိုင်းကျွန်းဖြင့် လုပ်ကိုင်ကြပါသည်။ ဦးဘဝင်းနှင့် ဒေါ်မြလေးမှာ အသက်(၅၀)ကျော်လောက် ရှိပေသည်။ သမီး မစန္ဒီမှာ တစ်ဆယ့်ရှစ်နှစ်လောက် ရှိသည်။

ဦးဘဝင်းက တစ်နေ့ ကိုင်းကျွန်းထွန်ယက်နေစဉ် စဉ်းစားမိလေသည်။





www.burmeseclassic.com

www.burmeseclassic.com

'သမီးလေးကလဲ အိမ်ထောင်ထူမယ့် အရွယ် ရောက်လာပြီ ဒါကြောင့် သမီးလေးကို အိမ်ထောင်ချပြီး ဒိုတူညီတူဖက် လုပ်ကိုင်စားသောက်ရရင် သက်သက်သာသာ မိသားစုနေထိုင်ရေး အဆင်ပြေမှာပဲ'

ဟု စဉ်းစားတွေးခေါ်လာသည်။

တစ်နေ့ သူ့မိန်းမ ဒေါ်မြလေးကို ခေါ်ပြီး ဆွေးနွေးတော့သည်။ ဇနီးဖြစ်သူ ဒေါ်မြလေးက...

'အစ်ကိုကလဲ အဖေတစ်ယောက်ဖြစ်ပြီး ကိုယ့်သမီးအကြောင်း မသိဘူးလား သမီးက အိမ်ထောင်သားမွေး အိမ်ထောင်ရေးကို စိတ်ကူးစိတ်ထားရှိတဲ့ပုံ မပေါ်သေးဘူး။ အိပ်ရာဝင် အိပ်ရာထ အနန္တငါးပါးကို ဦးထိပ်ပန်ဆင်ပြီးရင် ဘုရား,တရားစာပေတွေ ရွတ်ဖတ်နေတုန်း ရှိသေးတယ်။

နေတဲ့အခါမှာလဲ ယောဂီဝတ်စုံလေးနဲ့ နေတယ်။ အိမ်ကိစ္စကိုလဲ အနန္တဂိုဏ်းဝင် မိဘကိုလဲ စည်းကမ်းတကျ ချက်ပြုတ်ကျွေးတာ၊ လုပ်ငန်းအဖြာဖြာကိုလဲ ကူညီလုပ်ကိုင်ပေးသေးတယ်။

ရွာဦးဆရာတော် ဦးကုန္ဒာစာရ ဆရာတော်ထံတွင် နွေကြီးရက်ကြီးနေ့များတွင် ဥပုသ်စောင့်ခြင်း တရားဟောဆွေးနွေးခြင်းတွေနဲ့အတူ ယောဂီမလေးဖြစ်နေတယ်။

ဦးကုန္ဒာစာရကလဲ ဒကာမလေး မစန္ဒီအား ဒါန၊ သီလ၊ ဘာဝနာ တရားများကို နှိုက်နှိုက်ချွတ်ချွတ် နားလည်အောင် ဟောပြတော်မူတာယ်။

ကုသိုလ်ကောင်းမှုဆိုတာ ပြုလုပ်ရတယ်။ အပျော်ကိလေသာတို့ဖြင့် ဘုံဘဝတွေကို မျှော်ကိုး မလုပ်ရဘူး။

အိုနာသေဘေးမှ လွတ်မြောက်သော အသခ်တနိဗ္ဗာန်ကို ရှေ့ရှုဖို့ အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကြိုးစားအားထုတ်ရတယ်။



သရဏဂုံသုံးပါးဟာ အခြေခံပဲ၊ အန္တရာယ်ကင်းတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အထောက်အပံ့ ပေးနိုင်တယ်။ ဒါကြောင့် ရှေးသူတော်ကောင်းများက **"ဒါနမေတံ မယာဝတမဂ္ဂေါ၊ သီလမေတံ မယာဂတမဂ္ဂေါ၊ နိက္ခမေ ယေဝပူရတော ပုဒီအာ"**လို့ ဟောတော်မူတယ်။

ဒါနလှူဒါန်းခြင်းအားဖြင့် မဂ်ဉာဏ်ကို အကျိုးပြုတယ်။ သီလဆောက်တည်ခြင်းအားဖြင့် မဂ်ဉာဏ်ကို အကျိုးပြုတယ်။ ရှေးပညာရှိ ဘုရား အစရှိသည်တို့ ကြိုးစားအားထုတ်တဲ့ လမ်းစဉ်ဖြစ်တယ်။ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာပြီး ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့ ဖြစ်ပေါ်၍ လာလိမ့်မယ်'

ဟု ဟောဖော်နည်းလမ်းပြသည်။

မစန္ဒီတို့ကလည်း ရိုသေစွာ နာယူကြသည်။

'အမတံ ဒဒေါသော ဟောတိ ယောမွေ မနုဿာသတိ'

**ယော** – အကြင်သူသည်၊ **ဓမ္မံ** – ဘုရား,တရားတော်ကို၊ **အနုဿာသတိ** –နေ့စဉ်ပြောဟောနေသော လူပုဂ္ဂိုလ်သည်၊ **အမတဒါနံ** –နိဗ္ဗာန်အလှူ လှူသည် မည်၏။

ဒီလို နေ့စဉ် ကြိုးစားအားထုတ်နေသည့် သမီးကလေးကို မိခင်ဖြစ်သူက အိမ်ထောင်ရေး မပြောရဲ ဖြစ်နေသည်။

ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရွာဓလေ့ထုံးစံအတိုင်း နွေကြီးရက်ကြီးတို့တွင် ဘုန်းကြီးကန်တော့ဖို့ သွားကြသည်။

လူကြီးလူငယ် အပျိုလူပျိုများဖြင့် အိုးစည်ဗုံမောင်း တီးခတ်ပြီး သွားကြသည်။ မစန္ဒီ မျက်စိတွင် လူရွယ်လိုလို မင်းသားလေးလိုလို မသဲမကွဲဘဲ သူ့အနားကို လိုက်နေသောသူကို တစ်ချက်သတိထားမိသည်။

ညောင်ပင်စောင့် ရုက္ခစိုးနတ်သည် မစန္ဒီအပေါ် ချစ်နှစ်သက်မှု အလွန်စွဲလမ်းနေသည်။ မစန္ဒီ၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် မစန္ဒီအနားကပ်၍ မရပေ။

ဖခင် ဦးဘဝင်းကလည်း သူ ပင်ပန်းလာတိုင်း ဇနီးဖြစ်သူကို သမီးကိုပြောဖို့အကြောင်း၊ အိမ်ထောင်ရေးအကြောင်း တိုက်တွန်းသည်။

ကနေ့တော့ ဇနီးဖြစ်သူ မမြလေးက သမီးကို တိုင်ပင်သည်။

'နင့်အဖေကလဲ အသက်ကြီးလာတယ်။ အသက်မွေးဝမ်းကျောင်းကလဲ ကြမ်းတယ်။ မိဘမျက်နှာထောက်ပြီး အိမ်ထောင်ပြုပါ'

ဟု တိုက်တွန်းသည်။

'အမေကလဲ သမီး အိမ်ထောင် မယူဘူး'

ဟု ငြင်းပယ်သည်။ မိခင်ဖြစ်သူကလည်း...

'တရားစာပေထဲမှာ မတွေ့ဘူးလား ဝိသာခါသူဌေးမကြီး သောတာပန်ဖြစ်ပြီး သားသမီး(၂၀)၊ မြေး(၄၀၀)နဲ့ ဘာသာရေးကို ကြိုးစားအားထုတ်ခဲ့





www.burmeseclassic.com

www.burmeseclassic.com



တာပဲ'

ဟု စသဖြင့် သမီးကို ပြောပြသည်။

ကျေးရွာ ထုံးတမ်းစဉ်လာအရ ရွာရှင်မကိုပူဇော်ခြင်းသည် ကျန်းမာရေး၊ စီးပွားရေးအတွက်ဖြစ်သည်။ ညောင်ပင်စောင့်နတ်ကိုလည်း ကျန်းမာရေးအရ ပူဇော်ကန်တော့ကြသည်။ ရွာနားတွင် အလွန်ကြီးသော ညောင်ပင်ကြီးရှိသောကြောင့်ညောင်ပင်ကွင်းကျေးရွာဟု ခေါ်တွင်ခဲ့သည်။

ဒီလိုရိုးရာဝါဒအရ ပူဇော်ကန်တော့ရန် သွားသောအခါ ညောင်ပင်စောင့်နတ်သည် မစန္ဒီအနားက လူပျိုကလေးလိုလို၊ မင်းသားကလေးလိုလို မစန္ဒီအနားကပ်လိုက်နေ၍ မစန္ဒီတစ်ယောက် မသဲမကွဲ မြင်နေသည်။

တစ်ရွာတည်းနေ မောင်ကျော်ကျော်ကလည်း မစန္ဒီကို လိုချင်သဘောကျသည်။ မစန္ဒီကို ယောဂီဝတ်စုံလေးနှင့် နေ့စဉ် မြင်တွေ့နေရတော့ ဖွင့်မပြောရဲပေ။

တစ်နေ့ မောင်ကျော်ကျော်က သူ့မိဘများကို ဖွင့်ဟပြောတော့သည်။ သူ မစန္ဒီကို လိုလားကြောင်း မိဘလူကြီးချင်း ဆွေးနွေးဖို့ပြောသည်။

မောင်ကျော်ကျော်၏ မိဘများကလည်း သဘောကျတော့ တစ်နေ့ ဦးဘဝင်းနှင့် တိုင်ပင်ကြသည်။

ဦးဘဝင်းက ဘဝတူ ရိုးရိုးသားသား လုပ်ကိုင်သော မောင်ကျော်ကျော်ကို သဘောကျသည်။ သားကလေးတစ်ယောက်တည်းဖြစ်ပြီး ကျန်းမာဖျတ်လတ် တက်ကြွသော လူငယ်ကလေး ဖြစ်သည်။

မစန္ဒီ၏ အဖေမှ...

'သဘောတူပါတယ်။ သမီးရဲ့ စိတ်ဆန္ဒကို မေးကြည့်ဦးမယ်'

ဟု ပြောလိုက်သည်။

မစန္ဒီကို မိဘများက ဆွေးနွေးတိုင်ပင်ကြည့်တော့ မစန္ဒီကလည်း "မိဘတွေ အသက်ကြီးလာပြီ ငါ တစ်ဖန်လုပ်ကျွေးရဦးမယ်" ဟု တွေးပြီး တွေတွေကြီး ငြိမ်၍နေသည်။

မိဘလူကြီးတွေ ဆွေးနွေးတာကို ရုက္ခစိုးနတ်မင်း သိလေတော့ အလွန်ပင် ပူပင်ရတော့သည်။ **"ငါနဲ့ ဘဝတူ တူ၊ မတူတူ ငါရအောင်ယူမယ်"** ဟု ဆုံးဖြတ် သည်။

တစ်နေ့ညနေ နေဝင်ချိန်တွင် မစန္ဒီအား အမေယောင်ဆောင်ပြီး ညောင်ပင်ကြီးရှိရာသို့ ခေါ်လာခဲ့တော့သည်။

မစန္ဒီက...

'အမေ ဘယ်ကိုခေါ်လာတာလဲ၊ အိမ်ကြီးက သာယာလိုက်တာ၊ ပရိဘောဂအပြည့်အစုံနဲ့'

ဟု ပြောတော့ ရုက္ခစိုးနတ်မင်းက သူ၏အမွှေးတစ်ပင်ကို ကျစ်ပြီး လက်စွပ်လုပ်ပြီး မစန္ဒီကို အတင်းဝတ်ပေးလိုက်သည်။ မစန္ဒီလည်း စကားမပြောနိုင်ဘဲ အိမ်ကြီးထက်မှာ ထိုင်နေလေတော့သည်။

ရွာထဲမှာလည်း မစန္ဒီ ပျောက်သွားရာ တစ်ရွာလုံး မီးတုတ်တွေနှင့် ရှာတော့သည်။ မတွေ့နိုင်တော့ မောင်ကျော်ကျော်က ခေါင်းကို မီးလောင်သလို ခံစားရသည်။

မိဘတွေကလည်း ရင်ဘတ်စည်တီးပြီး ပူပင်သောက ဖြစ်ရတော့သည်။ မိုးလင်းတော့ ရွာသားများက အိုးစည် ဗုံမောင်း တီးခတ်ပြီး ရွာရှင်မကို ကန်တော့ပွဲနှင့် ပူဇော်တော့သည်။ မစန္ဒီကို တွေ့အောင် ကူညီရန်ဖြစ်သည်။

ရွာရှင်မက ရုက္ခစိုးနတ်မင်းအား...

'လူ့လူတော်ကောင်းမလေးကို မနှောင့်ယှက်သင့်ကြောင်း၊ ငါတို့ဘဝတွေဟာ အမှန်မှာ တန်ခိုးရှိပေမယ့် ပြိတ္တာဖြစ်နေရတာဟာ မကောင်းမှုကံကြောင့်ဖြစ်တယ်။ ယခုတစ်ဖန် မကောင်းမှုပြုမယ်ဆိုရင် ဒီ့ထက် ဆိုးယုတ်တဲ့ ဘဝဖြစ်မယ်'

ဟု ရွာရှင်မက ရုက္ခစိုးနတ်မင်းကို ပြောတော့သည်။

ရုက္ခစိုးနတ်မင်းက...

'ငါလဲ သူ့အပေါ်ထားတဲ့ စေတနာကြောင့် ပြုလုပ်မိတယ်'

ဟု ဝန်ခံပြီး နောက်နောင် မနှောင့်ယှက်တော့ပါဘူးဟု ကတိပေးလိုက်သည်။

ရွာရှင်မကို ပသပြီး ရွာသားများ ရှာကြသည်။ ညောင်ပင်အမြစ်ကြားမှာ မစန္ဒီကို တွေ့ရတော့သည်။ အမေဖြစ်သူက မစန္ဒီကို ပွေ့ယူပြီး မေးတော့သည်။

မစန္ဒီက စကားမပြောပေ။ အမေဖြစ်သူက တစ်ကိုယ်လုံးကို ပွတ်သတ်ရှာဖွေတော့ အမွှေးဖြင့် ပြုလုပ်ထားသော လက်စွပ်ကိုမြင်၍ ချက်ချင်း လွှင့်ပစ်လိုက်သည်။

ထိုအခါမှ မစန္ဒီ စကားပြောတော့သည်။ လူတွေကို မြင်သည်။ စကား [illegible] အိမ်ကြီးတစ်အိမ်ထဲမှာ နေသည်ဟု ပြောပါသည်။

မစန္ဒီလည်း စိုးရိမ်စိတ် ဝင်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

# သံသဲပွတ်ချောင်းမှ

ထွန်းတန်ဆို

ကျော်စင်မြ



စာရေးသူသည် ၁၉၉၅ ခုနှစ်က ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့သို့ လုပ်ငန်းတာဝန်ဖြင့် (၆)နှစ်ကြာ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

ထိုသို့ တာဝန်ထမ်းဆောင်ခဲ့ရာတွင် မအူပင်မြို့နှင့် (၉)မိုင် ကွာဝေးသော တာပတ်ကျေးရွာသို့ လုပ်ငန်းတာဝန်ဖြင့် နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ခဲ့ရပါသည်။

စပါးဝယ်ယူရေး နယ်မြေအဖွဲ့ခေါင်းဆောင်လည်းဖြစ်သော စာရေးသူမှာ ရွာနီးချုပ်စပ်နယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ တစ်ဖက်မှာလည်း မိမိမွေးရာပါ ဝါသနာအစွဲဖြစ်သော ထူးခြားသည့် ဂမ္ဘီရဖြစ်စဉ် သိုက်များအကြောင်းလေ့လာခဲ့ရာ **ယခု အသက် (၈၀)ကျော်ဝန်းကျင်ရှိ အင်းသူကြီးကတော် ဘွားသိန်း၏ ထူးခြားသော ဂမ္ဘီရသိုက်ဖြစ်စဉ်များ**ကို သိရှိခဲ့ရပါသည်။

သံသဲပွတ်ချောင်းကလေး...ယခင်က သံဗျင်ကြီး ဦးပဉ္စကော နေထိုင်သွားသဖြင့် **ဦးပဉ္စကောချောင်း**ဟုလည်း ခေါ်ခဲ့ကြရာ နောင်တွင် ချောင်းထဲမှ သံ,သဲပွင့်ကလေးများကို အစွဲပြုကာ **သံသဲပွတ်ချောင်း**ဟု ယနေ့တိုင် ခေါ်ဝေါ်ခဲ့ကြသည်။

သံသဲပွတ်ချောင်းကလေး၏ အရှေ့ဘက်၊ အနောက်ဘက်တွင် နှစ်စဉ် ရေတိုက်စား၍ ရွာကမ်းပါးများ ရေတိုက်စားလာသည်ကို ကာကွယ်ရန် တာကြီးများ ပတ်ထားကြပါသဖြင့် ထိုရွာကို **တာပတ်**ဟု ခေါ်ကြပါသည်။

တာပတ်ရွာသည် အိမ်ခြေ(၂၀၀) ကျော်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး ယခင်က ထိုနေရာတွင် ယခုလောက် အိမ်ခြေမများ။ ကားလမ်းကြီး ဖြစ်ပေါ်လာမှ အိမ်ခြေများ တိုးတက်လာခြင်းဖြစ်သလို ယခင်က ရေလမ်းတစ်ခုတည်းသာ သွားလာကြရသည်။

ဘွားသိန်းသည် အသက်(၈၅)နှစ် အရွယ်ရှိပြီး တာပတ်မှ ရွာသား အင်းသူကြီးနှင့် အိမ်ထောင်ကျကာ သျှောင်နောက်ဆံထုံးပါသလို ထိုရွာသို့ ရောက်ရှိခဲ့ပါသည်။

အင်းသူကြီးနှင့် အိမ်ထောင်ကျကာ သမီးသုံးယောက်၊ သားငါးယောက် ထွန်းကားခဲ့ပါသည်။ သူ၏ သားသမီး (၈)ယောက်တွင် ထူးခြားသည်က သားလတ် မောင်ကြည်ပင်ဖြစ်၏ တောခေလေ့အရ အဖျားဆွတ်ခေါ်ကြရာ ငကြည်ဟုပင် ဖြစ်၏။

ငကြည်သည် မွေးကင်းစကပင် အနေရိုး၍ အပြောတည်ပြီး တခြား

www.burmeseclassic.com



ညီအစ်ကိုမောင်နှမများနှင့်မတူ တစ်မူထူးခြားသည်က သူ့အမူအကျင့်သည် အများနှင့် ရောနှောမနေတတ်။ တစ်ကိုယ်တည်းပင် ရှိုးရှိုးကုပ်ကုပ် နေတတ်သည်။

ကြေည် လူပျိုကြီးဖားဖား အရွယ်ရောက်သော် ဖိုးကုန်းရွာမှ မိသန်းနှင့် အိမ်ထောင်ကျပြီး ကလေး (၂)ယောက် ရလေ၏။ ကြေည်သည် ငယ်စဉ်က သူ၏ အမေကို ပြောပြသည်မှာ "**သူသည်သိသဲပွတ်ချောင်းသိုက် ကလာ်တာဖြစ်ကြောင်း၊ သူတို့တွင် မောင်နှမ(၃)ယောက်ရှိပြီး သူ လူ့လောကသို့ လာချင်လွန်း၍ အစ်မများကလွှတ်လိုက်တာတဲ့။**"

ကလေးဖိုးဖိုး အသက်(၂၀)ကျော်လျှင် ပြန်လာရမည် ပြောသဖြင့် မိခင်ဘွားသိန်းက ဆရာတော်ကြီးနှင့် အပ်နှံ၍ သိုက်ကြိုးဖြတ်ခြင်း၊ လိပ်ပြာကြိုးချုပ်များ ပြုလုပ်ထား၍ မွေးမြူခဲ့ရလေသည်။

သို့သော်လည်း...

တစ်ညတွင် ကြေည်အား အိပ်မက်ပေးသည်က "**ငါ့မောင်က အားလုံးထဲမှာ ဆင်းရဲတဲ့အတွက် အစ်မတို့ဒီနေရာက ပြောင်းသွားရင် မောင်လေးကိုကြည့်ခဲ့မယ်**"ဟု အစိမ်းရောင်ဝတ် အမျိုးသမီးနှစ်ယောက်က ပြောပြီး ကြေည် လန့်နိုးလာခဲ့သည်။

ထိုအချိန်မှစ၍ ကြေည်တစ်ယောက် အားသည့်အချိန်တွင် အနောက်ဘက် လှည်းလမ်းကြောင်းဘက်သို့ မျှော်၍ ကြည့်နေသည်။

တစ်နေ့ ကြေည်၏အိမ်နံဘေးမှ မတာလုပ်မက...

'ကြေည်ရေ ငါ့ဌက်ပျောခင်းမြောင်းကို တူးပေးဦး။ ငွေးတင်လည်း ခေါ်ထားတယ်'

'ဟုတ်ကဲ့ ကြီးဒေါ်တာလုပ်မ မနက်စ,တူးမယ်ဗျို့'

နောက်တစ်နေ့နံနက်တွင် ကြေည်နှင့် ငွေးတင်တို့ မတာလုပ်မ၏ ငှက်ပျောမြောင်းကို ပေါင်ဖော်ရန် မြောင်းတူးကြရာ ကုက္ကိုပင်၏ အမြစ်များသည် ကြေည်ခြံထဲဘက်သို့ အနည်းငယ် ဝင်နေသဖြင့် အမြစ်ဖြတ်ရန် ကုက္ကိုပင်ခြေရင်းကို ပိုက်တူးစဉ် "ဒုတ် ဒုတ်" ဟူသော အသံကို ကြားလိုက်ရ၏။

ထိုအခါ ကြေည်သည် "ဒုတ် ဒုတ်" အသံကြားသော မြေကြီးကို အသာအယာ တူးရှင်းဖြင့် ကော်လိုက်သောအခါ အစိတ်ဝင် အိုးတစ်လုံး နှုတ်ခမ်းတွင် ကနုတ်အကွက် ဖော်ထားနဖားကွင်းနှစ်ကွင်းနှင့် အရောင်တလက်လက် ထွက်နေ၏။

တဖြည်းဖြည်း အသာ မကော်တင်လိုက်ရာ အိုးမှာ တစ်ဝက်ခန့် ပေါ်လာ၏။ အပေါ်ယံဖုံးနေသော သဲမှုန်များက ရွှေရောင်ဝင်းအိနေ၏။ ထိုအချိန်တွင် ကြီးဒေါ် မတာလုပ်မက...

'ကြေည်နဲ့ ငွေးတင်တို့ရေ အဲဒါ ခဏထားဦး၊ ဟိုဘက်က တလင်းမှာ စပါးပွဲစား ကျင်ကောက်တို့ ရောက်နေတယ်။ မြို့သွားမရောင်းဘဲ တလင်းထဲမှာပဲ ငါ့စပါးတွေ ရောင်းလိုက်ဦးမယ်။ ငွေးတင်ရော လာ လိုက်ခဲ့ကြ'

သူရင်းတိုင်ဖြစ်သူစကား သူရင်းငှားက မပယ်ရှားနိုင်၍ ကြေည်တို့ အိုးကိစ္စကို ဖြတ်ထားပြီး ကြီးဒေါ် မတာလုပ်မ စပါးချင်ပေးရန် တလင်းထဲသို့ ရောက်ခဲ့ပြန်ပြီ။

ထိုအချိန်တွင် ကြီးဒေါ် မတာလုပ်မသားနှင့် ငထွန်းတို့ ရောက်လာပြီး ငှက်ပျောမြောင်းထဲမှ ကြေည် တွေ့ထားသော အိုးကို ဆက်တူးကြပြီးလျှင် အိမ်ရှေ့သို့ သယ်ဆောင်လာ၏။

ကြေည်တို့အဘိုး မတာလုပ်မ၏ ယောက္ခမဖြစ်သူ ဘိုးလေးဟန်က ငထွန်းတို့ ယူလာသော အိုးကြီးကို ကြည့်၍ ထိုခေတ်က သူကြီးခေတ်ဖြစ်၍ သူကြီးဦးဘခင်ကို ခြံထဲမှ အိုးတစ်လုံးရကြောင်း ရိုးသားစွာ ပြောကြသည်။

အိမ်ရှေ့ရောက်နေသည့်အိုးကို ဖွင့်ကြည့်ကြရာ အိုးအဖုံးက တစ်လက်မထုခန့်ရှိ၍ အထဲတွင် **ချိန်ခွင်အနက်ကကြေးစင်စစ်နှင့် လူရုပ်ပုံ ကြေးရုပ်တစ်ရုပ်** တွေ့ရှိရ၏။

တောရွာခလေ့မို့ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပျံ့နှံ့သွား၏။ ထိုအတောအတွင်း ရွာထဲတွင် ထွက်လာသောစကားက...

'ကြေည်ကို သိုက်က မောင်နှမတွေက ပေးတာကို မဆီမဆိုင် မတာလုပ်မသားနဲ့ ထွန်းတို့က သွားတူးယူတော့ ကြေည်ရမှာ ဟိုက ပြန်ယူသွားမှာပေါ့'

တဲ့။ ကြေည်ကို ပေးတာဆိုတာ ဖြစ်နိုင်ပါသည်။ ကြေည်တွေ့စဉ်က အိုးသည် ရွှေရောင်ပေါက်နေပြီး ချိန်ခွင်ကလေးကလည်း ကြေည် ကိုင်လိုက်လျှင် ရွှေရောင်ဖြစ်သွား၏။

သို့သော် ငရှမ်းနှင့် ငထွန်းတို့က

www.burmeseclassic.com

သွားတူးယူလိုက်သည့်အတွက် ကြေးည်ကိုပေးမည့် ရွှေချိန်ခွင်၊ ရွှေရုပ်လေးသည် ကြေးနှင့် ကျေဖြစ်သွားသည်မှာ ပေးကားပေး၍ မရဖြစ်နေခဲ့၏။

ထိုနေ့မှစ၍ ကြေးည်၏စိတ်မှာ တစ်ရက်မှ မပျော်ရွှင်။ စားချိန် အိပ်ချိန် မှန်း မသိဖြစ်လာပြီး လှည်းလမ်းကြောင်းဘက်သို့သာ မျှော်နေမိ၏။

တစ်ညတွင် မတာလှပ်မ တလင်းထဲတွင် ကြေးည်၊ ထွေန်း၊ ရှမ်းတို့ ကောက်ညှင်းပေါင်းစားကြရင်း ရှိနေစဉ် ရွာသားများတို့ ရုတ်တရက် ကြားရသည်။

ရွှေသံငွေသံ ချွင်ချွင်နှင့် လရောင်အောက် လှည်းလမ်းပေါ်တွင် လှည်းမောင်းသံများ၊ နွားငေါက်သံများ ကြားရပြီး…

'သွားပြီဟေ့ တို့သွားကြပြီ'

နှုတ်ဆက်သံများကို ကြားရပြီး လှည်းများပေါ်တွင် လူတစ်ယောက်မှ မတွေ့။ ထူးဆန်းသည်က စကားပြောသံများ။ နှုတ်ဆက်သံများကို ကြားရပြီး လူမပါ လှည်းများက တအိအိတက္ကိကွ္ကိနှင့် အနောက်မြောက်ဘက်ရှိ ကုန်းတန်းဘက်သို့ တရွေ့ရွေ့သွားရင်း ပျောက်ကွယ်သွားလေတော့သည်။

ရွာရှိ သက်ကြီးရွယ်အိုများက သိုက်ပြောင်းသွားတာတဲ့။ "ဟိုအချိန်တုန်းက **ပန်းကန်သိုက်၊ ငွေယားသိုက်၊ ရွှေဒင်္ဂါးသိုက်ဆိုတာရှိတယ်။ မင်းတို့လူတွေက ငှားရမ်းပြီး ပြန်မပေးချင်တော့ သိုက်က စိတ်သွားပြီး သူတို့ထဲ ပြောင်းသွားကြတာပေါ့"** တဲ့။

ဟုတ်ပါသည် တစ်ချိန်တုန်းက ထိုနေရာဝန်းကျင်တွင် ပန်းကန်သိုက်က အလှူအတန်းများရှိလျှင် ငှားရမ်းပြီး ပြန်ပေးရပါသည်။ ငွေယားသိုက်ဆိုသည်မှာ ငွေဒင်္ဂါးများကို ငှားရမ်းပြီး ပြန်မပေးက လူတစ်ကိုယ်လုံး ယားယံတတ်ပါ၍ ငွေယားသိုက်ဟု ခေါ်ပါသည်။

အဓိက, ကတော့ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် သစ္စာတရားရှိဖို့ပဲ အရေးကြီးပါသည်။ သစ္စာတရား ခေါင်းပါး၍ စည်းမစောင့်သောအခါတွင် လူမပြောနှင့် ပရလောက, နာမ်လောကသည်လည်း မကြိုက်ကြပါ။

ထို့ကြောင့် သိုက်ပြောင်းသွားသည်ကို ကိုယ်တွေ့မြင်ရသူများကြောင့် ထိုအကြောင်းအရာများကို သိရခြင်းဖြစ်ပါသည်။

ထိုညက ကြေးည် အိမ်သို့ပြန်လာပြီး ဘုရားရှိခိုးဦးချကာ အိမ်ရှေ့တွင် အိပ်နေစဉ် အိမ်ရှေ့သို့ နွားလှည်းတစ်စီးနှင့် အမျိုးသမီးနှစ်ဦးက လာခေါ်သဖြင့် ထ၍လိုက်သွား၏။

နံနက်မိုးလင်းသော် ကြေးည်တစ်ယောက် နိုး၍ မရသဖြင့် ဆွေမျိုးများ ရောက်လာသောအခါ ထူးဆန်းစွာ ကြေးည်မှာ သေဆုံးနေသည်ကို တွေ့ရ၏။

ကြေးည်၏ အမျိုးသမီးက ထိုညက အိပ်နေတုန်း သန်းခေါင်ယံ၌ အိမ်ရှေ့တွင် "ဂျွိ ဂျွိ" ဟု နွားလှည်းဘီးတပ်သံကြားရပြီး **"ငါလဲ လိုက်မယ်"** ဟု ကြေးည်အသံ ကြားလိုက်ရတာ နောက်ဆုံးပါပဲတဲ့။

ကြေးည်သေဆုံးပုံက ဆန်းကြယ်လှ၏။ ဘာပဲဖြစ်ဖြစ် ပရလောကနှင့် သက်ဆိုင်နေသည်ဟု တတ်သိနားလည်သော လူကြီးများကတော့ မှတ်ချက်ချလေတော့သတည်း။

**ကျော်ဇေမြ**

## စာမျက်နှာ (၂၃၅)မှ အဆက်

လောကကြီးသည် အလွန်ဆန်းကြယ်သည်ဟု ဝေဖန်ပြီး ဘာသာရေး သာသနာရေးကို မှီ၍ ရှုစိုက်တော့သည်။

ရှုဦးဆရာတော် ဟောပြသော တရားစကားတွေကို အမြဲ မှတ်တမ်းပြု ကြိုးစားအားထုတ်လေတော့သည်။ ဆရာတော်ဟောပြသည့်အတိုင်း အောက်ပါပါဠိတွေကို ရွတ်လေတော့သည်။

ဇတ်ခေါ် သရုဏ် ဆပ်
ဆတ် သရုဏ မုဋ္ဌပ်
ဓတ် သရုဏ ဟာဓူ
သဗ္ဗာကွ ပမ္ဗရေ

**အနက်**

**ဇေါ်**–ခင်ဝင်၊ **ဓတ်သရုဏ်**–ဤ ရဟန္တာ သုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းသည်၊ **ဆပ်**–ကောင်းစင်သောချမ်း ငြိမ်းချမ်းလှပေ၏။ **ဓတ်သရုဏ်**–ဤရဟန္တာသုံးပါးကိုဆည်းကပ်ကိုးကွယ်ခြင်းသည်၊ **ဥတ္တမ**–မြင့်မြတ်လှပါပေ၏။ **ဓတ်သရုဏ်** – ဤရဟန္တာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းကို၊ **အာဂမ္မ**–အကြောင်းပြု၍ **သဗ္ဗဒုက္ခာ**–အလုံးစုံသော ဆင်းရဲဒုက္ခမှ၊ **ပမုစ္စရေ**– လွတ်မြောက်ကြရကုန်၏။

*[ဤပါဠိတော်ပါဠိအနက်ကို နက္ခတ္တ ဗေဒင်ကြည့်မဂ္ဂဇင်းနှင့် ပါဠိပဂ္ဂင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်မှ (မှော်ဆရာ(ယောဂီ)မြန်မာ့ကုထုံး) ဗိဿ သာကာ-ဗိဿနိုကာယအကောင်အထည်ဖော်ပြ) မှ ပြန်ဆိုပေးပါသည်။]*

ဤသရဏဂုံသုံးပါးကို အကြောင်းပြု၍ ခုတ္တခဝ်သိမ်းတို့မှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ရောက်ပြုနိုင်သည်ဟု ရွတ်ဆိုနေတော့သည်။

အချို့ကျေးရွာက ပရလောကကို လေ့လာနေသော ဆရာများကတော့ မဇော်၏ လက်စွပ်ကို လိုချင်၍ လာပြီးလျှင် လက်စွပ်ကို ဝယ်ယူဖို့ ပြောသည်။ မဇော်၏ အဖေက သူ ချုတ်ပြီး လှူပစ်ကြောင်း ပြောပြပါသည်။

ဤလက်စွပ်မှာ ကိုယ်ပျောက်ပြီး စီးသွားလာ၍လာဟုရကြောင်း သိရသည်။

သမုဒယတတ္တာဖြင့် ဖွဲ့လမ်းပြီး မဇော်အား ရကျွံနှုတ်မင်း ဖိုးယုဝတ်ထားခြင်းမှသာ ရအောင် သုံးပါး အာနုဘော်ကြောင့် လွတ်မြောက်ကြောင်းကို ရွှေဘင်းပင်ကွင်းကျေးရွာမှ ဦးရာမ က မှတ်စုတအုပ်ကလေးနှင့် ပြောပြခြင်းကို ရေးသားလိုက်ရသည်။


[ဦးရာမအား ကျေးဇူးတင်ရှိပါကြောင်း...]
အားလုံး ကျန်းမာကြပါစေ။

**ကျော်လင်းအာ**



www.burmeseclassic.com

www.burmeseclassic.com







လှိုက်လှဲစွာ ပြုံးပြနေသော

# ဂဏ္ဍာရီဝိဇ္ဇာကြီး

ဝေအိုင်ကြည်

ယခု ရေးသားတင်ပြမည့် ဖြစ်ရပ်ဆန်းမှာ စာရေးသူ ကိုယ်တွေ့ကြုံခဲ့သည့် ဂမ္ဘီရဆန်သော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခု ဖြစ်ပါသည်။

စာရေးသူ ငယ်စဉ်ကပင် ဘုရားဖူး၊ ပရိတ်ရွတ်၊ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ခြင်းများကို အထူး ဝါသနာပါခဲ့ရာ ဖြစ်ရပ်ဆန်းများနှင့်လည်း ကြုံတွေ့ခဲ့ရပါသည်။

ယခု တင်ပြမည့်ဖြစ်ရပ်ဆန်းမှာ **ရွှေတိဂုံဘုရား တောင်ဘက်မုခ် ရဟန္တာသိမ်တော်ကြီးအတွင်းရှိ အသဂဏ္ဍာရီဝိဇ္ဇာကြီးနှင့်** ပတ်သက်သော ဂမ္ဘီရဆန်သည့် ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

**လွန်ခဲ့သော(၁၀)နှစ်၊ ၂၀၀၅ ခုနှစ်ခန့်က** မှတ်မှတ်ရရ ဘုရားရောင်ခြည်တော်မီးဝိုင်းများတွင် LEDမီးသီးများဖြင့် အလှဆင်ပူဇော်နေချိန် ဖြစ်ပါသည်။ ဘုရားများတွင် ပူဇော်ထားသော ပထမ ရောင်ခြည်တော်မီးဝိုင်းများမှာ ရိုးရိုး LEDမီးသီးများသာဖြစ်ပြီး နောက်ပိုင်းတွင်မှ အလင်းရောင် ပိုမိုတောက်ပသော မာကျူရီမီးသီးများ တပ်ဆင်လာခဲ့ကြပါသည်။

တစ်နေ့တွင် စာရေးသူသည် ထိုမာကျူရီ LEDမီးသီးများ တပ်ဆင်ထားသည့် ဘုရားရောင်ခြည်တော် ကွန့်မြူးနေပုံ မီးဝိုင်းကို လှူဒါန်းပူဇော်ရန် အလွန် စိတ်အားထက်သန်လှသဖြင့် ရန်ကုန်မြို့ထဲသို့ သွားရောက်ပြီး (၂၃)လမ်းရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ မာကျူရီ LEDမီးဝိုင်းကို ဝယ်ယူခဲ့ပါသည်။

မှန်းထားသောဈေးနှင့် ကွာနေသော်လည်း ဘုရားတွင် ပူဇော်ရန် စိတ်ဆန္ဒ ပြင်းပြလွန်း၍ ဝယ်ယူလိုက်ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ဝယ်ယူလိုက်ရာ လက်ကျန်ငွေမှာ ရွှေတိဂုံဘုရားသို့ သွားရောက်ပူဇော်ရန် လမ်းစရိတ်၊ ဘုရားမှ အိမ်သို့ အပြန်လမ်းစရိတ်ကို တွက်ချက်ကြည့်ရာ ခရီးတစ်ကြောင်းစာ ကားခသာ ကျန်ပါတော့သည်။ စာရေးသူ ပြန်ရမည့် သင်္ဃန်းကျွန်းမြို့နယ်အိမ်ကို ရောက်ရန် မပြည့်မစုံ ဖြစ်နေပါသည်။

ရွှေတိဂုံဘုရားမှ သင်္ဃန်းကျွန်းမြို့နယ်ရှိ အိမ်ကိုပြန်ရန် ခရီးစရိတ်က တာမွေအထိသာ သွားရောက်နိုင်မည့် လမ်းစရိတ် ဖြစ်ပါသည်။ အဆာပြေ မုန့်စားသောက်ရန် ဝေးစွ၊ သင်္ဃန်းကျွန်းမြို့နယ်(၁၆)ရပ်ကွက်ရှိ စာရေးသူ အိမ်သို့ရောက်ရန် မပြည့်စုံတော့ပါ။

ဖြစ်လိုရာဖြစ်စေတော့ **"ဒီနေ့လှူမှ ကျေနပ်မယ်"**ဟု ဆုံးဖြတ်လိုက်ပြီး ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ ရဟန္တာသိမ်တော်ကြီးသို့ ရောက်လာခဲ့ပါသည်။

ရဟန္တာသိမ်တော်ကြီး ဘုရားပေါ်သို့ တန်ဆောင်းအတိုင်း တက်လာခဲ့ပါသည်။ ဘုရားခန်းမကြီးဘေးရှိ ဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီး တစ်ပါးနှင့် ယောဂီတစ်ဦးအားတွေ့၍ ဘုန်းတော်ကြီးအား...

'အရှင်ဘုရား တပည့်တော် ရောင်ခြည်တော်မီးဝိုင်း လှူချင်လို့ပါ။ တပည့်တော်ကို လမ်းညွှန်ပေးပါဘုရား'

'ဘုန်းကြီးက ဒီကျောင်းက ဆရာတော်ပဲ။ ဒကာမလေး လှူချင်ရင် ကပ္ပိယကို ခေါ်ပေးမယ်။ ကပ္ပိယကို ဒကာမလေးက သိမ်တော်ကြီးအတွင်းမှာရှိတဲ့ လှူချင်တဲ့ ဘုရားတစ်ဆူကို ပြောပြီး တပ်ခိုင်းလိုက်ပါ။ တပ်ပြီးရင် ဒကာမလေးအလှူအတွက် ရေစက်ချ အမျှဝေဖို့ ဘုန်းကြီးဆီ ပြန်လာခဲ့ပါ'

ဆရာတော်ကြီး ခေါ်ပေးခဲ့သော

www.burmeseclassic.com

ကပ္ပိယအား သိမ်တော်ကြီးအတွင်းရှိ ဘုရားတစ်ဆူတွင် ရောင်ခြည်တော် မီးပိုင်း တပ်ဆင် ပူဇော်စေခဲ့ပါသည်။

ရောင်ခြည်တော်မီးပိုင်း တပ်ဆင် ပူဇော်ပြီးနောက် ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ပြီး ရေစက်ချ အမျှဝေကာ ဆရာတော် ဧည့်ခံသည့် လက်ဖက်နှင့် ရေနွေးကြမ်းကို စားသောက်ခဲ့ပါသည်။ လက်ဖက်စား ရေနွေးကြမ်း သောက်နေချိန်တွင် ဆရာတော်မှ...

'ရဟန္တာသိမ်တော်ကြီးဘုရားမှာ အဘရက္ခန်းစင်တောင်ဆရာတော်ကြီး ရုပ်တုနဲ့ ဂန္ဓာရီဝိဇ္ဇာတို့ ပူဇော်ထားတယ်။ အပြန် ဝင်ရောက်ဖူးမြော်လိုက်ပါဦး'

ဆရာတော်မှ မိန့်ကြားသဖြင့် အဘရက္ခန်းစင်တောင် ဆရာတော်ကြီး ရုပ်တုနှင့် အဘဂန္ဓာရီဝိဇ္ဇာရုပ်တုတို့ ရှေ့ ရောက်ခဲ့ပါသည်။ ရုပ်တုများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ သောက်တော်ရေကပ်ခြင်း၊ ဘုရားပန်းအိုးများအား ရေလဲခြင်းတို့ကို ပြုလုပ်၍ ကုသိုလ်ယူခဲ့ပါသည်။

ပြုသမျှ ကုသိုလ် အဖို့အစုတို့အား လည်း အမျှပေးဝေခဲ့ပါသည်။ အမျှပေးဝေစဉ် အဘဂန္ဓာရီဝိဇ္ဇာကြီး၏ မျက်နှာကို သေသေချာချာဖူးရာ အလွန်ပင် အသက်ဝင်လှပါသည်။ စိတ်ထဲမှလည်း စိတ်ကူးတစ်ခု ပေါ်လာပြီး...

'အဘ...သမီးတော် ရောင်ခြည်တော် မီးပိုင်း လှူလိုက်လို့ ခရီးစရိတ် ပြည့်ပြည့်စုံစုံ မကျန်တော့ပါ။ သမီးတော်ကို အဆင်ပြေစွာ အိမ်သို့ပြန်ရောက်အောင် ကူညီပါ'

ဟု ဆုတောင်းလိုက်ပါသည်။

ထို့နောက် သိမ်တော်ကြီးဘုရား အတွင်း သန့်ရှင်းရေးများလုပ်ကာ မေတ္တာသုတ်ရွတ် ကုသိုလ်ယူပြီးနောက် အပြန်လမ်းအတွက် ခြေလှမ်း စလိုက်ပါသည်။



ဘုရားခြေရင်း ရောက်ချိန်တွင် စိတ်ထဲမှလည်း **"တာမွေရောက်ရင် ပြီးတာပဲ။ သယ်န်းကျွန်းကို လမ်းလျှောက်ပြန်တာပေါ့"** ဟု စဉ်းစားနေချိန်တွင် အသက်(၆၀)ခန့်ရှိပြီး အရပ်မြင့်မြင့် ဥပဓိရုပ်ကောင်းသော အမျိုးသမီးကြီးတစ်ဦးက စာရေးသူအား လက်ယပ်ခေါ်ကာ...

'ဒီမှာ သမီး အန်တီ တောင်ဥက္ကလာဘက်ပြန်မလို့ ကားငှားချင်တာ၊ တစ်ယောက်တည်း အဖော်မပါ ဖြစ်နေတာ၊ သမီး ဘယ်ကို ပြန်မှာလဲ'

'သမီးက သယ်န်းကျွန်းကို ပြန်မှာပါ အန်တီ၊ သမီးလဲ အဖော်မပါဘဲ တစ်ယောက်တည်းပါ'

'အန်တီက တောင်ဥက္ကလာ(၁၁)ရပ်ကွက်ကို ပြန်မှာပါ။ သမီး လမ်းကြုံလိုက်ချင်ရင် အန်တီနဲ့ တစ်ခါတည်း လိုက်ခဲ့ပေါ့။ ကားခ အန်တီပေးမှာပါ'

'သမီးက သယ်န်းကျွန်း(၁၆) ရပ်ကွက် ပြန်မှာဆိုတော့ အန်တီပြန်မယ့် တောင်ဥက္ကလာ(၁၁)ရပ်ကွက်နဲ့ ရတနာလမ်းမ တစ်ခုသာ ခြားပါတယ်။ အန်တီခေါ်ရင် သမီး လိုက်ချင်ပါတယ်'

'အပန်းမကြီးပါဘူး လိုက်ခဲ့ပါ သမီးရယ်၊ ကားသာ ငှားလိုက်ပါ'

ထိုနေ့က စာရေးသူမှာ အပြန်လမ်းစရိတ် မပြည့်စုံသော်လည်း ခရီးသွား အမျိုးသမီးကြီး ကူညီမှုကြောင့် အိမ်သို့ ချောမောမြန်ဆန် စိတ်ချမ်းသာ၍ ပြန်ရောက်ခဲ့ပါသည်။ ဘုရားမီးပိုင်းလှူသော အကျိုးနှင့် အဘဂန္ဓာရီဝိဇ္ဇာကြီးထံ ဆုတောင်းခဲ့၍ ဆုတောင်းပြည့်သည်ဟု လုံးဝ ယုံကြည်မိပါသည်။

ထိုအဖြစ်အပျက် ကြုံပြီးနောက် စာရေးသူသည် ရွှေတိဂုံဘုရားသို့ မကြာခဏ သွားရောက်ဖူးမြော်ပြီး ရဟန္တာသိမ်တော်ကြီးဘုရားသို့ ရောက်ကာ ဘုရားပန်းအိုးများ ရေလဲခြင်း၊ ရေချမ်းကပ်ခြင်း၊ ဘုရားများဖူးခြင်း၊ အဘရက္ခန်းစင်တောင် ဆရာတော်ကြီး ရုပ်တုနှင့် အဘဂန္ဓာရီဝိဇ္ဇာရုပ်တုတို့အား သန့်ရှင်းရေးလုပ်ခြင်းတို့နှင့် ကုသိုလ်ယူကာ သွားလေရာခရီးတိုင်း အဆင်ပြေအောင် ကူညီပေးပါရန် အဘဂန္ဓာရီဝိဇ္ဇာကြီးထံ ဆုတောင်းဖြစ်ခဲ့ပါသည်။

ဆုတောင်းရင်း အဘဂန္ဓာရီဝိဇ္ဇာကြီးအား သေသေချာချာ စူးစိုက်ကြည့်မိရာ အဘဂန္ဓာရီဝိဇ္ဇာကြီးက ပြုံးပြုံးကြီး ပြန်ကြည့်နေသည်မှာ ရုပ်တုနှင့် မတူဘဲ သက်ရှိထင်ရှား ရှိနေသော ဂန္ဓာရီဝိဇ္ဇာကြီး လှိုက်လှဲစွာ ပြုံးပြနေသည့်အလား မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါသည်။ စာရေးသူ၏ စိတ်ထဲမှလည်း ဝမ်းသာကြည်နူး ဖြစ်ရသည်မှာ ပြောမပြနိုင်လောက်အောင် ဖြစ်နေပါတော့သည်။

***သွားလမ်း သာ၍ ပြန်လမ်း ဖြောင့်နိုင်ကြပါစေ။***

**[၂၀၀၅ ခုနှစ်ခန့်က ကိုယ်တွေ့ကြုံခဲ့သော ဂန္ဓာရီဆန်သည့် ဖြစ်ရပ်မှန် ဖြစ်ပါသည်။]**

ဝင်းအင်ကြင်း

www.burmeseclassic.com

# မာလကာကို သမထမြင်

ဘာသာပြန်သူ (၁)

အောင်ချမ်းကြည်
(ကြို့ပင်ကောက်)



"မိတ်ဆွေကိုတင်လှ၏ ပြောစကားကို ကြားလိုက်ရသော တစ်ခဏ၌ မယုံကြည် နိုင်စရာဘဲဟု ထင်မှတ် မှားခဲ့မိသည်။ သို့သော် ကိုယ်တိုင် တွေ့ဆုံ ့ စူးစမ်းရင်း လက်တွေ့ ကြားသိမြင်တွေ့ လိုက်သောအခါ ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်နေမိတော့သည်။

နက်နဲဆန်းကြယ် သော အကြောင်းအရာ ထစ်ခုကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသဖြင့်လည်း ကျေနပ်နေမိပါသည်။

**"နတ်ဝတီပုဆိုး တိမ်ပီးခိုးလည်း တန်ခိုးရှိမှ မြင်၍ရ၏"** ဆိုသကဲ့သို့ ပကတိမျက်စိ ဖြင့် မမြင်ရသော အရာတချို့ကို စိတ်မျက်စိ(သို့မဟုတ်)သမာဓိ စွမ်းအား ဖြင့် မြင်၍ရသည်ကို သတိပြုမိပါတော့ သည်။

ထိုအခါက ကိုတင်လှ ပြောပြသည် များကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူနှင့်အတူလိုက်ပါရင်း သမထကျင့်စဉ် များဖြင့် ခရီးရောက်လျက်ရှိသော **ဆရာဦးသောင်းရွှေ**ဆိုသော ပုဂ္ဂိုလ်ထံ တစ်ညဉ့်အိပ် သွားရောက်လေ့လာခွင့် ရခဲ့ပါတော့သည်။

လိုအပ်မည်ထင်သဖြင့် ဦးသောင်း ရွှေ၏အကြောင်း တစ်စိတ်တစ်ဒေသ ကို ဦးစွာတင်ပြလိုက်ပါသည်။ သူသည် ငယ်စဉ်က ကြို့ပင်ကောက်မြို့ အစိုးရ အထက်တန်းကျောင်းမှ အဋ္ဌမတန်း အောင်ပြီးနောက် တပ်မတော်သို့ ဝင် ရောက်စစ်မှုထမ်းပြီး တပ်ကြပ်ကြီး ရာထူးဖြင့် ဆေးပင်စင်ယူခဲ့ကာ ဇာတိ မြေတွင် ပြန်လည် အခြေချနေထိုင်သူ ဖြစ်သည်။

မဆလခေတ်အတွင်း ပါတီစိတ်မှူး ဘဝ၊ မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ တာဝန်များ ထမ်းရွက်ခဲ့ပြီးနောက် ထို



www.burmeseclassic.com

www.burmeseclassic.com

တာဝန်များမှ မိမိဘာသာ နုတ်ထွက်၍ လွတ်လပ်စွာ နေထိုင်ခဲ့သူ ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း ကျောင်းသားဘဝကပင် လက်ဝဲစာပေများကို စွဲလမ်းစွာ ဖတ်ရှုခြင်းဖြင့် ဘာသာရေးနှင့် ခပ်ဝေးဝေးနေခဲ့သူ ဖြစ်သည်။ မည်သည့် ဘာသာတရားကိုမျှ အလေးအနက်မရှိဘဲ ဟိုမကျ သည်မကျ အမည်ခံ ဗုဒ္ဓဘာသာဘဝဖြင့် နှစ်အတန်ကြာခဲ့သူလည်း ဖြစ်သည်။

သို့သော် ဇနီးဖြစ်သူနှင့် သားသမီးများ၏ ယုံကြည်ကိုးကွယ်မှုကိုတော့ အနှောင့်အယှက်မပြု စိတ်တိုင်းကျ ဆောင်ရွက်ခွင့်ပြုသည်။

နိုင်ငံရေးတော့ စိတ်မကုန်။ နိုင်ငံရေး သမား အပေါင်းဟောင်း အသင်းဟောင်းများနှင့် သူ့အိမ်တွင် တစ်ပတ်တစ်ကြိမ်လောက် အနည်းဆုံး တွေ့ဆုံ ဖြစ်သည်။

သူ့လက်ရှိအလုပ်က အိမ်တွင် ဝက်,ကြက်မွေးမြူရေးလုပ်၊ ခြံကျယ်ကြီးထဲတွင် ရာသီပေါ်သီးနှံများ စိုက်ပျိုးသည်။ ဇနီးဖြစ်သူက မြို့ထဲတွင် အထည်ဆိုင် ဖွင့်ထားသည်။

ရင်းနှီးသော ပုဂ္ဂိုလ်တိုင်းက သူ့အား အစွန်းရောက် သမားတစ်ဦးအဖြစ် အသိအမှတ်ပြုထားကြသည်။ သူကလည်း တိဟိတ်ပုဂ္ဂိုလ် ဖြစ်သည်။ နိုင်ငံရေးအသိုင်းအဝိုင်းက သူငယ်ချင်းများက သူ့ကို **လက်ဝဲစွန်းသမား** (Leftist)တစ်ယောက်အဖြစ် သိထားကြသည်။

စာအုပ်များနှင့် အချိန်ကုန်လေ့ရှိကာ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ ကျောင်းကန်ဘုရားသွားခြင်းမရှိ၊ ဘာသာရေးအလုပ်များနှင့် ခပ်ကင်းကင်းနေသူဖြစ်သည်။



သို့သော်လည်း တစ်နေ့တွင် သူ့ဘဝ အပြောင်းအလဲကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ထိုနေ့ ခြံအလုပ်များ စောစောသိမ်း၍ အနားယူခဲ့သည်။ ရုံးပိတ်ရက်ဖြစ်၍ ရောက်လာနေကျ အပေါင်းအသင်းများကိုမျှော်ရင်း အရက်အမြည်း အပြည့်အစုံကို ပြင်ဆင်လျက် ဧည့်ခန်းစားပွဲတွင် အသင့်တင်ထားသည်။

ဖတ်လက်စ စာအုပ်ကိုချ၍ ဆေးပေါ့လိပ်တစ်လိပ် အားရပါးရ ဖွာရှိုက်ရင်း သူ့ခေါင်းရင်းခန်း ဘုရားဇင်ဘက်သို့ မျက်စိရောက်သွားသည်။

ဇနီးဖြစ်သူ ကပ်လှူထားသော ဘုရားပန်းလှလှများကို ကျေနပ်စွာ ကြည့်ရင်း အမှတ်မထင် ကျောက်ဆင်းတုကိုယ်တော်၏ မျက်နှာတော်ကို သတိထားမိရာ မျက်တောင်များ ခတ်လျက်ရှိသည်ကို တွေ့လိုက်ရတော့သည်။

စာဖတ်ထားသောကြောင့် မျက်စိဖဝေဇါ ဖြစ်သွားသည်ဟု တွေးရင်း ဆေးလိပ်ကို ဖွာနေလိုက်သည်။ ဘာရယ်မဟုတ် စိတ်စနိုးစနောင့်ဖြင့် ဒုတိယအကြိမ် ဘုရားမျက်နှာတော်ကို ဖူးတွေ့လိုက်သောအခါ လက်ထဲမှ ဆေးလိပ် ပျဉ်ပေါ် ဒေါက်ခနဲ လွတ်ကျပါးစပ်မှလည်း "ဟာ..."ဟု ယောင်ယမ်း၍ ထွက်သွားသည်။

လွတ်ကျသွားသော ဆေးလိပ်ကို မကောက်မိ၊ မျက်စိကို ကယျာကယာ ပွတ်သပ်လိုက်ပြီး ထပ်၍ ကြည့်မိပြန်သည်။ ဟုတ်ပါသည်၊ မြတ်စွာဘုရားတကယ်ပင် မျက်တောင်ခတ်သည်ကို တွေ့ရပြန်သည်။

"ဟင်..." ဦးသောင်းရွှေ ထိုင်ရာမှ ထ၍ ဘုရားစင်သို့ အနီးကပ်သွားကြည့်သည်။ ထိုအခါ ဆင်းတုတော်၏ ပကတိတည်ငြိမ်သော စက္ခုမြွေချထားသည့် အနေအထားကိုသာ ဖူးတွေ့ရသည်။

ချိန်းထားသော အပေါင်းအသင်းများက ရောက်မလာသေး၊ သူတစ်ယောက်တည်း ဧည့်ခန်းနှင့် ဘုရားစင် လူးလာခေါက်ပြန် အလုပ်ရှုပ်နေတော့သည်။ သူ့အိမ်ဘေးမှ လူငယ်တစ်ယောက် အိမ်ရှေ့ဘက်လာ၍ ချိန်းထားသော ဧည့်သည်များ မလာဖြစ်ကြောင်း သတင်းပို့သဖြင့် တစ်ထုံး အေးသွားတော့သည်။ စိတ်ထဲမှ...

'ကောင်းတယ် ဒီနေ့ မလာကြတာဘဲ ကောင်းတယ်'

ဟု တွေးရင်း ဝေဝါးသော စိတ်အစဥ်ကို ကြည်လင်အောင် ထိန်း၍ ကုလားထိုင်မှာ စိတ်ချလက်ချ ထိုင်ရင်း အမျိုးမျိုး စဥ်းစားခန်း ဝင်နေမိသည်။ ကျောက်ဆင်းတုကိုယ်တော်က တကယ် မျက်တောင်ခတ်တာ မဖြစ်နိုင်ဟူသော အဖြေသာလျှင် ထွက်သည်။

ခဏကြာသောအခါ သူ့စိတ်က ဆင်းတုတော်ဆီ ရောက်သွားပြန်သည်။ ဤတစ်ကြိမ်တွင်တော့ မျက်နှာတော်ကို အသေအချာ စိုက်ကြည့်နေတော့သည်။

**ထိုသို့ ကြည့်နေစဉ်မှာပင် [illegible]တော်က ပြာပြာသာသာ [illegible] မျက်**





www.burmeseclassic.com

www.burmeseclassic.com

တောင်ခတ်ရေသည်းကို အံ့ဩကြီးစွာဖြင့် ရှုတွေ့လိုက်ရပေသည်။

ဦးသောင်းရွှေ ထိုင်ရာမှ အမြန်ထ၍ ရွာဦးကျောင်းဆရာတော်ထံ ပြေးခဲ့တော့သည်။ ထိုနေ့သည်ပင် သူ့ဘဝ တစ်ဆစ်ချိုး၏ ပထမနေ့ ဖြစ်ပေတော့သည်။

*　*　*

ကျွန်တော်နှင့် ကိုတင်လှတို့ တစ်ညဉ့်အိပ်ခရီး ထွက်ခဲ့သည်။ ကိုတင်လှက သူခြံထွက် အသီးအနှံ ကလေးကို စက်ဘီးကယ်ရီယာခုံတွင် အိတ်ကြီးတစ်လုံးဖြင့် ထည့်၍ သယ်ခဲ့သည်။ တောလက်ဆောင်ပင် ဖြစ်ပါသည်။ ညနေ လေးနာရီခန့်တွင် ကြို့ပင်ကောက်မြို့အရှေ့ သစ်ထုတ်လုပ်ရေးလမ်းဘေးတွင် ကပ်လျက်ရှိသော ကျောင်းကုန်းရွာသို့ ရောက်ရှိခဲ့ကြသည်။

ရွာလယ်ပိုင်းရောက်လျှင် ကိုတင်လှက ခြံကျယ်ကြီးတစ်ခုတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားသဖြင့် ဦးသောင်းရွှေ အိမ်ဟု သိလိုက်သည်။ ကျွန်တော် ခြံထဲရောက်၍ အိမ်ရှေ့နားအရောက်တွင် အိမ်ရှင်ဖြစ်ဟန်တူသော အမျိုးသမီးကြီး၏ စကားကြောင့် အံ့အားသင့်သွားမိသည်။

'အဲတော့...မောင်တင်လှတို့ ရောက်လာကြပြီပဲ။ လာကြ...လာကြ...မင်းအစ်ကိုကြီးက ဒါကြောင့် ဘာဘုန်းကျောင်းမသွားခင်က အိမ်ကို ဒီညနေ ဧည့်သည်တစ်ယောက်နဲ့ မောင်တင်လှ လာလိမ့်မယ်လို့ ပြောသွားတာကို သူက ပြောသေးတယ်။

ဧည့်သည်က လူလတ်ပိုင်း။ ပုဆိုးအပြာနုရောင် အင်္ကျီလက်ရှည်နဲ့ အသားက ခပ်ဖြူဖြူလို့ ပြောသွားသေးတယ်တော့...တကယ်လဲ ဟုတ်သားနော်'

ဦးသောင်းရွှေဇနီးဖြစ်သူ အမျိုးသမီးကြီးက ကျွန်တော့်အား ခြေဆုံးခေါင်းဆုံး ကြည့်၍ ပြောပြောဆိုဆိုဖြင့် ကျွန်တော်တို့အား ပျူငှာစွာ ဆီးကြိုရင်း ရေနွေးကြမ်းဖြင့် ဧည့်ခံပါသည်။



တစ်အောင့်မျှကြာလျှင် အိမ်ရှေ့ခြံပေါက်မှ လှမ်းဝင်လာရင်း အော်၍ ပြောလိုက်သံကြောင့် ကျွန်တော်နှင့် ကိုတင်လှတို့ ပြိုင်တူ လှမ်းကြည့်မိသည်။

'ဟော...မောင်တင်လှတို့မဟုတ်လား ဟော့ဒီ ထင်တော့ အထင်သားပဲ၊ ကဲ...ရောက်တုန်း အေးအေးဆေးဆေးပေါ့ကွာ၊ ကဲ...ရေနွေးသောက်ပြီး'

ကိုတင်လှကျေးဇူးဖြင့် ဦးသောင်းရွှေနှင့် တရင်းတနှီး တွေ့ဆုံခွင့် လေ့လာမေးမြန်းခွင့် ရခဲ့ပါသည်။ ထိုနေ့က ညစာစားပြီး ရေနွေးကြမ်းဝိုင်းတွင် အေးဆေးစွာ စကားပြောခွင့် မေးမြန်းခွင့်များ ရခဲ့ပါသည်။ သိလိုသမျှကို စိတ်ရှည်လက်ရှည် ရှင်းပြသဖြင့် အထူးဝမ်းသာမိပါသည်။

ဦးသောင်းရွှေက သူ၏ ဘဝအစိတ်အပိုင်း အနည်းငယ်ကို ပြောပြခဲ့ပြီး ကျွတ်ချိန်တန်၍ ရွာဦးဆရာတော်၏ အဆုံးအမဖြင့် ဘာသာရေးလမ်းကြောင်းပေါ်သို့ ရောက်ခဲ့ပုံ၊ လက်ရှိအချိန်အထိ သူ လျှောက်လှမ်းခဲ့သော ဘာသာရေးခရီးစဉ်ကို အကျဉ်းချုပ် ပြောပြခဲ့ပါသည်။

လူဝတ်ကြောင်ဖြင့် မိမိအိမ်၊ မိမိဒေသတွင် သီလ,သမာဓိဖြင့် စတင်အားထုတ်ခဲ့ပုံ၊ လမ်းညွှန်ဆုံးမသည့် ဆရာကောင်းများနှင့် မကြာခဏဆုံစည်းရပုံ၊ တစ်စတစ်စဖြင့် ဂန္ထာရီလမ်းကြောင်းမှာ နှစ်ရှည်ကြာခဲ့ပုံ၊ ဂမ္ဘီရပညာရပ်များကို ဆရာကောင်းများထံမှ သင်ယူခဲ့ပုံ ကိုယ်တွေ့ဖြစ်ရပ်များကို အားပါးတရ ပြောပြခဲ့ပါသည်။

နောက်ဆုံးတွင် ကျွန်တော် သိချင်နေသည့် မာဂဓကို သမထဖြင့် ဘာသာပြန်ဆိုနိုင်သည်ဆိုသော အဖြေကို ကျေနပ်စွာ ရရှိခဲ့ပါသည်။

'ဒီလိုကွယ့် ငါတို့ရဲ့... အကြောင်းသုံးပါးဆုံမိတဲ့အခါ တိရစ္ဆာန်ကလေးများရဲ့ အသံကို ကြားလိုက်တာနဲ့ ကိုယ့်စိတ်က ဒါဟာ ဘာပြောလိုက်တာပဲလို့ အလိုလို သိနေတာပဲ'

ကျွန်တော် သဘောမပေါက်ကြောင်း သူ သိပါသည်။ သို့အတွက် ဆက်၍ ရှင်းပြပါသည်။

'ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အခြေအနေတစ်ခုမှာ အကြောင်းတစ်ခုကို စိတ်ထက်သန်စွာနဲ့ အာရုံစူးစိုက်နေတဲ့အချိန်၊ အဲဒီပုဂ္ဂိုလ်ဟာ စင်ကြယ်တဲ့ သီလ,သစ္စာ,သမာဓိ အားကောင်းနေတဲ့အချိန်...

တိရစ္ဆာန်တစ်ကောင် (သို့မဟုတ်) အများပေါ့...အသံထွက်ပေါ်လာတဲ့အချိန် ဒီသုံးခု တိုက်ဆိုင်တာနဲ့ ထွက်ပေါ်လာတဲ့ အဲဒီ တိရစ္ဆာန်ရဲ့သဘာသာဘာဝ အော်လိုက်တဲ့ အသံဟာ ဘာအဓိပ္ပာယ်ရယ်လို့ ဒက်ခနဲ သိလိုက်တာပါပဲ'

ကျွန်တော် အစိမ်းသက်သက်မို့ ရှင်းအောင် မသိသေးပါ။ ရေးရေးမျှသာ။ သို့သော် ဦးသောင်းရွှေက တဖြည်းဖြည်းချင်း ရှင်းပြသဖြင့် သဘောလည်းပေါက်၊ ဝမ်းလည်းသာ၊ ကျေးဇူးလည်း အထူးတင်နေမိတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

'သာဓကလေးတစ်ခု ပြောပြမယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလတုန်းက ဦးဟာ ယောဂီဝတ်၊ ရသေ့ဝတ်၊ ဖိုးသူတော်ဝတ်တွေနဲ့ တန်ခိုးကြီးဘုရားတချို့ ရှေးဟောင်းဝတ္ထုတချို့မှာ သွားရောက်ပြီး ကိုယ့်အာရုံနဲ့တစ်မျိုး မမြင်ရတဲ့ ပုဂ္ဂိုလ်များရဲ့ ညွှန်ကြားမှုနဲ့ တစ်မျိုးဆိုပါတော့...အဲဒီနေရာတွေမှာ သွားရောက်ပြီး အဓိဋ္ဌာန်တွေ ဝင်နေတဲ့ အချိန်ပေါ့။

မှတ်မှတ်ရရပါပဲ..."ကျွှာဘုရားကြီး မြေတော်ရင်း"အရှေ့ဘက် ကပ်လျက်ရှိတဲ့ ဓမ္မာရုံကြီးမှာ ရက်ကိုးဆယ် အဓိဋ္ဌာန် ပုတီးစိပ်ပြီးလို့ အဓိဋ္ဌာန်က ထွက်မယ်လို့ စဉ်းစားနေတုန်း နောက် ဆက်သွားရမယ့်နေရာက မနေ့ညထဲမှာ အထင်းသား ပေါ်လာတယ်။ အဲဒါက "နတ်တလင်းမြို့ အရှေ့မျှော်တော်တောင်ဘုရားအနီးက ကျွှာဲပေါက်ဂူ(ကျွှာဲအောင်းဂူ)"လို့ သိလိုက်ရတယ်'

'ဦးက အရင်တုန်းက အဲဒီနေရာတွေ ရောက်ဖူးပြီးသားလား'

ဟု ကျွန်တော်မေးမိသည်။ သို့သော် ဦးသောင်းရွှေက...

'မျှော်တော်တောင်ဘုရား ဆိုတာတော့ ကြားဖူးတယ်။ တစ်ခေါက်မှတော့ မရောက်ဖူးဘူး'

ဟု ပြောပါသည်။

'ဒါနဲ့ နောက်နေ့မှာ ဓမ္မာရုံကို ရောက်လာကြတဲ့ ရွာသားများထဲက ဒီနေရာတွေအကြောင်း သိတဲ့သူ တစ်ယောက်တလေ ပါလိုပါငြားဆိုပြီး လေ့လာကြည့်တယ်ဆိုရင်ပဲ... ကံကောင်းထောက်မစွာနဲ့ အဲဒီဒေသအကြောင်း ကောင်းကောင်းသိတဲ့ လူတစ်ယောက်နဲ့ တွေ့တော့တာပဲ။

သူက အရင်တုန်းက ဖီးကုန်းအရှေ့ ဘော်တာင်ကြိုးဝိုင်းမှာ နှစ်အတော်ကြာတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ သစ်တော



ဝန်ထမ်း၊ သူ့လမ်းညွှန်မှုအရပဲ အဖော်မပါဘဲ တောလမ်းခရီးနဲ့ အဲဒီနေရာကို သွားဖြစ်တယ် ပြောကြပါစို့'

ကျွန်တော် အံ့ဩသွားမိသည်။ ကြိုးဝိုင်းတောစပ် ဖြတ်လမ်းခရီး ဖြစ်သော်လည်း လမ်းတွင် တောမြွေ၊ တောခွေး၊ တောဝက်၊ သစ် အစရှိ တောကောင်များ အန္တရာယ်က ရှိသည်ဖြစ်၍ အန္တရာယ်များကြောင်း ပြောမိရာ ဦးသောင်းရွှေက ပြုံး၍ စကားဆက်ပြောပါသည်။

'အင်းပေါ့လေ...ဒါတွေနဲ့ တွေ့ရင် အန္တရာယ်လဲ ရှိနိုင်တာပေါ့။ မျက်စိလည် လမ်းမှားမယ်ဆိုလဲ မှားနိုင်တာပေါ့။ အင်တိုင်းစပ်ဆိုပေမယ့် တချို့နေရာမှာ တောထူထပ်တယ်။ ဒါပေမယ့် ဦးရဲ့ မနောထဲမှာ ဒီလို သွားရင်းနဲ့ပဲ ရောက်သွားခဲ့ရတယ်လို့ သိထားတာဆိုတော့ ဦးက တောလမ်းခရီးကပဲ သွားခဲ့တယ်။

နွေမနက်ခင်းချိန်ဆိုတော့ အင်တိုင်းတောထဲမှာ ထင်းခွေ၊ ဖက်ခူး၊ ဟင်းရွက်ခူး၊ တောလည်သူတွေ ရှိနေကြတယ်။ တွေ့တဲ့လူကို လမ်းခရီး စုံစမ်းရင်းနဲ့ ခရီးသုံးပုံတစ်ပုံလောက် ရောက်တော့ နေအတော်မြင့်လာပြီ၊ တောထဲမှာလဲ လှုသွားလှုလာ သိပ်မတွေ့ရတော့ဘူး။

ဖီးကုန်းအရှေ့ဖူးစူးမှာပဲ အင်တိုင်းတောက နည်းနည်း နက်လာတယ်။ ကျူပ်ခဏထိုင်နားရင်း အမောဖြေလိုက်တယ်။ အဲဒီအချိန်မှာ အနီးမှာရှိတဲ့ ထောက်ရှာပင်ကြီး သစ်ခေါင်းထဲက တောက်တဲ့တစ်ကောင်က အလိုမကျတဲ့ အသံမျိုးနဲ့ ဒေါသထွက်သလိုမျိုး ဆောင့်ကြီးအောင့်ကြီးနဲ့ ဆက်တိုက်အော်တာပေါ့။ ဒါနဲ့... ဦးစိတ်ထဲမှာ အလိုလိုသိလိုက်တာကတော့...

"ဆက်သွား...ဆက်သွားလေ... ဒီနားက မြန်မြန်ထွက်တော့ သွား...သွား..."

လို့ ပြောနေသလို ခံစားပြီးသိလိုက်ရတယ်။ ဒါနဲ့ပဲ ခရီးဆက်ခဲ့တာပေါ့။ ရှေ့ကိုက်သုံးရာလောက် ရောက်တော့ နောက်ဘက်က ခွေးဟောင်သံ၊ လူသံတွေ၊ တောနင်းသံတွေ ဆူညံပြီး ဦးဆီ ရောက်လာပြီး...

"ဦးရသေ့ကြီး ဒီလမ်းက လာခဲ့တာ ဟိုထောက်ရှာပင်ကြီးနားမှာ ဘာမှ မတွေ့ဘူးလား"

လို့ မေးကြတယ်။

ဦး ထိုင်နားနေတုန်းက ထောက်ရှာပင်အရှေ့ဘက် ခပ်နီးနီးက ရေအိုင်စပ်မှာ သစ်ကြုတ်တစ်ကောင်က ယုန်တစ်ကောင်ကို ဖမ်းပြီး စားနေတယ်နဲ့ တူတယ်။ မုဆိုးအဖွဲ့နဲ့ တောလိုက်ခွေးတွေကတွေ့လို့ သစ်ကြုတ်နောက် ဝိုင်းလိုက်နေကြတာလေ။ ဆက်နားရင် အန္တရာယ်ရှိလို့ သစ်ပင်ပေါ်က တောက်တဲ့ကြီး သတိပေးလိုက်တယ် ဆိုတာ သိလိုက်ရတယ်။

တောလိုက်နေတဲ့ အဖွဲ့ကို ဦးက ဘာမှ မတွေ့မိပါဘူးလို့ ပြောတော့ သူတို့ ဆက်လိုက်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

**(သစ်ကြုတ်ဆိုသည်မှာ ခွေးကြီးကြီး သာသာခန့် အလုံးအထည်ရှိ၍ အလွန်လျင်မြန်၊ အလွန်ဆိုးသော ကျားသစ်အမျိုးအနွယ် ခပ်သေးသေး ကျားသစ်မျိုးဖြစ်သည်။)**

ဦးသောင်းရွှေ စကားရပ်၍ ရေနွေး ကြမ်းငှဲ့သောက်စဉ် ကျွန်တော်က ကြားဖြတ်၍ မေးမိသည်။

'ဒါဆို ဦးက ဆက်မသွားဘဲ ထိုင်နားနေရင် အဲဒီသစ်ကြုတ်နဲ့ တွေ့နိုင်တာပေါ့နော်'

'အင်းပေါ့လေ...ဒါတော့ မပြောနိုင်ဘူး တွေ့ချင်လဲ တွေ့နိုင်တာပေါ့။ သို့သော်ငြားလည်း ဦးဒီခရီးစဉ်ကို စ,ထွက်ကတည်းက ဒီတောဒီတောင်တွေမှာရှိကြတဲ့ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှကို မေတ္တာတတ်ပို့ လွှတ်ပြီး...

သမ္မာအော နတ်ကောင်းနတ်မြတ်တွေ ပဟိဒ္ဓိရှင် သိဒ္ဓိရှင် ဆရာတော် သမားတော်များကို တိုင်တည်ပြီးထိပ်ထား အနန္တငါးပါးနဲ့ ဦးရဲ့သီလ, သစ္စာ, သမာဓိ, မေတ္တာစွမ်းအင်တွေကို ယုံကြည်အားထားခဲ့စိတ်နဲ့ ထွက်လာခဲ့တာမို့ အန္တရာယ်ကင်းမယ်လို့ ယုံကြည်ထားတယ်'

ဦးသောင်းရွှေ၏ တိဟိတ်အစွန်းရောက်သမားတစ်ဦး အဖြစ်ကို ကျွန်တော် ကောင်းစွာသိလိုက်သည်။

'ဒီလိုနဲ့ ရှေ့ ခရီးဆက်တာပေါ့။ ရှေ့နားရောက်တော့ လမ်းဆုံလမ်းခွတွေကများ၊ လမ်းမှားရင် တောစပ်ကနေ ကွင်းပြင်ကိုလဲ ရောက်သွားနိုင်တယ်။ တစ်ဖက်မှာရှိတဲ့ တောနက်ထဲကိုလဲ ရောက်နိုင်တာပေါ့။ ဒီတော့ လမ်းဆုံတစ်ခုမှာ ရပ်ပြီး ဘယ်လမ်းက သွားရမလဲလို့ စဉ်းစားနေတုန်း ကြက်တူရွေး ငှက်အုပ်ကလေးတစ်အုပ် ခေါင်းပေါ်က ဖြတ်ပျံသွားတာ သတိထားမိလိုက်တယ်။

အဲဒီအထဲက စူးစူးဝါးဝါး အော်လိုက်



တဲ့ ကြက်တူရွေးတစ်ကောင်ရဲ့ အသံက **"ဘယ်ဘက်ထမ်းချိုးကိုလိုက်၊ ဘယ်ဘက်လမ်းချိုးကိုလိုက်"** လို့ အော်ပြောပြီး လမ်းပြသွားတယ်လို့ စိတ်က သိလိုက်တာနဲ့ တစ်ခါတည်း ဘယ်ဘက်လမ်းခွဲကို ဆက်လျှောက်လိုက်တယ်။

တဖြည်းဖြည်း လမ်းဖုန်းဖုန် တွေ့လာရပြီး စမ်းချောင်းကလေးတစ်ခုကို ဖြတ်ဆင်းတဲ့လမ်းဆိုတာ သိလိုက်ရတယ်။ စမ်းချောင်းထဲ ဖြတ်ဆင်းရင်း ရေကြည်ကြည်ရဲ့အောက်မှာ ကျောက်တုံးမှန်သမျှ ဘဲဥပုံ, အဝိုင်းပုံ, အားလုံးက လုံးဝိုင်းတဲ့ ပုံသဏ္ဌာန်တွေချည်းပဲ တွေ့လို့ ကျစ္စာတောင်မှာ တွေ့တဲ့ သစ်တောဝန်ထမ်း ကောင်ကလေး ပြောတဲ့ချောင်းကလေးလို့ သိလိုက်ရသလို ခရီးထက်ဝက်ကျော်လာခဲ့ပြီကို သိလိုက်တယ်။

စမ်းချောင်းကို ကျော်ခဲ့ပြီး ရှေ့ သစ်ရိပ်ကောင်းကောင်းမှာ ခဏထိုင်နားတော့မယ်လုပ်တုန်း အနားက ချုံတစ်ခုကနေ မြုန်းခနဲ ထပျံသွားတဲ့ ခါငှက်တစ်ကောင်က ပျံရင်းအော်သွားလိုက်ပုံက **"မနားနဲ့ ဆက်သွား။ ဒီမှာ အန္တရာယ်ရှိတယ်"** လို့ သိလိုက်တော့ တာပဲ။

တကယ် အန္တရာယ်ရှိကြောင်း မျှော်တော်တောင်ကိုရောက်ပြီး နှစ်ရက်ခန့်အကြာ ဘုရားမှာ ဆွမ်းလာလှူတဲ့ မိသားစုတစ်စုက ပြောပြမှ သိရတယ်။ အဲဒီနေ့ အဲဒီအချိန်မှာပဲ သူတို့ ရွာသားတစ်ယောက် အဲဒီစမ်းချောင်းဘေး ဦး နားမယ်ဆိုတဲ့ သစ်ပင်အောက်မှာ ထိုင်နေတုန်း ငန်းမုပ်မြွေကြီး ပေါက်မိလို့ ဆုံးသွားတာ သိလိုက်ရတယ်။

သစ်မြစ်အောက်ထဲက မြေကလိုင်ကျင်းကြီးထဲမှာ သားပေါက်နေတဲ့ မြွေလို့ သိလိုက်ရတယ်။ သားတွေကို အန္တရာယ်ပြုမှာစိုးလို့ သားဖော်မှန်ပြီး တွေ့သမျှ သတ္တဝါကို ရန်မူတာပေါ့။

ဒီလိုနဲ့ ဘုရားကို လှမ်းမြင်လိုက်၊ ပျောက်လိုက်၊ သစ်ပင်ချုံပင်တွေ ကွယ်လိုက်နဲ့ အားတင်းလျှောက်လိုက်တော့ မနက် ဆယ့်တစ်နာရီလောက်မှာ ဘုရားနဲ့ အနီးဆုံး စမ်းရေအိုင်ကြီး တစ်ခုကို ရောက်တယ်။

တောင်ပေါ်က ဘုရားစေတီတော်ကို သဲသဲကွဲကွဲ လှမ်းလို့ ဖူးတွေ့နေရပြီ။ မောမောနဲ့ စိတ်ကိုလဲ လျှော့လိုက်ပြီး အိုင်စပ်က ကျောက်ဖျာကြီးပေါ်မှာ ပါလာတဲ့ လွယ်အိတ်ကြီး အသာချ၊ လက်ထဲကိုင်ထားတဲ့ ခက်ရင်းတောင်ဝှေးကို ကျောက်ဖျာကြီးဘေးအက် ရေစပ်မှာ စိုက်၊ ရေစပ်မှာထိုင်ပြီး မျက်နှာသစ်နေတုန်း **"ကလစ်...ကလစ်...ကလစ်...ကလစ်"** နဲ့ ဖားလေးတစ်ကောင်ရဲ့ အသံက နားထဲဝင်လာတယ်။

သူ့ဘာသာဘာဝ အသံပါပဲ။ ဒါပေမယ့် ဦးက သိနေတာက...

ရှေ့လဆက်ဖတ်ပါရန်

**အောင်ချစ်ကြည်**

**(ကြို့ပင်ကောက်)**

www.burmeseclassic.com

# သည်းထိတ်ရင်ဖိုည

ဘသန့် (ဖျာပုံ-ဖရာပို ၆)



ညနေ(၅)နာရီ ထိုးသည်နှင့် ရန်ကုန်မှ ဖျာပုံသို့ ပြေးဆွဲနေသည့် ခရီးသည်တင် မော်တော်ယာဉ်သည် ဒဂုံရောအဝေးပြေးမှ စတင် ထွက်ခွာပါတော့သည်။

ကိုသာခင်တစ်ယောက် လက်မှတ်ရုံတွင် လက်မှတ်ဝယ်ချိန်ပင်မရ ထွက်ခွာစပြုနေသည့် ကားပေါ်သို့ အပြေးအလွှား တွယ်တက်လိုက်သည်။

ကားမီ၍ တော်ပါသေးသည်။ သို့မဟုတ်လျှင် ရန်ကုန်မှာ တစ်ညအိပ်ရပေဦးမည်။ ရန်ကုန်၌ အိပ်၍ကား မဖြစ်။ မနက်ဖြန်မနက်တွင် သစ်ခွဲသားများ ပေးရန် ချိန်းဆိုထားသည်။

ကိုသာခင်သည် ဖျာပုံမြို့နယ်၊ ဂျီဝါရွာတွင် နေထိုင်သည်။ ဂျီဝါရွာကား နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်သဖြင့် ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ စေတီပုထိုး အမျိုးမျိုးနှင့် လူနေအိမ်ခြေများ ပြိုလဲပျက်စီးသွားသည်။

ပြိုလဲပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ရန် သစ်,ဝါး စသည်တို့ အများအပြား လိုအပ်လှပေသည်။

အဆိုပါ စိန်ခေါ်မှုကို တာဝန်ရှိသူများ ရင်ဆိုင်ကြုံတွေ့နေရသည်။ ဒေသထွက် အုန်းပင်၊ သရက်ပင်၊ ကုက္ကိုပင်များတော့ ရှိပါသည်။ သို့သော်လည်း ယင်းတို့ကို သစ်ချော ထုတ်လုပ်ရန် သစ်စက်မရှိပါ။

သို့ဖြစ်၍ သက်ဆိုင်ရာမှ သစ်စက်များ ယာယီလုပ်ကိုင်ခွင့်ပြုလိုက်သည်။

ကိုသာခင်သည် သစ်စက်တစ်စက် တည်ဆောက်သည်။ ပြီးသည်နှင့် သစ်ပင်များအား လိုက်လံဝယ်ယူကာ သစ်ချောထုတ်လုပ်ရောင်းချသည်။

မနက်ဖြန်တွင် သစ်ခွဲသားများ ပေးရမည်။ သို့ဖြစ်၍ မီရာကားဖြင့် အပြေးအလွှား ပြန်လာခဲ့ခြင်းဖြစ်သည်။ အမြန်ရောက်ချင်ကာမှ ဆားမလောက်ရွာအရောက်တွင် ကားပျက်ပါတော့သည်။

ခရီးသည်များထံမှ ညည်းညူသံများ၊ မကျေနပ်သံများ ထွက်ပေါ်လာသည်။ သူတို့ဆင်းရမည့် နေရာသို့ အချိန်မီ မရောက်မှာ စိုးရိမ်နေကြသည်။

တစ်ခုတော့ ကံကောင်းသည်ဟု ဆိုရချေမည်။ ကားပျက်သည့် ဆား မလောက်ရွာတွင် ကားစက်အပိုပစ္စည်း

www.burmeseclassic.com

အဲလွယ်တကူ ဝယ်ယူရရှိခြင်းပင်။

ည(၁၀)နာရီခန့်တွင် စက်ကောင်းသွားပါသည်။ ဒီတော့မှ ခရီးဆက်နိုင်တော့သည်။ ရှမ်းကွင်းရွာလမ်းဆုံအရောက်တွင် ကိုသာဒင် ဆင်းလိုက်သည်။ အချိန်မှာ ညဉ့်သန်းခေါင်ပင်ကျော်ခဲ့ပြီ။ လသာရက်မို့ တော်ပါသေးသည်။ သို့သော်လည်း လက ဝင်တော့မည်။ သို့ဖြစ်၍ လရောင်က မှုန်ဝါးဝါး။

ကိုသာဒင် ရွာသို့ရောက်ရန် ကျုံတာရွာ၊ ကျုံမဲရွာနှင့် မှော်ဝန်းစုရွာများကို ဖြတ်သန်းရပေဦးမည်။ အနည်းဆုံး (၂)နာရီခန့် လျှောက်ရမည့်ခရီးဖြစ်သည်။

ကိုသာဒင် တစ်ယောက်တည်း အတွေးကို အဖော်ပြုပြီး ခရီးဆက်လျှောက်ရှိသည်။ ကျုံတာရွာလေးကတော့ နွေရင်ခွင်မှာ အိပ်မောကျနေလေပြီ။

ကျုံတာရွာ ချောင်းကူးတံတားကို ကျော်လိုက်သည်နှင့် ကျုံမဲရွာသို့ ရောက်ပါတော့သည်။ ကျုံမဲရွာနှင့် မှော်ဝန်းစုရွာကြား လမ်းဘေးတွင် သချိုင်းကုန်းရှိသည်။ ထိုသချိုင်းကုန်းနှင့် လူနေအိမ်ခြေများမှာ တစ်ခေါ်ခန့်ဝေးသည်။

အဆိုပါ သချိုင်းကုန်းအား ဖြတ်ကျော်ရန် ကိုသာဒင် အနည်းငယ်တော့ ကြောက်စိတ် ဝင်မိသည်မှာ အမှန်ပင်။ လမင်းသည်လည်း ညအခင်းကို ခွဲခွာပေတော့မည်။

တကျီကျီ အော်နေသည့် ပုရစ်သံမှအပ တစ်လောကလုံး ငြိမ်သက်နေပေသည်။ ထိုသို့ ငြိမ်သက်နေခြင်းကပင်လျှင် ကြောက်သူကို ကူ၍ ခြောက်နေသည့်အလားပင်။

ကျုံမဲရွာဆုံးသည်နှင့် သစ်ပင်ချုံနွယ်များကြားက ဖရုပ်အိုမည်းမည်းကြီးနှင့် အုတ်ဂူများကို တွေ့ရသည်။



ဒီနေရာကို မရောက်မီ စိတ်ကူးနှင့် ဖြတ်ကျော်စဉ်က အနည်းငယ်တော့ ကြောက်မိပါသည်။ သို့သော် တကယ်တမ်း ဖြတ်ကျော်ပြီဆိုတော့ ကြောက်စိတ်များက တန်းစီဝင်ရောက်လာတော့သည်။

'ဂီး...'

ကိုသာဒင် သချိုင်းကုန်းအား ဖြတ်ကျော်နေစဉ် ညဉ့်ငှက်တစ်ကောင်က အလန့်တကြား အော်ဟစ်ပျံသန်းသွားသည်။ ကိုသာဒင့်ရင်ထဲမှာ ဒိန်းခနဲ လှုပ်ခတ်သွားသည်။ ကြက်သီးမွေးညင်းများ ထလာသည်။ နလုံးခုန် မြန်လာသည်။ ချွေးများပင် စို့လာသည်။

ကားမပျက်ပါက ဒီနေရာကို လူခြေမတိတ်ခင် ဖြတ်ကျော်ရပေလိမ့်မည်။ ယခုတော့ ကားပျက်ခြင်းကြောင့် ဒီဒုက္ခတွေနှင့် ရင်ဆိုင်နေရသည်ဟု ကိုသာဒင် ကားကို မကျေမနပ် ဖြစ်နေမိသည်။

သချိုင်းကုန်း အလွန်တွင် ရိုးကိုဖြတ်၍ ဆောက်လုပ်ထားသော တံတားကလေး တစ်စင်းရှိသည်။ ဒီတံတားက မှော်ဝန်းစုရွာနှင့် သချိုင်းကုန်းကို စည်းခြားထားသည့် အလားပင်။

တံတားလွန်သည်နှင့် မှော်ဝန်းစုရွာဟု ဆိုသော်ငြားလည်း လူနေအိမ်များ လုံးဝ မရှိချေ။ လူနေအိမ်များသို့ ရောက်ရန် အချိန်အတော်ကြာကြာလျှောက်ရပေဦးမည်။

ရွာလမ်း၏ ဝဲယာတွင် သစ်ပင်ချုံနွယ်များမရှိ လယ်ကွက်များသာရှိသည်။ ကိုသာဒင် တံတားကို လွန်သည်နှင့် သူ့ရှေ့ မလှမ်းမကမ်းတွင် လူတစ်ယောက် လျှောက်လာသည်ကို တွေ့လိုက်ရသည်။ ထိုလူကိုတွေ့တော့ ကိုသာဒင် ကြောက်စိတ်များ အနည်းငယ်ပြေသွားသည်။

သို့ပေမယ့် ထိုလူသည် လူကောင်းမဟုတ်ဘဲ မသမာသူတစ်ယောက်ဖြစ်ခဲ့လျှင် မိမိ ကျောပိုးအိတ်ထဲမှငွေများကို အန္တရာယ်ပေးနိုင်သည်။

သို့ဖြစ်၍ အဆိုပါလူက ရန်ပြုလာခဲ့ပါလျှင် ပြန်လည် ခုခံတိုက်ခိုက်ရန် အသင့်အနေအထားဖြင့် ခြေစုံရပ်နေလိုက်သည်။

လျှောက်လာသူက အရက်မူးသမားတစ်ယောက်ကဲ့သို့ ခြေလှမ်းမမှန်။ အရက်သမားတစ်ယောက်များ ဖြစ်နေလေမည်လား။

ဘာပဲဖြစ်ဖြစ် ကိုသာဒင်ကတော့ သတိနှင့် စောင့်ကြည့်နေဆဲပါ။ ထိုလူ ကိုသာဒင်အနီးသို့ အရောက်တွင်...

'ဟာ...ကိုတင်မြင့်ပါလား။ အချိန်မတော်ကြီး ဘယ်က ပြန်လာတာလဲ'

ကိုသာဒင်တစ်ယောက် ကိုတင်မြင့်ကို မမျှော်လင့်သည့်အချိန်၊ မမျှော်လင့်သည့်နေရာတွင် တွေ့လိုက်ရသည့်အတွက် အလွန်အံ့သြနေမိသည်။

ကိုတင်မြင့်သည် မယ်ညိုရွာတွင် နေထိုင်သည်။ မယ်ညိုရွာသည် ကိုသာဒင် ရောက်ရှိနေသည့် သချိုင်းကုန်း၏တောင်ဘက် မလှမ်းမကမ်းမှာ တည်ရှိသည်။

ကိုသာဒင်နေသည့် ဂျိုဝါရွာနှင့် ကိုတင်မြင့်နေသည့် မယ်ညိုရွာမှာ အတော်အလှမ်းဝေးပါသည်။ သို့သော်

www.burmeseclassic.com

လည်း . သူတို့နှစ်ယောက်ကတော့ ထာဝစဉ် နီးလျက်ပင်။ လာလိုလျှင် အနီးလေးပဲ မဟုတ်ပါလား။

တကယ်တော့ ကိုသာဒင်နှင့် ကိုတင်မြင့်မှာ ဘာမှ မတော်စပ်၊ သို့သော်လည်း ဆွေမျိုးရင်းချာထက်ပင် ခင်ကြ မင်ကြသည်။ ယုံကြည်ချက်ချင်းလည်းတူ၊ ခံယူချက်ချင်းလည်းမျှ၊ အပေးအယူလည်း တည့်ကြ၏။

'မနက်ဖြန်... သစ်... နည်း...နည်း လောက်...လိုချင်တယ်'

ဟု လေးလေးတွဲ့တွဲ့ဖြင့် ပြောလာသည်။

ကိုတင်မြင့်သည် သွက်သွက်လက်လက်ရှိသူ၊ ယခုတော့ သူ့ဟန် သူ့အသံနှင့် သူ့အမူအရာတို့က အေးတိအေးစက်။

'ဘယ်က ပြန်လာလဲ'

ဟုပင် မေးဖော်မရ မိမိမေးသည်ကိုလည်း သူ ပြန်မဖြေ၊ ကိုတင်မြင့် ဟုတ်မှ ဟုတ်ပါလေစ၊ မိမိ အမြင်အာရုံသည်လည်း မမှားနိုင်၊ ဒါဆို အရက်မူးနေလို့များလား။

ကိုသာဒင်၏ ရင်ထဲတွင် မကျေနပ်မှုများနှင့် မေးခွန်းများစွာတို့ ပြည့်နှက်နေချိန်မှာပင် ကိုတင်မြင့်သည် နှုတ်မဆက်ဘဲ တစ်လှမ်းချင်း ထွက်ခွာသွားပါတော့သည်။

* * *

ညက အိပ်ရေးပျက်ထားသဖြင့် အလုပ်ထဲတွင် စိတ်က သိပ်မပါ။ အိပ်ချင်စိတ်က အင်နှင့်အားနှင့် နှိပ်စက်ပါတော့သည်။ သွေးနေသည့် လွှစွယ်ကလေးများပင် ရုံဖန်ရံခါ ပျောက်ပျောက်သွားသည်။

'ကိုသာဒင် နေကောင်းတယ်နော်'

နောက်ကျောဘက်ဆီက မေးသံကြားလိုက်သဖြင့် လွှသွေးနေရာမှ ကိုသာဒင် လှည့်ကြည့်လိုက်သည်။ ကိုတင်မြင့်ကို တွေ့ရသည်။

'ဟာ...ကိုတင်မြင့်ပါလား၊ ညက ကျွန်တော် ခင်ဗျားကိုတွေ့တော့ တော်တော်အားရှိသွားတာ၊ ဒါပေမယ့် ခင်ဗျားရဲ့ တုံ့ပြန်မှုက တော်တော် မကျေနပ်စရာ ကောင်းတယ်ဗျာ'

'ကိုသာဒင် ခင်ဗျားပြောနေတာ ကျွန်တော် နားမလည်ဘူးဗျ၊ ကျွန်တော် ခင်ဗျားနဲ့လဲ ညက မတွေ့ပါလား'

''မော်ဝန်းစုသုသာန်နားမှာ တွေ့တာလေဗျာ၊ ခင်ဗျား အရက်သိပ်မူးနေလို့ မေ့သွားတယ်ထင်တယ်'

'ကျွန်တော် မဟုတ်ဘူး ကိုသာဒင်၊ ညက တင်ဆင့်ဆုံးနေလို့ ကျွန်တော် ဘယ်မှ မသွားရဘူး ရွာမှာပဲရှိနေတာ'

'ဘာ...ဘာ... တင်ဆင့်ဆုံးလို့... ဘယ်...ဘယ်တုန်းက ဆုံး...ဆုံးတာလဲဗျာ'

ကိုတင်မြင့်နှင့် တင်ဆင့်မှာ ညီအစ်ကိုအရင်း ဖြစ်ကြသည်။ အသားအရေ အရုပ်အမောင်းနှင့် ရုပ်ရည်မှာ အတော်တူကြသည်။ တစ်ရွာတည်း အတူနေကြသူများပင် မကြာခဏ မှားကြသည်။

'ည(၉)နာရီလောက်က ပိုးထိလို့ ဆုံးတာဗျ၊ အဲဒါ ခေါင်းစပ်ဖို့ ခင်ဗျားဆီ ပြေးပုပ်လာယတာ'

'မနက်ဖြန် သစ်နည်းနည်းလောက် လိုချင်တယ်'

ဟု ညက တင်ဆင့် ပြောခဲ့သည့် စကားကိုသာ ကိုသာဒင် ပြန်လည်ကြားယောင်နေမိပါတော့သည်။

**မှတ်ချက် ။ ။ အမည်နှင့် နေရပ်ကို လွှဲပြောင်းထားပါသည်။**

| ဘဘမွဲ (ချားပုံ-ရောဝီ ၆) |
|---|

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

ရှုပ်များ

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

လေးစားစွာဖြင့်...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

### ရှေးခေတ်အလှူရှင်တို့၏ ကျိန်စာ

ရှေးအခါက ဘုရင်များ၊ မှူးမတ်များနှင့် ပြည်သူများသည် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်၊ ဇရပ်တို့ ဆောက်လုပ်လှူဒါန်းပြီး ရေစက်ချ အမှုဝေကာ ကျောက်စာတိုင်များ စိုက်ထူထားလေ့ရှိရာ ကျောက်စာတွင်...

"ငါ၏ ကောင်းမှုကို ဖျက်ဆီးသူသည် အေး အကျွရောက်ပါစေ၊ ဖျက်ဆီးခြင်းရှိပါက အရိမေတ္တေယျဘုရား မဖူးရပါစေသား"

စသော ကြောက်စရာကောင်းသည့် ကျိန်စာအမျိုးမျိုးတို့ကို စိုက်ထူထားလေ့ရှိပါသည်။ ကျွန်တော်သည် သူတစ်ပါး လှူထားသော အဆောက်အအုံကိုလည်း မဖျက်ဆီး၊ ကျောက်စာတိုင်ကိုလည်း မဖျက်ဆီးပါဘဲ အန္တရာယ်တွေ့ရပုံကို ဖော်ပြပါမည်။

### ရှေးဟောင်း

### အဆောက်အအုံသတင်း

ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်ရုံးတွင် တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။

တစ်ရက်တွင် ရုံးဝန်ထမ်းများထံမှ သတင်းရသည်မှာ ကဝမြို့နှင့် (၁)မိုင်နီးပါး ကွာဝေးသော ကုန်း(၁)ခုပေါ်တွင် အုတ်ဖြင့်ပြုလုပ်ထားသော အဆောက်အအုံပျက်များ ပြိုကျနေကြောင်း သတင်းရရှိပါသည်။

### အဆောက်အအုံပျက်ကို

### သွားကြည့်ခြင်း

ထူးတာတွေ့လျှင် သွားကြည့်လိုသော ကျွန်တော်၏ စိတ်ဓာတ်ကြောင့် တစ်ညနေခင်းတွင် ကျွန်တော် အိမ်ခန်းငှားနေသော အိမ်ပိုင်ရှင် ဦးကြည်ရွှေနှင့် အတူသွားကြည့်ပါသည်။



ထိုက်ဆိုင်တာလား

# ကျိန်စာလေး

မောင်ကံ
(တံတားဦး)

အဆောက်အအုံဟောင်းသို့ ရောက်သောအခါ အုတ်ကျိုးဟောင်းများချည်းသာ တွေ့ရ၍ မည်သည့် အဆောက်အအုံဟူ၍ သေချာမပြောနိုင်တော့ပါ။

အုတ်ပုံအချွန်ပုံလည်း ရှိနေ၍ စေတီဟောင်းနှင့် သိမ်ဟောင်း(သို့မဟုတ်) ဘုန်းတော်ကြီး ကျောင်းဟောင်းလည်း ဖြစ်နိုင်ပါသည်။

အနီးတွင် လူနေအိမ် မတွေ့၍ မမေးမြန်းနိုင်ခဲ့ပါ။ အုတ်ကျိုးပုံများကို လှည့်ပတ် ကြည့်ရှုသောအခါ ရှေးဟောင်း ကျောက်စာတိုင်(၁)ခုသည် ဖျက်ဆီးလိုသူများ၏ ရိုက်နှက်ထားမှုကြောင့် အစိတ်စိတ်အမွှာမွှာ ကွဲကျကာ မြေပြင်တွင် အငုတ်သာ ကျန်ပါတော့သည်။

ကွဲနေသည့် အပိုင်းအစ တစ်ခုတွင် စာအချို့ တွေ့ရသော်လည်း နှစ်ပေါင်းကြာပြီဖြစ်၍ စာများ မထင်ရှားတော့သဖြင့် ဖတ်မရတော့ပါ။

### ကျောက်စာအပိုင်းအစ

### တစ်ခုယူလာ

ကျွန်တော့်တွင် စိတ်ကူးပေါ်လာ

www.burmeseclassic.com



သည်မှာ အဆိုပါ အဆောက်အအုံ ဟောင်း၊ အုတ်ကျိုးဟောင်းများသည် မည်သည့် အဆောက်အအုံဖြစ်ကြောင်း၊ နှစ်မည်မျှ ကြာပြီဖြစ်ကြောင်း တစ်စုံတစ်ရာ သဲလွန်စရရန် အတွက် ပဲခူးမြို့ ကမ္ဘောဇသာဒီ နန်းတော်တွင် ရှုဖွယ်ထားသောရှေးဟောင်းသုတေသန ဦးစီးမှူးကိုပြသရန်စိတ်ကူးပေါ်လာသည်။

သို့နှင့် အပြန်တွင် စာသားများ ပါသော ကျောက်စာအပိုင်းအစ (၁)ခု ကိုယူ၍ ဦးကြည်ရွှေနှင့်အတူ ပြန်လာ ပါသည်။ အိမ်ရောက်သောအခါ ထို အပိုင်းအစကို ဘုရားစင်ပေါ်၌ တင် ထားလိုက်ပါသည်။

## စိတ်ချောက်ချားရသည့် ညများ

ထိုည အိပ်ချိန်ရောက်သောအခါ ဘာကြောင့်မှန်းမသိ မျက်စိကြောင်နေ ပြီး အိပ်မရဖြစ်ကာ သန်းခေါင်လောက် မှ အိပ်ပျော်သော်လည်း နှစ်နှစ်ခြိုက် ခြိုက် မဟုတ်ဘဲ ချားရဟတ်စီးရသလို လှိုင်းမူးသလို ရီဝေကာ ညနေကသွား ခဲ့သော ကုန်းမို့မို့ကို မြင်နေသည်။

ထို့ပြင် ကုန်းပေါ်တွင် အဖြူ၊ အနီ၊ အဝါ၊ အပြာ စသော ရောင်စဉ်တန်း များကိုမြင်ကာ ရောင်စဉ်တန်းများထဲ တွင် ဘုံဆင့်များပါသော အဆောက် အအုံများကို မပီမသ မြင်လိုက် ပျောက် လိုက်နှင့် အဆောက်အအုံများပတ် လည်တွင် အမျိုးအမည် မဖော်ပြနိုင် သော အသွင်သဏ္ဌာန်ဆိုသည့် အကောင်ကြီးများ သွားနေသည်ကို ဝိုးတဝါး မြင်နေရပြီး စိတ်ချောက်ချား ကာ အိပ်မရသည်မှာ (၃)ရက်ခန့်ဖြစ် ပြီး သောကြာနေ့ညထိ ဖြစ်ပါသည်။

## လမ်းခင်းရန် ဘိလပ်မြေအိတ်ပို့

စနေနေ့မနက် အိပ်ရာကနိုးရာတွင် အိပ်ရေးမဝ မူးနောက်နောက် ဖြစ်နေ သော်လည်း ဇာတိရွာ(တံတားရွာ)ရှိ ဖခင်ဖြစ်သူက ရွာထဲမှ ဘုန်းကြီး ကျောင်းသို့သွားသည့်လမ်းကို အုတ်တေ ခင်းလိုသည်ဟု သိရသည်။

သို့ဖြစ်၍ ထိုအချိန် ကျွန်တော့်ရုံးက ရောင်းသော ဆောက်/လျှပ်ခွဲတမ်း ဘိလပ်မြေ(၂၀)အိတ်ကို ရုံးပိတ်ရက် ဖြစ်၍ ကဝမှ သက္ကလ–ခရမ်း–သုံးခွမြို့ ထိ လိုင်းကားနှင့် သွားပို့ခဲ့ပြီး သုံးခွမြို့ တွင် ဖခင်ကို ကန်တော့ကာ ပြန်လာခဲ့ ပါသည်။

## လက်ကျိုးပြီ

အပြန်တွင် သုံးခွ–သက္ကလ လိုင်း ကားကို စီးပြီးပြန်လာရာ ခရမ်းမြို့အနီး ကျောင်းစုပတ္တုပ်ဟု မှတ်မိနေသော ရွာအနီးတွင် လိုင်းကားသည် မည်သို့ ဖြစ်သည်မသိ လမ်းဘေးမြောင်းထဲသို့ ထိုးကျပြီး ဘေးတစ်စောင်း လဲသွားပါ သည်။

ကျွန်တော်နှင့် ခရီးသည်များသည် ရုတ်တရက်ဖြစ်၍ ထိုင်ခုံတန်းများမှ ဖောက်ထိုးမိုးမျှော်ကျပြီး အော်ဟစ် ဆူညံသွားပါသည်။

ခရီးသည်များသည် နာကျင် မှုရောင်ကြသော်လည်း ကံကောင်းစွာ ကျိုးပဲ့သူ ကွဲပြဲသူ မရှိပါ။

ကျွန်တော်လည်း မည်သည့် ဒဏ်ရာမှမရှိ၍ လိုင်းကားစောင့်နေစဉ် သုံးခွမြို့မှ ပဲခူးမြို့သို့ သွားမည့် ကိုယ်ပိုင် ဟိုင်းလပ်ယာဉ်တစ်စီး လာနေသည် ကို တွေ့ရသဖြင့် တားပြီး အကျိုး အကြောင်းပြောကာ သက္ကလမြို့ သို့ လိုက်ခွင့်တောင်းခဲ့သည်။

ခွင့်ပြုသဖြင့် လိုက်လာရာ ခရမ်းမြို့နှင့် သက္ကလမြို့သည် နီးသောကြောင့် ခဏ၌ပင် သက္ကလသို့ ရောက်ခဲ့ပါသည်။ ထိုအချိန်ထိ ကျွန်တော့်တွင် နာကျင်မှု တစ်စုံတစ်ရာ မရှိသေးပါ။ ကားမှောက်ခါစ သွေးပူ နေ၍ ဖြစ်နိုင်ပါသည်။

သက္ကလတွင် ခင်မင်ရင်းနှီးသည့် ဓာတ်ဆီဆိုင်မန်နေဂျာ ဦးအုံးလွင် အိမ်ဝင်ပြီး လမ်းတွင် ကျွန်တော် ကား မှောက်လာကြောင်း၊ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း ပြောရာ ဦးအုံး လွင်က ကျွန်တော့် ညာဘက်လက်ဖျား ကို သေချာစွာ ကြည့်ပြီး...

'ညီလေး... မင်း လက်ကျိုးသွားတယ်။ ကိုယ့်လက်ကို ပြန်ကြည့်ဦး'

ဟု ပြော၍ ကြည့်ရာ ကျွန်တော့် ညာဘက်လက်သည် အတွင်းဘက်၌ ရှိရမည့် လက်ဖဝါးက အပြင်သို့ရောက် နေပြီး၊ အပြင်၌ ရှိရမည့် လက်ဖမိုးက အတွင်းသို့ ရောက်နေကာ **"မူလ အနေအထား၏ ပြောင်းပြန်"** ဖြစ်နေ သည်ကို ယခုမှပင် သိရပါသည်။

ကားထိုင်ခုံပေါ်က ကျွမ်းပြန်ကျစဉ် က ထိခိုက်သွား၍ တစ်တောင်ဆစ် လည်ထွက်သွားသည် ထင်ပါသည်။

ဦးအုံးလွင်က သက္ကလမြို့ဆေးရုံပို့ ပေးပါသည်။ ဆရာဝန်က ပြောင်းပြန် ဖြစ်နေသော ကျွန်တော့်လက်ကို အတည့်ဖြစ်သွားအောင် သူနာပြုများ အကူအညီဖြင့် ပြုပြင်ရာ အလွန်နာလှ ပြီး "ဂွတ်"ဟူသော အသံကြားရပြီး နောက် ကျွန်တော့်လက်ဖဝါးနှင့်

www.burmeseclassic.com



ဇော်မြန်ကင်း
(ပျဉ်းမနား)

# ပိုက်ဆံရှုပ်တဲ့ ဝေဒနာ

မိတင့်က ဘနုင်းကို ပုတ်နှိုးနေလိုက်တာ ကမ်းပါး လှိုင်းရိုက်တဲ့အတိုင်းပဲ တဖျပ်ဖျပ်နဲ့။ ဘနုင်းက အဟောက်တောင် မပျက်ဘူး။

''ဒေါက်''ခနဲဆိုတဲ့အသံ ထပ်ကြားမိရာ မိတင့် ပြူးတူးပြဲတဲ ပိုဖြစ်သွားပြီး အရင်ကထက် ဘနုင်းကို ခပ်ကြမ်းကြမ်း တွန်းထိုးနေတော့တာပဲ။

ခန္ဓာကိုယ်ကို တရစပ် ထိတွေ့တာခံရဖန် များလာတော့လဲ ကာလနဂါး ဝင်စားသူ မဟုတ်တဲ့အတွက် အင်းခနဲ၊ အားခနဲ အကြောဆန့်ရင်း ဘနုင်း လူးလွန့်လာရတယ်။

'ထပါဦးတော့'

'ဘာလဲ...ဟ'

အိပ်ရေးပျက်အောင် ဖျက်ရမလား ဆိုပြီး အိပ်မှုန်စုံမွှားနဲ့ မိတင်ကို မကျေနပ်ကြည့် ကြည့်ပြီး ဘုဆတ်ဆတ် ပြန်ပြောနေတယ်။

'တော်...မကြားဘူးလား'

'ဟ...အိပ်ပျော်နေတဲ့ ငါက ဘာကြားရမှာလဲ၊ နင်ကကော ဘာတွေ ကြားမိလို့တုံး'

'နှစ်ခါ,သုံးခါ ရှိနေပြီ...တော့'

'ဘာလဲ အိမ်သာ ထထ သွားတာကို ပြောတာလား'

'တော်ကလဲလေ ထင်မိထင်ရာ ဖွတ်ပြောနေတော့တာပဲ။ စိတ်က လက်တစ်ဆစ်ရယ်၊ စကားခုံးအောင်တော့ နားမထောင်ဘဲနဲ့'

မိတင့် စိတ်လှုပ်ရှားနေတဲ့အတွက် ပြောရမယ့် စကားတောင် ထစ်ငေါ့ငေါ့။ ဒီလို ကြုံဖူးခဲ့တော့လဲ ထိတ်စရာလား၊ လန့်ရမှာလား မဝေခွဲတတ်တော့ဘူး။

'တံခါး...တံခါး'

မိတင့် ဝင်ပေါက်ဘက်ကို ကြည့်ကွက် ကြည့်ကွက်လုပ်ရင်း အတန့်ကြာ ငေးငိုင်နေတယ်။ ဘနုင်းက လက်တို့လိုက်တော့မှ သက်ပြင်းကို ချရင်းပြောတယ်။

'အပြင်က တံခါးခေါက်သံလိုလို ကြားမိလို့ တော့်ကို နှိုးတာ'

'နင်ကလဲလေ အချိန်မတော် တို့ကို အရေးတယူလုပ်ပြီး ဘယ်သူက လာနှိုးလို့လဲ၊ အိပ်မက် မက်ပြီး ထင်ယောင်ထင်မှား ဖြစ်နေတာ ထင်တယ်'

'ရှင် ထင်သလို ဘာအိပ်မက်မှ မမက်ဘူး။ တံခါးခေါက်သံလိုလို ကြားမိပြီး လန့်နိုးလာတာပါ'

'ကဲပါဟာ နင် စိတ်ရှင်းသွားအောင် ငါ အပြင်ထွက်ကြည့်ပေးမယ်'

www.burmeseclassic.com

ပြောပြောဆိုဆို ဘနှင်း အိပ်ရာဘေးက ဓာတ်မီးဆွဲယူပြီး ဝင်ပေါက်တံခါးမကြီးဘက် ထထွက်လာခဲ့တယ်။ ဘနှင်းနောက်က မိတင့်လဲ ကုပ်ကုပ်လေး ကပ်လိုက်လာတယ်။

ဘနှင်း ထိုးထားတဲ့ တံခါးချက်ကို ဖြုတ်တယ်။ တွန်းဖွင့်လိုက်တယ်။ သံချေးတက်နေတဲ့ ပတ္တာကြောင့် "တကျွိကျွိ"နဲ့တောင် မြည်သွားတယ်။

ဘနှင်း အိမ်အပြင်ဘက် ထွက်လာခဲ့တယ်။ အိမ်ရဲ့ ဝန်းကျင်အနှံ့ စေ့စေ့စပ်စပ် ရှာဖွေကြည့်တယ်။ ထူးခြားတာဆိုလို့ ဘာမှ မတွေ့ဘူး။ မသင်္ကာစရာ အရိပ်အရောင်တောင်မှ မမြင်မိဘူး။

သူခိုးက ဖောက်ထွင်းဖို့ လာရအောင်ကလဲ ဒီရပ်ကွက် ဒီလိုအိမ်မျိုးကို စိတ်ကူးထဲတောင်ထည့်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူခိုးမျက်စိကျရလောက်အောင် ထိုက်ထိုက်တန်တန်ပစ္စည်း ပိုင်ဆိုင်သူ မရှိကြလို့ဘဲ။


တစ်နေ့စာ တစ်နေ့တောင် မပြည့်စုံကြလို့ဘဲ။ အချိန်မတော် အဖက်လုပ်လာတတ်တဲ့ ညဉ့်သည်မျိုးလဲ မကြုံဖူးဘူးပေါ့။

'မိတင့် ရှင်းပြီနော်၊ အိပ်ရေးပျက်ပါတယ်။ အိမ်ထဲ ပြန်ဝင်ကြရအောင်'

နှစ်ယောက်သား အတွေးကိုယ်စီနဲ့ အိပ်ရာထဲ ကျောခင်းနေစဉ်မှာပဲ **"ဒေါက် ဒေါက်"**ဆိုတဲ့အသံ ထွက်ပေါ်လာတယ်။

'ဟော...ဟော...ကြားလား'

မိတင့်က ဘနှင်းကို လက်တို့ပြီး လေသံလေးနဲ့ ပြောတယ်။ "ရှူး" ဘနှင်းက တိတ်တိတ်နေဖို့ ပြန်ဟန့်တားလိုက်တယ်။ အသံက ဆက်တိုက်ပြီး ကြားရတာတော့ မဟုတ်ဘူး။



ကျိုကြားကျိုကြားပဲ။ ဘနှင်း ငြိမ်ပြီး နားစွင့်နေခဲ့တယ်။

'ဒီ တံခါးကို ခေါက်တဲ့ အသံမျိုး မဟုတ်ဘူး။ အိမ်အတွင်း တစ်နေရာရာက လာတဲ့ အသံပဲ'

ဘနှင်း ဆတ်ခနဲ ထထိုင်တယ်။ အသံထွက်နေတဲ့ အရပ်ကို ခန့်မှန်းကြည့်နေတယ်။

အပြင်က သစ်ရွက်လေတိုးသံ၊ ညထွက် ပိုးမွှားတွေ အော်မြည်သံတွေနဲ့ ရောထွေးနေလေတော့ အတိအကျ တွက်ချက်ရတာကတော့ ခက်နေတယ်။

ခြေသံကို လုံအောင်ထိန်းရင်း စိတ်ထဲ ထင်မှတ်ထားတဲ့နေရာဆီ ဘနှင်း တစ်လှမ်းချင်း ချဉ်းနင်းလာခဲ့တယ်။

'အမယ်လေး...ဘုရား...ဘုရား'

မိတင့် လွှတ်ခနဲ လန့်အော်လိုက်တယ်။ ဘနှင်း ထိုးလိုက်တဲ့ ဓာတ်မီးရောင်အောက်မှာ သေတ္တာကြီးတစ်လုံးကို ဘွားခနဲ တွေ့လိုက်ရတယ်။ သေတ္တာကြီးက ငြိမ်ငြိမ်သက်သက်ရှိနေတာမဟုတ်ဘူး။ သေတ္တာကြီးက ဘယ်ထောင်ညာကျ ဒေါက်ခနဲ၊ ညာထောင်ဘယ်ကျ ဒေါက်ခနဲနဲ့ စည်းချက်ညီညီ ဖြစ်နေတာကို အံ့ဩဖွယ်ရာ မြင်တွေ့လိုက်ကြတယ်။

'မိတင့် တရားခံတော့ တွေ့ပြီဟ။ တို့ရဲ့စိတ်ကို အနှောင့်အယှက်ပေးနေတာ သူပဲ။ အခြား ပယောဂက ကင်းတယ်'

မျက်မြင် ကိုယ်တွေ့မို့သာပေါ့။ အခြားလူတွေကို ဒီအကြောင်း ပြောပြရင် မယုံကြည်သူတွေ များမှာ သေချာတယ်။ လူသံကြားလို့ ထင်ပါရဲ့ သေတ္တာကြီးက ထူးခြားနေရာကနေ ရပ်သွားတယ်။

'အထဲမှာ အကောင်တစ်ကောင် ဝင်ပြီး ပြန်မထွက်တတ်တော့ဘဲ ဟိုပြေးဒီပြေး ပြေးရာကနေ လှုပ်နေတာများလား'

မိတင့်က ထင်ကြေးပေးတယ်။

'မကြောက်နဲ့ လာ ဖွင့်ကြည့်ရအောင်'

ဘနှင်းက မိတင့်ကို လက်ဆွဲပြီး သေတ္တာကြီးအနီးသို့ ကပ်လာခဲ့တယ်။ အဖုံးကို ဆွဲဖွင့်တယ်။ အထဲကို ဓာတ်မီးနဲ့ ထိုးကြည့်တယ်။ ဘာမှ မတွေ့ဘူး။ ထင်သလို မဟုတ်တော့ အတွေးရကျပ်သွားတယ်။

ဒီသေတ္တာကြီးရဲ့ ရာဇဝင်ကတော့ အိမ်ထောင်ခွဲလာကြတုန်းက ထည့်ချင်တာ ထည့်ရအောင်ဆိုပြီး မိတင့် မိဘတွေက အမွေပေးလိုက်တာ။

သူတို့လဲ မှုရင်းပိုင်ရှင် မဟုတ်ဘူး။ အဘိုး၊ အဘွားပိုင်ပစ္စည်း လက်ဆင့်ကမ်းလာခဲ့တာ။ ထင်းရှူးသားနဲ့ လက်ယှက်ထိုး စပ်ခွေထားတာဆိုတော့ သေတ္တာကြီးက ခံ့ထည်နေတယ်။

ဘနှင်းနဲ့မိတင့် ဘဝကလဲ ဆိုးတယ်။ သေတ္တာရှိပေမယ့် မည်မည်ရရ တူတူတန်တန် ထည့်စရာပစ္စည်းက မရှိဘူး။ ဒါကြောင့် အခွံအတိုင်းပဲ ချောင်ထိုးထားခဲ့တယ်။

'ဘနှင်း...ကျုပ် အခုမှ သတိရတယ်။ သေတ္တာကြီး ယူလာတုန်းက အမေက မှာလိုက်တယ်၊ သမီး...တဲ့ သေတ္တာထဲ ငွေမပြတ်စေနဲ့တဲ့၊ ငွေအမြဲရှိနေပါစေတဲ့၊ ဒါနဲ့များ ပတ်သက်နေမလားဘဲ၊ အဖေ



www.burmeseclassic.com

www.burmeseclassic.com

မှာတဲ့အတိုင်း ရောက်စကတော့ ကျုပ် ထည့်ထားသေးတယ်လေ'

'နင်ကသာ ထည့်ထားတယ် ပြော နေ၊ အခု ကြည့်လေ ပြောင်တလင်းခါ နေတာ နင် မတွေ့ဘူးလား၊ ဘာဆို ဘာမှကို မရှိတာ'

မိတင့် မကျေမနပ်နဲ့ သေတ္တာထဲ မွှေနှောက်ရှာပေမယ့် လက်သာ ပြန် ထွက်လာတယ်။ ဘာတစ်ခုမှ ရှာ မတွေ့ဘူး။

'ဟုတ်ပါရဲ့တော် ဘယ်ရောက်သွား သလဲ မသိဘူး၊ ကျုပ် သေသေချာချာ ထည့်ထားခဲ့တာပါ'

နှစ်ဦးသား ငေးငိုင်တွေဝေစဉ်မှာပဲ သားဖြစ်သူ အောင်သစ် အနားရောက် လာတယ်။ မျက်နှာငယ်ကလေးနဲ့ ပြောတယ်။

'သား မုန့်ဖိုးမရှိတာနဲ့ လျှောက်ရှာကြည့် တော့ ဒီသေတ္တာကြီးထဲက ပိုက်ဆံတွေတွေ့တာ နဲ့ ယူသုံးပစ်လိုက်တယ်၊ နောက်မှ ပြန်စုပြီး ထည့်ဖို့ဟာ မစုမိသေးတာနဲ့ မထည့်ဖြစ်ခဲ့ သေးဘူး'

မကြာသေးခင်က ဘနုင်း နေမကောင်းဖြစ်ခဲ့တဲ့အတွက် ဆေးခန်း ပြလိုက်ရလို့ ဆေးဖိုးကုန်သွားတယ်။ မုန့်မုန့်ပေးနေကျ မုန့်ဖိုးကိုတောင် မပေးနိုင်ခဲ့ဘူး။ ဒါကြောင့် ဟိုရှာ ဒီရှာနဲ့ တွေ့ရာ ယူသုံးပစ်တာ နေမှာပါ။

'မိတင့် နှင့်အတိုက ဘယ်လိုရည်ရွယ်ချက် နဲ့ ဘယ်လိုအစီအစဉ်တွေ လုပ်ထားမှန်းတော့ ငါမသိဘူး၊ ရှေးလူကြီးတွေက အမြော်အမြင် လွှတ်ကြီးတာ၊ တို့ဉာဏ်မမီတာ မစဉ်းစားနဲ့ တော့၊ နှင့်မှာ ပိုက်ဆံရှိသလောက် သေတ္တာ ကြီးထဲ ထည့်ပေးထားလိုက်၊ စမ်းသပ်ကြည့် ရအောင်'

အိပ်ခန်းထဲ မိတင့် ကမန်းကတန်း ပြေးဝင်သွားပြီး ရှိစုမဲ့စု ပိုက်ဆံယူလာ တယ်။ သေတ္တာကြီးထဲကိုထည့် အဖုံး ကို ကတုန်ကယင်နဲ့ ပိတ်လိုက်တယ်။

ဒီနောက်ပိုင်း သေတ္တာကြီး လှုပ်ရှား တာ မတွေ့ရတော့ဘူး။ ဘာသံမှလဲ မကြားရတော့ဘူး။ ကလေးတစ် ယောက် ထပ်တိုးလာပြီးတဲ့အထိပဲ ဆိုပါတော့။

**အောင်မှန်ကင်း**
**(ပျဉ်းမနား)**

**စာမျက်နှာ (၂၅၀)မှ အဆက်**

လက်ဖမိုးတို့သည် **"ယင်းတို့၏နေရာ မှန်သို့"** ပြန်ရောက်သွား ပါသည်။

ထို့နောက် အရိုးအက်သွားသော ညာဘက်လက်ဖျံရိုးကို ကျောက်ပတ် တီးစည်းပြီး လက်သိုင်းကြိုးသိုင်း ပေးလိုက်ရာ ကျောက်ပတ်တီး လက်သိုင်းကျိုးတို့ဖြင့် ရက်အတော် ကြာ အောင် ဒုက္ခခံလိုက်ပါသည်။

**ကျောက်စာအပိုင်းအစကို သူ့နေရာ ပြန်ထား**

ကုန်းပေါ်မှ ယူလာသော ကျောက်စာအပိုင်းအစကို ထိုရေးညနေ ၌ပင် ရုံးမှ ဝန်ထမ်း(၁)ဦးနှင့် မူလနေရာသို့ ပြန်ပို့လိုက်ပါသည်။

ကုန်းပေါ်မှာ ပစ္စည်းတောပြီးလျှင် **"ယူသွားသော ပစ္စည်းကို သူ့နေရာသို့ ပြန်ပို့ပြီးဖြစ်၍ ထပ်မံ နှောင့်ယှက်ခြင်းမပြုရန် တောင်းဆိုကြောင်း"** သွားပို့သည့် ဝန်ထမ်းကို ပြောခိုင်းလိုက် ပါသည်။

လက်ကျိုးသည့် နေရာက ကိုက်ခဲသော်လည်း ထိုညကစ၍ ပုံမှန်အတိုင်း အိပ်ပျော်ပြီး စိတ်ချောက်ချားခြင်း၊ ရောင်စဉ်တန်း များ၊ ကြောက်စရာပုံ သဏ္ဌာန်များမြင်ရခြင်း မရှိတော့ပါ။

**သင်္ချိုင်း ဆင်ခြင်စရာ**

ဗျွန်တော်သည် သုတစ်ပါး လှူထားသော အဆောက် အအုံနှင့် ကျောက်စာတိုင်တို့ကို ဖျက်ဆီးခြင်း မရှိပါဘဲ အခြားသူများ ဖျက်ဆီး၍ ကွဲကြေနေသော ကျောက်စာ အပိုင်းအစကို လော့လာလို၍ "သဘောရိုးဖြင့်" အိမ်သို့ ယူခဲ့မိသည်။

သို့ဖြစ်ရာ ယူပြီးသည့် ညကစ၍ အိပ်မပျော်ခြင်း၊ စိတ် ချောက်ချားခြင်း၊ ကားမှောက်ပြီး လက်ကျိုးခြင်း ဖြစ်ရခြင်း မှာ တိုက်ဆိုင်တာလား၊ **"ရှေးဟောင်းအဆောက်အအုံ အလှူရှင်၏ ကျိန်စာကြောင့်ဖြစ်တာလား"** သေချာစွာ မသိနိုင်ပါ။

ဤအတွေ့အကြုံအရ အကြံပြုလိုသည်မှာ မြန်မာနိုင်ငံ တွင်ရှိ၍ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်း များ အမြောက်အမြားရှိသည်ဖြစ်ရာ **"ခရစ်ရှ လှူထား သောပစ္စည်း ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ" ရှေးဟောင်းပစ္စည်းတစ်ခုခုကို လေ့လာရန်၊ လုပ်ငန်း တွင်သုံးရန်၊ သိမ်းထားရန် ယူမည်ဆိုပါက** ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်တို့ကို ခွင့်တောင်းပြီး ယူပါက အန္တရာယ်ကင်းလိမ့်မည်ဟု ယူဆပါကြောင်းကိုယ်တွေ့အတွေ့အကြုံကိုမျှဝေလိုက်ပါသည်။

**ဝန်ခံချက်**

ဖြစ်ရပ်မှန်၊ အမည်မှန်၊ နေရာမှန် များဖြစ်ပါသည်။

**မောင်ကံ(တံတားရွာ)**



www.burmeseclassic.com

www.burmeseclassic.com



# ယခင်ဘဝက ခင်ပွန်းအဖြစ်

## ယခုဘဝ မြေးအချစ်

ဇော်ချမ်းမြေ့ (မင်းလှ)

တစ်နေ့သော နံနက်ခင်း တစ်နေ့မှာ မင်းလှမြို့နှင့် (၆)မိုင်ခန့်ဝေးသော ဆင်အိုင်ကျေးရွာသို့ စာရေးသူ၏ မိတ်ဆွေ ဒေါ်သန်းနွဲ့တို့အိမ်တက် မင်္ဂလာပွဲသို့ ဖိတ်သဖြင့် ရောက်ရှိခဲ့ပါသည်။

စာရေးသူ၏မိတ်ဆွေ ဒေါ်သန်းနွဲ့ကနေ...

'ဆရာမ ရောက်လာတာနဲ့ အတော်ပဲ စာရေးဖို့ ဇာတ်လမ်းတစ်ပုဒ် လက်ဆောင်ပေးလိုက်ပါမယ်။ ထမင်းစားသောက်ပြီးတော့မှ ကျွန်မကြီးဒေါ်နဲ့ တွေ့ပေးပါမယ်'

ဟု ပြောပြီး မကြာခင်မှာပင် ဒေါ်သန်းနွဲ့ကနေ အဘွားဖြစ်သူ ဒေါ်ဘိန်းကြည်နှင့် တွေ့ဆုံပေးပါတော့၏။

အဒေါ်ဒေါ်သိန်းကြည်ကနေ သူမ၏ ခင်ပွန်းမှာ မြေးအဖြစ် ပြန်ဝင်စားပုံကို အစချီပြီး ပြောပြပါတော့သည်။

* * *

တစ်ရွာတည်းနေ တူတော်သူ ကိုအောင်သူနှင့် မနီနီခိုင်တို့ ဇနီးမောင်နှံသည် အလုပ်ကို ရိုးသားကြိုးစား ရှာဖွေ လုပ်ကိုင်နေသော ဇနီးမောင်နှံတို့ ဖြစ်ကြပါသည်။

သူတို့နှစ်ဦး အိမ်ထောင်ကျစဉ် မိဘများ သဘောမတူကြပါ။ ဆယ်တန်းအောင်သော ကိုအောင်သူတစ်ယောက် မိဘများ တက္ကသိုလ်တက်ရန် ပြင်ဆင်နေစဉ် ပြောဆို ဆုံးမနေသည့်ကြားမှ ငယ်သူငယ်ချင်းဖြစ်သူ နီနီခိုင်နှင့် လူငယ်တို့သဘာဝ ခိုးရာလိုက်ပြေးကြပါသည်။ ထို့အကြောင်းကြောင့် မိဘများက စိတ်ဆိုးကြခြင်း ဖြစ်ပါသည်။

မိဘများ စိတ်ဆိုးပြီး အောင်သူကို ပြန်မခေါ်တော့ တစ်ရွာတည်းအတူနေသူ ဒွေးလေးသိန်းကြည်ထံ အပူကပ်ရာ ဒွေးလေးသိန်းကြည် မနေသာတော့သဖြင့် အောင်သူတို့ဇနီးမောင်နှံကို အိမ်ပေါ်ခေါ်ထားပြီး အတူတကွ နေထိုင်ခဲ့ကြပါသည်။

အနေကြာတော့လည်း သံယောဇဉ်တွေ ဂိုမိပြီး ဒွေးသိန်းကြည်မှာ သားသမီးအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့ပါသည်။ အောင်သူတို့နှစ်ယောက်ကိုလည်း သံဃာတော်များ ပင့်ဖိတ်ပြီး မင်္ဂလာဆွမ်းကျွေး ပြုလုပ်ပေးလိုက်ပါသည်။

ဒွေးသိန်းကြည်မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပါသည်။ ဒွေးကြည်၏ သားသမီးများမှာ အောင်သူထက် ငါးနှစ်၊ ခြောက်နှစ်ခန့် ငယ်သည့်အတွက် ဒွေးသိန်းကြည်မှာ အောင်သူကို သားအကြီးတစ်ယောက်ပမာ အားကိုးအားထားရပါသည်။

တစ်နှစ်ခန့်ကြာသော် အောင်သူ၏ မိဘများ စိတ်ဆိုးပြေပြီး ပြန်ခေါ်သဖြင့် အောင်သူတို့ဇနီးမောင်နှံ ဒွေးကြည်တို့



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှ ရွာအနောက်ပိုင်း မိဘများထံ ပြန်သွားကြပါသည်။

အောင်သူတို့ ပြန်သွားကြတော့ ဒွေးလေးသိန်းကြည်နှင့် ဘကြီးအောင်တင်တို့ မနေတတ်၊ မထိုင်တတ် ဖြစ်နေကြပါသည်။

အောင်သူတို့ မိဘများထံ ပြန်ရောက်၍ လေး,ငါးလလောက်အကြာတွင် ဘကြီးအောင်တင် လယ်ထဲမှာ လယ်ထွန်းရင်းကနေ "အောင့်တယ်... အောင့်တယ်" ပြောလို့ မင်းလှမြို့ ပြည်သူ့ဆေးရုံကို လာရောက် ပို့စဉ် လမ်းမှာပင် ဆုံးသွားပါတော့သည်။

ဒွေးသိန်းကြည် တစ်ယောက် အိမ်ထောင်ဦးစီးဖြစ်သူ ဦးအောင်တင် ဆုံးတော့ လယ်တွေကိုင်းတွေ မလုပ်တတ်မကိုင်တတ်သဖြင့် မိန်းမသားတစ်ဦး ဦးစီးဦးဆောင် လုပ်ကိုင်နေရခြင်းဖြစ်၍ အဆင်မပြေတော့ပါ။

သားနှင့်သမီးကလည်း ဆယ်တန်းတွေ မအောင်တော့၊ ကျောင်းဆက်မတက်တော့။ မိခင်ကြီးနှင့်အတူ တကွ လယ်တွေ၊ ကိုင်းတွေ လုပ်ကိုင်စားသောက်ကြပါသည်။

တစ်နေ့သော နံနက်ခင်း အရုဏ်တက်မှာ အောင်သူနှင့် ဇနီး နီနီခိုင်မှာ ထူးဆန်းသော အိပ်မက်တစ်ခု မက်ပါတော့သည်။

အိပ်မက်ထဲမှာ ဒွေးလေးသိန်းကြည်၏ယောကျ်ား ဘကြီးအောင်တင် သူမထံသို့ အလည်ရောက်လာသည်။ အကျႌခပ်နွမ်းနွမ်းနှင့် လယ်ထဲကိုင်းထဲဆင်းသည့်အခါ သူဝတ်နေကျ အကျႌ လက်ရှည်နှင့် ခမောက်ကို ဆောင်းပြီး...

'ငါ နင်တို့နဲ့နေချင်လို့ လာခဲ့တာ၊ ငါ ဒီမှာနေမယ်'

လို့ ပြောတော့ နီနီခိုင်ကလည်း အိပ်မက်ထဲမှာ...

'နေပါ ဘကြီးရယ်... ဘကြီးတို့ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ကျေးဇူးကို သမီးတို့ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး။ ကျေးဇူးကြီးပါတယ် ဘကြီးရယ်၊ ဘကြီး ပျော်သလောက်နေပါ'

ဟု ပြောပြီး လန့်နိုးသွားပါတော့သည်။

မနက်မိုးလင်းတော့မှ နီနီခိုင်မှာ ညက အိပ်မက်ထဲမှာ ဘကြီးအောင်တင် သေသွားတာကို မေ့နေသလို၊ ဘကြီးနှင့် အရင်တုန်းက သက်ရှိထင်ရှားရှိခဲ့စဉ် စကားပြောနေရသလိုပါလား။

'ဒီအိပ်မက်က တစ်မျိုးပါလား။ နေ့ခင်း ထမင်းစားပြီးရင်တော့ ဒွေးလေးသိန်းကြည်ထံသွားပြီး ဘကြီးကို အိပ်မက်တဲ့အကြောင်း ပြောပြဦးမယ်'

ဟု တွေးရင်း ထမင်းဟင်းတွေ ချက်ပြုတ် စားသောက်ပြီးသည့်အခါ နီနီခိုင်တစ်ယောက် ရွာအရှေ့ပိုင်း ဒွေးလေးသိန်းကြည်တို့အိမ် ရောက်ပြီး နံနက်အရုဏ်တက်က ဘကြီးအောင်တင်ကို အိပ်မက်,မက်ပုံအကြောင်း ပြောပြလိုက်ပါသည်။

ဒွေးလေးသိန်းကြည်ကနေ...

'အေးဟယ်,... ထူးဆန်းတဲ့အိပ်မက်ပဲ နီနီခိုင် ညည်းတို့ဘကြီးက လူ့ပြည်ကို ပြန်လာချင်လို့နေမှာ၊ ညည်းတို့မှာလဲ သားသမီးရတနာမရသေးတော့ ညည်းတို့နဲ့အတူ လာနေချင်လို့၊ ဝင်စားချင်လို့ ဖြစ်မှာပါ၊

နီနီခိုင် တောတောင်တောင်တွေ လျှောက်မလုပ်နဲ့နော်၊ တော်ကြာ ညည်းမှာ ကိုယ်ဝန်ရှိချင် ရှိလာမှာနော် ကလေးမ'

'ဟုတ်ကဲ့ပါ ဒွေးလေးရယ်... ဘာမှ မလုပ်ပါဘူး စိတ်သာချပါ။ အိပ်မက်အကြောင်းကို ဒွေးကြည်သိစေချင်လို့ လာပြောတာပါ'

ပြောပြ နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတော့သည်။

မကြာမီအချိန်အတွင်းမှာပင် နီနီခိုင်မှာ ကိုယ်ဝန်ရှိပါတော့၏။ ကိုယ်ဝန်ရင့်လို့ မွေးခါနီးဖွားခါနီးတွင် ဒွေးလေးသိန်းကြည်က မိမိအိမ်တွင် လာပြီး မီးဖွားရန် ခေါ်ထားလိုက်ပါသည်။

နီနီခိုင်တစ်ယောက် သားဦးယောကျ်ားလေးကို တနင်္ဂနွေနေ့မှာ ချောချောချူချူ ဖွားမြင်ခဲ့ပါသည်။

ကလေးသည် လသားအရွယ်မှာပင် မိဘတွေ အကောင်း မအိပ်ရပါ။ ညမိုးချုပ်သည်နှင့် ငိုပါတော့သည်။

ကြာတော့ နီနီခိုင်တစ်ယောက် ညနေ နေဝင်မိုးချုပ်မှာကို အလွန်ကြောက်နေမိပါသည်။ တစ်နေကုန် အကောင်းသား ညမိုးချုပ်စမှာပင် ကောက်ခါငင်ခါ ငိုပါတော့သည်။

တစ်နေ့မှာတော့ ဒွေးလေးသိန်းကြည်တစ်ယောက် မနေနိုင်တော့ပါ။ ရွာတောင်ပိုင်းမှ ဆေးဆရာ၊ ဗေဒင်ဆရာကြီး ဘကြီးဦးဖိုးသီးထံ တွက်ကြည့်ရာ...

'ဒီကလေးက လူဝင်စားတာဖြစ်ကြောင်း၊ စကားစပြောတတ်လျှင် သူ့အကြောင်းအရာများကို ပြန်ပြောလိမ့်မည်ဖြစ်ကြောင်း၊

ကလေးသည် ဖခင်ဘက်က ဘကြီး ဘဒွေးတော်စပ်သူ ဝင်စားတာဖြစ်လို့ ရွှေ ငွေ အသုံးအဆောင်တစ်ခုခုကို ခနည်းပေးလိုက်လျှင် မငိုတော့ ကောင်းသွားမည် ဖြစ်ကြောင်း'

ကို သေသေချာချာ တွက်ပေးလိုက်ပါသည်။

နောက်တစ်နေ့မှာတော့ ဒွေးလေးသိန်းကြည်ကနေ အိမ်အနီးအနားက လူကြီးလေး,ငါးဦးကို ဖိတ်ပြီး ရေနွေးကြမ်း၊ လက်ဖက်သုပ်ဖြင့် ဧည့်ခံပြီး သူမ၏ ခင်ပွန်း၏ ကျောက်နီပတ္တမြားလက်စွပ်၊ ခမောက်၊ အကျႌတို့ကို ခမည်းအဖြစ် မေတ္တာပို့သပြီး ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ပေးလိုက်သည့်နေ့မှစ၍ သိသိသာသာကို ကလေးကို မငိုတော့ပါ။

သို့နှင့် အောင်ကောင်းမြတ်ကလေး ပြေးလွှားဆော့ကစားသည့် အရွယ်၊ စကားပြောတတ်စ အရွယ်မှာပင် နီနီ ခိုင်ဈေးရောင်းတော့ ကလေးကို ဒွေးလေး သိန်းကြည်တို့ အိမ်သို့ လာရောက်ပို့စမြဲ။

တစ်နေ့မှာဖြင့် ဆော့ကစား နေရာကနေ...

'ဟဲ့...သိန်းကြည်မ ငုံ့လယ်တွေ နင် ရောင်းစားလိုက်ပြီလား။ ငါ့ရဲ့ ရှပ်ကြယ်သီး ကောရှိသေးလား'

လို့ မေးတော့ ဒွေးသိန်းကြည်မှာ အရမ်းအံ့သြပြီး ဤကလေးလေးမှာ သူမ၏ ယောကျ်ားဝင်စားသည်ကို လည်း ငိုပြီး လက်ခံ ယုံကြည်သွားတော့သည်။

သို့နှင့် ဒွေးသိန်းကြည်က ချက်ချင်းပဲ ပြန်ဖြေလိုက်ပါသည်။

'ရှပ်ကြယ်သီးလဲ ရှိတယ်၊ နင့်လယ်တွေလဲ ရှိပါတယ်။ ငါ ရောင်းမစားပါဘူး'

လို့ ပြောလိုက်တော့ ဘာမှ ပြန်မပြောဘဲ ပြန်ပြီး ဆော့ကစားနေတော့သည်။

အောင်ကောင်းမြတ်ကလေးသည် မိဘတွေနှင့် အတူနေတာ နည်းပြီး ဒွေးသိန်းကြည်တို့နှင့် အတူနေတာများပါသည်။ အောင်ကောင်းမြတ်ကလေး ကျောင်းနေစအရွယ်မှာ ကျောင်းထားပေးသည်။ ဆယ်နှစ်သား အရွယ်မှာမှ ရှင်ပြုပေးသည်။

အခုဆို ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်တော့လည်း ဒွေးသိန်းကြည်နှင့် သားသမီးတွေက ကျောင်းစရိတ် ထောက်ပံ့ပေးခဲ့ကြသည်။ အတူနေသည့် သံယောဇဉ်ကြောင့် အိမ်မှာပဲ



နေတာများသည်။ သူ့မိဘတွေရှိရာကိုတော့ အလည်အပတ် သွားတာလောက်မဲ ရှိပါသည်။

ယခုဆိုလျှင် အောင်ကောင်းမြတ်မှာ ဦးစီးမှူးအလုပ်ကို ရနေပါပြီ။ ပထမဦးဆုံးလစာ စရသည့်နေ့က ဆိုလျှင် ဒွေးကြည်ဖြင့်လေ ရင်တွေတောင် တုန်ပါသည်။ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်းနှင့် လစာထုတ်ပြီး ပြန်လာရာ လစာထဲကနေ ဒွေးကြည်ကို အရင်ဦးဆုံး ကန်တော့ပါသည်။ ပြီးမှ သူ၏ မိဘနှစ်ပါးကို ကန်တော့ပါ သည်။

အောင်ကောင်းမြတ် ခရီးထွက်ရသည့်အခါဆိုလျှင်လည်း သူရောက်ရာနေရာ၊ ဒေသကနေ ဒေသထွက်ပစ္စည်း စားသောက်ဖွယ်ရာတွေ ဝယ်လာလေ့ရှိသည်။ ဘယ်ကနေ ပြန်လာပြန်လာ ဒွေးကြည်ကို နှုတ်ဆက်ပြီး ပေးစရာရှိတာ ပေးပြီးတော့မှ သူ၏မိဘတွေကို ပေးလေ့ရှိသည်။

စာရေးသူကနေ **"တခြား ထူးခြားတာ တွေရှိရင်လဲ ပြောပြပါဦး"** လို့ တောင်းဆိုသည့်အခါမှာ တော်တော်များများ သူ၏ အမူအကျင့် စရိုက်များသည် အရင် ဘဝအတိုင်းပင်ဖြစ်ကြောင်းနှင့် အရင်ဘဝကလည်း တနင်္ဂနွေသား။ ယခုဘဝမှာလည်း တနင်္ဂနွေသားဖြစ်ကြောင်း ပြောပြပါသည်။

'နောက် မေ့ကျန်ခဲ့တဲ့အကြောင်း တစ်ခု ပြောရဦးမယ်။ အောင်ကောင်းမြတ်ငယ်ငယ်က ပြောခဲ့တဲ့ အကြောင်း ကျန်သေးတယ်။ အရင်ဘဝ ကိုအောင်တင်ရဲ့သူငယ်ချင်းတွေက အောင်ကောင်းမြတ်ကို လူဝင်စား ဟုတ် မဟုတ် သိချင်လို့ ကျောင်းသွားတာကို မြင်တော့ လှမ်းခေါ်ကြတယ်။

ဦးသောင်းမြင့်ကနေ **"ငါ ဘယ်သူလဲသိလား"** လို့ မေးတော့ **"မင်းက သောင်းမြင့်ပါကွာ"**၊ **"ဟို အိမ်ထဲမှာ ထိုင်နေတာကကော"** လို့ မေးတော့ လှမ်းကြည့်ပြီး **"ဟိုဘက်က ခင်မောင်၊ ဒီဘက်ကတော့ ဟန်မြင့်ပါကွာ၊ မင်းတို့က ဂေါ်ပကလူကြီးတွေပါကွာ၊** ရွာထိပ်က တံတားကို မင်းတို့နဲ့ငါ ဆောက်ခဲ့တာလေ၊ ဒီ တံတားကြီးရဲ့ တိုင်နဲ့ အခင်းတွေက ငါ့အိမ်က သစ်တွေကို ငါလှူခဲ့တာလေ ဟုတ်တယ် မဟုတ်လား'

ဟု မေးလိုက်ရာ အားလုံး တအံ့တသြ ဖြစ်သွားကြပါသည်။

အခု ကြီးလာတော့ မေးလို့မရတော့ပါ။ ပြောလည်း မပြောတော့ပါ။ ငယ်ငယ်ကသာ ပြောခြင်းဖြစ်ပါသည်။

အခုအချိန်မှာတော့ အောင်ကောင်းမြတ်တစ်ယောက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရင်း ဒွေးသိန်းကြည်တို့ မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လျက်ရှိပါသည်။

**ဤဖြစ်ရပ်မှန်ကို အမည်နှင့် နေရပ်လိပ်စာများ၊ လွှဲပြောင်းထားခြင်းမှလွဲ၍ ကာယကံရှင်များ၏ခွင့်ပြုချက်ဖြင့် ရေးသား ဖော်ပြခြင်းဖြစ်ပါသည်။**

**(( အေးချမ်းမော်(မင်းလှ) ))**



www.burmeseclassic.com

www.burmeseclassic.com



# ဝန်ပြီးပေါက်းမှ

ချစ်သော နှင်းကေသရာ

ရွှေဖော (နုဂ္ဂဟ)

တစ်နေ့သ၌ ကျွန်တော်နှင့် တပည့်ကျော် မောင်အောင်ထွေးတို့နှစ်ဦးမှာ ဆေးခန်း၌ လူနာများအား ကြည့်ရှုပေးပြီးနောက် ရွာဦးကျောင်းဆီ အညောင်းအညာလည်းပြေ၊ ဗိုက်လည်းဖြည့်ရန် အလို့ငှာ ချီတက်ကြ၏။

ကျောင်းရောက်သော် ဆရာတော်အား အဆင်သင့်ပင် ဖူးတွေ့ရ၏။ ဆရာတော်အား ဝတ်ဖြည့်ပြီးနောက် စွန့်ကြဲသော စားသောက်ဖွယ်ရာများကို အားမနာတမ်း စားသောက်ရင်း ထွေရာ လေးပါးစကား လက်ဆုံကျနေ၏။

ထိုအခိုက်မှာပင် ကရင်သင်တိုင်းဝတ် အဘိုးအိုတစ်ဦး ကျောင်းပေါ်တက်လာပြီး ဆရာတော်အား ဝတ်ဖြည့်လိုက်ပါသည်။

'ဒကာကြီး ဘယ်က ပြန်လာတာလဲ'

ဆရာတော်မှ နှုတ်ဆက်စကား ဆိုလိုက်ပါသည်။

'ဝင်းတော်ပန်ဘက်က ပြန်လာတာပါဘုရား'

'ဘာသွားလုပ်တာလဲ ဒကာကြီးရဲ့'

'နော်မုပေါ်ရဲ့ သားလေး စိတ်ဖောက်ပြန်နေလို့ သွားကုပြီး ပြန်လာတာပါ'

ထို့နောက် ဆရာတော်မှ စာရေးသူတို့ ဆရာတပည့်နှစ်ဦးကို ကရင်တိုင်းရင်းသား အဘိုးအိုနှင့် မိတ်ဆက်ပေးပါသည်။

'ဒီဒကာကြီးက မန်းဖိုးစိန်လေ၊ ဒီနယ်တစ်ဝိုက်မှာတော့ နာမည်ကြီး ပယောဂဆရာကြီးပဲပေါ့'

ကျွန်တော်တို့လည်း ဖထီးမန်းဖိုးစိန်အား ပြန်လည် မိတ်ဆက်ပြီးနောက် ရေနွေးကြမ်းသောက်ရင်း အာလာပ သလ္လာပပြောကာ အဖွဲ့ကျသွားကြပါသည်။

'ဒါနဲ့ အဲဒီလူနာက ဘယ်လို စိတ်ဖောက်ပြန်နေတာလဲ ဖထီး'

'သူ့ စိတ်ဖောက်ပြန်တာက ယဉ်ယဉ်လေးပါ။ အမှန်တော့ ပယောဂ ဖမ်းစားခံရတာလို့ ပြောရင်လဲ ရတယ်။ လသာတဲ့ညဆိုရင် မြို့ဟောင်းဘက်ကို ထွက်ထွက်သွားတတ်တယ်။

ဟိုမှာ တစ်လုံးနေ့ပြီး မိုးလင်းမှ အိမ်ပြန်လာတတ်တယ်။ သူ့ကို မေးကြည့်ရင် လှ-

www.burmeseclassic.com

ချစ်သူနဲ့ သွားတွေ့နေတာလို့ ပြောတယ်'

'သူ အခုလို ဖြစ်နေတာကို သူ့မိဘတွေ မသိကြဘူးလား'

'သိတော့ သိတာပေါ့၊ ဒါပေမယ့် အမြဲတမ်းတော့ ဘယ်ဂရုစိုက်နိုင်မလဲ၊ သူတို့လဲ ဝမ်းရေးအတွက် ရှာဖွေရသေးတာကိုး'

'ဒီလိုပဲ ပျောက်သွားနေလို့ ဖြစ်မလား။ လက်နက်ကိုင်တွေနဲ့ တိုးရင် ဘယ်လိုလုပ်မလဲ'

'လူကြီးတွေနဲ့ မိဘတွေကတော့ နှစ်ဖက်လုံးကို အကြောင်းကြားထားတယ်လေ'

'ဒါနဲ့ ဖထီး သူက အဲဒီ လသာတဲ့ ညတွေမှာ မြို့ဟောင်းဆီသွားပြီး ဘာလုပ်နေတာတဲ့လဲ'

'သူ့ချစ်သူ ကောင်မလေးနဲ့ သွားတွေ့တယ်လို့တော့ ပြောတာပဲ'

'သူ့ချစ်သူက အဲဒီမှာနေလို့လား'

'အင်းလေ ဒီကိစ္စက ပြောရခက်တယ်ဝေ့၊ ဆရာလေးတို့က ခေတ်ပညာတတ်တွေဆိုတော့ တစ္ဆေ သရဲ စုန်းကဝေ၊ ဥစ္စာစောင့်တွေကို ဘယ်ယုံမလဲ ဒါပေမယ့် ဒီဟာတွေက တကယ်ပဲ ရှိနေတာလား'

တကယ်တော့ ခုနက ကောင်လေးနဲ့ တွေ့နေတဲ့ သူ့ချစ်သူဆိုတာလဲ ထစ်ချိန်က ဒီမြို့ဟောင်းကို အုပ်ချုပ်သွားတဲ့ ဘုရင်တစ်ပါးရဲ့ သမီးတစ်ယောက်ပဲလေ၊ မင်းသမီးလေးတစ်ပါးပဲ ဆိုပါတော့'

'ဒါဆို သူက ဘာကြောင့် အခုထိ ရှိနေတာလဲ ဖထီး'

'အမှန်ပြောရရင် သူက စွဲလမ်းစိတ်နဲ့ မကျွတ်မလွတ်ဘဲ ရှိနေတာလေ'

'ဒါဆိုရင် ဒီကောင်လေးက စိတ်ဖောက်ပြန်ပြီး ပါးစပ်ထဲ တွေ့ရာပြောတာမဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး ဆရာလေး၊ သူက ပယောဂပြုစားခံထားရတာပါ။ အဲဒါ



မြင်တဲ့အတိုင်း ပြောရရင်တော့ ဒီကောင်လေးက အဲဒီ မင်းသမီးလေးနဲ့ အတိတ်ဘဝက ရေစက်ပါလာတာလေ'

'ဒါဆို အဘ အဲဒီ ပရလောကသား မင်းသမီးနဲ့ တွေ့ဖူးလား'

ဘေးမှ တပည့်ကျော် အောင်ထွေးမှ စပ်ဖြီးဖြီး မျက်နှာနှင့် မေးလိုက်ပါသည်။

'အင်း...တွေ့ဖူးတယ် မနေ့ချင်းလဲ စကားပြောဖူးတယ်'

'ဒါဆို သူ့နာမည်ကို အဘသိလား'

ကျွန်တော်မှ တအံ့တဩ မေးမြန်းလိုက်ပါသည်။

'အင်း...သိတယ် သူ့နာမည်က **နှင်းကေသရာ**လို့ပြောတယ်'

'နှင်းကေသရာ...ဟုတ်လား ဖထီး'

ကျွန်တော်က တအံ့တဩဖြင့် မေးမြန်းလိုက်ပါသည်။

'ဟုတ်တယ် နှင်းကေသရာတဲ့'

'ဒီနာမည်ကို ဦးပဥ္စင်း ကြားဖူးသလိုလိုပဲ ဆရာလေး'

စာရေးဆရာလည်းဖြစ် စာဖတ်ဝါသနာပါသော ဆရာတော်က ဝင်ထောက်လိုက်ပါသည်။

'ကြားဖူးဆို ဆရာချစ်ဦးညိုရေးတဲ့ စာအုပ်ရဲ့ နာမည်လေ ဆရာတော်ရဲ့၊ ဘာတဲ့ **နှင်းကေသရာချစ်တဲ့ သူရဲကောင်း**လေ'

'သြော်...ဟုတ်ပြီ ဟုတ်ပြီ ဒါဆိုရင် အဲဒီဒကာမလေးက စစ်သူကြီး လဂွန်းအိမ်ရဲ့မိဖုရား၊ ရာဇာဓိရာဇ်ရဲ့ ကိုယ်လုပ်တော် နှင်းကေသရာပေါ့'

ဆရာတော်က တအံ့တဩ ရေရွတ်ရင်း ကျွန်တော့်ဘက်သို့ လှည့်၍ မေးလိုက်ပါသည်။

'အဲဒီ နှင်းကေသရာနဲ့ ပတ်သက်တဲ့ သမိုင်းကြောင်းကို ဆရာလေးသိရင် ဦးပဥ္စင်းကို ပြောပြပါဦး'

ကျွန်တော်လည်း ကျွန်တော် ဖတ်ခဲ့ဖူးသော ဝန်မြို့ဟောင်း၏ သမိုင်းကို သိနားလည်သလောက် ပြန်ပြောပြလိုက်ပါသည်။

'အဲဒီ နှင်းကေသရာဟာ ဝန်မြို့စားရဲ့ သမီးတော် မင်းသမီးလေးပါ။ သူ့ရဲ့ ဖခမည်းတော်က ဝန်မြို့စား သံလိုက်ပါ။ ဝန်မြို့ကို အရင်က **တကောဝန်း**လို့ ခေါ်တယ်။

နောက်တော့ ခုံဝန်း(ချုင်ဝန်း)၊ မြန်မာလိုပြန်ရင် ဝန်မြို့လို့ပဲ ခေါ်ကြတယ်။ ဝန်မြို့ကို ပထမဦးဆုံး မြို့ပြနိုင်ငံ ထူထောင်ခဲ့တဲ့သူကတော့ မုတ္တမမင်းဆက်ရဲ့ ပထမဦးဆုံးဘုရင် မဂဒူးမင်း (ခေါ်)ဝါရီရူမင်းပါ။

နောက်တော့ မုတ္တမစား အလိမ္မာကို လုပ်ကြံပြီးတော့ မုတ္တမမြို့ကို တည်ထောင်ပြီး ဘုရင်အဖြစ် ဘိသိက်ခံစိုးစံပါတယ်။

ယောက္ခမတော် သောက္ကတဲမင်းက မင်းမြောက်တန်ဆာငါးပါးနဲ့ ဝါရီရူ(ဖိုးကျမင်း)ဆိုတဲ့ ဘွဲ့ကို ချီးမြှင့်ပါတယ်။ မုတ္တမခေတ်မှာ ဝန်မြို့ဟာ မုတ္တမမြို့ရဲ့ အရံ(၃၂)မြို့ထဲမှာ ပါခဲ့တယ်။ မုတ္တမကနေ ဝန်မြို့ကို ရေလမ်းခရီးနဲ့ တိုက်ရိုက်လာလို့ရတယ်။

ဘာကြောင့်လဲဆိုတော့ မုတ္တမစား





www.burmeseclassic.com

www.burmeseclassic.com



အလိမ္မာဟာ မဂဒူးမင်းရဲ့နှမ နှင်းညွန့်ကို တွေ့ရအောင်လို့ လှေအများနဲ့ ကွန်ပစ်ရင်း ဆန်တက်ခဲ့တယ်လို့ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းမှာ မှန်ဝန်ကြီး ဗညားဒလက မှတ်တမ်းတင်ထားတယ်။

နောက်တစ်ချက်အနေနဲ့ ရာဇာဓိရာဇ် ဗိုလ်ခံဝင်တဲ့အချိန်မှာ ကျွန်ရင်းဇာစ်ယောက်က လျှောက်တင်ဖူးတယ်။ သူ အသက်လဲ ကြီးပါပြီ။ သွားတွေလဲ နဲ့ ကုန်ပါပြီ။ ဝန်ကျောက်ကို မဝါးနိုင်ပါ။ မုတ္တမမြေသင်းခဲ နူးနူးညံ့ကိုသာ စားလိုပါတယ်လို့ လျှောက်တင်ဖူးတယ်၊

ဒီအချက်တွေ ပြောရရင် ဝန်(ဒုံဝန်း) မြို့ဟောင်းဟာ လက်ရှိ ဒုံဝန်းကျေးရွာနေရာ မဖြစ်နိုင်ဘူး။ ဝင်းတာပန်ရွာနားက မြို့ဟောင်းပဲ ဖြစ်ဖို့များတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ ဒုံသမိမြစ်နဲ့လဲ နီးတယ်။ ပြီးတော့ ကျောက်တောင်တွေလဲ ပိုင်းနေတယ်'

ကျွန်တော်၏ စကားအဆုံးမှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသော ဦးပဠင်းက ဝင်ပြောလာပါသည်။

'ဆေးမှူးပြောတာ ဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒုံဝန်းနဲ့ မြို့ဟောင်းနေရာက သိပ်လဲမဝေးဘူး။ ပြီးတော့ ဒုံဝန်းရွာ တစ်ပိုက်မှာ မြို့ရိုးဟောင်းတွေ ကျုံးဟောင်းတွေလဲ မရှိဘူး။ ဘုရင် နန်းစိုက်ဖူးတဲ့နေရာ တစ်ခုဟာ အနည်းဆုံး အုတ်ရိုးအဟောင်း အပျက်တော့ တွေ့နိုင်ရမယ်'

'ဆရာတော်ပြောတာ မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝါရီရူမင်း ဒုံဝန်းက ရွှေ့ပြောင်းပြီးသွားတဲ့နောက် မုတ္တမမင်းဆက် ရှစ်ဆက်မြောက် ဆင်ဖြူရှင် ဗညားဦး လက်ထက်မှာ လက်အောက်ခံမြို့စားတွေဖြစ်တဲ့ ညီတော် မြောင်းမြစားလောက်ဖျားနဲ့ ဥလိုင်တို့က ပုန်ကန်လို့ မုတ္တမကနေ ဆုတ်ခွာပြီး၊ ဝန်မြို့ကို ရွှေ့ပြောင်းနန်းစံခဲ့တယ်။

ဒါပေမယ့် အရေးမလှတာကြောင့် ဝန်မြို့ကမှတစ်ဆင့် ဟံသာဝတီကို ပြောင်းရွှေ့ခဲ့တယ်လို့ ရာဇဝင်မှာ ဆိုထားတယ်'

'ဒါကြောင့်မို့ ထင်တယ် ပုရစ်ခိုရွာရဲ့ နာမည်က အရင်တုန်းက **ဘုရင်ခို**လို့ လူကြီးတွေ ပြောခဲ့တာကိုး၊ နောက်မှ **ပုရစ်ခို**ဆိုပြီး ဖြစ်လာတာတဲ့'

'ဟုတ်တာပေါ့၊ ဒီဒေသဟာ အခုမှသာ တိုးတက်မှု နှေးကွေးပေမယ့် တစ်ခါတုန်းက ထင်ရှားခဲ့တဲ့ ရာဇဌာနီ မင်းနေပြည်ပေါ့ဗျာ'

ကျွန်တော့်၏ စကားအဆုံးမှာ အားလုံး သဘောကျစွာဖြင့် ရယ်မောလိုက်ကြပါသည်။

'ဒါနဲ့ နှင်းကေသရာနဲ့ ပတ်သက်ပြီး ဆရာလေး ဘာတွေများ သိထားလဲ'

ဦးပဠင်းမှ ဝင်ရောက်မေးမြန်းလိုက်ပါသည်။

'နှင်းကေသရာဟာ ဝန်မြို့စား သံလိုက်(သံလန်)ရဲ့ သမီးတော်တစ်ပါး ဖြစ်တယ်။ သံလိုက်ရဲ့ လက်ထက်မှာ ဝန်မြို့ဟာ အင်အားတောင့်တင်းခဲ့တယ်။ ဘုန်းကြီးတဲ့ မင်းကောရာဇ်တွေမှရတဲ့ ဖြတ်ဆိုတဲ့ ဆင်ကိုလဲ ပိုင်တယ်။ စစ်သည်ရဲမက် အင်အား တိုးပွားလာတာကြောင့် ရာဇာဓိရာဇ်က စိုးရိမ်ပြီး ခွေမျိုးတော်တဲ့ အနေနဲ့ သမီးကညာ ဆက်ခိုင်းပြီး နှင်းကေသရာကို ကိုယ်လုပ်တော်အရာ ထားခဲ့တယ်'

'ကိုယ်လုပ်တော်ဆိုတာ ဘာကို ခေါ်တာလဲ ဆရာ'

တပည့်ကျော် မောင်အောင်ထွေးမှ မေးမြန်းလိုက်ပါသည်။

'ကိုယ်လုပ်တော်ဆိုတာ ခေတ်စကားနဲ့ပြောရရင် ဘုရင့်ထံပါး ခစားတဲ့ အပျိုတော် တစ်မျိုးလို့ပဲ မှတ်ထားပေါ့ကွာ'

ထိုအခါ ဦးပဠင်းမှ မေးလာပြန်ပါသည်။

'ဒါဆို နှင်းကေသရာဟာ ဘုရင်ရဲ့ မိဖုရား မဖြစ်လိုက်ဘူးပေါ့'

'ဟုတ်တယ် ဒါပေမယ့် ဇာတ်လမ်းက မဆုံးသေးဘူး။ နှင်းကေသရာရဲ့ အဖေ ဝန်ကြီးမြို့စား သံလိုက်ဟာ ရာဇာဓိရာဇ်ကို ပုန်ကန်ခဲ့တယ်၊ ဟံသာဝတီတပ်တွေ ဝိုင်းထိုက်ပေမယ့် မြို့ကို မသိမ်းနိုင်ခဲ့ဘူး။

ဒါကြောင့် မွန်ရဲမက်တွေက **"ဒီအတိုင်းဆိုရင် ကိုယ်လုပ်တော် နှင်းကေသရာတစ်ယောက် မောင်းထောင်း ဆန်ဖွပ် လုပ်ရတော့မယ်"** လို့ မြို့တွင်းကကြားအောင် အော်ဟစ်တော့ မြို့စားသံလိုက်က **"ငါ့သမက် ဆင်းရဲလို့ ငါ့သမီး မောင်းထောင်း ဆန်ဖွပ် လုပ်ကျွေးရတယ်။ သမီးကောင်းပေတကား"** ဆိုပြီး တုံ့ပြန်ချေပခဲ့တယ်'

www.burmeseclassic.com

'နောက်တော့ မြို့ကို ဘယ်လို သိမ်းလိုက်သလဲ ဆရာလေး'

'တိုက်လို့မရတော့ ပရိယာယ်နဲ့ မြို့စားသံလိုက်ရဲ့ မိတ်ဆွေတစ်ယောက်ကို မြို့ထဲဝင်ခိုင်းပြီး တံခါးဖွင့်စေမှ မြို့ပေါက်ပြီး မြို့ကို သိမ်းနိုင်တယ်'

'ဒါဆို မြို့စားသံလိုက်ကော ဘာဖြစ်သွားသလဲဆရာ'

'မြို့စားသံလိုက်က တိုက်ပွဲမှာ ဖြတ်ဆင်ထက်ပေါ်မှာပဲ ကျဆုံးသွားရရှာတယ်'

'ဒါဆို နှင်းကေသရာကော ဆရာလေး'

'ရာဇာဓိရာဇ်က သူ့ရဲ့စစ်သူကြီး လဝွန်အိမ်ကို စစ်ပွဲအောင်တဲ့အတွက် ဆုလာဘ်အနေနဲ့ တိုက်ကုလားမြို့စားရာထူးနဲ့ ဆင်ပေါက်ပါ စီးပေးပြီး နှင်းကေသရာကိုပါ မယားအဖြစ်ပေးအပ်ခဲ့တယ်လို့ မှတ်တမ်းတွေအရ သိရတယ်'

ထိုအခါ ကျွန်တော်တို့ ပြောဆိုနေကြတာကို တစ်ခွန်းမှ ဝင်မပြောဘဲ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည့် ဖထီးမန်းဖိုးစိန်က ယခုလို ပြောလာပါသည်။

'ဆရာလေး ပြောခဲ့တာတွေနဲ့ **မင်းသမီးလေး နှင်းကေသရာ မနောနဲ့ ပြောခဲ့တဲ့ အကြောင်းတွေက တော်တော်လေး တူနေတယ်'**

'ဒါဆို သူက ဘာတွေပြောသွားသလဲ ဖထီး'

တပည့်ကြီးမှ မေးမြန်းလိုက်ခြင်း ဖြစ်ပါ၏။

'သူပြောသွားတာကတော့ သူ့ချစ်သူကို စောင့်နေတာလို့ ပြောသွားတယ်'

'ဒါဆို သူ့ချစ်သူက ဘယ်သူလဲ ဖထီး၊ လဝွန်းအိမ်လား'

'မဟုတ်ဘူး၊ သူ လဝွန်းအိမ်ကို



ဘုရင်ပေးစားလို့သာ ယူခဲ့ရတာ၊ တကယ်မချစ်ခဲ့ဘူး။ တိုက်ကုလား မြို့စားကတော်ဘဝနဲ့ ကြာကြာမနေခဲ့ရရှာဘူး။ ရောဂါတစ်ခု စွဲကပ်လာလို့ သူ့မိခင်ရှိရာ ဝန်မြို့ဆီကို ပြန်ခဲ့တယ်။

သူ့ဖခင် မရှိတဲ့နောက်ပိုင်း မိခင်က ရသေ့ဝတ်ပြီး ဂန္ဓာရီကျင့်စဉ်တွေကို ကျင့်ကြံခဲ့တယ်လို့ ဆိုတယ်။ သူ့မိခင်ရဲ့ ကျောင်းသင်္ခမ်းမှာ နေထိုင်ရင်း တရားဘာဝနာအားထုတ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးခဲ့ရှာတယ်။

သူ့ရဲ့ ရုပ်အလောင်းကို သူ့မိခင်က မပုပ်မသိုးအောင် စီမံပြီး ကျောက်ဂူတစ်ခုအတွင်းမှာ ခေါင်းတလားနဲ့ ထည့်ပြီး သိမ်းဆည်းထားခဲ့တယ်လို့ ဆိုတယ်'

'ဒါဆိုရင် အခု စိတ်ဖောက်ပြန်နေတဲ့ ကောင်လေးက သူ့ချစ်သူလား ဖထီး'

'သူကတော့ ဟုတ်တယ်လို့ ပြောသွားတာပဲ။ သူတို့ချစ်သူနှစ်ဦးက ဘဝဆက်တိုင်း အတူပေါင်းဖက်ပြီး နိဗ္ဗာန် အတူဝင်ပါရစေလို့ ဘုရားမှာ ဆုတောင်းခဲ့ကြဖူးတယ်တဲ့'

'ဒါဆို ဒီကောင်လေးဇာတိက ဒီရွာကပဲလား'

'မဟုတ်ဘူး ဆရာလေး၊ သူက ကရင်ပြည်နယ်၊ မြိုင်ကြီးငူဘက်ကပဲ။ ဒီကို မိသားစုလိုက် ပြောင်းလာတာ နှစ်ဝက်လောက်ပဲ ရှိဦးမယ်'

'ဒီမြို့ဟောင်းတစ်ဝိုက်မှာ ရွာတွေ၊ အိမ်တွေ မရှိဘူးလား ဖထီး'

'အရင်တုန်းက ဒီနေရာမှာ ငပွေးတွေပဲ နေကြတာလေ၊ မိုင်းတွေ ဘာတွေလဲ ထောင်ထားတော့ လူသွားလူလာ သိပ်မရှိဘူး'

'သူတို့ကော ဒီမြို့ဟောင်းမှာ ထူးဆန်းတာတွေ မကြုံရဘူးလား'

'ဖထီး တူတစ်ယောက်လဲ မြို့ဟောင်းဘက်မှာ နေဖူးတယ်။ သူလဲ ပြောဖူးတယ်။ လသာတဲ့ညတွေဆိုရင် အဲဒီမြို့ဟောင်းက စေတီပုထိုးတွေမှာ မင်းသမီးဝတ်နဲ့ အမျိုးသမီးတစ်ယောက်ကို အမြဲ တွေ့ရတတ်တယ်လို့ပြောတယ်။ အနားကပ်သွားကြည့်ရင် ပျောက်သွားတယ်တဲ့'

ကျွန်တော်တို့အားလုံး စကားမဆိုမိဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားပါသည်။ ထိုစဉ် ဦးပဥ္စင်းမှ...

'ဆရာလေး စိတ်ဝင်စားရင် ဝင်းတာပန်ဘက်သွားပြီး အဲဒီကလေးကို သွားကြည့်ကြရင် မကောင်းဘူးလား'

'ကောင်းတာပေါ့ ဘုရား၊ တပည့်တော်ထဲ လိုအပ်တဲ့ ဆေးဝါးအကူအညီ ပေးပါ့မယ်'

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ဖထီးဖိုးစိန်နှင့်အတူ ဝင်းတာပန်ရွာဘက် ဆီသို့ ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြ၏။ ဝင်းတာပန်ရောက်တော့ ရွာလမ်းအတိုင်း ဝင်လာခဲ့ပြီး အိမ်ငယ်တစ်လုံး ရှေ့တွင် ရပ်လိုက်ကြပါသည်။

ထို့နောက် ဖထီးက ဦးဆောင်၍ အိမ်ပေါ်သို့ တက်လိုက်ကြပါသည်။

အိမ်ထဲတွင် ရွာထဲမှ လူကြီးလေး ဦးနှင့် လူနာ၏ မိဘနှစ်ပါး ထိုင်နေကြ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့လိုက်ရ၏။ ခေါင်းရင်းထောင့် တစ်နေရာ၌ ဖျာတစ်ချပ်ခင်းထားပြီး လူငယ်တစ်ယောက် လဲလျောင်းနေ၏။ ဖထီးမန်းဖိုးစိန်မှ ကျွန်တော်တို့ကို လူနာမိဘများ၊ ရွာလူကြီးများနှင့် မိတ်ဆက်ပေးသည်။

'လူနာ ဘယ့်နှယ်နေလဲ'

ဖထီးက မေးလိုက်ခြင်းပါ။

'ညက ထွက်သွားတာ မိုးလင်းမှ ပြန်လာတယ်။ အခုအိပ်နေတယ်'

လူနာ၏မိခင်ဖြစ်သူက ပြန်ဖြေလိုက်ခြင်းဖြစ်ပါ၏။

'အရင်လို ပြန်ကောင်းလာမလား ဆရာကြီး'

လူနာ၏ ဖခင်က မေးလိုက်ခြင်းပါ။

'အင်း... ပြောရမှာ ခက်ခက်ပဲ။ အခြေအနေက အတော်ကြိုးစားယူမှ ရမှာ'

'ဘာဖြစ်လို့လဲ ဆရာကြီး'

ကျွန်တော်က မေးလိုက်ပါ၏။

'ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဆုတောင်းရှိထားတယ်လေ။ တကယ်လို့ ကောင်လေးကသာ သူနဲ့အတူနေမယ်လို့ ကတိပေးထားပြီးပြီဆိုရင် ငါ ဘာမှ လုပ်ပေးလို့ မရတော့ဘူး'

'ဗြော်'

ထိုစဉ်မှာပင် အိပ်နေသော လူငယ်မှ နိုးလာသဖြင့် သူ၏ မိခင်မှ ခေါ်လိုက်ပါသည်။

'ဖိုးခွား ဒီမှာ ကြာဖဒိုကြီးတွေ ရောက်နေတယ်'

လူရွယ်မှာ အိပ်ရာမှထကာ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်လိုက်၏။

'ညီလေး နေကောင်းရဲ့လား'

ကျွန်တော်၏အမေးကို လူရွယ်မှ ပြုံး၍ ပြန်ဖြေပါသည်။

'ကောင်းပါတယ် ဆရာ'

'ညီလေးနာမည် ဘယ်လိုခေါ်သလဲ



ကွယ့်'

'စောထူးကကွယ်လို့ ခေါ်ပါတယ် ဆရာ'

လူငယ်မှ ကျွန်တော် မေးသမျှကို ယဉ်ကျေးစွာ ပြန်ဖြေပါသည်။ သူ၏ ယဉ်ကျေးဖော်ရွေသော အမူအရာနှင့် အပြောအဆိုတို့မှာ စိတ်ဖောက်ပြန်သူ တစ်ဦးနှင့် မတူပါချေ။

'ညီလေး ညဘက် မအိပ်ဘဲ ဘယ်တွေ သွားနေတာလဲ'

'ကျွန်တော့်ချစ်သူနဲ့ သွားတွေ့နေတာပါ ဆရာ'

'ညီလေးချစ်သူက ဘယ်မှာနေလို့လဲကွယ်'

'သူက ဝန်မြို့ဟောင်းက စေတီငုတ်တိုမှာ နေတာပါ'

'ဘယ်လို...ဘယ်မှာနေတယ်'

ကျွန်တော်မှ တအံ့တသြ မေးလိုက်ပါသည်။

'ဒီလိုပါ ဆရာ...ဆရာတို့ နားလည်အောင် ပြောရရင် သူက ကျွန်တော့်ရဲ့ ဘဝဟောင်းက ချစ်သူပါ ဆရာ'

'ဘဝဟောင်းက ချစ်သူ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ သူနဲ့ ကျွန်တော်က အရင်ဘဝက သိပ်ချစ်ရတဲ့ ချစ်သူတွေပေါ့ ဆရာ။ ရက်စက်လွန်းတဲ့ ကံကြမ္မာကြောင့် ကျွန်တော်တို့နှစ်ဦး ချစ်လျက်နဲ့ ကွဲကွာခဲ့ရတာပါ။

ကျွန်တော်က ကံကောင်းလို့ လူ့ဘဝ ပြန်ရောက်ခဲ့ပေမယ့် သူကတော့ ကျွန်တော့်ကို စွဲလမ်းတဲ့စိတ်နဲ့ အခုချိန်ထိ နှစ်ပေါင်း (၆၀၀)ကျော် ကျွန်တော့်ကို စောင့်မျှော်နေတာပေါ့'

'ဗြော်'

ကျွန်တော့်အနေနှင့် လူနာ စိတ်ချမ်းသာစေရန်အတွက် နောက်ထပ် မေးခွန်းများ မမေးတော့ဘဲ သူပြော သမျှကိုသာ နားထောင်၍ စာဖတ် ပရိသတ်ကြီး သိစေရန် မျှဝေပေးလိုက်ရပါသည်။

ဝန်မြို့...(သို့မဟုတ်) ဒုံဝန်းမြို့

ဟံသာဝတီ နေပြည်တော်တွင် ရာဇာဓိရာဇ် စိုးစံနေသော ထိုကာလတွင် ဝန်မြို့ကို ကျွန်ရင်းတစ်ဦးဖြစ်သူ မြို့စားသံလိုက်က အုပ်ချုပ်သည်။

ဝန်မြို့မှာ ဟံသာဝတီနေပြည်တော်နှင့်လည်းကောင်း၊ မုတ္တမမြို့နှင့်လည်းကောင်း၊ ရေလမ်း၊ ကုန်းလမ်း သင့်သလို သောက္ကတဲ့၊ ဗိဿလောက်စသော ယိုးဒယား(ထိုင်း)နိုင်ငံရှိ မြို့ကြီးများနှင့် ကုန်စည် ရောင်းဝယ်ဖောက်ကားရာ လမ်းကြောင်းတွင် ရှိသဖြင့် စီးပွားရေး ဖွံ့ဖြိုးသလို စစ်သည်ဗိုလ်ပါ အင်အားလည်း တောင့်တင်းလှသည်။

မြို့စားသံလိုက်တွင် နှင်းကေသရာ အမည်ရှိ ချောမောလှပသော သမီးတော်တစ်ပါးလည်းရှိ၏။ နှင်းကေသရာမှာ မြို့စားကြီး၏ ကိုယ်ရံတော်တစ်မှူးလေး စောသီဟနှင့် လူငယ်သဘာဝ ရည်ငံနေကြ၏။

ထိုအကြောင်းကို မြို့စားကြီး သိသော်လည်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော သူရဲကောင်းတစ်ဦးကို အဆုံးရှုံးမခံလို၍ မသိကျိုးကျွံပြု၍ နေ၏။

လသာသော ညများတွင် မြို့ဦး စေတီတွင် ချစ်သူနှစ်ဦး၏ ချစ်ခြင်းကို

www.burmeseclassic.com

ခွဲမည့် ကံကြမ္မာမုန်တိုင်းတစ်ခု တိုက်ခတ်လာတော့မည်ကို အချစ်ကြီးသူ ချစ်သူနှစ်ဦးမှာ စိုးစဉ်းမျှ မရိပ်မိခဲ့ကြပါချေ။



တစ်နေ့တခြား ကြီးမားလာသော ဝန်မြို့၏အင်အားကို ထိတ်လန့်လာသော ရာဇဓိရာဇ်ဘုရင်သည် ကြိုတင် ကာကွယ်သည့်အနေဖြင့် ဝန်မြို့စား သံလိုက်အား သမီးကညာ ဆက်သရန် အမိန့်တော် ချမှတ်လိုက်လေသည်။

မြို့စားကြီးအနေနှင့် ဘုရင်၏ အမိန့်တော်ကို ခံပြင်းဒေါသထွက်လှသော်လည်း လက်ရှိအခြေအနေတွင် ပုန်ကန်ရန် အခွင့်မသာသေး၍ တစ်ဦးတည်းသော သမီးတော်ကို ဘုရင့်ထံပါး ဆက်သရန် စီစဉ်ရလေတော့၏။

ခွဲခွာရမည့်အရေးအတွက် အသည်းကြေလုမတတ် ခံစားနေရသော ချစ်သူနှစ်ဦးသည် ဆုံနေကျ မြို့ဦးစေတီတော်တွင် ဆုံတွေ့ကြပြီး ချစ်သူနှစ်ဦး တစ်ဖန်ပြန်လည် မတွေ့မဆုံမချင်း ဤမြို့ဦးစေတီနံဘေးတွင် စောင့်မျှော်နေမည့်အကြောင်း သစ္စာဆိုခဲ့ကြလေသည်။ သို့သော် ဆုတောင်းအတိုင်း ဖြစ်မလာခဲ့ပါချေ။

ရာဇဓိရာဇ်ဘုရင်အနေနှင့် ဝန်မြို့စား ဆက်သလာသော သမီးတော် နှင်းကေသရာကို မိဖုရားမမြှောက်ဘဲ ကိုယ်လုပ်တော်အရာသာ ထားခဲ့သည်။

ဤသည်ကို အခဲမကျေသော ဝန်မြို့စားသံလိုက်သည် ဘုရင်ကို ပုန်ကန်ရာ ရာဇဓိရာဇ်ကိုယ်တိုင် အလုံးအရင်းနှင့် ချီတက်၍ ဝန်မြို့ကို ဝန်းရံတိုက်ခိုက်ပါသော်လည်း မြို့စားသံလိုက်နှင့် တပ်မှူးလေး စောသီဟတို့ ရှုပ်ရှုပ်ခွံ့ခွံ့ တိုက်ခိုက်မှုကြောင့် မြို့ရိုးအနီးသို့ မချဉ်းကပ်နိုင်ချေ။

နောက်ဆုံးတွင် ဘုရင် လူယုံတစ်ဦးကို မြို့တွင်းသို့ ဥပါယ်တံမျဉ်ဖြင့် ဝင်ရောက်၍ မြို့တံခါးကို ဖွင့်စေမှ မြို့ပေါက်၍ မြို့ကို စီးမိလေသည်။

ဝန်မြို့စားသံလိုက်နှင့် ကိုယ်ရံတော် တပ်မှူးစောသီဟတို့မှာ ရဲမက်များကို ကွပ်ကဲ၍ ရှုပ်ရှုပ်ခွံ့ခွံ့ တိုက်ခိုက်ရင်း တိုက်ပွဲ၌ ကျဆုံးခဲ့ရရှာသည်။

ရာဇဓိရာဇ်ဘုရင်သည် ဝန်မြို့စားကို သုတ်သင်နိုင်ခဲ့သော်လည်း အငြိုးအတေးကြီးသူပီပီ မြို့စားသမီးတော် နှင်းကေသရာကိုလည်း ချမ်းသာမပေးခဲ့ပါချေ။

မုတ္တမနှင့် မော်လမြိုင်မြို့အား နှိမ်နင်းပြီးနောက် အောင်ပွဲရစစ်သူကြီး လဂွန်းအိမ်အား တိုက်ကုလားမြို့နှင့် ဆင်ပေါက်ငါးစီး၊ ဘုရင့်ကိုယ်လုပ်တော် နှင်းကေသရာကို ဆုအဖြစ် ချီးမြှင့်ခဲ့လေသည်။

ဤသို့ဖြင့် နှင်းကေသရာတစ်ယောက် ဘုရင့်ကိုယ်လုပ်တော်ဘဝမှ လက်အောက်ခံ မြို့စားကတော်ဘဝသို့ တစ်ဖန် ရောက်ခဲ့ရပြန်သည်။ သို့သော် မြို့စားကတော်ဘဝတွင်လည်း ကြာကြာမနေခဲ့ရပါချေ။ လောကဓံ၏ ရိုက်ပုတ်ထုထောင်းမှု ဒဏ်ကြောင့် စိတ်နှလုံး ချုံးချုံးကျကာ ကျန်းမာရေးလည်း ချွတ်ယွင်းလာခဲ့သည်။

ထို့ကြောင့်ပင်လျှင် ခင်ပွန်းဖြစ်သူ တိုက်ကုလားမြို့စား လဂွန်းအိမ်ထံ ခွင့်ပန်၍ မိခင်ကြီးရှိရာ ဝန်မြို့ဆီသို့ ပြန်လာခဲ့လေသည်။

ဝန်မြို့မှာလည်း မြို့စားမင်း သံလိုက် ပေါက်ထက်ကကဲ့သို့ စည်ကား၍ မနေတော့ချေ၊ စစ်နိုင်ဘုရင်မှ မြို့သူမြို့သား အမြောက်အမြားကို သုံ့ပန်းအဖြစ် ခေါ်ဆောင်သွား၍ လူသူအနည်းငယ်မျှသာ ကျန်ရှိ၍ သွေ့ခြောက်လျက်ရှိလေသည်။

မြို့စားကတော်ကြီးမှာလည်း ရသေ့ဝတ်ဖြင့် ဝန်မြို့အနီး တောင်ခြေတွင် ကျောင်းသင်္ခမ်းဆောက်၍ ဂန္ဓာရီကျင့်စဉ်များကို ကျင့်ရင်း သမထဘာဝနာ စီးဖြန်း၍ နေလေသည်။

နှင်းကေသရာမှာလည်း မိခင်ဖြစ်သူ၏ ကျောင်းသင်္ခမ်းတွင် သမထဘာဝနာ စီးဖြန်းကာ အတ္တနေထိုင်ရင်း အသက်အရွယ်နှင့် မမျှသော လောကမုန်တိုင်းဒဏ်ကြောင့် အသက်ငယ်ငယ်နှင့်ပင် လောကကြီးကို ကျောခိုင်းစွန့်ခွာခဲ့ပေသည်။

ကျန်ရစ်သော ရုပ်အလောင်းကို မိခင်ကြီးမှ မပုပ်မသိုးစေရန် လောကီအတတ်တို့ဖြင့် စီရင်၍ ကေလာသတောင်တန်း တစ်နေရာရှိ တစ်ခုသော ကျောက်ဂူတွင် လျှို့ဝှက်စွာဖြင့် သိမ်းဆည်းထားခဲ့ပါတော့သည်။

စောထူးကကွယ်မှာ စကားပြောရလွန်း၍ အာခြောက်သွားသဖြင့် ရေတစ်ခွက်ငှဲ၍ သောက်လိုက်ပါသည်။ သူပြောသော အတိတ်ဇာတ်ကြောင်းတွင် မျောပါနေသော ကျွန်တော်တို့လူစုမှာလည်း ထိုအခါမှ အသိဝင်လာကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို တပ်မှူးလေး စောသီဟက...'

ကျွန်တော်၏ စကားမဆုံးမီ သူက အဖြေပေးလိုက်ပါသည်။

'အဲဒါ ကျွန်တော်ပါပဲ အစ်ကို'

ယုံရအခက်၊ မယုံရအခက် ဖြစ်နေသော ကျွန်တော့်မှာ သူ့အား ဘာမှ ပြန်မပြောနိုင်ပါ။

သူက ဆက်၍...

'ကျွန်တော် အဲဒီဘဝကနေ ဘဝပေါင်း များစွာ ကျင်လည်ခဲ့ပြီး အခု လူ့ဘဝကို ပြန်ရောက်ခဲ့တယ်။

ဒါပေမယ့် အနှင်းမျှ ခုလို မကျွတ်မလွတ်တဲ့ ဘဝနဲ့ ကျွန်တော့်ကို နှစ်ပေါင်း(၆၀၀) ကျော် မြို့ဦးစေတီမှာ စောင့်မျှော်နေခဲ့တယ်လေ'

သူ၏ စကားအဆုံးမှာ ကျွန်တော်က မေးလိုက်ပါသည်။

'ဒါဆို ညီလေးက ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ'

စကားအဆုံးမှာ သူက ယဲ့ယဲ့ပြုံး၍ ပြန်ဖြေပါသည်။

'ကျွန်တော် သူ့ဆီ လာနေမယ်လို့ ကတိပေးပြီးပြီ'

သူ့စကားအဆုံးမှာ ကျွန်တော့်ရင်ထဲ နင့်သွားသလို၊ ဖထီးမန်းဖိုးစိန့်မှာလည်း မျက်စိပျက် မျက်နှာပျက်ကာ ခေါင်းကို ငိုက်စိုက်ချလျက် တွင်တွင်ခါယမ်း၍ နေပါတော့သည်။

* * *

နောက်ထပ် တစ်လခန့်ကြာသော် ဖထီးမန်းဖိုးစိန်တစ်ယောက် ကျွန်တော်တို့ ဆေးခန်းသို့ ပေါက်ချလာပါသည်။

'လာ ဖထီး ရေနွေးသောက်၊ အခု ဘယ်ကလှည့်လာတာလဲ'

ကျွန်တော်က ပဋိသန္ထာရစကား ဆိုလိုက်ပါသည်။

'ဝင်းတာပန်က ပြန်လာတာ ဆရာကြီး၊ ဟိုကလေးဆုံးသွားလို့ ဒီနေ့ အလှူလေ'

'ဘယ်တုန်းက ဆုံးသွားတာလဲဖထီး'

'ဆရာလေးတို့နဲ့တွေ့ပြီး တစ်ပတ်အကြာလေး၊ ဒါတိုင်းဆို ညသွားပြီး မနက်မိုးလင်း ပြန်လာနေကျလေ။

အဲဒီနေ့တော့ မွန်းတည့်တဲ့အထိ ပြန်မရောက်လို့ သွားရှာကြတော့ ဘုရားရင်တိုင်ဘေးမှာ ခွေခွေလေး လဲနေတယ်လေ။ အဲဒီ အိပ်နေတယ်ထင်ပြီး နှိုးကြည့်တော့ အသက်မရှိတော့ဘူး။

သူ့အမေကတော့ ပြောတယ်၊ သူ့အတွက် စိတ်မပူနဲ့တဲ့၊ သူနဲ့ ချစ်သူနှစ်ဦး ပြန်ဆုံနေကြပြီဆိုပြီး အိပ်မက်ပေးတယ်လို့ ဆိုတယ်။

ပြီးတော့ ရွာက ကာလသားတစ်သိုက် လသာသာနဲ့ မြို့ဟောင်းဘက် တောကြောင် လိုက်သွားတော့ ဘုရားရင်တိုင်ဘေးမှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေး တစ်ယောက်ကို တွေ့ရတယ်လို့ ဆိုတယ်။ အနားကပ်သွားတော့ ပျောက်သွားတယ်လို့ ပြောကြတာပဲ'

'ဪ'

ကျွန်တော့်မှာလည်း ဆက်ပြောရန် စကားမရှိတော့ပါ။

ဤစကားသာ မှန်ကန်ခဲ့ပါမူ ချစ်သူနှစ်ဦး တမလွန်ဘဝ၌ ပြန်လည်ဆုံတွေ့နေကြပြီဟု ယူဆနိုင်ပါသည်။

ထို့ကြောင့်ပင်လျှင် ထိုအဖြစ်အပျက်ဖာတ်လမ်းကို **"ဝန်မြို့ဟောင်းမှ ချစ်သော နှင်းကေသရာ"** ဟု အမည်ကင်ပွန်းတပ်၍ ရေးသားတင်ပြလိုက်ရပါသည်။

တမလွန်ဘဝမှ ချစ်ရသူနှစ်ဦးအနေဖြင့်လည်း အကျွတ်တရားရ၍ လူ့ဘဝသို့ ပြန်ရောက်ကာ မြင့်မြတ်သော နိဗ္ဗာန်သို့ အတူလျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းလိုက်ရပါတော့သည်။

**နေဇော် (နဂ္ဂဟ)**

**စာမျက်နှာ (၂၆၄)မှ အဆက်**

တွေ့ဖူးတယ်။

ကျွန်တော် အလုပ်ဝင်ခါစမှာပေါ့။ မဟာမြတ်မုနိဘုရားကြီး ပွဲတီးသွားစိမ်ရာက ညဘက် တံခါးပိတ်လို့ ပြန်လာတာ။ အဲဒါ အနောက်မုခ်က ထွက်တော့ ဝတ်စုံအဖြူနဲ့ ကောင်မလေး တစ်ယောက်တွေ့တယ်။

အဲဒီအချိန်တုန်းက အခုလို အဆောက်အအုံတွေ၊ လူတွေ ရှိတာ မဟုတ်ဘူး။ ခေါင်တယ်။ ကျွန်တော်တို့ကသာ ဒီအရပ်သားမို့လို့ ဒီအချိန် သွားလာနေတာ။

အဲဒီ ဘီလူးကောင်မလေးကို တွေ့လိုက်တော့ မှုန် မဟုတ်ဘူးဆိုတာ သိလိုက်တယ်။ သိလိုက်လို့လဲ လှည့်ပြီး နောက်က လိုက်သွားတာ။ မီတော့မလို့ မီတော့မလို့နဲ့ မမီလိုက်ဘူး။

ကောင်မလေးကတော့ ရှေ့ဆက်ပြီး ဘုရားဘက် ရှိတွေ့လည်သွားလိုက်တော့ အနားရောက်တော့ ဘာမှ မတွေ့မမြင်ရတော့ဘူး။

ဒါကို မနုတ်ဘက်ကျ အဲဒီနားမှာ သံထီးလုပ်ငန်းလုပ်တဲ့ ဦးလေး ဦးအုန်းငွေကို ပြောပြတော့ **ညစ္စာစောင့်**တဲ့။ သူလဲ တွေ့ဖူးသတဲ့။

[၄]

ဒါက နှစ်သုံးဆယ်မှာ တစ်ခါ လောက် တွေ့ကြုံနေရတာ ဖြစ်လို့ အသက်ကိုးဆယ်နားမှာ သုံးကြိမ် မြောက်များ ကြုံရဦးလေမလား။

အခု နှစ်ခါမှာ မကြောက်ခဲ့သမျှ အဲဒီအခါကျမှများ ကြောက်စရာ ယမမင်းကိုယ်စားလှယ် ဖြစ်နေလေမလား...

**ဘိုးလေး ဦးကျော်သို့ အမှတ် တရ...**

**သီလ(မရုတ်ရွှန်တောင်)**




www.burmeseclassic.com

www.burmeseclassic.com

# သုံးကြိမ်မြောက်သို့

**သီလ**
**(ရေတံခွန်တောင်)**



[ ၁ ]

နေတာက ကျောက်ဆစ်တန်း မန္တလေး–စစ်ကိုင်း လမ်းပေါ်မှာ။ ဆီသွားတန်းစီရမှာက တောင်မြောက် လမ်းတစ်ဖြောင့်တည်း တမွဝတီ ဓာတ်ဆီဆိုင်မှာ။

လမ်းမှာက ကန်တော်ကြီးလမ်းက နေ အာတီစီကုန်းဆီသွားတဲ့ အရှေ့ အနောက်လမ်းက ဖြတ်ထားတယ်။

ဝန်ထမ်းတွေအတွက် ဝယ်ယူခွင့် သီးသန့်ပေးထားတဲ့ အဲဒီ ဓာတ်ဆီဆိုင် ကို မနက်မလင်းခင် သွားတန်းစီရတာ။ အချိန်က ဓာတ်ဆီတွေ ပုဂ္ဂလိကကို ရောင်းခွင့်ပေးလိုက်တဲ့ အစကာလ။

ပင်စင်သွားခါနီး ဝန်ထမ်းအိုကြီးပီပီ ရောင်းချပေးမယ့် ကန့်သတ်ဦးရေထဲ ဝင်အောင် မအိပ်နိုင် မစားနိုင် စောစော ထပြီး ဆိုင်ကယ်အတွက် ဆီသွားသွား တန်းစီနေရတာ။ ဆိုင်ဖွင့်မှာတော့ မနက်ခြောက်နာရီ။

[ ၂ ]

ဒီမနက် တစ်ရေးနိုးတော့ တစ်နာရီ ကျော်ကျော်ရှိနေပြီ။ ကမန်းကတန်းထ မျက်နှာသစ်၊ ပါးလုပ်ကျင်း၊ အင်္ကျီ၊ လုံချည်လဲပြီး အိမ်က ထွက်လာခဲ့ တယ်။

ရေချမ်းကပ်ရင်း ဘုရားကို ဦးသုံး ကြိမ်ပဲ ချခဲ့ရတာဖြစ်လို့ ဆိုင်ကယ် မောင်းရင်းနဲ့ပဲ ပရိတ်ရွတ်လိုက်တယ်။ ဒါက လုပ်မြဲကိစ္စ။

ညသန်းခေါင်နဲ့ မနက်လေးနာရီ ကြားမှာ မန္တလေး–စစ်ကိုင်းလမ်းက ယဉ်အသွားအလာ၊ လူအသွားအလာ အတော်ပါးတယ်။

ကျွန်တော်ကလဲ အသက်အရွယ် အရ ဆိုင်ကယ်မီးဖွင့်ပြီး ဖြည်းဖြည်းပဲ မောင်းတယ်။ ဆောင်းတွင်းကာလ ဖြစ်တာကြောင့် လမ်းမှာ နှင်းနည်းနည်း ကျနေတယ်။

အဲဒီမှာ ဆိုင်ကယ်မီးရောင်နဲ့ ကန် တော်ကြီးထဲက ထွက်လာတဲ့ စက်ဘီး စီး မိန်းကလေးတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရလို့ ဆိုင်ကယ် အရှိန် လျှော့ပေးလိုက်ရတယ်။

**အနီရောင်ဝတ်စုံ ဆံပင်ကျစ်လယ် ချွဲ [illegible]ကလေးက သူ့ကို ဦးစား ပေးတာ သဘောကျလို့ပဲလား ဘာလား မသိပါဘူး။ ပြုံးပြသွားတယ်။ ပြီးတော့ အာတီစီကုန်းဆီလဲ လမ်းအတိုင်း စက်ဘီးနင်းတက်သွားတယ်။**

ဘယ်လိုဖြစ်တယ် မသိဘူး။ မကြို စဖူး ကျွန်တော့်မှာ ကျောတွေ ချမ်းသွား လိုက်တာ။ ဒီအသက်အရွယ်ကြီးနဲ့ ကြောက်မနေနိုင်တော့ပါဘူး။

လမ်းလေးဆုံ ကျော်ပြီးနေတာက ပြန်တွေးရင်း အာစီတီကုန်းဆီ လှည့် တက်လိုက်တယ်။ ကြည့်လိုက်တော့ လမ်းမကြီးပေါ်မှာက ငြိမ်သက်နေတဲ့ ကတ္တရာလမ်းမကြီးကလွဲလို့ ခွေးတစ် ကောင် ကြောင်တစ်မြီးမှကို မရှိ။

မရဘူး။ ဆိုင်ကယ်ပေါ်ကဆင်း ရပ်ပြီးကိုရှာတော့တာ။ ဘာမှ တွေ့ကို မတွေ့တော့ဘူး။ ဒါနဲ့ပဲ...

'ကဲ...ကလေးမလေးရေ ပရိတ်တရားများ ရွတ်ပွားရတဲ့ ကုသိုလ်အဖို့ အမျှ... အမျှ... အမျှယူကြွယ်၊ သာဓုခေါ်ပါ'

ဒီလိုပဲ ပြောလိုက်တော့တယ်။

[ ၃ ]

ငယ်ငယ်တုန်းကလဲ ဒီလိုပဲ တစ်ခါ

စာမျက်နှာ (၂၆၃) သို့



www.burmeseclassic.com

www.burmeseclassic.com

# အသားစားနွယ်ရှင်လေဦး

ရှိပါသည်

ဖေသားချစ်
(မာန်အောင်)



၂၀၁၂ခုနှစ်၊ နက္ခတ္တရောင်ခြည် **မဂ္ဂဇင်း၊** အမှတ်(၃၁၁)၊ ဖွန်လတွင် စိုးလင်းအောင်(မြန်အောင်)၏ **"နွယ်ရှင်ဆိုတာ"**ခေါင်းစီးဖြင့် **ဆောင်းပါး၊ စာမျက်နှာ (၂၇၀)တွင်** ဖတ်တွေ့ရပါ၍ ကျွန်တော် ကြားသိနှင့် ဖတ်ရှုခဲ့ဖူးသော နွယ်ရှင်အကြောင်းများနှင့်အတူ ရေးသားတင်ပြလိုက်ပါသည်။

လွန်ခဲ့သော နှစ်(၂၀)ကျော်က စာရေးသူ၏ ဆွေမျိုး ဦးမောင်နီ (တပ်မတော်အငြိမ်းစား ကွယ်လွန်) ချင်းခရိုင်တွင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါသည်။

စစ်ကြောင်းခရီးထွက်စဉ် ရေဆာမွတ်၍ ကြည်လင်အေးစက်ပြီး စီးဆင်းနေသော စမ်းချောင်းငယ်မှ ရေကို လက်ခုပ်ဖြင့် ခပ်ယူသောက်သုံးရာ ဘဝတူ တပ်မတော်သားတစ်ဦးက စမ်းချောင်းရေကို အရမ်းကာရော ခပ်ယူမသောက်သင့်ကြောင်း…။

ယင်းစမ်းချောင်းထဲတွင် နွယ်ရှင်များ မျောပါလာတတ်၍ ရေသောက်မိသူ၏ ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွားပါက အဖျားရောဂါ ရရှိတတ်ကြောင်း

www.burmeseclassic.com

သတိပေးတားမြစ်ခြင်းကို ဦးမောင်နီမှ စာရေးသူအားပြောပြ၍ မှတ်သားထားမိပါသည်။

ဆရာစိုးလင်းအောင် (မြန်အောင်)၏ ဆောင်းပါး စာမျက်နှာ (၂၇၁)၊ ပထမ ကော်လံတွင်...

'လမ်းမြေပြင်ပေါ်မှာ မြွေတစ်ကောင်လို လူးလွန့်သွားနေတဲ့ နွယ်လေးတစ်မျှင် တွေ့တယ်ဗျ'

ဟူ၍ လည်းကောင်း။ ကော်လံ (၂)တွင်...

'နွယ်ရှင်လေးကို လက်ဝါးပေါ်တင်လိုက်တော့ တွန့်လိမ်ပြီး ကွေးသွားတယ်။ ရေထဲထည့်လိုက်တော့ ရေထဲမှာ လူးလူးလွန့်လွန့် ကူးနေတယ်'

ကော်လံ(၃)တွင်...

'အရှည်မှာ (၁၄)လက်မခန့်ရှိပြီး လုံးပတ်မှာ စက်ဘီးစယုတ်တံ (သို့မဟုတ်) ထံမြက်စည်းတံ လုံးခန့်ရှိ၏'

ဟူ၍ ဖော်ပြထားပါသည်။

နွယ်ရှင်အရှင်သည် ရေထဲမှာ ကူးခတ်နိုင်သလို ယင်းထက် တိုတုပ်သော(ဝါ)နွယ်ရှင်အပိုင်းအစများ ရေထဲ မျောပါ၍ ထိုရေကို ခပ်ယူ၊ စုပ်ယူသောက်မိသောသူ၏ ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွားပါက အဖျားရောဂါ တစ်ခုခု ရရှိနိုင်သည်ဟု ဦးမောင်နီ၏ ပြောပြချက်သည်လည်း ဖြစ်နိုင်သော ယုတ္တိရှိပါသည်။

ဆရာစိုးလင်းအောင် (မြန်အောင်) က နွယ်ရှင်ဆိုတာ ရှိ,မရှိ၊ ခိုက်,မခိုက်၊ ဆေးဖက်ဝင်,မဝင် လောကီရေးရာကိစ္စများတွင် အသုံးဝင်,မဝင်တို့ကို သိရှိသူများမှ ရေးသားဖော်ပြပေးရန် မေတ္တာရပ်ခံထားပါသည်။

သို့ပါ၍ နွယ်ရှင်ဆိုတာ အမှန်တကယ်ရှိကြောင်း နောက်ထပ် ဆောင်းပါးတစ်စောင်မှ လိုရင်းကို ဖော်ပြပေးလိုက်ပါသည်။

စာရေးသူထံတွင် "ဆန်းပြည့်နိုင်" စီစဉ်သော အသိစွမ်းအားစာစဉ်(၆) ရွှေပေါင်းလောင်းတို့ ကလောင်သံ၊ ဗဟုသုတဓမ္မရသ စာအုပ်တစ်အုပ် မကြာသေးမီက ရရှိထားပါသည်။ ယင်းစာအုပ်တွင် ကလောင်ရှင်ပေါင်း (၁၁)ဦး ပါဝင်ရေးသားထားပါသည်။ **"အသားစားနွယ်ရှင်"** ဆောင်းပါးကို ရေးသားသူမှာ**ရာဇာထွန်းတောက် (သာပေါင်း)**ဖြစ်ပါသည်။

ဆောင်းပါးရှင် ရာဇာထွန်းတောက် (သာပေါင်း)သည် ၁၉၇၈ခုနှစ်က ရောဝတီတိုင်း၊ ပုသိမ်မြောက်ပိုင်း သစ်ထုတ်လုပ်ရေးဒေသ၊ သာပေါင်း သစ်ထုတ်လုပ်ရေး နယ်မြေအသစ် စတင်ဖွင့်ခါစ တောတွင်းအတွေ့အကြုံကို အမှန်အတိုင်း ရေးသားဖော်ပြထားခြင်း ဖြစ်ပါသည်။

ဆောင်းပါးရှင် ရာဇာထွန်းတောက် (သာပေါင်း)၏ ဆောင်းပါးမှ အရေးကြီးသော စာပိုဒ်နှင့် အကြောင်းအရာကို မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါသည်။

'တစ်နေ့တွင် တောတွင်းဖြတ်ပိုင်းပေးနေကြရာ ပင်ထောင်သုံးဆယ်ကျော်ခန့် ပြီးစီးသောအခါ သစ်ခုတ်သမားများ အတန်ငယ် မောပန်းလာသောကြောင့် ခုတ်လှဲထားသော သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ထိုင်၍ နားနေကြသည်။

ထိုစဉ် တစ်ဖက်ရှိတောထဲမှ တဗြိဗြိ အော်နေသော အသံတစ်ခု ကြားရ၍ ကျွန်တော်သည် စူးစမ်းလိုသောစိတ်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ ထိုအခါ ဦးသန်းရွှေက...

'ဟေ့ သတိနဲ့သွားနော်၊ ဖားမြွေကိုက်နေသလား မသိဘူး'

ကျွန်တော်သည် သစ်ခုတ်သားတစ်ဦးဆီမှ လေးခွတစ်လက်တောင်းယူ၍ အသံကြားရာနေရာသို့ ထွက်လာခဲ့သည်။

အနားရောက်သောအခါ ထိုမြင်ကွင်းကို ကြည့်ပြီး ကျွန်တော်အံ့ဩသွားသည်။ အစက ဖား(သို့မဟုတ်) အကောင်ငယ်တစ်ကောင်အား မြွေကိုက်နေသည်ထင်၍ သွားရောက်ကြည့်ရှုခဲ့ခြင်းဖြစ်သည်။

သို့သော် ကျွန်တော်တွေ့ရသော မြင်ကွင်းကား ထိုသို့မဟုတ်။ နွယ်ပင်တစ်ပင်မှ အညွှန့်များသည် ငှက်ကလေးတစ်ကောင်အားရစ်ပတ်ဖမ်းဆီးထားသည်ကို တွေ့ရှိရပေသည်။

ငှက်ကလေးမှာ စာကလေးသာသာလောက်ရှိ၍ မျက်လုံးကလေးပြူးပြီး တဗြိဗြိအော်နေသည်။ ထိုနွယ်ပင်သည် မြွေတစ်ကောင်ပမာ လူးလွန့်၍ ငှက်ကလေးလွတ်မသွားစေရန်လှုပ်ရှားအားယူ၍ ငှက်ကလေးအား ဖမ်းချုပ်လျက် ရှိသည်။

ထိုအခါ ကျွန်တော်သည် ဦးသန်းရွှေနှင့် သစ်ခုတ်သားအဖွဲ့အား လှမ်းခေါ်လိုက်သည်။ ဦးသန်းရွှေနှင့် သစ်ခုတ်သားများသည် ကျွန်တော် တစ်ခုခု ဖြစ်ပြီထင်၍ ပြေးလာကြသည်။ အနားသို့ရောက်သောအခါ ထိုမြင်ကွင်းအား ပြလိုက်သောအခါ ဦးသန်းရွှေက....

'ဟော့... အနားမကပ်နဲ့၊ ဒီအပင်ဟာ အသားစားနွယ်ရှင်လို့ ခေါ်တယ်။ သူ့ရဲ့ အညွှန့်မှာ ဆူးလေးတွေပါတယ်။ သက်ရှိသတ္တဝါတွေကို ဒီအညွှန့်နဲ့ ဖမ်းပြီး ဆူးတွေနဲ့ စုပ်အောင် ပတ်တော့တာပဲ။

'အဲဒီဆူးဟာ အဆိပ်ရှိတယ်။ လူတွေ စူးမိရင် အချိန် သုံး,လေးလ မပျောက်တော့ဘူး၊ တော်တော် အခံရဆိုးတယ်။ ဒီအပင်က





www.burmeseclassic.com

www.burmeseclassic.com

သေးတယ်။ မြေမလောက်ပဲ ရှိတယ်။ ငါမြင်ဖူးတဲ့အပင်က လက်မောင်းလောက်ရှိတယ်။ လင်းသက်ကိုတောင် ဖမ်းနိုင်တယ်။ ဒီအပင်မျိုးဟာ ထားဝယ်မှာ တွေ့ဖူးတယ်။ ဒီမှာတော့ အခု တစ်ခါပဲတွေ့ရတယ်'

ဟု ပြောလေသည်။

ထိုအခါ သစ်ခုတ်သားတစ်ယောက်က...

'ဒီလိုဆို ဘယ်အရှင်ထားလို့ ဖြစ်မလဲ၊ ချောင်းအုပ်ကြီးရဲ့'

ဟုဆိုကာ လေးခွဖြင့်ပစ်တော့သည်။

ထိုအခါ နွယ်ပင်သည် ပြတ်တောက်၍ မြေတစ်ကောင်ပမာ လူးလွန့်နေပြီး သွေးကဲ့သို့ နီညိုရောင်အစေးများထွက်လာသည်ကို ထူးဆန်းစွာ တွေ့ရသည်။ ခဏကြာသောအခါ ထိုသစ်ခုတ်သားက ဓားဖြင့် ခုတ်ပိုင်းပစ်လိုက်တော့သည်။

'နေပါဦး ဆရာကြီးရဲ့။ ဒါဆိုရင် ဒီအပင်မျိုးဟာ ဘယ်လိုမျိုးပွားသလဲ'

'ဘယ်လိုမျိုးပွားသလဲတော့ မသိဘူး။ အပင်ပေါက်တွေလဲ ဒီအပင်နားမှာ မတွေ့ရဘူး။ အသီးအပွင့်အရွက်လဲ မရှိဘူး။ ကြည့်ပါလား။ အညွန့်တွေပဲ ရှိတယ်။

တို့ရဲ့ဆရာသမား တောအမှုထမ်းကြီးတွေ ပြောပြချက်အရတော့ မကောင်းတဲ့ မိစ္ဆာဝိညာဉ်တစ်ခုဟာ ဒီနွယ်ပင်ပေါ်မှာ ပူးကပ်ပြီးမှ အခုလို ဖြစ်လာတာလို့ ပြောတယ်။ ဒါကြောင့် အချို့က **"အသားစားနွယ်ရှင်"** အချို့က **"အသားစားမိစ္ဆာနွယ်ရှင်"** လို့ ခေါ်ကြတယ်။

ထိုအချိန်တွင် ငှက်ကလေးမှာ သေဆုံးနေပြီဖြစ်သည်။ ထိုအပင်ကို ဓားဖြင့် ခုတ်သတ်သော သစ်ခုတ်သားက...



'အတော်ပဲ ဒီငှက်ကလေးယူသွားပြီး ဂျက်သီးနဲ့ ထောင်းစားရမယ်'

'ဟေ့ မယူနဲ့ ဒီငှက်ထဲမှာ အဆိပ်တွေ ရောက်နေပြီ။ စားရင် ဒုက္ခဖြစ်လိမ့်မယ်'

ထိုအခါ ငှက်ကလေးကို သေချာစွာ ကြည့်သောအခါ **ငှက်ကလေးတစ်ကိုယ်လုံး ပြာနှမ်း၍နေပြီး နှုတ်သီးမှ အရည်များထွက်ကျကာ ထို အရည်များလည်း ပြာနှမ်းနေသေသည်။**

ကျွန်တော်တို့လည်း သစ် ဆယ့်နှစ်ပင်ခန့် ဖြတ်ပိုင်းပေးပြီးသောအခါ စောစောက အသားစားနွယ်ရှင်အား ဓားနှင့်ခုတ်သတ်ခဲ့သော သစ်ခုတ်သမား၏ ခြေသလုံးတွင် နေရာအနှံ့ အညိုရောင်အပိမ့်များ ထနေသည်ကို အသည်းယားစရာ တွေ့ရှိရပေသည်။ ထိုအခါ ဦးသန်းရွှေက...

'ဟာစော စောစောက ဒီသွေးထွက်နေတဲ့ နေရာဟာ ကျွတ်ကိုက်ထားတဲ့နေရာလား'

'ဟုတ်တယ် ဆရာကြီး။ ဒီနေရာဟာ စောစောက ကျွတ်ကိုက်ပြီး သွေးထွက်နေတဲ့နေရာပဲ'

'အဲဒီကျွတ်ကိုက်တာ ဟိုအပင်ကို မခုတ်ခင်က ကိုက်ထားတာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

ထိုအခါ ဦးသန်းရွှေသည် မျက်နှာ သိပ်မကောင်းတော့။

'အေး အဲဒီ ကျွတ်ကိုက်တဲ့နေရာကို ဓာတ်ဆီနဲ့ သေသေချာချာဆေး ကြားလား။ ကဲ...ကဲ ပြန်ကြမယ်။ အချိန်လဲ သိပ်မရှိတော့ဘူး'

ဦးသန်းရွှေက အဲဒီ သစ်ခုတ်သမား အနည်းဆုံး (၃)လလောက်ခံရမည်ဖြစ်ကြောင်း ပြောပြသည်။ ပြောလို့မှမဆုံးသေး သစ်ခုတ်သမားတစ်ယောက် ဦးသန်းရွှေအား စောစောက သစ်ခုတ်သားအား လာကြည့်ပေးပါရန် လာရောက်ခေါ်ငင်တော့သည်။

ကျွန်တော်တို့ သွားရောက်ကြည့်ရှုသောအခါ ထိုသစ်ခုတ်သား၏ ခြေထောက်တစ်ခုလုံး အညိုရောင်အပိမ့်များ ထနေသည်ကို တွေ့ရသည်။

နံနက်မိုးလင်းသောအခါ ဆင်ပိုင်က ဦးသန်းရွှေအား ညကဖြစ်ခဲ့သော သစ်ခုတ်သမားသည် အိပ်မက်များလည်း မကောင်း၊ တစ်ကိုယ်လုံး အညိုရောင် အဖုအပိမ့်များထနေပြီး မျက်နှာမှာလည်း ပိတ်နေသည်။ အကျီလည်း ဝတ်မရဟု ပြောသည်။

ကျွန်တော်တို့လည်း ဘာမျှမလုပ်တတ်၊ မြို့ကိုပြန်ပို့ပြီး နားလည်တတ်ကျွမ်းသောဆရာများနှင့် ကုသရန်သာ အကြံပြုရတော့သည်။

ထိုသစ်ခုတ်သားဟာ သပြုစခန်းသို့ ဆင်ဖြင့် ပို့ပြီး ထိုမှတစ်ဆင့် အထမ်းငှားကာ ပြန်ပို့ခဲ့ရသည်။ နောင်အခါတွင် သိရသည်မှာ ထိုသစ်ခုတ်သားသည် သုံးလခန့် ဆေးကုသခဲ့ရသည်ဟု သိရှိရပေသည်။

**မှတ်ချက်။ ။ ရာဇာထွန်းတောက် (သာပေါင်း)၏ ဓာတ်ပုံပါရှိသော်လည်း မဖော်ပြလိုက်တော့ပါ။**

***ဗဟုသုတများ ကြွယ်ဝ၍ ဝေငှ ခံစား အကျိုးများကြပါစေ။***

**ဖေသားချစ် (မာန်အောင်)**

နဝမ္ဗာ ရောင်ခြည်မဂ္ဂဇင်း ၂၆ရ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်း
(မင်းလှ)

သုံးပေခွဲ တံတားအလှူကလေးနှင့်

# ရှာတော်ရှင်မပေးတဲ့ ဂျိုတာရဂါထာ

၁၉၉၄/၉၅ ပညာသင်နှစ်တွင် ကျောင်းဆရာလေး ကိုထွန်းထွန်း တစ်ယောက် ရသေ့တောင်မြို့နယ်၊ ကြိန်တန်းကျေးရွာ အ.မ.က ကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါသည်။

ဆရာလေး ကိုထွန်းထွန်းသည် အသက် (၃၀)နှစ်ဝန်းကျင်ခန့်သာရှိပြီး လူပျိုလူလွတ် ဘာသာရေးတရားနှင့် ပရဟိတစိတ်ထား အားကောင်းသူ ဖြစ်ပါသည်။

ကျောင်းဆရာလေး ကိုထွန်းထွန်း နေထိုင်ရန်အတွက် ကြိန်တန်းကျေးရွာ လူကြီး ဦးထွန်းအောင်၊ ဒေါ်သာစိန်နု နေအိမ်တွင် သီးသန့် အခန်းတစ်ခန်း ပေးထားပါသည်။

ကျောင်းဆရာလေး ကိုထွန်းထွန်း ဖတ်ရှုနိုင်ရန် ဘာသာရေးဆိုင်ရာ စာအုပ်များကိုလည်း ကျောင်းဆရာလေး အိပ်ရာဘေး စားပွဲပေါ်တွင် တင်ထားပါသည်။

ရေပြောင်း မြေပြောင်းဖြစ်၍ ကျောင်းဆရာလေး ကိုထွန်းထွန်းသည် ကျန်းမာရေး ဂရုစိုက်ပြီး ဟိုဟိုဒီဒီ လျှောက်သွားမနေဘဲ အိပ်ရာဘေးရှိ စာအုပ်များကို အပျင်းပြေ ဖတ်ရှုလျက်ရှိပါသည်။

သည်စာအုပ်များထဲတွင် လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ခန့်က (ပေ)စာလုံးအက္ခရာဖြင့် ရှိနေခဲ့သော **"နိဗ္ဗာန်ဩဇာ လက်ာကျမ်း"**ကို ကျေးဖူးရှင် ကျောက်ထရံ ဆရာတော်ကြီး ဦးကောဝိဒမွှက စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသော စာအုပ်ကို သဘောကျနှစ်သက်စွာ ဖတ်ရှုလျက်ရှိသည်။

ယင်း **နိဗ္ဗာန်ဩဇာ လက်ာကျမ်း၏ စာမျက်နှာ(၁၀၁)တွင် "တံတားလှူရ အကျိုး"**ဟူသော လက်ာလေးကို ပို၍ နှစ်သက် သဘောကျပါသဖြင့် အထပ်ထပ်အခါခါ ရွတ်ဖတ်နေမိပါသည်။

ဆရာလေး ကိုထွန်းထွန်းသည် အနားယူပြီး (၃)ရက်ခန့်အကြာ တစ်နေ့တွင် ကြိန်တန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးအား ဖူးမြော်ကန်တော့ရန် ရွာဦးကျောင်းဘက်သို့ ထွက်လာရာ ရွာမှအထွက် ရွာဦးကျောင်းသို့ သွားရာလမ်းတွင် ရေမြောင်းလေး တစ်ခု တွေ့ရှိပါသည်။

လူငယ်လူရွယ်များဆိုလျှင် ခုန်ကျော်သွားနိုင်ပါသည်။ ရေမြောင်း



www.burmeseclassic.com

www.burmeseclassic.com

အကျယ် သုံးပေခွဲခန့် ရှိပါသည်။

သည် ရေမြောင်းကလေးသည် ရွာကန်ပေါင်ရိုးကို ဖောက်၍ စီးဆင်းလာသော ရေမြောင်းကလေး ဖြစ်ပါသည်။

တောရွာဓလေ့အရ ကန်ပေါင်ရိုးပေါ်တွင် ရွာလုံးကျွတ်နီးပါး ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း ပြုလုပ်ကြရသဖြင့် ကန်ပေါင်ရိုးဆီက စီးဆင်းလာသော ရေများသည် ရေမြောင်းလေးကို ဖြတ်၍ ချောင်းထဲသို့ စီးဆင်းသွားပါသည်။ သို့ဖြစ်ပါ၍ သည်ရေမြောင်းကလေးကို အပြီး ပိတ်ဆို့ထား၍ မရနိုင်ပါ။

သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ အမျိုးသမီးများ သည် ရေမြောင်းကလေးသို့ ရောက်လျှင် ခုန်ကျော်၍လည်း မဖြစ်၊ ခြေလှမ်းကျယ် လှမ်းကျော်ရန်လည်း မမီတမီ ဖြစ်နေပါသည်။

ရေမြောင်းကလေး၏ အလယ်တည့်တည့်တွင် (၃)တောင်ခန့် ဝါးနက်ဝါး တစ်ပိုင်းကို ခင်းထားပါသည်။ ဘေးလက်ကိုင်တန်း မရှိပါ။

ဆရာလေး ကိုထွန်းထွန်းသည် အသာအယာ ကိုယ်ကို ဖော့၍ ခင်းထားသော ဝါးနက်ဝါး အလယ်တည့်တည့်ကို မှန်းပြီး ခြေတစ်ဖဝါးချလိုက်ပြီး ကျော်လိုက်ပြီးလျှင် ရွာဦးကျောင်းဆရာတော်အား ဖူးမြော်ကန်တော့ရန် ရောက်ရှိခဲ့ပါသည်။

ရွာဦးကျောင်းဆရာတော်က...

'ဒီဒကာလေးက ယခု အသစ်ပြောင်းရွှေ့ရောက်ရှိလာတဲ့ ကျောင်းဆရာလေးဆိုတော့ ဒီရွာက ကလေးတွေ ပညာတတ်အောင်၊ လိမ္မာယဉ်ကျေးအောင် ကျောင်းပိတ်ရက်တွေမှာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်မယ် ကျောင်းဆရာဒကာလေး ဘုန်းကြီးနဲ့အတူ ပူးပေါင်းပါဝင် ကူညီပေးပါ'

ဟု မိန့်ကြားရာ ဆရာလေးကိုထွန်းထွန်း ဝမ်းသာအားရစွာဖြင့်...

'ဘုန်းဘုန်းဘုရား... ဆန္ဒအတိုင်း တပည့်တော် အစွမ်းကုန် ကြိုးစားကူညီပါမယ် ဘုရား'

ဟု လျှောက်ထားခဲ့ပါသည်။

ဆရာလေး ကိုထွန်းထွန်းသည် ကြိန်တန်းရွာသူရွာသား ဒါယကာများ၏ ကုသိုလ်ကောင်းမှု အမျိုးမျိုး၌ လှူဒါန်းထားသော အလှူရှင်များ အမည်ကို ဖတ်ရှုလေ့လာလျက် ရှိပါသည်။

ဘာသာတရား ကိုင်းရှိုင်းကြ၍ ကျောင်းကန်ဘုရားများ တိုးတက်စည်ပင်လျက် ရှိပါသည်ကို တွေ့ရှိရပါသည်။

ဆရာလေးကိုထွန်းထွန်းသည် ကြိန်တန်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း တည်ထားလျက်ရှိသော **ရတနာပြည့်ဝ ဆုတောင်းပြည့်စေတီတော်**အား ဖူးမြော်ပြီး ကျောင်းဝင်းအတွင်းမှ ပြန်လာရာ ရေမြောင်းကလေးအရောက် အဘွားအိုတစ်ယောက်မှ...

'လူလေး...အဘွားကို ကိုင်ပြီး ထိန်းပေးဦးကွယ်'

ဟု အကူအညီတောင်းရာ ကျောင်းဆရာလေးသည် ...

'ဟုတ်ကဲ့ အဘွား၊ ကျွန်တော့်လက်ကို ကိုင်ပါ'

ဟု ပြောပြီး အဘွားအိုအား ကူညီပေးလိုက်ပါသည်။

သည်ရေမြောင်းလေးသည် မကြီးကျယ်သော်လည်း သွားလာရေးခက်ခဲနေသည်။ ကျေးရွာရှိ လူကြီးများသည် ကျောင်းကန်ဘုရားနှင့် သောက်ရေကန်များကိုသာ အဓိက ဆောင်ရွက်နေကြရသဖြင့် သည်ရေမြောင်းလေးကို မည်သူမှ အလေးဂရုပြု လုပ်ဆောင်ခဲ့ခြင်း မရှိပေ။

သည်ရေမြောင်းလေးသည် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်သော လမ်း၌ တည်ရှိနေပါသဖြင့် အရေးပါသောလမ်း ဖြစ်ပါသည်။

ဆရာလေး ကိုထွန်းထွန်းသည် ပြီးခဲ့သည့်ရက်က သဘောကျ နှစ်သက်စွာ ဖတ်ရှုခဲ့ရသော နိဗ္ဗာန်ဩဇာ လင်္ကာကျမ်းမှ တံတားလှူဒါန်းခြင်း အကျိုးလင်္ကာနှင့် စကားပြေကို သတိရလိုက်သည်။

စိတ်ထဲမှာလည်း သဒ္ဓါတရား ထက်သန်လာပြီး သည်ရေမြောင်းလေးကို မည်သူမဆို အခက်အခဲမရှိ သွားလာနိုင်စေရန် တံတားအဖြစ် ငါလှူမည်ဟု စိတ်ထဲက ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ပါသည်။

ဆရာလေး ကိုထွန်းထွန်းသည် တံတား တည်ဆောက်ရန်အတွက် သစ်သားနှင့် တည်ဆောက်လျှင် မိုးများဒေသဖြစ်၍ နှစ်ပိုင်းမျှသာ ခံနိုင်မည်။

သစ်သားများဆွေးလျှင် တံတားပျက်စီးနိုင်သည်။ အုတ်စီပြီး ကွန်ကရစ်လောင်း တည်ဆောက်လျှင် ရာသက်ပန် တည်တံ့ခိုင်မြဲနိုင်မည်။

'ဒို့မှာ မူလတန်းပြကျောင်းဆရာ လစာထဲက တစ်လ(၁၀၀၀)ကျပ်စုမည်၊ ဒီရေမြောင်းလေးကို အုတ်စီပြီး ကွန်ကရစ်တံတားအဖြစ် လှူဒါန်းမည်'

စိတ်ကူးပြီး တည်းခိုနေထိုင်ရာ အိမ်သို့ ရောက်လာခဲ့ပါသည်။

ရွာသူကြီး၏ဇနီး ဒေါ်သာစိန်နုက...

'ကျောင်းဆရာလေး ဘယ်ကိုသွားလို့ ဘယ်က ပြန်လာတာလဲ'

ဟု မေးရာ...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ရွာဦးကျောင်းက ပြန်လာတာပါ အဒေါ်'

ဟု ပြန်ဖြေလိုက်ပြီး တစ်ဆက်တည်း **"အဒေါ်တို့ ဒီရွာမှာ ပန်းရန်ဆရာရှိပါသလား"**ဟု မေးလိုက်ရာ...

'ဒီရွာမှာ ပန်းရန်ဆရာ ကိုဖြူသီး ဆိုတဲ့လူ ရှိပါတယ် ဆရာလေး၊ ကိစ္စရှိလို့လား'

'ဟုတ်ကဲ့အဒေါ် ကျွန်တော် ပန်းရန်ဆရာနဲ့ ခဏတွေ့ချင်တယ်'

'ဒါဖြင့် ဆရာလေး ခဏစောင့်ပါ ကျွန်မ သွားခေါ်လိုက်မယ်'

ဟု ပြောပြီး ရွာလူကြီး၏ဇနီး ဒေါ်သာစိန်နု ခဏအကြာ ပန်းရန်ဆရာ ကိုဖြူသီးနှင့်အတူ ရောက်ရှိလာသည်။

'ဆရာလေး ဒါ ကိုဖြူသီးပါ'

'ဟုတ်ကဲ့... ကျွန်တော်က ခုမှ ပြောင်းရွှေ့ ရောက်ရှိလာတဲ့ ကျောင်းဆရာပါ၊ ကျွန်တော့်နာမည် ထွန်းထွန်းပါ'

ကိုဖြူသီးက 'ဟုတ်ကဲ့ ဆရာလေး' ဟု ပြောပြီး...

'ကျွန်တော့်ကို ဘာများ ပြောစရာရှိပါလဲ ဆရာလေးပြောပါ'

'ဒီလို ကိုဖြူသီး... ကျွန်တော် ခုလေးတင် ရွာဦးကျောင်းက ပြန်လာထဲ လမ်းမှာ ရွာဦးကျောင်းကို သွားရာလမ်းမှာ ရေမြောင်းတစ်ခု တွေ့ခဲ့တယ်။

အဲဒီရေမြောင်းလေးကို အုတ်၊ ဘိလပ်မြေနဲ့ ကွန်ကရစ်တံတား လုပ်ချင်တယ်။ အဲဒီအကုန်အကျ ဘယ်လောက်ရှိနိုင်လဲ။

ကိုဖြူသီးအနေနဲ့ အဲဒီရေမြောင်းလေးကို သေချာတိုင်းတွာပြီး ခန့်မှန်းကုန်ကျငွေကို တွက်ချက်ပေးပါ'

ကိုဖြူသီးက...

'ဆရာလေး ဒီမှာ ခဏစောင့်ပါ၊ ကျွန်တော် အိမ်ခဏပြန်ပြီး ပေကြိုးနဲ့ သေချာတိုင်းတွာပြီး ပေးပါမယ်'

ဟု ပြောပြီး ကိုဖြူသီး ပြန်သွားပါသည်။

ညနေ(၆)နာရီကျော်ခန့် အချိန်တွင် ကိုဖြူသီးတစ်ယောက် ရေမြောင်းလေးကို သေချာစွာ တိုင်းတွာတွက်ချက်ပြီး ရောက်ရှိလာပါသည်။

'ဆရာလေးရဲ့ဆန္ဒအတိုင်း အုတ်၊ ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်၊ သံချောင်း စုစုပေါင်းတံတား အချောပြီးသည်ထိ ကျပ်နှစ်သောင်း ကုန်ကျပါမယ်။

ဆရာလေး ဒီတံတားကို တည်ဆောက် လှူဒါန်းမယ်ဆိုရင် ကျွန်တော်က ကျွန်တော့်လုပ်အားခကို မယူဘဲ လုပ်အားဒါန ပြုပါရစေ'

ဟု ပန်းရန်ဆရာ ကိုဖြူသီးက ပြောပြလိုက်သောအခါ ကျောင်းဆရာလေး ကိုထွန်းထွန်းသည် ပို၍ သဒ္ဒါစိတ် ထက်သန်လာပြီးလျှင် ကျောင်းဆရာလေးက ရွာလူကြီး၏ဇနီးထံ ငွေကျပ်နှစ်သောင်းကို (လ)နှစ်ဆယ် ဆပ်နှင့် ချေးယူ၍ ကိုဖြူသီးအား လိုအပ်သော ပစ္စည်းများ ဝယ်ယူရန် ထုတ်ပေးလိုက်ပါသည်။

ကျောင်းဆရာလေး ကိုထွန်းထွန်း၏ သဒ္ဒါတရား ထက်သန်မှုကို ရွာလူကြီး ဦးထွန်းအောင် ဇနီးဒေါ်သာစိန်နုတို့နှင့် ရပ်သူရွာသား အားလုံး ချီးကျူးခဲ့ကြရပါသည်။

တံတားကလေးသည် ရက်(၂၀)ခန့် အကြာတွင် အရှည်သုံးပေခွဲ လမ်းအကျယ် ငါးပေရှိ တံတားကလေးသည် အောင်မြင်စွာ ပြီးစီးနိုင်ခဲ့ပါသည်။

ရပ်သူရွာသားများသည် ဆရာလေး ကိုထွန်းထွန်းကို ချီးကျူးဂုဏ်ပြုသောအားဖြင့် တံတားလေး၏ အမည်ကို **"ဆရာထွန်းတံတား"**ဟူ၍ ယခုတိုင် အမည်တွင်လျက်ရှိပါသည်။

ကျောင်းဆရာလေး ကိုထွန်းထွန်းအား ထက်သန်စွာ သဒ္ဒါတရားဖြစ်စေခဲ့သော နိဗ္ဗာန်ဩဇာ လင်္ကာကျမ်းမှ တံတားလှူရကျိုး လင်္ကာအား စာဖတ်ပရိသတ်များ ကြည်ညိုသဒ္ဒါ ပွားနိုင်ကြစေရန် ဖော်ပြအပ်ပါသည်။

လင်္ကာ

'သာဝတ္ထိပြည်၊ ပြန့်ပြောစည်သား။ ထိုပြည်ပျော်ပါ။ သူကြွယ်သားလျှင်၊ ဘုရားကျိန်း
အောင်း။ ရွှေကျောင်းဇေတဝန်၊ ကောင်းမွန်
ဗိမာန်၊ ဘုရားထံသို့၊ တရားနာ၍
သဒ္ဓါရှင်လန်း။ ရှင်ရဟန်းပြု၊ ကောင်းမှုပဲ့တင်
မကြာခင်လျှင်၊ ကျော်ထင်များမြောက်
တစ်ထောင့်ငါးရာ၊ ကိလေသာဟု၊ တဏှာ
ညွန့်အိုင် ကူးသန်းနိုင်၍...
ရောက်တိုင်မဂ်ဖိုလ်၊ ငါ့ကိုယ်ကား၊ ရှေးဖြစ်
လားကို သိပြားလိုချင်၊ ရှုသပ်ခြင်ကား၊ မြေပြင်
ဥာဏ်တော်၊ မြင်လေသော်လျှင်၊ မြေ[illegible]
ဤမြေများတွေသတ္တ၊ ကမ္ဘာမှလူ[illegible]ရကျင်



www.burmeseclassic.com

www.burmeseclassic.com

သော်၊ တွင်ခိုတစ်သိန်း၊ တွက်ကိန်းများလှ မရနိုင်တော့၊ ဖြိုင်သူမရှိ၊ မြတ်မုနိဟု...

နှစ်သိမ့်ကြည်သာ၊ သုံးရွာဥဒေါ်ချင် ထွန့်ဘုန်းခေါင်လျှင်၊ ပြုံးပြောင်ရောင်တော်၊ နီသော်မောင်းဝါ၊ ညိုဖြူပြာသည်၊ ရွှေဝါအဆင်း၊ တဝင်းဝင်းမျှ အချင်းမကုန်၊ စုံသည် ကျောက်ဖျာ၊ ဖျာဒိတ်ဟာနှင့် များစွာမီးရေ၊ တန်ခိုးဝယ်မျှ မုတ္တာရဟာ၊ ရသည့်မည်တော်၊ သုံးလူ့ဘော်လျှင် ပွင့်ကျင်သောခါ၊ သာသနာ၌၊ အံ့ခါကြိုက်၍၊ ကျွတ်ထိုက်သင့်လှ ပြည်မယုံသာ...

နတ်ဖြောက်ရွာတွင်၊ ငါဖြစ်ကျင်ဟု၊ သို့ပင်မကြာ၊ သွားလေပါက၊ လမ်းသာဖိုဖိုဖို ညွှန်အိုင်ခရီး၊ ကန့်လန့်ဆီး၍၊ တစ်သီးခဲ့ခက်၊ ညွှန်အိုင်ဖွက်ကို...

ဖွေမြှက်ကိုစား နွားဦးခေါင်း လမ်းမကြောင်းဝယ် လူများသွားရေ၊ ခင်းခဲ့ပါသား၊ အကျိုးအားဖြင့်၊ ထက်ဖျားမြင့်စွာ၊ နတ်တို့ရွာ၌၊ ဘုံသာတစ်ဆူ၊ ဖြစ်လေမူ၍ ဗိုလ်လူထောင်သောင်း၊ ဖောရွှယ်ပေါင်းနှင့်၊ နတ်စောင်းလင်းကွင်း၊ ဒုံမင်းသာမော၊ သောသောညီညာ၊ ကျူးရင့်ကာလျှင်၊ နတ်မှာသမီး၊ မကြီးရွယ်ကောင်း၊ ဖော်ရွယ်ပေါင်းနှင့် မညောင်းနာဖွယ်၊ အလှယ်လှယ်လျှင်...

စံပယ်လူးလာ ဖြူးထူးကာနှင့်၊ သံသာ ဖြည်းညင်း၊ တီးခြင်းစီစွာ နတ်တာသာဖြင့်၊ နတ်မှာ နတ်လျှောက်...

စံပြီးနောက်မှ၊ စုတေကာလည်း၊ ထိုမှ တစ်သွယ်၊ လူတို့ပြည်၌၊ ပျော်ဖွယ်ဝံ့ရိုး အဝီးမိုးကား တံပိုးခရာ၊ ငုံသာယတ်မ၊ ယတိုင်းစသည်၊ ထိုမျှများစွာ၊ တူရိယာကို၊ လက်ာခိုဖွယ် များလှပေအံ့...

သိန်းနေကျွမ်း၊ စံသောခါလည်း ပါယ်ရှာလေးပါး ကင်းလွတ်ငြား၍ ဘုရားမြတ်လှ၊ ဂေါတမ၏ ပွင့်ထသောခါ၊ ပြည်သာဝတ္ထိ၊ နံ့သိထင်ရှား သူဌေးသားလျှင် ဖြစ်တုံကျင်၏၊ ရှင်ချစ်ထံတော်၊ ကပ်လေသော်မှ သံဝေရ၍...



ကြောက်လှပြင်းစွန်၊ အုသည်းပြန်မျှ လှုပ်မြန်စင်စင်၊ ရဟန်းဖြစ်က၊ သုံးလူ့ဘာ၏ ပေးထကမ္မဋ္ဌာန်း၊ စီးဖြန်းတုံ့တုံ့၊ အနုလုံနှင့် ဇေ့စုံများစွာ၊ ငုံမှာသရုပ်မှာယ်၊ ရှုတ်ကိုးကွယ်မှ၊ ငါးတွေ့တစ်ထောင်၊ များမြောင်လှစွာ၊ ကိလေသာ၏ တဏှာမြစ်မ၊ ဝဲကြီးယကို၊ ကူးတတ်ခတ်ချေ ဖြစ်ပါချေဟု...

ပြုပေသောခါ၊ များစွာဘဝ၊ ဖြစ်သမှုကို၊ သိရသောအား၊ ငါကားရဟန္တာ၊ ဝမ်းမှာ ပီတိ၊ စိတ်တော်ရှိက၊ နောက်ကျသူသူ၊ ငါ့နည်းတူလျှင်၊ လူကျော်အများ၊ တံတားကိုသာ... ပြင်ကောင်းစွာဟု မိန့်မှာတရား ထင်စွာထားသည်၊ မှတ်သားလူချင်း ကြည်လင်ရစ်စေသောငှာတည်း'

**စကားပြေ။ ။ တံတားဟူသော အလှူကို လှူခဲ့ဖူးသောကြောင့် အဘယ်သူသည် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရဖူးသနည်းဟု မေးသည်ရှိသော်...**

ငါတို့ကမ္ဘာမှ ပြန်၍ ရေတွက်သော် ကမ္ဘာတစ်သိန်း အထက်၌ ပဒုမုတ္တရ ဘုရားပွင့်တော်မူသောအခါ ဟံသာဝတီပြည်ဝယ် သူဆင်းရဲတစ်ယောက်သည် ကစားအံ့သောငှာ မြို့တွင်းမှ ထွက်၍ လမ်းခရီး၌ နှစ်တောင်သုံးတောင်မျှလောက်သော ညွှန်ခရီး နဒီညွှန်အိုင် စက်ဆုပ်ဖွယ်ကို မြင်၍ သဒ္ဓါကြည်ညိုစိတ်ရှိသည် ဖြစ်၍ နင်းသွားကုန်သော ရဟန်းရှင်လူတို့အား ကြည်ညိုခြင်းနှင့်တကွ နွား၏ ဦးခေါင်းရိုးကို တံတားခင်းဖူး၏။

ထိုကောင်းမှုကြောင့် သူဆင်းရဲသည် ထိုဘဝမှ သေလွန်သည်ရှိသော် မြင့်မြတ်သော လူ့ပြည်နတ်ပြည်တို့၌ ခေါက်ခါများစွာ ခံစားမှ ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးပါးသို့ မသွားဘဲ...

ငါတို့ မြတ်စွာဘုရားလက်ထက်တော်ဝယ် သာဝတ္ထိပြည်၌ ကြွယ်ဝသော သူဌေးအမျိုး၌သာဖြစ်၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီး တရားတော်ကို နာကြားလေသော်...

ထိတ်လန့်သော သံဝေဂတရားကို ရသဖြင့် ရဟန္တာဖြစ်လေလျှင် မကြာမီပင် ဘုရားရှင်ပေးတော်မူသော ကမ္မဋ္ဌာန်းကို အနုလုံပဋိလုံ ဆင်ခြင်သဖြင့် ကိလေသာတည်းဟူသော တဏှာညွှန်အိုင်မှ ကူးသန်းနိုင်သော မဂ်တရားဖိုလ်တရားတို့ကို ရ၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

အတီတံသဉာဏ်ဖြင့် ငါသည် အဘယ်ကောင်းမှုကြောင်း ရဟန္တာအဖြစ်သို့ ရောက်လေသနည်းဟု ကြည့်လတ်သော် "**နွားဦးခေါင်းရိုးကို တံတားခင်းဖူးခဲ့သောကြောင်း**" ကို မြင်၍ ဝမ်းမြောက်ဝမ်းသာ နောင်လာသူတော်ကောင်း အပေါင်းတို့သည်လည်း ငါ့နည်းတူ "**တံတားဟူသော အလှူကို**" လှူစိမ့်သောငှာ (**ပဒုမုတ္တရသာ ဘဂဝတော ဟံသာဝတီ နဂရေ**) ဤသို့ အစရှိသော ဂါထာပါဌ်တို့ကို ထောက်၍ မိန့်တော်မူခဲ့ပါသည်။

နောင်လာ သူတော်ကောင်း အပေါင်းတို့သည် တံတားဟူသော



www.burmeseclassic.com

www.burmeseclassic.com

အလှူကို လှူအပ်လှုကြောင်း ထေရာဒ ပါဒါန် ကျမ်းနှင့်အညီ ဖော်ပြပေသည်။

ကျောင်းဆရာလေး ကိုထွန်းထွန်း သည် မမျှော်လင့်ဘဲ တံတားအလှူ တစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင် ခဲ့ပြီဖြစ်၍ ကိုယ်စိတ်နှစ်ပါး ပေါ့ပါး လွတ်လပ်စွာဖြင့် ကျောင်းဖွင့်ရက် နီးပြီ ဖြစ်ပါသဖြင့် တာဝန်ကျရာ ကြိန်တန်း ကျေးရွာ (အ.မ.က)ကျောင်း ပတ်ဝန်း ကျင် သန့်ရှင်းရေးကို ဆောင်ရွက် လုပ်ကိုင်လျက် ရှိပါသည်။

တစ်ညတွင် ထူးခြားသော အိပ်မက် တစ်ခုကို မက်ပါသည်။ ည(၂)နာရီခွဲ ခန့်အချိန်တွင် ဆရာလေး ကိုထွန်း ထွန်းအား...

"ဟေ့ လူလေး ထ...ထ"ဟု ဆိုပြီး နှိုးရာ ကျောင်းဆရာလေး ထထိုင် လိုက်သည်။

'လူလေး ...အဘွားကို မှတ်မိလား ကြည့်ပါဦး။ လူလေး ဘုန်းကြီးကျောင်းက အမြန် ရေမြောင်းလေး အကူမှာ အကူအညီ တောင်းခဲ့တဲ့ အဘွားလေ'

ဟု ပြောရာ ကျောင်းဆရာလေး ကိုထွန်းထွန်း သတိရ မှတ်မိသွားပြီး...

'ဟုတ်ကဲ့အဘွား... ကျွန်တော် မှတ်မိပြီ'

'လူလေးရဲ့ ကျေးဇူးကြောင့် ယခုအခါ အဘွားလေ နေ့တိုင်း (ရတနာပြည့်ဝ ဆုတောင်းပြည့်စေတီတော်)ကို ဖူးမြော်ခွင့် ရခဲ့ပြီ လူလေး။ အဘွား လူလေးကို ကျေးဇူးဆပ်ချင်လို့ လာခဲ့တာပါ။

အဘွားက ဒီရွာက (ရွာတော်ရှင်မ)ပါ။ရော့... အဘွားပေးတာကို လက်ခံပါ။ လက်ဖဝါးဖြန့် လူလေး'

ဟု ပြောပြီး ကျောင်းဆရာလေး၏ လက်ဖဝါးပေါ်တွင်...

'ယံ ဒု ဝ ဒါ သ လိုတရစေ'

ဟု ပြောဆို၍ ကိစ္စဟူသမျှကို ရွတ်ဆိုလေ၊ အောင်မြင်ပါလိမ့်မည်ဟု ရွတ်ဆို၍ ပေးပါသည်။

'ဟိုတုန်းက အဘွား ဘုရားဖူးချင်တယ်၊ ဒါပေမယ့် နယ်ပိုင်ရှင်နတ်မင်းက လူလေး ယခုတံတားအဖြစ် လှူထားတဲ့ ရေမြောင်း နေရာက စည်းတားထားတဲ့နေရာ ဖြစ်တယ်။

လူလေးနဲ့ တွေ့တဲ့နေ့က နယ်ပိုင်ရှင် နတ်မင်း အပြင်သွားချိန် ရေမြောင်းစည်းကို ကျော်ပြီး အဘွား ဘုရားဖူးသွားတာဖြစ်တယ်။

ယခုအခါ လူလေးရဲ့ တံတားအလှူကြောင့် နယ်ပိုင်ရှင်(စည်း)ပျက်သွားပါပြီ။ ယခုအခါ သတ္တဝါအားလုံး အချိန်အခါမရွေး သွားလာ နိုင်ကြပြီဖြစ်တယ်။

ဒါကြောင့် လူလေးထံ ကျေးဇူးလာဆပ်တာ ပါ။ လူလေးရဲ့ တံတားအလှူကိုလဲ အဘွား သာဓု ခေါ်ပါတယ်။ ကဲ...လူလေး အဘွား ပြန်မယ်'

ဟု ပြောပြီး ဆရာလေးကိုထွန်းထွန်း ဖျတ်ခနဲ ဆိုသတိရတယ်။ ဟာ... ငါ အိပ်မက်နေတာပဲ၊ စိတ်ထဲမှာ **"ယံ ဒု ဝ ဒါ သ လိုတရစေ"**ဟူ၍ စာလုံး ကို သတိရနေပါသည်။

'ငါ ဟိုတစ်ခါ လမ်းမှာတွေ့ခဲ့တဲ့ အဘွားအိုဟာ ရွာတော်ရှင်မပဲ။သုံးပေ ခွဲတံတား အလှူလေးအား လှူဒါန်းခဲ့ ရတဲ့ ကောင်းမှုအစုစုကြောင့် သတ္တဝါ အားလုံး ကိုယ်စိတ်နှစ်ပါး အေးချမ်းကြ ပြီး လိုရာဆန္ဒ ပြည့်ဝကြပါစေဟု ကျောင်းဆရာလေး ကိုထွန်းထွန်း မေတ္တာပို့ အမျှဝေလိုက်ပါသည်။

**သတ္တဝါအားလုံး ဆရာထွန်းထွန်း ကဲ့သို့ စိတ်ထားမြင့်၍ ဘဝသံသရာ မှ လွတ်မြောက်နိုင်ကြပါစေရန် ကြိုးစား လှူဒါန်းနိုင်ကြစေဟု ဆန္ဒ ပြုပါသည်။**

ဗိုလ်မင်း(မင်းလှ)


## နတ္ထတ္ထရောင်ခြည်မဂ္ဂဇင်း ဖတ်ရှုလိုသူများသို့...

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နတ္ထတ္ထရောင်ခြည်မဂ္ဂဇင်းကို
လစဉ်ဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေပေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လစဉ်ဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နတ္ထတ္ထရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-ရွှေမြည်း၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၀၄၅။




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းလေသူ အဘကြူ

ဖျိုးတင့်
(ညောင်လေးပင်)



**"ကျွန်တော်သိသော ဂန္ဓာရီပုဂ္ဂိုလ်ထူး ပစ်တိုင်းထောင်သူ အဘကြူ"** ဟူသော ခေါင်းစဉ်ဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၃၅၃)၊ စာမျက်နှာ (၁၉၃) နက္ခတ္တရောင် ခြည်မဂ္ဂဇင်းတွင် **ခင်မောင်မြင့်(ကသာ)**၏ ဆောင်းပါးကို ဖတ်ရပါသည်။

ထိုဆောင်းပါးတွင် အဘကြူနှင့် ပတ်သက်သော အခြားဆောင်းပါးများကိုလည်း ရည်ညွှန်းဖော်ပြခဲ့ပါသေးသည်။

တစ်ဖန် အယ်ဒီတာချုပ် ဦးကျော်မိုးသိန်း (နက္ခတ္တရောင်ခြည်မဂ္ဂဇင်း)က အဘကြူအကြောင်း သိမီလိုက်သူများက ဆက်လက်ဖော်ထုတ် ရေးသားတင်ပြပေးပါရန် မေတ္တာရပ်ခံထားသော မှတ်ချက်စာတန်းကိုပါ ဖတ်ရှုရသည်။

ထိုအခါ စာရေးသူနှင့် တဒင်္ဂကာလ ကြုံတွေ့ခဲ့ရသော အဘကြူအကြောင်း ရေးသားတင်ပြပေးပါရန် အကြောင်း တိုက်ဆိုင်လာခဲ့ပါသဖြင့် **"ထူးဆန်းလေသူ အဘကြူ"** ဟူသော ခေါင်းစီးဖြင့် တင်ပြရေးသားလိုက်ပါသည်။

အဘကြူကို စာရေးသူ မသိပါ။ ကြားလည်း မကြားဘူးပါ။ ပို၍ ဆိုးသည်မှာ ဝိဇ္ဇာမဟိဒ္ဓိပုဂ္ဂိုလ်ဆိုသူများကို ကောင်းစွာ မယုံကြည်သောအချိန် ဖြစ်ပါသည်။

အချိန်ကာလအားဖြင့် ၁၉၈၅ ခုနှစ်ဆီက ဖြစ်သည်၊ စာရေးသူတို့ နေထိုင်ရာ ညောင်လေးပင်မြို့နယ်၊ ပုစွန်မြောင်းရွာကြီးသို့ အဘကြူသည် ဦးအောင်သောင်းဆိုသော စာရေးသူ၏ ဖခင်ကြီးနှင့် ရင်းနှီးသည့် ကုန်သည်ကြီး အိမ်သို့ ကြွလာစဉ်က ဖြစ်ပါသည်။

ဦးအောင်သောင်းအိမ်သည် ပုစွန်မြောင်းရွာ ဈေးပိုင်းရပ်တွင် တည်ရှိပြီး စာရေးသူ၏ ယောက္ခမအိမ်နှင့် မျက်နှာချင်းဆိုင်တွင် ရှိပါသည်။

ညနေပိုင်း မှောင်ရီပိုးဝါးအချိန်တွင် ဆိုက်ကားကိုစီးလျက် အသွင်ထူးခြားသော ရသေ့ကြီးတစ်ပါးကို မြင်ကွင်းတွင် တွေ့ရသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ဦးအောင်





www.burmeseclassic.com

www.burmeseclassic.com

သောင်းအိမ်ရှေ့တွင် ဆိုက်ကားကို ရပ်ပြီး အိမ်တွင်းသို့ ဝင်ရောက်သွားရာ အိမ်သူအိမ်သားများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြပါသည်။

အတန်ကြာသော် ဦးအောင်သောင်း၏ မိတ်ဆွေများ အိမ်ထဲသို့ အလျှိုအလျှို ရောက်လာကြရာ အိမ်ဧည့်ခန်းတွင် လူအယောက်(၂၀)ခန့် ရှိနေပါသည်။

ထိုဧည့်သည်များတွင် စာရေးသူ၏ ဖခင်ကြီးလည်း ပါဝင်ပါသည်။ ဖခင်ကြီးက စာရေးသူအား ယောက္ခမအိမ်တွင် ရှိနေမှန်းသိ၍...

'ပုဂ္ဂိုလ်ထူးတစ်ပါး ကြွလာတယ်။ လာရောက်ဖူးမြော်ပါ'

ဟု ပြောသည်။ စာရေးသူမှာ မိမိဝါသနာပါခြင်း မရှိသော်လည်း ဖခင်ကြီး၏ ဖိတ်ခေါ်မှုကို မငြင်းဆန်သာသောကြောင့် ထိုအိမ်သို့ သွားခဲ့ပါသည်။

ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်ထူးဆိုသူကို လေ့လာစူးစမ်းရန်ပင် ဖြစ်လေသည်။

အိမ်ရှေ့ဘုရားဆောင်တွင် ရသေ့ဝတ်နှင့် ပုဂ္ဂိုလ်ထူးဆိုသူကို တွေ့ရသည်။ အရပ်အမောင်း ကောင်းပြီး ဥပမိရုပ်မှာ သန့်ပြန့်ပါသည်။ အသားအရောင်မှာ ဖြူရှဝင်းနေသည်၊ အသက်(၅၀)ကျော်ခန့်ဟု ခန့်မှန်းရသည်။

စာရေးသူသည် ထိုပုဂ္ဂိုလ်ကို မကန်တော့ဘဲ အိမ်၏ အနောက်ဘက်နံရံကိုကပ်လျက် လူအများ၏နောက်တွင် နေရာယူလိုက်ပါသည်။

ထိုစဉ်တွင် ပုဂ္ဂိုလ်ထူးဦးရသေ့သည် ကျွန်ုပ်အား စကား စတင်ပြောဆိုခဲ့သည်။

'ဟော့...ကျောင်းဆရာ ငါ့ကို ယုံချင်နေပါကွာ၊ မင်း လေ့လာချင်တာကိုလဲ လေ့လာပါ။ ဒါပေမယ့် အိမ်တစ်အိမ်ကိုရောက်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်ရတယ်ကွယ့်၊ အဲဒီမှ မင်း ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်ပေမယ်'

ဟု ပြောရာ စာရေးသူမှာ လွန်စွာ အံ့သြသွားမိသည်။

ဘုရသေ့ကြီး၏ အမိန့်အတိုင်း ဘုရားကို ကန်တော့ပြီးလျှင် ပုဂ္ဂိုလ်ထူးရသေ့ကြီးကိုပါ ဦးချမိပြီးသား ဖြစ်သွားလေသည်။ ရသေ့ကြီးက ဆက်ပြောသည်မှာ...

'ကျောင်းဆရာ...မင်း ဟာန မကြီးပါနဲ့ကွယ့် "စိတ်သာချအံ့တည် ဝိဇ္ဇာမ,ယည်"တဲ့ပေါ့၊ မင်းက မကြာခင် လူကြီးဖြစ်မှာဖူး

ရေနား ချောင်းနားက ရွာကလေးတစ်ရွာမှာ မင်းကို လူကြီးအဖြစ် ရွေးချယ်လိမ့်မယ်။ ပြီးရင် မြို့နယ်မှာ လူကြီးဖြစ်လာလိမ့်မယ်'

ဟု ပြောပါလေသည်။

ထိုအချိန်ကား လမ်းစဉ်ပါတီခေတ် ဖြစ်သည်။ စာရေးသူအား သက်ဆိုင်သူတို့က ညောင်လေးပင်မြို့နယ်၊ ညောင်ပင်ပေါက်ဒိုင်နယ်မှ မြို့နယ်ကိုယ်စားလှယ်အဖြစ် အရွေးခံဖို့ စီစဉ်ထားကြပြီး ဖြစ်သည်။

ထိုအကြောင်းအရာများကို ပုဂ္ဂိုလ်ထူးရသေ့ကြီးသည် တိတိကျကျ သိနေပါသည်။ စာရေးသူမှာ ပြေးကြည့်သလို သိနေသူကို အလန့်တကြား အံ့သြရတော့သည်။

ညောင်ပေါက် ရွာကလေးကား စစ်တောင်းမြစ်ကမ်းနဖူး၌ တည်ရှိနေ၍ ရသေ့ကြီး၏ ဟောကွက်မှာ ဒက်ထိကွက်တိ ဖြစ်နေသည်။

ထိုစဉ်က စာရေးသူသည် ညောင်လေးပင်မြို့ အ.ထ.က(၁)တွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်သည်။

စာရေးသူ၏ဇနီးမှာ ပုစွန်မြောင်းရွာ အလယ်တန်းကျောင်း(ယခု အထက်တန်းကျောင်း)တွင် အလယ်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်လေသည်။ ဦးရသေ့က ဆက်ပြောသည်မှာ...

'ကျောင်းဆရာ ရှေ့ကိုတိုးပါ။ ငါ့နားမှာလာထိုင်'

စာရေးသူလည်း မည်သို့မှ မငြင်းဆန်ပါဘဲ ဦးရသေ့၏အနီးသို့ တိုးဝင်သွားခဲ့လေသည်။ အနီးသို့ရောက်သောအခါ...

'မင်းအမျိုးသမီး ဆရာမ မအေးက အိမ်မှာ ခေါင်းကိုက်နေတယ်ကွယ့်၊ ဘာမှ မဟုတ်ပါဘူးကွာ၊ ပိုက်ဆံမရှိလို့ ခေါင်းကိုက်တာပါ။ မကြာခင် ခေါင်းကိုက် ပျောက်သွားပါလိမ့်မယ်။ လူကြီးဖြစ်ရင်တော့ ငါ့ကို မမေ့နဲ့နော်'

ဟု ပြောပြီး သူ၏ ဘာမှ မရှိသော လက်ထဲသို့ အလိုလို ရောက်လာသော လက်စွပ်တစ်ကွင်းကို ပေးခဲ့ပါသည်။

ထိုလက်စွပ်မှာ ငွေနှင့်ကွင်းထားသော "ဓာတ်လုံး"လက်စွပ် ဖြစ်ပါသည်။ စာရေးသူလည်း ဓာတ်လုံးလက်စွပ်ကို လက်သူကြွယ်ဝတ်ဆင်လိုက်ရာ အနေတော် ဖြစ်နေပါသည်။

စာရေးသူနှင့် စကားပြောနေစဉ် ဦးကြည်ဆိုင်းဆိုသော တရုတ်အမျိုးသားတစ်ယောက် အိမ်ထဲသို့ ဝင်လာပါသည်။ ဦးရသေ့က...

'ဟော့...တရုတ် မင်းရဲ့ အိမ်မှာ ငါးကြော်ကြော်ပြီးမှ ငါ့ဆီကို လာတာကိုး၊ ဒါပေမယ့် မင်းက ငါ့အတွက် ငါးကြော်လေးတစ်ပန်းကန်လောက်တောင် ယူလာဖော်မရဘူးကိုး'

ဟု ပြောလိုက်ရာ တရုတ်အမျိုးသား ဦးကြည်ဆိုင်းက...

'ဦးရသေ့ကြီး ငါးကြော်စားချင်မှန်း မသိလို့ပါ။ တပည့်တော် အခု ပြန်ယူပေးပါ့မယ်'

ဟု ပြောလေသည်။





www.burmeseclassic.com

www.burmeseclassic.com

'မစားပါဘူး ပေါက်ဖော်ရယ်၊ မင်းကို စကားမရှိ စကားရှာပြီး နှုတ်ဆက်ရတာပါကွာ'

ဟု ပြောလေသည်။

အိမ်ထဲရှိ ပရိသတ်မှာ ထူးဆန်းစွာ ပြောဆိုပြီး၊ ပြောသမျှ မှန်ကန်တိကျသော ရသေ့ကြီးကို ငေးမောကြည့်ရှုနေကြလေသည်။

ထိုစဉ်တွင် စာရေးသူ၏ဦးလေးတော်သူ ဦးမောင်မောင်စိုးသည် ကုပ်ချောင်းကုပ်ချောင်းနှင့် ဝင်လာပြီး ပရိသတ်နောက်တွင် ခပ်လျှိုလျှို ဝင်ထိုင်လိုက်လေသည်။

'ဟေ့ကောင်...ဖူး ဖင်း ကျုပ်ကျုပ်အရက်သောက်၊ ဒုက္ခရောက်လိမ့်မယ်ကွ သတိကောင်းကောင်းထား'

ဟု ပြောလိုက်လေသည်။ ဦးမောင်မောင်စိုးမှာ အရက်သမားတစ်ဦးဖြစ်ပြီး ရသေ့ကြီး၏ စကားကြောင့် မျက်စိမျက်နှာ ပျက်သွားရှာသည်။

'နောက် မသောက်တော့ပါဘူး ရသေ့ကြီးရယ်'

ဟု ကတုန်ကယင်နှင့် ပြန်ပြောလေသည်။

ပုဂ္ဂိုလ်ထူးရသေ့ကြီးသည် ဧည့်သည်များကို သင့်လျော်သလို ဆုံးမစကားများ ပြောဆိုပြီး ပုတီးကုံးများ၊ ဓာတ်လုံး လက်စွပ်များကို လေထဲမှ လက်နှင့် ဖမ်းယူကာ ဝေငှပေးနေသည်ကို ဝိဇ္ဇာ မဟိဒ္ဓိများအား မယုံကြည်တတ်သော စာရေးသူအတွက် များစွာထူးဆန်းခြင်း ဖြစ်ခဲ့ရပါတော့သည်။

* * *

စာရေးသူတို့ရွာတွင် နောက်ဆုံးပေါ်သတင်းအဖြစ် ပုဂ္ဂိုလ်ထူးရသေ့ကြီး၏ သတင်းသည် လွှင့်ပျံ့သွားလေသည်။ ဖခင်ကြီးထံမှ သိရသည်မှာ ပုဂ္ဂိုလ်ထူးရသေ့ကြီး၏ အမည်မှာ "အဘကြို"



ဟု ခေါ်ကြောင်းနှင့် အချို့ကလည်း "ဘိုးတော်ကြို"ဟု ခေါ်ကြကြောင်း ဖြစ်သည်။

ဦးအောင်သောင်း၏ ဖိတ်ကြားချက်အရ ရောက်လာကြောင်း ပြောသည်။ ညောင်လေးပင်မှ ပုစွန်မြောင်းရွာသို့ ဆိုက်ကားစီးလာရာတွင် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ကိုလည်း ဖခင်ကြီးက ပြောပြသေးသည်။

အဘကြိုသည် ဆိုက်ကားတစ်စီးနှင့် ညောင်လေးပင်မှ ထွက်လာရာ မုက္ခမူရွာကိုကျော်၍ ကျုံဘိုကုန်းရွာသို့ မရောက်မီ ခရီးတွင် ဆိုက်ကားသမားကို ဤသို့ မေးမြန်းခဲ့သည်။

'ကောင်လေး မင်း မောနေပြီလား၊ ထမင်းစားချိန်ဆိုတော့ ထမင်းဆာမှာပေါ့'

'ဆာတာပေါ့ ရသေ့ကြီးရယ်'

'မင်း ဘာစားချင်တာလဲပြော၊ ငါကျွေးမယ်'

ဆိုက်ကားသမားလည်း ရသေ့ကြီး စကားကြောင့် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် **"ဝက်သားနဲ့ ခေါက်ဆွဲမွှေကြော်လေး အကြွေဆိုင်မှာ စားသလို အချဉ်သုပ်ကလေးနဲ့ သမလိုက်ရင်တော့ ကောင်းတာပေါ့ဗျာ"**ဟု နောက်တောက်တောက် ပြောလိုက်လေ၏။

'အေး...(၁၅)မိနစ်စောင့် စားရမယ်'

ဟု ပြောရာ ဆိုက်ကားသမားလေးက တဟားဟား ရယ်မောနေပြီး...

'မနောက်ပါနဲ့ ဘိုးတော်ရယ်၊ ကျုပ်က တကယ်ဆာနေတာဗျ'

ဟု ပြန်ပြောခဲ့သည်။ ဆိုက်ကားနင်းရင်း ကျုံဘိုကုန်းရွာကို ကျော်လေသော် လေထဲမှ ဖက်ရွက်စိမ်း(အင်ဖက်)နှင့် ထုပ်ထားသော(အချဉ်သုပ်ပါသည်)မှာ ဘိုးတော်ကြိုရှေ့သို့ ရောက်လာခဲ့သည်ကို အံ့သြစွာ တွေ့ရသည်။

ဘိုးတော်ကြို (သို့မဟုတ်) အဘကြိုသည် လေထဲမှပင် အသာအယာ ယူလိုက်ရင်း...

'ကဲ...ငါ့ကောင် စားပေတော့'

ဟု ကျွေးလေရာ ခရီးတစ်ဝက်တွင်ပင် တရုတ်ကြီး အကြွေ၏လက်ရာ ခေါက်ဆွဲကြော်ကို စားခဲ့ရသည်ဟု ဆိုလေသည်။

အခြားသော ဘိုးတော်ကြို (ခေါ်) ပုဂ္ဂိုလ်ထူး အဘကြိုအကြောင်းများမှာ တဒင်္ဂကာလ အချိန်တိုကလေးတွင် များစွာကြားသိခဲ့ရပါသေးသည်။

နောက်တစ်နေ့ နံနက်တွင်ကား ဦးအောင်သောင်း၏ အိမ်ရှေ့တွင် ကားကြီး၊ ကားငယ် အသွယ်သွယ်နှင့် ညောင်လေးပင်မြို့မှ ပါတီကောင်စီက ပုဂ္ဂိုလ်များ၊ အရာရှိအရာခံများ ရောက်လာခဲ့ကြပါသည်။

အဘကြို ဘာတွေ ဆက်လုပ်ဦးမည်နည်း၊ ဆက်လက်တင်ပြပါမည်။

**မေတ္တာရှေ့ထားလျက်...**

**မျိုးတင့်(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

# သစ်ချိုပင် သင်္ချိုင်းကုန်းမှ

သရဲကြီး

သန်းဆွေ (ရွှေဘို)



ရွှေဘိုမြို့တွင် သင်္ချိုင်းသုံးခု ရှိပါသည်။ တစ်ခုမှာ မြို့၏တောင်ဘက် မူးလက်တံ၏ တောင်ဘက်ရှိ **ကောင်းကင်ထိပ် သင်္ချိုင်းခေါ် တောင်တံခါးသင်္ချိုင်း** ဖြစ်ပါသည်။ မြို့အလယ်ခေါင်မှလူများနှင့် တောင်ဘက်ဖျားမှလူများ မြှုပ်နှံရာ သင်္ချိုင်းဖြစ်သည်။

နောက်တစ်ခုမှာ ကုန်းဘောင်ဦးထိပ်ခေါ် မြို့၏အရှေ့ဘက်မှ လူများမြှုပ်နှံရာ သင်္ချိုင်းဖြစ်သည်။ နောက် ကျန်တစ်ခုမှာ ဤဇာတ်လမ်းဖြစ်ပေါ်လာသော မြို့၏ မြောက်ဘက်ကျုံးနားကပ်လျက်တစ်ခေါ်သာသာလောက်ဝေးသော သစ်ချိုပင် ခပ်ကြီးကြီးရှိရာ သင်္ချိုင်းကုန်းပင်ဖြစ်သည်။

ထိုအချိန်က ရွှေဘိုမြို့တွင် ဘုရင်ကိုကျောင်းဝင်းရပ်နေ ဦးကျော်စိန်သည် အထွေထွေအုပ်ချုပ်ရေးရုံးတွင်အောက်တန်းစာရေးအဖြစ် လုပ်ကိုင်နေပါသည်။

သူသည် စာရေးသူ၏ ယောက္ခမအထီးကြီးဖြစ်ပါသည်။ ယခု မရှိရှာတော့ပါ။

ထိုအချိန်က ရွှေဘိုမြို့၏ မြောက်ဘက် (၃)မိုင်အကွာ ရွှေဘိုမြစ်ကြီးနားရထားလမ်း အနောက်ဘက်တွင် ထနောင်းဝန်းဆိုသောရွာ ရှိပါသည်။

ကိုမြထူးနှင့်ဦးကျော်စိန် သမီးယောက်ဖတော်သည်။ ကိုမြထူးဆိုသောသူသည် ထိုရွာတွင်နေ၍ နေ့စဉ် ရွှေဘိုမြို့သို့ လက်သမားဆရာအဖြစ် လာရောက်လုပ်ကိုင်နေသူဖြစ်သည်။

သူနှင့် ဦးကျော်စိန်တို့သည် ဦးကျော်စိန်အိမ်တွင် အလုပ်သိမ်းပြီး (၅)နာရီခန့်တွင် ထွေရာလေးပါးရောက်တတ်ရာရာများ ပြောကြရင်း ကိုမြထူးက နေဝင်ရီတရော မမှောင့်တမှောင်အချိန်တွင် ထနောင်းဝန်းရွာသို့ ပြန်ပါသည်။

ထိုသို့ပြန်ရာတွင် ကျုံးနားမှဖြတ်၍ သစ်ချိုပင်သင်္ချိုင်းကိုဖြတ်၍ ရထားသံလမ်းဘေးမှ ခြေကျင်လျှောက်၍ ရွာသို့ ပြန်ရသည်။

ထိုအချိန်က စက်ဘီးမှာ လူတိုင်းမစီးနိုင်ကြသေးပါ။ ဤသို့ ရွှေဘိုမှ သစ်ချိုပင်သင်္ချိုင်းအရောက် သစ်ချိုပင်ကြီးမှ လေမတိုက်ပါဘဲ လှုပ်ရှားလာပြီး ခဏအကြာတွင် ကိုမြထူးမှာ လက်ကိုဆွဲကိုင်၍ နပန်းလုံးခြင်း ခံရပါသည်။

ကိုမြထူးကလည်း ကြောက်တတ်သူ မဟုတ်လေတော့ အကောင်အထည် မမြင်ရသော်လည်း ခံသတ်



www.burmeseclassic.com

www.burmeseclassic.com

နပန်းလုံးပါတော့သည်။

အတော်ကြာ မောလောက်သော အချိန်မှ ဖုတ်ဖတ်ခါထပြီး ရွာသို့ ပြန်တော့သည်။ ဤသို့ဖြင့် ဆယ့်ငါးရက်ခန့် နပန်းလုံးပြီးသောအခါ သရဲကြီးနှင့် ကိုမြဲထူးတို့သည် မိတ်ဆွေသူငယ်ချင်း ဖြစ်သွားကြပါတော့သည်။

သူငယ်ချင်း ဖြစ်သွားကြသောအခါ ကိုမြထူး ဘာလုပ်သည်ထင်ပါသနည်း။ သရဲကြီးကို ရွာထဲသို့သွား၍ ထန်းရည် ဝယ်ခိုင်းပါသည်။

ပရလောကသားတို့သည် ကမ္ဘာဖိဗ္ဗိ အတန်အသင့်ရှိသူများဖြစ်၍ ရွာထဲသို့သွား တကယ်ပဲ ဝယ်လာခဲ့သလား၊ ရွာနားမှ ထန်းပင်များပေါ် မှခံထားသော ထန်းရည်မြူအိုးများ တက်၍ ဆွဲဖြုတ်ယူလာသလား စာရေးသူဉာဏ်မမီပါ။

ဤသို့ဖြင့် သရဲကြီးက ထန်းရည်ဝယ်ပြန်လာ၊ ကိုမြထူးက သစ်ချိုပင်သချိုင်းမှ စောင့်ဆိုင်းနေပါတော့သည်။ သရဲကြီးပြန်လာသောအခါ ထန်းရည်အိုးနှင့်ကြိုးကိုပဲမြင်ရပါသည်။အကောင်အထည် မမြင်ရပါ။ စကားပြောသောအခါ လူလိုပဲ ပြောပါသည်။ ကိုယ်လုံးမျက်နှာ မမြင်ရပါ။

ကိုမြထူးက "**ပြစမ်းပါ**"ဟု ပြောသောအခါ မပြပါ။ အတန်တန်ပြောသောအခါမှ လက်ကို ပြပါသည်။ အမွှေးများမှာ အနက်မဟုတ်ဘဲ နီကျင့်ကျင့် ကြမ်းကြမ်းရှည်ရှည်များ ဖြစ်သည်။ သရဲသက် တော်တော်ရင့်နေပြီဟု ထင်ရသည်။

နောက် ကိုယ်လုံးကို ပြခိုင်းရာ ကိုယ်လုံးကိုမပြဘဲ သရဲခေါင်း ဦးထုပ်ကိုသာ ပြပါသည်။ ဦးထုပ်မှာ **ကုလားခေါင်းဦးထုပ်လိုဖြစ်ပြီး အပေါ်တွင် ကတော့ချွန်လို ဖြစ်ပါသည်။** ကိုမြထူးမှ ယင်းဦးထုပ်ကိုတောင်းရာ မပေးနိုင်



ဘူးဟု ပြောသည်။

ယင်းမှာ တန်ခိုးရှိကြောင်း လိုအပ်သလို သွားလာနေ၍ရကြောင်း "**ဘယ်မှာနေသလဲမေးရာ**" မဖြေပါ။ သူတို့က ကျွတ်လွတ်တော့မည် မဟုတ်ကြောင်း၊ ဘယ်နှစ်ယောက်ရှိသလဲမေးရာ ယင်းအပါအဝင် မြို့စောင့်စစ်သည် (၄)ယောက်ဖြစ်ကြောင်း၊ ယင်းတို့ရဲ့ အူများနှင့် မြို့ပတ်ထားကြောင်း၊ ကြက်မတစ်ဝပ်စာသာ လွတ်ကြောင်း၊ ရွှေဘိုမြို့ကို သိမ်းပိုက်ရန် ဝင်ရာတွင် ယင်း ကြက်မတစ်ဝပ်စာနေရာက ဝင်ရောက်သိမ်းပိုက်မှသာ ရမည်ဖြစ်ကြောင်း၊ ကျန်နေရာများမှ မည်သို့မျှ ဝင်၍မရကြောင်းများကို ပြောပြလေသည်။

တစ်ဖန် ဆက်၍ပြောရာတွင် "**မင်းက ငါ့ကို ကြမ်းသည် ကြမ်းသည် ပြောနေသည် ငါ့ထက် ကြမ်းသူ တစ်ယောက်ရှိကြောင်း၊**" ယင်းမှာ ကျောက်မြောင်းမြို့မှ သရဲကြီးဖြစ်ကြောင်း၊ ကျောက်မြောင်းမြို့သည် ရွှေဘိုမြို့ အရှေ့ဘက် (၁၄)မိုင်အကွာတွင်ရှိပြီး ယခု ရတနာသိယ်တံတားကြီး ရှိရာကျောက်မြောင်းမြို့ဖြစ်ပြီး အလောင်းမင်းတရားကြီး ရေကြောင်းမှ စစ်သို့တက်တိုက်ခိုက်ရာ ရောဝတီမြစ်

အနောက်ဘက်ကမ်းမှမြို့ ဖြစ်ပါသည်။

ယင်းသရဲကြီး အဖြစ်အပျက်သည် နှစ်ပေါင်း လေးဆယ့်ငါးနှစ်မျှ ကြာခဲ့ပြီဖြစ်သည်။ ယခုအခါ ကောင်းကင်ထိပ်သင်္ချိုင်းလည်း မရှိတော့၊ သစ်ချိုပင်သင်္ချိုင်းတွင်လည်း မချတော့၊ ကောင်းကင်ထိပ် သင်္ချိုင်းနေရာတွင် ခုတင်(၂၅)လုံးဆန့် ပြည်သူ့တိုင်းရင်းဆေးရုံ၊ ဝန်ထမ်းအိမ်ရာများဖြင့် စည်ကားနေပြီဖြစ်သည်။

အင်္ဂလိပ်များလက်ထက်က နာမ်နှိမ်သောသဘောဖြင့် အောင်မြေနေရာကို သင်္ချိုင်းကုန်းလုပ်၊ နန်းတော်နေရာတွင် အကျဉ်းထောင်လုပ်၊ မြို့အရှေ့ဘက် ကုန်းဘောင်ဦးထိပ်တွင် သင်္ချိုင်းလုပ် စသည်ဖြင့် ပြုလုပ်ခဲ့ကြသည်။

နောက် လူများအမျိုးချစ်ရန် ဇာတိသွေး ဇာတိမာန်တက်ရန် မိမိတို့၏ အောင်မြေများနောက် ဤကဲ့သို့ မဖြစ်ကြစေရန် စေတနာရှေ့ထား၍ရေးသားလိုက်ရပါသည်။

ယခုချိန်တွင် ရွှေဘိုမြို့တစ်မြို့တည်းမှ အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ်ရာ သင်္ချိုင်းတစ်ခုသာ ရှိတော့သည်။ ယင်းမှာ ရွှေဘိုမြို့ အနောက်ဘက် (၃)မိုင် အကွာ ကျူးဘေးကပ်ရပ်နေရာတွင် ဘာသာပေါင်းစုံတို့ သင်္ဂြိုဟ်နိုင်ပြီဖြစ်သည်။

ယင်းသင်္ချိုင်းကုန်းမှာ နှစ်ပေါင်း သုံးဆယ်ပင်ရှိနေလေပြီ၊ မြေပဲမြှုပ်မလား၊ ဟိန္ဒူနည်းဖြင့် မီးရှို့မလား၊ မီးသင်္ဂြိုဟ်စက်ကြီးဖြင့် မီးရှို့မလား ကြိုက်သလို လုပ်နိုင်ကြပြီ ဖြစ်ပါသည်။

**စာရှုသူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။**

**သန့်ဆွေ (ရွှေဘို)**

[illegible]

www.burmeseclassic.com



ဘို (အာမရပူရ)

မဲလိပ်နှိုက်ပြီး

# ရေလမ်းခရီးဖြင့် ကျွန်းစဉ်သို့

သွားကြသော

လေ့လာရေးအဖွဲ့၏ ထံကြားမှာ

ဒေသတစ်ခု၏ လိုက်နာရမည့် ဓလေ့ထုံးတမ်းစဉ်လာများသည် ထိုအရပ်ဒေသများတွင် ရှေးကပင် သတ်မှတ်ထားပါသည်။ ဓလေ့ထုံးတမ်းစဉ်လာများကို မလိုက်နာက အန္တရာယ်များနှင့် ကြုံတွေ့ရတတ်ပါသည်။

ဓလေ့ ထုံးတမ်းစဉ်လာများကို နားမလည်ခြင်း၊ သိရှိသော်လည်း မလိုက်နာမိခြင်းတို့ကို ပြုလုပ်မိပါက အန္တရာယ်နှင့် အမှန်တကယ် ကြုံတွေ့နိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ခန့်က အဖြစ်အပျက်တစ်ခုသည် ဦးဆောင် ခရီးသွားသူတို့၏ ဓလေ့ထုံးတမ်းစဉ်လာများကို မသိနားမလည်မှုကြောင့် ကြောက်စရာ အန္တရာယ်ဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

ရှေးလူကြီးများသည် သားသမီးမြေးမြစ်များအား ဓလေ့ထုံးတမ်းစဉ်လာများကို သင်ကြားပေးကြပါသည်။ **"ရေလမ်းခရီးသွားပါက မဲလိပ်နှိုက်၍ မသွားကောင်းပါ"** ဟူသော ဓလေ့ထုံးတမ်းစဉ်လာ တစ်ခုလည်း ပါဝင်ပါသည်။

မန္တလေးဒေသကောလိပ်၊ ဒုတိယနှစ် ရေထွက်လုပ်ငန်း ဘာသာရပ်မှ ကျောင်းသား/ ကျောင်းသူများ၏ ကွင်းဆင်း လေ့လာရေးခရီးစဉ်တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်သည် ဓလေ့ထုံးတမ်းစဉ်လာကို မလိုက်နာခဲ့သဖြင့် အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်ဟု ဆိုရမည်။

ရေထွက်လုပ်ငန်း ဘာသာရပ်သည် လုပ်ငန်းနှင့် သက်ဆိုင်သော ရေချိုရေငန်ငါးများ၊ ရေသတ္တဝါများ အကြောင်းကို လေ့လာသင်ယူရသော ဘာသာရပ်တစ်ခု ဖြစ်ပါသည်။

ဒုတိယနှစ် ရေထွက်လုပ်ငန်း ဘာသာရပ်မှ ကွင်းဆင်းလေ့လာရေး အဖွဲ့သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့သို့ မန္တလေးမြို့မှ ရထားဖြင့် ခရီးထွက်ခဲ့ကြပါသည်။

မော်လမြိုင်မြို့မှ ကျိုက္ခမီသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သော ဆရာ ဆရာမများသည် ကျိုက္ခမီဘုရားနှင့် မနီးမဝေးရှိ တည်းခိုဆောင်များတွင် စခန်းချ နေထိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ ညနေတွင် ကျိုက်ခွမီဘုရားသို့ ဘုရားဖူးသွားကြပါသည်။ ကျိုက်ခွမီ ဘုရားပေါ်သို့ အမျိုးသမီးများ တက်ရောက် မဖူးရသော နေရာရှိပါသည်။

ကျောင်းသားများ ဘုရားပေါ်သို့ တက်ဖူးကြရာ ကျောင်းသူတစ်ယောက်လည်း တက်လိုက်သွားပါသည်။ ကျန်သော ကျောင်းသူများက အမျိုးသမီးများ ဖူးရသော ဘုရားရှေ့နေရာတွင် ထိုင်ဖူးကြပါသည်။

အမျိုးသားများသာ တက်ဖူးရသော နေရာမှ ကျောင်းသားများ ပြန်ဆင်းလာရာတွင် ထိုကျောင်းသူလည်း ပြန်ဆင်းလာပါသည်။ ထိုအခါ ဘုရားလူကြီးများသည် ဆင်းလာသော ကျောင်းသူကို မြင်သွားပါသည်။

ထိုကျောင်းသူကို ဘုရားလူကြီးတစ်ယောက်မှ...

'အန္တရာယ်တော့ တွေ့တော့မယ် ဒုက္ခရောက်ကုန်ကြတော့မှာပဲ'

ဟု ပြောလိုက်ပါသည်။ ထိုအခါ တာဝန်ရှိသော ဆရာ ဆရာမများသည် ဘုရားလူကြီးများအား ကျောင်းသူလေးမှ နားမလည်လို့ပါဟု တောင်းပန်ကြပါသည်။

လေ့လာရေး ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တည်းခိုရာ နေရာသို့ ပြန်လာကြပါသည်။ ညနေစာစားပြီး အုပ်ချုပ်သူဆရာများက လေ့လာရေးအဖွဲ့ဝင်အားလုံးကို စုဝေးလိုက်ပါသည်။

ဆရာတစ်ဦးမှ နောက်တစ်နေ့ နံနက်ပိုင်းတွင် ပင်လယ်ထဲရှိ ကျွန်းနှင့် မီးပြတိုက်သို့ အဖွဲ့(၂)ဖွဲ့ခွဲပြီး လေ့လာရေးသွားမည့်အကြောင်းကို ပြောလိုက်ပါသည်။

ထိုသို့ ခရီးစဉ်ကို ပြောပြပြီး ကျွန်းနှင့်



မီးပြတိုက်သို့ လိုက်မည့်သူများ စာရင်းတောင်းလိုက်ပါသည်။ ပင်လယ်ထဲရှိ ကျွန်းသို့ လိုက်လေ့လာမည့်သူကများနေပြီး မီးပြတိုက်သို့ လိုက်မည့်သူက နည်းနေပါသည်။

ဆရာများက ကျောင်းသားကျောင်းသူ အားလုံးနီးပါး ကျွန်းပေါ်သို့ လိုက်မရကြောင်း ပြောသော်လည်း ပြောမရသဖြင့် အခက်တွေ့နေကြပါသည်။

အချိန် အတော်ကြာသည်အထိ ဆုံးဖြတ်ချက်မရနိုင်သဖြင့် ဆရာတစ်ဦးမှ မဲလိပ်နှိုက်ဆုံးဖြတ်ရန် အကြံပေးလိုက်ပါသည်။ မဲပေါက်သူများသာ ကျွန်းပေါ် လေ့လာရေးလိုက်ရန်လည်း အားလုံးသဘောတူကြပါသည်။

အုပ်ချုပ်သူဆရာများက မဲလိပ်ပြုလုပ်ကြပြီး ကျောင်းသားကျောင်းသူ တစ်ဦးချင်း မဲလိပ်နှိုက်ကြပါသည်။ မဲပေါက်သောသူများက ကျွန်းပေါ် လိုက်ရမည်ဖြစ်၍ မဲပေါက်သူများ အားလုံး ပျော်ရွှင်နေကြပါသည်။

နံနက်စောစော လေ့လာရေးခရီးထွက်ရမည်ဖြစ်သဖြင့် အိပ်ရာဝင်ကြပါသည်။ ည(၉)နာရီလောက်တွင် ကျိုက်ခွမီဘုရားနှင့် မနီးမဝေး ပင်လယ်ပြင်မှ ပင်လယ်အော်သံကို ဆူညံစွာ ကြားရပါသည်။

ထိုဒေသ၏ ထုံးစံအရ ပင်လယ်အော်သံကြားရပါက အန္တရာယ်တစ်ခုကျရောက်တော့မည် ဖြစ်ကြောင်းကို ဒေသခံများက သိကြပါသည်။

ထိုပင်လယ်အော်သံကို ဒေသအခေါ် ကြောက်စရာ အမည်ရှိသော်လည်း မမှတ်မိတော့ပါ။ နောက်တစ်နေ့ နံနက်တွင် ကျိုက်ခွမီဘုရား ပတ်ဝန်းကျင် ဒေသခံများက ပင်လယ်အော်သံ ညက ကြားရကြောင်း၊ အန္တရာယ်ရှိကြောင်းကို မှန်းစားသွားသော ကျောင်းသား ကျောင်းသူအချို့ကို ပြောလိုက်ကြပါသည်။

နံနက်ပိုင်းတွင် ပင်လယ်ထဲရှိ ကျွန်းသို့ လေ့လာရေးသွားမည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူဆရာများသည် ဆိပ်ကမ်းသို့ သွားကြပါသည်။

ဆိပ်ကမ်းမှ ရေလယ်တွင် ရပ်ထားသော ငါးဖမ်းသင်္ဘောဆီသို့ စက်လှေများဖြင့် သွားရမည်ဖြစ်ပါသည်။ မီးပြတိုက်သို့ လေ့လာရေးသွားမည့်အဖွဲ့က လိုက်ပြီး နှုတ်ဆက်ကြပါသည်။

စက်လှေပေါ် လိုက်ပါသွားသည့် ကျောင်းသား ကျောင်းသူများက ကမ်းပေါ်ရှိ သူငယ်ချင်းများကို လက်ပြပြီး နှုတ်ဆက်ကြပါသည်။

- ကမ်းပေါ်ရှိ လိုက်လံနှုတ်ဆက်သူများသည် ငါးဖမ်းသင်္ဘောပေါ် ရောက်သွားသည့် လေ့လာရေးအဖွဲ့ကို ရပ်ကြည့်နေကြပါသည်။

ငါးဖမ်းသင်္ဘောဖြင့် ကျွန်းမရောက်မီ ပင်လယ်ရေပြင်တွင် ငါးဖမ်းယူခြင်းကိုလည်း လေ့လာသွားကြမည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။

ငါးဖမ်းသင်္ဘောသည် စတင် ထွက်ခွာသွားပြီး "ဂ" ယယ်ပုံသဏ္ဌာန် ကွေ့လိုက်ပါသည်။

ထိုသို့ ကွေ့လိုက်ပြီး မကြာမီအချိန်တွင် ငါးဖမ်းသင်္ဘောသည် ဘေးဘက်သို့ တိမ်းစောင်းကာ မှောက်သွားပါသည်။ ငါးဖမ်းသင်္ဘောပေါ်လိုက်သွားသည့် လေ့လာရေးအဖွဲ့၏ အော်ဟစ်သံများနှင့် ကမ်းပေါ်ရှိ နှုတ်ဆက်သူများ၏ အော်ဟစ်သံများသည် ဆူညံသွားပါတော့သည်။

ကမ်းပေါ်ရှိ နှုတ်ဆက်သူများ၏ အော်ဟစ်သံများကြောင့် ဆိပ်ကမ်းရှိ ရပ်ထားသော စက်လှေများ၊ မော်တော်များကလည်း ငါးဖမ်းသင်္ဘော မှောက်သွားရာနေရာသို့ သွားရောက်ကြပါသည်။

ပင်လယ်ရေထဲ ကူးခပ်နေသော လေ့လာရေးအဖွဲ့ ကျောင်းသားကျောင်းသူများကို လိုက်လံ ကယ်ဆယ်ပေးကြပါသည်။ ကမ်းပေါ်ရှိ နှုတ်ဆက်သူများထဲမှ ကျောင်းသူအချို့သည် ငိုသူများ၊ သတိလစ်မေ့သွားသူများဖြင့် ဆူညံနေကြပါသည်။

ကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်ရသည့် ကျောင်းသားကျောင်းသူများကို စက်လှေများဖြင့် ဆိပ်ကမ်းသို့ ပို့ပေးကြပါသည်။ ထို့နောက် ကျွန်းပေါ် လေ့လာရေး လိုက်ပါသွားသည့် လူဦးရေစာရင်းကို စစ်ကြပါသည်။

ကျောင်းသူ တစ်ယောက်နှင့် ကျောင်းသားနှစ်ယောက် ပျောက်ဆုံးနေပါသည်။ ထိုငါးဖမ်းသင်္ဘောသည် ငါးဖမ်းပိုက်နှင့် ပန်ကာဒလက်တို့ ရစ်ငြိပြီး တိမ်းမှောက်သွားခြင်း ဖြစ်ပါသည်။

ထိုငါးဖမ်းသင်္ဘော မှောက်သွားသည့်နေရာတွင် ရေငုပ်ပြီး ရှာဖွေရာ သေဆုံးသွားသည့် ကျောင်းသူ တစ်ယောက်၊ ကျောင်းသားနှစ်ယောက်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

သေဆုံးသွားသူများ၏ မန္တလေးရှိ မိဘများကို မန္တလေးဒေသကောလိပ်ရှိ တာဝန်ရှိသူများက အကြောင်းကြားပေးပါသည်။

သေဆုံးသူများ၏ မိဘများ ရောက်ရှိလာပြီး နောက်တစ်နေ့၏တွင် ကျိုက္ခမီမြို့တွင်ပင် မီးသဂြိုဟ်လိုက်ပါသည်။ ထိုအဖြစ်အပျက်တွင် လေ့လာရေးအဖွဲ့ကို ဦးဆောင်သွားသောသူတို့၏ မသိနားမလည်မှုကြောင့် အန္တရာယ်နှင့် ကြုံတွေ့ရခြင်း ဖြစ်ပါသည်။

ရှေးခေလေ့ ထုံးတမ်းစဉ်လာတွင် **"ရေလမ်းခရီးသွားပါက မဲနှိုက်၍ မသွားရပါ"** ဟူ၍ စဉ်လာရှိခဲ့ပါသည်။

ကံဆိုးသူ မောင်ရှင်သည် ရေလမ်းဖြင့် ခရီးသွားရင်း မဲပေါက်သူဖြင့် ရေထဲသို့ စတေးချခံခဲ့ရသည့် အဖြစ်အပျက်သည် ရှေးကပင် ရှိနေခဲ့ပါသည်။

**ထို့ကြောင့် မြစ်ချောင်း၊ ပင်လယ်များသို့ လေ့/ သင်္ဘောများဖြင့် ခရီးသွားမည့်သူများသည် မဲပါနှိုက်၍ မသွားသင့်ပါ။ မယုံမကြည်လည်း မပြစ်သင့်ပါ။**

ရှေးထုံးစဉ်လာများကို ယုံကြည်လိုက်နာခြင်းဖြင့် အန္တရာယ်မှ လွတ်ကင်းချမ်းသာစွာ ခရီးသွားနိုင်ကြမည်ဖြစ်ပါတော့သည်။

***(သူငယ်ချင်းသန်း၏ ကျိုက္ခမီလေ့လာရေးကို ရေးဖွဲ့ပါသည်။)***

**ချို(အမရပူရ)**

စာ
မူ
ပို့
လို့
ရ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-မြေညီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄၁

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

[illegible]



ဒေသအသိနှင့် ရေကာန်ဆိုတာ ရေချိုး မပ်ယူသုံးစွဲဖို့လောက် သိထားသည်။

ထူးထူးခြားခြား ဖျာပုံမြို့သည် အဝီစိစက်ရေတွင်း တူးမရ၍ ကန်ရေ၊ မိုးရေနှင့် မြစ်ရေကို အားကိုးရသော ဒေသဖြစ်ပါသည်။

ဖျာပုံမြို့တွင် ကန်ပေါင်ပေါင်း အလုံး (၅၀)ကျော်ရှိ၍ အသက်အရွယ်ရလာသောအခါ ကျွန်တော်တို့မြို့ ဖျာပုံသည် ရေကိုလိုသော မြို့ကလေးမှန်း သိလာရသည်။

ဖျာပုံမှာမွေး ဖျာပုံမှာပင် ဘဝ၏ သုံးပုံနှစ်ပုံကို ထားခဲ့ရပြီး မြေလတ်မြို့တစ်မြို့တွင် ရောက်ရှိနေပေမယ့် ဇာတိမြေအလွမ်း၊ ခေါင်းချသွားသော မိဘ

၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ကျွန်တော်၏ မိဘများသည် ဖျာပုံမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးလျှင် အိမ်တစ်လုံး ဝယ်ယူလိုက်ပါသည်။

ထိုအိမ်သည် ထိုခေတ်က ဗုဒ္ဓဘာသာ အမျိုးသမီးကျောင်း၊ အမှတ် (၂)ကျောင်း(ယခု တောင်ပိုင်းကျောင်း) အနီးတွင်ရှိ၍ အိမ်အနောက်ဘက်တွင် ဘုန်းတော်ကြီးပိုင် ကန်ပေါင်ကြီး တစ်ကန် ရှိပါသည်။

ကန်ပေါင်ကြီးသည် အလျားလည်း ရှည်သလို အနံလည်း လယ်(၂)ကွက်စာမျှ ကျယ်ပါသည်။

**ထူးခြားသည်မှာ ထိုကန်ရေပြင်ထဲတွင် အုတ်ရိုးပတ်ပတ်လည် စီထား၍ ရေပြည့်ချိန်တွင် ရေပြင်ထက် (၄)ပေခန့် ပေါ်နေသော အုတ်ကန်ငယ်တစ်ခုကို တွေ့မြင်နေရခြင်း ဖြစ်ပါသည်။**

ရောက်စမှ ထိုအုတ်ကန်ကို စိတ်မဝင်စား ဘာသိဘာသာ နေမိသည်။

www.burmeseclassic.com

နှစ်ပါးနှင့် အစ်ကိုများအကြောင်း တွေးမိရင် ရင်က နင့်နင့်နဲနဲ လှုပ်ရှားလာခဲ့ရသည်မို့ ဘဝ၏ အမှတ်တရများထဲမှ ငယ်ဘဝ ဒိုင်ယာရီကို ဆွဲထုတ်ရှာဖွေရင်း စာစုတစ်ခု ရေးသားလိုက်ရပါလေသည်။

[ယခု ကျွန်တော်ရေးသားမည့် ကျောက်ဖြူနဂါးပွက်အိုင်နှင့် ဆက်စပ်နေသည့် တိလောကမာရဝိန် (တောင်ပိုင်းကျောင်း) ဈာပုံမြို့ နတီယလမ်းတွင် တည်ရှိပါသည်။

၁၂၆၉ ခုနှစ်က မန္တလေး မဟာမြတ်မုနိပုံတော်အတိုင်း ဥဩတော်တူတည်ထားခဲ့ပြီး ကြေးသွန်းဘုရားကြီးစံပယ်မည့် ဂန္ဓကုဋိတိုက်တော်အတွက် ကျောင်းအနောက်ဘက် မြေကွက်လပ်တွင် အုတ်ဖုတ်ရန် မြေကြီးများ ယူပါသည်။

ထိုအခါတွင် ကျောက်ဖြူနဂါးပွက်အိုင် ဖြစ်လာမည့်နေရာမှ ထူးခြားစွာ ရွှံ့နွံများ ဆူပွက်လာသဖြင့် ထိုနေရာကို နတ်နဂါးများနှင့် ပဋ္ဌာန်းဆက်အရ ကျောက်ဖြူနဂါးပွက်အိုင်အဖြစ် အုတ်ကန်ငယ် ပြုလုပ်လျက် အဝန်းအဝိုင်း စည်းသားပေးခဲ့ရခြင်းဟု သိရပါသည်။]

'ကျောက်ဖြူနဂါးပွက်အိုင်'

တစ်နေ့ ကျွန်တော်တို့ကလေးတစ်သိုက် ကျောင်းနံဘေးရှိ ကန်ပေါင်ထဲမှ ရွှံ့စေးများ ခူးယူ၍ တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်နေကြ၏။

ဆောင်းဦးပေါက်စအချိန် ရေအနည်းငယ်ခန်းပြီး ကုန်းက ခြောက်သွေ့လျက် ဆော့လိုက်ကြ၊ ကုန်းခရုတွေကို နှိုက်၍ ကန်ပေါင်ပေါ် ပစ်တင်နေခိုက်မှာ...

ကန်ပေါင် သန့်ရှင်းရေးလုပ်ရာတွင်နှင့် ကြာရူးချိုးရန်တွင် အသုံးပြုပုံရ



သည့် လှေငယ်လေးတစ်စီးပေါ်၌ ကျောင်းစောင့်ကြီး အဘချယ်နှင့် လူတစ်ယောက် လှေပေါ်တွင် ကန်တော့ပွဲများတင်၍ ကျောက်အုတ်ကန်ကြီးရှိရာ လှော်ခတ်သွားကြသည်ကို တွေ့လိုက်ရပါသည်။

မကြာမီ ရေလယ်က အုတ်ကန်နားရောက်သွားပြီး လှေကားလေးနှင့် အုတ်ကန်ပေါ်သို့ ကန်တော့ပွဲများယူ၍ အဘချယ်တို့ တက်သွားပြီး ဖယောင်းတိုင်ထွန်း၊ အမွှေးတိုင်ထွန်းပြီး ရှိခိုးနေကြပါသည်။

နောက်တော့ လှေကလေးနှင့် အဘချယ်တို့ ကမ်းစပ်တံတားလေးဆီ ပြန်လာကြပါသည်။ ကျွန်တော်တို့ ကလေးတစ်သိုက်ကို တွေ့တော့ အဘချယ်က...

'သားလေးတို့ မှောင်စပျိုးနေပြီ၊ လူကြီးတွေ စိတ်ပူနေရော့မယ်၊ ရေမြန်မြန်ချိုးပြီး ပြန်ကြတော့လေ'

ကျွန်တော်တို့လည်း အဘချယ် သတိပေးမှ ရေချိုးပြီး ကုန်းခရုများကို ယူကာ သူငယ်ချင်းများနှင့် အိမ်ပြန်ခဲ့ကြပါတော့သည်။

သို့သော် ကျွန်တော့်ရင်ထဲ မရှင်းသည်က ရေကန်အလယ်တွင် ရှိသော အုတ်ကန်ငယ်ကိစ္စပဲ ဖြစ်ပါသည်။

ယခင်က အစွမ်းအမှတ်မဲ့ နေခဲ့ပေမယ့် အခုလို အဘချယ်တို့ တခုတ်တရ လုပ်တာတွေ့တော့ အနည်းငယ် စိတ်ဝင်စားလာပါတော့သည်။

ကလေးပီပီ စပ်စုချင်သည့် စိတ်က အုတ်ကန်ကို ကြည့်၍ တဖွားဖွား ဖြစ်ပေါ်လာပါသည်။

ကန်၏အလယ်တွင် မည်သို့သော အကြောင်းကြောင့် အုတ်ကန်က ထပ်မံ၍ ရှိနေသည်ဆိုသော ပဟေဠိကို ထိုစဉ် (၅)တန်းကျောင်းသားမျှ အရွယ် အတွေးနှင့် ကျွန်တော်လိုက် မမှီနိုင်ခဲ့ပါ။

အနီးကပ်ဆုံး အဖြေကတော့ အဘချယ်ကို မေးကြည့်ခြင်းဖြင့်တော့ သိတန်ကောင်းပါရဲ့...

တစ်နေ့တွင် ကျောင်းစောင့်ကြီး အဘချယ်၏အခန်းသို့ ကျွန်တော် ရောက်ရှိသွားပါသည်။ ကျွန်တော်ကို မြင်တော့ အဘချယ်မှ...

'လူကလေးပါလား... မလာစဖူး အလာထူးလှချည့်ရဲ့'

'ဟုတ်ကဲ့ အဘချယ် ကျွန်တော်လဲ မေမေက အဘချယ်အတွက် ထန်းလျက်နဲ့ ပဲကြီးလှော်တွေ လာပို့ခိုင်းလို့ အဘချယ်ရဲ့'

'အေးကွယ် သာဓု...သာဓု...သာဓု ပါပဲ'

'အဘချယ်'

'ဘာတုန်း လူကလေးရယ်'

'ကျွန်တော် အဘချယ်ကို မေးစရာ ရှိလို့'

'ဘာအကြောင်းများလဲကွယ်'

'တခြားတော့ မဟုတ်ပါဘူး အဘချယ်၊ ဟိုတစ်နေ့က အဘချယ်တို့ ရေကန်ထဲက အုတ်ကန်ဆီသွားတာ ဘာလုပ်ကြတာလဲဟင်'

'ဪ... ဒါလား လူကလေးက ဒီကိစ္စသိချင်တာကို။ အဲဒါက ဒီလိုလေ အဘရဲ့ မြေးလေးက ည ညဆိုရင် ထထငိုလို့ အဘတို့က မာကြွာနတ်[illegible] စားတယ်ဆိုပြီး နားလည်တတ်[illegible]တဲ့





www.burmeseclassic.com

www.burmeseclassic.com

ဆရာတွေပြလဲ ကလေးက အငိုတိတ်တာ မရှိဘူး။

အဲဒါနဲ့ သာဓိတ္ပုရားက ဦးပဥ္စင်းလေး ဦးဥတ္တမကို မေးလျှောက်ကြည့်တော့ ဦးပဥ္စင်းက ကလေးရဲ့ဇာတာကို တွက်ချက်ပြီး 'ကလေးက နဂါးသိုက်က လာတာ၊ ဒါကြောင့် နဂါးပွက်အိုင်ကို သွားပြီး ကန်တော့ပွဲပေးပြီး ကလေးကို အနှောင့်အယှက်မပြုဖို့ တောင်းပန်လိုက်ဆိုတာနဲ့ ကန်တော့ပွဲ သွားပေးတာလေ'

'ကလေးက ထငိုသေးလား'

'ဟင့်အင်း လူကလေးရယ် အဲဒီအချိန်ကစပြီး ထမငိုတော့ဘူး'

'ထူးဆန်းလိုက်တာ အဘချယ်ရယ်'

'အို… ထူးတာတော့ မပြောနဲ့ လူကလေးရယ်၊ လောကကြီးမှာ တစ်ခါတလေ မထင်မှတ်တဲ့ ဆန်းကြယ်မှုတွေဆိုတာ တကယ်ရှိကြတယ်ကွယ်။

ကျောက်ဖြူနဂါးပွက်အိုင်နဲ့ ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်ရှိကြတဲ့ သူတွေထဲမှာ အထင်အရှား ပြောရရင်တော့ **တောင်ဖိုင်း နှစ်ကျိပ်ရှစ်ဆူကျောင်းက ဆရာတော်ကြီး ဦးကေလာသ မဟာထေရ်ကြီးပဲ။** တစ်ည ဆရာတော်ကြီးက ထူးထူးခြားခြား အိပ်မက်မက်တယ် မြေးရဲ့။

အိပ်မက်ပေးတာကလဲ လူမဟုတ်ဘူး နဂါးဖြူကြီးကွယ့်၊ ဆရာတော်ကြီးတို့ အခုတည်မယ့် "တိလောကမာရဇိန်"ဘုရားကြီး တည်တဲ့အတွက် သာသနာပြုလုပ်ငန်း အောင်မြင်ပါလိမ့်မယ်။

သို့သော် ဂန္ဓကုဋိတိုက်တော်ကြီး တည်ဆောက်ရန် အုတ်ဖုတ်သမားများသည် အုတ်ဖုတ်ရင်း မသန့်ရှင်းခြင်း။ ထိုအုတ်ဖုတ်သော နေရာသည် ကျောက်ဖြူ နဂါးပွက်အိုင်မှ နဂါးတို့ သွားလမ်း လာလမ်း ကျနေပါတယ်။



ဒါကြောင့် မိမိတို့ အဝန်းအဝိုင်းမှာအောကို သီးခြား သဲဖြူခင်း ရာဇမတ်ကာပြီး သွားလမ်းလာလမ်း ဖွင့်ပေးပါရန် နဂါးသိုက်က မာတုဝတ်မျာလဲ ရောက်ရှိလာမည်ဟု အိပ်မက်ပေးတယ်။

အိပ်မက်အရ ဆရာတော် မဟာထေရ်ကြီးဟာ မနက်မှာ အုတ်ဖုတ်တဲ့ အလုပ်သမားတစ်ယောက်ကို ခေါ်ပြီး နဂါးကြီး အိပ်မက်ပေးတဲ့နေရာကို သဲဖြူခင်း ရာဇမတ်ကာခိုင်းလိုက်တယ်။

ဦးကေလာသဆရာတော် မဟာထေရ်ကြီးဟာ သီလသမာဓိနဲ့ ပြည့်စုံတဲ့ ဆရာကြီးပေါ့ကွယ်။

မကြာခင်မှာ အုတ်ဖုတ် အလုပ်သမားလေး ပြန်ရောက်လာပြီး ဆရာတော်ကြီး ခိုင်းတဲ့ကိစ္စ အစီအမံများ ပြီးစီးတဲ့အဖြင့် ထိုနေရာမှာ ကျောက်ဖြူ နဂါးရုပ်တစ်ခု ရလာလို့ လာရောက်ဆက်ကပ်တယ်။

ကျောက်ဖြူ နဂါးရုပ်တုလေးကို ဆရာတော်ကြီး လက်ခံလိုက်တဲ့အခါမှာ ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းမှာ အထောက်အပံ့အဖြစ် ကျောက်ဖြူနဂါးလေးကို ဘုရားကြီး တည်တဲ့အခါမှာ ဌာပနာဖို့လို့စိတ်က အလိုလို ထင်မှတ်လာတာဟာ ထူးခြားမှုပဲ။

နေ့ကောင်းရက်သာ ရွေးပြီး နဂါးတွေ အိပ်မက်ပေးတဲ့နေရာမှာ အုတ်နဲ့ ပတ်ပတ်လည် ပတ်ပြီး အုတ်ကန်သဖွယ် အရိုင်အမာ ပြုလုပ်ပေးလိုက်တယ်။

မိုးတွင်းဘက်ရောက်တော့ အုတ်ဖုတ်တဲ့ မြေကွက်လပ်ကြီးထဲကို ရေတွေ ဝင်ရောက်လာပြီး တဖြည်းဖြည်း ကန်ပေါင်ကြီး ဖြစ်သွားတဲ့အပြင် ကျောက်ဖြူနဂါးပွက်အိုင် အုတ်ကန်လေးကလဲ ရေလယ်နားကို ရောက်သွားတယ်ကွဲ့။

ဘတို့ကိုယ်တိုင် ကိုယ်တွေ့ဖြစ်ရပ်ပါပဲကွယ်'

တဲ့။

ကျွန်တော်သည် ငယ်စဉ်က ထိုကန်ပေါင်ကြီးနှင့် ထိတွေ့ခဲ့ရသော်လည်း ကလေးအတွေး ကလေးဘာဝ ပျော်ပါးခဲ့ခြင်းဖြင့် သတိမမူခဲ့။

သို့သော် အဘချယ်ဆိုသော ကျောင်းစောင့်ကြီးနှင့် တွေ့ပြီး ကျွန်တော် အသိတရားများ ရှိလာခဲ့ပြီး အတွေးများ လတ်ဆတ်ကြည်လင်လာခဲ့သည်။

သတိမူမူ ဂူမမြင်ဆိုသကဲ့သို့ မိမိ ပတ်ဝန်းကျင်ထိတွေ့မှုက မသိမသာ ထူးခြားဆန်းကြယ်၍ ဂမ္ဘီရဆန်နေသည်ကို သတိမူ၍ ကြည့်တတ်မှ မြင်ခဲ့ရ သိခဲ့ရ၏။

နှစ်(၄၀)ကျော်မှ မြင်မက်ခဲ့ရသော အိပ်မက်ဟု ကျောက်ဖြူနဂါးပွက်အိုင်ကို တင်စားရပေတော့မည်။

ငယ်စဉ်က ဘုရားပွဲတော်ရက်ရောက်လျှင် **ကျောက်ဖြူနဂါးပွက်အိုင်ထဲမှာ ရွှံ့များထို မြေကြီးများက ဆူပွက်လာတတ်၍** လူကြီးများက ထိုအုတ်ကန်နား မသွားနိုင်ကြပေ။

ထို့အပြင် ထိုရွှံ့နွံများ အမျိုးအစား


စာမျက်နှာ (၂၈၅) သို့
www.burmeseclassic.com

www.burmeseclassic.com



# အကူအညီတောင်းချင်

ရေးပါသည်
အေးချမ်းအောင်
(ရမည်းသင်း)

သစ်တောထွက် ကုန်ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီကြီးတွင် ကျွန်တော် တာဝန်ယူ လုပ်ကိုင်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် တစ်ခုပါ။

ကုမ္ပဏီမှ ဝယ်ယူထုတ်လုပ်သော ကုန်များ သယ်ယူရန်အတွက် ကား နှစ်စီးကို လုပ်ငန်းလုပ်ဆောင်ရန် အတွက် ပေးထားလေသည်။

ကုမ္ပဏီမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ပြီး သဘော်တင်သည်အထိ ကျွန်တော်က တာဝန်ယူ လုပ်ကိုင်ရလေသည်။ ကားသမားများမှာ တိုင်းရင်းသားများ ဖြစ်ကြလေသည်။

ကားမောင်းသူများမှာ အသက်(၂၅) နှစ်ဝန်းကျင် လူငယ်များ ဖြစ်ကြတော့ ကားမောင်းရာတွင် စိတ်လွတ်ကိုယ်လွတ် မမောင်းကြရန် သတိပေးရလေသည်။

လုပ်ငန်း လုပ်ဆောင်စဉ်ကာလ၌ ကားတစ်ခုခု ပျက်စီးသွားလျှင် တောင်ပေါ်မှ ကုန်ကြမ်း ထုတ်လုပ်ပေးသော လုပ်သားများ၏ နေ့စဉ်ရိက္ခာ အခက်အခဲ ဖြစ်သွားနိုင်သည်။

ထို့ပြင် ကုန်ကြမ်းထုတ်လုပ်မှု အရှိန်ပျက်ကာ ကုန်ချောထုတ်လုပ်သားများ အလုပ်ပြတ်တောက်သွားလျှင် လုပ်ငန်း အတိုင်းပင် မညီဖြစ်နိုင်သလို ချိတ်ဆက်ထားသော နိုင်ငံခြား ကုမ္ပဏီကြီးများထံ တင်ပို့ပေးရမည့် အချိန်ကာလ၊ စာချုပ်ကိုပါ ထိခိုက်သွားနိုင်ခြင်းကြောင့် ကားမောင်းသူများ ကားကို ဂရုတစိုက်မောင်းကြရန်



www.burmeseclassic.com

www.burmeseclassic.com

အထူး ကြပ်မတ်ပေးရလေသည်။

ကားသမားအများစုမှာ အသောက်အစား မကင်းကြ။ သောက်စားပြီး ငယ်ရွယ်သူတို့ သဘာဝအတိုင်း စိတ်လွတ်ကိုယ်လွတ် မောင်းကြခြင်းကြောင့် လမ်းခုလတ်တွင် ကားပျက်၊ ကားပေါ်ပါ ကုန်ပစ္စည်းများ စွန့်ပစ်လိုက်ရခြင်းမျိုး...

အရေးပေါ် ကားတစ်စီး ငှားရမ်းကာ ကားပေါ်ပါကုန်များ အချိန်မီ ကုန်ချောထုတ်စခန်းအရောက် ပို့ဆောင်ရခြင်းစသည့် မမြင်နိုင်သော ကုန်ကျစရိတ်များ ကုန်ဆုံး၍ လုပ်ငန်းများလည်း ဖင့်နွှေးကြန့်ကြာရသည်များ အကြိမ်ကြိမ်ပင်။

နေ့စဉ် သယ်ယူနေသော ကားပေါ်တွင် ကြီးကြပ်ရန် လိုက်ပါမည့် လူကြီးတစ်ဦးတစ်ယောက်မျှ ထည့်မပေးနိုင်ခြင်းတို့ကြောင့် ယင်းကဲ့သို့ အခက်အခဲများက ကြုံတွေ့ရလေ့ရှိသည်။

မည်သည့်လုပ်ငန်းမဆို စေတနာမပါဘဲ လုပ်ဆောင်သူ များလာပါက လုပ်ငန်း အောင်မြင်ဖို့ထက် ရှုံးနိမ့်ရန်သာ များလေသည်။

ကုမ္ပဏီ၏ ကားမောင်းသူတွေ၏ စိတ်နေသဘာဝကို ကျွန်တော် လေ့လာမှတ်သားပြီး လုပ်ငန်းအစတွင် ကျွန်တော် နှစ်သက်သော ကားမောင်းသူများကိုသာ ရွေးချယ်ခေါ်ယူလေ့ရှိခဲ့သည်။ သို့သော် စိတ်တိုင်းကျတော့ မဟုတ်ပါ။

မည်သို့ပင်ဖြစ်စေ လူပေါင်းစုံ၊ စိတ်ပေါင်းစုံ၊ စရိုက်ပေါင်းစုံတို့နှင့် လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်၍ အောင်မြင်အောင် လုပ်ဆောင်ရသည်မှာ တကယ်ပင် မလွယ်ကူလှပါ။

မည်သည့်အခက်အခဲပင် ဖြစ်နေပါစေ၊ အဖြေတစ်ခုကတော့ ရှိနေစမြဲပင်။ ထိုအဖြေကို စိတ်ရှည်သည်းခံ၍ အဖြေရှာတတ်ရန်၊ ရှာနိုင်ရန်သာ လိုလေသည်ဟူသော ပုံသေနည်းကို ကျွန်တော် အမြဲ စွဲကိုင်လုပ်ဆောင်ခဲ့ရလေသည်။

*　　*　　*

စောခွန်သာသည် ကားသမားတွေထဲမှာ ကျွန်တော် သဘောကျသော ကားမောင်းသမားတစ်ယောက် ဖြစ်သည်။ အသက်(၄၀)ကျော်ပင် ရှိသေးသည်။ ကျွန်တော့်ထက် အသက်ကြီးသူ ဖြစ်သော်လည်း လုပ်ငန်းသဘောအရ ကျွန်တော့်ကို လေးစားသည်။

သူလည်း တိုင်းရင်းသားတစ်ဦး ဖြစ်လေသည်။ ယောက်ျားတိုင်း ကင်းခဲလှသော အသောက်အစားကတော့ သူ့မှာ ရှိလေသည်။ သောက်စားသည် ဆိုသော်လည်း စည်းလွတ်မျှော်းလွတ် သောက်စားသူ မဟုတ်သလို အလုပ်ကို လေးစားသည်။ စေတနာထားသည်။

စောခွန်သာကို ကျွန်တော် သဘောအကျဆုံး အချက်မှာ ကိုယ်ပိုင်ကားလို သဘောထား ရှိသသလို အလုပ်ကို လေးစားသည်။ အချိန်ကို တိကျစွာ လိုက်နာ လုပ်ဆောင်သူဖြစ်ခြင်းကြောင့်ပင်။

အလုပ်စခန်း ကားပြန်ရောက်လျှင် ကားကို အသေးစိတ် စစ်ဆေးပြုပြင်နေလေ့ရှိသူ ဖြစ်လေသည်။

အခြေအနေအရ စောခွန်သာ မောင်းနေသောကားမှာ ပြုပြင်စရာရှိသည်ကို ပြောပြလေသည်။ သို့သော်လည်း လုပ်ငန်းအနေအထားအရ ပြုပြင်ရန် တကယ်ကို အခက်အခဲရှိနေသည်ကို စောခွန်သာ သိနေခြင်းကြောင့် လက်ပူတိုက်မောင်းနေရသည်။

ကားတစ်စီး အမြန်ပို့ပေးရန် ကုမ္ပဏီကို မှာထားပေမယ့် ရောက်မလာသေး။ လက်ပူတိုက်မောင်းနေရသော ကားကို ရင်တမမနှင့် အသုံးပြုနေရသည်။

လုပ်ငန်း အရှိန်ရနေပြီ ဖြစ်နေခြင်းကြောင့် ကားမကောင်း၍ ရပ်နားပြုပြင်၍မဖြစ်နိုင်။ အကြောင်းရှိလာမှ ကြည့်ဖြေရှင်းရတော့မည်။

ကားနှစ်စီး ပို့ထားပေမယ့် အခြားတစ်စီးကို ခွဲယူအသုံးပြု၍ မဖြစ်နိုင်။ သူ့နေရာနှင့်သူ အချိန်ပြည့် ပြေးနေရသည်။

ကုမ္ပဏီလုပ်ငန်းမှာ နေရောင်ခြည်ကို အဓိကအားထား လုပ်ဆောင်ရသော လုပ်ငန်းဖြစ်ခြင်းကြောင့် ရာသီဥတု ဖောက်ပြန်လာပါက ခေါင်းရှုပ်ရသည်။ အကောင်းဆုံးကို ရွေးချယ်ဆောင်ရွက်ရသည်။

ကုမ္ပဏီ၏ ကုန်ပစ္စည်းများ ရာသီဥတုကြောင့် ပျက်စီးမှု အကြိမ်ကြိမ်ဖြစ်ခဲ့၊ ကြုံခဲ့ရခြင်းကြောင့် ကျွန်တော့်အတွက် အတွေ့အကြုံများကြောင့် အမှားအယွင်းနည်းလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။

လုပ်ငန်း လုပ်ဆောင်ရာတွင် မည်သည့်ကိစ္စတွင်မဆို ပွင့်လင်းစွာ ပြောဆိုလုပ်ကိုင်ခြင်းသည် အမှားအယွင်းကင်းသည်ဆိုသော အသိတစ်ခုလည်း ရခဲ့သည်။ ယခုလည်း စောခွန်သာကို ကားနှင့်ပတ်သက်သော အခြေအနေမှန်ကို မေးကြည့်သည်။

'ကား ဒီနေ့ တောင်ပေါ်တက်လို့ ဖြစ်နိုင်၊ မဖြစ်နိုင် ခင်ဗျားအတွေ့အကြုံအရ ပြောပါဦး'

ဟု မေးလိုက်တော့...

'ရပါတယ်... လောလောဆယ် ဘက်ထရီလိုင်းပဲ အခက်အခဲ ဖြစ်နေတာ၊ တွန်းနှိုးရမှာပဲ၊ ကျန်တဲ့အပိုင်းတော

www.burmeseclassic.com

ထိန်းမောင်းရပါတယ်။ ပြဿနာ မဖြစ်နိုင်ပါဘူး'

'ဒီမှာလဲ လူတွေ အများကြီး ရှိနေတာ၊ တောင်ပေါ်မှာလဲ လူတွေ အများကြီးပဲ တွန်းမယ့် သူတွေ အများကြီးပါ'

'ရပါတယ်ဗျာ'

ထိုနေ့က အလုပ်ကိစ္စတွေ ရှိနေ၍ ယင်းကားနှင့် ကျွန်တော် တောင်ပေါ်ကို လိုက်ပါခဲ့သည်။ လမ်းမှာ ဘာအခက်အခဲမှ မရှိ။



တောင်ပေါ်ရောက်ရှိပြီး လုပ်ဆောင်စရာကိစ္စများ လုပ်ဆောင်ပြီးချိန်တွင် ကုန်ချောထုတ်စခန်းပို့ရန် ကုန်များ ကားပေါ်တင်ပြီးနေပြီ ဖြစ်သည်။

တောင်ပေါ်မှ ကားပြန်ထွက်တော့ မှောင်ရီပျိုးစအချိန် ဖြစ်သည်။ ဖြည်းဖြည်းမှန်မှန် တောင်ပေါ်မှ ဆင်းလာခဲ့ရာ ည(၉)နာရီလောက်တွင် ရုတ်တရက် ကားထိုးရပ်သွားသည်။

စောခွန်သာနှင့် စပယ်ယာလေးက ဓာတ်မီးထိုးကာ ကားစက်ဖုံးလှပ် ဟိုနှိုက်ဒီနှိုက် တစ်နာရီလောက် လုပ်ပြီးနောက်...

'ဆရာသမားရေ... ကားအခြေအနေကတော့ ကောင်းသွားပါပြီဗျာ ဒါပေမယ့်...'

ဟု စောခွန်သာက စကားဖြတ်ကာ ဆေးလိပ်မီးညှိရင်း ကျွန်တော့်ဘေးလာထိုင်လေသည်။

'ဒါပေမယ့်ဆိုတော့ ဘာများ လိုနေသေးလို့လဲဗျ'

'ကားက တွန်းနိုးရမှာလေ။ အဲဒါ စဉ်းစားနေတာ ရှေ့နား(၁၀)တောင်လောက်လေး ကားရွေ့ ရွေ့သွားရင် အဆင်းရောက်ပြီ။ အဲဒါဆို ကားနိုးပြီ။ ကျွန်တော်တို့ (၃)ယောက်တည်းနဲ့ ကားရွေ့အောင် တွန်းလို့ ရမှာမဟုတ်ဘူးဗျ'

'ဒီနားတစ်ဝိုက်မှာ တောင်ယာတဲတွေ ဘာတွေ မရှိဘူးလား'

'မရှိဘူးဗျ'

'ကားပေါ် တင်ထားတဲ့ ကုန်တွေက နောက်(၇)နာရီလောက်ဆို ပျက်စီးတော့မှာ ဘယ်လိုလုပ်ရင်ကောင်းမလဲ'

'ခက်တာက ညဘက်ဆို ဒီလမ်းက ကားတစ်စီးမှ မဆင်းတာက ဆိုးတယ်'

'ကျွန်တော်တို့ (၃)ယောက်နဲ့ ကားရွေ့မရွေ့ စမ်းတွန်းကြည့်မယ်လေ'

'မရနိုင်ဘူး ဆရာသမား၊ တင်ထားတဲ့ကုန် နည်းတာ မဟုတ်ဘူး'

'ဘာပဲဖြစ်ဖြစ် တွန်းကြည့်ကြမယ် စောခွန်သာ'

စောခွန်သာထံမှ ဘာစကားမှ ထွက်မလာပါ။ စကားပို မပြောချင်တာလည်း ပါမည်။ တာဝန်ရှိသူတစ်ယောက်၏ စကား ဖယ်ရှားနေလျှင် သူ မကောင်းဖြစ်မှာစိုးလို့ မပြောတာလား မသိပေမယ့် ကျွန်တော့်လုပ်ရှားမှုအတိုင်း လိုက်ပါ လုပ်ဆောင်လေသည်။

ကျွန်တော်တို့(၃)ယောက် ကားတွန်းကြသည်။ စောခွန်သာက သူ့ခေါင်းခန်းဘေးက ဆင်းတွန်းသည်။ ကားကတော့ တုတ်တုတ်မျှပင် မလှုပ်ပေ။ ကျွန်တော့်မှာမူ ကားပေါ်မှ ကုန်တွေအတွက် စိတ်ပူပန်နေမိသည်။

'စောခွန်သာရေ... ဒီအတိုင်းဆိုရင်တော့ ကားပေါ်က ပစ္စည်းတွေတော့ ပစ်ရတော့မယ်နဲ့ တူပါရဲ့ဗျာ'

စောခွန်သာက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ အတန်ကြာပင် ငြိမ်သက်နေပြီးမှ ကားခေါင်းခန်းထဲ တက်သွားသည်။ ကားထဲမှ ပြန်ဆင်းလာကာ ကျွန်တော့်နား လျှောက်လာသည်။

'ကဲ...ဆရာသမား ကားပေါ်တက်တော့ဗျာ'

'ဟာ... ဘယ်လိုလဲ စောခွန်သာခင်ဗျား အရက်သောက်မှာလား'

သူ့အတွက် တစ်က ဆရာကြီး လက်ဆောင်ပေးလိုက်သည့် အာမီရမ်ပုလင်းကိုင်ထားသည့် သူ့ကို မေးလိုက်ခြင်း ဖြစ်သည်။

'တစ်က ဆရာကြီးက ဆရာသမားအတွက် လက်ဆောင်ပေးလိုက်တဲ့ ဆတ်သားခြောက်တွေ ကျွန်တော် အသုံးလိုလို့ဗျာ၊ နောက်မှ ရှာဝယ်ပေးမယ် ကားပေါ်တက်ပါဗျာ'

ကျွန်တော်မေးတာ သူ မဖြေ၊ သူ ပြောချင်ရာတွေသာ ပြောနေသည်။ စောခွန်သာစကား ကျွန်တော် နားမလည်ပါ။ အမှောင်ထဲမှာပင် သူ့ကို ကြည့်နေမိသည်။

စပယ်ယာလေးကို အရက်ပုလင်း အဖုံးဖွင့်ခိုင်းကာ အရက်ပုလင်းနှင့် ဆတ်သားခြောက်ထုပ်ဆွဲ၍ ကားလမ်းဘေးတစ်နေရာဆီကို စောခွန်သာ ထွက်သွားလေသည်။

ကျွန်တော့်ရှေ့မှာ သူ အရက်သောက်ရမှာ ဝန်လေးနေဟန်တူသည်။ ကျွန်တော် မေးမနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်ပျက်နှင့် သူတို့ကို ကြည့်မနေချင်တော့၍ ကားပေါ်တက်ခဲ့လေသည်။

စောခွန်သာက အရက်သောက်သည်ဆိုသော်လည်း ခုလို သောက်တာမျိုး မတွေ့ခဲ့ဘူး။ အလုပ်မပြီးဘဲ သောက်လေ့ မရှိသူ။ စိတ်ထဲကတော့ ကျွန်တော် သဘောမကျ။

တစ်နာရီလောက် ကားပြင်ခဲ့ရတော့ စိတ်ပြေလက်ပျောက် သောက်ချင်မှာပဲ လေဟုလည်း ဖြေတွေးလေး တွေးမိသည်။

ကားပေါ်က ကုန်တွေ အလုပ်စခန်း အချိန်မီ မည်သို့ ပို့ဆောင်မလဲဆိုသည့် အတွေးတွေနှင့် စိတ်သောက ရောက်နေရသည်။ အဖြေကား မရပေ။

ထိုစဉ် စောခွန်သာ ကားခေါင်းခန်း ထဲဝင်ထိုင်၊ ကားစက်သော့ဖွင့်၊ ဂီယာ ဖြုတ်ပြီးနောက် ကြမ်းတုံးဖြုတ်ရန် စပယ်ယာလေးကို လှမ်းပြောပြီး နောက်...

'တွန်းလို့ရပြီ တွန်းကြ တွန်း...တွန်း' ဟု စောခွန်သာ အော်ပြောနေသည်။ ရူးများသွားပြီလားဟု ကြည့်နေမိသည်။ ထိုစဉ်ကားမှာ ငြိမ့်ခနဲ လှုပ်လာလေသည်။

'တွန်းပါဟ... တွန်းထား... တွန်းထား... ရတော့မယ်...လုပ်ပါ...လုပ်ပါ'

ထပ်မံ အော်ဟစ်ပြောဆိုနေသည်မို့ ကျွန်တော် သူ့ကိုကြည့် အံ့ဩနေရပါသည်။ ကားက တရွေ့ရွေ့ကို လိမ့်လာနေပြီဖြစ်သည်။ ထိုစဉ် စပယ်ယာကောင်လေးမှာ ခေါင်းခန်းတံခါးဖွင့် ကျွန်တော့်သေား အရေးတကြီး ဝင်ထိုင်လေသည်။

ကျွန်တော်တို့(၃)ယောက် အားကုန်တွန်းတုန်းက ကားက လှုပ်ပင်မလှုပ်။ ယခု စပယ်ယာကောင်လေး



တစ်ယောက်တည်းတွန်းတာ ကားက ရွေ့ရုံမဟုတ်၊ အပြေးပင် လိမ့်နေသည်။ စောခွန်သာ၏...

'တွန်း...တွန်း...ရတော့မှာ၊ အဆင်းရောက်ခါနီးပြီ နိုးတော့မှာ'

ဆိုသည့် အားပေးသံတွေနှင့်အတူ ကားက ကုန်းဆင်းကို အရှိန်နှင့် ပြေးဆင်းရင်း စက်နိုးသွားလေသည်။

ကားစက်နိုးသည်နှင့် စောခွန်သာက ကားခေါင်းခန်းထဲမှ ခေါင်းအပြင် ထွက်ကာ...

'အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ သွားမယ်ဗျို့'

ဟု အော်ဟစ်ပြောဆိုခဲ့ပြီးနောက် တောင်ပေါ်မှ ကားကို ဖြည်းဖြည်းမှန်မှန်ပင် မောင်းဆင်းလာခဲ့သည်။ ကျွန်တော့်စိတ်မှာ စောခွန်သာ၏ အပြုအမူနှင့် အပြောအဆိုကို နားမလည်နိုင်အောင် ဖြစ်နေရသည်။

အစကတော့ စပယ်ယာလေး ကားတွန်းသည်ထင်ခဲ့သည်၊ ကျွန်တော် ထင်သလိုမဟုတ်။ ဒါဆို ဘယ်သူတွေ တွန်းပေးတာလဲ။ စောခွန်သာပြောတော့ အနီးအနားတစ်ဝိုက်မှာ တောင်ယာတဲတော့ မရှိဟု ပြောခဲ့သေးသည်။

ကားတွန်းပေးသူတွေကို ကျေးဇူးတင်စကားပင် စောခွန်သာ ပြောခဲ့သေးသည်။ အတွေးတွေက ကျွန်တော့်မှာ ပဟေဠိဖြစ်၍နေသည်။

ကားလည်း တောင်ခြေရောက်ပြီမို့ စပယ်ယာကောင်လေးဘက် ကျွန်တော် လှည့်ပြီး စ,လိုက်သည်။

'မင်းက အတော် အားကောင်းတာပဲကွ။ တစ်ယောက်တည်း ကားတွန်းနိုင်တယ်နော့'

ဟု စပယ်ယာကောင်လေးကို ပြောလိုက်တော့...

'ကျွန်တော် တွန်းတာမဟုတ်...မဟုတ်ဘူး ဆရာ'

ဟု အထစ်ထစ်အငေါ့ငေါ့ ပြန်ပြောလာသည့် စပယ်ယာလေးကို ကြည့်ရင်း...

'မင်းကလဲကွာ အားကောင်းတယ် ပြောတာ ငါက မင်းကို ဆင်တွေလို သစ်ဆွဲခိုင်းမယ် ထင်နေလားကွ'

ဟု ရယ်မောပြောဆိုလိုက်တော့...

'သူ့ကို မေးပါဆရာ'

ဟု မျက်နှာငယ်လေးနှင့် စောခွန်သာကို လက်ညှိုးထိုးပြလေသည်။ သူပြောနေပုံမှာ တစ်ခုခုကို ကြောက်လန့်နေသလိုပင်။

'စောခွန်သာ ဒီကောင် ဘာဖြစ်နေတာလဲဗျ'

'ဟဲ...ဟဲ... ဆရာသမားရေ အဲ့ကောင် သရဲကြောက်နေတာဗျ'

'မဟုတ်တရုတ်ဗျာ ခင်ဗျားကလဲ'

'ဟဲ...ဟဲ ဆရာသမားက ဘာမှ မသိဘဲကိုး'

'ဘာတွေ ပြောနေတာလဲ စောခွန်သာ ခင်ဗျားဟာ ဟုတ်သေးပါဘူး'

'တကယ့်အဖြစ်မှန်ကို ဆရာသမားက မသိလို့ ဒီလိုပြောတာပဲ။ ခု ကျွန်တော်တို့ကားကို တွန်းတာ အဲဒီကောင် မဟုတ်ဘူး။

ကျွန်တော်တို့(၃)ယောက်နဲ့ ကားကို လှုပ်အောင် တွန်းနိုင်တာ မဟုတ်ဘူး။ ကားပေါ်က ကုန်တွေ အလုပ်စခန်း အချိန်မီရောက်မှ ဖြစ်မှာ။ ကျွန်တော်လဲ ဘာလုပ်ရမလဲ တွေးနေတာ ကျွန်တော့်အဖေ ပြောပြဖူးတဲ့

www.burmeseclassic.com

စကား သွားသတိရတာနဲ့ လက်တွေ့ လုပ်ကြည့်လိုက်တာဗျ။

ဆရာသမားကို ပြောပြနေရင် လက်ခံမှာ မဟုတ်ဘူးလေ၊ အဲဒီကောင် ပြောပြလဲ အပိုပဲ၊ ဒါနဲ့ ဘယ်သူ့မှ မပြောဘဲ ကျွန်တော် လုပ်လိုက်တာ'

'ဘာလုပ်တာကို ပြောတာလဲ စောခွန်သာ'

'ကျွန်တော်တို့ ကားပျက်တဲ့ နေရာဟာ အတော်များများ ထိုးကျတဲ့ နေရာနားမှာဗျ။ ဒီနေရာအကြောင်း ဆရာ သိပြီးသားပါ။ သေဆုံးသွားကြသူတွေ မကျွတ်မလွတ်ဘဲ ဒီနေရာမှာ ညတွေဆို လူယောင်ပြ ကားတားလေ့ ရှိကြတယ်။

ကျွန်တော့်က အဲဒီ မကျွတ်မလွတ်တဲ့သူတွေကို ဖိတ်ခေါ်ပြီး ကားတွန်းပေးဖို့ အကူအညီ တောင်းခဲ့တာဗျ'

'ဘာ...'

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ စပယ်ယာကောင်လေးက ကျွန်တော့်အနား ပိုတိုးကပ်လာသည်။

'တပ်ကဆရာကြီး ကျွန်တော့်ကို လက်ဆောင်ပေးလိုက်တဲ့ အာမီရမ်နဲ့ ဆရာသမားကို လက်ဆောင်ပေးလိုက်တဲ့ ဆတ်သားခြောက်တွေကို သူတို့အတွက် ပေးပြီး ကားတွန်းပေးပါလို့ အကူအညီ တောင်းလိုက်တာပဲ ဆရာသမားရေ...

အဲဒီကောင် ကြောက်မှာပေါ့။ သူက အောက်မှာ ရှိနေခဲ့တာကိုဗျ၊ အမှောင်ထဲမှာ မြူမှုန်မှုန်မည်းမည်းကောင်တွေ ကားတွန်းပေးနေတာ သူ မြင်ခဲ့ရတော့ ကြောက်တာပေါ့။ အဖြစ်အပျက်က အဲဒါပဲ ဆရာသမားရေ'

ကျွန်တော် ဘာပြောလိုက်ရမည် မသိအောင် ဖြစ်သွားရသည်။

စောခွန်သာ၏ ကားတွန်းနေစဉ် အော်ဟစ်ပြောဆို အကူအညီတောင်း သံတို့ကို ကျွန်တော် ကြားယောင်လာမိသည်။ စိတ်ရှုပ်ပေါက်၍ ယင်းကဲ့သို့ ပြောဆိုနေသည်ဟု ထင်ခဲ့သည်မှာ တကယ်တော့...

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တွေ့ကြုံနေရသော အခက်အခဲသည် ပရလောကသားတို့၏ ကူညီမှုကြောင့် ပြေလည် သွားခဲ့ရသည်ကိုတော့ ကျွန်တော့်အနေနှင့် ဘယ်လိုမှ မေ့ပျောက်၍သွားမှာ မဟုတ်တော့ပါ။

**အေးချမ်းအောင်**

**(ရမည်းသင်း)**

---

**စာမျက်နှာ (၂၈၃)မှ အဆက်**

တို့သည် နောင်တွင် ကျွန်တော် မြေလတ်မြို့တစ်မြို့တွင် တာဝန်ကျစဉ်အခိုက် **မင်းဘူးမြို့ နဂါးပွက်တောင်ကဲ့သို့ စီဆင်းနေသော ရွှံ့ချော်ရည်များနှင့် ဖိဆင်ဆင်တူသည်ဟု** တော့ ထင်မိပါသည်။

ထူးသည်က ရွှံ့နှံ့ချော်ရည်များ ထွက်ရာ အရပ်များသည် နဂါးများနှင့် ဆက်နွယ်ကြသည် ဟူသော ယုံကြည်မှုပင်ဖြစ်၏။

ကျောက်ဖြူနဂါးပွက်အိုင်နှင့်အတူ ၊ တောင်ဝိုင်းကျောင်း ဘုန်းကြီးကျောင်းပေါ်မှ သွမ်းစားချိန်တွင် အော်လန်နှင့် တက်အော် တတ်သည့် စိတ်မနှံ့သူ ဦးသန်းမောင်ကို မြင်ယောင်မိ၏။ သူ့လက်သုံး စကားက "**ရှာပုံမြို့မှာရှိတဲ့ တိုက်တွေအားလုံး ငါပိုင်တယ်**"ဟူ၍ ဖြစ်၏။

သူက အော်သည်နှင့် ကလေးတစ်သိုက်က အနောက်မှနေ၍ "အာလူးကြော်"ဟု ဝိုင်းစကြသည်နှင့် ဦးသန်းမောင် စိတ်ဆိုးပြီး လောက်လေးခွနှင့် ပစ်တော့သည်။

သူပစ် ကိုယ်ပစ်နှင့် လောက်စာလုံးကုန်လျှင် ရွှံ့နှင့် ပစ်ကြပါတော့သည်။ ဤသည်မှာ ကလေးဘဝ၏ မမေ့နိုင်သော ငယ်ဘဝအလွမ်းများ ဖြစ်လေတော့သည်။

အခုတော့ အချိန်တွေက နှစ်ပေါင်း (၄၀)ကျော်ခန့် ရှိခဲ့ပါပြီ။ ကလေးတစ်သိုက်နှင့် စစ်တိုက်ခဲ့သော စိတ်မနှံ့သူ ဦးသန်းမောင်လည်း မရှိရှာတော့ပြီ။ ကျောက်ဖြူ နဂါးပွက်အိုင်အကြောင်း ပြောပြခဲ့သော ကျောင်းစောင့်ကြီး အဘချယ်လည်း ကွယ်လွန်ခဲ့ပါပြီ။ တစ်ခါ...

နွေဘက် ကန်ပေါင်ကြီး ရေခန်းခြောက်စဉ်က ကျောက်ဖြူ နဂါးပွက်အိုင်နားတွင် ကြောင်သားခိုးချက်ရန် လိုးဖြတ်ပြီး ဒယ်အိုးထဲထည့်ထားစဉ် အယ်အိုးထဲမှ ကြောင်သားများ ပျောက်သွားပြီး သရဲခြောက်သလို၊ အစိမ်းခွဲခံရသလို ချောက်ချောက်ချားချားဖြစ်ခဲ့ရသည့် စိန်မျက်ခုံးတို့ လူမိုက်တစ်စုလည်း မရှိတော့။

သို့သော် **ကျောက်ဖြူနဂါးပွက်အိုင် အုတ်ကန်ကတော့ ဘုရားကြီး ဂန္ဓကုဋိတိုက်အရှေ့ဘက် ကန်ပေါင်ကြီးထဲတွင် ယနေ့တိုင် ရှိနေပြီး ခပ်လှမ်းလှမ်းမှကြည့်လျှင် အုတ်ကန်မည်းမည်းကြီးကို** ရေကန် အလယ်တွင် တွေ့နေရပါတော့သည်။

**သူငယ်ချင်း ရှာပုံ မောင်မင်းနွယ်သို့ အမှတ်တရ...**

**မင်းနန္ဒရှိန်**



www.burmeseclassic.com

www.burmeseclassic.com

# ပရလောကသား၏ သတင်းစကား

ဝသုန်သက်လွင်



စစ်ဆင်ရေးလှုပ်ရှားတပ်ခွဲမှ ရဲဘော်တစ်ဦးကို အနီးကပ်ပစ်သတ်၍ သေသူ၏ လက်နက်နှင့် ခဲယမ်းကျည်ဆန်များ ပါရှိသည့် ခါးတွင် ပတ်ထားသော အိကွေးမင့်(Equipment)ကို ယူဆောင်သွားခဲ့သည်။

ထိုစဉ်က ဖြစ်ရပ်တွင် အဓိကရန်သူ ဒီအိုဘသောင်းနှင့် အဖွဲ့အား တုံ့ပြန်လက်စားချေနိုင်ရန် ပရလောကသားတစ်ဦးသည် သတင်းပေး ဝင်ပူးပြောခဲ့ဖူး၏။

ထိုပရလောကသား၏ သတင်းအရ ဒီအိုဘသောင်းအဖွဲ့နှင့် ထိုတပ်ခွဲ ထိပ်တိုက်တွေ့ တိုက်ပွဲဖြစ်သောအခါ မိမိဘက်မှ ပါသွားခဲ့သည့် လက်နက်ခဲယမ်းများအပြင်...

ပစ်သတ်ခဲ့သူ အပါအဝင်တို့ကို လက်စားချေခွင့် ရလိုက်သည့် ဖြစ်ရပ်ဆန်းတစ်ခုသည် စစ်မြေပြင် တစ်နေရာ၌ တစ်ချိန်သော ကာလက အမှန်တကယ် ဖြစ်ပေါ်ခဲ့ဖူး၏။

တိုက်တိုက်ဆိုင်ဆိုင် မယုံနိုင်ဖွယ်ရာ ထိုဖြစ်ရပ်ဆန်းကို ထိုစဉ်က တိုင်းမှူး၊ စစ်ဗျူဟာမှူးများပင် တအံ့တသြ ဖြစ်ခဲ့ကြရသည်။

ကျဆုံးသွားခဲ့ရှာသော စစ်သည်မှာ ဘဝခြားခဲ့သော်လည်း မိမိနှင့် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အရာရှိ အရာခံ အကြပ်စစ်သည်များ အတွက် ပြန်လည်ကူညီခဲ့သည်။

ထိုပရလောကသား တပ်သားသန်းမြင့်ကို တစ်စုံတစ်ခုသော ထိုက်ထိုက်တန်တန် စစ်ဖက် ဘွဲ့ထူး၊ ဂုဏ်ထူးများပင် ပေး၍ရမည်ဆိုပါက ပေးအပ်သင့်ကြောင်း ပြောစမှတ်ပြုခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို ရေးဖွဲ့တင်ပြလိုက်ပါသည်။

* * *

**၁၉၈၀ ပြည့်နှစ်ကာလက** ဖြစ်သည်။

တပ်ခွဲမှူးဗိုလ်ကြီးချစ်သောင်း ဦးစီးသည့် ကျွန်ုပ်တို့ အမှတ်(၄)တပ်ခွဲသည် ခလရ(...)တပ်ရင်းမှူး၏ စစ်ဆင်ရေးညွှန်ကြားချက်အရ နယ်မြေရှင်းလင်းစိုးမိုးနိုင်ရန် သံဖြူဇရပ်မြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

ခလယ်တံခွန်တိုင်၊ တောင်ဒီး၊ အနန်းကွင်းမှတစ်ဆင့် ဘုရားသုံးဆူ(ယခု ကရင်ပြည်နယ်၏ နယ်စပ်မြို့၊ ထိုင်းနိုင်ငံအနီး)ထိ လှုပ်ရှားနေရသည့် နွေဦးစစ်ဆင်ရေး...

ကျွန်ုပ်တို့တပ်ခွဲသည် သံပုရာ၊ ကျုံခွန်၊ ဖားပြု၊ အနန်းကွင်း စသည့် အချက်အချာ ရွာများတစ်လျှောက် တောတောင်လျှိုမြောင်များကို ဖြတ်သန်းလှည့်ပတ်ရှင်းလင်းရင်း လှုပ်ရှားခဲ့သည့် (၁၀)ရက်မြောက်နေ့တွင် ကျုံခွန်ကရင်ရွာကြီးတစ်ရွာသို့ ရောက်သွားကြသည်။

ကျုံခွန်ရွာတွင် တပ်စခန်းတစ်ခုကို ရှေ့တန်းတပ်စခန်းအဖြစ် ထားရှိပြီး တပ်ကြပ်ကြီးရဲဝင်းက စခန်းမှူးတာဝန် ယူထားသည်။

ကျွန်ုပ်တို့ ထိုရွာများသို့ စစ်ကြောင်းထွက်တိုင်း ဝင်ထွက်သွားလာရ များနေသဖြင့် နယ်မြေကျွမ်းကျင်ပြီး ရွာလူထုနှင့်လည်း ရင်းနှီးခင်မင်နေကြပြီ...

ကျွန်ုပ်တို့ ကျုံခွန်ရွာသို့ တစ်ကျော့ပြန်ဝင်လာသောအခါ တပ်ခွဲမှူးမှ ထိုရွာတွင် အခြေပြု၍ တပ်စုများ တပ်စိတ်များဖြင့် ပျောက်ကျား လှုပ်ရှားမည်ဖြစ်သောကြောင့် ရွာတွင်း၌ တပ်ခွဲကို တပ်ဖြန့်ထားလိုက်သည်။

ကျွန်ုပ်၏ သူငယ်ချင်း တပ်ကြပ်မြတ်ထွန်းသည် ကျုံခွန်ရွာရောက်တိုင်း သူ့တပ်စိတ်ကို ဘုန်းကြီးကျောင်းတွင် အမြဲနေရာချထားလေ့ရှိသည်။

ကျုံခွန်ချောင်းထိပ် နံဘေးတွင်ရှိသော ဘုန်းကြီးကျောင်း ဆရာတော်နှင့်လည်း ဆရာမြတ်ထွန်းက ရင်းနှီးသည်။ ချောင်း၏ ဟိုဘက်ကမ်းတွင် ရွာငယ်လေးတစ်ရွာရှိသည်။ **ကုန်းသည်ချောင်းများ**ဟု ခေါ်သည်။

ဆရာမြတ်ထွန်း နေရာယူထားသော ဘုန်းကြီးကျောင်း၏ အနောက်တွင် အုတ်တံတိုင်း ကာထားသည်။ ကျုံခွန်ချောင်းမှ ဖြတ်ကူးရန် တံတားရှည်ကြီး တစ်စင်းရှိသည်။ ထိုတံတားထိပ်တွင် သူ၏ တပ်စိတ်ကင်းကို ချထားသည်။

ကျုံခွန်ချောင်းမှာ ရေစီးသန်ပြီး နက်လည်းနက် ကျယ်လည်းကျယ်၏။ တံတားကြီးမှာ ထိုချောင်းကို ဖြတ်ထားသော်လည်း သွားလာရန် ကျယ်ဝန်းခြင်းမရှိ။

လူတစ်ယောက် အထမ်းအပိုး ပစ္စည်းများနှင့် ကောင်းကောင်း လျှောက်သွားနိုင်သော်လည်း တံတားပေါ်တွင် ဟိုဘက်ဒီဘက် နှစ်ယောက် ဆုံပါက တစ်ဖက်လူက ဘေးတိမ်း ရှောင်ပေးမှ သွားလာ၍ရသည်။

တစ်နေ့...

ရန်သူ့သတင်း အစအနလည်း ပျောက်နေသဖြင့် အေးဆေးနေချိန်၊ ကျုံခွန်ရွာ၌ စခန်းချရပ်နားသောအခါ ရွာကြီး၏ ထွက်ပေါက်ဝင်ပေါက် အဓိက နေရာများတွင် တပ်စုလိုက် ကင်းရှည်ထုတ်ကာ နားနေကြသည်။

ထမင်းဟင်း ချက်ပြုတ်သူက ချက်ပြုတ်၊ နားသူကနားနှင့် တစ်ရွာလုံးမှာလည်း ရွာလူထုနှင့် ရဲဘော်တို့ တစ်အိမ်မှတစ်အိမ် အလည်အပတ်သွားနှင့် ငြိမ်းအေးနေကြသည်။

ကျွန်ုပ်မှာ ကျုံခွန်မှ ဖားပြုရွာဘက်သို့သွားရာ ရွာထွက်ပေါက်တွင် မိမိ၏ တပ်စိတ်ကို နေရာချ၍ ကင်းရှည်ထုတ်ထားပါသည်။

ကျုံခွန်ရွာ ဘုန်းကြီးကျောင်းဘက်ရှိ ဆရာမြတ်ထွန်းက သူ့တပ်စိတ်ကို ကျောင်းအောက်တွင် နေရာချထား၍ ကင်းရှည်ထုတ်ထားရာ တပ်သား သန်းမြင့်သည် နေ့ခင်း(၁)နာရီမှ (၂)နာရီထိ ကင်းတာဝန် ကျနေသည်။

ကင်းသမားသည် ကျုံခွန်တံတား ဟိုဘက်ထိပ်တံတားပေါ်တွင် ဂျီ-၃ သေနတ်ကို ပေါင်ပေါ်တွင်တင်လျက် ကင်းစောင့်နေပါသည်။ ကင်းသမား ရှေ့တွင် သစ်ပင်ကြီးများ ရှိသဖြင့် အကာအကွယ်ကောင်းသည်။

တပ်သားသန်းမြင့်သည် ဆေးလိပ်တဖွာဖွာနှင့် ကင်းစောင့်နေသည်။ သူ၏ဇနီးသည်မှာ နောက်တန်းတွင် ကိုယ်ဝန်အရင့်အမာနှင့် မွေးဖွားရက်နီးနေပြီ။

တပ်သား သန်းမြင့်ကို တပ်ခွဲ(၄) လက်နက်ခဲယမ်းတိုက်တွင် ထားရန် တပ်ရင်းအမိန့် ထွက်ရှိထားသဖြင့် ရှေ့တန်းမှ နောက်တန်းသို့ အကြုံရှိလျှင် ပြန်လည်စေလွှတ်မည်ဖြစ်၏။ တပ်ခွဲမှူးမှ သူ့ကို ခေါ်ယူပြောထားပြီးလည်းဖြစ်သည်။

တပ်သားသန်းမြင့်မှာ အနေအထိုင် အေးဆေးသူတစ်ယောက် ဖြစ်သလို ဆေးလိပ်ဖွာရှိုက်လျက် ငေးငိုင်တွေးတောနေတတ်သော အကျင့်ရှိ၏။

ကျွန်ုပ်သည် ရွာတွင်း ဈေးဆိုင်လေးမှ မဂ္ဂဇင်းအဟောင်း တစ်အုပ်ရ၍ နံနက်ထမင်းစားပြီး သစ်ပင်ကြီး တစ်ပင်အောက်၌ ပလတ်စတစ်ခင်းကာ ကျောဆန့်ရင်း စာဖတ်နေသည်။

ပူအိုက်သော နွေရာသီ ဖြစ်သော်လည်း ရွာတွင်းရှိ သစ်ပင်ကြီးများကြောင့် အရိပ်ရကာ တောတောင်၏ သဘာဝ လေတဖြူးဖြူးနှင့် စာဖတ်၍ ကောင်းနေစဉ်...

'ဒိုင်း...ဒိုင်း...ဒိုင်း'

'ဒိုင်း...ဒိုင်း'


မြည်ဟိန်းသော သေနတ်သံများကို ကျုံခွန်ချောင်းအနီး ဘုန်းကြီးကျောင်းဘက်မှ ကြားလိုက်ရ၏။ ကျွန်ုပ်တို့





www.burmeseclassic.com

www.burmeseclassic.com



စစ်သည်များ ကျည်ခါးပတ် သေနတ်ကိုဆွဲလျက် သေနတ်သံ ကြားရာဘက်သို့ ရောက်သွားသည်။

တပ်ကြပ်မြတ်ထွန်းမှာ သေနတ်သံကြားရာနှင့် အနီးဆုံးလည်းဖြစ် သူ၏ တပ်စိတ်မှ ကင်းသမားလည်း ရှိသဖြင့် ဦးစွာရောက်နှင့်နေသည်။

သို့သော် သူ၏တပ်စိတ်မှ ကင်းသမားသည် ကင်းချထားရာ နေရာတွင် မရှိဘဲ ပျောက်နေသည်။

သေနတ်သံ ကြားရစဉ်က တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်သံဟု ထင်ခဲ့သော်လည်း အမှန်မှာ တစ်ဖက်သတ်ပစ်ပြီး အသံများ ပျောက်ကွယ်သွားသည့်အပြင် ပစ်ခတ်သူများကိုလည်း မတွေ့ရသဖြင့် ရန်သူမှ ပစ်ပြေး ပြေးသွားကြသည်လား စဉ်းစားရခက်တွေးတောစရာများ ဖြစ်ခဲ့ရသည်။

တပ်ခွဲမှူး ဗိုလ်ကြီး ချစ်သောင်းနှင့် တပ်စုမှူး အရာရှိငယ်နှစ်ယောက်လည်း ရောက်လာကြသည်။ ပျောက်ဆုံးနေသော ကင်းသမားကို ဝိုင်းရှာရင်း တံတားအောက်သို့ ငုံ့ကြည့်လိုက်ရာ တွေ့လိုက်ပါပြီ။

တပ်သား သန်းမြင့်သည် ချောင်းကမ်းဘေးတွင် ကပ်ပေါက်နေသော သစ်ပင်ငယ်တစ်ပင်၏ အကိုင်းကို ဆွဲခိုထားပြီး ခါးအောက်ပိုင်းမှာ ရေထဲသို့ ရောက်နေသည်။

ကမ်းစပ်တွင်ဖြစ်နေ၍ တပ်သားသန်းမြင့်ကို ဆင်းဆယ်ပြီး ကုန်းပေါ်သို့ သယ်ဆောင်၍ မြက်ခင်းပေါ်အချမှာပင် အသက်ပျောက်သွားပါသည်။

ထိုအတူ တပ်သားသန်းမြင့်၏ ကျည်(၂၄၀)ထည့်ထားသော ကျည်ခါးပတ် အီကွေးမင့်နှင့် သူကိုင်ဆောင်ရသော ဂျီ–၃ သေနတ်ပါ ပျောက်နေသည်။

တပ်သားသန်းမြင့် ရေထဲသို့ ဘာကြောင့် ပြုတ်ကျခဲ့ရသနည်း၊ သေဆုံးနေသည့် သူ့ခန္ဓာကိုယ်ကို ကြည့်ရာ ညာဘက်လက်ပြင်တွင် ကျည်ထိမှန်ထားသည်ကို တွေ့ရသည်။

အသေအချာ ကြည့်သောအခါ ၃၈ ပစ္စတို(38 pistol) ကျည်ဖူးခွံတစ်ခု အသားထဲတွင် နစ်မြုပ်နေသည်။ ဤ ၃၈ ပစ္စတိုဖြင့် မည်သူ လာရောက်ပစ်ခတ်သွားပါသနည်း။

သေနတ်သံကြောင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အနီးရှိ ဘုန်းကြီးကျောင်းမှ ကိုရင်နှင့် ကျောင်းသားများလည်း သေသူ တပ်သားသန်းမြင့်ကို ဝိုင်းအုံကြည့်နေကြသည်။

အမြဲတမ်း ရယ်ရယ်မောမောနေတတ်သော ဗိုလ်ကြီးချစ်သောင်းမှာ တပ်သားသန်းမြင့် သေနတ်မှန် သေဆုံးပြီး လက်နက်ခဲယမ်းများ ပျောက်ဆုံးသွားသည့်အတွက် မျက်နှာပျက်နေသည်။

'သေနတ် ရေထဲကျသွားတယ် ထင်တယ်'

'ချောင်းထဲမှာ သေနတ်ရှိလိမ့်မယ်'

တစ်ယောက်တစ်ပေါက် ထင်ကြေးပေး ပြောစကားများကြောင့် တပ်ခွဲမှူးသည် ရွာလူကြီးမှတစ်ဆင့် ရွာသားများကို အကူအညီတောင်း၍ ကျုံးခွန် ချောင်းတွင် ရေငုပ်လျက် သေနတ်ရှာခိုင်းလိုက်သည်။

ကျုံးခွန်ချောင်းရေသည် မွန်းလွဲရောက်သည်နှင့် အေးစိမ့်နေ၏။ ရေစီးလည်း သန်လှသဖြင့် ခက်ခက်ခဲခဲ ရေငုပ်ရှာဖွေခဲ့ရာ လုံးဝ မတွေ့သဖြင့် ကုန်းပေါ်ပြန်တက်ခဲ့ကြသည်။

ရွာသား နောက်တစ်ဖွဲ့ ချောင်းထဲဆင်းရှာရန် စီစဉ်နေစဉ် ကုန်သည် ချောင်းရွာဘက်မှ ကရင်တိုင်းရင်းသူ သုံးဦး တောင်းများရွက်ပြီး ကျုံးခွန်ရွာဘက်သို့ လာကြရာ ကျွန်ုပ်တို့နှင့်ဆုံမှ အဖြစ်မှန်ကို သိရတော့သည်။

တပ်ခွဲမှူးရှေ့တွင် ရောက်ရှိနေသော ထိုအမျိုးသမီးသုံးဦး အနက် တစ်ဦးက…

'ဘသောင်းနဲ့ လူသုံးယောက် ဗိုလ်ကြီးတို့လိုမျိုး သေနတ်ကိုင်ပြီး ကျုံးခွန်ဘက်က အမိုးတို့ ကုန်သည်ချောင်းရွာဘက် ပြေးလာကြတယ်၊

သူ့အဖွဲ့က ကုန်သည်ချောင်းရွာဘက်က လူတွေ ဘယ်သူမှ သူတို့အမိန့်မရဘဲ မကူးရဘူး။ ကူးရင် ပစ်သတ်မယ်ပြောလို့ အမိုးတို့ ငုတ်တုတ်ထိုင်နေရတယ်၊

ဘသောင်းတို့အဖွဲ့ သေနတ်လေးငါးချက် မိုးပေါ်ထောင်ပစ်ပြီး ပြေးမှ အမိုးတို့ ဒီဘက်ကို လာရဲတော့တယ်'

ဗမာစကားကို လည်လည်ဝယ်ဝယ် ပြောတတ်သော အမိုးစကားကြောင့် ပစ်ခတ်မှု အခြေအနေကို အနည်းငယ်မျှ အဖြေထုတ်၍ ရလိုက်သည်။

တံတားပေါ်တွင် ကင်းစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com

သော တပ်သားသန်းမြင့်ကို ၃၈ ပစ္စတိုဖြင့် အနီးကပ်ပစ်၍ သေနတ်နှင့် အိတ်ကွေးမင့်ကိုယူကာ ထိုသေနတ်ဖြင့် ပစ်ပြေး ပြေးခဲ့ခြင်းဟု မှတ်ချက်ပြုနိုင်ခဲ့သည်။

သေသူ၏ အလောင်းကို သယ်မ၍ ဘုန်းကြီးကျောင်းဝင်းထဲတွင် ခေတ္တချကာ ဗိုလ်ကြီးချစ်သောင်း ကြေးနန်းတစ်စောင်ရေး၍ ဆက်သွယ်ရေး စက်သမား တပ်ကြပ်ညီတင်ကို ပေးလိုက်သည်။

'တပ်ခွဲ(၄)မှူးမှ တပ်ရင်းမှူးသို့...

တပ်ခွဲ(၄) တပ်စု(၂) တပ်ကြပ်မြတ်ထွန်း တပ်စိတ်မှ ကိုယ်ပိုင်အမှတ်(...) တပ်သား သန်းမြင့် ကင်းစောင့်နေစဉ် သောင်းကျန်းသူ ဒီအိုဘသောင်းအဖွဲ့မှဟု ယူဆရသော အဖွဲ့သည် တပ်သားသန်းမြင့်ကို 38 pistol ဖြင့်ပစ်၍ ၎င်း၏ လက်နက်ခဲယမ်းများကို ယူဆောင်သွားကြောင်း။ ရန်သူနောက်သို့ တပ်စုတစ်စု လိုက်လံရှင်းလင်းနေဆဲဖြစ်'

ကြေးနန်းပေးပို့ပြီး တပ်သား သန်းမြင့်ကို မြေမြှုပ်သင်္ဂြိုဟ်ရန် ကျုံခွန်ရွာကျောင်း ဆရာတော်ကိုယ်တိုင် သရဏဂုံတင် အသုဘကိစ္စ ဆောင်ရွက်ပေးခဲ့ပြီး အလောင်းကို ကျုံခွန်ရွာ တပ်စခန်းတွင်း၌ စစ်ထုံးစံအတိုင်း အမိန့်ပြန်၍ မြှုပ်နှံလိုက်ပါသည်။

ကျေးရွာဘုန်းကြီးများ၊ ကျေးရွာလူကြီးများနှင့် ကျွန်ုပ်တို့ စစ်သည်များ တပ်သားသန်းမြင့် အလောင်းကို မြေမြှုပ်ပြီးချိန်၌ တပ်ရင်းမှ တပ်ရင်းမှူးကြီးကိုယ်တိုင် တပ်ခွဲမှူး ဗိုလ်ကြီး ချစ်သောင်းသို့ တိုက်ရိုက် ကြေးနန်း တစ်စောင် ပို့လိုက်ပါသည်။

ကြေးနန်းစာမှာ...,

'တပ်ရင်းမှူးမှ တပ်ခွဲ(၄)ခွဲမှူးသို့...

တပ်သားသန်းမြင့်ကို ရန်သူကပစ်ပြီး လက်နက်ခဲယမ်း ယူဆောင်သွားသည်ဆိုသော တင်ပြချက်ကို လုံးဝ လက်မခံ၊ ယုံကြည်မှုမရှိ၊ တပ်သားသန်းမြင့် ချောင်းရေထဲ မျောပါ သေဆုံးခြင်းသာ ဖြစ်နိုင်သည်။

အဖြစ်မှန်ကို မနက်ဖြန် ကိုယ်တိုင် လာရောက်စစ်ဆေးမည်။ မြေမြှုပ်ထားသည်ဆိုသော အလောင်းကို ပြန်ဖော်မည့် အသင့်ပြင်ထား'

ဗိုလ်ကြီးချစ်သောင်းသည် အထက်ပါ ကြေးနန်းစာကို ဖတ်ပြီး သက်ပြင်းချလိုက်သည်။ တပ်သားသန်းမြင့် သေဆုံးခြင်းနှင့် ပတ်သက်၍ တပ်ရင်းမှူးကြီး အလွန်အမင်း စိတ်ဆိုးနေပြီကို သိလိုက်သည်။

တပ်ခွဲမှူး တစ်ယောက်အနေနှင့် အဖြစ်မှန်ကို တင်ပြခဲ့သော်လည်း တပ်ရင်းမှူးကြီးက တပ်သားသန်းမြင့် ချောင်းရေတွင် မျောပါကာ လက်နက်ခဲယမ်းပါ ဆုံးရှုံးရသည်ဟု ယူဆသည်။

**(မှတ်ချက် ။ ။ ကျွန်ုပ်တို့ စစ်သည်များ ရေစီးသန်သော ချောင်းများကို ဖြတ်ကူးရာတွင် ရေမကူးတတ်သော အကြောက်လွန်သော ရဲဘော်တချို့ ရေထဲ မျောပါ သေဆုံးခဲ့ခြင်းများ ရှိတတ်ကြပါသည်။)**

သို့ဖြစ်၍ တပ်ရင်းမှူးကြီး၏ ထင်ကြေးနှင့် မယုံကြည်မှုကို အပြစ်ဆိုဖွယ် မရှိပါ။ တပ်ရင်းမှူးကြီး ရောက်ရှိလာပါက အဖြစ်မှန်ကို သိရှိလက်ခံနိုင်လိမ့်မည်ဟု ဖြေသိမ့်ထားလိုက်ရသည်။

သို့ဖြစ်၍ တပ်ရင်းမှူးကြီး၏ လာရောက်မည့် ခရီးစဉ်အတွက် လမ်းကြောင်းချထား၍ တပ်စုတစ်စုကို နယ်မြေရှင်းလင်းရေးတာဝန် ပေးလိုက်သည်။

နောက်နေ့ ညနေ(၄း၃၀)နာရီချိန်ခန့်တွင် တပ်ရင်းမှူးကြီးနှင့်အဖွဲ့ ကျုံခွန်ရွာသို့ ရောက်လာပါသည်။

ခရီးပန်းလာသည့် တပ်ရင်းမှူးကြီးကို တပ်ခွဲမှူးက ခရီးဦးကြိုဆို ညှိခံသည်ကို လက်မခံဘဲ တပ်သားသန်းမြင့် အလောင်း မြှုပ်နှံထားသည့် နေရာကို ပြခိုင်းပါသည်။

မြှုပ်နှံထားရာ မြေပုံသို့ရောက်လျှင် အလောင်းဖော်ရန် အမိန့်ပေးပါတော့သည်။ ထိုအချိန်တွင် ကျုံခွန်ရွာ ကျောင်းဆရာတော် ရောက်ရှိလာပြီး တပ်ရင်းမှူးကြီးနှင့် တွေ့ဆုံကာ...

'ဆရာတော်ကိုယ်တိုင် ကြွပြီး သရဏဂုံတင်ပေးခဲ့တယ်။ ရွာသင်္ချိုင်းမှာ မမြှုပ်ဘဲ ဒီတပ်စခန်းမှာ မြှုပ်ခဲ့တာ အမှန်ပါ'

ဟု ဝင်ပြောမှသာ တပ်ရင်းမှူးကြီး လက်ခံယုံကြည်ပါတော့သည်။

သို့သော် တပ်ခွဲမှူး ဗိုလ်ကြီးချစ်သောင်းကိုမူ ကျေနပ်မှုမရှိဘဲ တပ်ရင်းမှူးကြီး ပြန်လည်ထွက်ခွာချိန်၌...

'မင်းတို့တပ်ခွဲ ရဲဘော်တစ်ယောက် ကျဆုံးပြီး လက်နက်ခဲယမ်း ပါသွားတဲ့အတွက် ရန်သူတစ်ယောက်နဲ့ သေနတ်တစ်လက် အစားပြန်မရမချင်း တပ်ရင်းမပြန်ရဘူး'

တပ်ရင်းမှူးကြီး၏ နှုတ်မိန့်အရ ဗိုလ်ကြီးချစ်သောင်းမှာ ရန်သူ့သတင်းကို နယ်မြေရှင်းလင်းစုံစမ်းရန် တပ်စုများကို တာဝန်ပေးရပြန်သည်။

ကျွန်ုပ်တို့ ရောက်ရှိနေသော နေရာဝန်းကျင်မှာ အနက်ရောင် နယ်မြေဖြစ်နေသဖြင့် လှည့်ကင်းထွက်ရလျှင် အသက်ကို ဖက်နှင့်ထုပ်ထားရမလိုဖြစ်နေသည်။

ခြေရာဖျောက် ပုန်းကွယ်နေသော ရန်သူသည် ကျွန်ုပ်တို့ ဘယ်အချိန် ဘယ်နေရာ၌ အလစ်အငိုက် တိုက်ခိုက်မည်ကို သတိထားနေရသည်။

စင်စစ် တပ်ရင်းမှူး၏ နှုတ်မိန့်သာ မရှိလျှင် ကျွန်ုပ်တို့တပ်ခွဲသည် တစ်ပတ်၊ နှစ်ပတ်အတွင်း၌ တပ်ရင်းသို့ ပြန်ခွင့်ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မမျှော်လင့်ဘဲ တပ်သား သန်းမြင့် ကျဆုံးခဲ့ရသည်ကို တပ်ရင်းမှူးမှ ပေါ့ဆမှုဟု မှတ်ချက်ပြုကာ ပြစ်ဒဏ်ပေးခဲ့၏။ **"ရန်သူတစ်ယောက် သေနတ်တစ်လက်"** အစားပြန်မရမချင်း တပ်ရင်းသို့ ပြန်နားခွင့် မရှိတော့ပါ။

သို့ဖြစ်၍ ရန်သူ့သတင်းကို မနားမနေ စုံစမ်းရင်း တပ်သားသန်းမြင့် ကျဆုံးပြီး (၁၀)ရက်ခန့်အကြာတွင် မယုံနိုင်ဖွယ်ရာ သတင်းတစ်ခုကို ရလိုက်ကြပါသည်။

ကျုံ့ခွန်ရှာ၌ပင် ဖြစ်သည်။

တပ်သားသန်းမြင့် ကျဆုံးသွားပြီးနောက် ကျွန်ုပ်သူငယ်ချင်း တပ်ကြပ်မြတ်ထွန်းနှင့် သူ၏ တပ်စိတ်သည် ဘုန်းကြီးကျောင်းအောက်၌ မနေရဲတော့သဖြင့် ကျွန်ုပ်၏ တပ်စိတ်မှာ သူတို့၏နေရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ဘုန်းကြီးကျောင်း အောက်တွင် တပ်စိတ်တစ်စိတ်ကို မဖြစ်မနေ ကင်းချထားရန် လိုအပ်နေသည်။ ဘုန်းကြီးကျောင်းအနီးတွင် ရွာကူးတံတားနှစ်စင်းရှိသဖြင့် ထိုတံတားမှ ရန်သူဝင်ရောက်နိုင်မည် ဖြစ်သောကြောင့် ကျွန်ုပ် တပ်စိတ်မှာ ဘုန်းကြီးကျောင်းအောက်သို့ ပြောင်းရွှေ့ခဲ့ရသည်။

**(ထိုနေရာတွင် တပ်ကြပ်မြတ်ထွန်း တပ်စိတ် မနေရဲခြင်းမှာ ကျဆုံးသွားသည့် တပ်သားသန်းမြင့်သည် မကျွတ်မလွတ်နိုင်ဘဲ ပရလောကသားအဖြစ် ညဘက်တွင် လာရောက်ပြီး ခြောက်လှန့်နေသည်ဆိုကာ နေရာပြောင်းရွှေ့သွားခြင်းဖြစ်သည်။)**

ကျွန်ုပ်၏ တပ်စိတ်တွင်ရှိသော တပ်သားအောင်စိန်နှင့် ပန်းမောင်မှာ ကျဆုံးသွားသည့် တပ်သားသန်းမြင့်နှင့် တစ်မြို့တည်းသားလည်းဖြစ်၊ သင်တန်းအတူဆင်းဖက် သူငယ်ချင်းများဖြစ်၍ ကြောက်စရာမလိုဟုပြောကာ ကျောင်းတွင် နေရာချထားပေးသည်ကို ကျေနပ်နေကြသည်။

ပြောင်းရွှေ့သည့် ညမှာပင် အိပ်ပျော်နေသော တပ်သား အောင်စိန်နှင့် ပန်းမောင်တို့၏ ခြေထောက်များကို လက်ကြမ်းကြီးဖြင့် အဆွဲခံလိုက်ရသည်။(သူငယ်ချင်းများဖြစ်၍ နောက်ပြောင်ကျီစယ်လေသလားမသိ။)

နှစ်ယောက်စလုံး ကြောက်စိတ်ကြီးကာ မအိပ်ရဲတော့သဖြင့် ဘုန်းကြီးကျောင်းအနီးရှိ လူမနေသော ခြေတံရှည်အိမ်ကြီးတစ်လုံး၏ အောက်တွင် ပြောင်းရွှေ့ခဲ့ပြန်သည်။ ကျုံ့ခွန်တံတားနှင့် နီးသဖြင့် အဆင်ပြေ၏။

ကျွန်ုပ်တို့တပ်စိတ်သည် ထုံးစံအတိုင်း လှည့်ကင်းထွက်ပြီး မိမိနေရာသို့ ပြန်ရောက်စဉ် ညနေစာချက်ပြီး ည(၇)နာရီခန့်တွင် အစောင့်ကင်းမှလွဲ၍ တပ်စိတ်ရှိ ရဲဘော်များ အတူတကွ ထမင်းစားရန် ခူးခပ်နေကြသည်။

ထိုနေ့က ရွာတွင်း၌ ဝက်ပေါ်သဖြင့် ကျွန်ုပ်တို့ တပ်စိတ်မှာလည်း ဝေပုံကျအစိတ်သားတစ်တွဲ ဝယ်ယူပြီး တောအရက်တစ်လုံး ဝေမျှသောက်ကာ ဝက်သားဟင်းနှင့် ထမင်းစားနေခိုက် ပန်းမောင်တစ်ယောက် ဘာဖြစ်သည်မသိ အသားတဆတ်ဆတ်တုန်ကာ...

'ဟေ့ကောင် အောင်စိန် မင်းတို့ချည်း ဝက်သားဟင်းနဲ့ စားနေကြတယ်။ ငါ့ကိုလဲ ကျွေးကြလေကွာ'

အောင်စိန်ကို လက်ညှိုးထိုးပြီး ပန်းမောင်က ပြောလိုက်သောကြောင့်...

'ဟေ့ကောင် ပန်းမောင် မင်းလဲ ဝက်သားဟင်းနဲ့ ထမင်းစားနေတာပဲ။ ဒါတို့ကို ပြူးတူးပြဲတဲ လာမကြောင်စမ်းပါနဲ့ကွာ'

အောင်စိန်က ခပ်မာမာပြောလိုက်သည်။ အမှန်ပင် ပန်းမောင်မှာ မျက်လုံးမျက်ဖန် တစ်မျိုးပြောင်းနေသည်။ အသံပါ ပြောင်းနေသည်။ သည်အသံကို ကျွန်ုပ် ကြားဖူးသလိုလိုရှိသဖြင့် ပန်းမောင်ကို ကြည့်လိုက်ရာ...

'ဆရာသက် ကျွန်တော် ပန်းမောင် မဟုတ်ဘူး သန်းမြင့်လေ။ ဆရာမြတ်ထွန်းတပ်စိတ်က သေသွားတဲ့သန်းမြင့်၊ မစားမသောက်ရဘဲ ဒုက္ခရောက်နေတယ်။ ကျွန်တော့်ကို ဝက်သားဟင်းနဲ့ ထမင်းကျွေးပါ ဆရာရယ်'

တောင်းပန်ခယ ပြောဆိုသံကြောင့် သန်းမြင့်မှ သန်းမြင့်အစစ် ဖြစ်နေခြင်းကို အတွေ့အကြုံများအရ ကျွန်ုပ် သိလိုက်ပါသည်။

ကျဆုံးသွားသည့် တပ်သားသန်းမြင့်သည် ပရလောကသားတစ်ဦးအဖြစ် သူ့သူငယ်ချင်း ပန်းမောင်ကို ဝင်ပူးနေခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်က...

'စားစမ်း သန်းမြင့် စားစမ်း ပြီးရင် မင်းနေရာ မင်းပြန်တော့၊ တို့ဆီကို မလာပါနဲ့ကွာ၊ ရဲဘော်တွေ ကြောက်နေကြပြီ'

ကျွန်ုပ် အခြေအနေမှန်ကို ပြောပြသောအခါ ဝင်ပူးနေသော သန်းမြင့်သည် ဘာမှ မပြောတော့ဘဲ ထည့်ပေးထားသော ထမင်းဟင်းများကို အားပါးတရ စားပြီးနောက် ရေတစ်ခွက်သောက်ကာ...

'ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ကျွန်တော် အခုလာတာ ဆရာတို့ကို ကူညီချင်လို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com

ပြောစရာရှိလို့ ဗိုလ်ကြီးချစ်သောင်းကို အမြန်ခေါ်ပေးပါ။ ကျွန်တော့်မှာ အချိန်သိပ်မရဘူး'

တောင်းပန် ပြောဆိုနေသဖြင့် ကျွန်ုပ်ကိုယ်တိုင် ဗိုလ်ကြီးချစ်သောင်းကို သွားရောက်ပြောပြရာ ဗိုလ်ကြီးကလည်း သန်းမြင့် ဝင်ပူးနေသည်ဆို၍ ချက်ချင်းပင် တပ်ခွဲအရာခံဗိုလ် ဆရာကြီးသောင်းစိန်နှင့် လိုက်လာပါသည်။

ပန်းမောင်နှင့် ဝင်ပူးနေသော တပ်သားသန်းမြင့်သည် တပ်ခွဲမှူးနှင့် ဆရာကြီးကို မြင်သည်နှင့်...

ကျွန်တော့်ကြောင့် ဗိုလ်ကြီးတို့လဲ စိတ်ညစ်နေရပြီ။ တပ်ခွဲလဲ တပ်ရင်း ပြန်မဝင်ရဘူး။ ကျွန်တော့်ကို ပစ်သတ်ခဲ့တဲ့ ဒီအိုတသောင်းတို့သတင်း ဗိုလ်ကြီးတို့ကိုပေးမယ်။

ဘသောင်းတို့ ဖားပြရွာဘက်ကနေ ဒီညနေ ထွက်လာကြတယ်။ သပြေကုန်းရွာဘက် သွားကြလိမ့်မယ်။

အင်အား(၁၅)ယောက်လောက် ရှိတယ်။ အမှန်သတင်းပဲ။ ဗိုလ်ကြီး တိုက်ခွက်ရအောင် သတင်းလာပေးတာပါ။ ကျွန်တော် သွားပြီ ဗိုလ်ကြီးရေ'

တပ်ခွဲမှူး ဗိုလ်ကြီးချစ်သောင်းကို ပြောဆိုပြီး တပ်သားသန်းမြင့် ထွက်သွားသည်နှင့် ပန်းမောင်မှာ ကြောင်တိကြောင်တောင် ငေးငိုင်ကျန်ရစ်သည်။

ဆရာကြီးသောင်းစိန်က ပန်းမောင်၏ ပခုံးကို ကိုင်လှုပ်လိုက်မှ နဂိုအတိုင်း သတိဝင်ကာ ဝိုင်းအုံနေသူများကို ကြည့်နေသည်။

တပ်သားအောင်စိန်က ပန်းမောင်ကို အရက်တစ်ခွက် ထည့်တိုက်ရာ မသောက်တော့ဘဲ တုံးလုံးလှဲကာ အိပ်လိုက်သည်။ ထိုအခါ ဗိုလ်ကြီးချစ်သောင်းကို အသက်အရွယ်ကြီးပြီး



အတွေ့အကြုံများလှသည့် ဆရာကြီးသောင်းစိန်က...

'ကျွန်တော် တပ်ကြပ်ဘဝ မြစ်ဝကျွန်းပေါ်ဘက် တာဝန်ကျတုန်းက ဒီလိုဖြစ်ရပ်မျိုး ကြုံဖူးတယ် ဗိုလ်ကြီး။ တပ်သားသန်းမြင့်က ရဲဘော်စိတ်ရှိတယ်။ ဘဝခြားနေပေမယ့် ပရလောကသား တစ်ယောက်အနေနဲ့ စွမ်းဆောင်ပေးနိုင်တာတွေရှိတယ်။ သူ့စကားအတိုင်း ဒီအိုတသောင်း သတင်းကို မနက်ဖြန် စောင့်ကြည့်ပေါ့ဗိုလ်ကြီး'

ဟု ပြောဆိုသောအခါ ဗိုလ်ကြီးချစ်သောင်းသည် ခေါင်းညိတ်လျက်...

'တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ၊ ကျန်ခဲ့တဲ့ သူ့မိန်းမလဲ ကနေ့ပဲ မီးဖွားတယ်။ ယောက်ျားလေး။ ကျွန်တော့်ဇနီးက စောင့်ရှောက်နေတော့ လှမ်းအကြောင်းကြားတယ်။

သူ့မိန်းမကိုလဲ အိမ်မက်ပေးတယ်တဲ့။ တပ်ခွဲ(၄)အတွက် ရန်သူတစ်ယောက်နဲ့ သေနတ်တစ်လက် ပြန်ရအောင် သူ လုပ်ပေးမယ်။

သူ့ကိုလဲ ကောင်းရာမွန်ရာရောက်အောင် ဆရာတော် ဦးခန္တီကျောင်းမှာ (သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက် ကိုးနဝင်းဝိုင်းတွင် ကျွန်ုပ်တို့ ခလရ(...) တပ်မိသားစုများ ကိုးကွယ်သော **"ဓမ္မပါလကိုးနဝင်းကျောင်း"** ရှိပြီး ဆရာတော်မှာ သီလဂုဏ်၊ သမာဓိဂုဏ် နှင့် ပြည့်စုံတော်မူသော ဘွဲ့အမည် ဘဒ္ဒန္တခန္တီစာရ ဖြစ်ပါသည်။ ယခုအခါ သက်တော်ရှစ်ဆယ်နီးပါး ရှိနေပြီဖြစ်၏။) အလှူပွဲ လုပ်ပေးပါတဲ့'

ဗိုလ်ကြီးချစ်သောင်းဇနီးမှာ ဘွဲ့ရသူနာပြုဆရာမ တစ်ယောက်ဖြစ်ပြီး စိတ်သဘောထားကောင်း၏။ ရတနာသုံးပါး ကြည်ညိုကာ လူမှုရေးစိတ်ဓာတ်လည်းရှိသူ ဖြစ်၏။

တပ်သားသန်းမြင့် ဝင်ပူးပြောခဲ့သည့်စကားကို ဆရာကြီး သောင်းစိန်ကလည်း သူ၏ ကျင်လည်ခဲ့ရသော ဘဝအတွေ့အကြုံများအရ...

'သန်းမြင့် ပြောခဲ့တဲ့ စကားကို ကျွန်တော်တွေ… ယုံကြည်တယ် ဗိုလ်ကြီး။ ဝင်ပူးပြောတာတွေ၊ အိပ်မက်ပေးတာတွေက တစ်ခါတစ်ခါ မယုံနိုင်လောက်အောင်ကို မှန်တတ်တယ်။

သပြေကုန်းရွာဆိုတာကလဲ ရန်သူ ခိုအောင်းလို့ကောင်းတဲ့ နေရာပဲ။ ကျွန်တော်တို့တပ် မရောက်တာလဲ ကြာပြီ'

'ဟုတ်ပြီလေ ဆရာကြီး ပြောတာကို ကျွန်တော်လဲ လက်ခံယုံကြည်ပါတယ်။ မနက်ဖြန် ကျွန်တော်တို့ ဖားပြုဘက်ကို တပ်ခွဲတစ်ခွဲလုံး ချီတက်ဖို့ နောက်တန်းက ညွှန်ကြားချက်လဲ ရောက်နေတယ်ဆိုတော့ သပြေကုန်းရွာဘက်ကလှည့်ပြီး ဖားပြုကို သွားကြမယ်လေ'

တပ်ခွဲမှူး ဗိုလ်ကြီး ချစ်သောင်းသည် ဆရာကြီးသောင်းစိန်၏ အကြံပြုတင်ပြချက်ကို လက်ခံပြီး တပ်သားသန်းမြင့် သတင်းပေးသည့်အတိုင်း ခရီးစတင်ရန် တပ်စုမှူး၊ တပ်စိတ်မှူးများနှင့် ညှိနှိုင်းကာ စစ်ဆင်ရေးခရီး ရေးဆွဲကြပါသည်။

နောက်နေ့ နံနက်(၉)နာရီတွင် ကျွန်ုပ်တို့တပ်ခွဲသည် ကျုံခွန်ရွာကြီးမှ ထွက်ခဲ့ကြသည်။ ရှေ့ပြေးပွိုင့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ တပ်စိတ်မှ တာဝန်ကျသဖြင့် သတိနှင့် ချီတက်ခဲ့ရာ (၁၀း၃၀)နာရီ အချိန်ခန့်တွင် သပြေကုန်းရွာ မရောက်မီ ကျွန်ုပ်တို့ တပ်ခွဲရှိရာသို့ ပုဆိုးကွင်းသိုင်းကာ လျှောက်လာသော အရပ်သားနှစ်ယောက်ကို တွေ့လိုက်ရသည်။

အရပ်သား နှစ်ဦးစလုံးသည် တောင်ဒီးရွာမှ ဖြစ်နေကြသည်။ တစ်ဦးက အားကစားဘောင်းဘီတို ဝတ်ထားသည်။

တောင်ဒီးရွာတွင် ကျွန်ုပ်တို့နှင့် ရွာသားများ ချစ်ကြည်ရေးဘောလုံး ကစားကြရာ ဗိုလ်ကြီးချစ်သောင်းမှ ထိုသူကို ဘောလုံးကန်ဘောင်းဘီ တစ်ထည် လက်ဆောင်ပေးခဲ့ဖူးသဖြင့် ထိုဘောင်းဘီကို မြင်သည်နှင့် မှတ်မိသည်။

ထိုသူ နှစ်ယောက်စလုံးမှ ထန်းရည် မူးနေကြသည်။ ဗိုလ်ကြီးချစ်သောင်းက ထိုနှစ်ယောက်ကို ခေါ်ယူ၍ ရန်သူ့သတင်း စုံစမ်းမေးကြည့်ရာ ဗိုလ်ကြီးချစ်သောင်း ဘောင်းဘီပေးထားသောသူက ထန်းရည်သောက်ထားသည့် အရှိန်ဖြင့်...

'သပြေကုန်းရွာ အနောက်ဘက်မှာ ဘသောင်းတို့အဖွဲ့ ထန်းရည်သောက်နေကြတယ် ဗိုလ်ကြီး။ တော်တော်မူးနေကြတယ်။ လူနှစ်ဆယ်လောက်ရှိလိမ့်မယ်။ အခုထိ သောက်နေကြတုန်းပဲ'

ခိုင်လုံသော သတင်းစကို ရရှိလိုက်သဖြင့် ဗိုလ်ကြီးချစ်သောင်းသည် သူတို့နှစ်ယောက်ကို တောင်ဒီးသို့ ဆက်သွားရန် ခွင့်ပြုလိုက်ပြီး စစ်ကြောင်းနှင့် တွေ့ခဲ့သည့် သတင်းကို မည်သူ့ကိုမျှ မပြောရန် မှာကြားပြီး ကျွန်ုပ်နှင့် တပ်ကြပ် ဘိုးအေးကိုခေါ်ကာ...

'ကဲ...ဆရာဘသက်နဲ့ ဆရာဘိုးအေး တပ်စိတ်က ဘယ်ညာနှစ်ဖက် ပွိုင့်တက်ပြီး ဘသောင်းတို့ အဖွဲ့ကိုဝိုင်း။ ကျုပ်တို့က အလယ် ကျောကထပ်မယ်။ ရှိနေမှန်း သေချာရင် ပစ်တက် တက်ရှင်း'

ဗိုလ်ကြီးချစ်သောင်း အမိန့်အတိုင်း ကျွန်ုပ်၏ ရွာ၏ ဘယ်ဘက်၊ ဆရာဘိုးအေးက လယ်ကွင်း ညာဘက်ခြမ်းမှ ပွိုင့်ရှေ့ပြေး တက်ခဲ့ရာ မိနစ်နှစ်ဆယ်ခန့် အရောက်တွင် ရွာစပ်သို့ ချဉ်းကပ် နိုင်ခဲ့ကြသည်။ တစ်ရွာလုံး တိတ်ဆိတ်နေ၏။ ရန်သူရှိနေမှန်း သေချာပြီ။

အိမ်တစ်အိမ်ပေါ်၌ လူတစ်စု ဝိုင်းဖွဲ့နေသည်ကို မြင်လိုက်ရာ ထန်းရည်ဝိုင်းဟု ခန့်မှန်းရသဖြင့်...

'ဒိုင်း...ဒိုင်း...ဒိုင်း'

'ဖန်း...ဖန်း...ဖန်း'

ကျွန်ုပ် တပ်စိတ်မှ ပစ်လိုက်သည်နှင့် ထိုလူစု ရုတ်ရုတ်သဲသဲ ဖြစ်ကာ အိမ်ပေါ်မှ ခုန်ချပြီး...

'ဒိုင်း...ဒိုင်း...ဒိုင်း'

ပြန်လည်ပစ်ခတ်ကြရာ ရန်သူ အမှန် ဖြစ်နေသဖြင့် ညာဘက်ကြောမှ တပ်ကြပ်ဘိုးအေးကလည်း ပစ်တက် တက်လာသည်။

ဗိုလ်ကြီးချစ်သောင်း အဖွဲ့မှလည်း ခင်ရောက်လာပြီ ဖြစ်သဖြင့် အပြန်အလှန် ပစ်ခတ်ကြရာ (၁၅)မိနစ်ခန့် အကြာတွင် ရန်သူ့ဘက်မှ ပြန်လည် ပစ်ခတ်ခြင်း မပြုနိုင်တော့ဘဲ ကစဉ့်ကလျား ထွက်ပြေးကြရတော့သည်။

ကျွန်ုပ်တို့တပ်ခွဲ တစ်ရွာလုံးကို ပိုက်စိပ်တိုက် ရှင်းလင်းရာ ရန်သူ(၃)လောင်းနှင့် သေနတ်(၃)လက်အပြင် သေနတ်ထိမှန်ပြီး မပြေးနိုင်တော့



သည့် ရန်သူတစ်ယောက်ကို အရှင် ဖမ်းမိလေသည်။ ရရှိသည့် သေနတ်သုံးလက် အနက်မှာ ကျဆုံးသွားသည့် တပ်သား သန်းမြင့်ထံမှ ရန်သူလုယူသွားခဲ့သည့် ဂျီ-၃ သေနတ်ဖြစ်၍ အီကွေးမင့်ကိုပါ ရရှိလိုက်ခြင်းကပင် ဖြစ်တော့ဖြစ်ခဲ အံ့ဩစရာပင် ဖြစ်ခဲ့ရသည်။

အရှင်ဖမ်းမိသူမှာ ညာဘက်လက် ပြင်မှာ သေနတ်ထိမှန်ထားသဖြင့် အသက်စိုးရိမ်ဖွယ်ရှိသည်။ ဗိုလ်ကြီး ချစ်သောင်းက ဆေးတပ်ကြပ် စံရီကို ခွဲစိတ်ကုသပေးရန် ခိုင်းလိုက်သည်။

သို့သော် သေနတ်ကျည်ဖူးသည် ညာဘက်လက်ပြင်မှဝင်၍ ဘယ်ဘက် ရင်အုံကို ဖောက်ထွက်ဝင်သွားသည့် ဒဏ်ကြောင့် သွေးများ ယိုစီးထွက်နေသည်။ အသက်ရှင်နိုင်ဖွယ်ရာ အကြောင်း မရှိတော့ချေ။

အသက်ငင်နေသည့် ထိုရန်သူမှ တပ်မတော်က သူ့ကို ကြင်ကြင်နာနာ ပြုစုကုသပေးသည့်အတွက် ကျေးဇူးတင်ကာ ဝန်ခံသွားခဲ့သည်။

'ကျုံခြန်ရွာထဲကားမှာ သေသွားတဲ့ ရဲဘော်ကို ကျွန်တော်ကိုယ်တိုင် ပစ်သတ်ပြီး ချောင်းထဲကို ကန်ချခဲ့တာပါ။ ရဲဘော်က ကင်းစောင့်နေတယ်။ ကျွန်တော်တို့က ရွာသားယာန်ဆောင်ပြီး ပုဆိုးစလွယ်သိုင်း ဒုတ ပစ္စတိုဂုက်ပြီး တံတားပေါ်ကို တက်လာတယ်။

ရဲဘော်က ရန်သူမထင်ဘဲ ဆေးလိပ်မီး လှမ်းတောင်းတော့ ကျွန်တော်က ပလိုင်းထဲက မီးခြစ်ထုတ်သလိုနဲ့ ပစ္စတိုကိုထုတ်ပြီး အနီးကပ် ပစ်လိုက်တယ်။ သူ ခေါင်းကိုထိကျ

www.burmeseclassic.com

သွားတယ်။ သူ့သေနတ်နဲ့ အီကွေးမင့်ကို ယူပြီး ကျွန်တော်တို့ပစ်ပြေး ပြေးခဲ့တာပါ ပြီးတော့...' 

စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ အသက်ထွက်သွားပါတော့သည်။ ခေါင်းဆောင်ဖြစ်သူ ဒီအိုဘသောင်းကို မမိလိုက်သော်လည်း ယခု ရန်သူ(၄)လောင်းနှင့် သေနတ်(၃)လက် ပြန်ရလိုက်သဖြင့် ပျော်မဆုံး ဖြစ်ခဲ့ကြရသည်။

'ရန်သူတစ်ယောက်နဲ့ သေနတ်တစ်လက် ပြန်မရမချင်း မင်းတို့တပ်ခွဲ တပ်ရင်းကို ပြန်မဝင်ရဘူး'

တပ်ရင်းမှူးကြီး၏ ဒဏ်ခတ်အမိန့်အတွက် ကျွန်ုပ်တို့ ပြန်လည်ရယူပေးဆပ်နိုင်ခဲ့ကြရသည့်အတွက် တပ်ခွဲမှူးမျက်နှာ ကြည်လင်ပြုံးရွှင်လာနိုင်ခဲ့ပြီ။ အောင်နိုင်သူတို့၏ ဝမ်းသာစိတ်ဖြင့် ကြေးနန်းတစ်စောင် တပ်ရင်းသို့ ပို့လိုက်သည်။

'သပြေကုန်းရွာတွင် တိုက်ပွဲဖြစ်၊ ဒီအိုဘသောင်းအဖွဲ့မှ ရန်သူအလောင်း လေးလောင်းနှင့် သေနတ်သုံးလက် သိမ်းဆိုက်ရရှိ၊ သေနတ်တစ်လက်မှာ တပ်သားသန်းမြင့်ထံမှ ပါသွားသည့် ဂျီ၃ သေနတ်နှင့် အီကွေးမင့်ကျည်ဆန်များဖြစ်၊ မိမိဘက်မှ အကျအဆုံး အထိအခိုက်မရှိ'

အထက်ပါ ကြေးနန်းကို ပို့ပြီးနောက် တပ်ခွဲမှူးက ကျွန်ုပ်တို့အားလုံးကို...

'သပြေကုန်းရွာ တိုက်ပွဲရဲ့ အောင်မြင်မှုအတွက် ကျဆုံးသွားတဲ့ သန်းမြင့်ကို ဂုဏ်ပြုထိုက်တယ်။ သူက ပရလောကသားဘဝကနေ ရဲဘော်ရဲဖက်စိတ်နဲ့ ရန်သူ့သတင်းကို သူပေးခဲ့လို့သာ တို့တစ်တွေ အနိုင်ရခဲ့တာ။

သန်းမြင့်ရေ...မင်း တာဝန်ကျေပွန်ခဲ့သလို တို့လဲ မင်းအတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးပါ့မယ်ကွာ၊ ရောက်လေရာ အရပ်က သာဓုခေါ်ပါ။

မင်းရဲ့ဖနီးသည့်ကိုလဲ မင်းရဲ့သူငယ်ချင်း လူပျိုကြီးပန်းမောင်နဲ့ ပေးစားပြီး စောင့်ရှောက်ထားပါ့မယ်လို့ ငါ ကတိပြုပါတယ်'

ဗိုလ်ကြီးချစ်သောင်းက ပရလောကသား တပ်သားသန်းမြင့်ကို တိုင်တည်ပြီး ဂုဏ်ပြုစကားနှင့် ကတိပြုလိုက်သည်။

ရဲဘော်များအားလုံးက ဝမ်းသာအားရ လက်ခုပ်လက်ဝါးတီးပြီး တပ်သားပန်းမောင်ကို ဝိုင်းကြည့်ကြရာ အလွန်ရှက်တတ်သော ပန်းမောင်တစ်ယောက် ခေါင်းငုံ့ထားသဖြင့်...

'သန်းမြင့်ဖနီးကို ပန်းမောင်ကြီးနဲ့ ပေးစားတာ သဘောတူပါတယ်။ ကျွန်တော်တို့ သဘောတူပါတယ်'

ဟု ဝိုင်း၍ ထောက်ခံလိုက်ကြသည်။

ဤသို့ဖြင့် မိမိသေနတ် ပါသွားပြီး ကျဆုံးသွားခဲ့ရရှာသော တပ်သားသန်းမြင့်သည် ပရလောကသားအဖြစ် ပြန်လည်ကျေးဇူးပြုကာ ရန်သူ့သတင်းကို ပူးကပ်၍ ပေးခဲ့သည်။

ရန်သူလေးလောင်းနှင့် သေနတ်သုံးလက် ပြန်လည် ရရှိခဲ့ခြင်းသည် အံ့ဩစရာ ဆန်းကြယ်တိုက်ဆိုင်ခဲ့သည့် ဂမ္ဘီရဆန်သော အဖြစ်အပျက်တစ်ခု ဖြစ်နေ၍ ယနေ့တိုင် စစ်မြေပြင်မှ အမှတ်တရဇာတ်လမ်းတစ်ပုဒ်အဖြစ် ပြောစမှတ်ပြုနေရဆဲ ဖြစ်ခဲ့လေတော့သည်။

**(ဗိုလ်မှူးချစ်သောင်း – မုဒုံ(ငြိမ်း) နှင့် တိုက်ပွဲဝင်ခဲ့သည့် စစ်သည်များအတွက် သတိတရ...)**

**ဝသုန်သက်လွင်**



# သားစိမ်းငါးစိမ်း

**ဆောင်ယူလျှင် သတိယှဉ်**

ရှေးလူကြီးသူမများသည် ကလေးသူငယ်များ၊ ကြောက်လန့်တတ်သူများအား ညနေ နေဝင်ရီတရော ဈွားရိုင်းသွင်းသည့် အချိန်တို့တွင် တစ်ယောက်တည်း လမ်းမသွားကြရန် သတိပေးလေ့ရှိခဲ့ကြသည်။

ထိုအချိန်များတွင် ပရလောကသားတို့ အစာရှာထွက်လေ့ရှိသောကြောင့် ကံဇာတာနိမ့်သည့် အခိုက်အတန့်နှင့် ကြုံတွေ့ရပါက ခြောက်မည်၊ လှန့်မည်၊ လန့်မည်ကို ကြုံတွေ့မှာ စိုးရိမ်သောကြောင့် ဖြစ်သည်။

ယင်းအချိန်များတွင် သားစိမ်းငါးစိမ်းများအား **ညနေဝင်ရီတရော ဈွားရိုင်းသွင်းချိန်တို့တွင်** တစ်ရွာမှတစ်ရွာ၊ တစ်နေရာမှ တစ်နေရာသို့သယ်ဆောင်သွားသည့်အခိုက် တစ်ခါတစ်ရံတွင် ထိတ်လန့်ဖွယ် အဖြစ်ဆိုးမျိုးများ ကြုံတွေ့ရလေ့ ရှိသည်။

ထိုကဲ့သို့ မလွှဲမရှောင်သာ ယူသွားရမည်ဆိုပါက အသားတွဲ ငါးတွဲထဲသို့ မီးသွေးခဲ ခုနှစ်ခဲအား စတီလုပ်ထည့်၍ *(ငါ့ဖော် ဟင်းလျာမှာ အကျက်၊ ချက်ပြီးသား)*ဟု နှုတ်မှ ပြောဆိုလျက် ထည့်ပြီးမှ ယူဆောင်ရမည်။

ဤနည်းအတိုင်းပြုလုပ်ဆောင်ယူသဖြင့် မည်သည့်အမှောင့်ပယောဂမှ ပူးဝင်နှောင့်ယှက်၊ လုယက်ယူငင်ခြင်းများ မပြုလုပ်နိုင်ကြောင်း ရှေးလူကြီးသူမများ၏ သတိပေးချက်များအရ သိရသည်။

ကျေးလက်ဒေသများတွင် ယနေ့ထက်တိုင် အစဉ်အလာ သုံးစွဲ စတီပြုလုပ်လျက်ရှိကြောင်း လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

**ကိုသက်ရှည်**



www.burmeseclassic.com

www.burmeseclassic.com



စကြံ့တောင်-သုတေသီ
(စဉ့်ကူးမြို့နယ်)

# ရုက္ခစိုးပေးသော ဆေးတော်ရေ

မန္တလေးတိုင်းဒေသကြီး၊ ...မြို့ ...ရပ်ကွက်မှ ဦးအောင်စက်၏ နေအိမ်မှာ လူများ ကြိတ်ကြိတ်တိုး စည်ကားနေပါသည်။ ထိုလူများမှာ ရောဂါသည် လူများနှင့် လူနာလိုက်ပို့သည့်သူများ ဖြစ်ပါသည်။

ဦးအောင်စက်သည် သူ့ထံ လာရောက်ဆေးကုသခံကြသော လူနာများကို ရေတိုက်ပြီး ကုသပါသည်။ ဦးအောင်စက် တိုက်သောရေကို သောက်ကြသော လူနာများမှာ ရေသောက်ပြီးသည့်ခဏမှာပဲ ခံစားနေရသော ဝေဒနာများမှာ သိသိသာသာ ပျောက်ကင်းကြပါသည်။

ရောဂါ ပျောက်ကင်းကြသော လူနာများက ဦးအောင်စက်ကို ပဲ၊ ဆန်များ လာရောက်လက်ဆောင်ပေး ကန်တော့ကြသည်မှာ များလှသည်။ ပိုက်ဆံတွေကလည်း ဝင်လိုက်တာမှ တဖွဲဖွဲ လက်ဖျား ငွေပေါ်၍ ရွှေဖြစ်နေတော့သည်။

ဦးအောင်စက် ရေဖြင့် ဆေးမကုမီက ဆောက်ထားသော အိမ်က ထရံကာ ကြမ်းခင်းခပ်သေးသေး ဖြစ်ပါသည်။ ရေဖြင့် ဆေးကုပြီးနောက် ပျဉ်ထောင် ပျဉ်ခင်း ၂-ခန်း,၃-ခန်း အကျယ် အိမ်ကြီး ဆောက်လုပ်နေထိုင်နိုင်ခဲ့ပါသည်။

ရေဖြင့် ဆေးမကုမီက အလုပ်အကိုင်ကလည်း ကြုံရာအလုပ်ကို လုပ်စားရသည်။ ဦးအောင်စက်၏ ရေဖြင့် ဆေးကုသနည်းကို ဘယ်လိုဘယ်နည်းဖြင့် ဆေးကုသနည်းဟု စုံစမ်းမေးမြန်းရသည်။

ဦးအောင်စက်သည် နေ့စဉ်နေ့တိုင်း အနန္တောအနန္တငါးပါးကို ကန်တော့အိပ်သည်။ တစ်ညမှာတော့ အနန္တော အနန္တငါးပါးကိုကန်တော့ပြီး ထူးထူးခြားခြား ထိုင်မနေနိုင်အောင် အိပ်ချင်လာတော့သည်။

အခြားညတွေမှာ (၁၀)နာရီ (၁၁) နာရီမှ အိပ်ပါသည်။ ဒီနေ့ညမှ (၇)နာရီရှိသေး ထူးထူးခြားခြား အိပ်ချင်လာသည်နှင့် အိပ်ရာထဲ ဝင်အိပ်လိုက်ပါတော့သည်။

အိပ်မက်ထဲမှာ ရုက္ခစိုးနတ်မင်း ရောက်လာသည်။

'လူကလေး အောင်စက် ကုသိုလ်လဲရ ဝမ်းလဲဝ မင်း ဆေးကုစားပါလား'

'ကျွန်တော်မှ ဆေးမကုတတ်တာ'

'ငါတောင်းတဲ့ ကတိကိုသာ တစ်သက်လုံး လိုက်နာမယ်ဆို ရေက ဆေးဖြစ်စေရမယ် လူလေး'

'ဒါဖြင့် လိုက်နာစောင့်ထိန်းရမှာသာ ပြောပါတော့'

'အမဲသားမစားနဲ့၊ အရက်မသောက်နဲ့၊ လင်ရှိမယားမပြစ်မှားနဲ့၊ ဒီသုံးခုကို

www.burmeseclassic.com

သာ လူလေးတစ်သက်လုံး လိုက်နာစောင့်ထိန်းပါ'

'လိုက်နာစောင့်ထိန်းပါမယ် ကတိပေးပါတယ်'

'ဆေးကုနည်း ပေးမယ်၊ သေချာမှတ်ထား လူလေး... ဖန်ခွက်ပေါ်ကို ပဝါအဖြူလေး အုပ်ပြီး ဘုရားစင်ပေါ်တင်ပြီး အနန္တော အနန္တငါးပါး ဘုရားကန်တော့လိုက်၊ ဘုရားကန်တော့ပြီးတော့ ငါ့ကို တမ်းတပြီး ဖြစ်နေတဲ့ ရောဂါပြောပြီး ပျောက်ကင်းချမ်းသာအောင် ဆေးတော်ရေပေးပါလို့ တောင်းလိုက်၊ ပြီးတော့ ဖန်ခွက်ကိုယူလိုက်၊ ပဝါအဖြူလေးကိုဖယ်လိုက်။

ဖန်ခွက်ထဲမှာ ဆေးတော်ရေတွေ ရောက်လာစေမယ်၊ အဲဒီဆေးတော်ရေနဲ့သာ လာရောက်ကုသတဲ့ လူနာတွေကို တိုက်လိုက်၊ ခံစားနေရတဲ့ ဝေဒနာတွေ ယူပစ်သလို ပျောက်သွားစေရမယ် လူလေး'

ဟု ရက္ခစိုးက ပြောပြီး ပျောက်ကွယ်သွားတော့သည်။

ဦးအောင်စက်လည်း အိပ်ပျော်ရာမှ နိုးလာတော့သည်။ နံနက်ကစပြီး ဦးအောင်စက်သည် ရက္ခစိုးနတ်မင်းကြီး ကတိတောင်းသွားသည့် အမဲသားမစားရ၊ အရက်မသောက်ရ၊ လင်ရှိမယားမပြစ်မှားရ စသည်တို့ကို စောင့်ထိန်းတော့သည်။

နံနက်ပိုင်း (၈)နာရီလောက်မှာ ဦးအောင်စက် အိမ်ရှေ့ခြံပေါက်ဝမှာ ဆံပင်စုတ်ဖွား အကျီမည်းမည်းပွပွနှင့် မိန်းမတစ်ယောက် တောင်လျှောက်လိုက်၊ မြောက်လျှောက်လိုက်နှင့် အခေါက်ခေါက် အခါခါ ဦးအောင်စက် အိမ်ရှေ့ သွားလာနေတာကို ဦးအောင်စက် မြင်တော့ **"ဒါ စိတ်မကောင်းတဲ့ အရူးမပဲ"**ဟု ဦးအောင်စက် သိလိုက်သည်။

ဦးအောင်စက်သည် အရူးမကို ဆေးကုချင်သောစိတ်မှာ ဘယ်လိုမှ ထိန်းမရသောကြောင့် အိမ်ပေါ်တက်ပြီး ဖန်ခွက်ကို ပဝါဖြူအုပ်၍ ဘုရားစင်ပေါ် တင်လိုက်ပြီး အနန္တောအနန္တငါးပါး ဘုရားကန်တော့ပြီး...

'ရက္ခစိုးနတ်မင်းကြီး မိန်းမတစ်ယောက်ရဲ့ ရူးနေတဲ့ ရောဂါဒေနာ ပျောက်ကင်းချမ်းသာအောင် ကျွန်ုပ်အား ဆေးတော်ရေများ ပေးတော်မူပါ'

ဟု (၃)ခေါက်လောက် တောင်းပြီး ဖန်ခွက်ကိုယူ ပဝါအဖြူကို ဖယ်လိုက်တော့ ဆေးတော်ရေတွေ ဖန်ခွက် အပြည့် မြင်တွေ့ရလေသည်။

ဦးအောင်စက် အလွန် အံ့သြထိတ်လန့်သွားသည်။

'ဟာ...တကယ်ကို ဆေးတော်ရေတွေ ဖန်ခွက်ထဲ ရောက်နေပါလား'

ထူးထူးခြားခြား ဖြစ်နိုင်ခဲ့သော အတွေ့အကြုံကို ကြုံတွေ့လိုက်တော့ ဦးအောင်စက် အံ့သြမဆုံး ဖြစ်နေတော့သည်။

ခဏကြာမှ အရူးမကို ဆေးကုရဦးမှာသတိရပြီး ဆေးတော်ရေဖန်ခွက်ကို ကိုင်၍ အရူးမရှိရာကို သွားပြီး ဆေးတော်ရေကို အရူးမကို တိုက်လိုက်လေသည်။

အရူးမလည်း ရေဆာနေသလား မသိပါ။ ဖန်ခွက်အပြည့် ဆေးတော်ရေတွေကို ကုန်အောင် သောက်လိုက်လေသည်။

နေ့လယ်ပိုင်းလောက်မှာ အကျီအဝတ်စား အကောင်းတွေဝတ်ပြီး ပါးပြင်မှာလည်း သနပ်ခါးရည်ကျဲလိမ်းထား၍ ဦးအောင်စက်ကို ရှိသေစွာ လာကန်တော့လေတော့သည်။

အရူးမ အရူးပျောက်သွားပြီး သူ့ထံ လာကန်တော့တာကြည့်ပြီး ဒုတိယအကြိမ် အံ့သြရပြန်သည်။

ထိုနေ့မှစ၍ ဦးအောင်စက် ရေမန်းကြောင့် အရူးမ အရူးပျောက်သွားကြောင်း ...ရပ်ကွက်မှာ သတင်းကြီးနေတော့သည်။

ထိုနေ့မှစ၍ ဦးအောင်စက်သည် သူ့ထံ လာပြီး ဆေးကုသခံကြသော လူနာများကို ရက္ခစိုးနတ်မင်းပေးသော ဆေးတော်ရေနှင့်သာ ကုသပေးပါသည်။ ဦးအောင်စက်၏ရေဖြင့် ဆေးကုသ၍ ပျောက်ကင်းသော ဂုဏ်သတင်းမှာ ...မြို့ပေါ်တွင်မက ရပ်ရွာတောရွာဒေသများမှာ ကျော်ကြားကာ နေတော့သည်။

ဦးအောင်စက်၏ ဂုဏ်သတင်း ပျံ့နှံ့ကျော်စောခြင်းကြောင့် ဦးအောင်စက်ထံ ဆေးကုသခံကြသော လူနာများမှာ တဖွဲဖွဲ တသဲသဲ ရောက်လာကြသည်။

ဦးအောင်စက်တစ်ယောက် လက်ဖျားငွေသီး၍ အပျော်ကြီး ပျော်နေတော့သည်။ ငါ့လိုလူမျိုး ဒီဇမ္ဗူမှာ ရှိသေးရဲ့လားဟုပင် ထင်ယောင်နေတော့မည်။

ရက္ခစိုးနတ်မင်းကြီးက ဦးအောင်စက်ကို အိပ်မက်ထပ်ပေးပြန်သည်။

'လူကလေး...ငါက အတိတ်တုန်းက လူကလေးရဲ့ ဖခင်ပဲ၊ အခု လူကလေးတို့အိမ်ရဲ့ အနောက်ဘက်က ညောင်ပင်ကြီးမှာနေတယ်၊ ညောင်ပင်ကို ကလပ်ရိုက်ပြီး ဆီမီး အမွှေးတိုင်၊ ရေတို့ကို ပေးလှူပါ'

ဟု ပြော၍ ရက္ခစိုးနတ်မင်းကြီး ပျောက်ကွယ်သွားသည်။

ဦးအောင်စက်လည်း နောက်နေ့က ညောင်ပင်ကို ကလပ်ရိုက်ပြီး ဆီမီး၊ အမွှေးတိုင်၊ ရေတို့ကို ဖခင် ရက္ခစိုးနတ်မင်းကြီးကို ပေးလှူလေတော့သည်။

တစ်နေ့တော့ ဦးအောင်စက် အကြံပေါက်လာသည်မှာ နွားသည်း



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပြီး ရွာရိုးတစ်လျှောက် တစ်ရွာဝင်၊ တစ်ရွာထွက် ဆေးလိုက်ကုမည်ဆိုပြီး သူငယ်ချင်းတစ်ယောက် ခေါ်ပြီး ရွာတစ်ရွာသို့ နွား၊ လှည်းဝယ်ရန် ရောက်လာခဲ့သည်။

သူငယ်ချင်း အိမ်တစ်အိမ်မှ ဈေးဆိုင်ကို ဝင်ထိုင်လိုက်သည်။ ထိုဈေးဆိုင်မှာ အရက်ဆိုင် ဖြစ်နေသောကြောင့်...

'ဒီဆိုင်က အရက်ဆိုင်ကြီးကွ၊ သွားကြစို့လို့'

ဦးအောင်စက်က ပြောလေသည်။

'ကိုအောင်စက်ရာ နေပူကြီးထဲက လာရတာ မောလဲမော၊ ပန်းလဲပန်း၊ ညောင်းကညောင်းသေး၊ အမောပြေ အညောင်းပြေလေးတော့ သောက်ပါရစေဗျာ'

ဟု သူငယ်ချင်းဖြစ်သူက မျက်နှာငယ်လေးနှင့် မျက်နှာချိုသွေးလေတော့သည်။

'ငါက သောက်လို့ မဖြစ်ဘူးနော်'

ဟု ဦးအောင်စက်က ပြောသည်။ ပြောပြောဆိုဆို အရက်ပုလင်းနှင့် အမြည်းကြော်တစ်ပွဲ စားပွဲခုံပေါ် ရောက်လာသည်။

သူငယ်ချင်းဖြစ်သူကတော့ အရက်တစ်ခွက်မော့ချလိုက်၊ အမြည်းကြော်လေး စားလိုက်နှင့်။ အမြည်းကြော်ကလည်း အနံ့က မွှေးနေသည်။

ကိုအောင်စက်မှ...

'တစ်ခွက်၊ နှစ်ခွက်လောက် အမောပြေ၊ အညောင်းပြေ သောက်စမ်းပါဦးဗျာ။ တစ်ခါတလေပဲ ဘာမှ မဖြစ်ပါဘူး'

သူငယ်ချင်းက အပြောကောင်းလေတော့ ဦးအောင်စက်လည်း အရက်တစ်ခွက် မော့ချလိုက်လေတော့သည်။ အနံ့မွှေးနေသည့် အမြည်းကိုလည်း စားလိုက်သေးသည်။

ထိုအမြည်းမှာ အမဲသားကြော် ဖြစ်



နေတော့သည်။ ဦးအောင်စက် မထူး ဖတ်ခဲ့ဖူးကာ အမဲသားကြော်ကိုလည်း ထပ်စား၊ အရက်ကိုလည်း တစ်ခွက်ပြီး တစ်ခွက် ထပ်၊ ထပ်သောက်နေတော့သည်။

နွား၊ လှည်း ဝယ်မရခဲ့။ ရေဒီယို ကက်စက်တစ်လုံးဝယ်ကာ ပြန်ခဲ့တော့သည်။ ဦးအောင်စက်သည် နွား၊ လှည်း သွားဝယ်ရာမှာ နွား၊ လှည်း ဝယ်မရခဲ့သည့်အပြင် စောင့်ထိန်းခဲ့သော ကံသုံးပါးလည်း နှစ်ပါး ကျိုးပေါက်ခဲ့လေသည်။

ဆေးကုသခံ လာကြသော လူနာများကတော့ ဦးအောင်စက် အိမ်မှာ ပြည့်နေသည်။ ဦးအောင်စက် အိမ်ပြန်လာကို စောင့်ဆိုင်းနေရင်း လာရာလမ်းကို မျှော်နေကြသည်။ ဦးအောင်စက်သည် အိမ်ခြံဝပေါက်သို့ ရောက်လာသည်။

ဆေးကုသ ခံလာကြသော လူနာများက ဦးအောင်စက်ကို မြင်တော့ ပျော်ရွှင်နေကြသည်။ ဦးအောင်စက်လည်း အိမ်ရောက်တော့ ခဏအနားယူပြီး လူနာများကို ဆေးကုသရန် အိမ်ပေါ်တက်ပြီး ဆေးကုနေကျ အစီအစဉ်အတိုင်း ပြုလုပ်၍ ဖန်ခွက်ကိုယူ၍ ပဝါအဖြူလေးကို ဖယ်ကြည့်လိုက်တော့ ဖန်ခွက်ထဲမှာ ဆေးတော်ရေ တစ်စက်ကလေးမှ မရှိ။ ဖန်ခွက်မှာ ခြောက်သွေ့နေသည်။

မှားခဲ့သမျှ အကြိမ်ကြိမ် တောင်းပန်ပြီး ဆေးတော်ရေ တောင်းသော်လည်း ဖန်ခွက်ထဲမှာ ဆေးတော်ရေ ရောက်မလာတော့။ ရဟန္တာစိုးနတ်မင်းကြီး စောင့်ထိန်းဆိုင်းသော ကံသုံးပါးကို မစောင့်ထိန်းနိုင်သောကြောင့် ယခုတော့ ဖန်ခွက်ထဲမှာ ဆေးတော်ရေ ရောက်မလာတော့။ ဦးအောင်စက် နောင်တကြီးစွာ ငိုကြွေးလေတော့သည်။

ဆေးကုမည့် ဝေဒနာရှင်တွေလည်း စိတ်ပျက်ကာ ပြန်သွားကုန်တော့သည်။ ထိုနေ့မှစ၍ ဦးအောင်စက်ထံ ဆေးကုမည့် လူနာများ တစ်ယောက်မှ ပေါ်မလာတော့ပါ။'

ဦးအောင်စက်လည်း ဆေးကုခဲ့စဉ်က လက်ဖျား ငွေသီးခဲ့သော်လည်း ယခုတော့ လက်ဖျားမှာ ငွေဆိုတာ ဗလာနတ္ထိ။ ငွေရဖို့ လက်ဖျားမှာ အသားမာတက်အောင် ကြိုးရာအလုပ်ကို လုပ်ကိုင်စားသောက်ရတော့သည်။

ယခုတော့ ဦးအောင်စက် တစ်ယောက် ဦးအောင်စက်ဘဝမှ အနားယူသွားပါပြီ။ ၂၀၀၄ ခုနှစ်က ဦးအောင်စက် ကွယ်လွန်သွားပါပြီ။

ယခုတိုင် ...ရပ်ကွက်မှာ ဦးအောင်စက်၏ သမီးခြောက်ယောက် အသက်ရှိထင်ရှား ရှိပါသေးသည်။ ဦးအောင်စက်၏ အိမ်နောက်ဖေးမှာလည်း စိမ်းစိမ်းညိုညို ရှင်သန်ကြီးထွားသော ညောင်ပင်ကြီးလည်း ရှိပါသေး၏။

မြို့အမည်၊ ရပ်ကွက်များကို ချန်လှပ်ထားပြီး လူနာမည်ကိုလည်း ပြောင်းထားပါသည်။ သို့သော် တကယ့်ဖြစ်ရပ်မှန်ကို ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

**ကြော်တောင်–သူတော်**
*(စဥ့်ကူးမြို့နယ်)*



www.burmeseclassic.com

www.burmeseclassic.com

# အာစရိ နှယောဂါ (၅)

**ယခင်လမှ အဆက်**

ဒေါ်သုဇန္နဝိစိတ္တ
(B.Sc, H.G.P, Dip.Ed)



မျက်ရည်တွေကျ၊ နာရည်တွေကျ ဆင်းရဲရှာ၏။ သို့သော် ထိုယောဂီက အားထုတ်ရှာ၏။ (၁၁)ရက်ကြာ အားထုတ်ပြီး ခြေထောက်နှစ်ဖက် တစ်ပြိုင်တည်း ထောက်နိုင်၏။ ခဲခဲယဉ်းယဉ်း လမ်းမလျှောက်ရတော့။ လမ်းကောင်းစွာ လျှောက်နိုင်ပါပြီ။

နာနေသောခါးက မနာတော့၊ ကုန်းနေသော ကျောတွေ ဖြောင့်ကုန်၏။ (၃၉)နှစ်ကြာဒဏ်ရာ ပျောက်သွား၏။ လမ်းမလျှောက်နိုင်တုန်းက စီးခဲ့သော စက်ဘီးအိုကလေးကို (ဆရာတော်မြတ် ရန်ကုန်၌ တရားပြခိုက်) ဆရာတော်မြတ်ထံ လာလှူပါ၏။

မပြည့်စုံသောသူက လှူထားသော အလှူမို့ ချီးမြှောက်သောအားဖြင့် ဆရာတော်မြတ် အလှူခံပေးခဲ့ပါသည်။ **(မှတ်တမ်းတစ်ခုပါ။)**

ဆရာတော်မြတ်၏ အထူး အရေးကြီးသော သာသနာပြုမှုတစ်ရပ် ရှိခဲ့ပါသည်။ (ယောဂီများကလွဲ၍ မည်သူမှ မသိပါ။ (၁၉၇၆ ခုနှစ်က စတင်ခဲ့ပါသည်။) ယောဂီများ တရားချတော့မည့်နေ့ မတိုင်မီ ဆရာတော်မြတ်က အထူးတရား ဟောကြားပါသည်။ လူမျိုးနှင့် သာသနာကို စောင့်ရှောက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။ လိုက်နာရန် ကတိပြုကြရပါသည်။

မန္တလေးမြို့ စာသင်သား ရဟန်းဘဝကအဖြစ်ကို ဟောပြသည်။ ထိုစဉ်က မန္တလေးမြို့တွင် လူမျိုးခြား၊ ဘာသာခြားများ စီးပွားရေးလုပ်ငန်းတွင် နယ်ကျယ်နေခဲ့၏။ (မြန်မာလူမျိုးများက ဘာသိဘာသာနေသူ များခဲ့ကြ၏။) ရဟန်းများက လူမျိုးခြား၊ ဘာသာခြားများ အိမ်ရှေ့၊ ဆိုင်ရှေ့တွင် ဆွမ်းခံမိလျှင် သူတို့စကားဖြင့် ဆဲခြင်း၊ မောင်းထုတ်ခြင်းကို (ဆရာတော်မြတ်) စာသင်သား ရဟန်းက တွေ့မြင်ရ၏။ စိတ်ထဲမှ ခံစားရ၏။ အသည်းနာ၏။

နောက်ပိုင်းတွင် တိုင်းရင်းသူများကို သိမ်းသွင်းခြင်း(လူမျိုးတိုးလာအောင် ဘာသာပြန့်ပွားလာအောင်) ကြံစည်ခြင်းများကို တွေ့လာရ၏။ နှလုံးနာ၏။ အော့ကြောလန်၏။ ယောဂီများ၏ သားသမီးမြေးမြစ်များကို (လူမျိုးခြား၊ ဘာသာခြား)နှင့် မဆက်စပ်စေရန်၊ ဝေးဝေးနေရန် မှာကြား၏။ ယောဂီများက လိုက်နာကြပါ၏။

မုံရွာမြို့မှ Dr.(...)က...

'တပည့်တော် သားသမီးများကို ပညာပေးပါမည်။ မဆက်စပ်မိအောင် ထိန်းသိမ်းပါမည်။ အသက်နှင့်လဲ၍ သားသမီးမြေးမြစ်များကို စောင့်ရှောက်ပါမည်ဟု ကတိပြုတယ်ဘုရား'

(Dr.နှင့် သူ့ဇနီးက ရှမ်းတိုင်းရင်းသားတွေပါ။ ဒီဇင်ဘာလတိုင်း တစ်အိမ်လုံး ပိတ်ပြီး တရားအားထုတ်ခဲ့ကြပါသည်။ Dr. အသက် ၈၀ကျော်မှာ ကွယ်လွန်သွားပါပြီ။)

ဗုဒ္ဓ၏ တရားတော်မြတ်ကို လေ့လာရန် ဆရာတော်မြတ်ထံ လာကြသော (လူမျိုးခြား၊ ဘာသာခြား)များ ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါသည်။ သူတို့လူမျိုးက သူတို့ ဘာသာဝင်များက ရန်ရှာကြပါသည်။

ဆရာတော်မြတ်က အကာအကွယ် ပေးခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်လာသူ(အမျိုးသမီးတစ်ဦး)က (...) ကမ္ဘဋ္ဌာန်းတိုက် ဖြစ်လာအောင် ဆရာတော်မြတ်ကို လှူခဲ့ပါသည်။

ယောဂီများအပေါ် ဆရာတော်မြတ်၏ အထူးသာသနာပြုမှုမှာ အောင်မြင်ခဲ့ပါသည်။ ဆရာတော်မြတ်၏ သတ္တိဗျတ္တိရှိသော လုပ်ရပ်များကို အကြွင်းမဲ့ ကြည်ညိုအားထားသော ယောဂီများပါ။ ယောဂီများ (အသက်ရှင်နေသမျှ) စိတ်ဝမ်းထဲ၊ နှလုံးသားထဲ၊ အသွေး



www.burmeseclassic.com

www.burmeseclassic.com

အသားထဲမှ ဆရာတော်မြတ်၏ ဂုဏ်ကျေးဇူးတော်များကို အမှတ်ရရ သိနေကြပါသည်။

ဆရာတော်မြတ်၏ ဩဝါဒတော်ကို လိုက်နာကြပါသည်။ ဆရာတော်၏ သာသနာပြုမှုသည် မည်သူမျှ မသိကြသော်လည်း ယောဂီများက သိပါသည်။

BURMESE CLASSIC

ဆရာတော်မြတ်၏ ဌာန(၁၂) ဌာနတွင် ရေပေါလျှံစွာ ရရှိရန် ဆရာတော်မြတ်က ကြောင့်ကြစိုက်လေ့ ရှိပါသည်။ စာသင်သား သံဃာများ ရေပေါပေါများများ သုံးစွဲရလျှင် ဆရာတော်မြတ် စိတ်ချမ်းသာ၏။ ယောဂီများ ရေပေါပေါများများ သုံးစွဲရလျှင် ဆရာတော်မြတ် ကျေနပ်၏။ ဝေယျာဝစ္စများ ရေပေါပေါများများ သုံးစွဲရလျှင် ဝမ်းမြောက်၏။ ရေရှားသော ဌာနမရှိပါ။

ရန်ကုန်မြို့ (…)ဝိပဿနာရိပ်သာ၌ ရေကန်များ တူးဆဲ(ဆရာတော် စိတ်တိုင်းကျ)ပါ။ ရေကန်များကလည်း များလှ၏။ ရေအလှူတော်ကြီးကို ပေး၍ သာသနာပြုနေဆဲပါ။ သေးငယ်သည်ဟု ထင်ကြမည့် ရေအလှူဝတ်ကိုပင် ဆရာတော်မြတ် ပြုလေ့ရှိ၏။

ကြာမြင့်ခဲ့သော အချိန်ကပါ။ တောင်တော်မြတ်တွင် ဆရာတော်မြတ် ဝါကပ်ပါသည်။ တရားပြသနေပါသည်။ ယောဂီများကလည်း များလှ၏။ ညနေ(၄း၀၀)နာရီတိုင်း ယောဂီများကို ဖျော်ရည်လှူလေ့ ရှိပါသည်။ (ဩဘာဝဖျော်ရည်များပါ။) ဓမ္မာရုံမြေညီထပ် တွင် ယောဂီများ ဖျော်ရည် သုံးဆောင်ကြပါသည်။ (မန်ကျည်းဖျော်ရည်များပါသည်။)

ယောဂီအမျိုးသမီးတစ်ဦးက ဖျော်ရည် မသုံးဆောင်ပါ။ ရေကိုသာ သုံးဆောင်လိုပါသည်။ အခန်းသို့ မပြန်ဘဲ စကြံလျှောက်နေသည်။ (ရေမသောက်ရပွဲ။)

တောင်တော်မြတ် စောင်းတန်းတစ်လျှောက်က ရေချမ်းစင်များတွင်လည်း မသောက်လိုပါ။ စကြံလျှောက်ပြီး ဓမ္မာရုံပေါ် တန်းတက်လာ၏။ တရားမှတ်၏။ ရေက ဆာလှသည်။ နောက်နေ့ ညနေ (၄း၀၀)နာရီ ဆရာတော်မြတ်က သာဓုခေါ်ပါသည်။ ပြီးလျှင်…

'ဖျော်ရည်မသုံးဆောင်လိုသော ယောဂီများအတွက် ဓမ္မာရုံ(ပထမထပ်)နဲ့ မြေညီထပ်ကြားမှာ ရေအိုး(၃)လုံးမှာ ဘုန်းတော်ကြီးကိုယ်တိုင် ခပ်ပြီး ရေဖြည့်ထားပါတယ်။ ရေစစ်နဲ့ စစ်ထားတဲ့ရေပါ။ သန့်ရှင်းသောရေပါ။ သုံးဆောင်ကြပါ။ ဘုန်းတော်ကြီး ကျန်းမာအောင် မေတ္တာပို့ပေးကြပါ'

ရေဆာနေသော ယောဂီ ဝမ်းသာလှပါသည်။ ပြောမပြတတ်ပါ။ ရေအိုးထဲမှ ရေကို သုံးဆောင်ပါသည်။ ရင်ထဲမှာ အေးသွားသည်။ တစ်ကိုယ်လုံး အေးသွားသည်။ စိတ်ထဲမှ **"ဆရာတော်မြတ် ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ"** မေတ္တာပို့ပါ၏။ **(အသံထွက်မပြောရသောကြောင့် စိတ်ထဲက ပို့ပါသည်။)**

ယောဂီများကလည်း သောက်ကြပါသည်။ (စိတ်ထဲမှ မေတ္တာပို့နေကြမှာပါ။) ဆရာတော်မြတ်က ရေသာလှူသည်မဟုတ်ပါ။ ယောဂီ(ဆွမ်းစားမဝင်သောသူများ) စားလိုသော အာဟာရကို (ဝေယျာဝစ္စမှတစ်ဆင့်) လှူပေးသည်ပါ။ မေတ္တာရှင်ကြီးပါ။ ဆရာတော်မြတ်၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားက အံ့ဩဖွယ်ပါ။ ယောဂီများကို ဥပေက္ခာ မပြုတတ်ပါ။

မြို့ကြီး၊ မြို့ငယ်များသို့ ဆရာတော်မြတ် တရားပြသရန် ကြွရပါသည်။ ကားဖြင့်ကြွသော ခရီးများတွင် လမ်းကြောတစ်လျှောက် အလှူခံမဏ္ဍပ်တိုင်း ကားရပ်ခိုင်းပါသည်။ ကပ္ပိယများကို အလှူငွေ ထည့်စေပါသည်။ "အရွက်အကြီး အလှူငွေထည့်ပါ" ဆရာတော်မြတ် မိန့်လေ့ရှိပါသည်။ ကပ္ပိယများက (အကြီးဆုံးငွေစက္ကူကို) ထည့်ပါသည်။ ပေးလှူပါသည်။ ဆရာတော်မြတ်က…

'နေပူကြီးထဲမှာ သာသနာအတွက် အလှူခံနေရှာတာ၊ သနားစရာ များများလှူကြပါ'

ကပ္ပိယများက များများလှူကြပါသည်။ ဆရာတော်မြတ် သာသနာပြုခြင်းပါ။

လမ်းကြောတစ်လျှောက် ကားဂိတ်များ၊ လမ်းဆုံများတွင် ဈေးဗန်းရွက်ပြီး စားစရာမျိုးစုံ ရောင်းချသော ဈေးသည်များ ရှိပါသည်။ ထိုဈေးသည်များကို တွေ့လျှင် ကားရပ်ခိုင်းပါသည်။ ဗန်းထဲမှာ စားစရာများကို အကုန်ဝယ် ခိုင်းပါသည်။ ကပ္ပိယများကလည်း ဝယ်ပေးကြပါသည်။ ဆရာတော်မြတ်က…

'နေပူကြီးထဲမှာ ရောင်းနေရှာတယ်၊ သနားစရာပါ၊ ဝယ်ပေးကြပါ၊ မြန်မြန်ကုန်သွားတော့ သူတို့ မပူရတော့ဘူး'

လမ်းခုလတ် ရွာငယ်လေးများမှ ကလေးငယ်များကို စားစရာများ စွန့်စေသည်။ ဒုက္ခိတများကို တွေ့လျှင် စားစရာများကို စွန့်စေသည်။ အလှူငွေပေးစေသည်။

ပြုံးနေသော ဆရာတော်မြတ်၏ မျက်နှာကို တွေ့ရလျှင် ကပ္ပိယများ ဝမ်းသာကြ၏။ များများစွန့်ကြ၏။ ဆင်းရဲသားများကို ကူညီ၏။ အလှူပေး၏။ မည်သူမျှ မသိသော သာသနာပြုခြင်းပါ။ ဆရာတော်မြတ်၏ ဖေးကူမမှု ရရှိကြသူများ စိတ်ချမ်းသာကြ၏။ မေတ္တာတော် ကြီးလှပါ၏။

ယောဂီများ ဆွမ်းစားလျှင် စားနိုင်



www.burmeseclassic.com

www.burmeseclassic.com

သလောက်သာ ထည့်စေချင်၏။ မကုန်ဘဲ စားစရာ အများကြီး ကျန်နေသည်ကို မကြိုက်လှပါ။ ဆွမ်းဟင်းကို အကုန်စားပါ။ မချန်ထားရ။ ထိုအချက်ကို ယောဂီများအား ကြိုတင်ပြီး ဆရာတော်မြတ်က ပြောကြားပါသည်။

အမျိုးသမီးယောဂီတစ်ဦး (ရှမ်းတိုင်းရင်းသူ)က စားပြီး အစာ အနည်းငယ် ချန်လိုသည်။ ဓလေ့ထုံးစံအရ စားကြွင်းကို (ကုန်း,ရေ,လေ) သတ္တဝါများကို စွန့်ရမည်ဟူ၏။ စားကြွင်းမချန်ရဟု ဆိုလျှင် အခက်ပါပဲ။ အခက်ကြုံရပါပေါ့။ စိတ်က တနုံ့နုံ့ ခံစားရ၏။

ဆွမ်းစားဆောင်၌ ဆွမ်းမစားမီ မေတ္တာပို့ရ၏။ (ဆရာတော်မြတ်က ရှေ့ကတိုင်၍ ယောဂီများက လိုက်ဆိုရ၏။) ပစ္စဝေက္ခဏာ ဆင်ခြင်ရ၏။ ဆရာတော်မြတ်က ဆက်ပြီး ပြောပါသည်။ ဆရာတော်မြတ်က...

'ကဲ...ဆွမ်းစားနိုင်ကြပါပြီ။ အမှတ်သတိနဲ့ စားကြပါ။ ဆွမ်းကုန်အောင် စားရမယ်။ မကျန်ရဘူး။ ဒါပေမယ့်(ကုန်း၊ ရေ၊ လေ) သတ္တဝါများ စားကြပါစေလို့ ရည်ရွယ်ပြီး အနည်းငယ်ချန်တာမျိုး ဘုန်းတော်ကြီး ခွင့်ပြုပါတယ်။ ကုသိုလ်ရတဲ့အလုပ်ပါ။ ဘုန်းတော်ကြီး မတားပါဘူး'

ရှမ်းယောဂီ ဝမ်းသာလှပါသည်။ ပြောမပြတတ်ပါ။ (ကုန်း၊ ရေ၊ လေ) သတ္တဝါအပေါ်ထားသော ဆရာတော်မြတ်၏ မေတ္တာပါ။ ဆရာတော်မြတ်ကလည်း သပိတ်ထဲချန်ပြီး သတ္တဝါများကို စွန့်ပါသည်။

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၃)ရက် ဆရာတော်မြတ် ကျန်းမာရေး ချို့ယွင်းလာပါသည်။ ယောဂီများကို တရားဟော တရားပြသရာ၌ (အစွမ်းကုန်) အားစိုက်ပါသည်။ မနားမနေပါ။ တည်ဆောက်ဆဲ အဆောက်အအုံများ



ကို ကြောင့်ကြစိုက်၏။ စေတီတော်မြတ်ကို ပြုပြင်ကြသော တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံ ဖူးမြော်ခဲ့ရပါသေးသည်။

သက်တော်ကြီးရင့်မှုကို ဂရုမထားပါ။ နားနားနေနေ မရှိသောကြောင့်၊ ပင်ပန်းသည့်ဒဏ် ပိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဂေါပကများ၊ သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများ စိတ်မကောင်း ဖြစ်ကြရပါသည်။

လူတိုင်း ညှိုးနွမ်းသောစိတ်များ ဖြစ်ရ၏။ ညှိုးနွမ်းသော အမူအရာများ ပေါ်လာကြပါသည်။ ဆရာတော်မြတ်၏ ဌာနများမှ ဂေါပကများ၊ သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများ ကြားသိရသောအခါ စိတ်အားငယ်ကြပါ၏။ ပြည်တွင်း၊ ပြည်ပ ယောဂီများက ဆေးကုစရိတ် လှူကြပါ၏။

(ပြည်တွင်း) ရန်ကုန်မြို့ (...) ဝိပဿနာရိပ်သာတွင် (ဆရာတော်အတွက်) ရာသက်ပန် ဆေးပဒေသာပင် အလှူတော်ငွေ ရရှိပါသည်။ ယောဂီများက လှူထားကြခြင်းပါ။ ပြည်ပနိုင်ငံတွင် ဆရာတော်မြတ် ဆေးကုသရန် ယောဂီတိုင်းက ဆန္ဒရှိကြပါသည်။

သို့သော် ဆရာတော်မြတ်က ဆေးကုသခြင်း မပြုပါ။ ဝေဒနာကြီးကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ခဲ့ပါသည်။ ဆရာတော်မြတ် (အသွားအလာလေးသည်။ အထိုင်အထ လေးသည်။)တို့က ရောဂါသဘောကို ယောဂီများအား တရားပြသသည့် အလားပါ။

ဆရာတော်မြတ် ပြန်လည် ကျန်းမာလာပါသည်။

တောင်တော်မြတ်၌ နှစ်စဉ်မွေးနေ့အလှူရှင်က ဆရာတော်မြတ်၏မွေးနေ့ပွဲကို လှူနိုင်ခဲ့ပါ၏။ မွေးနေ့ သီတင်းကျွတ်လဆန်း(၁)ရက်နေ့ တရားဟောနိုင်ပါသည်။ (အို,နာ,သေ) ဆင်းရဲအကြောင်းဟောပါသည်။ တရားအားထုတ်ကြဖို့ တိုက်တွန်းဟောကြား၏။ တောင်တော်မြတ် ကထိန်တွင် တရားဟောနိုင်ပါသည်။

ပုဂံ(ကထိန်)တွင် တရားဟောနိုင်ပါသည်။ ပုဂံ(အရဏ်ဆွမ်း) လောင်းလှူရာသို့ ဆရာတော်မြတ် ကြွနိုင်၏။ အလှူရှင်များ၏ စာရင်းကို ဖတ်ကြားသာဓုခေါ်၏။ အရဏ်ဆွမ်းခံ ကြွကြသော သံဃာတော်များက ဝမ်းသာအားရ (သာဓု)အကျယ်ကြီး ခေါ်ကြ၏။ ဆွမ်းအလှူရှင်များကလည်း ဝမ်းသာအားရ (သာဓု)အကျယ်ကြီး ခေါ်ကြ၏။

နေ့စဉ် ဆွမ်းအလှူရှင်များကလည်း များပြားလှ၏။ မန္တလေးမြို့ (...)တိုက် ကထိန်တွင် တရားဟောနိုင်သည်။ မန္တလေးမြို့ (...)တိုက် (...)ကျောင်းတွင် တစ်ပါးတည်း သီတင်းသုံးနေ၏။ (ကျောင်းတံခါးပိတ်၍) တရားမှတ်နေပါသည်။ နံနက်, ညနေ စင်္ကြံလျှောက်ပါသည်။

ယာဂု(၃)ဇွန်း၊ ခေါက်ဆွဲပြုတ် (အသီး,အရွက်ပြုတ်) အနည်းငယ်၊ သစ်သီးရည် အနည်းငယ် ဘုဉ်းနိုင်ပါသည်။ ကျန်းမာရေး သင့်လာပါသည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ပုဂံ (...) ကျောင်း၌ တရားပြသနိုင်ပါသည်။

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ရန်ကုန် (...)ဝိပဿနာရိပ်သာ၌ တရားပြသနိုင်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ (သင်္ကြန်တွင်း) မန္တလေး (...)တိုက်၌ တရားပြသနိုင်ပါသည်။ သာသနာပြုနိုင်ပါပြီ။

ဆရာတော်မြတ် နယ်မြို့စဉ်က ရွာဘုန်းကြီးလေးဘဝက ရောဂါများ စွဲကပ်ခဲ့ပါ၏။ (၃၅)နှစ်တွင် တောထွက်ခဲ့၏။ (၂)နှစ်ကြာသောအခါ ကျန်းမာရေးကောင်းလာ၏။ (၄၀)နှစ်တွင် (တောင်ဘုန်းကြီးလေး) ရောဂါပျောက်၏။ (အသက် ၄၀ မကျော်နိုင်ဟု ဟောထားချက်များ မှားပါသည်။) သက်တော် (၆၅)နှစ်တွင် ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်ခဲ့၏။ (၃)လကြာသော် ပြန်လည်ကျန်းမာလာ၏။

ယခု သက်တော်ကြီးရင့်ချိန် ၁၃၇၆ ခုနှစ်တွင် ကျန်းမာရေး ချို့တဲ့လာ၏။ သို့သော် ပြန်လည် ကျန်းမာလာ၏။ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ် နာမကျန်းဖြစ်ခဲ့စဉ်က လှူကြသော ဆေးဖိုးအလှူတို့သည် သာသနာပြုသောနေရာတွင် သုံးခဲ့သည်။

ယခု ၂၀၁၄ ခုနှစ် ကျန်းမာရေးချို့တဲ့ခဲ့စဉ်က လှူကြသော ဆေးဖိုးအလှူတို့သည် သာသနာပြုရာတွင် သုံးသည်။ ဆေးဖိုးအလှူငွေတို့သည် သာသနာပြုရန် ဖြစ်လာရပါသည်။

'ကံ, စိတ်, ဥတု, အာဟာရ (၄)ပါး ထောက်ပံ့သည့်အတွက် အသက်ရှည်သည်'

ဟု ဆရာတော်မြတ် ဟောခဲ့ဖူးသည်ပဲလေ။ ''ဘုရားစကား နားထောင်လို့ အသက်ရှည်သည်''ဟု ဆရာတော်မြတ် ဟောခဲ့ဖူးသည်ပဲလေ။

ရောဂါ၏ဒဏ်၊ လောကဓံ၏ဒဏ်တို့ကို ဆရာတော်အမြတ် အစဉ်အမြဲ



သည်းခံခဲ့ပါသည်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး (တောင်မြို့ဘုန်းတော်ကြီး)က **''ကောင်းဆိုး နှစ်တန် လောကဓံ ခံနိုင်သူမှ လူတော်ကွ''** ဟု ဆိုခဲ့ပါသည်။ ဆရာတော်မြတ်က ဘုရားသားတော်ကြီး(ဘုရားလူ) ဖြစ်ပါ၏။ အာဇာနည်စစ်စစ်ပါ။

BURMESE CLASSIC

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆရာတော်မြတ်ကို သာသနာပြုဘွဲ့ ကပ်ခဲ့၏။ ၁၉၉၂ ခုနှစ်၊ မေလက **''အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ''** ဘွဲ့တံဆိပ်တော်ကို ဆရာတော်မြတ်အား ဆက်ကပ်ပူဇော်ခဲ့ကြသည်။ (၂၃)နှစ် ကြာခဲ့ပါပြီ။

၁၉၉၂ ခုနှစ် မှ ၂၀၁၅ ခုနှစ်ထိ သာသနာပြုနေဆဲပါ။ မည်သည့်နှစ်အထိ ဆက်လက် သာသနာပြုနေမည်လဲ မသိနိုင်ပါ။ တည်တည်ငြိမ်ငြိမ် ရှင်ဆိုင်နိုင်ရန် ဆရာတော်က ယောဂီများကို တရားပြသနေသည်ပဲ ဖြစ်ပါမည်။

မဟာသတိပဋ္ဌာန် တရားတော်၊ ဝိပဿနာတရားတော်မြတ်ကို ယောဂီများ (ရက်ရက်ရဲရဲ မဆုတ်မနစ်) အားထုတ်ရန် လိုပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဆရာတော် ဘေးရန်ကင်းပါစေ။ စိတ်ဆင်းရဲ ကင်းပါစေ။ ကိုယ်ဆင်းရဲ ကင်းပါစေ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် ဆရာတော် ခန္ဓာဝန်ကို၊ သာသနာ့ဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ။

ဆရာတော်မြတ်၏ စကားများ (အသုံးအနှုန်းများ)မှာ ထူးခြားမှုရှိပါသည်။

ယောဂီဆိုတာ...

၁။ လှုပ်ခတ်သော အမူအရာ၊ ပေါ့ရွှတ်ရွှတ်အမူအရာ၊ ပျာတီးပျာလောင်အမူအရာ မရှိရ။
၂။ ဝင်လေ/ထွက်လေကို (ကွက်လည်ကျ) အသိကပ်။
၃။ ငါနာတယ် မထင်နဲ့၊ မရှက်ရင် ပြင်ကြ။
၄။ ယီးတီးယောင်တောင် မနေရ။
၅။ ရက်ရက်ရဲရဲ မဆုတ်မနစ် အားထုတ်။
၆။ လျှော့ပေါ့ပျော့ခွေ ဘာသိဘာသာ ဝတ်ကျေတမ်းကျေ အားမထုတ်နဲ့။
၇။ ဝိသေသလူသား ဟုတ်,မဟုတ်။
၈။ တယ်တော်၊ ,တယ်တော် ချီးမွမ်းမှု။
၉။ (ဖျော်ပယ်ကြီး၊ ဗိုးဗိုးကြီး၊ ညစ်စိုကြီး) ရောဂါထူမှုကို။
၁၀။ (ပုပ်အဲ့အဲ့ ညှီစို့စို့) လူခန္ဓာအပုပ်ကြီး။
၁၁။ (ဘယ့်နှယ်လဲ)ကို (ဘယ်လဲ)
၁၂။ (စားလို့ရသလား) ကို (စားဖြစ်ရဲ့လား)

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၃)ရက် (၁၉-၇-၂၀၁၅) (၁ နေ့) အာဇာနည်နေ့ ပြီး၏။**

ဒေါ်သုမနဝိစိတ္တ
*(B.Sc, H.G.P, Dip.Ed)*



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာပို့

နတ်မောက်မြို့၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် "**ဆေးကင်း အိုင်**"ဟု အမည်ပညတ် တွင်နေသည့် လွင်ပြင်ကျယ် ယာမြေကွင်းကြီး ရှိပါသည်။

မြေဆီမြေနှစ် အလွန်ကောင်းသဖြင့် ပဲမျိုးစုံ၊ နှမ်း၊ နေကြာ စသော သီးနှံများ အလွန်ပင် အောင်မြင်ဖြစ်ထွန်းသော ယာမြေကွင်း ဖြစ်သဖြင့် ပထမတန်းစားမြေအဖြစ် တောင်သူများ လောကနယ်ပယ်တွင် ပြောစမှတ်တွင်ပါသည်။ နာမည်ကြီး ယာမြေကွင်း ဖြစ်ပါသည်။

ထို့အပြင် ဆေးကင်းအိုင် ယာမြေကွင်းနာမည်ကြီးသော သတင်းတစ်ခု ရှိပါသေးသည်။

အခြားမဟုတ်ပါ။ အလွန် အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်၊ မြွေဆိုးများ ပေါများခြင်းပင် ဖြစ်ပါသည်။

ထိုယာမြေကွင်းမှ မြွေကိုက်ခံရလျှင် ဆေးကုချိန်မရအောင် နေရာမှာပင် လဲကျကာ အသက်ဆုံးရှုံးရတာတ်ပြီး ဆေးကုချိန်ရလျှင်လည်း ဆေးကလိုက်မမီ၊ ကုစရာ ဆေးကင်းသည်။


သို့အတွက် "**ဆေးကင်းအိုင်**"ဟု ခေါ်တွင်ခဲ့ကြောင်း သတိပေးစကားအဖြစ်မှ အမည်ပညတ် တွင်ခဲ့သည်ဟု သက်ကြီးစကား သက်ငယ်ကြား မှတ်သားရပါသည်။

တစ်နေ့တွင် **ဆရာကြီး ဦးလှသန်း (စာရေးဆရာကြီး နတ်မောက် လင်းရောင်)**မှ ကျွန်ုပ်အား ဆေးကင်းအိုင်တွင်ရှိသော သူ၏ ပဲနောက်ခင်းသို့ လမ်းလျှောက်ရင်း သွားရောက်ကြည့်ရှုရန် ခေါ်ပါသည်။

ကျွန်ုပ်မှာ ဆေးကင်းအိုင် ယာမြေကွင်းအကြောင်း သိထားပြီးသူဖြစ်ရာ...

'ခပ်တော့ခပ်လန့်လန့်ပဲ ဆရာကြီး





ဆေးကင်းအိုင် မြွေဆိုးတွေအကြောင်း ကြားဖူးထားတော့ လိုက်ရမှာ မဝံ့မရဲပဲ'

ဟု ခပ်ငြင်းငြင်းပြောရာ ဆရာကြီးမှ...

'မပူပါနဲ့ မင်းချစ်ရာ ငါ တစ်ယောက်လုံး ပါပါတယ်ကွ။ အတူသွားမှာပဲဟာ။ လမ်းလျှောက်သွားရင်း မြွေမကိုက်တဲ့ မေတ္တာပို့သင်ပေးမယ်။ စိတ်ချ လိုက်သာလိုက်ခဲ့'

ဟု ထပ်မံခေါ်ရာ ကျွန်ုပ်မှာလည်း ပညာလိုလား တပည့်သားဖြစ်ရာ မြွေမကိုက်သော မေတ္တာပို့သင်ပေးမည် ဆိုသဖြင့် ထိုနေ့ ညနေလေးနာရီခန့် နေအေးချိန်တွင် ဆရာကြီးနှင့်အတူ ဆေးကင်းအိုင်သို့ လိုက်ပါသွားဖြစ်ခဲ့ပါသည်။

တစ်မိုင်ခန့်ဝေးသော ခရီးတာအတွင်း လမ်းလျှောက်ရင်း ဆရာကြီးမှ **မြွေမကိုက်သော မေတ္တာပို့သင် ပေး**ရာ ကျွန်ုပ် အလွယ်အသာပင် အလွတ်ရ နားလည်ကျွမ်းကျင်သွားရသည်။

တကယ်ပင် ဆရာကြီးနှင့် ကျွန်ုပ်တို့ ဆေးကင်းအိုင် ယာမြေကွင်းကို လှည့်ပတ်သွားရာ ကြည့်ရှုရင်း လေကောင်းလေသန့် ရှူသွင်းမြူလုပ်ရာ နာရီဝက်ခန့်တွင် မြွေပွေးတစ်ကောင် ကျွန်ုပ်တို့အနီးမှ ဖြတ်သွားသည်ကို တွေ့မြင်လိုက်ရပါသည်။

ထို့နောက် ယာနီးချင်း ဦးနေသန်း၏ မြေပဲခင်းကို ဝင်ကြည့်ရာ မြေပဲခင်းအလယ်လောက် အရောက်တွင် မြွေဆိုးတစ်ကောင် ခွေနေသည်ကို တွေ့ရပါသည်။

ဆရာကြီးနှင့် မြွေမှာ တစ်ထွာသာသာသာ ဝေးပါတော့သည်။ ဆရာကြီးက ခေါ်ပြသဖြင့် ကျွန်ုပ်မှာ ထိတ်လန့်၍ပင် သွားပါသည်။ ထိပေါက်လိုက်လျှင် နေရာမှာပင် တုန်းခနဲ လဲသွားနိုင်သည့် အဆိပ်ပြင်း မြွေဆိုး။ သို့သော် လုံးဝ မကိုက်ပါ။

သူ့ဘာသာ ငြိမ်၍ ခွေနေသည်ကို တွေ့မြင်ရပါသည်။ သို့အတွက် ဆရာကြီး၏ မြွေမေတ္တာပို့နည်းကို ကျွန်ုပ်အကြွင်းမဲ့ ယုံကြည်လက်ခံမိပါသည်။ မြွေမေတ္တာပို့နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နေ့စဉ်ညစဉ် ဘုရားရှိခိုးတိုင်း...

'ဝိရူပက္ခနတ်မင်းကြီး၊ ဧရာပထနတ်မင်း၊ ဆဗျာပုတ္တနတ်မင်း၊ ကဏှာဂေါတမနတ်မင်းတို့ အမျိုးအနွယ်နှင့်တကွ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ တည်ပါစေဘုရား'

ဟု ဆုတောင်းမေတ္တာပို့ပြီး ရှိခိုးမေတ္တာပို့ပါ။ မြွေအန္တရာယ် ထာဝရ ကင်းရှင်းစေပါသည်။

အပန်းမကြီး အလွယ်အသာ မေတ္တာပို့နိုင်သဖြင့် ဘုရားရှိခိုးတိုင်း မမေ့မလျော့ ပြုလုပ်နိုင်ကြစေရန် တိုက်တွန်းရေးသားအပ်ပါသည်။

**နတ်မောက် မင်းချစ်နေ**

www.burmeseclassic.com

www.burmeseclassic.com

# ရွှေပြာသတ္တုံ ခုခံစွမ်းအားမြင့် ဖောင်ဒေးရှင်း

**Gold Ash's Property for Reinforcing Foundation(GPRF) (Shwe Pyar Thatti)**

gaprffoundation@gmail.com

**အမှတ်(၅၂၄)၊ မေဓာဝီလမ်းဆုံ၊ (၇)ရပ်ကွက်၊ မ/ဥက္ကလာပမြို့။**

**ဖုန်း−၀၉ ၉၅၆၅ ၃၉၈၄၊ ၀၉ ၅၁၂ ၄၃၅၀၊ ၀၉ ၄၂၀ ၂၈၇၄၈၂၊ ၀၉ ၃၁၀ ၂၁၈၄၀။**

Account No

Name of Account 0701220028808(KBZ Bank Ltd, North Okkalapa)

U Kyaw Myint(၁၂/ဥကမနိုင် ၀၀၅၄၀၆)

(ဥက္ကဋ္ဌ သမားတော်ကြီး စစဦးကျော်မြင့်မှ သိန်းငါးဆယ် မ,တည်လှူဒါန်းသည်)

**အသင်းသားများ ရပိုင်ခွင့်**

၁။ HIVရောဂါရှိသူများသည် ရန်ပုံငွေဖြင့် အခမဲ့ ဆေးကုသမှု ခံယူနိုင်ပါသည်။

၂။ ဉာဏ်ကိုယ်ငွေ့ရရှိပြီး ကျန်းမာရေး စောင့်ရှောက်လိုသော အသင်းသားများသည် ရွှေပြာသတ္တုရသာယနဆေးများကို စားသုံးမည်ဆိုပါက (၂၅)ရာခိုင်နှုန်း လျှော့ဈေးဖြင့် ခံစားခွင့်ရှိသည်။

၃။ ကျန်းမာရေးပညာပေး ဟောပြောပွဲများကို တက်ရောက်နိုင်သည်။

(ပဋိညာဉ်−အကယ်၍ အသင်းသည် စာရင်းရှင်းဖျက်ခဲ့ရပါက ရန်ပုံငွေအားလုံးကို လူမှုရေးအသင်းများသို့လှူမည်။)

**၁။ ကျန်းမာရေးဖွင့်ဆိုချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ဖွင့်ဆိုချက်မှာ ကျန်းမာမှုဆိုသည် ရောဂါ(သို့မဟုတ်) ဖောက်ပြန်မှု တစ်စုံတစ်ရာမရှိခြင်း။ ကင်းဝေးခြင်းသာမက လူသား၏ စိတ်နှင့်ရုပ်ပိုင်းပါ သန့်ရှင်းကြည်လင်၍ လူ့ဘဝအတွက် လိုအပ်သော ခွန်အားနှင့် အင်အားတို့ ပြည့်စုံခြင်းကို ဆိုလိုသည်။

မြန်မာ့အာယုဗ္ဗေဒဆေးပညာရှင် ဦးထွန်းလင်း(သိမ်မြို့ဆရာတော် အရှင်နာဂသေနာဘိဝံသ)၏ သွန်သင်ဆုံးမမှုအရ တင်ပြရရင် ကျန်းမာမှုဆိုသည်မှာ ပါစကတေဇောဝမ်းမီး၏အရှိန် ဉာဏ်တေဇောကိုယ်ငွေ့ရရှိကာ အဆုံးငါးပါး(နဖူး၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်)အပါအဝင် တစ်ကိုယ်လုံး နွေးထွေးပြီး လက်မကော့ထားသော အနေအထားတွင် လက်မလက်သည်းသွေးသည် သွေးအားပြည့်နေသော အနေအထား လက်သည်းတစ်ပြင်လုံး နီရဲနေသော အခြေအနေရှိခြင်းကို ကျန်းမာမှုဟု ဆိုလိုသည်။

(ထိုသို့ တစ်ကိုယ်လုံး နွေးထွေးမှု၊ ဉာဏ်ကိုယ်ငွေ့ အားကောင်းလျှင် ကျန်းမာမည်။ ဉာဏ်ကိုယ်ငွေ့ အားနည်းလျှင် ရောဂါရမည်။ ဉာဏ်ချို့ယွင်းလျှင် ခုခံအားကျမည်။ ဉာဏ်ပျက်လျှင် သေဆုံးမည် ဖြစ်ပါသည်။)

BURMESE CLASSIC

**၂။ GPRF၏ရည်ရွယ်ချက်**

၂၀၀၀ ပြည့်နှစ် ပထမအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် ခုခံအားကျဆင်းမှုရောဂါနှင့် ပတ်သက်၍ စာတမ်းတင်ခဲ့သည်။ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ယင်းရောဂါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် သဘောထားကာ သုတေသနပြု ကုသရန် စာရေးသူ အပါအဝင် ဆေးဆရာ(၄)ဦးကို ညွှန်ကြားရေးမှူးချုပ်မှ အသေးစိတ် ညွှန်ကြားခဲ့ပါသည်။ ယင်းညွှန်ကြားမှုဖြင့် ၂၀၀၂ ခုနှစ်မှစ၍ သုတေသနပြုကုသရာ HIVလူနာ (၁၀)ဦးတွင် (၉)ဦး CD4countတိုးတက်ခဲ့သည့် ရလဒ်အရ ဤအသင်းကို ဖွဲ့စည်းကာ ရန်ပုံငွေဖြင့် HIVလူနာများကို ကုသမည် ဖြစ်ပါသည်။

AIDSလူနာများကို ဆက်လက်သုတေသနပြုရန် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ အကျိုးရှိသည်ဟူသော ဆောင်ပုဒ်အရ ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပြုရန် ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်းတွင် ကျန်းမာရေးပညာပေး ဟောပြောဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။

**၃။ ရွှေပြာသတ္တု ဖွင့်ဆိုချက်**

ရွှေတစ်မျိုးတည်းကို ပြာချ၍ ရရှိလာသော ပြာကို ရွှေပြာဟု ခေါ်သည်။ ဒြပ်ပစ္စည်းဖြစ်သည်။ ရွှေနှင့်တကွ ရုပ်ဓာတ်(၉)ပါးလုံးကို ပြာချ၍ ရရှိလာသော ပြာကို နဝင်းရွှေပြာဟု ခေါ်ပါသည်။ ဒြပ်ပစ္စည်းဖြစ်သည်။ သတ္တုဟူသည်မှာ စွမ်းဆောင်နိုင်သော အရည်အသွေးဖြစ်သည်။ ဘေးထွက်ဆိုးကျိုးပေးနိုင်သော ကိလေသာတည်းဟူသော မီးဒေါသ၊ အဆိပ်ဒေါသ၊ မလ(အညစ်အကြေး)ဒေါသများ၊ ကိန်းနေသော ရုပ်ကြမ်း၊ ဓာတ်ကြမ်းများဖြစ်သော ရုပ်ဓာတ်ပစ္စည်းများကို ဓာတ်စင်အဖြစ်၊ နိဗ္ဗာနဓာတ်ပစ္စည်းအဖြစ်၊ ဘေးထွက်ဆိုးကျိုးကင်းသော ဓာတ်သန့်၊ ဓာတ်ကောင်းအဖြစ် နဝင်းရွှေပြာတွင် ကိန်းအောင်နေသော ပါစကတေဇောဖြင့် ငွေစင်ဖြစ်သော ဘော်အဖြစ် ရွှေအဆင့်အဖြစ် ရောက်အောင် ပို့ဆောင်ပြောင်းလဲနိုင်သောကြောင့် သတ္တုရှိသည်ဟု ဆိုလိုသည်။ ထိုသတ္တုသည် ရသာရည် အသွေးအသား စသော ဓာတ်ကောင်းများကို ထုတ်လုပ်ပေးနိုင်သော စွမ်းဆောင်ရည်ကို ဆိုလိုခြင်းဖြစ်သည်။



www.burmeseclassic.com